www.burmeseclassic.com

ဆင်ဇေရှမျှား

# အံ့ဩဖွယ်ရာ ဧဓရ ကျွန်းဒီပါ

# THE MYSTERIOUS ISLAND

JULES VERNE

BURMESE CLASSIC .com

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး . . . . . . . . . . . . ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး . . ဒို့အရေး

အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး . . . . ဒို့အရေး

## ပြည်သူ့သဘောထား

❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

❖ နိုင်ငံတော်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

❖ နိုင်ငံတော် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒဂုန်ရွှေမျှား

# အံ့ဩဖွယ်ရာ ကျွန်းဒီပါ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၂၉၉ / ၂၀၀၁ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၆၅ / ၂၀၀၁ (၅)

**စီစဉ်သူ**
ကိုမြင့်ထွန်း

**ပုံနှိပ်ခြင်း**
တတိယအကြိမ် - (ဩဂုတ်လ၊ ၂၀၀၁)
အုပ်ရေ - (၁၀၀၀)

မျက်နှာဖုံးပန်းချီ - တင်မောင်မျှင့်
ကာလာခွဲ - *Alpha*
အတွင်းဖလင် - ဇမ္ဗူအေး

**ပုံနှိပ်သူ**
ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် (၁၆၃) ၄၈လမ်း၊ ဗိုလ်တထောင်။

**ထုတ်ဝေသူ**
ဦးကျော်ဆန်း(ရဲရှေအောင်စာပေ)(၀၉၃၂)၊
အမှတ်(၂)၊ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

**တန်ဖိုး**
၁၀၀၀ ကျပ်

BURMESE CLASSIC .com

## ဘာသာပြန်သူ၏ အမှာ
## နှင့်
## သိပ္ပံစာရေးဆရာကြီး ဂျူးလ(စ်)ဗန်း၏
## အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ဆရာကြီး 'ဂျူးလ(စ်)ဗန်း' အား ပြင်သစ်ပြည် 'နန်းတီ' မြို့၌ ၁၈၂၇ ခုနှစ်တွင် ဖွားမြင်၍ ဖခင်ဖြစ်သူမှာ နာမည်ကျော် ရှေ့နေကြီး 'ပယ်ရီဗန်း' ဖြစ်၏။ ငယ်စဉ်ကပင် ဖခင်၏ဥပဒေလုပ်ငန်းများကို ရေးသားကူညီခဲ့ရ၏။ မှုခင်းများမှာ အပုဒ်ပိုင်းဖုံမှ ဇွန်တားမှုများ ပါဝင်သဖြင့် သူ၏ငယ်ရွယ်နုပျိုသောဦးနှောက်ကို နက်နဲသော အတွေးအခေါ်များဖြင့် အရောင်ခြယ်၍ ပေးသကဲ့သို့ ဖြစ်စေ၏။

အသက်(၁၂)သားအရွယ်တွင် 'ဗန်း'သည် သင်္ဘောတစ်စင်းဖြင့် အိန္ဒိယပြည်သို့ ထွက်ပြေးရန် ကြံစည်ခဲ့၏။ သို့သော် ဖခင်ကြီးက အချိန်မီ တားဆီးနိုင်ခဲ့သဖြင့် အကြံအထမမြောက်တော့ချေ။ သို့နှင့် ဗန်းသည် ပင်လယ်ခရီးကို အကယ်ပင် မသွားရစေကာမူ စိတ်ကူးဖြင့် သွားတော့အံ့ဟု စိတ်ကို ပိုင်းဖြတ်လိုက်၏။

သို့နှင့် အသက်(၁၆)နှစ်အရွယ်မှစ၍ 'ဗန်း'သည် ဖခင်ကြီး၏ ဥပဒေလုပ်ငန်းများကို ကူညီလုပ်ကိုင်ခဲ့ရ၏။ ထို့နောက် ပဲရစ်မြို့သို့ သွားပြီးလျှင် ဥပဒေစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ကောင်းစွာ အောင်မြင်ခဲ့လေသည်။ နန်းတီမြို့သို့ပြန်ရောက်၍ အချိန်အတန်ကြာမျှ ရှေ့နေ လိုက်မိသောအခါ 'ဗန်း' မှာ ထင်ရှားကျော်ကြားသော ရှေ့နေ တစ်ယောက်ဖြစ်လာလေသည်။ သူ၏ ရုပ်ရည်ရူပကာယနှင့် ကိုယ်နေဟန် အမူအရာ၊ ဥပဒေ အချက်အလက်များ၌

www.burmeseclassic.com

www.burmeseclassic.com

အကြံဉာဏ်ထုတ်ပုံ၊ အပြော အဆို လေယူလေသိမ်းမှစ၍ အခြားသူများထက် ထူးချွန်သောကြောင့် နာမည်ကျော်ကြားလာ၏။

သို့သော် 'ဗန်း'သည် ပညာဘက်တွင် ကျွမ်းကျင်သော်လည်း 'မ' ဘက်၌မူ စွမ်းသူ မဟုတ်ချေ။ သို့နှင့် နှမဝမ်းကွဲတော်စပ်သော 'ကာရိုလင်' ဆိုသူအား ပိုးပမ်းရာမှ တစ်ဖက်သတ် ချစ်ကြိုက်မိခဲ့ရာ သူ၏ မေတ္တာကို မိန်းကလေးက တုန့်ပြန်ခြင်းမပြုဘဲ အခြားသူတစ်ယောက်နှင့် လက်ထပ်လိုက်သောကြောင့် 'ဗန်း'မှာ အချိန်အတော်ကြာမျှ ချစ်ဒုက္ခဝေဒနာကို ခံစားခဲ့ရရှာလေသည်။

၁၈၄၈ ခုနှစ်တွင် နောက်တစ်ကြိမ် ပဲရစ်မြို့သို့ သွားရောက်ကာ ဥပဒေဒီဂရီကို အပြီးသတ်ရယူခဲ့၏။ သို့သော် သူ၏ ဝါသနာမှာ ဥပဒေပညာ မဟုတ်ဘဲ ဇာတ်ဆရာဖြစ်လိုသော ဆန္ဒရှိသည်ဟုဆို၏။

သို့နှင့် သူသည် ပျော်ပွဲစားရုံများ၊ ဟိုတယ်များနှင့် ဇာတ်ရုံများသို့ သွားရောက်ကာ စာပေဝါသနာထုံသူများ၊ ဇာတ်သမားများ၊ စာရေးဆရာများနှင့် အချိန်အခါမရွေး တွေ့ဆုံခွင့်ရရှိလာခဲ့၏။ ဤသို့လျှင် သူသည် ကမ္ဘာကျော် ပြင်သစ်စာရေးဆရာကြီး 'အလက်ဇန္ဒားဒူးမား'နှင့် တွေ့ပြီးလျှင် သူ၏နည်းနာနိဿယများကို ခံယူခွင့်ရရှိခဲ့လေသည်။ ထို့နောက် 'ဒူးမား'၏ အားပေးကူညီမှုဖြင့် (Alexander Dumas) ခေါ် တစ်ခန်းရပ် ပြဇာတ်ကို ၁၈၅၀ ပြည့်နှစ်တွင် ရုံတင်ပြသ နိုင်ခဲ့လေသည်။ သူ၏ဖခင်မှာ သား၏အောင်မြင်မှုကို အလွန်သဘောကျလျက် ရှိတော့၏။ နောက်တစ်ကြိမ်၌ သူသည် 'နန်းတီ' မြို့သို့ မပြန်ဘဲ 'ပဲရစ်' မြို့၌ပင် ဆက်လက်နေထိုင်ကာ ဥပဒေပညာကို အလွတ်ရှေ့နေအဖြစ်ဖြင့်သာ ဆောင်ရွက်ပြီးလျှင် 'မူဆေး' ဂျာနယ်ခေါ် ပြင်သစ်ဂျာနယ် တစ်စောင်တွင် လောကဓာတ်ပညာနှင့် ပတ်သက်သည့် ရာဇဝင်ဝတ္ထုကလေးများကို ဝမ်းရေးအတွက် အထောက်အပံ့ရစေရန် တစ်ဘက်တစ်လမ်းက ရေးသားလျက် ရှိလေသည်။

သို့နှင့်သူသည် လောကဓာတ်ပညာနှင့် ပတ်သက်သည့် စိတ်ကူးယဉ်ဝတ္ထုများကို ဆက်လက်ရေးသားလျက်ရှိရာ အဆန်းအသစ် တီထွင်တွေ့ရှိမှုများ၊ ကမ္ဘာအရပ်ရပ်သို့ သွားရောက်စွန့်စားရှာဖွေမှုများ စသည့် သိပ္ပံပညာပေး ဝတ္ထုများကို အဆက်မပြတ် ရေးသားလျက်ရှိ၏။

၁၈၅၄ခုနှစ်၌ 'ဗန်း'သည် 'မာစတာစာချရီယပ်'ခေါ် ၁၉ရာစု နှစ်တွင် ဖြစ်ပေါ်မည့် အလွန်ကြောက်မက်ဖွယ်ကောင်းသော လောကဓာတ်ပညာနှင့် ဘာသာအယူဝါဒတိုက်ပွဲအကြောင်း ဝတ္ထုတစ်ပုဒ်ကို ရေးသားလေသည်။

တစ်နေ့တွင် သူသည် မစ္စတာ 'ဟက်ဇယ်' ဆိုသူ ပုံနှိပ် ထုတ်ဝေသူခဲ့ဦးနှင့် တွေ့ရ၏။ ထိုသူမှာ စာရေးဆရာတစ်ယောက်လည်း ဖြစ်၍ နောင်တစ်ခေတ်တွင် မီးပုံးပျံခရီးရောက်ပုံများကို ဝတ္ထုတစ်ပုဒ် ရေးရန်စီစဉ်လျက်ရှိ၏။ သို့နှင့် 'ဗန်း' သည် ထိုသူ၏အကြံပေးချက်အရ Five weeks in A Ballon 'မီးပုံးပျံနှင့် ရက်သတ္တ(၅)ပတ် ခရီးသွားခြင်း' အမည်ဖြင့် ၁၈၆၃ ခုနှစ်တွင် ရေးသားခဲ့၏။ (ယင်းဝတ္ထု ကို ရှုမဝမဂ္ဂဇင်းတွင် စာရေးသူ ကိုယ်တိုင် 'ဝေဟင်ခရီး' အမည်ဖြင့် ဝတ္ထုရှည်တစ်ပုဒ် ဘာသာပြန်ဆို ရေးသားခဲ့လေသည်။)

ဤသို့လျှင် မစ္စတာဟက်ဇယ်၏ အကူအညီဖြင့် ဗန်းသည် ထူးခြားဆန်းကြယ်သည့် စွန့်စားခန်းများပါဝင်သော ဝတ္ထုကြီးများကို နှစ်ပေါင်းများစွာ ဆက်လက်ရေးသားထုတ်ဝေနိုင်သည့် အခွင့်အရေးကို ရရှိခဲ့လေသည်။

ထိုအချိန်၌ ဗန်းမှာ သူရေးခဲ့သောဝတ္ထုများပေါ်မှ ဝင်ငွေမှန်မှန်ရလျက်ရှိသဖြင့် အထက်တန်းကျကျ ကောင်းစွာနေနိုင်သည့် အခြေအနေသို့ ရောက်ရှိနေလေပြီ။ သို့နှင့် သူသည် ရွက်သင်္ဘောကလေး တစ်စင်းဝယ်ယူ၍ မိမိသွားလိုသောနေရာများသို့ ခရီးထွက်လျက်ရှိရာ သင်္ဘောပေါ်၌ပင် ၁၈၇၁ ခုနှစ်၌ {Twenty Thousand Leagues Under the Sea} ဝတ္ထုကြီးကို ရေးသားခဲ့၏။ (ယင်းဝတ္ထုကို စာရေးသူကိုယ်တိုင် လုံးချင်းဝတ္ထုအဖြစ် 'အဏ္ဏဝါအောက်ခရီး' အမည်ဖြင့် ဘာသာပြန်ဆို ရေးသားခဲ့၏။ ထို့နောက် ၁၈၇၃ ခုနှစ်တွင် ဆရာကြီးသည် 'ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်' ဟူသော ဝတ္ထုကြီးကို ရေးသားပြန်၏။)

ထို့နောက် ဆရာကြီးသည် အောက်ပါဝတ္ထုများကို ဆက်လက် ရေးသားပြန်၏။ ယင်းဝတ္ထုများမှာ ကမ္ဘာနှင့်အဝှမ်း ထင်ရှားကျော်ကြား၍ လူသိများခဲ့သော သိပ္ပံဝတ္ထုကြီးများ ဖြစ်လေသည်။

| | | |
|---|---|---|
| (၁) | လျှို့ဝှက်သောကျွန်း | (၁၈၇၅) |
| (၂) | မိုက်ကယ်စထရိုဂေါ့ | (၁၈၇၆) |
| (၃) | ပျောက်ဆုံးသွားသောစိန်ကြီး | (၁၈၈၁) |
| (၄) | မာတီယတ်ဆင်းဖို့ | (၁၈၈၅) |
| (၅) | ကောင်းကင်လေထုအကြောင်းနှင့်လေယာဉ်ပျံအကြောင်းကို ကြိုတင်ဟောစာတမ်းထုတ်ထားသည့် လောကဓာတ်ပညာ ဝတ္ထု | (၁၈၈၆) |
| (၆) | ပစိဖိတ်သမုဒ္ဒရာ၌ မျောပါခြင်း | (၁၈၈၈) |
| (၇) | မြောက်ဝင်ရိုးစွန်းကို ဝယ်ယူခြင်း | (၁၈၈၉) |

ထို့နောက် သူသည် ယခုမျက်မှောက်ခေတ်တွင် ဖြစ်ထွန်းပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com

နေသည့် လေယာဉ်ပျံ၊ ဒုံးပျံ၊ ရဟတ်ယာဉ်၊ ဝိုင်ယာလက်း တယ်လီဗေးရှင်းခေါ် ရုပ်မြင်သံကြား ကိရိယာများကို ကမ္ဘာတစ်ဝှမ်းလုံး အသုံးပြုနိုင်ပုံများ၊ ရာသီဥတုကို လူတို့ပြုပြင်နိုင်သည့် နည်းလမ်းများ၊ နေရောင်ခြည်မှ လျှပ်စစ်ဓာတ်ထုတ်ယူပြောင်းလဲ အသုံးပြုနိုင်ပုံ စသည့်ထူးဆန်းထွေလာ လောကဓာတ်ပညာရပ်များကို သာမန်လူတို့ တွေးတောကြံဆ၍ မရနိုင်သည့် နည်းသစ်လမ်းသစ်များ တီတွင်ကာ အချို့ကိုဝတ္ထုအဖြစ်လည်းကောင်း၊ အချို့ကိုလည်း ဆောင်းပါးအဖြစ်လည်းကောင်း၊ ထွန်းထွန်းပေါက်ပေါက် ရေးသားခဲ့လေသည်။

၁၈၇၀ ခုနှစ် (ပြင်သစ်ပြည်ဂျာမန်စစ်ပွဲ) အတွင်း၌ ဆရာကြီးသည် 'အမီယန်မြို့သို့ ပြောင်းရွှေ့ကာ ထိုမြို့တွင် ဦးခေါင်းချသည်အထိ အေးချမ်းစွာ နေထိုင်တော့၏။ အလုပ်မလုပ်ဘဲ အေးချမ်းစွာ အနားယူနေထိုင်သည့် အချိန်များ၌ပင် ဆရာကြီးသည် မြူနီစပါယ်အဖွဲ့၊ လူမှုရေးအဖွဲ့၊ လူမှုဝန်ထမ်းအဖွဲ့မှစ၍ အရေးပါအရာရောက်သည့် စေတနာ့ဝန်ထမ်းအဖွဲ့များတွင် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့လေသည်။

ဆရာကြီးတွင် သူနှင့်အတူနေထိုင်သော တူတစ်ယောက်ရှိ၍ ထိုသူငယ်မှာ အတန်ငယ်စိတ်မနှံ့သော ရောဂါရှိ၏။ တစ်နေ့တွင် ထိုသူငယ်သည် ရုတ်တရက် စိတ်ရူးပေါက်ကာ ဆရာကြီးအား သေနတ်နှင့်ပစ်လိုက်၏။ ကျည်ဆံသည် ဆရာကြီး၏ ခြေထောက်တစ်ဘက်ကို ထိမှန်သွားရာ ထိုအချိန်မှစ၍ ဆရာကြီးမှာ ခြေတစ်ဘက်မသန် ဖြစ်သွားပြီးလျှင် အသက်သို့သာ တိုင်ခဲ့ရရှာလေသည်။

ဆရာကြီး၏ အထက်ပါ သိပ္ပံဝတ္ထုကြီးများကို ဖတ်သော စာဖတ်ပရိသတ်မှာ ကမ္ဘာနှင့်အဝှမ်းရှိရာ သူ၏စာပေကို မြတ်နိုးသူများသည် ပြင်သစ်နိုင်ငံသို့ ခရီးကြုံကြိုက်က ဆရာကြီးအား လူကိုယ်တိုင် တွေ့ဆုံရန် ဆရာကြီး၏အိမ်သို့ လာရောက်တတ်ကြ၏။ ဤသို့ဖြင့် ဆရာကြီး၏ အိမ်ကလေးမှာ ဘုရားတစ်ဆူ ဂူတစ်လုံးသဖွယ် ဖြစ်နေတော့၏။ ဆရာကြီးသည် အသက်ကြီးရင့်၍ အိုမင်းမစွမ်းပင် ရှိသော်လည်း စိတ်အားမလျော့သေးဘဲ စာများကို တတ်နိုင်သမျှ ရေးသားခဲ့၏။ သို့သော် အိုခြင်း၊ နာခြင်း၊ သေခြင်းတရားများကို မလွန်ဆန်နိုင်သည့်အတိုင်း အသက်(၇၇)နှစ် (၁၉၀၅ခု မတ်လ၂၄)တွင် ကွယ်လွန် အနိစ္စရောက်ရှာလေသည်။

ဆရာကြီး၏ အသုဘကို လူပေါင်း(၅၀၀၀)ကျော်မျှ လိုက်ပါ ပို့ဆောင်ခဲ့ရာ ပြင်သစ်စစ်တပ်နှင့်တကွ ပြင်သစ်အစိုးရအရာရှိကြီးများ ပါဝင်လေသည်။

ဆရာကြီး ရေးသားခဲ့သော ဝတ္ထုများတွင် ပါရှိသည့် အကြောင်းအရာများမှာ သူရေးစဉ်က စိတ်ကူးယဉ်မှုသာ ဖြစ်သော်လည်း နောင်တစ်ခေတ် (ယခု ကျွန်ုပ်တို့ မျက်မှောက်ခေတ်)တွင် တစ်ခုပြီးတစ်ခု အကောင်အထည်ပေါ်၍ လာခဲ့လေသည်။

စစ်အတွက် အသုံးပြုလျက်ရှိသော ပထမဆုံး ရေငုပ်သင်္ဘော၏ အမည်ကိုပင် 'Twenty Thousand Leagues Under The Sea' ဝတ္ထုပေါ်တွင်မူတည်ကာ တည်ဆောက်ခြင်းဖြစ်သဖြင့် ဆရာကြီးအား ဂုဏ်ပြုသည့်အနေဖြင့် ယင်းဝတ္ထုတွင်ပါရှိသော ရေငုပ်သင်္ဘော၏ အမည်အတိုင်း 'နော့တီးလပ်'(Nautilus)ဟု အမည်ပေးထားလေသည်။

မှတ်ချက်။ ။ ၁၉၆၇ခုနှစ်မှ ၁၉၇၇ခုနှစ်အထိ (၁၀)နှစ် အတွင်း ဆရာကြီး ဂျူးလ(စ်)ဗန်း၏ အောက်ပါ ဝတ္ထုကြီး(၆)ပုဒ်ကို ကျွန်ုပ်ဘာသာပြန် ရေးသားခဲ့၏။

(၁) A Journey To The Centre of The Earth
ကမ္ဘာမြေအောက်ခရီး

(၂) Twenty Thousand Leagues under The Sea
အဏ္ဏဝါရေအောက်ခရီး

(၃) Five Weeks In A Ballon
ဝေဟင်ခရီး

(၄) Michael Strogoff
မှန်တိုင်းကြမ်းနှင့် သွေးလွှမ်းခရီး

(၅) City in Sahara
ကန္တာရမြို့တော် (မထုတ်ဝေရသေး)

(၆) The Mysterious Island
အံ့ဩဖွယ်ရာ ကျွန်းဒီပါ (ယခု ကျွန်ုပ်ဘာသာပြန်သော စာအုပ်)

ဒဂုန်ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ ၁ ]

## ကောင်းကင်မှ ကျလာခြင်း

### ၁၈၆၅ ခုနှစ် မုန်တိုင်းကြီး

"ကျွန်တော်တို့ အပေါ်ကိုပဲ ပြန်တက်နေသလား"

"ဘယ်ဟုတ်မလဲကွ"

"ဒါဖြင့် အောက်ကျနေတာပေါ့နော်"

"အေး . . ဟုတ်တယ်၊ ကျတာမှ ဒလဟောကျနေတယ်"

"ကဲ . . .ဒါဖြင့် ပုခက်ထဲက သဲအိတ်တွေ မြန်မြန်ပစ်ချစမ်း ဟေ့ ကဲ . . .ဘယ့်နှယ်တုန်း အပေါ်တတ်ရဲ့လား"

"သိပ်မတက်ဘူး ကပ္ပတိန်"

"လှိုင်းပုတ်သံလိုလိုလည်း ကြားရတယ်၊ နားထောင်စမ်းဟေ့"

"အောက်ပေ ၅၀၀ လောက်မှာ ပင်လယ်ပြင်ကြီး မြင်ရတယ် ကပ္ပတိန်"

"ဒါဖြင့် ပုခက်ထဲမှာရှိတဲ့ အလေးအပင်မှန်သမျှ အားလုံးပစ်ချဟေ့ အားလုံး . . .အားလုံး ပစ်ချ"

အချိန်မှာ ၁၈၆၅ ခုနှစ် မတ်လ ၂၃ ရက် ညနေ၄နာရီဖြစ်၍ နေရာမှာ ပစိဖိတ်သမုဒ္ဒရာရေပြင်၏အထက် ပေ ၅၀၀ ကျော်ခန့်တွင် မုန်တိုင်းအရှိန်ဖြင့် လွင့်ပါနေသော မီးပုံးပျံကြီးတစ်ခုအတွင်းမှ ကပ္ပတိန် 'ဟားဒိန်း'နှင့် သူ၏လူများသည် အထက်ပါအတိုင်း တစ်ယောက်တစ်ခွန်း စိုးရိမ်တကြီး ဆူညံစွာ ပြောဆိုလျက် ရှိကြလေသည်။





မတ်လ ၁၁ရက်မှ ၂၆ ရက်အထိ အမေရိကန်၊ ဥရောပ၊ အာရှတိုက်တို့တွင် အရှေ့မှအနောက်သို့ အကြွေတာ၏ မြောက်ဘက် ၃၅ ဒီဂရီမျဉ်းပြိုင်နှင့် တောင်ဘက် ၄၀ ဒီဂရီမျဉ်းပြိုင်အတွင်း ပြင်းထန်စွာ တိုက်ခိုက်ခဲ့သည့် လေမုန်တိုင်းကြီးကို မည်သူမျှ မမေ့နိုင်ခဲ့ချေ။

မီးပုံးပျံကြီးမှာ တစ်နာရီလျှင် မိုင်၆၀ ခန့်နှုန်းဖြင့် မုန်တိုင်းထဲတွင် ချာလပတ်လည်ကာ လွင့်ပါလျက်ရှိနေ၏။ သမုဒ္ဒရာရေပြင်ပေါ်တွင် ရေခိုးရေငွေ့များ သန်းလျက်ရှိသောကြောင့် မီးပုံးပျံအောက်တွင် ဆွဲချိတ်ထားသည့် ပုခက်အတွင်း၌ လိုက်ပါလာသည့် လူ ၅ ယောက်တို့ကို ကောင်းစွာမမြင်နိုင်ချေ။

ဤမျှလောက် ပြင်းထန်စွာ တိုက်ခတ်လျက်ရှိသည့် လေမုန်တိုင်းကြီးအတွင်း၌ မီးပုံးပျံကြီးမှာ အဘယ်ကြောင့် လွင့်စင်ပါလာလေသနည်း။ မီးပုံးပျံကြီးမှာ ၂၄နာရီအတွင်း မိုင်၂၀၀၀ကျော်မျှပင် ခရီးပေါက်ခဲ့ပေပြီ။ မီးပုံးပျံနှင့် လိုက်ပါလာသည့် ခရီးသည်များမှာ သေနတ်၊ ခဲယမ်းမီးကျောက်နှင့် စားနပ်ရိက္ခာများ အလုံအလောက်ပါရှိသော်လည်း အမြင့်တိုင်းကိရိယာနှင့် ခရီးသွားနှုန်းတိုင်း ကိရိယာများ မပါရှိချေ။

သူတို့သည် သဲအိတ်များကို ပစ်ချပြီးနောက် လက်နက်ခဲယမ်းမီးကျောက်များကိုသာမက စားရေရိက္ခာများကိုပါ ပစ်ချလျက်ရှိရာ၊ မီးပုံးပျံသည် အထက်သို့ ပေ၄၅၀၀ခန့် မြင့်တက်သွား၏။ မတ်လ ၂၄ ရက်နေ့သို့ ရောက်သောအခါ မုန်တိုင်း၏အရှိန်မှာ တဖြည်းဖြည်း လျော့ကျသွားပြီးနောက် လေပြည်လေညင်းသာသာခန့်သာ ရှိတော့၏။

နံနက်(၁၁)နာရီအချိန်ခန့်တွင် ရာသီဥတုမှာ ပိုမို၍ သာယာကြည်လင်လာပြီးနောက် မီးပုံးပျံကြီးသည် တဖြည်းဖြည်း အောက်သို့ တရွေ့ရွေ့ ကျဆင်းလာနေသည်ကို သူတို့သတိပြုမိကြ၏။ မီးပုံးပျံ၏ သဏ္ဍာန်မှာ မူလအလုံးကြီးမှ ဘဲဥပုံအနေအထားသို့ ပြောင်းလဲသွားသဖြင့် ဓာတ်ငွေ့များယိုထွက်နေကြောင်း သိကြရ၏။ နေ့လည်အချိန်တွင် မီးပုံးပျံသည် ပေ ၂၀၀၀ အမြင့်၌ရောက်နေလျက် ဓာတ်ငွေ့များမှာ ကုဗပေ ၅၀,၀၀၀ ခန့် ရှိနေသေး၍ လေထုအတွင်းအတော်ကြာ ဆက်လက် နေနိုင်လိမ့်မည်ဟု သူတို့ခန့်မှန်းကြ၏။ သူတို့သည် လိုရမည်ရချန်ထားသည့် စားရေရိက္ခာအနည်းငယ်နှင့် မောင်းချခါးလေးတစ်ချောင်း ပါမကျန် အောက်သို့ပစ်ချလိုက်ကြ၏။

မီးပုံးပျံကြီးမှ ဓာတ်ငွေ့များ တဖြည်းဖြည်း လျော့ပါးလျက်ရှိနေကြောင်း သိရသဖြင့် ၎င်းသည် မည်သည့်နည်းနှင့်မျှ အမြင့်တွင် ကြာကြာ မနေနိုင်ကြောင်း၊ ကုန်းမြေဟူ၍လည်း မတွေ့ရကြောင်း သိကြရ၏။

လှိုင်းတံပိုးများ အနည်းငယ်မျှသာ ရှိသော်လည်း မိုင် ၄၀ အတွင်း



www.burmeseclassic.com

www.burmeseclassic.com



သဘော်ဟူ၍ တစ်စင်းတုလေမျှ မတွေ့ရချေ။ အောက်သို့ မီးပုံးပျံ ဆက်လက်မကျရန် ကြိုးစားကြရပေမည်။ ထိုအချိန်၌ လေသည် အနောက်တောင်ဘက်မှ ပြန်၍တိုက်လာ၏။

ကံဆိုးသောလူတစ်စု၏အခြေအနေမှာ ကြောက်မက်ဖွယ်ကောင်းလှ၏။ မီးပုံးပျံကြီးသည် တဖြည်းဖြည်း အရှိန်လျော့လာပြီးလျှင် သူတို့၏ ကြိုးပမ်းမှုများမှာ အလဟဿဖြစ်ကာ အရာမထင်ဘဲ တဖြည်းဖြည်း အောက်သို့သာ ကျဆင်းလျက်ရှိနေ၏။ နေ့လည်ပိုင်းလောက်တွင် ၎င်းတို့သည် ရေမျက်နှာပြင်အထက် ပေ ၆၀၀ ခန့် လောက်သာ မြင့်နေတော့၏။

ပိုးစများဖြင့်ချုပ် လုပ်ထားသော မီးပုံးပျံကြီး၏ တစ်နေရာတွင် အက်ကြောင်းပေါ်၍လာကာ စုတ်ပြဲသွားပြီးလျှင် ဓာတ်ငွေ့များထွက် လျက်ရှိနေသည်ကို ပိတ်ဆို့ရန် မတတ်နိုင်ကြပေ။ ညဉ့်အချိန်သို့ရောက်၍မှ ကမ်းခြေ သို့မဟုတ် ကျွန်းတစ်ခုခုကိုမတွေ့ရလျှင် ခရီးသည်များနှင့် မီးပုံးပျံကြီး ရေလှိုင်းများအောက်တွင် စုံးစုံးမြုပ်၍ သွားကြရပေတော့မည်။

ခရီးသည်များမှာ သတ္တိကောင်းသူများဖြစ်၍ သေမင်းအား မည်သို့ ရင်ဆိုင်ရမည်ကို သိကြ၏။ သူတို့အနက် တစ်ဦးတစ်ယောက်ကမျှ မညည်းညူဘဲ အောက်သို့ကျဆင်းနေသော အရှိန်ကိုတန့်၍သွားအောင် နောက်ဆုံးအချိန်အထိ ကြိုးစားကြရပေမည်။ မီးပုံးပျံကြီးအောက်၌ ချိတ်ဆွဲထားသော သူတို့စီးနင်းလိုက်ပါလာသော ပုခက်ကြီးမှာ မိုးမခပင်၏အကိုင်းအခက်များဖြင့် ပြုလုပ်ထားသောကြောင့် ရေပေါ်တွင် မပေါ်နိုင်ချေ။ (၂)နာရီခန့်ကြာသောအခါ မီးပုံးပျံကြီးမှာ ရေပြင်နှင့် ပေ ၄၀၀ခန့်သာ ဝေးတော့၏။

"အားလုံးပစ်ချပြီးပြီလားဟေ့"

"မကုန်သေးဘူး။ ရွှေဒင်္ဂါးဒေါ်လာပြား ၂၀၀၀ ကျန်ပါသေးတယ် ကပ္ပတိန်"

"ဒါလည်း ပစ်ချလိုက်ဟေ့၊ နှမြောမနေနဲ့တော့၊ မီးပုံးပျံကော တက်ရဲ့လား"

"နည်းနည်းပါးပါးတော့ တက်ပါတယ် ကပ္ပတိန်၊ ဒါပေမယ့် မကြာခင် ပြန်ကျမှာပဲ"

"နောက်ပစ်ချဖို့ ဘာကျန်သေးသလဲ"

"ပုခက်ကြီးပဲ ကျန်တော့တယ် ကပ္ပတိန်"

"ဒါဖြင့် ပုခက်ကြီးကိုချိတ်ဆွဲထားတဲ့ ပိုက်ကွန်က ကြိုးတွေထဲကို တို့မြန်မြန်ဝင်ပြီး တွယ်ကပ်နေကြမှ ဖြစ်မယ်၊ ကဲ ပုခက်ကြီးကို ဆွဲထားတဲ့ ကြိုးတွေ တစ်ခါတည်းဖြတ်ချလိုက်ကြတော့ဟေ့"





ကပ္ပတိန်ဟားဒိန်းသည် သူ၏လူများအား ကျယ်လောင်စွာ အမိန့်ပေးလိုက်၏။ ဤသို့ဖြင့် သူ၏လူများနှင့် ကပ္ပတိန်ဟားဒိန်းသည် မီးပုံးပျံကြီးကို ပေါ့သည်ထက်ပေါ့အောင် နောက်ဆုံးနည်းကို လုပ်ကြရတော့၏။ ပုခက်ကြီးဖြုတ်ကျသွားသောအခါ မီးပုံးပျံကြီးမှာ ပေ ၂၀၀၀ ထိ အထက်သို့ တက်သွားတော့၏။

ဤသို့ဖြင့် ခရီးသည်ငါးဦးတို့မှာ ပိုက်ကွန်ကြိုးများကိုဆွဲလျက် လိုက်ပါသွားကြရတော့၏။ မီးပုံးပျံကြီးမှာ စနစ်တကျချိန်ဆ၍ တည်ဆောက်ထားသောကြောင့် အလွန်ပေါ့ပါးသော ပစ္စည်းကလေးတစ်ခုကိုပင် ပစ်ချလိုက်ခြင်းဖြင့် ၎င်း၏တည့်မတ်မှုကို သိသိသာသာ အနေအထား ပြောင်းလဲစေသည်။ ညနေ ၄ နာရီခန့်တွင် သူတို့၏မီးပုံးပျံကြီးမှာ အမြင့်ပေ ၅၀၀ ခန့်တွင် ရောက်ရှိ၍ နေလေသည်။

သို့ရှိစဉ် သူတို့နှင့်အတူပါလာသော ခွေးဟောင်သံကို ကြားလိုက်ရ၏။ ထိုအချိန်၌ပင် . . .

"ကမ်းခြေကို မြင်ရပြီ"

ဟု သူတို့အထဲမှ အသံတစ်သံ ထွက်ပေါ်လာလေသည်။ မိုင် ၃၀ ခန့်ဝေးသောနေရာတွင် ကျွန်းတစ်ကျွန်းကို ရုတ်တရက် မြင်လိုက်ကြရ၏။ သို့သော် ထိုနေရာသို့ရောက်ရန် မီးပုံးပျံသွားနှုန်းဖြင့် တွက်လျှင် တစ်နာရီခန့် လိုသေးသည်ဟု ခန့်မှန်းရ၏။ ထိုကျွန်းမှာ လူရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထိုကျွန်းသို့ရောက်အောင် သွားကြရပေတော့မည်။

ထိုအချိန်၌ မီးပုံးပျံကြီးမှာ မထိန်းနိုင်အောင်ဖြစ်လာပြီးလျှင် သူတို့အားပြုဆွဲကိုင်ထားသည့် ပိုက်ကွန်ကြိုးများကို ရေစိုသဖြင့် ရေပြင်တွင် ဒရွတ်ဆွဲကာ လေအဟုန်ဖြင့် သွားလျက်ရှိနေ၏။

ထိုနေရာမှာ ကျွန်းနှင့်တစ်မိုင်ခန့်သာ ဝေးတော့သဖြင့် နာရီဝက်ခန့်ကြာလျှင် သူတို့မြင်ရသောကျွန်းသို့ ရောက်ပေတော့မည်။

သို့ရှိစဉ် မီးပုံးပျံသည် မမျှော်လင့်ဘဲ ပေ ၁၅၀၀ အမြင့်သို့ ရုတ်တရက် တက်သွားပြီးနောက် ကျွန်းနံဘေးရှိ သဲသောင်ပြင်တစ်ခုပေါ်သို့ ကျသွားလေသည်။ ပိုက်ကွန်ကြိုးများထဲမှ လူအားလုံး ရုန်းထွက်လိုက်ကြရာ သိသိသာသာကြီး အလေးချိန်ပေါ့သွားသောကြောင့် မီးပုံးပျံကြီးသည် အရှိန်ဖြင့် ကောင်းကင်သို့ ထိုးတက်သွားပြီးလျှင် ပြာလဲ့သော ကောင်းကင်နှင့် တိမ်တိုက်များအကြားတွင် ပျောက်ကွယ်သွားလေသည်။ ခရီးသည်ငါးယောက်အနက် ကျွန်းပေါ်သို့ လူလေးယောက်သာရောက်၍ ကျန်တစ်ယောက်မှာ ကောင်းကင်သို့ မီးပုံးပျံတက်ခါနီးတွင် ရုတ်တရက် လှိုင်းပုတ်လိုက်သဖြင့် ရေထဲသို့ကျသွား



www.burmeseclassic.com

www.burmeseclassic.com



ဟန်တူ၏။ သို့သော် ညော်သူမှု အတတ်မမြင်လိုက်ရချေ။ ၎င်းမှာ အခြားသူမဟုတ်၊ ထိုစရိုးသည်တစ်စု၏ ခေါင်းဆောင် ကပ္ပတိန်ဟားဒိန်းပင် ဖြစ်၏။

"သူ့ကို ကျုပ်တို့ ချက်ချင်းလိုက်ရှာကြမှ ဖြစ်မယ်"

ဟု လေးယောက်စလုံး တစ်ပြိုင်တည်း ဟစ်အော်လိုက်ကြလေသည်။

## မီးပုံးပျံချက်၍ လူချင်းကွဲသွားပုံ

လေမုန်တိုင်းကြီးအတွင်း မီးပုံးပျံကြီးစီး၍ လိုက်ပါလာကြသူများမှာ လေသူရဲများ မဟုတ်ကြချေ။ အမေရိကန်ပြည်တွင်းစစ်၌ သုံ့ပန်းအဖြစ် အဖမ်းခံနေရသူ လူတစ်စုဖြစ်၍ သူတို့၏စွန့်စားမှုကြောင့် ထူးဆန်းသောနည်းဖြင့် ရန်သူ့လက်မှ ထွက်ပြေး လွတ်မြောက်လာကြသူများ ဖြစ်၏။

အကြောင်းကား ဤသို့ပေတည်း။ ဗိုလ်ချုပ်ကြီး ယူလီဘက်ဂရန့်သည် 'ရစ်ချ်မွန်မြို့'ကို တပ်ဖြင့် ဝိုင်းထားစဉ် သူတို့သည်မီးပုံးပျံဖြင့် ဤကဲ့သို့ စွန့်စွန့်စားစား ထွက်ပြေးလွတ်မြောက်လာသူများ ဖြစ်လေသည်။ သူတို့ ယခု ရောက်ရှိနေသောကျွန်းမှာ အမေရိကန်ပြည် ဗာဂျီးနီးယားပြည်နယ်နှင့် မိုင် ၇၀၀၀ မျှ ဝေးကွာသော်လည်း ငါးရက်အတွင်း ရောက်ရှိသွားခြင်း ဖြစ်လေသည်။

သူတို့ လွတ်မြောက်ရန် ထူးထူးဆန်းဆန်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်လာရသည့် အကြောင်းရင်းမှာ အောက်ပါအတိုင်းဖြစ်၏။

၁၈၆၅ ခုနှစ် အမေရိကန်တော်လှန်မှုကြီးတွင် ဗိုလ်ချုပ်ကြီး ဂရန့်သည် 'ရစ်ချ်မွန်မြို့' ကို သိမ်းပိုက်ရန် ကြိုးစားလျက်ရှိစဉ် သူ၏ အရာရှိ အတော်များများမှာ ရန်သူတို့၏လက်တွင်းသို့ ကျရောက်သွားပြီးနောက် သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်း ခံနေကြရ၏။ ၎င်းတို့အနက် ထင်ရှားသော အရာရှိတစ်ဦးမှာ ကပ္ပတိန်ဆိုင်းရပ်(စ)ဟားဒိန်း ဖြစ်၏။ သူသည် ပထမတန်း အင်ဂျင်နီယာတစ်ယောက်လည်း ဖြစ်၏။ ကိုယ်လုံး ပိန်ပိန်ပါးပါးရှိပြီးလျှင် အသက်လေးဆယ့်ငါးနှစ်ခန့် ရှိပြီဖြစ်သော်လည်း နှုတ်ခမ်းမွေးအချို့မှာ အဖြူရောင်သန်းလျက်ရှိနေလေပြီ။ သူသည် စစ်ပွဲများများတွင် ဗိုလ်ချုပ်ကြီးဂရန့်နှင့်အတူ တိုက်ခိုက်ခဲ့သူ ဖြစ်သည့်အပြင် အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ရှိသူလည်းဖြစ်၏။ ယခုစစ်ပွဲ၌ တိုက်ခိုက်ရင်း ဒဏ်ရာရသဖြင့် မေ့မြောနေစဉ် ယခုကဲ့သို့ ရန်သူ၏ လက်တွင်းသို့ ကျရောက်သွားခြင်းဖြစ်၏။

ထိုအချိန်တွင် 'နယူးရောက်ဟဲရယ်'ဂျာနယ်မှ ပထမ သတင်းထောက် 'ဂိဒီရွန်စပီလက်'လည်း သုံ့ပန်းအဖြစ် ရောက်ရှိလာ၏။ သူသည် ရှေ့တန်းစစ် မျက်နှာတွင် မျက်မြင်ကိုယ်တွေ့ သတင်း များယူရန်ရောက်စဉ်





ဤကဲ့သို့ ရန်သူ့လက်တွင်းသို့ ကျရောက်ခဲ့ခြင်းဖြစ်၏။ အသက်လေးဆယ်မျှသာရှိသေး၍ တည်ငြိမ်သော မျက်နှာရှိသူ ဖြစ်လေသည်။

ကပ္ပတိန်ဟားဒိန်းသည် စစ်သတင်းထောက် ဂိဒီရွန်စပီလက်၏ အမည်ကို ယခင်က ကြားဖူးရုံသာရှိ၍ ယခုတွေ့ကြသောအခါ ရင်းနှီးလာကြ၏။ တစ်ဦးကိုတစ်ဦး လေးစားလျက် သူတို့ နှစ်ယောက်လုံးပင် လွတ်မြောက်ရန် ကြိုးပမ်းနေကြသူများ ဖြစ်၏။ သုံ့ပန်းများမှာ မြို့ထဲတွင် လွတ်လပ်စွာ သွားလာနိုင်ခွင့်ရှိသော်လည်း ထွက်ပေါက်မရှိအောင် ကင်းများ အစောင့်ချထား၏။ ထိုအချိန်တွင် ကပ္ပတိန်ဟားဒိန်း၏ တပည့် အသက်နှစ်ဆယ်ခန့်ရှိ ကပ္ပလီလူမျိုး 'နီဘူးချက်နဇာ' ရောက်လာသည်။ နာမည်ကို 'နက်' ဟု အများက ခေါ်ကြ၏။ 'နက်' သည် သူ့ဆရာ ကပ္ပတိန်ဟားဒိန်းအား အသက်ရှူကို ချစ်ခင်သူဖြစ်၏။ သုံ့ပန်းများသည် ရစ်ချ်မွန်မြို့မှ မထွက်နိုင်သကဲ့သို့ ဗိုလ်ချုပ်ကြီး ဂရန့်၏ စစ်တပ်များက မြို့ကို ဝိုင်းထားသဖြင့် တောင်ပိုင်းရှိလူများလည်း တရက် ပြင်သို့ မထွက်နိုင်ကြချေ။ ထို့ပြင် တောင်ပိုင်းစစ်တပ်၌ စစ်မှုမထမ်းလို့ဤသို့ အနက် 'ဂျိုနသန်ဖော်စတာ' ဆိုသူလည်း တစ်ယောက် အပါအဝင် ဖြစ်လေ

ဤကဲ့သို့ အခြေအနေတွင် ရစ်ချ်မွန်ဘုရင်ခံသည် သူ၏ စစ်တပ်မှ ဗိုလ်ချုပ်'လီး'ထံ ဆက်သွယ်၍ မရနိုင်သောကြောင့် အကြံထုတ်လျက်ရှိရာ သူ၏အကြံမှာ မီးပုံးပျံကြီးတစ်စု ပြုလုပ်ပြီးလျှင် သူ၏ဗိုလ်ချုပ်'လီး'၏ စစ်တပ်နှင့် ဆက်သွယ်လိမ့်မည်ဟူသော လျှို့ဝှက်သတင်းကို ဂျိုနသန်ဖော်စတာ ကိုယ်တိုင်ကောင်းစွာ သိရှိပြီး ဖြစ်လေသည်။

သို့နှင့် ဘုရင်ခံသည် လူ ၆ ယောက် စီးနိုင်သည့် မီးပုံးပျံကြီး တစ်ခုကို ဂျိုနသန်ဖော်စတာအား ပြုလုပ်စေရန် စေလကြောင်းခရီးအတွက် လမ်းတွင် စားသုံးရန် စားရေရိက္ခာများနှင့် မြေပြင်သို့ဆင်းသက်သည့်အခါ အသုံးပြုရန် လက်နက်ခဲယမ်းမီးကျောက်များကိုပါ ပြည့်စုံ အောင် ဖြည့်တင်းစေ၏။ သို့ဖြင့် မတ်လ ၁၈ ရက်နေ့ညတွင် အနောက်မြောက်မှ တိုက်ခတ်လာသည့်လေအားဖြင့် မီးပုံးပျံကြီးကို လွှတ်ရန်၊ မီးပုံးပျံပေါ်တွင် စီးနင်းလိုက်ပါမည့် တပ်ဖွဲ့ဝင်များအား အသင့်ထားရှိစေ၏။ သို့သော် အနောက်မြောက်မှ တိုက်ခတ်လာသော လေသည် တဖြည်းဖြည်း ပြင်းထန်လာကာ မုန်တိုင်းအဖြစ်သို့ ပြောင်းလဲလာသဖြင့် ပျံသန်းမည့်အချိန်ကို ရွှေ့ဆိုင်းလိုက်ရတော့၏။ ရစ်ချ်မွန် ပန်းခြံအတွင်း စီမံပြုလုပ်ထားသည့် မီးပုံးပျံကြီးလွှတ်ရန် အသင့်ရှိနေပြီ ဖြစ်၍ လေငြိမ်မည့် အချိန်ကို စောင့်ဆိုင်းလျက်ရှိရာ မတ်လ ၁၉ ရက် အထိ မုန်တိုင်းအခြေအနေမှာ မပြောင်းလဲဘဲရှိနေသဖြင့် မလွှတ်ပစ်သေးချေ။

ထိုနေ့တွင် ကပ္ပတိန်ဟားဒိန်းအား သူမသိသော လူတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်လိုက်၏။ ထိုသူမှာ သင်္ဘောသား 'ပင်ကရော့'ဆို သူဖြစ်၍ အသက် သုံးဆယ့်ငါး၊ လေးဆယ်နီးပါးခန့်ရှိပြီးလျှင် သန်မာ ဖျတ်လတ်သူတစ်ယောက် ဖြစ်၏။ ၎င်းမှာ အမေရိကန်တစ်ယောက် ဖြစ်၏။ သူသည် ပင်လယ်ခရီးသွား လာရာတွင် ကျင့်သားရပြီးသူ တစ်ယောက်လည်းဖြစ်၏။ သူသည် အရောင်း အဝယ်ကိစ္စတစ်ခုဖြင့် ရစ်ချ်မွန်မြို့သို့ ရောက်လာခဲ့ရာ မြို့တွင်းမှမထွက်နိုင်ဘဲ မြောက်ပိုင်းသား သုံ့ပန်းများနှင့်အတူ ပိတ်မိခြင်း ခံနေရသူတစ်ယောက် ဖြစ်၏။ သို့နှင့် သူသည်လည်း တစ်နည်းနည်းဖြင့် လွတ်မြောက်ရန် ကြံစည်နေသူ ဖြစ်လေသည်။

"ရစ်ချ်မွန်မှာ နေရတာ စိတ်ပျက်နေပြီလား ကပ္ပတိန်၊ ပြီးတော့ ခံမှောင်တိန် ဒီမြို့က ထွက်ပြေးဖို့ စီစဉ်နေတယ်နော်"

"မိတ်ဆွေက ဘယ်သူလဲ ပြောစမ်းပါဦး"

ပင်ကရော့က သူ့အကြောင်းကို တိုတိုနှင့်ရှင်းပြလိုက်၏။

"ဘယ်လိုပြေးရင် အကောင်းဆုံးလို့ ထင်လဲ"

မီးပုံးပျံကြီးကို ကြည့်ရင်း ပင်ကရော့က

"ဟို မီးပုံးပျံကြီးဟာ ကျွန်တော်တို့ကို စောင့်နေတယ်လေ"

ကပ္ပတိန်ဟားဒိန်းမှာ အင်ဂျင်နီယာတစ်ယောက်ဖြစ်သည့်အတိုင်း မီးပုံးပျံကို ကောင်းစွာထိန်းသိမ်းနိုင်၏။ အတွေ့အကြုံလည်း ရှိသူဖြစ်၏။ ပင်လယ်ခရီး ထွက်ခဲ့စဉ်က ဤကဲ့သို့ လေမုန်တိုင်းများကို တွေ့ဖူးကြုံဖူးသူဖြစ်၍ ပင်ကရော့အဖို့ ယခုကျရောက်နေသော မုန်တိုင်းကြောင့် ခရီးထွက်ရန် နှောင့်နှေး မည့်သူ မဟုတ်ချေ။

"ကျုပ် တစ်ယောက်တည်း မဟုတ်ဘူး"

"ဘယ်နှစ်ယောက် ခေါ်ခဲ့မလို့လဲ"

"နှစ်ယောက်ပေါ့ဗျာ၊ ကျုပ်တပည့်နဲ့ ကျုပ် သူငယ်ချင်း"

"ဒီလိုဆိုရင် သုံးယောက်၊ ကျုပ်နဲ့ ဟာဗတ်နဲ့ နှစ်ယောက် ထည့်လိုက်တော့ အားလုံး ငါးယောက်၊ ဒီမီးပုံးပျံကြီး ခြောက်ယောက် စီးနိုင်တယ်"

"ကောင်းပါပြီဗျာ . . . ကျုပ်တို့ သွားကြမယ်"

"ဒီညနေ ဝန်းခြံမှာ တွေ့ကြတာပေါ့"

"ည ၁၀ နာရီပေါ့ဗျာ . . . မုန်တိုင်းကလည်း အဲဒီအချိန်အထိ ရှိနေမှာပါ"

ပင်ကရော့သည် အိမ်သို့ ပြန်လာခဲ့ပြီးနောက် ဟာဗတ်အား အကျိုးအကြောင်း ပြောပြ၏။

ကပ္ပတိန်ဟားဒိန်းမှာ မီးပုံးပျံကြီး စုတ်ပြဲသွားမှာကို စိုးရိမ်သဖြင့်





ပန်းခြံသို့ သွားရောက်ကာ တစေ့တစောင်း ကြည့်ရှုလျက်ရှိ၏။ ပင်ကရော့က လည်း ထိုနည်းအတူ တစ်ဖက်ထောင့်မှ နေ၍ တစေ့တစောင်း အကဲခတ် နေမိ၏။ ထိုညတွင် နှင်းများထူထပ်စွာ ကျရောက်နေသဖြင့် အလွန်အေးလျက် ရှိ၏။ ပန်းခြံတစ်ခုလုံး မှောင်နှင့်မည်းမည်း ရှိပြီးလျှင် မီးပုံးပျံကြီးအနီးရှိ မှန်အိမ်မှာ လေပြင်းတစ်ချက် တိုက်လိုက်သည်တွင် ရုတ်တရက် ငြိမ်းသွားတော့၏။ ည ၁၀ ကိုးနာရီခွဲ အချိန်တွင် ဟားဒိန်းနှင့် သူ၏အဖွဲ့ အားလုံး ပန်းခြံတွင်းသို့ တစ်ဘက်မှဝင်လာကြ၏။ မီးပုံးပျံကြီးကို ကြိုးတစ်ချောင်းဖြင့် မြေစိုက်သံကွင်း တစ်ခု၌ ချည်နှောင်ပြီးလျှင် ထိန်းထား၏။

ကပ္ပတိန်ဟားဒိန်း၊ စပီလက်၊ နက်၊ ဟာဗတ်တို့သည် စကား တစ်ခွန်းမျှ မပြောဘဲ၊ ပုခက်အတွင်းသို့ လျင်မြန်စွာ ဝင်လိုက်ကြ၏။ မီးပုံးပျံကြီးကို ထိန်းထားသည့် သံအိတ်နှင့် ကြိုးများကို ပင်ကရော့က ဖြုတ်ပြီးနောက် ပုခက် အတွင်းသို့ ဝင်လိုက်ရာ ခွေးတစ်ကောင်လည်း ပုခက်အတွင်းသို့ ရုတ်တရက် ခုန်ဝင်လာသည်ကို တွေ့ကြရ၏။ ခွေးကြီးမှာ ကပ္ပတိန်၏ ခွေးဖြစ်၏။ ဤသို့ဖြင့် မီးပုံးပျံကြီးသည် ကောင်းကင်သို့ အရှိန်ဖြင့် ချက်ချင်းထိုးတက် သွားလေ သည်။

ညဉ့်အချိန်ဖြစ်သဖြင့် ကပ္ပတိန်ဟားဒိန်းသည် မြေပြင်သို့ မဆင်းဝံ့ဘဲ ရှိနေ၏။ နံနက်လင်း၍ လာသော်လည်း ဆီးနှင်းများ ထူထပ်စွာ ကျနေသော ကြောင့် အောက်သို့ကောင်းစွာ မမြင်ရဘဲ ရှိပြန်၏။ သို့နှင့် ၅ ရက်မြောက်သော နေ့သို့ ရောက်သောအခါ အောက်တွင် ပင်လယ်ရေပြင်ကြီးကို တွေ့မြင်ရလေ သည်။

## ညနေ ၅ နာရီ

ကပ္ပတိန်ဟားဒိန်းမှာ မီးပုံးပျံကြီး၏ ပိုက်ကွန်အတွင်းမှ လွတ်ထွက် သွားပြီးနောက် ပင်လယ်လှိုင်းပုတ်ခတ်ရာသို့ ပါသွား၏။ သူ၏ ခွေးလည်း သူနှင့်အတူ ပါသွားလေသည်။

စပီလက်၊ ဟာဗတ်၊ ပင်ကရော့နှင့် နက်တို့သည် ကပ္ပတိန် ဟားဒိန်း ကိုရှာရန် သူတို့ရောက်သည့်နေရာမှ ကမ်းခြေတစ်လျှောက် ထွက်ခဲ့ကြ၏။ ပင်ကရော့က ဦးဆောင်ကာ . . .

"ကျုပ်တို့ ရှာကြတာပေါ့ဗျာ . . . တွေ့မှာပါပဲ၊ သူ ရေကူးတတ် သလား"

ဟု သူ၏လူများ ဘက်သို့ လှည့်၍ မေးလိုက်၏။

ကပ္ပတိန် ဟားဒိန်းမှာ ကမ်းစပ်နှင့် မိုင်ဝက်ခန့်ဝေးသော နေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ထဲသို့ ကျသွားခြင်းဖြစ်သည်။ ထိုည ခြောက်နာရီလောက်တွင် နှင်းများထူထပ်စွာ ကျလာ၍ ပင်ကရေနှင့် သူ၏အဖွဲ့များက မြောက်ဘက်တွင် ကမ်းခြေအတိုင်း လျှောက်၍ ရှာဖွေလျက်ရှိရာ ကျောက်ကြိုကျောက်ကြားများ အတွင်းမှ စင်ရော်နှင့် တင်ကျီးငှက်များ လန့်ဖျပ် ပျံသွားကြ၏။

ဤသို့ဖြင့် ပင်ကရေနှင့် သူ၏လူများသည် ကမ်းစပ်တစ်လျှောက် တွင် ရှေ့သို့တိုး၍ အသံပေးချည်တစ်ခါ၊ ခေတ္တနားချည်တစ်လှည့်ဖြင့် ရှာဖွေလျက်ရှိကြ၏။ အကယ်၍ ကပ္ပတိန်ဟားဒိန်းသည် ကုန်းပေါ်တစ်နေရာသို့ ရောက်ရှိနေက သူ၏ခွေး 'တော့'၏ ဟောင်သံကို ကြားရလိမ့်မည်ဟု မျှော်လင့်ကြ၏။ ကျောက်စွန်းတစ်နေရာသို့ ရောက်သောအခါ ရှေ့သို့ ဆက်၍မသွားနိုင်ဘဲ ရှိနေကြ၏။ ထိုနေရာမှာ ကမ်းစပ်မှ တောင်ခြေသို့ ဆက်၍နေပြီးလျှင် လှိုင်းသံများ အတန်ငယ် ထွက်ပေါ်လျက်ရှိသည်ကို ကြားရ၏။ နံနက် ၆ နာရီခွဲအချိန်သို့ ရောက်သောအခါ နှင်းများလည်း အတန်ငယ် ကွဲသွားပြီဖြစ်၍ ၎င်းတို့လူစုမှာ ကျွန်းဆွယ်ကလေးပေါ်ရှိ ကျောက်ကမ်းပါးယံကြီးတစ်ခု အနီးသို့ ရောက်နေသည်ကို တွေ့ရ၏။ အနောက်ဘက်တွင် ကမ်းခြေမှ အတွင်းဘက်သို့ တဖြည်းဖြည်းမြင့်တက်သွားသည့် ကျွန်းတစ်ကျွန်းကို သဘော်သား ပင်ကရေက မြူနှင်းများ အကြားမှ မြင်လိုက်ရ၏။

ထိုအခါ စပိလက်က . . .

"တို့ မိတ်ဆွေကြီးဆီက ပြန်အော်တဲ့အသံလည်း မကြားရဘူး။ ခွေးဟောင်သံလည်း မကြားရဘူး၊ ဒဏ်ရာပဲ ရနေမလို့လား။ မေ့မြောပဲနေလို့လား မပြောတတ်ဘူး၊ စိတ်တော့ မလျှော့ကြနဲ့ဦး"

ဟု ပြောလိုက်၏။

ထို့နောက် သူကပင် ဆက်၍

"မြက်ခြောက်နဲ့ သစ်ကိုင်းသစ်စတွေကို မီးရှို့ပြီး မီးပုံတစ်ပုံလုပ်ရင်တော့ ကပ္ပတိန်ဟားဒိန်းဟာ ကျုပ်တို့ အချက်ပေးတာကို မြင်မှာပဲ"

ဟု အကြံပေး၏။ သို့သော် ကျွန်းဆွယ်ကလေးတွင် ကျောက်တုံးကျောက်ခဲများနှင့် သဲသောင်ပြင်မှလွဲ၍ မြက်ခြောက်များ၊ သစ်ကိုင်း သစ်စများ မရှိချေ။ သို့နှင့် သူတို့သည် အလင်းရောင်ကောင်းစွာရသည့် အချိန်ကိုသာ စောင့်ဆိုင်းနေရန် ရှိတော့၏။ သူတို့သည် အနားယူရန် စိတ်မကူးကြဘဲ ကမ်းခြေတစ်လျှောက် ရှေ့သို့ သွားကြပြီးနောက် မြောက်ဘက် အစွန်းဆုံးနေရာမှ ကျွန်းမကြီးဘက်သို့ ပြိုင်တူဟစ်အော် အသံပေး၍ ကြည့်ကြ၏။ 'နက်' က ကျယ်လောင်စွာ အသံတစ်ခုပေးလိုက်ရာ ကျွန်းမကြီးဆီမှ ပဲ့တင်သံပြန်လာသည်ကို ကြားရ၏။





ထိုအခါ ဟာဗတ်က . . .

"ကျွန်တော်တို့ အနောက်ဘက်မှာ ကမ်းခြေတစ်ခု ရှိသေးတယ် ဆိုတာ သေချာတယ်"

ဟု မှတ်ချက်ချလိုက်ရာ ပင်ကရေက ခေါင်းညိတ်၍ ထောက်ခံလိုက်လေသည်။

ညနေစောင်းရာသီဥတုမှာ ကြည်လင်လာ၍ သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ ကြယ်များကို ကောင်းစွာတွေ့မြင်ကြရ၏။ ထိုကြယ်များကို ကမ္ဘာကြီး၏ မြောက်ဘက်ခြမ်းမှ မြင်နိုင်မည် မဟုတ်ကြောင်းကို ကပ္ပတိန်ဟားဒိန်းသည် မုချသတိပြုပေလိမ့်မည်ဟု သူတို့အားလုံးက ယုံကြည်ကြ၏။ ထိုနေရာမှနေ၍ ဓူဝံကြယ်ကို မမြင်ရချေ။

မတ်လ ၂၅ ရက်နေ့ နံနက် ၅ နာရီအချိန်ခန့်တွင် ကောင်းကင်မှာ ပို၍ ကြည်လင်လာသော်လည်း မိုးကုပ်စက်ဝိုင်းမှာမူ မှောင်မည်းလျက်ရှိ၏။ မိုးလင်းလာသောအခါ ပင်လယ်ဘက်မှ မြူများဆိုင်းလာသဖြင့် ပေနှစ်ဆယ်ခန့် အဝေးကိုပင် မမြင်နိုင်အောင် ရှိတော့၏။ ထိုအချိန်၌ ပင်ကရေနှင့် ဟာဗတ်တို့သည် အနောက်ဘက် ကမ်းရိုးတစ်လျှောက်တွင် ရှာဖွေလျက်ရှိကြ၏။

သို့ရှိစဉ် ပင်ကရေက . . .

"တို့ မမြင်ရပေမယ့် ကျွန်းကြီးကတော့ ဟိုဘက်မှာ ရှိတာ အမှန်ပဲကွ"

ဟု ဟာဗတ်ကို အားပေးစကား ပြောလိုက်၏။

မကြာမီ အပေါ်ပိုင်း၌ မြူများထူထပ်စွာ ဆိုင်းနေသော်လည်း အောက်ပိုင်း တဖြည်းဖြည်း ကြည်လင်လာသဖြင့် ကျွန်းကြီးကို ရုတ်တရက် မြင်လိုက်ကြရတော့၏။ ကျွန်းမကြီးနှင့် ကျွန်းဆွယ်မှာ အလွန်ရေစီးသန်၍ မိုင်ဝက်ခန့်ကျယ်သော ရေလက်ကြားတစ်ခု ခြားနေ၏။

'နက်' သည် ရေထဲသို့ ခုန်ချလိုက်ပြီးနောက် တစ်ဘက်ကမ်းသို့ ကူးသွား၏။ ထိုအချိန်တွင် စပိလက်က နောက်မှလိုက်၍ ကူးမည်ပြုရာ ပင်ကရေက တားဆီးလိုက်ပြီးနောက် . . .

"ဒီရေကျနေပြီလေ . . . ရေနည်းသွားရင် တိမ်တဲ့နေရာက ဖြတ်ကူးတာပေါ့"

ဟု ပြောလိုက်ရာ အားလုံးကပင် ပင်ကရေပြောသည့်အတိုင်း ဒီရေအကျကို စောင့်ရန် သဘောတူညီကြလေသည်။

နက်သည် နာရီဝက်ခန့် ရေလက်ကြားကို ဖြတ်ကူးပြီးနောက် တစ်ဘက်ကမ်းသို့ ချောမောစွာ ရောက်သွားပြီးလျှင် မကြာမီ ကျောက်တုံးများကြား၌ ပျောက်ကွယ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သူတို့အားလုံးမှာ ဆာလောင်မွတ်သိပ်နေကြပြီကို သတိရလာသဖြင့် မတတ်သာတော့ပဲ ဝမ်းဝလျှင် ပြီးစေတော့ဟု ကမ်းစပ်တစ်လျှောက်တွင်ရှိသည့် ခရုနှင့် ကမာကောင်များကို စားကြရတော့၏။

တစ်ဘက်ကမ်းခြေမှာ ကျောက်တုံးကျောက်ခဲများဖြင့် ပြည့်နှက်လျက်ရှိပြီးလျှင် ပေ၃၀၀ခန့်မြင့်သည့် ကျောက်ကမ်းပါးယံကြီး တစ်ခုကို တွေ့ရ၏။ ကမ်းပါးယံပေါ်တွင် သစ်ပင်ဟူ၍ မတွေ့ရဘဲ ကမ်းခြေမှ အတွင်းသို့မြင့်တက်သွားပြီးလျှင် အနောက်ဘက်ယွန်းယွန်း၌ ဆီးနှင်းများ ဖုံးနေသည့် တောင်ထိပ်တစ်ခုကို တွေ့မြင်ကြရ၏။ ကမ်းခြေ၏ လက်ဝဲဘက်တွင် ကျောက်တုံးများ စုပုံနေသည်ကို တွေ့ရသဖြင့် တစ်ချိန်က မီးတောင်ပေါက်ကွဲ၍ စုပုံနေခြင်းဖြစ်ကြောင်း အတတ်ပြောနိုင်၏။

သူတို့သည် ယခုရောက်ရှိနေသည့် ကျွန်းပေါ်၌ နှစ်ပေါင်းများစွာနေကောင်းနေရပေလိမ့်မည်။ အကယ်၍ ဤကျွန်းမှာ သင်္ဘောများ သွားနေကျလမ်းကြောင်းနှင့် အလွန်ဝေးကွာသော နေရာ၌ တည်ရှိနေခဲ့ပါမူ ဤကျွန်းပေါ်တွင် သူတို့တစ်သက် နေထိုင်သွားကြရပေတော့မည်။ ဤအကြောင်းကို စဉ်းစားမိသဖြင့် ဂီဒီရွှန်စပိလက်၊ ပင်ကရော့နှင့် ဟာဗတ်တို့သည် ကျွန်း၏အခြေအနေကို ဂရုတစိုက် လေ့လာကြတော့၏။

ဟာဗတ်က . . . "ဘယ်လိုလဲ ပင်ကရော့" ဟုမေး၏။

ပင်ကရော့က . . .

"ရေတော့ ကျသွားပြီ၊ သုံးနာရီအတွင်း ရေလက်ကြားကို ဖြတ်ပြီး တစ်ဘက်ကျွန်းကို အရောက်ကူးကြမှပဲ၊ ကပ္ပတိန်ကိုလည်း တွေ့ချင်တွေ့မှာ" ဟု ပြောသည်။

ဆယ်နာရီအချိန်ခန့်တွင် စပိလက်နှင့် အဖွဲ့သားများသည် ငါးပေခန့်နက်သည့် ရေလက်ကြားကို ဖြတ်ကူးကြရာ တစ်ဘက်ကမ်းသို့ ချောမောစွာရောက်ရှိသွားကြလေသည်။

## ကျောက်လိုဏ်ခေါင်း

သတင်းထောက် စပိလက်သည် သူ၏မိတ်ဆွေများနှင့်အတူ ကမ်းစပ်တွင် ထိုင်နေရာမှ ရုတ်တရက်ထပြီးလျှင် 'နက်' တက်သွားခဲ့သော ကျောက်တုံးကြီး၏ကြားမှ လမ်းကလေးအတိုင်း လိုက်သွား၏။

သင်္ဘောသားပင်ကရော့သည် ဟာဗတ်အား လိုက်မသွားရန် တားမြစ်လိုက်ပြီးနောက် . . .





"တို့နေဖို့ နေရာရှာရဦးမယ်။ ပြီးတော့ စားစရာလည်း လိုတယ်၊ သူတို့ပြန်လာရင် ဆာလာကြမှာ"

"ကျွန်တော် အသင့်ရှိနေပါတယ်"

"တို့ဟာ မောလည်းမောနေပြီ၊ အေးလည်း အေးနေတယ်၊ ဆာလည်း ဆာတယ်။ ဒီတော့ နေဖို့နေရာရယ်၊ စားစရာရယ် ရှာပြီး မီးမြန်မြန်မွှေးဖို့လိုတယ်။ တောထဲမှာတော့ ထင်းရနိုင်လိမ့်မယ်။ ကျောက်တွင်းတွေထဲမှာ ငှက်ဥတွေရှိတယ်။ နေစရာရှာဖို့ပဲ လိုတော့တယ်"

"ကျောက်ကြားတွေထဲမှာ ကျွန်တော်တို့ နေနိုင်မယ့် ဂူတစ်ခုတော့ တွေ့မှာပါပဲ"

သူတို့သည် ကမ်းစပ်တစ်လျှောက်ရှိ ကျောက်ကမ်းပါးကြီး အတိုင်းတောင်ဘက်သို့ လျှောက်သွားကြ၏။ ကျောက်ထရံကြီး၏ တစ်နေရာတွင် ယခင်က စမ်းချောင်းကလေးတစ်ခု ရှိခဲ့သည်ဟု ထင်ရသော ကျောက်ကြားကြီး တစ်ခုကို ပင်ကရော့က ညွှန်ပြလိုက်၏။ ကျောက်ထရံရှိ ကျောက်ခွက်ကလေးများ အတွင်းတွင် ငှက်များ အသိုက် လုပ်နေကြသည်ကို တွေ့ရ၏။ သို့သော် သူတို့တွင် ငှက်ပစ်ရန် သေနတ်မရှိသဖြင့် ငှက်များကို မရနိုင်၊ ငှက်ဥများကိုလည်း တက်၍ မယူနိုင်ကြချေ။ ပင်ကရော့သည် ဟာဗတ်ထံသို့ ပြေးလာပြီးနောက် . . .

"ကမာကောင်တွေဟော့၊ ငှက်ဥမရတာနဲ့တော့ အတော်ပဲ"

"ကမာမဟုတ်ဘူး၊ ကျောက်ဆောင်ပက်ကျိတွေပါ"

"ဒါတွေ စားလို့ကောင်းပါမလား"

"ဘယ်နှယ် [illegible]ပါလိမ့်။ အကောင်းဆုံးပေါ့"

"ဒီလိုဆိုရင် အခုပဲ စားကြည့်ရဦးမယ်"

ပင်ကရော့နှင့် ဟာဗတ်တို့သည် ကျောက်ဆောင်ပက်ကျိများကို အားပါးတရစားကြ၏။ အစာစားပြီးသောအခါ ရေငတ်လာသဖြင့် ရေရှာရန် လိုလာ၏။ သို့နှင့် ပင်ကရော့သည် သောက်ရေကို လိုက်လံရှာဖွေရာ ကျောက်ကြားကြီးအတွင်းမှ စီးဆင်းနေသည့် စမ်းရေကို များစွာ မခဲယဉ်းဘဲ တွေ့ရ၏။

ထိုအခါ ပင်ကရော့က . . .

"ဒီမှာ ရေတော့ရပြီ။ ထင်းကတော့ဟိုတောအုပ်ထဲက ရနိုင်တယ်"

"ဒါဖြင့် အိမ်ပဲ ရှာဖို့လိုတော့တယ်"

ကျောက်ကြားကြီး၏ အောက်ခြေမှာ ပေတစ်ရာခန့် ကျယ်၍ ဒီရေမတက်လျှင် ထိုနေရာမှ ရေကိုသောက်နိုင်၏။ ယင်းနေရာမှာ ကျောက်ခေါင်းတိုင်ကြီးနှင့်ပင် တူနေတော့ပြီ။ ကျောက်တုံးများနှင့် သဲများကို သုံးကာ အချို့



www.burmeseclassic.com

www.burmeseclassic.com



နေရာကို ပိတ်ဆို့လိုက်မည်ဆိုက ကျောက်ခေါင်းတိုင်ကြီးမှာ လူနေနိုင်သော အခြေအနေသို့ပင် ရောက်ရှိပေမည်။

ပင်ကရှော့က . . .

"ကပ္ပတိန် ဟားဒိန်းကို ရှာတွေ့ရင်တော့ ကျောက်ခေါင်းတိုင်ကြီးကို လူနေနိုင်အောင် သူလုပ်ပေးမှာပဲ"

"သူ့ကိုတွေ့မှာပါ၊ သူပြန်လာရင် ဒီမှာ နေနိုင်အောင် ကျွန်တော်တို့က ကြိုတင်လုပ်ထားမှ၊ မီးဖိုကိုတော့ ဘယ်ဘက်နားမှာ လုပ်ထားပြီး မီးခိုးထွက်အောင် အပေါ်မှာ အပေါက်တစ်ခုလုပ်ထားတာပေါ့"

"ထင်းရဖို့ အရေးကြီးတယ်၊ ပြီးတော့ အပေါက်တွေပိတ်ဖို့ သစ်ကိုင်းလည်း ခုတ်နဲ့ဦးမှ ဖြစ်မှာ"

ပြောပြောဆိုဆိုနှင့် ပင်ကရှော့နှင့် ဟာဗတ်တို့သည် ကျောက်ခေါင်းတိုင်ကြီးမှ ထွက်ခဲ့ပြီးနောက် ဘယ်ဘက် မြစ်ကမ်းရိုးမှ တောင်ကုန်းပေါ်သို့ တက်သွားကြ၏။ ဆယ့်ငါးမိနစ်မျှ သွားမိသောအခါ မြစ်ကြောင်းသည် တောအုပ်အတွင်း လက်ဝဲဘက်သို့ ကွေ့ဝင်သွားသည်ကို တွေ့ရ၏။

သို့နှင့် သူတို့သည် ထင်းအလို့ငှာ သစ်ကိုင်းခြောက်များကို စုဆောင်းကြ၏။ ထို့နောက် သစ်ကိုင်းကြီးများကို ဖောင်ဖွဲ့ပြီးလျှင် သစ်ကိုင်းခြောက်များကို ဖောင်ပေါ်သို့ တင်ပြီးနောက် ဒီရေအကျကို စောင့်ဆိုင်းလျက်ရှိနေကြ၏။ ဒီရေကျရန် တစ်နာရီမန့် လိုသေးသဖြင့် သူတို့နှစ်ယောက်သည် ကျွန်းကို ကြည့်နိုင်ရန် မြစ်ဝအနီးရှိ တောင်ကုန်းထိပ်ပေါ်သို့ တက်ကြ၏။

ထိုနေရာမှနေ၍ ပင်လယ်ပြင်ကြီးကို ငေးမော၍ကြည့်ရှုနေစဉ် မီးပုံးပျံကြီးနှင့် မိမိတို့လူစုလာခဲ့ကြသည်ကို ပြန်၍သတိရမိကြ၏။ ကမ်းခြေတစ်လျှောက်တွင် လူသူဟူ၍မတွေ့ရဘဲ နက်နှင့်စပီလက်တို့ကိုလည်း မတွေ့ရချေ။

"ကပ္ပတိန် ဟားဒိန်းလို လူတစ်ယောက်ဟာ လွယ်လွယ်နဲ့တော့ ရေနစ်မသေနိုင်ပါဘူး၊ တစ်နေရာကိုရောက်နေပြီ ထင်တာပဲ၊ ခင်ဗျားကော ဘယ်လိုထင်သလဲ ပင်ကရှော့"

"ဟုတ်ပါတယ်။ တစ်နည်းနည်းနဲ့တော့ လွတ်အောင်လုပ်မယ့် လူပဲ"

ပင်ကရှော့သည် ကမ်းခြေတစ်လျှောက်ကို သေချာစွာကြည့်ရှုလျက်ရှိရာ၊ မြစ်ဝ၏ လက်ဝဲဘက်တွင် ပင်လယ်တွင်းသို့ ကျောက်တန်းကြီးများ ထိုးထွက်နေသည်ကို တွေ့ရ၏။ ထို့ပြင် နှင်းခဲများ ဖုံးအုပ်နေသည့် တောင်ကိုလည်း သတိပြုမိကြ၏။ ထိုတောင်နှင့် ပင်လယ်ကမ်းခြေအကြားတွင် တောအုပ်တစ်ခုကိုလည်း တွေ့မြင်ရ၏။





"ကျွန်းပေါ်ကို တို့ရောက်နေတာလား"

"ကျွန်းဆိုရင်လည်း အတော်ကြီးတဲ့ ကျွန်းတစ်ခုပဲ"

"ကြီးကြီးငယ်ငယ် ကျွန်းဆိုတာ ကျွန်းပဲပေါ့ကွ"

ထိုနေရာမှ ကမ်းခြေသို့ ပြန်၍ ဆင်းလာခဲ့ကြရာ၊ ကျောက်ခေါင်းများအတွင်းမှ အသိုက်လုပ်နေကြသည့် ငှက်များ လန့်ဖျပ် ပျံသွားကြ၏။

"ဟာ ဒီငှက်တွေဟာ စင်ရော်မဟုတ်ပါကလား"

"ဒါဖြင့် ဘာငှက်တွေလဲ"

"ခိုတွေဗျ"

"ခိုဆိုရင် အသားလည်း စားလို့ကောင်းတယ်ဆိုတော့ ဥလည်းစားလို့ ပိုကောင်းမှာပဲ"

ပင်ကရှော့သည် ခိုဥများကို သူ၏လက်ကိုင်ပုဝါဖြင့် ထုပ်ယူခဲ့ပြီးလျှင် သူတို့ဖောင်ရှိရာသို့ ပြန်လာခဲ့ကြ၏။ ဖောင်ကိုနွယ်ကြိုးဖြင့် ချည်နှောင်ဆွဲထားပြီးနောက် ထိုးဝါးဖြင့် တွန်းထုတ်လိုက်သောအခါ ပင်ကရှော့က ကမ်းပေါ်မှနေ၍ ကြိုးကိုထိန်းရင်း လိုက်ပါလာ၏။ ဖောင်သည် ရေစီးအတိုင်း မျောပါလျက်ရှိရာ ဤသို့ဖြင့် ကျောက်ခေါင်းတိုင်ကြီးရှိရာသို့ ရောက်ရှိလာကြလေသည်။

## ကျောက်ခေါင်းတိုင်ကြီးကို ပြုပြင်ကြခြင်း

ပင်ကရှော့သည် ဖောင်ပေါ်မှ ထင်းများကို ချပြီးနောက် သူ၏ ပထမဆုံး တာဝန်မှာ ကျောက်ခေါင်းတိုင်အတွင်း၌ လူနေနိုင်ရန် လေတိုးဝင်သည့် အပေါက်များကို ပိတ်ပစ်ရန်ဖြစ်၏။ ဤသို့ ပိတ်ရာမှာ ကျောက်တုံးကလေးများကို ရွံ့ဖြင့်နယ်ပြီးလျှင် သစ်ခက်များရော၍ ပိတ်ရ၏။ မီးခိုးထွက်ရန်အတွက် လေပေါက်တစ်ခုချန်ထား၏။ ကျောက် ခေါင်းတိုင်ကြီး၏ လိုဏ်အတွင်းတွင် အခန်းသုံးခန်းခွဲ၍ ထား၏။ ကြမ်းပြင်ကို ညီညာအောင် သဲခင်း၏။

ဤကဲ့သို့ ပင်ကရှော့လုပ်ကိုင်လျက်ရှိစဉ် ဟာဗတ်က

"ကျွန်တော်တို့ မိတ်ဆွေတွေက ဒီလိုဏ်ခေါင်းကြီးထက်သာတဲ့ နေရာများတွေ့နေပြီလား မပြောတတ်ဘူး"

"သူတို့ တွေ့တွေ့ မတွေ့တွေ့ ကိုယ်လုပ်စရာရှိတာ လုပ်ရင်အကောင်းဆုံးပဲ ငါညီရဲ့၊ သူတို့ ပြန်လာချင်တဲ့အချိန် လာပါစေ၊ သူတို့အတွက် နေရာကောင်းကောင်း လုပ်ထားရင် ပြီးတာပဲ"

မီးဖိုအတွက်ထင်းများနှင့် မြက်ခြောက်များကိုလည်း အသင့်စုပုံထား



www.burmeseclassic.com

www.burmeseclassic.com



၏။ ထို့နောက် ဟာဗတ်က ပင်ကရော့အား မီးခြစ်ရှိသလားဟု မေးလိုက်ရာ ပင်ကရော့ကရှိကြောင်း ပြော၏။

"ရှိပါတယ်၊ မီးခြစ်မရှိရင် အခက်ပေါ့"

"မီးခြစ်မရှိရင်လည်း လူရိုင်းတွေလို သစ်ကိုင်းခြောက်နှစ်ခု ပွတ်ပြီး မီးမွေးတာပေါ့"

"အပြောကတော့လွယ်တယ်ဟေ့၊ အဲဒီနည်းကို ငါလုပ်ကြည့်ပြီးပြီ၊ မရဘူး။ သစ်ကိုင်းခြောက်တိုင်းပွတ်လို့ မီးမထွက်ဘူးကွ၊ လူရိုင်းတွေက ဘယ်သစ်ကိုင်းကို သုံးရမယ်ဆိုတာ သိတယ်"

ပင်ကရော့သည် သူ၏အိတ်ကို စမ်းကြည့်လိုက်ပြီးနောက်

"ဟာ ငါ့မီးခြစ် ကျကျန်ရစ်ခဲ့ပြီ"

ပင်ကရော့က လိုဏ်ခေါင်းအတွင်းမှ အပြင်သို့ပြေးထွက်သွားရာ ဟာဗတ်က နောက်က လိုက်သွား၏။ သူတို့သွားခဲ့သည့် နေရာများတွင် ရှာဖွေကြည့်၏။ သို့သော် မီးခြစ်ကိုကား မတွေ့ရတော့ပေ။

"ဟာဗတ်၊ တို့ ဘယ်လိုလုပ်ကြမလဲ"

"တစ်နည်းနည်းနဲ့တော့ ရအောင် မီးမွေးတာပေါ့ဆရာ၊ ကပ္ပတိန်ဟားဒိန်းနဲ့ စပိလက်တို့ဆီမှာ မီးခြစ်ရှိမှာပါ"

"ဟုတ်တော့ ဟုတ်တာပေါ့ကွာ၊ ဒါပေမယ့် သူတို့မလာခင် တို့မှာ မီးမရှိဘဲ ဖြစ်နေတာပေါ့၊ ပြီးတော့ ကပ္ပတိန်ဟားဒိန်းနဲ့ နက်က ဆေးလိပ်မသောက်တော့ မီးခြစ်ဘယ်ရှိမလဲ၊ စပိလက်ကလည်း သတင်းထောက်ဆိုတော့ မှတ်စုစာအုပ်ပဲရှိမယ်၊ မီးခြစ်ရှိမှာ မဟုတ်ဘူး"

သို့နှင့် သူတို့သည် မီးမရှိသဖြင့် ခိုဥများပြုတ်စားရန် လက်လျှော့လိုက်ရတော့၏။ ဟာဗတ်သည် ဂူ၏အပြင်ဘက်မှနေ၍ သူတို့အား စောင့်ဆိုင်းနေရာ 'နက်'နှင့်'စပိလက်'တို့သည် ညနေငါးနာရီခန့်တွင် ကျောက်ဂူသို့ ပြန်ရောက်လာကြ၏။ သူတို့သည် ကမ်းရိုးတန်းအတိုင်း ရှစ်မိုင်လောက်အထိ သွားကြည့်ကြောင်း၊ သောင်စပ်တွင် ခြေရာ ဟူ၍လည်း မတွေ့ကြောင်းဖြင့် သူတို့ကပ္ပတိန်ဟားဒိန်းအား ရှာဖွေခဲ့ပုံကို ပြန်၍ပြောပြလေသည်။

'နက်'က သူ၏ ဆရာကပ္ပတိန်ဟားဒိန်းမှာ မည်သည့်နည်းနှင့်မျှ သေမည်မဟုတ်ကြောင်း၊ ဝမ်းနည်းပက်လက် ပြောဆိုလျက်ရှိရာ အားလုံးကပင် မတွေ့တွေ့အောင် ထပ်မံရှာဦးမည်ဟု သူ့အား နှစ်သိမ့် လိုက်ရ၏။ အချိန်မှာ မှောင်လာပြီဖြစ်၍ အားလုံးဂူတွင်းသို့ ဝင်ခဲ့ကြ၏။ ပင်ကရော့က စပိလက်အား မီးခြစ်ရှိမရှိမေးရာ စပိလက်က အိတ်ကို စမ်းကြည့်ပြီးနောက် မရှိကြောင်း ပြောလေသည်။ ထိုအခါ ဟာဗတ်က . . .





"မစ္စတာ စပိလက်၊ ခင်ဗျားက ဆေးလိပ်သောက်တဲ့သူဆိုတော့ မီးခြစ်ရှိမှာ၊ အိတ်တွေထဲမှာ ရှာကြည့်စမ်းပါဦး၊ မီးခြစ်ဆံတစ် ချောင်းရှိရင် ရပါတယ်"

စပိလက်သည် သူ၏ကုတ်အင်္ကျီမှ အိတ်အားလုံးကို ရှာဖွေကြည့်လိုက်ရာ ကုတ်အင်္ကျီလိုင်နင်စအတွင်းတွင် ကပ်၍နေသော မီးခြစ်ဆံတစ်ချောင်းကို ဝမ်းအားလျော်စွာ စမ်းမိ၏။ သို့သော် သူ၏လက်ချောင်းမဆန့်သဖြင့် ဟာဗတ်က ကူညီ၍ မကျိုးအောင် ဂရုတစိုက်ထုတ်ပေးရ၏။ သူတို့သည် ဂူအတွင်းသို့ ဝမ်းသာအားရဝင်ခဲ့ကြပြီးလျှင် မီးမွေးရန် မီးဖိုနားတွင်ဝိုင်း၍ ထိုင်လိုက်ကြ၏။ မီးခြစ်ဆံကို ကျောက်တုံးကလေးတစ်ခုပေါ်တွင် ပထမ အသာအယာခြစ်ကြည့်၏။ သို့သော် မရချေ။

"ကျုပ် လက်တွေတုန်နေတယ် ဟာဗတ်၊ မင်း ခြစ်ကြည့်စမ်းပါကွာ"

ဟု ပင်ကရော့က ပြောလိုက်သဖြင့် ဟာဗတ်သည် မီးခြစ်ဆံကလေးကို ကျောက်ပေါ်၌ တစ်ချက်ခတ်လိုက်ရာ အပြာရောင်မီးတောက်ကလေး ထွက်ပေါ်လာပြီးနောက် မြက်ခြောက်များမှတစ်ဆင့် ထင်းများသို့ မီးကူးသွားတော့၏။ မီးခိုးများမှာ သူတို့မပိတ်ဘဲ ချန်ထားသော လေပေါက်မှ အပေါ်သို့လုံး၍ ထွက်သွားပြီးနောက် ဂူအတွင်းတွင် အနွေးဓာတ်ရလာတော့၏။ မီးသေ၍ မသွားအောင်လုပ်ရန် အရေးကြီးသဖြင့် မီးခဲများကိုပြာဖြင့် ဖုံးအုပ်ထားရ၏။

စပိလက်သည်ကပ္ပတိန်ဟားဒိန်းအကြောင်း စဉ်းစားလျက်ရှိရာ 'နက်' ကမူ ကမ်းနားတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်လျက်ရှိ၏။ ပင်ကရော့က ခိုဥများကို ပြာပုံ၌မြှုပ်ပြီးနောက် အားလုံးအား ဝေငှပေး၍ စားစေရာ သူတို့အားလုံးအတွက် အရသာရှိလှ၏။ ကပ္ပတိန် ဟားဒိန်းအား အားလုံးကပင် အမှတ်ရလျက်ရှိကြ၏။

ဂူ၏အပြင်၌ကား လေတိုက်သံနှင့် လှိုင်းတံပိုးရိုက်သံများကြောင့် ဆူညံလျက်ရှိ၏။ ဤသို့ဖြင့် မတ်လ ၂၅ ရက်နေ့ ကုန်လွန်သွားတော့၏။ သူတို့အားလုံး ဝမ်းအားလျော်စွာ ကျွန်းပေါ်သို့ရောက်ရှိလာပုံနှင့် ကပ္ပတိန်အား ရှာဖွေကြပုံ၊ ခိုဥများ မီးဖုတ်စားရပုံများကို စပိလက်က သူ၏ မှတ်စုစာအုပ်ကလေးတွင် ရေးသားထားလိုက်၏။ အားလုံးမောပန်းနေကြသဖြင့် အိပ်ရာသို့ဝင်ကာ မကြာမီ အိပ်မောကျသွားကြတော့၏။ သို့သော် နက်မှာမူ မအိပ်နိုင်သေးဘဲ သူ့ဆရာနာမည်ကို တမ်းတခေါ်ငင်ရင်း ကမ်းနား၌ လမ်းလျှောက်လျက်ပင် ရှိနေသေး၏။

ပင်ကရော့က သူတို့လူစုအား တောတောင်များအတွင်းတွင် မိမိတို့ သိလိုသည့် အချက်များကို စုံစမ်းခြင်းမပြုမီ အဟာရဖြစ်မည့် အစားများကို



www.burmeseclassic.com

www.burmeseclassic.com



စား၍ နှစ်ရက်သုံးရက်ခန့် အနားယူရန် အကြံပေး၏။

ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးအတွင်း၌ ယခု သူတို့ နေထိုင်ရသည့်နေရာမှာ လောလောဆယ်အားဖြင့် သက်သောင့်သက်သာရှိ၍ မီးကျီးခဲများကို ပြာဖုံးထားသဖြင့် မီးကိုအဆက်မပြတ် ရရှိနေ၏။ စားရေးရိက္ခာအတွက် ကမာနှင့်ခိုဥများကို ရရှိနေပြီးလျှင် သောက်သုံးရန် စမ်းချောင်းမှ ရေကိုလည်း ရရှိနေ၏။

မတ်လ ၂၆ရက်နေ့ နံနက်တွင် 'နက်'သည် ပင်လယ်တွင်းသို့ သူ့ဆရာ ကျသွားသည်ထင်သော နေရာအနီးတစ်ဝိုက်ရှိ ကမ်းစပ်သို့သွားရောက်ကြည့်ရှုလျက်ရှိ၏။ ကမ်းခြေရှိကျောက်ခွက်များ အတွင်းတွင် တင်၍ ကျန်ရစ်ခဲ့သော ပင်လယ်ရေငန်မှဖြစ်သည့် ဆားများကို တွေ့ရသဖြင့် ဟာဗတ်က ဝမ်းပန်းတသာ စုဆောင်းလာ၏။ ပင်ကရော့နှင့် ဟာဗတ် ဆရာတပည့်နှစ်ယောက်တို့သည် ကျောက်ဂူအနီးရှိ တောအတွင်း အမဲလိုက်ရန်သွားကြရာ စပိလက်က 'နက်'အပြန်ကိုစောင့်ရင်း ကျောက်ဂူအတွင်း နေရစ်ခဲ့၏။ ပင်ကရော့၏ လက်ကိုင်ပုဝါကြီးကိုလည်း လောင်စာအဖြစ် အသုံးချရန် ယူထားလိုက်၏။

နောက်တစ်နေ့ နံနက် ၉ နာရီ အချိန်ခန့်တွင် ရာသီဥတု ပြောင်းလဲလာပြီးနောက် အရှေ့တောင်အရပ်မှ လေတိုက်လာသဖြင့် ကျောက်ဂူကြီးထိပ်တွင် ပြုလုပ်ထားသည့် ခေါင်းတိုင်ကို အလိုက်သင့် ဖြစ်အောင် လှည့်ထားလိုက်ရ၏။ ပင်ကရော့သည် သစ်ကိုင်းခက်ကြီး တစ်ခုကို တင်းပုတ်ပြုလုပ်ပြီးလျှင် ကျောက်တုံးတစ်ခုဖြင့် ဘေးသားများကို ညီအောင်ညှိပေး၏။ သူတို့သည် အရှေ့ဘက်မြစ်ကမ်းနဖူးရှိ မြက်တောများကိုဖြတ်၍ သွားကြရာ မျက်စိမလည်စေရန် မြစ်ကမ်းပါးအတိုင်း လိုက်၍သွား၏။ တောအုပ်၏ အခြေအနေကို ကြည့်ခြင်းအားဖြင့် ယခင်က လူသူအရောက်အပေါက် မရှိသေးကြောင်း ခန့်မှန်းနိုင်၏။ တောကောင်ခြေရာများကိုလည်း တွေ့ရ၏။ ရှေ့သို့ ဆက်လက် သွားရာ သစ်ပင်များ တဖြည်းဖြည်းကျဲလာသည်ကို တွေ့ရ၏။

မကြာမီ ခပ်နိမ့်နိမ့်သစ်ပင်တစ်ပင်ပေါ်သို့ ငှက်အုပ်တစ်အုပ် လာ၍နားရာ ငှက်များမှ ကျွတ်ကျကျန်ရစ်ခဲ့သည့် ငှက်တောင်များကို ဟာဗတ်က ကောက်၍ယူခဲ့သေး၏။ ဟာဗတ်နှင့် ပင်ကရော့တို့သည် သစ်ပင်အနီးသို့ ချဉ်းကပ်သွားရာ ငှက်များသည်မပျံဘဲ အနားကပ်ခံသည်ကို တွေ့ရသဖြင့် တင်းပုတ်ဖြင့် ပစ်ပေါက်ရိုက်နှက်ချလိုက်၏။ ဤသို့ဖြင့် ငှက်အတော်များများ ရရှိလိုက်၏။ ထို့နောက် ယင်းတို့အား ကြိုးဖြင့်သီ၍ ပခုံးတွင်ချိတ်ကာ ခရီးဆက်ကြပြန်၏။ ထိုနေရာ၌ မြစ် ကြောင်းမှာ တဖြည်းဖြည်း ကျဉ်းမြောင်းလာပြီးလျှင် ချောင်းသာသာ မျှသာရှိတော့၏။ သို့နှင့် ချောင်းရိုးအတိုင်း တောဘက်သို့





ဆိုက်သွားကြရာ ချောင်းငယ်မှာ နှင်းဖုံးနေသည့် တောင်တစ်တောင်မှ စီးဆင်းလာကြောင်းတွေ့ရ၏။ ပင်ကရော့သည် နွယ်များကို ကြိုးကွင်းပြုလုပ်၍ ငှက်များကို ဆက်လက်ဖမ်းရာ ကြက်အရွယ်ရှိ ငှက်ကြီးသုံးကောင်ကိုပင် ရလိုက်သေး၏။ စားရေ ရိက္ခာအတွက် ထိုနေ့အဖို့ အတော်ဖူလုံပြီဖြစ်၍ ရှေ့သို့ ခရီးဆက်တော့ဘဲ ချောင်းရိုးအတိုင်း ပြန်လာကြရာ ခြောက်နာရီခန့်တွင် ကျောက်ဂူသို့ ပြန်၍ ရောက်ကြလေသည်။

## 'နက်' ပြန်မရောက်သေး

ထိုအချိန်၌ နက် ပြန်မရောက်သေးချေ။ စပိလက်သည် ပင်လယ်ပြင်၏ အရှေ့ဘူးဘူးသို့ စူးစိုက်ကြည့်ရှုလျက် ရှိ၏။ ညို့မည်းသော မိုးသားများလည်း အလိပ်လိုက်တက်လာကြပြီးနောက် လေသည်လည်း ပိုမိုပြင်းထန်လာရာ ညနေပိုင်းလောက်တွင် လေမုန်တိုင်း ကျရောက်မည့် လက္ခဏာကို ဖော်ပြလျက်ရှိနေ၏။

ပင်ကရော့က စပိလက်အား . . .

"ဒီညတော့ လေရောမိုးရော ကျတော့မှာပဲဗျို့"

"ဟုတ်တာပေါ့ဗျာ၊ သေချာပါတယ်၊ သြော် ဒါနဲ့ကျုပ်တို့မီးပုံးပျံကြီး ကျတုန်းက ကမ်းနဲ့ဘယ်လောက်ဝေးမယ် ထင်သလဲ"

"ပေ ၁၂၀၀ လောက်လို့ ထင်တာပဲ"

"ဒီလိုဆိုရင် ကပ္ပတိန်ဟားဒင်းဟာ ကမ်းခြေက ပေ၁၂၀၀ လောက်ဝေးတဲ့နေရာမှာ ရေထဲမြုပ်သွားဝဘနဲ့ တူပါတယ်။ သူ့ ခွေးလည်း ပါသွားပုံရတယ်"

"သေသွားရင်လဲ သူ့အလောင်းကို ကမ်းစပ်တစ်နေရာရာမှာ တွေ့ရမှာပေါ့၊ အဲဒီလိုမတွေ့ရလို့ ကျုပ် အံ့ဩနေတယ်"

သူတို့နေသော ကျောက်လိုဏ်ခေါင်းအတွင်းမှာ မီးဖိုမှမီးရောင်ကြောင့် ထိန်လင်းလျက်ရှိ၏။ ညဉ့် ၇ နာရီအထိ 'နက်' ပြန်မရောက်သေးသဖြင့် သူတို့အားလုံးပင် ၎င်းအတွက် စိတ်ပူလျက်ရှိနေကြ၏။ ဟာဗတ်ကမူ 'နက်'အား ညတွင်းချင်းပင် လိုက်၍ ရှာလို၏။ သို့သော် နောက်တစ်နေ့တွင်မှ 'နက်' ပြန်မရောက်လျှင်လိုက်၍ ရှာဖွေရန်အားလုံးက ဆုံးဖြတ်ကြလေသည်။

သူတို့ထင်သည့်အတိုင်း မုန်တိုင်းကျရောက်လာပြီးလျှင် မိုးလည်းသည်းထန်စွာရွာလျက်ရှိ၏။ လှိုင်းပုတ်သံများလည်း ဆူညံနေ၏။ သူတို့လူစုမှာ တောလိုက်ရာမှရရှိခဲ့သည့် ငှက်သားများကို ညစာအဖြစ် မြိန်ယှက်စွာ



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ကြပြီးနောက် မီးဖိုအနီးတွင်ဝိုင်း၍ အိပ်ကြရာ စပိလက်တစ်ယောက်မှာမူ 'နက်'အတွက် စိတ်မချသဖြင့် အိပ်မပျော်ဘဲ ရှိနေ၏။ မိုးလင်းရန် နှစ်နာရီခန့်အလိုတွင် သဘော်သားပင်ကရော့သည် ရုတ်တရက် လန့်နိုးလာရာ အိပ်ရာမှနိုးနေသော စပိလက်ကို တွေ့လိုက်ရ၏။ စပိလက်က . . .

"ပင်ကရော့ နားထောင်စမ်း"

"လေတိုးတဲ့အသံပါ"

"မဟုတ်ဘူးလေ"

"ဒါဖြင့် ဘာသံလဲ"

"ခွေးဟောင်သံ"

ပင်ကရော့သည် အိပ်ရာမှခုန်ထလိုက်ပြီးနောက်

"ခွေးဟောင်သံ ဟုတ်လား "

"ဟုတ်တယ်"

"မဖြစ်နိုင်ဘူး"

"ဟာ ဟုတ်တယ်၊ ဟုတ်တယ်၊ 'တော့' အသံပဲ"

ဟာဗတ်က ဝင်ပြောလိုက်ပြီးနောက် သုံးယောက်သားဂူကြီး အပြင်သို့ အပြေးအလွှားထွက်ကြည့်ကြရာ မှောင်နှင့်မည်းမည်းဖြစ်နေသဖြင့် ဘာကိုမျှ မမြင်ကြရချေ။ သုံးဦးစလုံးမှာ မျက်လုံးများထဲသို့ မိုးရေနှင့်သဲများဝင်သဖြင့် မျက်စိများကို ဖွင့်မရနိုင်အောင်ရှိကြစဉ် အဝေးမှခွေးဟောင်သံကို ထပ်မံကြားလိုက်ရပြန်၏။ ပင်ကရော့သည် ဂူအတွင်းသို့ ကဗျာကရာဝင်သွားပြီးနောက် မီးတောက်နေသော ထင်းစတစ်ချောင်းကို ယူခဲ့ပြီးလျှင် ဂူ၏အပြင်ဘက်သို့ အတော်ဝေး ဝေးရောက်သွားအောင် လွှင့်ပစ်လိုက်၏။ သို့ပြုလုပ်ခြင်းမှာ မီးဖြင့် အချက်ပေးသကဲ့သို့ဖြစ်ခြင်းကြောင့် ခွေးဟောင်သံမှာ ပိုမိုနီးကပ်လာပြီးနောက် ဂူကြီးအတွင်းသို့ ခွေးတစ်ကောင် ပြေးဝင်လာလေသည်။ မီးဖိုမှ မီးရောင်ကြောင့် ဂူကြီးအတွင်းမှာ အတန်ငယ်ထိန်လင်းလျက်ရှိရာ ခွေးကိုကောင်းစွာ မြင်ကြရသဖြင့် . . . "တော့ . . . တော့"

ဟု ဟာဗတ်က ဝမ်းပန်းတသာ အော်လိုက်လေသည်။ 'တော့' ရောက်လာသော်လည်း သူ့သခင် ကပ္ပတိန်ဟားဒိန်းနှင့် နက်တို့ ပါမလာသောကြောင့် ပင်ကရော့က . . .

"ခွေး တွေ့ရင် သူ့သခင်တွေ့ရမှာပေါ့ဗျာ"

"ကျုပ်တို့ လိုက်ရှာကြရအောင်၊ တော့က လမ်းပြမှာပေါ့ဗျာ"

သို့နှင့် အသံပေး၍ ပြေးထွက်သွားသော 'တော့' နောက်သို့ သုံးဦးသားတို့သည် အပြေးအလွှား လိုက်ကြလေသည်။ မိုးတဖွဲဖွဲကျနေသော်လည်း





လေမှာပြင်းထန်စွာ တိုက်ခတ်လျက်ရှိနေ၏။ မိုးသားများကြောင့် လရောင်ကို မှုန်မွှားမွှားသာမြင်ရသော်လည်း သူတို့သည်လေကိုစုန်ကာ ပင်လယ်ကမ်းခြေအတိုင်း ပြေးသွားလျက်ရှိကြ၏။ 'နက်'သည် သူ၏ဆရာကပ္ပတိန်ဟားဒိန်းကို တွေ့သောကြောင့် ခွေးကို လွှတ်လိုက်ခြင်းဖြစ်ကြောင်း သိကြ၏။ ဆယ်ငါးမိနစ်ခန့် လျှောက်သွားကြပြီးနောက် ခေတ္တနားနေစဉ် ဟာဗတ်က ကပ္ပတိန်ဟားဒိန်း၏အမည်ကို ကျယ်လောင်စွာ အော်၍ခေါ်လိုက်ရာ 'တော့'သည် နားလည်သကဲ့သို့ တစ်ချက်နှစ်ချက် ပြန်ဟောင်ပြ၏။ ဤသို့ဖြင့် ငါးမိုင်ခန့်မျှပင် ခရီးပေါက်ခဲ့ကြ၏။ 'တော့'၏ နောက်သို့ သုံးယောက်သားဆက်၍ လိုက်ကြရာ နံနက်ငါးနာရီပင်ရှိပြီဖြစ်၍ မိုးလင်း၍လာလေပြီ။ ညီညာသော သဲသောင်ပြင်အတိုင်း လိုက်၍သွားကြရာ၊ တစ်နေရာအရောက်တွင် 'တော့'၏အမူအရာမှာ ထူးခြားလာပြီးလျှင် ရှေ့သို့ကြို၍ပြေးသွား၏။ တစ်ခါတစ်ခါလည်း လိုက်လံရှာသူများအား ကြိုဘိသကဲ့သို့ နောက်သို့ ပြန်ပြေးလာသည်ကို တွေ့ရ၏။ ထိုနေရာတွင် ကျောက်ဆောင်များနှင့် တောင်ကုန်းကလေးများ ကျိုးတို့ကျဲတဲရှိနေသဖြင့် တောင်ကမူတစ်ခု၏ လိုဏ်ဂူအနီးသို့ ရောက်သောအခါ တော့သည် ရှေ့ဆက်၍ မပြေးတော့ဘဲ ထိုနေရာ၌သာ ရပ်နေတော့၏။

သို့နှင့် သူတို့သုံးယောက်သည် ဂူအတွင်းသို့ ပြေးဝင်သွားရာ မြက်ခင်းပေါ်တွင် ပက်လက်လဲကျနေသည့် လူတစ်ယောက်၏နံဘေးတွင် ဒူးတုပ်၍ထိုင်နေသော 'နက်' ကို တွေ့ကြရ၏။

မြက်ခင်းပေါ်၌ လဲကျနေသူကား အခြားမဟုတ်၊ ကပ္ပတိန် ဟားဒိန်းပင် ဖြစ်လေသည်။

## ဆိုင်းရပ်(စ)ဟားဒိန်း၊ မသေသေး

ကပ္ပတိန်ဟားဒိန်း၏ဘေးတွင် မလှုပ်မယှက် ထိုင်နေသော နက်အား ပင်ကရော့က . . .

"အသက်မှ ရှိသေးရဲ့လား'

ဟု မေးလိုက်၏။ နက်သည် တစ်စုံတစ်ရာ အဖြေမပေးဘဲ ငြိမ်သက်လျက်သာ ရှိနေ၏။ စပိလက်နှင့် ပင်ကရော့တို့၏မျက်နှာတွင် သွေးမရှိတော့သကဲ့သို့ ဖြူရော်သွား၏။ ဟာဗတ်သည်လည်း မလှုပ်မယှက် တွေဝေလျက်ရှိနေ၏။ စပိလက်သည် မလှုပ်မယှက်ငြိမ်သက်နေသော ကပ္ပတိန်ဟားဒိန်း၏ ရင်ဘတ်ပေါ်တွင် နားဖြင့်ကပ်၍ နှလုံးခုန်သံကို နားထောင်လျက်ရှိ၏။

ဤသို့ အတန်ကြာ နားထောင်နေပြီးနောက် မတ်တတ်ရပ်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အသက်ရှိပါသေးတယ်"

ဟု ပြောလိုက်လေသည်။ ပင်ကရော့ကလည်း စပိလက်ကဲ့သို့ နား ထောင်လေရာ နှလုံးသွေးခုန်နေသံကို ကြားလိုက်ရ၏။ ထို့နောက် စပိလက် သည် ဟာဘတ်အား ရေအမြန်ယူခဲ့ရန် ခိုင်းလိုက်ရာ၊ ဟာဗတ်သည် အနီးရှိ ချောင်းကလေးသို့ အပြေးအလွှား သွားရောက်ပြီးနောက် ရေထည့်ရန် ခရားခွံများ အခန့်သင့် မတွေ့ရသဖြင့် သူ၏လက်ကိုင်ပဝါတွင် ရေဆွတ်၍ ယူလာ၏။

စပိလက်သည် ကပ္ပတိန်ဟားဒိန်း၏ နှုတ်ခမ်းများကို ရေစိုသော အဝတ်ဖြင့် ဆွတ်ပေး၏။ အေးမြသောရေ၏သတ္တိကြောင့် ကပ္ပတိန် ဟားဒိန်း သည် အတန်ငယ်လှုပ်ရှားလာပြီးနောက် စကားပြောရန်ပင် အားယူလျက်ရှိနေ ၏။ လှိုင်းပုတ်၍ ဤနေရာသို့ရောက်လာသည်ဟု ဆိုရအောင်လည်း ဟားဒိန်း ၏ကိုယ်တွင် ဒဏ်ရာဒဏ်ချက်များလည်း မတွေ့သဖြင့် ကပ္ပတိန်ဟားဒိန်းသည် ဝင်္ကလယ်ကမ်းစပ်မှ ဤလိုဏ်ဂူအတွင်းသို့ မည်ကဲ့သို့ရောက်လာသည်ကို မတွေး နိုင်အောင်ရှိကြတော့၏။ သူ၏ကိုယ်ကို ခြောက်သွေ့သော အဝတ်များဖြင့် ပွတ်တိုက်ပေးကြသဖြင့် အသက်မှန်မှန်ရှူလာပြီးနောက် သူ၏လက်သည် အတန်ငယ် လှုပ်ရှားလာတော့၏။ ကပ္ပတိန်ဟားဒိန်းသည် အားကုန်၍ မေ့မြော နေခြင်းဖြစ်ရာ စပိလက်နှင့်သူ၏ အဖော်များသာ အချိန်မီ ရောက်၍မလာပါက သေဖွယ်ရာသာ ရှိတော့၏။

သို့ရှိစဉ် နက် က . . .

"ကျုပ်က ဆရာတော့ သေပြီထင်နေတာ 'တော့' က ခင်ဗျားတို့ကို မတွေ့လို့ ခင်ဗျားတို့များ မလာရင် ဆရာ့အလောင်းကိုမြေကြီးထဲ မြှုပ်လိုက် တော့မလို့"

ဟု ယမန်နေ့ကအကြောင်းများကို ဝမ်းသာအားရ ပြန်ပြောလေ သည်။ သူသည် ဒီရေမရောက်သော ကမ်းစပ်တွင် သူ၏ဆရာအလောင်းကို လိုက်လံရှာဖွေနေခဲ့ကြောင်း၊ ရှေ့သို့နှစ်မိုင်ခန့် လျှောက်မိသောအခါ ကမ်းစပ်တွင် လူ့ခြေရာများကိုတွေ့ရကြောင်း စသည်ဖြင့် ပြောပြရာ . . .

"လူ့ခြေရာ ဟုတ်လား"

ဟု ပင်ကရော့က အလန့်တကြား မေးလိုက်၏။

"ဟုတ်တယ် လူ့ခြေရာ"

"ဒီခြေရာတွေဟာ ကမ်းစပ်က တက်လာတဲ့လူ့ရဲ့ခြေရာတွေလား"

ထိုအခါ နက်က ယင်းခြေရာများမှာ ဒီရေအမြင့်ဆုံးတက်တဲ့ နေရာ ကစ၍ တွေ့ရကြောင်း၊ အောက်ပိုင်းမှာ ရေတိုက်စားသွားသဖြင့် မတွေ့ရတော့ ကြောင်း။ ယင်းခြေရာများနောက်သို့ ငါးမိနစ်ခန့် ဆက်လက် လိုက်သောအခါ





ခွေးဟောင်သံကြားရပြီးနောက် မကြာမီ 'တော့' ရောက်လာကြောင်း၊ ထို့နောက် သူလမ်းပြခေါ်ဆောင်သည့် ဘက်သို့ လိုက်သွားရာ နောက်ဆုံး ကပ္ပတိန် ဟား ဒိန်းကို တွေ့ရကြောင်း၊ သို့နှင့် စပိလက်ထံ 'တော့'ကို လွှတ်လိုက်ကြောင်းများ ဖြင့် ရှင်းလင်းပြောပြလေသည်။

"ခင်ဗျား ဆရာ့ကို ဒီဂူထဲရောက်အောင် ခေါ်လာတာခင်ဗျား မဟုတ် ဘူးပေါ့"

"ကျွန်တော် မဟုတ်ပါဘူး"

"ဒါဖြင့် ကပ္ပတိန်ဟားဒိန်းဟာ သူ့ဘာသာ ဂူထဲရောက်လာတယ် ဆိုတာ ရှင်းနေတာပေါ့"

ဟု ပင်ကရော့က ကြားဖြတ် ပြောလိုက်၏။

"ရှင်းတော့ ရှင်းပါတယ်၊ ဒါပေမယ့် ယုံနိုင်စရာ အကြောင်းမရှိ တော့ဘူး"

ဟု စပိလက်က ပြောလိုက်၏။ ထို့နောက် သူတို့သည် ကပ္ပတိန် ဟားဒိန်းအား ကျောက်ခေါင်းတိုင်ဂူကြီးရှိရာသို့ သယ်ဆောင်သွားရန် ဆုံးဖြတ် ကြပြီးနောက် သတိပြန်၍ မရသေးသော ဟားဒိန်း၏ပါးစပ်ထဲသို့ အသား အခြောက်နှင့်ရောထားသော ရေအနည်းငယ်ကို တစ်ဝက်စီချပေးရာ ကပ္ပတိန် ဟားဒိန်းမှာ အင်အားပြန်ဝင်လာသကဲ့သို့ လှုပ်ရှားလာပြီးလျှင် မျက်လုံးများကို ဖွင့်၍ကြည့်လေသည်။

ထိုအခါ 'နက်' က . . .

"ဆရာ သတိရပြီလား ဆရာ"

ဟု အားရဝမ်းသာ မေးလိုက်လေသည်။ ကပ္ပတိန်ဟားဒိန်းသည် သူ၏လက်ဝါးကို ကိုင်ထားသူများအား သူ သတိရလာပြီဖြစ်ကြောင်း အထိမ်း အမှတ်ပြသကဲ့သို့ အတန်ငယ် ဖျစ်ညှစ်လိုက်၏။

"ဒီနေရာဟာ ကျွန်းလား၊ တိုက်လား"

ဟု ကပ္ပတိန်ဟားဒိန်းက လေသံဖြင့် မေးလိုက်၏။

"ပူမနေပါနဲ့၊ ကပ္ပတိန် ကျန်းမာလာတဲ့အခါ လျှောက်ကြည့်ကြတာ ပေါ့" ဟု ပင်ကရော့က အဖြေပေးလိုက်၏။ ကပ္ပတိန်ဟားဒိန်းသည် နား လည်သည့်ဟန်ဖြင့် ခေါင်းကို အသာအယာညိတ်လိုက်ပြီးနောက် အိပ်ပျော် သွားပြန်လေ၏။

နက်၊ ဟာဗတ်နှင့် ပင်ကရော့တို့သည် ဂူနှင့်မနီးမဝေးတွင်ရှိသော တောစပ်သို့သွားကာ ထင်းရှူးပင်၏အကိုင်းအချို့ကို ယူပြီးလျှင် ထမ်းစင်တစ်ခု ပြုလုပ်၍ ဂူသို့ပြန်လာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ဟားဒိန်းသည် အိပ်ရာမှနိုးလာပြီးနောက် သူတို့ ဘယ်နေရာတွင် နေကြကြောင်းမေးရာ အင်အားပို၍ရှိစေရန် အသားကင် အနည်းငယ်ကို စားစေပြီးနောက် မိမိတို့လူစုမှာ ကျွန်းကြီး၏တစ်နေရာ ကျောက်ဂူကြီး တစ်ခုအတွင်း၌ နေထိုင်ကြကြောင်း၊ ထိုနေရာတွင် အိပ်ရန်နေရာ၊ မီးဖိုနှင့် စားစရာငှက်ဥများ၊ အသား၊ အသားခြောက်များ ပြုလုပ်ထားကြောင်း၊ မီးပုံးပျံပေါ်မှ မိမိတို့ကျလာပြီးနောက် မိမိတို့ဆရာ ကပ္ပတိန်အား ရှာဖွေကြကြောင်း စပီလက်က အလုံးစုံပြောပြလေသည်။ ထိုအခါ ကပ္ပတိန်ဟားဒိန်းက . . .

"နောက် ၂ နာရီလောက်နားပြီးရင်တော့ ခင်ဗျားတို့ ရောက်နေတယ်ပြောတဲ့ ကျောက်ခေါင်းတိုင်ကြီးဆီကို သွားကြတာပေါ့ဗျာ၊ ဒါနဲ့ ကျုပ်ကို ကမ်းစပ်က ဒီနေရာရောက်အောင် ခင်ဗျားတို့ သယ်လာကြသလား"

ဟု မေးလိုက်၏။

"မဟုတ်ပါဘူး၊ ကျွန်တော်တို့ သယ်မလာပါဘူး"

"ပင်လယ်ကမ်းခြေနဲ့ ဒီဂူက ဘယ်လောက်ဝေးသလဲ"

"တစ်မိုင်လောက်ဝေးတယ်၊ ကပ္ပတိန်ကို ဒီဂူထဲမှာ တွေ့တော့ ကျုပ်တို့အားလုံး အံ့ဩနေကြတာ"

"ဒါနဲ့ ခင်ဗျားတို့ တွေ့ရတယ်ဆိုတဲ့ ခြေရာတွေကော အခုရှိသေးလား"

"ဂူဝမှာတော့ ခြေရာတစ်ခုနှစ်ခု ရှိသေးတယ်"

"ပင်ကရော့ ဒီလိုဆိုရင် ကျုပ်ဖိနပ်တစ်ဖက်ယူပြီး ခြေရာနဲ့ သွားတိုင်းကြည့်စမ်းဗျာ"

ပင်ကရော့သည် ကပ္ပတိန်ဟားဒိန်း၏ ဖိနပ်တစ်ဘက်ကိုယူ၍ ခြေရာနှင့်အပ်ကြည့်ရာ တစ်တိုင်းတည်းဖြစ်ကြောင်း တွေ့ရသဖြင့် အကျိုးအကြောင်းပြန်ပြောရာ . . . "ဒါဖြင့် ကျုပ်ဟာ သတိ မရတစ်ချက် ရတစ်ချက်နဲ့ ဒီဂူရှိရာကို လျှောက်လာတာနဲ့ တူပါတယ်"

နေ့လည် ဆယ့်နှစ်နာရီ အချိန်ခန့်သို့ ရောက်သောအခါ ကပ္ပတိန်ဟားဒိန်းသည် မိမိကိုယ်ကို မိမိအားယူ၍ ထလိုက်ပြီးနောက် ပင်ကရော့၏ ပခုံးကို အားပြုထားလိုက်၏။ ထို့နောက် သူတို့လူစုသည် ကပ္ပတိန်ဟားဒိန်းအား ထမ်းစင်ဖြင့် သယ်ဆောင်သွားကြရာ လမ်းမကောင်းသဖြင့် မကြာခဏ အနားယူကြရ၏။ နှစ်နာရီခန့် သွားမိသောအခါ ကပ္ပတိန်ဟားဒိန်းမှာ ထမ်းစင်ပေါ်တွင် အိပ်ပျော်သွားပြန်၏။

ငါးနာရီခွဲလောက်တွင် သူတို့သည် ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးရှိရာသို့ ချောမောစွာ ရောက်ရှိလာကြ၏။





၎င်းတို့ မရှိခိုက်သည့်အခိုက်တွင် မုန်တိုင်းကျရောက်သဖြင့် ဂူဝမှာ ထောင်ပေါ်မှကျလာသည့် ကျောက်တုံးများဖြင့် အတန်ငယ် ပိတ်ဆို့နေသည်ကို တွေ့ရ၏။ ဒီရေတက်လာသဖြင့်လည်း ဂူအတွင်းရှိမီးဖိုမှာ ရွံ့များဖြင့် ဖုံးအုပ်လျက်ရှိနေ၏။ မီးခဲများလည်း အစအနပင် မရှိတော့ချေ။ ထင်းများမှာလည်း ဒီရေဖြင့်မျောပါသွားသဖြင့် မီးမမွေးနိုင်ကြတော့ချေ။ အိပ်စက်နေထိုင်ရန်ပင် ၎င်းထဲ၌ နေရာမရှိသကဲ့သို့ ဖြစ်နေတော့၏။

## ဆိုင်းရပ်(စ)ဟားဒိန်း ပြန်ရောက်ပြီ

ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးအတွင်းတွင် ယခုလောလောဆယ်အားဖြင့် လူများနေထိုင်ရန် နေရာမရှိရုံမက မီးမွေးရန် မီးခြစ်လည်း မရှိ၊ မီးခဲများလည်း မရှိချေ။ ပင်ကရော့မှာ စိတ်ပျက်လျက်ရှိ၏။

"ကပ္ပတိန်ဟားဒိန်း ရောက်နေမှပဲဗျာ၊ တစ်နည်းနည်းနဲ့တော့ မီးမွေးလို့ရအောင် သူ ကြံဖန်ပြီးလုပ်ပေးမှာပါ"

"ဘာနဲ့ မီးမွေးမလဲ"

"ဘာနဲ့ပဲ ဖြစ်ဖြစ်ပေါ့ဗျာ"

ကပ္ပတိန်ဟားဒိန်းမှာ ထမ်းစင်ပေါ်မှ မချရသေးမီ သတိမေ့၍ သွားပြန်သဖြင့် ၎င်းအား ကျောက်ဂူ၏အလယ်ခန်းမသို့ သယ်ယူသွားပြီးနောက် ပင်လယ်မှော်ပင်များအပေါ်တွင် အသာအယာချထားရ၏။ ညစာအဖို့ ဟာဗတ်နှင့်နက်တို့သည် ကမ်းခြေတွင် ကျောက်ဆောင်ပက်ကျိများကို သွားရောက်ယူကြ၏။

ထိုည နေဝင်သောအခါ အနောက်မြောက်ဘက်မှ လေအေးကလေး တိုက်ခတ်လာသဖြင့် အလွန်အေးလာ၏။ ပင်ကရော့သည် မီးမွေးရန် အမျိုးမျိုး ကြိုးစားကြည့်၏။ သစ်ကိုင်းခြောက်နှစ်ခုကို ပွတ်၍ မီးတောက်နိုင်သောနည်းကို အသုံးပြုသော်လည်း မရချေ။ သို့နှင့် ထိုညအဖို့ မီးမွေးရန် လက်လျှော့လိုက်ကြရတော့၏။ စပီလက်သည် ဂူတွင်းရှိ သဲပြင်ပေါ်တွင် ပထမအိပ်ချလိုက်ရာ ဟာဗတ်၊ နက်နှင့် ပင်ကရော့တို့ကလည်း ၎င်းနည်းတူလိုက်၍ အိပ်ကြတော့၏။

မတ်လ ၂၈ ရက်နေ့ နံနက် ၈ နာရီ အချိန်လောက်တွင် ကပ္ပတိန်ဟားဒိန်းသည် အိပ်ရာမှနိုးလာရာ မိတ်ဆွေများက သူ့အား စောင့်ကြည့်နေသည်ကို တွေ့၍ . . .

"ကျုပ်တို့ ကျွန်းပေါ် ရောက်နေတာလား၊ တိုက်ကြီးတစ်ခုခုပေါ်ကို ရောက်နေတာလား" ဟု မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အခုချိန်ထိတော့ ဘာမှကွဲကွဲပြားပြား မသိရသေးပါဘူး၊ ဒါပေမယ့် ကပ္ပတိန် ကျွန်းမာလာလို့ အတွင်းပိုင်းသွား ကြည့်ရင်တော့ သိရမှာပါ"

"ကြိုးစားကြည့်သေးတာပေါ့ဗျာ၊ ဒါနဲ့စားစရာ တစ်ခုခုပေးစမ်းပါ၊ ကျုပ်တော့ အားကိုမရှိဘူး၊ ခင်ဗျားတို့ မီးကော မွှေးမထားဘူးလား"

ထိုအခါ ပင်ကရော့က . . .

"ကျွန်တော်တို့ မီးဖိုမှာ မီးမရှိတော့ဘူး၊ မီးထပ်မွှေးဖို့ မီးခြစ်လည်း မရှိဘူး၊ မီးခတ်ကျောက်လည်း မရှိဘူးဗျ"

ဟု အဖြေပေးလိုက်၏။

"မီးခြစ်မရှိရင် မီးခြစ်လုပ်ကြတာပေါ့ဗျာ"

ဟု ပြောပြီးနောက် ဂူကြီး၏အပြင်သို့ ထွက်ခဲ့ကြ၏။ ရာသီဥတုမှာ ထိုအချိန်၌ အတန်ငယ် သာယာလာ၍ ဟာဗတ်က ကမာအချို့ကို ကပ္ပတိန်ဟားဒိန်းအား ပေးရင်း . . .

"စားစရာဆိုလို့ ဒါပဲရှိတယ် ကပ္ပတိန်"

"အင်း ဒါဟာ ဒီနေ့ မနက်စာပေါ့၊ ကျုပ်တို့ဟာ ကျွန်းကြီးတစ်ခုပေါ်မှာလား၊ တိုက်ကြီးတစ်ခုပေါ်မှာလားဆိုတာ ခင်ဗျားတို့ မသိကြသေးဘူးပေါ့နော်"

"ဟုတ်ပါတယ် မသိပါဘူး"

"ခင်ဗျားတို့ ကျုပ်ကို ထမ်းစင်နဲ့ခေါ်လာကုန်းက အနောက်ဘက်မှာ တောင်ကြီးတစ်တောင်ကို တွေ့ရတယ်၊ အဲဒီတောင်ထိပ်ပေါ်ကို မနက်ဖြန် တက်ကြည့်ကြမယ်၊ အဲဒီတော့မှ ကျွန်းလား တိုက်လားဆိုတာ သိကြမှာပေါ့၊ ကျုပ်တို့ဟာ တိုက်ကြီးတစ်ခုခုပေါ် ရောက်နေရင်တော့ တဖြည်းဖြည်းနဲ့သွားကြရင် လူနေတဲ့နေရာကို ရောက်မှာပဲ၊ ကျွန်းပေါ်မှာရောက်နေပြီး ဒီကျွန်းပေါ်မှာ လူမရှိရင်တော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဒီကျွန်းက ထွက်နိုင်အောင် ကြိုးစားကြရမှာပေါ့"

"ကပ္ပတိန် ကျွန်တော်တို့ ဘယ်နေရာလောက် ရောက်နေသလဲလို့ ခန့်မှန်းနိုင်သလား"

"သေသေချာချာ အခု ဘယ်ပြောနိုင်ဦးမှာလဲ၊ ဒါပေမယ့် ပစိဖိတ် သမုဒ္ဒရာထဲမှာ ရောက်နေတာတော့ သေချာတယ်၊ အမေရိကန်ပြည်နဲ့ မိုင်ခြောက်ထောင် ခုနစ်ထောင်လောက် ဝေးတဲ့နေရာလို့ ခန့်မှန်းရတာပဲ၊ တကယ်လို့ လူမရှိတဲ့ ကျွန်းတစ်ကျွန်းပေါ် ရောက်နေရင်တော့ ရေ့ကို အဲကောင်းဆုံး နေထိုင်သွားနိုင်အောင် လုပ်ကြရတာပေါ့"





ဟာဗတ်၊ နက်နှင့် ပင်ကရော့တို့သည် ကပ္ပတိန်ဟားဒိန်းနှင့် စပိလက်တို့အား ဂူကြီးအတွင်း၌ထားခဲ့၍ အမဲလိုက်ထွက်ကြ၏။ အပြန်တွင် တောထဲမှ သင်းများကိုလည်း ရှာဖွေယူခဲ့ရန် ဖြစ်၏။

ဤတစ်ကြိမ်တွင် မြစ်ကမ်းတစ်လျှောက်မှ မသွားကြတော့ဘဲ၊ တောတွင်းသို့ တစ်ခါထဲဝင်၍ သွားကြ၏။ ထင်းရှူးပင်ကြီးများနှင့် သစ်ကိုင်းခြောက်များကို တွေ့ရသဖြင့် ထင်းအတွက် မစိုးရိမ်ရတော့ချေ။ တစ်နာရီခန့် သွားမိသော်လည်း မည်သည့်သားကောင်မှ မတွေ့ရဘဲ၊ တစ်နေရာသို့ ရောက်တော့အခါမှ 'တော့'၏ ဟောင်သံကြောင့် ငှက်များ ပျံသွားသည်ကို တွေ့ကြရ၏။ ထိုသို့သွားရင်းနှင့် ဗာဒံသီးနှင့်တူသော အသီးများကို တွေ့ရသဖြင့် ညစာအတွက် ဆွတ်ခူးယူကြ၏။

ထိုအချိန်အတွင်း 'တော့'သည် ချုံပုတ်တစ်ခုအတွင်းသို့ တိုးဝင်ကာ နှစ်ပေခွဲခန့်ရှိ သားကောင်တစ်ကောင်ကို ထိုးကိုက်လျက် ရှိသည်ကို တွေ့ရ၏။ သားကောင်မှာ ဝက်နှင့်ခပ်ဆင်ဆင်တူ၍ 'တော့'၏ ပါးစပ်မှ လွတ်မြောက်ကာ အနီးရှိ ရေအိုင်တစ်ခုအတွင်းသို့ ငုပ်လျှိုးသွားလေသည်။ တော့သည် ရေအိုင်အတွင်းသို့ ခုန်ချ ရှာဖွေလျက်ရှိရာမှ သားကောင်သည် အသက်ရှုရန် ကမ်းစပ်သို့တက်အလာ၌ ပင်ကရော့တို့အဖွဲ့က တုတ်များဖြင့် ရိုက်၍သတ်လိုက်ကြ၏။ သားကောင်မှာ ဘဲငန်းများကဲ့သို့ ခြေပြားကြီးများရှိ၍ ထိုဒေသတွင် တွေ့ရသည့် 'ရေဝက်' ခေါ် သားကောင်းတစ်မျိုးဖြစ်လေသည်။

ပင်ကရော့သည် ဝက်ကို ပုခုံးပေါ်တွင် ထမ်း၍ ယူလာခဲ့ပြီးနောက် ပြန်ခဲ့ကြရာ နာရီဝက်ခန့် အကြာတွင် မြစ်ကမ်းနံဘေးသို့ ရောက်လာကြ၏။ ထိုနေရာ၌ပင် ပင်ကရော့နှင့် သူ၏လူများသည် ဖောင်တစ်ခုဖွဲ့ကာ သစ်ကိုင်းခြောက်များကို ဖောင်ပေါ်သို့တင်၍ ရေစီးအတိုင်းမျှောကာ ကျောက်ခေါင်းတိုင်ကြီးရှိရာသို့ လာလမ်းအတိုင်း ပြန်ခဲ့ကြလေသည်။ ကျောက်ဂူအနီးသို့ ရောက်သောအခါ ပင်ကရော့က ကျောက်ဂူမှ ခေါင်းတိုင်ကြီးကို လက်ညှိုးဖြင့်ညွှန်ပြရင်း

"ဟာဗတ် . . . . ဟိုမှာကြည့်စမ်း"

ဟု အားရဝမ်းသာအော်လိုက်ရာ ကျောက်ခေါင်းတိုင်အတွင်းမှ မီးခိုးများအပေါ်သို့ ထွက်နေသည်ကို မြင်ကြရ၏။

## ကပ္ပတိန် ဟားဒိန်း၏ကြံဆတီထွင်မှု

ကပ္ပတိန် ဟားဒိန်းနှင့် စပိလက်တို့အား အရှိန်ကောင်းစွာ တောက်လောင်နေသော မီးဖိုအတွင်း၌တွေ့ရသဖြင့် ပင်ကရော့က အံ့သြသောမျက်နှာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့နှစ်ယောက်အား တစ်ယောက်တစ်လှည့်စီ ကြည့်ရှုပြီးနောက် . . .

"တကယ့် မီးဖိုကြီးပါလား၊ ဟန်ကျတာပဲဗျို့၊ ကျုပ်တို့ရလာတဲ့ ရေဝက်ကိုကောင်လုံးကင်ပြီး တပျော်တပါးစားလိုက်ကြရအောင်၊ ဒါနဲ့ နေပါဦး၊ ဘယ်သူက မီးမွေးပေးတာလဲ" ဟု မေးလိုက်၏။

"နေမင်းကြီးကပေါ့"

"ဆရာ့မှာ မှန်ဘီလူးပါလို့လား"

"မပါဘူး၊ ကိုယ့်ဟာကိုယ် လုပ်ယူတာပေါ့"

သို့ပြောပြီးနောက် ကပ္ပတိန် ဟားဒိန်းသည် သူ၏နာရီမှမှန်နှင့် စပီလက်၏နာရီမှမှန်တို့ကို မျက်နှာချင်းဆိုင်တပ်ပြီးလျှင် အတွင်း၌ ရေထည့်၍ နံဘေးသို့ရေမယိုစေရန် ရွှံ့စေးငြင့်ကပ်လိုက်ရာ မှန်ဘီလူး ဖြစ်သွားတော့၏။ ထို့နောက် နေရောင်ကိုမြက်ခြောက်နှင့် မှော်ခြောက်များပေါ်သို့ မှန်ဘီလူးမှ တစ်ဆင့် ကျရောက်စေပြီးလျှင် မီးလောင်စွဲ အောင် ပြုလုပ်ခြင်း ဖြစ်လေသည်။

ပင်ကရော့သည် ကပ္ပတိန်ဟားဒိန်းအား ကြည်ညိုလေးစားသော အကြည့်မျိုးဖြင့် ကြည့်လိုက်ရင်း . . .

"ဒီအကြောင်းတွေကို ခင်ဗျားမှတ်စုထဲမှာ ရေးထားဗျာ"

ဟု စပီလက်ကိုပြောလိုက်ရာ စပီလက်က . . .

"ဟုတ်ကဲ့၊ ရေးထားပြီးပါပြီ"

ဟု ပြန်ပြောလိုက်၏။ ထို့နောက် သူတို့သည် ရေဝက်ကလေးအား သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပြီးလျှင် အကောင်လိုက်မီးကင် လေတော့၏။ ကျောက်ဂူကြီးကိုလည်း ရွှံ့မြက်ခြောက်၊ သစ်ကိုင်းတို့ဖြင့် ပြန်လည်ပြုပြင်လိုက်ရာ လောလောဆယ်နေထိုင်နိုင်သည့် အခြေအနေသို့ ရောက်ရှိသွားတော့၏။

၇ ကပ္ပတိန်ဟားဒိန်သည် ကျောက်ဂူကြီး၏ အပေါ်ဆင့်သို့ တက်ကြည့်ပြီးနောက် တောတွင်း၌ရှိသော တောင်ထိပ်ကိုခန့်မှန်းကြည့်ရင်း နောက်တစ်နေ့လျှင် ထိုတောင်ထိပ်သို့တက်၍ ကြည့်မည် ဟု စိတ်ကူးလိုက်၏။

ထိုတောင်မှာ ကျောက်ဂူကြီးမှ ခြောက်မိုင်ခန့်ဝေးမည်ထင်၍ ပေ သုံးထောင်ငါးရာခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရ၏။ တောင်ထိပ်သို့ ရောက်လျှင် မိုင်ငါးဆယ်ပတ်ဝန်းကျင် မြင်နိုင်လိမ့်မည်ဟု မျှော်လင့်မိ၏။ ထိုအခါမှသာ သူတို့ ယခုရောက်ရှိနေသည့် နေရာမှာ ကျွန်းတစ်ကျွန်း၊ သို့မဟုတ် တိုက်ကြီး တစ်တိုက်ဖြစ်သည်ကို ခွဲခြားသိရှိပေလိမ့်မည်။

သူတို့သည် ဝက်သားကင်နှင့် ဗာဒံစေ့များကို ညစာအဖြစ် စားသောက်ကြပြီးနောက် ကပ္ပတိန်ဟားဒိန်းသည် နောက်တစ်နေ့အတွက် ပြုလုပ်ရန် အစီအစဉ်များချမှတ်လျက် ရှိနေတော့၏။





နောက်တစ်နေ့ နံနက်ဖြစ်သော မတ်လ ၂၉ ရက်နေ့တွင် သူတို့သည် အိပ်ရာမှထ၍ တောင်ပေါ်သို့တက်ရန် ပြင်ဆင်ကြပြီးနောက် ဝက်သားကင်ကိုလည်း လမ်းတွင်စားရန်ယူသွားကြ၏။ ၇ နာရီအချိန်တွင် ခရီးထွက်ခဲ့ကြ၍ မြစ်၏ လက်ဝဲဘက်အတိုင်း လိုက်ခဲ့ရာ ၉ နာရီခန့်တွင် တောအုပ်ကြီး၏ အနောက်ဘက်ခြမ်းသို့ ရောက်လာကြ၏။ ထိုနေရာ၌ ကုန်းမြေသည် ကမ်းစပ်မှ တဖြည်းဖြည်းတောင်ကြီးဆီသို့ မြင့် တက်လာသည်ကို တွေ့ရလေသည်။

လမ်းတွင် ခေတ္တမျှနားနေပြီးနောက် ခရီးဆက်ကြရာ တောင်မကြီးမှာ တောင်ထိပ်နှစ်ခုရှိပြီးလျှင် ပထမတောင်သည် ပေ ၂၅၀၀ ခန့် အမြင့်တွင် ငုံးတိတိ ဖြစ်နေသည်ကို တွေ့ရ၏။ တောင်နှစ်လုံးအကြား၌ကား သစ်တောများ ဖုံးအုပ်ပြည့်နက်လျက်ရှိသည့် လျှိုကြီးတစ်ခုဖြစ်၍ နေလေသည်။

သူတို့သည် တောင်စွယ်အတိုင်း ဆက်လက် လျှောက်သွားကြ၏။

"ဒီ ကျောက်ခဲတွေဟာ မီးတောင်ကထွက်လာခဲ့တာတွေဗျ"

ဟု ကပ္ပတိန်ဟားဒိန်းက သူတို့လျှောက်လာခဲ့သော တောင်စွယ်မှ ကျောက်တုံးများကိုပြရင်း ရှေ့ဆက်၍သွားရာ မကြာမီ ကုန်းမြေမြင့်တစ်ခုသို့ ရောက်လာကြ၏။ တစ်နေရာတွင် တိရစ္ဆာန်ကြီးများ၏ ခြေရာဟု ထင်ရသော ခြေရာများကို တွေ့ရသဖြင့် သတိနှင့်သွားကြရန် အချင်းချင်း ပြောကြ၏။ တစ်ခါတစ်ရံလည်း အလွန်နက်သောချောက် ကမ်းပါးကြီးများ ကာဆီးနေသဖြင့် လွတ်ကင်းရာမှ ကွေ့တက်၍သွားကြရ၏။ တောင်ကြီး၏ တစ်ဝက်ခန့်သို့ရောက်၍ ပင်လယ်ပြင်ကို ကောင်းစွာ မြင်ရသော်လည်း တောင်ကွယ်၍ နေသောဘက်တွင် ကုန်းမြေရှိသည်ကို အသေအချာ မပြောနိုင်ဘဲ ရှိလေသည်။ ပေတစ်ရာခန့် တက်သွားကြပြီးနောက် မြေညီတစ်နေရာသို့ ရောက်သွားကြရာ နောက်မှ လိုက်လာသော ပင်ကရော့က . . .

"သိုးတွေ သိုးတွေ"

ဟု အော်လိုက်၏။ ပေ ၅၀ ခန့်အကွာတွင် သိုးခြောက်ကောင်၊ ခုနစ်ကောင်ခန့် တွေ့ရသည်။ ၎င်းတို့သည် လူကို ပထမဆုံးအကြိမ် တွေ့ရသကဲ့သို့ ကြောက်လန့်ကာ ခုန်ပေါက်ထွက်ပြေးကြလေသည်။ အချို့နေရာတွင် ရေပူစမ်းများကို တွေ့ရသဖြင့် ကွေ့ရှောင်သွားရ၏။ စခန်းချရန် ရည်ရွယ်ထားသည့်နေရာနှင့် ပေငါးရာခန့်အကွာသို့ ရောက်သောအခါ လမ်းမှာ ဖြောင့်ဖြောင့် မသွားနိုင်တော့ဘဲ ရှေ့သို့ကွေ့ကောက် တက်သွားကြရသဖြင့် နှစ်မိုင်ခန့်မျှ ခရီးပို၍ သွားတော့၏။

ကပ္ပတိန်ဟားဒိန်းသည် ပင်ကရော့နှင့် နက်အား စခန်းချသည့် နေရာတွင် အိပ်ရာများကို ပြုလုပ်စေပြီးနောက် ဟာဗတ်ကိုခေါ်၍ မြောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ဆက်လက်ထွက်သွားကြရာ မိနစ် ၂၀ ခန့်အကြာတွင် တစ်ခဏမျှ ရပ်နားကြလေသည်။ ထိုတောင်ကြီးမှာ ယခင်က မီးတောင်ကြီးဖြစ်၍ ချော်ရည်များခဲသွားသောအခါ လှေကားထစ်များသဖွယ်ဖြစ်၍ နေသည်ကို တွေ့ရ၏။

ထို့နောက် တောင်ထိပ်သို့ ၈ နာရီခန့်တွင် ရောက်ရှိသွားကြလေသည်။ ကပ္ပတိန်ဟားဒင်းသည် ထိုနေရာမှနေ၍ ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်ရာ နံဘေးပတ်လည်တွင် ပင်လယ်ကြီးဝိုင်းရံနေသည်ကို တွေ့ရသဖြင့် ၎င်းတို့ ရောက်ရှိသွားသောနေရာမှာ ကျွန်းကြီးတစ်ကျွန်း ဖြစ်ကြောင်း သေချာသွားတော့၏။

## ကတော့နှင့်တူသော တောင်ထိပ်သို့ရောက်ခြင်း

နာရီဝက်ခန့်ကြာသောအခါ ကပ္ပတိန်ဟားဒင်းနှင့် ဟာဗတ်တို့သည် စခန်းချရာအရပ်သို့ ပြန်လာကြပြီးနောက် ကပ္ပတိန်ဟားဒင်းက သူ၏ မိတ်ဆွေများအား မိမိတို့ရောက်ရှိနေသော ဒေသမှာ ကျွန်းကြီး တစ်ကျွန်းဖြစ်ကြောင်း ရှင်းပြ၏။ ယခုစခန်းချ နေသည့်နေရာသည် ခန့်မှန်းခြေအားဖြင့် ပင်လယ်ရေမျက်နှာပြင် အထက် ပေနှစ်ထောင့်ငါးရာမန့် မြင့်သည့်နေရာဖြစ်ကြောင်း ပြောပြပြီးနောက် အမောအပန်းဖြေရင်း အိပ်စက်လိုက်ကြ၏။

မတ်လ (၃၀)ရက်နေ့ နံနက်တွင် ၎င်းတို့သည် ကြက်သားကင်ကို နံနက်စာအဖြစ် စားသောက်ကြ၏။ ထို့နောက် ကပ္ပတိန်ဟားဒင်းက မီးတောင်ထိပ်သို့ရောက်သည့်အခါမှသာ ကျွန်းကြီးတစ်ကျွန်းလုံးကို မြင်ရမည်ဖြစ်ကြောင်း ပြောပြီးလျှင် တောင်ထိပ်သို့တက်ရန် စခန်းမှ နံနက် ၇ နာရီခန့်တွင် ထွက်ခဲ့ကြ၏။ သူတို့ ယခု ရောက်ရှိနေသည့် ကျွန်း၏လူသူကင်းမဲ့လျက်ရှိသော တောတောင်မှ သူတို့အလိုရှိသော မည်သည့်ပစ္စည်းမျိုးကိုမဆို လုပ်ကိုင်ပေးနိုင်လိမ့်မည်ဟု ကပ္ပတိန်ဟားဒင်းက ဖွဲ့မြဲဖွာယုံကြည်ထား၏။ ပင်ကရော့တို့ ဘစ်ဇ္ဇကလည်း ကပ္ပတိန်ဟားဒင်းရှိနေသမျှ ကာလပတ်လုံး မည်သည့်အရာကိုမဆို ရနိုင်သဖြင့် ပူပန်ခြင်းမရှိကြချေ။

သူတို့လူစုသည် ယမန်နေ့က လာခဲ့ကြသည့် လမ်းအတိုင်းဆက်လက်လိုက်ခဲ့ကြရာ မကြာမီ မီးတောင်ဝထိပ်သို့ ရောက်ရှိလာ၏။ မီးတောင်အတွင်းမှာ ကတော့ကြီးကဲ့သို့ဖြစ်နေပြီးလျှင် ကန်းမြေမြင့်မှ အပေါ်သို့ ပေတစ်ထောင်ခန့် မြင့်၏။ မီးတောင်ပေါက်ကွဲစဉ်က ချော်ရည်ချော်မြုပ်များသည် မြောက်ဘက်တောင်စောင်းမှ စီးဆင်းသွားခဲ့သည်ကို တွေ့ရပြီးလျှင် တောင်စောင်းမှာ ဒီဂရီလေးဆယ်ခန့် ဆင်ခြေလျှောစောင်းနေသဖြင့် အဆင်းအတက်





ခက်ခဲတစ်ရာခဲယဉ်းစရာ မရှိပေ။ သူတို့သည် မီးတောင်ထိပ်ဝ၏ မြောက်ဘက်စွန်းသို့ နံနက် ရှစ်နာရီခန့်တွင် ရောက်ရှိသွားကြရာ မည်သည့်အရပ်ကို ကြည့်သည်ဖြစ်စေ ပင်လယ်ပြင်ကြီးကိုသာ တွေ့ကြရ၏။ မိုင်ငါးဆယ် ပတ်ဝန်းကျင်ကိုပြတ်သားစွာ မြင်ရသော်လည်း ပင်လယ်အတွင်းတွင် ကျွန်းတစ်ကျွန်းကိုမျှ မတွေ့ရချေ။ ယခု ရောက်ရှိနေသော ကျွန်း၏ ကမ်းရိုးတန်းအတိုင်း ပတ်၍သွားလျှင် မိုင်တစ်ရာခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရ၏။

မီးတောင်ကြီးနှင့် အရှေ့ဘက်ကမ်းရိုးတန်း အကြားတွင် ရေကန်တစ်ခုကို တွေ့ရ၏။ တောင်ထိပ်မှကြည့်လျှင် ထိုရေကန်သည် ပင်လယ်မျက်နှာပြင်နှင့် တစ်စပ်တည်းရှိနေသည်ဟု ထင်ရသော်လည်း အမှန်မှာ ပေသုံးရာခန့် အမြင့်တွင်ရှိကြောင်း၊ တောင်ကျရေများကြောင့် ထိုရေကန်ဖြစ်ပေါ်နေကြောင်း၊ ကန်ရေမှာ ရေကြည်ရေသန့်ဖြစ်ကြောင်း၊ အနောက်ဘက်မှ ချောင်းကလေးတစ်ခုသည် ရေကန်ထဲသို့ စီးဝင်နေကြောင်း ကပ္ပတိန်ဟားဒင်းက သူ၏မိတ်ဆွေများအား ပြောပြ၏။ ရေကန်ကြီး၏ တစ်ဘက်တွင် ရေထွက်ပေါက်များ ရှိကောင်းရှိမည်ဟု စိတ်ကူးထား၏။ မီးတောင်ကြီးမှာ ကျွန်း၏ အနောက်မြောက်ဘက်ထောင့်တွင် တည်ရှိ၏။

သူတို့သည် တောင်ထိပ်တွင် တစ်နာရီခန့်မျှ အပန်းဖြေ နားနေရာ ထိုကျွန်းပေါ်၌ လူနေ မနေသိရှိရန်မှာ သူတို့အဖို့ အလွန်အရေးကြီးလှ၏။ ပင်လယ်ကမ်းခြေ တစ်လျှောက်တွင် ငါးဖမ်းသည့်အရိပ် လက္ခဏာများကို လည်းကောင်း၊ တဲအိမ်ကနားတစ်စုံတစ်ရာကို လည်းကောင်း မတွေ့မြင်ရသဖြင့် ကျွန်းပေါ်တွင် လူမနေကြောင်း ထင်ရှား၏။ သို့သော် မိုင်ငါးဆယ်အတွင်းတွင် ကျွန်းတစ်ကျွန်းမျှ မတွေ့ရ သော်လည်း အခြားဝေးလံသော ကျွန်းတစ်ကျွန်းမှ လူရိုင်းများသော် လည်းကောင်း၊ ပင်လယ်ဓားပြများသော် လည်း လာရောက်တိုက်ခိုက် မည်ဆိုပါက ထိုဘေးရန်များကို ကာကွယ်ရန် လိုအပ်ပေသည်။

ယခု သူတို့ရောက်ရှိနေသောကျွန်းမှာ ပစိဖိတ်သမုဒ္ဒရာ၏ တောင်ဘက်စွန်းတွင် ရှိနေသဖြင့် သာမန်အားဖြင့် သင်္ဘောများသွားလေ့ရှိသည့် သမ်းကြောင်းပေါ်တွင် မရှိချေ။ သို့ဖြစ်၍ သူတို့အားကယ်တင်မည့် သင်္ဘောများ လာရောက်ရန် အကြောင်းမရှိပေ။ ဤသို့ဆိုလျှင် ဤကျွန်းပေါ်၌ နှစ်ပေါင်းများစွာ နေထိုင်ကြရမည် ဖြစ်ကြောင်းဖြင့် ကပ္ပတိန်ဟားဒင်းက သူ၏အဖော်များအား မကွယ်မဝှက်ပြောပြလေသည်။

သင်္ဘောကောက်ကြီး စပီလက်နှင့်အဖော်များကမူ မိမိတို့သည် သင်္ဘောပျက်၍ ဤကျွန်းသို့ ရောက်လာကြခြင်း မဟုတ်ဘဲ၊ ဤကျွန်းပေါ်သို့ နေခြေစိုက်ရန် လာရောက်ကြသည်ဟု စိတ်ကိုပိုင်းဖြတ်ထားပြီးဖြစ်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com

ဤကျွန်းပေါ်တွင် နေအိမ်များ၊ လမ်းများ၊ မီးရထား နှင့် သံကြိုးရုံးများ တည်ဆောက်ပြီးလျှင် မြို့တည်၍နေမည်ဖြစ်ကြောင်း၊ အခါအခွင့်ကောင်းသည့်နေ့တွင် မိမိတို့ နေရပ်သို့ပြန်ပြီးလျှင် ဤကျွန်းကို အစိုးရလက်သို့ ပေးအပ်မည်ဖြစ်ကြောင်းဖြင့် ကပ္ပတိန် ဟားဒိန်းအား ပြောပြလေသည်။

ကပ္ပတိန်ဟားဒိန်းက ဤကျွန်းမှ တောင်များ၊ ကျွန်းဆွယ်များ၊ ရေကန်နှင့် ရေလက်ကြားစသည်တို့ကို နာမည်ပေးရန်လိုကြောင်း၊ အမေရိကန်ပြည်ကို အမှတ်ရသည့်အနေဖြင့် ထိုတိုင်းပြည်မှ ထင်ရှားသောနာမည်များကို မှည့်ခေါ်ရန် အကြံပေး၏။ ဤသို့ ပေးထားမှသာလျှင် တစ်နေရာမှတစ်နေရာသို့ နောင်သွားသည့်အခါ လွယ်ကူမည် ဖြစ်ကြောင်း ပြော၏။

ပင်လယ်ဓအော်နှစ်ခုကို 'ယူနီယံပင်လယ်အော်'နှင့် 'ဝါရှင်တန် ပင်လယ်အော်'ဟူ၍လည်းကောင်း၊ မီးတောင်ကြီးကို 'ဖရင်ကလင်' တောင် ဟူ၍လည်းကောင်း အမည်ပေးလိုက်၏။ သို့နှင့် 'ဆာပင်တိုင်ကျွန်း' 'ရက်တိုင်းအငူ' 'ရှပ်ပင်လယ်ကွေ့' 'မင်ဒီဘယ်အငူ' စသည်ဖြင့် အသီးသီးအမည် ပေးထား၏။ ၎င်းတို့ ပထမဆုံးရောက်ခဲ့သော ကျွန်းကလေးကို 'ဆေဖဘီကျွန်း' ဟု ပေးပြီးလျှင် သောင်ပြင်ကြီးကို 'မာစီသောင်' ဟူ၍လည်းကောင်း၊ ရေကန်ကြီးကို 'ဂရန့်ရေကန်' ဟူ၍လည်းကောင်း အမည်ပေး၏။ ထိုသို့ အမည်ပေးသမျှကို သတင်းထောက် စပီလက်က သူ၏မှတ်စုစာအုပ်တွင် အလုံးစုံ မှတ်တမ်းတင် ရေးမှတ်လေသည်။

ဤကဲ့သို့ တောတောင်ရေမြေများကို အမည်ပေးပြီးနောက် အလားတူပင် ကျွန်းကြီး၏အရပ်လေးမျက်နှာကို သတ်မှတ်ရန်လိုလာသဖြင့် နေဝင်နေထွက်ကိုကြည့်ပြီးလျှင် ကျွန်း၏မြောက်အရပ်ကို တိတိကျကျ သတ်မှတ်ကြ၏။ သူတို့သည် ကမ္ဘာကြီး၏ တောင်ဘက်ဆုံးခြမ်းတွင် ရောက်နေကြသဖြင့် နေသည် အမြဲမြောက်ဘက်တွင်သာ ရွေ့လျားနေသည်ကို တွေ့ရလေသည်။

သူတို့သည် ဖရင်ကလင်တောင်ပေါ်မှ ဆင်းရန် ပြင်ဆင်ကြရာ ပင်ကရော့က ကျွန်းကြီးအတွက် အမည်မပေးရသေးကြောင်း သတိပေးလိုက်သဖြင့် အမေရိကန်ခေါင်းဆောင်ကြီးကို ဂုဏ်ပြုသည့်အနေဖြင့် အများသဘောတူ 'လင်ကွန်းကျွန်း' ဟု အမည်ပေးလိုက်လေသည်။

ထိုညတွင် ကပ္ပတိန်ဟားဒိန်းနှင့် အဖော်များသည် အမေရိကန်ပြည်ကြီးရှိ မိမိတို့နေရပ်များတွင် နေထိုင်သွားလာခဲ့ပုံ၊ ပြည်တွင်းစစ်ဖြစ်ပွားပုံများကို သတိရပြီးလျှင် ယင်းအဖြစ်အပျက်များကို ဆွေးနွေးရင်း အိပ်ပျော်သွားကြလေသည်။



## နာရီများကိုအချိန်တိုက်ကြခြင်း

မီးတောင်ထိပ်မှ ကတော့ကြီးကိုပတ်၍ ဆင်းခဲ့ကြရာ မကြာမီ ယမန်နေ့က စခန်းချခဲ့သည့်နေရာသို့ ရောက်ရှိလာကြ၏။ ပင်ကရော့က နံနက်စာစားရန် အချိန်ရောက်ပြီဟု ခန့်မှန်းသဖြင့် ကပ္ပတိန်ဟားဒိန်းနှင့် စပီလက်တို့၏ နာရီများကိုကြည့်ရန်ပြောရာ စပီလက်၏နာရီမှာ အကောင်းစားဖြစ်သည့်ပြင် နေ့ခဉ်သံပတ်ပေးနေသဖြင့် အမြဲသွားနေ၏။ ကပ္ပတိန်၏နာရီမှာမူ သောင်ပြင်ပေါ်တွင် သူမေ့မြောနေစဉ်က ရပ်သွားခဲ့လေသည်။

စပီလက်၏နာရီမှာ မရပ်မနားသွားနေသဖြင့် ရစ်ချ်မွန်မြို့၏ အချိန်ဖြစ်ရာ ဝါရှင်တန်မြို့၏ စံတော်ချိန်နီးနီးဖြစ်သဖြင့် နောင်တွင် အသုံးဝင်မည်ဖြစ်သောကြောင့် ယခင်အတိုင်းထားရန် ကပ္ပတိန်ဟားဒိန်းက ပြောလိုက်၏။ ထို့နောက် နေကိုကြည့်ပြီးလျှင် သူ၏နာရီကို ကိုးနာရီထားလိုက်၏။ သူတို့တွင် ပါလာသည့် စားနပ်ရိက္ခာများ ကုန်နေပြီဖြစ်၍ တောင်အဆင်းတွင် အမဲလိုက်ကြရန် ဆုံးဖြတ်လိုက်ကြ၏။

သို့နှင့် တောင်ထိပ်သို့တက်ခဲ့စဉ်က လမ်းအတိုင်း မပြန်ကြဘဲ၊ သစ်တောကြီးအတွင်း၌ရှိသည့် ရေကန်ကြီးကို ကြည့်ရှုရန် သွားကြ၏။ ထိုဒေသမှာ လူသူအရောက်အပေါက် မရှိသဖြင့် သစ်ပင်တို့သည် ရေစပ်သို့ ရောက်သည့်တိုင်အောင် ပေါက်ရောက်လျက်ရှိရာ ခြေချရန်ပင် မကျန်သလောက် ချုံနွယ်ပိတ်ပေါင်းများဖြင့် ထူထပ်စွာရှိနေ၏။ သို့နှင့်လူကို အန္တရာယ်ပေးနိုင်သည့် တောကောင်များ ရှိလိမ့်မည်ဟုထင်ရသဖြင့် သတိဖြင့် လူအုပ်မကွဲအောင်သွားကြရန် ကပ္ပတိန်ဟားဒိန်းက သတိပေးခဲ့၏။ ပင်ကရော့၊ ဟားဗတ်နှင့် နက်တို့က ရှေ့မှသွားပြီးလျှင် တောသည် ချုံများကို အနှံ့ခံရင်း လိုက်ပါလာလေသည်။ ကပ္ပတိန် ဟားဒိန်းသည် စပီလက်နှင့်အတူသွားရင်း လမ်းတွင် သူတို့အလိုရှိသည့် ကျောက်တုံး ကျောက်ခဲနှင့် သစ်ဖုသစ်ဥအချို့ကို ကောက်ယူကာ အိတ်ထဲသို့ထည့်နေသည်ကို တွေ့ရ၏။

"ဘာတွေများ ကပ္ပတိန် ကောက်ထည့်နေသလဲ မသိဘူး၊ ကျုပ်တော့ လိုချင်စရာတစ်ခုမှ မတွေ့သေးဘူး"

ဟု ပင်ကရော့က မိမိကိုယ်ကို မိမိပြောသကဲ့သို့ ညည်းညူရင်း ပြောလိုက်၏။ သူတို့သည် အဝါရောင်မြေမှုန့်များ ရှိသည့်နေရာကို တစ်မိုင်ခန့် လျှောက်သွားကြပြီးနောက် တောစပ်သို့ ရောက်သွား၏။

ကပ္ပတိန်ဟားဒိန်းသည် ချောင်းကလေးကို တွေ့ရလိမ့်မည်အတွေးနှင့် လျှောက်လာစဉ် ဟားဗတ် ရုတ်တရက် ပြန်ပြေးလာသည်ကို မြင်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်းမေးမြန်းရာ ဟာဇတ်က ရှေ့ကိုက် တစ်ရာခန့်လောက်တွင် ကျောက်တုံးကြီးများကြားမှ မီးခိုးများထွက်နေသည်ကို တွေ့ရကြောင်း ပြောပြလေသည်။

"အဲဒီနေရာမှာ လူရှိတယ်ထင်တယ်"

"သူတို့ဟာ ဘယ်သူတွေမှန်းမသိခင် ကျုပ်တို့ကို သူတို့ မမြင်အောင် ပုန်းနေမှဖြစ်မယ်၊ လူရိုင်းတွေတော့ မဟုတ်နိုင်ပါဘူး"

ဟု ကပ္ပတိန်ဟားဒိန်းက ပြန်ပြောလေသည်။ တော့သည် မဆောင်ဘဲ တစ်နေရာတွင်ဝပ်နေသည်ကို တွေ့ရသဖြင့် ကပ္ပတိန်ဟားဒိန်းက သူ၏ခွေး ကိုအချက်ပေး၍ ခေါ်လိုက်၏။ ကပ္ပတိန်ဟားဒိန်းသည် သူ၏အဖော်များအား ဤနေရာမှစောင့်ရန် မှာထားခဲ့ပြီးနောက် သူ၏ကိုယ်ကို မမြင်နိုင်ရန် ဦးခေါင်း ကိုငုံ့၍ဝပ်တွားကာ အဝါရောင်မီးခိုးများ ထွက်နေသည့် နေရာသို့ ကျောက်တုံး များကြားမှ တဖြည်းဖြည်း ချဉ်းကပ်သွားလေသည်။ မကြာမီပင် ကပ္ပတိန် ဟားဒိန်းသည် စောင့်နေသော သူ၏အဖော်များအား ခေါ်လိုက်ပြီးနောက် အဝါ ရောင်မီးခိုးများမှာ ရေပူစမ်းတစ်ခုမှထွက်နေသည့် အခိုးအငွေ့များဖြစ်ကြောင်း ရှင်းလင်းပြောပြ၏။ ရေပူစမ်းရှိသော နေရာသို့ရောက်သောအခါ၊ ပြင်းထန် သော ဆာဖျူရစ်အက်ဆစ်အနံ့များရပြီးလျှင် ကျောက်ကြို ကျောက်ကြားမှ တသွင်သွင်စီးဆင်းနေသည့် ရေပူစမ်းတစ်ခုကို တွေ့ကြရ၏။ ထို့နောက် ခြေ လှမ်းတစ်ရာခန့်မျှ ဝေးသည့် တောအုပ်ဆီသို့ ခရီးဆက်ကြလေသည်။

တောအုပ်အတွင်းတွင် မြေနီရောင်ကမ်းပါးတစ်ခု အကြားမှ စီးဆင်း နေသည့် စမ်းချောင်းတစ်ခုကို တွေ့ရလေရာ၊ ထိုချောင်းမှာ သံခတ်ပါ၍ အနီ ရောင်ဖြစ်နေကြောင်း သူ့အဖော်များအား ပြောပြလေသည်။ ထိုချောင်းကို 'ရေနီ ချောင်း' ဟု အမည်ပေးလိုက်လေသည်။ ထိုချောင်းသည် တောင်ပေါ်မှမြင်ရသော ရေအိုင်ကြီးအတွင်းသို့ စီးဝင်သွား၍ ရေချိုဖြစ်သောကြောင့် သောက်နိုင်ကြောင်း ချောင်းနံဘေးတွင်လည်း လူများနေထိုင်ရန် ပြုလုပ်နိုင်ကြောင်းကို ဝမ်းမြောက် ဝမ်းသာ တွေ့ကြရလေသည်။ ချောက်ကမ်းပါးတွင် ငှက်မျိုးစုံကို တွေ့ရသဖြင့် 'နက်'နှင့် ဟာဇတ်တို့က ခြုံအတွင်းမှ ငှက်အချို့ကို တင်းပုတ်ဖြင့် ပစ်ပေါက်ရိုက် ချ၍ ဖမ်းလိုက်ကြသဖြင့် ညစာအတွက် အတော်ပင် ဖူလုံသွား၏။ ပင်ကရော့ က . . . "ဒီမယ် ကပ္ပတိန် . . . ကျုပ်တို့မှာ သေနတ်ရှိရင်တော့ ကောင်းမှာပဲ သေနတ်လုပ်လို့ မရဘူးလား"

"ဖြစ်နိုင်ပါတယ် ဒါပေမယ့် လေးနဲ့မြားကို အရင်လုပ်ကြမှ ဖြစ်မယ်၊ လေ့ကျင့်ပေးသွားရင် ခင်ဗျားတို့လည်း ဩစတြေးလျတိုက်က မုဆိုးတွေလို မြားပစ်တော်သွားမှာပါ"





ဟု ကပ္ပတိန် ဟားဒိန်းက ပြန်ပြောလေသည်။

သုံးနာရီခန့် ကြာသောအခါ တော့သည် တောကောင်များကို အနံ့ခံ ၍ ချုံများအတွင်း ပျောက်ကွယ်သွားပြီးနောက် ယုန်ကလေး တစ်ကောင်ကို ကိုက်ချီလာသည်ကို တွေ့ရ၏။ နက်ကလည်း ယုန်နှစ်ကောင်ကို လက်များဖြင့် တစ်ဘက်တစ်ကောင်စီဆွဲ၍ ပြန်ရောက်လာလေသည်။ ချောင်းရိုးအတိုင်း လိုက်သွားကြရာ မကြာမီပင် 'ဂရန့်ရေကန်'၏ အနောက်ဘက် ကမ်းခြေသို့ ရောက်လာကြ၏။ ရေကန်အတွင်းမှ ရေသည် ရေချိုဖြစ်ကြောင်းသိရှိသောအခါ ရေငတ်နေသော ကပ္ပတိန်ဟားဒိန်းနှင့် အဖော်များသည် ရေကိုအားရအောင် သောက်လိုက်ပြီးနောက် . . .

"ဒီရေကန်ဘေးမှာ ကျုပ်တို့နေနိုင်တာပဲ"

ဟု ဟားဒိန်းက အကြံပေးပြောဆိုလေသည်။

ဂရန့်ရေကန်ကြီးမှ ရေပိုရေလျှံများသည် မည်သည့်နေရာသို့ စီးဆင်း သွားကြောင်း သိလိုသဖြင့် ကမ်းစပ်အတိုင်း မြောက်ဘက်သို့ လိုက်၍ ကြည့်ရှု သော်လည်း ရေထွက်သည့် အပေါက်ကို မတွေ့ကြရချေ။ အချိန်မှာ ညနေ သေးနာရီခွဲနေပြီဖြစ်၍ ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးသို့ ပြန်လာခဲ့ကြ၏။ ကပ္ပတိန်ဟားဒိန်းက သူ စုဆောင်းလာခဲ့သော ကျောက်တုံးကလေးများကို တစ်ခုစီချ၍ သံခတ်ပါသော ကျောက်၊ ထုံးကျောက်နှင့် ကျောက်မီးသွေးများကို ခွဲခြားကာ သူ၏ အဖော်များ နားလည်အောင် ရှင်းပြလေသည်။

## 'တော့'ထံမှ တာတွေသလဲ

"ကျွန်တော်တို့ ဘာကစပြီး လုပ်ကြမလဲ ကပ္ပတိန်"

ဟု ပင်ကရော့က ကပ္ပတိန်ဟားဒိန်းအား မေးလိုက်၏။

သူတို့ အလိုရှိသော လက်နက်ကိရိယာများ ပြုလုပ်ရန် မည်သည့် ကိရိယာ တန်ဆာပလာမျှ မရှိသဖြင့် အခက်အခဲနှင့် တွေ့ကြုံကြရ၏။ အချိန်မရှိ သဖြင့် လိုအပ်သော ပစ္စည်းများကို အမြန်ပြုလုပ်ကြရပေမည်။ ကပ္ပတိန် ဟား ဒိန်းသည် သူ၏ အဖော်တစ်စု အရည်အချင်းကို ကောင်းစွာ သိပြီးဖြစ်၏။ ထိုလက်သည် မည်သည့်အလုပ်ကိုမဆို တာဝန်ယူနိုင်သူဖြစ်၏။ 'ဟာဇတ်'မှာ သဘာဝသိပ္ပံတွင် ကျွမ်းကျင်သူဖြစ်၏။ 'နက်'မှာမူ ကျွန်းမှာသန်စွမ်းပြီးလျှင် သိမ္မာပါးနပ်သူဖြစ်၏။

ပင်ကရော့မှာ သတင်းသားတစ်ဦး ဖြစ်သည့်အတိုင်း၊ ပင်လယ်ခရီး တွေ့အကြုံများစွာရှိပြီးလျှင် အမေရိကန်ပြည် ဘာလွတ်ကာလင်းမြို့ သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျင်းတွင် လက်သမားအလုပ်ကို လုပ်ကိုင်နေသူ တစ်ဦးဖြစ်၏။ စိုက်ပျိုးရေး၌လည်း ဝါသနာပါသူ တစ်ယောက်ဖြစ်လေသည်။

"ပေါင်းဖိုကြီးတစ်ခုကို ကျုပ်တို့အရင်ဆုံး စလုပ်ကြရမယ်"

ဟု ကပ္ပတိန်ဟားဒိန်းက ပြောလိုက်၏။

"ပေါင်းဖိုကြီးကို ဘာအတွက် ပထမဆုံးလုပ်ဖို့လိုတာလဲ"

"ပန်းကန်ခွက်ယောက်တွေ ကျုပ်တို့လုပ်ကြရမယ်၊ ပေါင်းဖိုကြီးလုပ်ဖို့ အုတ်ကို ကျုပ်တို့ အရင်ဖုတ်ကြရမယ်၊ ရွှံ့စေးရနိုင်မယ့် နေရာမှာ ဖုတ်ကြတာပေါ့၊ အစားအသောက်အတွက်တော့ 'နက်'က တာဝန်ယူရလိမ့်မယ်"

ဤသို့ဖြင့် ကပ္ပတိန်ဟားဒိန်းသည် ရှေ့တွင်လုပ်ရမည့်အလုပ်များကို စီမံကိန်းချကာ သူ၏လူများအား ရှင်းပြလေသည်။ ဤသို့ပြောဆိုလျက်ရှိစဉ် ပင်ကရော့က . . . "ဓားတစ်ချောင်းလောက်များရှိရင် သိပ်ကောင်းမှာဘဲ"

ဟု အော်၍ ပြောလိုက်၏။

ကပ္ပတိန်ဟားဒိန်းသည် သူ၏ခွေး 'တော့'ကို ခေါ်လိုက်ပြီးနောက် ၎င်း၏လည်ပင်းတွင် စွပ်ထားသည့် သံမဏိလည်ပတ်ကို ချွတ်ယူလိုက်၏။ ထို့နောက် လည်ပတ်ကို အလယ်မှ ချိုးလိုက်ပြီးလျှင် . . .

"ဒီမှာ ဓားနှစ်ချောင်းရပြီ"

ဟုပြောကာ ပင်ကရော့အား လှမ်းပေးလိုက်၏ ပင်ကရော့လည်း တစ်ဝက်စီ ထက်ပိုင်းပြတ်၍နေသော သံမဏိလည်ပတ်ကို ဓားနှစ်ချောင်းဖြစ်အောင် ပြုလုပ်ပြီးလျှင် သစ်သားလက်ကိုင်များ တပ်လိုက်လေသည်။

ကပ္ပတိန် ဟားဒိန်း၏ အကြံပေးချက်အရ သူတို့သည် 'မာစီ' သဲသောင်ပြင်၏ ကမ်းရိုးအတိုင်းလိုက်၍ 'ပရော်စပက်'တောင်ကုန်းကို ဖြတ်ပြီးလျှင် ငါးမိုင်ခန့်မျှ သွားမိသောအခါ 'ဂရန့်' ရေအိုင်ကြီးမှ ပေနှစ်ရာခန့် အကွာတွင်ရှိသည့် မြေကွက်လပ်တစ်ခုသို့ ရောက်ရှိလာကြ၏။ လမ်းခရီးတွင် ဟာဗတ်သည် လေးကိုင်းပြုလုပ်ရန်ကောင်းသည့် သစ်ကိုင်းတစ်ကိုင်းကို ခုတ်ယူခဲ့ပြီးနောက် လျှော်ပင်မှ လျှော်များကို ယူပြီးလျှင် လေးတွင်တပ်ရန် ကြိုးတစ်ချောင်း ကျစ်လေသည်။ အဖုအထစ် မရှိဘဲ ဖြောင့်တန်းနေသော သစ်ကိုင်းများကို ခုတ်၍ မြားတံ ပြုလုပ်ကြ၏။

အထက်တွင် ဖော်ပြခဲ့သည့် ကွက်လပ်မှ ရွှံ့စေးများကို ယူ၍ သဲဖြင့် ရောနယ်ပြီးလျှင် ပုံပြုလုပ်၏။ ၎င်းကို မီးပုံကြီးတစ်ပုံတွင် ထည့် ၍ ဖုတ်ခြင်းဖြင့် သူတို့အလိုရှိသော အုတ်ခဲများကို ရတော့၏။ အုတ်ခဲ သုံးထောင်ရရန် နှစ်ရက်တိုင်အလုပ်လုပ်ကြရ၏။ ကပ္ပတိန် ဟားဒိန်းသည် နေထွက်သည့်နေရာနှင့်အချိန်ကို လည်းကောင်း၊ နေဝင်သည့် နေရာနှင့်အချိန်ကို လည်းကောင်း





တိကျစွာ မှတ်သားထားလိုက်ပြီးနောက် ကျွန်းကြီး၏ မြောက်အရပ်ကို သတ်မှတ်လိုက်၏။

သူတို့သည် ပေါင်းဖိုကြီးအတွက် ထင်းများကို နှစ်ရက်ကြာမျှ စုဆောင်းကြရ၏။ 'ပင်ကရော့'ကမူ လေးနှင့်မြား ရှိနေပြီဖြစ်၍ အမဲလိုက်ရာတွင် အောင်မြင်လျက်ရှိနေ၏။ ဤသို့ဖြင့် သူနှင့်'ဟာဗတ်' တို့သည် လေးနှင့်မြားကို ကျင်လည်စွာ အသုံးပြုတတ်လာကြသည်။ အမဲလိုက်၍ရသော အသားများကို မီးကင်၍သာစားကြရသဖြင့် မီးဖို ကြီးပြုလုပ်ပြီးပါက ဟင်းများပင် ချက်၍စားနိုင်ပေတော့မည်ဟု မှန်းထားကြ၏။ ကပ္ပတိန်ဟားဒိန်းသည် သူတို့နေထိုင်သော ကျောက်ခေါင်းတိုင်ကြီးထက် ပို၍ကောင်းသည့် အဆောက်အအုံတစ်ခုကို တွေ့ရှိလိမ့်မည်ဟု မျှော်လင့်လျက်ရှိ၏။ ထုံးကျောက်များကို မီးဖုတ်ပြီးလျှင် ထုံးကိုလည်း ရရှိအောင်လုပ်ကြ၏။ ဧပြီလ ၉ ရက်နေ့တွင် အင်္ဂတေနှင့် အုတ်များအသင့်ရှိနေ၍ ပေါင်းဖိုကြီးကို အပြီးသတ်အောင် ကြိုးစားပြုလုပ်ကြ၏။

ရွှံ့စေးများတွင် ထုံးရော၍ ပန်းကန်ခွက်ယောက် ပုံသဏ္ဌာန်များ ပြုလုပ်ကာ ပေါင်းဖိုတွင် ထည့်၍ပေါင်း၏။ ဤသို့လျှင် ဧပြီလ ၁၅ ရက်နေ့သို့ ရောက်သောအခါ သူတို့အလိုရှိသော ပန်းကန်များနှင့် အိုးများကို ရရှိလေတော့၏။ ထိုနေ့၌ ပေါင်းဖိုမှမီးများ ငြိမ်းသတ်ခဲ့ပြီးနောက် ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးသို့ ပြန်လာကြရာ လမ်းခရီးတွင် ဒေါနပန်းကဲ့သို့ အပင်တစ်မျိုးကို အမှတ်မထင်တွေ့ရသဖြင့် မီးမွှေးရန် ယူလာခဲ့ကြ၏။ ၎င်းကို အခြောက်လှမ်းပြီးနောက် မီးဇာအဖြစ် မီးမွှေးနိုင်လေသည်။

ဟင်းချက်ရန် အိုးများရှိပြီဖြစ်၍ ထိုနေ့ ညစာအတွက် စွပ်ပြုတ်နှင့် ဝက်ပေါင်ခြောက်များကို ချက်ပြုတ်စားသောက်ကြ၏။ ညစာ စားပြီးသောအခါ သူတို့လူစုသည် ကမ်းရိုးတန်းတစ်လျှောက်တွင် အညောင်းပြေ လမ်းလျှောက်ကြ၏။ ကပ္ပတိန်ဟားဒိန်းသည် ကောင်းကင်မှ ကြယ်များကိုကြည့်၍ မနက်ဖန်နေ့လည် နေမွန်းတည့် ၁၂နာရီ အချိန်တွင် နေသည် ဤကျွန်းပေါ်တွင် တည့်မတ်စွာရှိနေမည်ဖြစ်၍ ကျွန်း၏လောင်ဂျီတွဒ်ကို အနီးဆုံး ဒီဂရီအထိ တွက်နိုင်မည် ဖြစ်ကြောင်း၊ ညအချိန် ရာသီဥတု ကောင်းခဲ့ပါမူ ကမ္ဘာတောင်ဝင်ရိုးစွန်း အပေါ်တွင်ရှိသော တံငါကွန်တိုင်ကြယ်(နက္ခတ်)များကို ကောင်းစွာ တွေ့မြင်နိုင်မည်ဖြစ်၍ ကျွန်း၏လတ္တီတွဒ်ကို တွက်နိုင်မည်ဖြစ်ကြောင်း၊ ဤအချက် နှစ်ချက်ကိုသိရလျှင် ဤကျွန်းသည် ဩစတြေးလျတိုက်နှင့် လည်းကောင်း၊ အမေရိကန်ပြည်နှင့် လည်းကောင်း မည်မျှကွာဝေးသည်ကို သိနိုင်မည်ဖြစ်ကြောင်းဖြင့် ကပ္ပတိန် ဟားဒိန်းက သူ၏ အဖော်များအား ရှင်းပြလေသည်။ သို့နှင့် ထိုတိုင်းတွာချက်မှုများ ပြုလုပ်ရန် ပရော်စပက် တောင်ကုန်းပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်သွားကြလေသည်။ ကပ္ပတိန်ဟားဒိန်းသည် ဆက်စတင့်*(Sextant) (ခေါ်)တိုင်းထွာသည့် ကိရိယာ မရှိသော်လည်း ကြယ်များ၏ အကွာအဝေးကို သူ့နည်းသူ့ဟန်ဖြင့် တွက်ချက်ပြီးနောက် တွက်ချက်ရန်ကိစ္စများကို နောက်တစ်နေ့တွင် ပြုလုပ်မည်ဟု ပြော၏။ ထိုညဦး၌ သူတို့သည် ၁၀နာရီအချိန်ခန့်တွင် အိပ်ရာသို့ ဝင်ခဲ့ကြလေသည်။

## ကျောက်ကမ်းပါးစောက်ကို တိုင်းတာခြင်း

ဧပြီလ ၁၆ရက်နေ့ တနင်္ဂနွေနေ့ နံနက်တွင် ကပ္ပတိန်ဟားဒိန်း၏ လူစုသည် အဝတ်လျှော်ရန် ထွက်ခဲ့ကြ၏။ ကပ္ပတိန် ဟားဒိန်းကမူ ဆပ်ပြာလုပ်ရန် ပိုတက်(ရှ)နှင့်ဆီ စသည့် ကုန်ကြမ်းများကို ရှာ ဖွေလျက်ရှိ၏။ သူတို့ ဝတ်ဆင်ထားသည့် အဝတ်အစားများသည် နောက်ခြောက်လခန့် ဝတ်ဆင်နိုင်သေး၏။

ယမန်နေ့က တိုင်းတာချက်များကို ပြည့်စုံစေရန် သူတို့ နေသော ကျောက်ဂူကြီးအနီးမှ ကျောက်ကမ်းပါးကြီးကို တိုင်းတာရန် လိုအပ်၏။ ကပ္ပတိန်ဟားဒိန်းသည် သူ၏အရပ်နှင့် မှန်းဆ ညီနိုင်းကာ တစ်ဆယ့်နှစ်ပေရှည်သော တုတ်ချောင်းတစ်ခုကို တိကျစွာ ပြုလုပ်လေသည်။ ကျောက်ကမ်းပါးမှ ပေ၁ါးရာဝေးသောနေရာတွင် ထိုဆယ့်နှစ် ပေရှိသော တုတ်ကိုစိုက်ပြီးနောက် ညီမျှသော တြိဂံနှစ်ခုတွက်နည်းဖြင့် တွက်ပြီးလျှင် ကျောက်ကမ်းပါးကြီးမှာ ၃၃၃ ပေ မြင့်ကြောင်း တွက်၍ရရှိလေသည်။ အယ်ဖာကြယ်နှင့် မိုးကုပ်စက်ဝိုင်း၏ အောက်သို့ကြည့်ပြီးလျှင် ရရှိသည့် ဒီဂရီကို ၂၇ ဒီဂရီနှင့် ပေါင်းကြည့်ခြင်းအားဖြင့် ၅၃ ဒီဂရီရပြန်၏။ အီကွေတာနှင့် တောင်ဝင်ရိုးစွန်းတည်ရှိသည့် ထောင့်မှန် ၉၀ ဒီဂရီမှ ၅၃ ဒီဂရီကို နုတ်ခြင်းဖြင့် 'လင်ကွန်း'ကျွန်းကြီးသည် တောင်ဖက် ၃၇ ဒီဂရီ လတ္တီတွဒ်တွင် တည်ရှိကြောင်း တွေ့ရ၏။

နေမွန်းတည့် ၁၂ နာရီအချိန်တွင် လောင်ဂျီတွဒ်ကို တွက်ကြည့်ရန် သာရှိ၍ တောင်'မင်ဒီဘယ်အငူ'သို့ သွားကြရန် ဆုံးဖြတ်ပြီးနောက် သူတို့

* **Sextant** စက်ဝိုင်း၏ ခြောက်ပုံတစ်ပုံဖြစ်၍ ဝတ္ထုတစ်ခု နှင့်တစ်ခု ထောင့်အကွာကိုတိုင်းသည့် ကိရိယာ ဖြစ်၏။ ကောင်းကင်မှ ကြယ်တာရာတစ်ခုနှင့် မိုးကုပ်စက်ဝိုင်း တည်ရှိသည့် နေရာ ထောင့်အကွာအဝေးကိုဖြစ်စေ၊ ကောင်းကင်မှ ကြယ် တာရာတစ်ခုနှင့်တစ်ခု ထောင့်အကွာအဝေးကို ဖြစ်စေ တိုင်းထွာသည့် ကိရိယာ ဖြစ်သည်။





အားလုံး ထွက်လာကြပြီးလျှင် သောင်ပြင်ပေါ်၌ နံနက်စာ စားရန် စီစဉ်ကြ၏။ ဆေးဖတီကျွန်းနှင့် ရေလက်ကြားအတွင်း ငှက်မျိုးစုံကို တွေ့ရ၏။ ကျောက်ခေါင်းတိုင်လိုဟာဂူကြီးနှင့် ငါးမိုင်ခန့်ဝေးသည့် နေရာသို့ရောက်လျှင် ဒီရေသည် အတန်ငယ် ကျသွားသဖြင့် ကျောက်စွန်းတစ်ခုအတွင်း၌ ကမာကောင်များ စုပုံနေသည်ကို 'နက်'က တွေ့ရ၏။ ကမာကောင်သည် တစ်နှစ်လျှင် ဥပေါင်း ခြောက်သောင်းခန့် ဥနိုင်သဖြင့် သူတို့လူစုအဖို့ နောင်တွင် ကမာကို လှိုင်လှိုင်ကြီး စားနိုင်ကြတော့မည့်အကြောင်း သိရသဖြင့် ဝမ်းမြောက်ကြရတော့၏။ သို့နှင့် ကမာကောင်များကို လျှော်ကြိုးပိုက်ကွန်အတွင်းတွင် အလုံအလောက် ထည့်၍ယူခဲ့ကြပြီးလျှင် ရှေ့သို့ခရီးဆက်ကြပြန်လေသည်။

ပင်ကရော့က သေနတ် တစ်လက်နှစ်လက်လောက်ရှိလျှင် ကောင်းမှာပဲဟု ညည်းညူလျက်ရှိရာ ကပ္ပတိန်ဟားဒိန်းက သေနတ်ပြောင်းအတွက် သံလိုကြောင်း၊ မောင်းရိုက်တံအတွက် သံမဏိရှိရန် လိုကြောင်း၊ ယမ်းစိမ်း၊ မီးသွေးမှုံ၊ ကန့်၊ ပြဒါးများရလျှင် သေနတ်နှင့်တကွ ယမ်းတောင့်များ လုပ်နိုင်မည်ဟုပြောပြ၏။

"ကျုပ်တို့မှာပါတဲ့ လက်နက်တွေအားလုံး မီးပုံးပျံပေါ်က ပစ်ချခိုင်းတော့ အခုဘာလက်နက်မှ မရှိတော့ဘူး" ဟု ပင်ကရော့ကပြောရာ . . .

"ဒါကတော့ ဒီပစ္စည်းတွေအားလုံး ပင်လယ်ထဲ ပစ်မချရင် ကျွန်တော်တို့အားလုံး ရေအောက်ထဲ ရောက်သွားမှာပေါ့"

ဟု ဟာဗတ်က ကြားဖြတ်၍ ပြောလိုက်၏။ ထိုအခါ ကပ္ပတိန်ဟားဒိန်းက . . .

"တစ်နေ့နေ့တော့ ဒီကျွန်းကြီးက ထွက်နိုင်မယ့် နည်းလမ်းတစ်ခုကို တွေ့မှာပါ"

ဟု သူတို့အားလုံးအား နှစ်သိမ့်လိုက်၏။ ယမန်နေ့က တွက်ချက်ရရှိထားသည့် လတ္တီတွဒ်အရ လင်ကွန်းကျွန်းသည် အနောက်ဘက်တွင် 'နယူးဇီလန်ကျွန်း'ရှိ၍ အရှေ့ဘက်တွင် 'ချီလီ'ပြည်ရှိကြောင်း သိရလေသည်။

နံနက် ၁၁ နာရီခွဲချိန်ခန့်တွင် နံနက်စာစားကြပြီးနောက် ကပ္ပတိန်ဟားဒိန်းက နက္ခတ်တာရာများကို ကြည့်ရှုရန် ပြင်ဆင်လေသည်။ ခြောက်ပေအရှည်ရှိသော တုတ်ကို နေနှင့်ဆန့်ကျင်ဘက် အရပ်သို့ စောင်း၍ စိုက်လိုက်ပြီးနောက်၊ ၎င်းမှထွက်သည့် အရိပ်ကျနေသော နေရာကို ကြည့်ရ၏။ ထိုအရိပ်သည် ဒိုင်ခွက်၏ လက်တံဖြစ်၍ အတို ဆုံးအချိန်မှာ နေမွန်းတည့်သော အချိန် ၁၂ နာရီဖြစ်၏။

"ဘယ်နှစ်နာရီထိုးပြီလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ကပ္ပတိန် ဟားဒိန်းက မေးလိုက်ရာ ....

"ငါးနာရီထိုးပြီးလို့ တစ်မိနစ်"

ဟု စပိလက်က ဖြေလိုက်၏။ လင်ကျွန်းကျွန်း၌ နေမွန်းတည့်ချိန်တွင် ဝါရှင်တန်မြို့၌ ညနေ ၅ နာရီဖြစ်ရာ၊ ထို ၁၅မိနစ်ကို ငါးနာရီဖြင့် မြှောက်လျှင် ၇၅ ဒီဂရီ ရရှိလေသည်။

ဝါရှင်တန်မြို့သည် ၇၇ ဒီဂရီ ၃ မိနစ်၌ တွင်ရှိသဖြင့် လင်ကွန်းကျွန်းကြီးသည် ဂရင်းနစ်(ဂျ)မျဉ်းကြောင်း၏ အနောက်ဘက် ၁၅၅ ဒီဂရီ၌ တည်ရှိလေသည်။

သို့ဖြစ်၍ လင်ကျွန်းကျွန်းသည် တဟီတီကျွန်းမှ မိုင်ပေါင်း ၁၂၀၀၀ ခန့်၌ရှိပြီးလျှင် နယူးဇီလန်ကျွန်းမှ မိုင် ၁၈၀၀ ခန့်တွင် တည်ရှိ၏။ အမေရိကန်ပြည်မှဆိုလျှင် မိုင် ၄၅၀၀ ခန့်အကွာအဝေးတွင် တည်ရှိမည်ဟု ခန့်မှန်းရလေသည်။ ဤကျွန်းမှာ သေးငယ်လှသဖြင့် ပုစိဖိတ်သမုဒ္ဒရာ၏ တောင်ဘက်ပိုင်းတွင် တည်ရှိနေသည်ကို ကပ္ပတိန် ဟားဒိန်းသည် မမှတ်မိနိုင်အောင် ရှိတော့၏။

## ဆောင်းရာသီတွင် ကျွန်းပေါ်၌နေကြရန် ဆုံးဖြတ်ကြခြင်း

ဧပြီလ ၁၇ ရက်နေ့ နံနက်တွင် ပင်ကရော့ကစပိလက်အား

"ကျုပ်တို့ ဒီနေ့ဘာလုပ်ကြမလဲ"

"ကပ္ပတိန်ရဲ့သဘောပဲ"

ကပ္ပတိန်ဟားဒိန်းသည် သူတို့နှစ်ယောက် စကားပြောနေသည်ကို ကြည့်ရှု နားထောင်လျက်ရှိနေ၏။

သူတို့သည် မကြာမီ သတ္တုကျောက်များကို ခွဲ၍ သတ္တုထုတ်သည့်အလုပ်များကို လုပ်ကိုင်ကြရပေတော့မည်။ ယမန်နေ့က 'ပင်ဒီဘယ်' အငူသို့သွားရောက် ကြည့်ရှုရာတွင် ကျောက်လိုဏ်ဂူကြီးမှ ၇မိုင်ခန့်ဝေးသော နေရာတွင် သောင်ပြင်ကြီးဆုံးသွား၍ မီးတောင်မှ ထွက်လာသော ကျောက်တုံးကျောက်ခဲများကို တွေ့ခဲ့ရ၏။ ထိုနေရာ သို့ ခေတ္တမျှ သွားရောက်ကြည့်ရှုပြီးလျှင် ကျောက်ဂူသို့ ပြန်ခဲ့ကြ၏။

ထိုည အိပ်ရာဝင်သောအခါ သူတို့သည် လင်ကွန်းကျွန်းကြီးမှ ထွက်ခွာသွားနိုင်မည်၊ မသွားနိုင်မည်ကို စဉ်းစားမိကြရာမှ အသေအချာ မပြောနိုင်သေးသဖြင့် အိပ်၍ မပျော်နိုင်ကြအောင်ပင် ရှိတော့၏။

ဤနေရာမှနေ၍ မိုင်ပေါင်း ၁၂၀၀၀ ခန့်ဝေးသည့် 'ပေါမိုးတု' ကျွန်းသို့လှေဖြင့်သွားရန်မှာ ဤရာသီဥတုမျိုးတွင် မဖြစ်နိုင်သေးချေ။ လှေတစ်စင်း





ဆောက်လုပ်ရန် ကိရိယာ တန်ဆာပလာများ မရှိသေးသဖြင့် တူ၊ ပုဆိန်၊ ဆွံ့၊ ရွှေပေါ် စသည်များ လိုအပ်သည့်အတိုင်း ယင်းကိရိယာတန်ဆာပလာစသည်းများကို ပထမဦးစွာ ပြုလုပ်ရန်လို၏။ ယင်းတို့ကို ပြုလုပ်ရန်အချိန်ကလည်း အတော်ကြာဦးမည် ဖြစ်၏။

သို့နှင့် သူတို့သည် လာမည့် ဆောင်းရာသီ အချိန်အတွင်း လင်ကွန်းကျွန်း၌ပင် ဆက်လက်နေထိုင်ရန်နှင့် ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးထက် သင့်လျော်မည့် အခြားနေရာတစ်ခုကို ရှာဖွေကြရန် ဆုံးဖြတ်လိုက်ကြ၏။

ပထမဆုံး သူတို့လုပ်ရမည့်အလုပ်မှာ ကျွန်း၏မြောက်ပိုင်းတွင် ကပ္ပတိန်ဟားဒိန်း တွေ့ခဲ့သော သံသတ္တုကျောက်ရိုင်းကို သံ၊ သို့မဟုတ် သံမဏိအဖြစ် ပြောင်းလဲအောင် လုပ်ရန်ဖြစ်၏။ သံသတ္တု ကျောက်ရိုင်းများမှာ အောက်စီဂျင်ဓာတ်နှင့် ကန့်များရောထွေးနေတတ်သဖြင့် သတ္တုတုံးကို ပေါင်းဖို၌ ဆည့်ပြီးလျှင် အောက်စီဂျင်ဓာတ်ကို ထုတ်ရမည်ဖြစ်၏။

ပင်ကရော့က ကပ္ပတိန်ဟားဒိန်းအား ကြည့်ပြီးလျှင် ...

"ကျွန်တော်တို့ သံသတ္တုရိုင်းတွေ ရအောင်လုပ်ဖို့လိုမှာပဲ"

"ဟုတ်တယ်၊ ဒီအတွက် ပထမ ပင်လယ်ဖျံတွေကို ဖမ်းဖို့လိုမယ်"

"သံသတ္တုရိုင်းရအောင် ပင်လယ်ဖျံကို ဖမ်းဖို့လိုသလား"

"ကပ္ပတိန်ဟားဒိန်းပြောသလို လုပ်ကြတာပေါ့"

ဟု စပိလက်က ပင်ကရော့အား ခပ်တည်တည် ကြည့်ပြီးလျှင် ကြားဖြတ်၍ ပြောလိုက်၏။

ကပ္ပတိန်ဟားဒိန်းသည် သူတို့အား တစ်စုံတစ်ရာ ပြန်၍ မပြောဘဲ ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးမှ ထွက်သွားရာ၊ သူ၏ လူများလည်း ယူစရာရှိသော ပစ္စည်းများကို ယူကာ၊ ၎င်း၏ နောက်သို့ အမီလိုက်ကြရ၏။ ထို့နောက် သူတို့သည် ရေလက်ကြားကို ဖြတ်၍ ကျွန်းကလေးပေါ်သို့ ရောက်ကြသောအခါ ကျွန်း၏မြောက်ဘက်အစွန်း တွင် ပင်လယ်ဖျံများကို ရေထဲတွင် တွေ့ကြရ၏။ သို့နှင့် ဖျံများကုန်း ပေါ်သို့တက်၍ နေပူစာလှုံမည့် အချိန်အထိ စောင့်ဆိုင်းရန် ကပ္ပတိန် ဟားဒိန်းက အချက်ပေးလိုက်သဖြင့် သူတို့သည် ကျောက်တုံးများ အကွယ်မှ စောင့်ဆိုင်းနေကြ၏။ ပင်ကရော့က အသံပြုလိုက်သည်တွင် ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူနှစ်ယောက်ဝင်၍ ဖျံများကို တင်းပုတ်များဖြင့် ရိုက်ကြရာ၊ ဖျံနှစ်ကောင်ရလိုက်လေသည်။

သံရည်ကျိုရန် ပေါင်းဖို၌ ဖျံအရေခွံများကို ဖားဖိုပြုလုပ်၍ အသုံးပြုမည်ဖြစ်ကြောင်း ကပ္ပတိန်ဟားဒိန်းက ရှင်းပြမှ ပင်လယ်ဖျံများ အသုံးဝင်ပုံကို သူ၏အဖော်များက နားလည်ကြလေသည်။ ဒီရေ ကျသောအချိန်၌ သူတို့



www.burmeseclassic.com

www.burmeseclassic.com



သည် ကျောက်ခေါင်းတိုင်လိုဏ်ဂူကြီးသို့ ပြန်လာကြပြီးနောက် ဖျံရေများကို သစ်သားဘောင်၌ ကားကျက်ပြီးလျှင် နေလှမ်းထားကြ၏။

၃ ရက်ခန့်ကြာသောအခါ ဖားဖိုကြီးကို ဖျံသားရေကျက်၍ ပြုလုပ်ပြီးပြီဖြစ်သောကြောင့် အသင့်ရှိနေပြီဖြစ်၏။ ထို့နောက် သူတို့လည်းလိုသော ပစ္စည်းများကို ယူပြီးလျှင် သံရည်ကျိုလုပ်ငန်းကို စတင် ပြုလုပ်ရန် သွားကြ၏။ လမ်းခရီးမှာ သစ်တောကိုဖြတ်၍ သွားရသောကြောင့် ဟာဗတ်နှင့် စပိလက်တို့က သားပိုက်ကောင် နှစ်ကောင်ကို မြားဖြင့်ပစ်ခတ်ရရှိ၏။ ရေနီချောင်းသို့ ရောက်သောအခါ၊ ၎င်းမှ ပေ ၁၀၀ ခန့်ဝေးသည့်နေရာတွင် စခန်းချရန် တဲတစ်လုံး ဆောက်လုပ်ကြ၏။ သံရည်ကျိုအလုပ်မှာ နေ့ရောညပါ ညဥ့်အိပ်ညဥ့်နေ ပြုလုပ်ကြရမည်ဖြစ်၏။ ချောင်းနှင့်နီးနေသဖြင့် သောက်ရေအတွက် စိုးရိမ်ရန် မလိုချေ။ ထိုညတွင် အလှည့်နှင့် အစောင့်ချထားသဖြင့် ကျန်လူများမှာ နှစ်ခြိုက်စွာ အိပ်စက်ကြရလေသည်။

သံသတ္တုကျောက်ရိုင်းတုံးများကို အတုံးကလေးများ ဖြစ်အောင်ပြုလုပ်၍ ကျောက်မီးသွေးနှင့် တစ်ထပ်စီ ပေါင်းဖိုတွင်း၌ စုပုံထားရလေသည်။ ကျောက်မီးသွေးကို မီးရှို့၍ ဖားဖိုမှ လေအားပေးခြင်းဖြင့် သံရည်များကို ရရှိလေသည်။ ထိုသံရည်ကို ခဲစေပြီးလျှင် အတုံးများ ပြုလုပ်ပြီးနောက် သံပြားချောင်းများဖြစ်အောင် ထုကြရ၏။ ထိုသံပြားများကို ပုဆိန်များ၊ သံတူရွင်းများ ဖြစ်အောင် ပြုလုပ်ကြပြန်၏။ ဤအဆင့်တွင်ရရှိသော သံများကို လုံကြီးအတွင်း ကျောက်မီးသွေးဖြင့် ရောစပ်ပြုပြင်ခြင်းအားဖြင့် သံမဏိကို ရနိုင်၏။ သို့ဖြစ်၍ သံမဏိပြုလုပ်ရန် လိုသေးကြောင်း ကပ္ပတိန်ဟာဒိန်းက သူ၏လူများကို ပြောပြလေသည်။ ဤသို့ဖြင့် သံမဏိကို နောက်ဆုံးရရှိကြလေသည်။

သံမဏိဖြင့် ပြုလုပ်ပြီးဖြစ်သော ပုဆိန်နှင့် တူရွင်းများကို နက်နှင့် ပင်ကရော့တို့က နီအောင်မီးဖုတ်ပြီးနောက် ရေအေးထဲသို့ထည့်လိုက်ရာ၊ ပုဆိန်များမှာ မာကြော၍ သွားလေသည်။

ဤသို့ဖြင့် သူတို့အလိုရှိသော သံထည်ပစ္စည်းများကို ရရှိခဲ့ပြီးနောက် ကျောက်ခေါင်းတိုင်လိုဏ်ဂူကြီးသို့ မေလ ၅ရက်နေ့တွင် ပြန်လာကြလေသည်။ လက်နက်ကိရိယာများ ပြည့်စုံပြီး ဖြစ်သောကြောင့် လုပ်ငန်းသစ်စရန်သာ ရှိတော့၏။

## နေအိမ်တစ်ခုဆောက်လုပ်ရန် ဆွေးနွေးကြခြင်း

လင်ကွန်းကျွန်းကြီး၏ ရာသီဥတုမှာ တဖြည်းဖြည်း အေးစပြုလာပြီး





နောက် အပူချိန်မှာ ၁၂ ဒီဂရီခန့် ရှိပေမည်။ ဤသို့ဆိုလျှင် အလွန်အေးမည်ဖြစ်၍ အအေးဒဏ်ကို ကာကွယ်ရန် လိုအပ်လာ၏။ ဆောင်းရာသီမရောက်မီ မိုးဥတု အချိန်တွင်လည်း ပင်လယ်ကြီးအတွင်း ကျွန်းထီးထီး တစ်ကျွန်းဖြစ်နေသဖြင့် လေပြင်းမုန်တိုင်းများ ကျရောက်ဖွယ်ရှိသောကြောင့် ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးထက် လုံခြုံ၍ အဆင်ပြေမည့် နေရာတစ်ခုသို့ အမြန်ရှာဖွေ ပြောင်းရွှေ့ရန် ဆုံးဖြတ်ကြ၏။

ကျောက်လိုဏ်ဂူကြီးအတွင်းသို့ ဒီရေတက်ခဲ့စဉ်က ပစ္စည်းများ ဆုံးရှုံးခဲ့ရသောကြောင့် နောက်တစ်ကြိမ် ရာသီဥတု ဆိုးရွားလာသည့်အခါ ဤကိစ္စမျိုး ထပ်မံမဖြစ်ပေါ်စေရန် လိုအပ်ပေသည်။ ကပ္ပတိန်ဟာဒိန်းက သူ၏အဖော်များအားကြည့်ပြီးနောက် . . .

“ကျုပ်တို့ကြိုတင် ကာကွယ်မှုတွေ လုပ်ထားဖို့လိုလာပြီ”

စပိလက်က . . .

“ဒီကျွန်းပေါ်မှာ လူမနေဘဲ ဒါတွေလုပ်ဖို့ လိုသေးလို့လား”

ကပ္ပတိန်က . . .

“လူမနေပေမယ့် လူကို အန္တရာယ်ပေးနိုင်မယ့် သားရဲတိရစ္ဆာန်တွေ ရှိတယ်၊ နောက်တစ်ခုကတော့ မလေး(ပရူးလူမျိုး) ပင်လယ် ဓားပြတွေလာရင် ခုခံဖို့လိုမယ်”

ပင်ကရော့က . . .

“ဒီလိုဆိုရင် ကျွန်းကြီးတစ်ခုလုံးကို ကျုပ်တို့နှံ့အောင် လိုက်ကြည့်ကြမယ်၊ ကျုပ်တို့နေထိုင်နိုင်မယ့် ဥမင်လိုဏ်ခေါင်း တစ်ခုခုတော့ တွေ့မှာပေါ့”

ကပ္ပတိန်က . . .

“ကျုပ်တို့နေမယ့် နေရာကို မာစီသောင်ပြင်နဲ့ ဂရန့်ရေကန်ကြားမှာ ရွေးဖို့လိုလိမ့်မယ် ထင်တယ်။ အရှေ့ဘက်ကို မျက်နှာလှည့်ဆောက်ရင် အနောက်မြောက်ကတိုက်မယ့် ကုန်သည်လေကို ကာကွယ်နိုင်မယ်။ သဘာဝ အလျောက် ဖြစ်ပေါ်နေတဲ့ လိုဏ်ဂူတစ်ခုရမယ် ဆိုရင်တော့ အချိန်လည်း မကုန်ဘူး။ လူတွေလည်း သက်သာမယ်”

စပိလက်က . . .

“ဒါပေမယ့် ကျောက်ကမ်းပါးကြီးကို ကျုပ်တို့လိုက်ကြည့်တုန်းက အက်ကွဲကြောင်းဖြစ်နေတဲ့ နေရာလည်း မရှိဘူး။ ဥမင်လိုဏ်ခေါင်းလည်း တစ်ခုမှမတွေ့ရဘူး။ ဘယ့်နဲ့လုပ်မလဲ”

“ကျောက်ထရံကြီးရဲ့ သင့်တော်တဲ့အမြင့်မှာ လိုဏ်ဂူတစ်ခု ထွင်းရင် အကောင်းဆုံးပေါ့၊ ပင်လယ်ဘက်ကိုလည်း မြင်ရမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပင်ကရော့က ဝင်၍အကြံပေးလိုက်၏။

ဟာဗတ်က ရယ်မောလျက် . . .

"အလင်းရောင် ရအောင် ပြူတင်းပေါက်တွေလည်း ဖောက်ကြတာပေါ့ဗျာ"

"ခင်ဗျားတို့ ရယ်နေကြတာက မဖြစ်နိုင်ဘူး ထင်လို့လား။ ကျုပ်တို့မှာ ပုံဆိန်တွေ၊ တူတွေ၊ တူရွင်းတွေရှိနေပြီ။ လိုဏ်ဂူ ဖြစ်အောင် ကျောက်ထရံကြီးရဲ့တစ်နေရာကို ဒိုင်းနမိုင်းနဲ့ ဖောက်ခွဲလိုက်ရင် ရနိုင်တာပဲ။ ကပ္ပတိန်က ကျွန်တော်တို့လိုချင်တဲ့ ဒိုင်းနမိုင်းလုပ်ပေးမယ် မဟုတ်လား"

ဟု ပင်ကရော့က ကပ္ပတိန်ဟားဒိန်းအား ကြည့်ရင်း ပြောလိုက်၏။

ထိုအခါ စိတ်အားထက်သန်စွာ အကြံပေးနေသော ပင်ကရော့ကို ကြည့်ရင်း ကပ္ပတိန်ဟားဒိန်းက ကျောက်ထရံကြီးမှာ လိပ်သဲကျောက် အမျိုးအစားဖြစ်၍ အလွန်မာကြောသောကြောင့် ဒိုင်းနမိုင်းဖြင့် ဖောက်ခွဲပြီးလျှင် ဂူဖြစ်အောင် လုပ်ရန်အချိန်အလွန်ကြာမည်ဖြစ်ကြောင်း စဉ်းစားမိ၏။ ထို့ကြောင့် မည်သို့မျှ ပြန်လည်ဖြေကြားခြင်းမပြုဘဲ မြစ်ဝဘက်မှ မြောက်ဘက်ထိပ်အတွင်းရှိ ကျောက်ထရံကြီးကို အသေးစိပ်ကြည့်ရှုရန် အကြံပေးလိုက်လေသည်။

ကပ္ပတိန်နှင့်အတူ သူတို့သည် ကျောက်ထရံကြီးအတိုင်း နှစ်မိုင်တိတိလျှောက်၍ အသေးစိပ်လေ့လာကြရာ၊ နီများ အသိုက်လုပ်နေသည့် ကျောက်ခွက်ကလေးများမှလွဲ၍၊ မည်သည့်အပေါက်မျှ မရှိကြောင်း တွေ့ရ၏။ ကျောက်ထရံကြီးမှာ မြောက်ဘက်တွင် တစ်ဆစ်ချိုးဖြစ်သွားပြီးနောက် ပင်လယ်ကမ်းခြေဘက်သို့ တဖြည်းဖြည်း နိမ့်လျှောသွားသည်ကို တွေ့ရလေသည်။ ရေကန်ကြီးမှ ပိုလျှံသည့် ရေများသည် ဤနေရာမှဖြတ်ကျော်၍ ပင်လယ်ဘက်သို့ စီးဆင်းသွားလိမ့်မည်ဟု သူတို့ ယခင်က ယုံကြည်ခဲ့သော်လည်း ရေထွက်သည့်အပေါ[illegible]၍ မတွေ့ရချေ။ ရေနီချောင်းမှ ဂရန့်ရေကန်သို့ စီးဝင်နေသော ရေများကြော[illegible]န်အတွင်းမှ ပိုလျှံနေသော ရေများသည်၊ တစ်နည်းနည်းဖြင့် အပြင်သို့ စီးဆင်းသွားရပေမည်။ သို့နှင့် ရေကန်ကြီး၏ မြောက်ဘက်ကမ်းသို့ တိုက်ရိုက်မသွားဘဲ ရေနီချောင်းဝသို့ ရောက်အောင် တောင်ကုန်းကို ကွေ့၍ သွားကြ၏။

'တော့' သည် ၁၅ ပေခန့်ရှိသော မြွေငန်းကြီး တစ်ကောင်အနီး၌ ရပ်၍ ဟောင်နေသည်ကို တွေ့ရသောကြောင့် 'နက်'က သူ၏ တင်းပုတ်ဖြင့် မြွေကြီးကို ရိုက်သတ်လိုက်၏။ အဆိပ်ရှိသော အခြားမြွေများ လည်းရှိနိုင်သဖြင့် သူ၏လူများအား သတိနှင့်သွားကြရန် ကပ္ပတိန်ဟားဒိန်းက ပြောရင်း 'တော့'





ကို သူ၏အနီးသို့ ခေါ်ထားလိုက်ရ၏။ ရေနီချောင်းမှ ရေကန်ကြီး အတွင်းသို့ စီးဝင်သောရေများမှာ အတော် များသဖြင့် ရေကန်မှ ရေပိုရေလျှံများအတွက် သဘာဝထွက်ပေါက် တစ်ခု မုချရှိရပေမည်။ 'တော့'သည် ကမ်းစပ်အတွင်းရှိ ချုံများအတွင်းသို့ ရုတ်တရက်ဝင်၍ တိုးလိုက်ရာ၊ ရေကြက်များ လန့်ဖျပ် ပျံတက်သွားသည်ကိုတွေ့ရသဖြင့် စပီလက်နှင့်ဟာဗတ်တို့က ၎င်းတို့အား မြားနှင့် ပစ်လိုက်ကြ၏။ ရေကြက်တစ်ကောင်သည် ဟာဗတ်၏ မြားချက်ဖြင့် ကျလာရာ၊ 'တော့'သည် ကြက်သေကောင်ကိုသွား၍ ကိုက်ချီယူလာခဲ့၏။ သူတို့အဖို့ ညစာကြက်သားဟင်းတစ်ခွက် တိုးလာလေသည်။

မကြာမီ ရေကန်ကြီး၏ အရှေ့ဘက်ကမ်းသို့ ရောက်သွားသော်လည်း ရေထွက်သည့်အပေါက်ဟူ၍ မတွေ့ရသောကြောင့် အံ့သြနေမိကြ၏။ ခွေးလိမ္မာ 'တော့'သည် ကမ်းစပ်တစ်လျှောက် တစ်ခဏမျှ သွားချည်ပြန်ချည်လုပ်နေပြီးနောက်၊ ရုတ်တရက် ရပ်လိုက်ကာ ရေပြင်တစ်နေရာဆီသို့ စိုက်၍ကြည့်ရင်း ခြင်းစွာဟောင်နေသည်ကို တွေ့ရ၏။ ထို့နောက်တစ်ဖန် ဟောင်ချည်တစ်ခါ ရပ်ချည်တစ်လှည့် လုပ်နေသည်ကို ကပ္ပတိန်ဟားဒိန်းက သတိပြုလိုက်မိ၏။

"တော့ – ရေကန်ထဲမှာ ဘာရှိလို့လဲကွ"

တော့သည် သူ၏သခင်အနီးသို့လာပြီးလျှင် ကမ်းစပ်သို့ တစ်ဖန်ပြန်ပြေးပြီးနောက် ရေထဲသို့ ရုတ်တရက် ခုန်ချလိုက်၏။

"တော့"ဟု ကပ္ပတိန် ဟားဒိန်းက ခေါ်လိုက်ရာ၊ ပင်ကရော့က

"ရေအောက်မှာ ဘာဖြစ်နေသလဲ မသိဘူး"

"မိချောင်းများလား"

ဟု စပီလက်က ရေထဲသို့ကြည့်ရင်း ပြောလိုက်ရာ ကပ္ပတိန် ဟားဒိန်းက . . .

"တောင်ပေါ်မှာ မိချောင်းမနေဘူးဗျ"

'တော့'သည် ရေထဲမှတစ်ဖန် ကုန်းပေါ်သို့ ပြန်တက်လာပြီးလျှင် အငြိမ်မနေနိုင်အောင် ဖြစ်နေသည်ကို တွေ့ရ၏။ အကယ်၍ ရေထဲ၌ သက်ရှိသတ္တဝါတစ်ကောင်ကောင်ရှိနေလျှင် လှုပ်ရှားမှုတစ်ခုကို မြင်ရမည်ဖြစ်၏။ ယခုမူ ထိုနေရာ၌ ရေသည် ငြိမ်သက်နေသဖြင့် ထူးဆန်းသော အကြောင်းတစ်ခု ရှိလိမ့်မည်ဟု ယုံကြည်ရ၏။ ကပ္ပတိန် ဟားဒိန်းက မကျေနပ်သည့်ဟန်ဖြင့် . . .

"ရေထွက်ပေါက်ရှိရမယ်"

စပီလက်က . . .

"ရေထွက်ပေါက်က ဘာကြောင့် ဒီလောက် အရေးကြီးနေတာလဲ"

ကပ္ပတိန်က . . .



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတာပေါ့၊ ရေထွက်ပေါက်ဟာ ကျောက်ကြားထဲက စီးထွက်နေရင် အဲဒီနေရာကို ရေမရှိအောင်လုပ်ပြီး ကျောက်ကြားထဲမှာ လှူနေနိုင်မယ်"

ထိုအခါမှ ကပ္ပတိန်ဟားဒိန်းယူဆပုံကို ကောင်းစွာ သဘောပေါက်နားလည်သွားကြတော့၏။ ဤကဲ့သို့ ရေထွက်ပေါက်ရှာ မတွေ့ရသဖြင့် သူတို့အားလုံး လက်လျှော့လိုက်ကြပြီးလျှင် ကျောက်ခေါင်းတိုင်ကြီးသို့ ပြန်မည်အပြုတွင် 'တော့'သည် တစ်ကြိမ်ပြင်းစွာ ဟောင်လိုက်ပြီးနောက် ယခင်ကအတိုင်း ရေထဲသို့ ရုတ်တရက် ခုန်ချလိုက်သည်ကို တွေ့ရပြန်၏။ ထိုအခါ၌ကား 'တော့'သည် ဝေလငါးနှင့်တူသည့် ရေသတ္တဝါတစ်ကောင်နှင့် လုံးထွေးနေသည်ကို တအံ့တဩ တွေ့မြင်ကြရ၏။ သို့သော် မည်သူမျှ ၎င်းအားမကူညီနိုင်ဘဲ ရှိလေသည်။ 'တော့' သည် ရေပေါ်သို့ ပေါ်လာပြီးနောက် လေထဲသို့ ၁၀ ပေခန့် ထူးဆန်းစွာ မြောက်တက်သွားပြီးနောက် အောက်သို့ပြန်အကျတွင် ကမ်းစပ်သို့ ကူးလာသည်။ ၎င်း၏ကိုယ်၌ကား ဒဏ်ရာဒဏ်ချက်ဟူ၍ မတွေ့ရချေ။ ရေထဲ၌မူ ရုန်းရင်းဆန်ခတ် လှုပ်ရှားနေသည်ကို ထူးဆန်းစွာ တွေ့မြင်ရသဖြင့် အံ့သြ၍နေမိကြ၏။ မကြာမီ ထိုနေရာ တစ်ဝိုက်ရှိ ရေမှာ သွေးများဖြင့် နီရဲသွားပြီးလျှင် ဝေလငါးအငယ်စား နှင့်တူသည့် ငါးကြီးတစ်ကောင်သည် တောင်ဘက်ကမ်းစပ်သို့ ခုန်တက်သွားပြီးနောက် ငြိမ်သက်သွားတော့၏။ ငါးကြီးမှာ ၁၅ ပေခန့် ရှည်လိမ့်မည်ဟု ခန့်မှန်းရ၏။ အသေအချာကြည့်ရှုကြသောအခါ လည်ပင်းအနီးတွင် ချွန်ထက်သည့် လက်နက်တစ်ခုကြောင့် ဖြစ်ဟန်တူသော ဒဏ်ရာကြီးတစ်ခုကို တွေ့ရ၏။ မည်သည့်ရေသတ္တဝါတစ်ကောင်ကြောင့် ငါးကြီးသေသွားရသည်ကိုမူ စဉ်းစား၍မရအောင် ရှိကြတော့၏။ ထို့နောက် သူတို့လည်း ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးရှိရာသို့ ပြန်လာခဲ့ကြလေသည်။

## ဂရန့်ရေအိုင်ကြီးသို့ ထပ်မံသွားကြခြင်း

မေလ (၇)ရက်နေ့ နံနက်တွင် 'နက်' အား နံနက်စာကို အသင့်ချက်ပြုတ်ထားရန် လိုဏ်ဂူကြီး၌ ထားခဲ့ပြီးနောက် ကပ္ပတိန်ဟားဒိန်းနှင့် စပိလက်တို့သည် ပရော့စပက်တောင်ပေါ်သို့ ထွက်ခဲ့ကြ၏။ ဟာဗတ်နှင့် ပင်ကရော့ကမူ ထင်းခွေရန် မြစ်ကြောင်းအတိုင်း အထက်သို့ ဆန်တက်သွားကြ၏။ မကြာမီ ကပ္ပတိန်ဟားဒိန်းနှင့် စပိလက်တို့သည် ယမန်နေ့က ကမ်းပေါ်သို့တက်၍ သေနေသော ငါးသေကြီးရှိရာသို့ ရောက်လာပြီးလျှင် ငါးကြီး၏ အဆီများကို ထုတ်ယူကြ၏။ ငါးသေကြီးရှိနေသော ကမ်းစပ်မှ ကမ်းခြေသည် ရေကန်





အတွင်းသို့ တဖြည်းဖြည်း နိမ့်ဆင်းသွားသည်ကို တွေ့ရ၏။ ကန်အလယ်၌မူ ရေအဆော်နက်ဟန်တူ၏။ ရေကန်ကြီးကို စိုက်ကြည့်ရင်း ကပ္ပတိန်ဟားဒိန်းက

"မနေ့က 'တော့' နဲ့ ငါးကြီး ထွေးလုံး သတ်ပုတ်နေတုန်း 'တော့' ဟာ လေထဲမြောက်တက်သွားပြီး ပြန်အကျမှာ ကုန်းပေါ်ကို ကူးလာတယ်၊ ငါးကြီးကတော့ သူ့လည်ပင်းမှာ ဒဏ်ရာကြီးနဲ့ ကုန်းပေါ်တက်ပြီး သေသွားတယ်။ ဒဏ်ရာကတော့ လက်နက်တစ်ခုခုတရာနဲ့ ထိုးလိုက်တဲ့ ဒဏ်ရာနဲ့တူတယ်။ ဒီဟာတွေ ဘယ်လိုလုပ်ပြီး ဖြစ်တယ်ဆိုတာ ကျုပ်တော့ နားမလည်နိုင်အောင် ဖြစ်နေတယ်ဗျ"

ထိုအခါ စပိလက်က . . .

"သိပ်ဆန်းတယ် ကပ္ပတိန်၊ တစ်ယောက်ယောက်ဟာ 'တော့' ကို မြှောက်တင်လိုက်ပြီး ငါးကြီးကို ဓားနဲ့ထိုးသတ်လိုက်တာ ဖြစ်ရမယ်"

"စပိလက်ပြောတာမှန်တယ်၊ နောက်ထူးဆန်းနေတာ တစ်ခုလည်း ကျန်သေးတယ်။ ဘာလဲဆိုတော့ . . . ကျုပ်နဲ့ တော့ဟာ မီးပုံးပျံပေါ်က အကျမှာ ခြေကုန်လက်ပန်းကျပြီး ပင်လယ်ရေလှိုင်းတွေထဲ မြုပ်သွားတယ်ဗျ။ သတိလစ်သွားတာပေါ့၊ သတိရလို့ကြည့်လိုက်တဲ့အခါ ကမ်းစပ်နဲ့ အဆော်ကလေးဝေးတဲ့ ကျောက်ဂူတစ်ခုထဲကို ရောက်နေတယ်။ မှတ်မိသေးလား၊ ဒီကိစ္စတွေဟာ တော်တော့ကို ထူးဆန်းနေတယ်။ အင်း . . . ဒီဟာတွေ တစ်နေ့နေ့ကျတော့ ကျုပ်တို့သိရမှာပေါ့လေ၊ ကဲ . . . အလုပ်စကြစို့"

သူတို့နှစ်ယောက်လည်း စကားပြောရင်း ကမ်းစပ်အတိုင်း လျှောက်၍ ကြည့်ရာ၊ ရေကန်ကြီးအတွင်းတွင် ရေစီးကြောင်းတစ်ခုကို တွေ့ရသဖြင့် ထိုနေရာသို့ သစ်ကိုင်းခြောက်တစ်ခုကို ပစ်၍ကြည့်လိုက်၏။ သစ်ကိုင်းခြောက်သည် တောင်ဘက်သို့ မျောပါသွားသဖြင့် ရေစီးအတိုင်းလိုက်၍ ကြည့်သောအခါ ရေကန်၏ တောင်ဘက်စွန်းသို့အရောက်တွင် ထိုနေရာမှာ မျက်နှာပြင်သည် အတန်ငယ်နိမ့်နေသည်ကို တွေ့ရ၏။ ထိုအခါ ကပ္ပတိန်ဟားဒိန်းသည် ကမ်းစပ်မှ သောင်ပြင်ကို နားဖြင့်ကပ်၍ နားထောင်ကြည့်ရာ ကျောက်ကြားများတွင်း ရေစီးဝင်သွားသည့်အသံကို ကြားရ၏။ သို့နှင့် သစ်ကိုင်းတစ်ခုကို ခုတ်ယူပြီး ရေကန်အတွင်းသို့ ထောက်ကြည့်ရာ တစ်ပေခန့်အနက်တွင် ရေများစီးဝင်နေသည့် တွင်းကြီးတစ်ခုကို စမ်းမိသဖြင့် သူတို့ရှာဖွေနေသည့် ရေပေါက်ကို တွေ့ရတော့၏။

ထိုအခါ ကပ္ပတိန်ဟားဒိန်းက စပိလက်အား . . .

"ဒီရေထွက်ပေါက် ပေါ်လာအောင် ကျုပ်တို့လုပ်ရလိမ့်မယ်"

"ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရေမျက်နှာပြင်ကို သုံးပေလောက် ကျသွားအောင် လုပ်လိုက်ရင် ရေထွက်ပေါက်ကြီး ပေါ်လာမယ်။ ပင်လယ်ကမ်းရိုးတန်းနဲ့ အနီးဆုံး ဖြစ်တဲ့နေရာ၊ ရေကန်ရဲ့ ကမ်းစပ်ကို ဒိုင်းနမိုက်နဲ့ ဖောက်ခွဲလိုက်ရင် ရေကန်ထဲက ရေတွေဟာ ထွက်သွားမယ်။ ကျောက်ထရံကြီးပေါ်ကနေပြီး ကမ်းခြေပေါ်ကို စီးကျနေတဲ့နေရာမှာ ရေတံခွန်ကလေးတစ်ခု ဖြစ်လာမယ်၊ အဲဒီရေတံခွန်ကို ကျုပ်တို့ အသုံးချရမယ်"

သူတို့နှစ်ယောက်သည် ရေထွက်ပေါက်ကို တွေ့ရှိရပြီ ဖြစ်သဖြင့် ကျောက်လိုဏ်ခေါင်းကြီးဆီသို့ ဝမ်းသာအားရ ပြန်လာခဲ့ကြ၏။ ရောက်သောအခါ ဟာဗတ်နှင့် ပင်ကရော့တို့လည်း ထင်းခွေရာမှ ပြန်လာကြလေပြီ။ ပင်ကရော့က ထင်းခုတ်သမားများ ထင်းခွေ၍ ပြန်လာကြပြီ ဖြစ်ကြောင်းပြောပြရာ ကပ္ပတိန်ဟားဒိန်းက ယခုအခါတွင် ထင်းများ အသုံးချရန် မလိုသေးကြောင်း၊ ဓာတုဗေဒပညာရှင်များသာ လောလောဆယ်လိုကြောင်း၊ ရေကန်ကြီးမှ ရေထွက်ပေါက်ကို တွေ့ပြီဖြစ်၍ ရေကန်ကြီးထဲမှ ရေများကို သုံးပေခန့် နိမ့်သွားသည်အထိ ထုတ်ပစ်ရမည့် နည်းလမ်းများကို သူ၏လူများအား ရှင်းပြ၏။ ဤသို့ ပြုလုပ်ရန်မှာ ပေါက်ကွဲစေမည့် ဓာတ်သတ္တုများ ပထမဦးစွာလို၍ အမြန်ပြုလုပ်ကြရမည့် အကြောင်းပြောပြ၏။ ငါးကြီး၏အဆီများကို ထုတ်ကြရန်နှင့် အသားများကို အခြောက်လှန်းရန် သူ၏လူများအား မှာခဲ့ပြီးနောက် ကပ္ပတိန်ဟားဒိန်းသည် စပိလက်နှင့် ဟာဗတ်တို့အား ခေါ်ပြီးလျှင် ကျောက်မီးသွေးများ တွေ့သည့်နေရာသို့ ထွက်သွားကြ၏။

သူတို့သည် တစ်နေ့လုံး ဂေါ်တန်ကျောက်များကို ကျောက်ခေါင်းတိုင်လိုဏ်ဂူကြီးသို့ သယ်ယူခဲ့ကြ၏။ ဂေါ်တန် ကျောက်ရိုင်းများတွင် ကျောက်မီးသွေး၊ မီးခတ်ကျောက်၊ ဒန်၊ သံဆာလ်ဖိုက်များ ပါဝင်သဖြင့် သံဆာလ်ဖိုက်ကို ခွဲထုတ်ယူပြီးလျှင် ဆာလ်ဖိုက်အဖြစ်သို့ အမြန်ပြောင်းလဲစေပြီးနောက် ဆာဖြူရစ်အက်စစ်ထုတ်ယူရန် ဖြစ်လေသည်။

သို့နှင့် ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးအတွင်းပိုင်းတွင် မြေညီသောနေရာ၌ ထင်းများကို ညီညာစွာစီပြီးလျှင် ဂေါ်တန်ကျောက်များကို အတုံးကလေးများ ပြုလုပ်ပြီးနောက် ထင်းများပေါ်တွင် အစီအရီတင် မီးရှို့လေသည်။ ဤကဲ့သို့ မီးထဲတွင် ၁၀ရက်ခန့် ထားသောအခါ သံဆာလ်ဖိုက်နှင့် ဒန်ဆာလ်ဖိုက်များ ရရှိလေသည်။

နက်နှင့် ပင်ကရော့တို့က ငါးမှရရှိသော ငါးကြီးဆီများကို အိုးများ၌ ထည့်ထားကြ၏။ ယင်းငါးကြီးဆီကို ထုံးနှင့်ရော၍ မွှေပြီးနောက် ဂလစ်စရင်းကို ထုတ်ယူလိုက်သောအခါ ဆပ်ပြာများ ကျန်ရစ်ခဲ့၏။ ကပ္ပတိန်ဟားဒိန်း





သည် ထိုဂလစ်စရင်းကို အလိုရှိသဖြင့် ပြုလုပ်ခြင်းဖြစ်၏။ ယမ်းစိမ်းကိုလည်း အလိုရှိသဖြင့် ဖရင်ကလင်တောင်ခြေတွင် ဟာဗတ် တွေ့ခဲ့သော ယမ်းစိမ်းများကို သွား၍ယူကြ၏။

သံဆာလ်ဖိတ်, အလူမီနီယမ် ဆာလ်ဖိတ်နှင့် ကျောက်မီးသွေးများကို ရေနှင့်ရော၍ အင်တုံကြီးထဲ ထည့်ပြီးလျှင် သမအောင်ရောစပ် မွှေနှောက်ပေးပြီးနောက် အချိန်အတော်ကြာထားခြင်းဖြင့် သံဆာလ်ဖိတ်ဆားများကို ရရှိလေသည်။ သံဆာလ်ဖိတ်ဆားများကို အိုးအတွင်း ထည့်၍ ကြေမွသွားအောင် မီးဖုတ်လိုက်သောအခါ ဆာလ်ဖြူရစ်အက်စစ် အငွေ့များ ထွက်လာ၏။ ထိုအငွေ့များကို အေးအောင် ပြုလုပ်လိုက်သော် ဆာလ်ဖြူရစ်အက်စစ်ကို ရရှိလေသည်။

၎င်းမှတစ်ဖန် ယမ်းစိမ်းကို ဆာလ်ဖြူရစ်အက်စစ်နှင့် ရောစပ်ခြင်းအားဖြင့် အာဇောတစ်အက်ဆစ်ကို ရပြန်လေသည်။ ထိုအာဇောတစ်အက်စစ်ကို ဂလစ်စရင်းနှင့် အချိုးကျ ရောစပ်လိုက်သောအခါ ကပ္ပတိန် ဟားဒိန်းသည် သူ အလိုရှိသော နိုက်ထရိုဂလစ်စရင်းကို ရတော့၏။

ပင်ကရော့က သိချင်ဇောဖြင့် . . .

"နိုက်ထရိုဂလင်းစရင်းက ကျောက်တုံးတွေကို ခွဲနိုင်လို့လား"

"ဟုတ်တယ် . . . နိုက်ထရိုဂလစ်စရင်းနဲ့ ကျောက်တုံးတွေ ခွဲပြီး ကန့်ထဲက ရေထွက်သွားအောင် ကျုပ်တို့ ရေထွက်ပေါက် လုပ်ယူရမယ်"

"ဘယ်တော့ အလုပ်စမှာလဲ"

"မနက်ဖြန်ပဲ ဆိုပါတော့ . . ."

သို့နှင့် နောက်တစ်နေ့ (မေ ၂၁ ရက်) နံနက်စောစောတွင် သူတို့သည် ရေကန်ကြီး၏ အရှေ့ဘက်ကမ်းခြေသို့ ထွက်ခဲ့ကြ၏။ ရောက်သောအခါ ပင်ကရော့က ကျောက်စွန်းတစ်နေရာတွင် ပုဆိန်ဖြင့် တွင်းကလေးတစ်ခုဖြစ်အောင် ပြုလုပ်၏။ ထိုကျောက်စွန်းရှိသော နေရာမှာ ရေကန် မျက်နှာပြင်ထက် နိမ့်၍ ပင်လယ်ကမ်းခြေဘက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားသည်ကို တွေ့ရ၏။ ညနေ ၄နာရီတွင် တွင်းကလေး ပြုလုပ်ပြီးစီးသွား၏။ ထို့နောက် တွင်းကလေးထဲသို့ နိုက်ထရို ဂလစ်စရင်းကို လောင်းထည့်ပြီးလျှင် တွင်းနှုတ်ခမ်း ကျောက်တုံးပေါ်တွင် ဂလစ်စရင်းအစက် အနည်းငယ်ချပေး၏။ တွင်းနှင့် အပေါ်တည့်တည့်တွင် သံလုံးကြီးတစ်လုံးကို လျှော်ကြိုးဖြင့် ဆိုင်းထား၏။ ကန့်၊ မီးသွေးများနှင့် သုတ်လိမ်းထားသော ထိုလျှော်ကြိုးကို အခြားလျှော်ကြိုး တစ်ခုနှင့် ဆက်ပြီးနောက် ကျောက်ပြားပေါ်တွင် ကပ်၍ချထား၏။ ထိုကြိုး၏ အစကို မီးရှို့လိုက်က ကြိုးကို မီးလောင်၍ သံလုံးကြီးသည် ကျောက်တွင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ကျပြီးလျှင် သံလုံးကြီး၏ဖိအားဖြင့် နိုက်ထရိုဂလစ်စရင်းသည် ပြင်းထန်စွာပေါက်ကွဲသွားမည် ဖြစ်လေသည်။ သို့နှင့် သူတို့သည် ထိုအစီအစဉ်အတိုင်း လျှော်ကြိုးကို မီးရှို့ခဲ့ပြီးနောက် ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးသို့ ပြန်လာခဲ့ကြလေသည်။

နှစ်ဆယ့်ငါးမိနစ်ခန့်ကြာလျှင် ပြင်းထန်သော ပေါက်ကွဲသံကြီးကို ရေကန်ရှိရာအရပ်မှ ကြားလိုက်ရပြီးနောက် ကျွန်းကြီးတစ်ကျွန်းလုံး တုန်လှုပ်သွားတော့၏။ မီးတောင်ကြီးပေါက်ကွဲသကဲ့သို့ ကျောက်တုံးကျောက်ခဲများသည် လေထဲသို့ လွင့်စင်ပျံတက်သွား၏။ ကပ္ပတိန် ဟားဒိန်းနှင့် သူ၏လူများသည် ရေကန်သို့ အမြန်သွားရောက် ကြည့်ရှုကြရာ ကျောက်တွင်းလုပ်ထားခဲ့သော နေရာတွင် ကျောက်ပြားကြီးမှာ နှစ်ခြမ်းကွဲသွား၍ ချောင်းကလေးတစ်ခု ဖြစ်ပေါ်လာပြီးနောက် ဂရန့်ရေကန်မှ ရေများသည် တောင်စောင်းအတိုင်း စီးလာပြီးလျှင် ကျောက်ထရံအစွန်း ပေ ၃၀၀ အမြင့်မှ ကမ်းခြေသို့ ဒလဟော စီးဆင်းကာ ရေတံခွန်ကလေးတစ်ခု ဖြစ်လာသည်ကို ဝမ်းမြောက်ဝမ်းသာ တွေ့ကြရတော့၏။

## စိတ်ဒွိဟ မဖြစ်တော့ခြင်း

နိုက်ထရိုဂလစ်စရင်း၏ စွမ်းအားဖြင့် ပြင်းထန်စွာ ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော အက်ကွဲကြောင်းမှ စီးဆင်းနေသည့် ရေအရှိန်သည် မူလရေထွက်နှုန်းထက် သုံးဆမျှပင်ကြီးသဖြင့် မကြာမီပင် ရေကန်ကြီးအတွင်းမှ ရေမျက်နှာပြင်သည် နှစ်ပေကျော်ကျော်ခန့် နိမ့်ဆင်းသွားပေတော့မည်။

သူတို့သည် ကျောက်လိုဏ်ဂူကြီးသို့ ပြန်သွားပြီးနောက် ပေါက်ချွန်းများ၊ လုံများ၊ မီးခတ်ကျောက်နှင့် လျှော်ကြိုးများကိုယူပြီးလျှင် ရေကန်ကြီးရှိရာ တောင်ကုန်းပေါ်သို့ ပြန်လာခဲ့ကြ၏။

လမ်းတွင် ပင်ကရော့က သူသိလိုသောအချက်များကို မမေးဘဲ မနေနိုင်သဖြင့် ကပ္ပတိန်အား . . .

"နိုက်ထရိုဂလစ်စရင်းကို သေနတ်ကျည်ဆံမှာ ထည့်သုံးလို့ မရဘူးလား"

"မရဘူး၊ နိုက်ထရိုဂလစ်စရင်းဟာ ပေါက်ကွဲမှုသိပ်ပြင်းထန်တယ်။ ငရဲမီးနဲ့ ယမ်းရှိနေပြီပဲ ကျည်ဆံအတွက်က ပူစရာမရှိပါဘူး၊ လုပ်နိုင်ပါတယ်၊ အရေးကြီးတာက သေနတ်ဗျ"

ပရော်စပက်တောင်ကုန်းသို့ ရောက်ကြသောအခါ သူတို့သည် ရေ





ကန်ကြီး၏ မူလရေထွက်သည့်နေရာသို့ အပြေးအလွှား သွားရောက်ကြည့်ရှု၏။ ကန်အတွင်းရှိ ရေမျက်နှာပြင်မှာ ကျသွားပြီဖြစ်၍ မူလ သဘာဝရေထွက်ပေါက်ကို ထင်ရှားစွာတွေ့မြင်ရလေတော့၏။ ရေထွက်ပေါက်တွင် ရေများမရှိတော့၍ လိုဏ်ဂူအတွင်းသို့ ဝင်၍ကြည့်နိုင်ပေတော့မည်။ ရေထွက်ပေါက်ကြီးမှာ အလျားပေ ၂၀ ခန့်ရှည်ပြီးလျှင် အမြင့်၂ပေခန့်သာရှိသည်ကို တွေ့ရသဖြင့် လူတစ်ယောက်ဝင်နိုင်ရန် နက်နှင့်ပင်ကရော့တို့နှစ်ယောက်က ပေါက်ချွန်းများကို ယူပြီးလျှင် လိုသောအမြင့် ရသည်အထိ ပြုလုပ်ကြ၏။ ရေစီးကြောင်းလိုဏ်ဂူကြီးမှာ ကန်ထိပ်မှ ၃၅ဒီဂရီခန့်စောင်း၍ အောက်သို့စီးဆင်းသွားကြောင်း တွေ့ရသဖြင့် အလွယ်တကူပင် အတွင်းသို့ကောင်းစွာ ဝင်နိုင်ကြပေမည်။ သို့နှင့် သူတို့သည် သစ်ကိုင်းခြောက်များကို အဖျားမှ မီးရှို့၍ မီးတုတ်များပြုလုပ်ပြီးလျှင် ဂူကြီးအတွင်းသို့ဝင်ခဲ့ကြရာ 'တော့'က သူတို့၏ရှေ့မှ ပြေးဝင်သွား၏။ ရှေ့သို့အတန်ငယ် သွားမိလျှင် လူတစ်ယောက်ကောင်းစွာ မတ်တပ်ရပ်နိုင်လောက်အောင် လိုဏ်ဂူ၏အမိုးသည် တဖြည်းဖြည်း မြင့်တက်သွား၏။ လိုဏ်ဂူအတွင်းရှိချိုင့်များထဲသို့ မတော်တဆ ခြေချော်လက်ချော် ကျမသွားစေရန် သူတို့အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် လျှော်ကြိုးများဖြင့်ဆက်၍ ချည်နှောင်ထားကြရ၏။ ဂူ၏ကျောက်ထရံမှာ မည်းနက်နေပြီးလျှင် ပတ်ကြားအက်ဟူ၍ တစ်ခုမျှမရှိဘဲ ချောမွေ့နေသည်ကို တွေ့ရ၏။ လိုဏ်ဂူအတွင်း၌ ရေသတ္တဝါတစ်ကောင်ကောင် တွေ့မည်ထင်သော်လည်း မတွေ့ရချေ။ ကပ္ပတိန်ဟားဒိန်းသည် 'တော့'၏နောက်မှ ကပ်၍ လိုက်သွားရာ ပေ ၁၀၀ ခန့် ဆင်းမိလျှင် ခေတ္တရပ်ကြ၏။ ထိုနေရာတွင် အတော်ကျယ်ဝန်းသော လိုဏ်ခေါင်းကြီးဖြစ်နေသဖြင့် ကပ္ပတိန်က သူ၏အဖော်များအား . . .

"စိတ်ချလက်ချ ကျုပ်တို့တစ်တွေ နေသွားနိုင်မယ့်နေရာကတော့ ဒီနေရာပဲ၊ ဒါပေမယ့် လောလောဆယ် နေလို့မရသေးဘူး"

"ဘာဖြစ်လို့လဲ"

"လိုဏ်ဂူက ကျဉ်းလည်းကျဉ်းတယ်၊ မှောင်လည်း မှောင်နေတယ်"

"ဘေးဘက်ကိုချဲ့ပြီး အလင်းရောင်ဝင်အောင် အပေါက်တွေ ဖောက်လိုက်ရင် မရဘူးလား"

"ရပါတယ်၊ ဒါပေမယ့် ရှေ့ဆက်ပြီး ဆင်းကြည့်ကြသေးတာပေါ့၊ နောက်ထပ် ပေ ၁၀၀ လောက်ဆင်းမိရင် ဒီထက်ကျယ်တဲ့ လိုဏ်ဂူတစ်ခု တွေ့ချင်တွေ့မှာပါ"

သို့နှင့် သူတို့သည် ရှေ့သို့ဆက်လက် ဆင်းကြပြန်၏။ ပေ ငါးဆယ်ခန့်အရောက်တွင် ရှေ့မှနေ၍ 'တော့'၏ ကျယ်လောင်စွာ ဟောင်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အသံကို ကြားလိုက်ရသဖြင့် ပါလာသောလှံများကို မြဲမြဲစွာကိုင်၍ ရှေ့သို့အမြန် သွားကြရန် ကပ္ပတိန်ဟားဒိန်းက အမိန့်ပေးလိုက်၏။ ပေ ခြောက်ဆယ်ခန့် သွားမိသောအခါ 'တော့'ကိုတွေ့ရပြီးလျှင် ကျယ်ပြန့်၍ခမ်းနားသော လိုဏ်ဂူကြီးတစ်ခုအတွင်းသို့ ရောက်လာကြ၏။ ထိုနေရာတွင် မည်သည့်သတ္တဝါကိုမျှ မတွေ့ရသဖြင့် သူတို့သည် မီးတုတ်များကိုမြှောက်ကိုင်ကာ နေရာအနှံ့အပြား ကြည့်ရှုရှာဖွေလျက် ရှိကြကုန်၏။ ထိုနေရာမှနေ၍ ပင်လယ်ထဲသို့ ရေများစီးဆင်းသွားမည့် နေရာတစ်ခုရှိရမည်ဖြစ်၍ ထိုရေထွက်ပေါက်ကို ရှာဖွေကြပြန်လေသည်။ ဂူ၏အစွန်ဆုံးနေရာသို့ ရောက်သောအခါ 'တော့'သည် ယခင်ကကဲ့သို့ ကျယ်လောင်စွာဟောင်နေသည်ကို တွေ့ရပြန်သဖြင့် သွားရောက်ကြည့်ရှုကြရာ ရေတွင်းတစ်တွင်းကို တွေ့ကြရလေသည်။ ထိုရေတွင်းမှတစ်ဆင့် ဂူထဲမှရေများသည် ပင်လယ်ထဲသို့စီးဆင်းကြခြင်း ဖြစ်လေသည်။ ကပ္ပတိန်ဟားဒိန်းက မီးရှို့ထားသည့်သစ်ကိုင်းခြောက် တစ်ခုကို ရေတွင်းထဲသို့ ပစ်ချလိုက်၏။ သစ်ကိုင်းသည် တစ်ခဏမျှကြာလျှင် ရေပြင်နှင့်ထိ၍ မီးငြိမ်းသွားသော အသံကို ကြားရ၏။ ထိုနေရာသည် ပင်လယ်၏ ရေမျက်ပြင်ဖြစ်ကြောင်း ကပ္ပတိန် ဟားဒိန်းက ခန့်မှန်း၍ သူ၏အဖော်များအား ရှင်းလင်းပြောပြလေသည်။

"ကျုပ်တို့နေကြမယ့် နေရာကတော့ ဒီနေရာပဲ"

"ဒါပေမယ့် ဒီနေရာမှာ ရေသတ္တဝါကြီးတစ်ကောင် နေသွားတယ် မဟုတ်လား"

ဟု ပင်ကရော့မေးလိုက်ရာ ကပ္ပတိန်ဟားဒိန်းက

"အဲဒီသတ္တဝါ ကြီးဟာ ဟိုရေတွင်းထဲကတစ်ဆင့် ပင်လယ်ထဲကို ထွက်ပြေးသွားပြီဘဲ၊ စိုးရိမ်စရာမရှိတော့ပါဘူး"

ဟု ပြန်ပြောလေသည်။

ထိုလိုဏ်ဂူထဲ၌ သူတို့နေနိုင်ရန်မှာ အလင်းရောင် လုံလောက်စွာရရှိရန်နှင့် အဆင်းအတက် ပိုမိုလွယ်ကူအောင် လုပ်ရန်သာလိုတော့၏။ ရေထွက်ပေါက်ဂူကြီးကို သူတို့ စတင်ဝင်ရောက်လာခဲ့စဉ်ကပင် ကပ္ပတိန်ဟားဒိန်းသည် သတိပြု၍ဝင်ခဲ့သဖြင့် ယခုရောက်ရှိသောနေရာမှာ ကျောက်ထရံကြီး အပြင်ဘက်နှင့် နီးကပ်နေကြောင်း သတိပြုမိလေသည်။ အလင်းရောင်ရရှိရန်အတွက် ကျောက်နံရံကို အတွင်းဘက်မှဖောက်ရန် သူ၏လူများအားအကြံပေးလိုက်၏။

ပင်ကရော့က ကျောက်ထရံကြီးကို ပထမဆုံး စတင်၍ ပေါက်ချွန်းနှင့် ပေါက်ရာ 'နက်'က ထိုနေရာသို့ ဆက်၍ပေါက်၏။ သူတို့နှစ်ယောက်အား စပိလက်က ဝင်၍ကူညီပြန်လေသည်။ ဤသို့ ဖြင့် စပိလက်၏ ပေါက်ချွန်းသည် ကျောက်ခဲများနှင့်အတူ ကျောက်ထရံကြီး၏ အပြင်သို့ကျသွားလေသည်။





ကျောက်ထရံကြီးကား တစ်ဘက်သို့ ပေါက်သွားလေပြီ။ ကျောက်ထရံကြီး၏ ထုမှာ ဤနေရာတွင် သုံးပေခန့်သာရှိကြောင်း တွေ့ရှိရလေသည်။ အပေါက်ဖြစ်သွားသော နေရာမှအပြင်ဘက်သို့ကြည့်လိုက်ရာ၊ ပင်လယ်ပြင်ကြီးနှင့် ကမ်းရိုးတန်းကို ကောင်းစွာမြင်ရပြီးလျှင်၊ ၎င်းတို့နှင့် ပေ ၈၀ ခန့်သာ ဝေးတော့ကြောင်း တွေ့ရှိရလေသည်။ လိုဏ်ဂူကြီး၏ လက်ဝဲဘက်မှာ ပေ ၃၀ ခန့်အမြင့်ရှိ၍ လက်ယာဘက်တွင် ပေ ၈၀ ခန့် မြင့်သွား၏။ ဤလိုဏ်ဂူကြီး အတွင်းတွင် နေထိုင်သွားကြမည်ဆိုသဖြင့် ၎င်းအား နာမည်ပေးရန် လိုအပ်ကြောင်းဖြင့် ဘာဗတ်ကအကြံပေး၏။ သို့နှင့် ကပ္ပတိန် ဟားဒိန်းက လိုဏ်ဂူကြီးကို 'ဂရင်းနိုက်အိမ်'ဟု အမည်ပေးမည်ဖြစ်ကြောင်း ပြောပြလေသည်။

ထိုအချိန်တွင် မီးတုတ်များမှာ ကုန်လုနီးပါး ဖြစ်နေပြီးလျှင်၊ အချိန်မှာလည်း ညနေ ၄ နာရီခန့်ရှိပြီဖြစ်၍၊ လိုဏ်ဂူကြီး၏ အဝသို့ လာလမ်းအတိုင်း ပြန်တက်လာခဲ့ကြရာ၊ မကြာမီပင် လေအေးကလေး ဝင်လာသည်ကို ရှူရှိုက်ခံစားမိကြ၏။ အတက်ခရီးဖြစ်သဖြင့် သူတို့အားလုံးမှာ မောဟိုက်ပင်ပန်းလျက်ရှိကြ၏။ 'နက်'ကိုင်ထားသည့် မီးတုတ်မှာ မီးငြိမ်းသွားပြီဖြစ်သဖြင့် သူတို့အားလုံး ဂူဝသို့ အမြန်တက် ခဲ့ကြလေတော့သတည်း။

## ကပ္ပတိန်းဟားဒိန်း၏ ဆောက်လုပ်ရေးစီမံကိန်း

နောက်တစ်နေ့ မေလ ၂၂ ရက်နေ့တွင် ဂရင်းနိုက်အိမ်ကြီး၌ နေထိုင်နိုင်ရန်အတွက် လုပ်ငန်းစရန် ပြင်ဆင်ကြတော့၏။ ဂရင်းနိုက်အိမ်ကြီး၏ ရှေ့မျက်နှာစာကို ရှာဖွေရန်မှာ အဓိကဖြစ်၍ လိုဏ်ဂူ ပြတင်းပေါက်မှ ကျောက်ခဲများနှင့်အတူ အပြင်သို့ လွတ်ကျသွားသော ပေါက်ချွန်းကို ရှာဖွေရန် ကပ္ပတိန် ဟားဒိန်းသည် သူ၏လူများနှင့်အတူ ကမ်းရိုးတန်းအတိုင်း ကျောက်ကမ်းပါးကြီးဆီသို့ ထွက်ခဲ့ကြ၏။ အောက်သို့ ကျသွားသော ပေါက်ချွန်းသည် မြေဝေါ်တွင်စိုက်လျက်၊ ၎င်း၏ အပေါ်တည့်တည့် ကျောက်ထရံကြီးတွင် သူတို့ဖောက်ခဲ့သည့် အပေါက်ရှိနေသည်ကို တွေ့ရသည်။

ဂရင်းနိုက်အိမ်ကြီးအတွင်း အခန်းများဖွဲ့ရန်နှင့် အိမ်ရှေ့မျက်နှာစာ ကျောက်ထရံတွင် ပြတင်းပေါက် ငါးပေါက်ဖောက်ရန် စီစဉ်ကြ၏။ ပင်ကရော့က ပြတင်းပေါက်များ ဖောက်ရန် သဘောတူသော်လည်း အဆင်းအတက်ပြုလုပ်ရန် မူလလိုဏ်ဂူဝကို အသုံးပြုနိုင်ကြောင်း ကပ္ပတိန်ဟားဒိန်းအား ပြောပြရာ ဟားဒိန်းက . . .

"ဒီလိုဆိုရင် ကျုပ်တို့ဝင်နိုင်ထွက်နိုင်သလို တခြားလူတွေလည်း ဝင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ထွက်နိုင်မှာပေါ့ဗျာ၊ အဲဒီရေကန်ဘက်က ဝင်တဲ့အပေါက်ကို ရေလုံ၊ လေလုံ ပိတ်လိုက်မှဖြစ်မယ် . . . အပေါက်ကို အပြင်က မမြင်နိုင်အောင် ရေကန်အစွန်းမှာ ကျုပ်တို့ဖောက်ခဲ့ပြီး ရေထွက်ပေါက် လုပ်တဲ့နေရာကို တာတမံလုပ်မယ်၊ ရေထွက်နည်းသွားရင် ရေကန်ထဲက မျက်နှာပြင်ဟာ ခုထက်ပိုမြင့်လာပြီး လိုဏ်ဂူဝင်ပေါက်ကို ရေလွှမ်းသွားမယ် . . . ဒီလိုလုပ်မှ ဖြစ်မယ်”

ပင်ကရော့က . . .

“ဒီဝင်ပေါက်ကို ပိတ်လိုက်ရင် ဂူကြီးထဲကို ကျွန်တော်တို့ ဘယ်လို လုပ်ဝင်မလဲ”

ကပ္ပတိန်က . . .

“ကျုပ်တို့ဂူထဲမှာရှိတုန်းက အလင်းရောင်ဝင်ဖို့ ဖောက်ကြတဲ့ ပြတင်းပေါက်ကို အပြင်ဘက်ကနေပြီး ကြိုးလှေကားနဲ့ တက်နိုင်တာပဲ၊ အပေါ်ရောက်ရင် ကြိုးလှေကားကို ဆွဲတင်လိုက်တာနဲ့ ဂူထဲကို ဘယ်သူမှ မဝင်နိုင်တော့ဘူး”

ဟာဗတ်က . . .

“ဘာကြောင့် ဒီလောက်တောင် ကြိုတင်ကာကွယ်မှုတွေ လုပ်နေတာလဲ၊ လူကို အန္တရာယ်ပေးနိုင်မယ့် တိရစ္ဆာန်တွေလည်း ကျွန်တော်တို့ မတွေ့သေးပါဘူး၊ ပြီးတော့ ဒီကျွန်းပေါ်မှာ လူရိုင်းတွေရှိလို့လား”

ကပ္ပတိန်က . . .

“မင်း သေချာလို့ ပြောနေတာလား”

ဟာဗတ်က . . .

“ကျွန်းကြီးတစ်ခုလုံးကိုနဲ့အောင် မကြည့်ရသေးတော့ အသေအချာ မပြောနိုင်ဘူး”

ကပ္ပတိန်က . . .

“ကျွန်းပေါ်မှာ ရန်သူမရှိရင် ပင်လယ်ထဲက ရန်သူလာနိုင်တယ်”

ပင်ကရော့နှင့် သူ၏အဖော်များသည် ကပ္ပတိန်အား နောက်ထပ် တစ်စုံတစ်ရာမမေးကြတော့ဘဲ၊ တံခါးမကြီးနှင့် ပြတင်းပေါက် ၅ ပေါက်ဖောက်ရန် စီစဉ်ကြလေသည်။ ကျောက်ကမ္ဘားကြီးတွင် ရွေးချယ်သတ်မှတ်ထားသည့် နေရာများ၌ နိုက်ထရိုဂလစ်စရင်း၏ ပေါက်ကွဲမှုများဖြင့် အပေါက်များရရှိအောင်လုပ်ပြီးလျှင် ပေါက်ချွန်းများဖြင့် ပုံကျအောင် ညှိယူကြ၏။ ရက် အနည်းငယ်အတွင်း ဂရစ်နိုက်အိမ်ကြီးမှာ လိုအပ်သောအလင်းရောင် ရရှိပြီးလျှင် လိုဏ်ဂူကြီးအတွင်း၌ ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်းနှင့် ဝင်ပေါက်များကို အခန်းဖွဲ့ရန် စီစဉ်ကြပြန်၏။ သွားလာမှုလွယ်ကူစေရန်အတွက် ကြိုးလှေကားတစ်ခုကို အမြန်ပြုလုပ်ကြ၏။ လိုအပ်မည့်ကြိုးများကိုလည်း ထပ်မံပြု





လုပ်ပြီးလျှင် လေးလံသော ပစ္စည်းများတင်နိုင်ရန်အတွက်လည်း ဝန်ချီစက်တစ်ခုကို အဝင်တံခါး၏ အဝင်ဝ၌ တပ်ဆင်ကြ၏။ ဤသို့ဆိုလျှင် ဂူကြီးအတွင်း၌ အခန်းများဖွဲ့သည့်အခါသုံးရန် အုတ်ခဲများကို တင်နိုင်ပေမည်။

ဤသို့ဖြင့် ကပ္ပတိန်ဟားဒီန်း ဦးဆောင်မှုဖြင့် သူတို့လူစုသည် လုပ်ငန်းများစွာကို မညည်းမညူ တက်ညီလက်ညီ လုပ်ကိုင်ကြတော့၏။

ပစိဖိတ် သမုဒ္ဒရာ၏ တောင်ဘက်ပိုင်းတွင် သင်္ဘောများ အသွားအလာ လမ်းကြောင်း၏ ပြင်ပ၌ရောက်ရှိနေသည့် လင်ကွန်းကျွန်းကြီးသည် ပြင်ပမှ မည်သည့်အကူအညီမျှ မရနိုင်ကြောင်း ကပ္ပတိန်ဟားဒီန်းက ကောင်းစွာ သိပြီးဖြစ်၏။

ဟာဗတ်သည် ၎င်းတို့လူစုထဲတွင် အသက်အငယ်ဆုံး ဖြစ်သော်လည်း လျင်မြန်ဖျတ်လတ်၍ နားလည်မှု အလွန်ရှိသောကြောင့် ၎င်းအား ကပ္ပတိန်ဟားဒီန်းက ပိုမို ခင်မင်လာ၏။ နက် နှင့် ပင်ကရော့တို့မှာလည်း ပိုမို ရင်းနှီးလာကြသည်။ စပိလက်ကလည်း သူ၏ မိတ်ဆွေများနှင့်အတူ လုပ်ငန်းများကို ကျင်လည်စွာ လုပ်ကိုင်ပေး၏။ ဂရင်းနိုက်အိမ်၏ မြေပြင်မှ ပေ ၄၀ အမြင့်၌ ကျောက်အစွန်းကြီး တစ်ခုရှိရာ ယင်း၏ မျက်နှာပြင်ကို ညီညာအောင် ပေါက်ချွန်းများဖြင့် ညှိပြီးလျှင် ပထမ ကြိုးလှေကားကို တပ်ဆင်ထားလိုက်သည်။ ဒုတိယ ကြိုးလှေကားကို အပေါ်ပိုင်း ဝင်ပေါက်တံခါးဝတွင် မြဲမြံစွာ တပ်၍ အောက်ခြေ၌ ကျောက်စွန်းပေါ်တွင် ခိုင်မြဲစွာ ချည်ထားလိုက်၏။

သို့နှင့် သူတို့သည် ထိုလှေကားများကို ကျင်လည်စွာ အသုံးပြုလာနိုင်ကြတော့၏။ တော့ပ်ကိုလည်း ယင်းလှေကားများကို တက်နိုင် ဆင်းနိုင်အောင် ပင်ကရော့က ဖွဲ့နဘဲကြီးစွာဖြင့် လေ့ကျင့်သင်ကြားပေး၏။ ဂရင်းနိုက်အိမ်ကြီးကို မွမ်းမံပြုပြင်နေချိန်တွင် စပိလက်နှင့် ဟာဗတ်တို့သည် မြစ်၏ လက်ဝဲဘက် တောအုပ်အတွင်းတွင် အမဲလိုက်ကြ၏။ သူတို့တွင် လေး၊ မြားနှင့်လှံများရှိနေ၍ သားပိုက်ကောင်နှင့် တောဝက် စသည့် သားကောင်များကို အလွယ်တကူပင် ရရှိလေသည်။ တောတွင်း၌ ဆေးဘက်ဝင်သည့် အပင်များကိုလည်း ဟာဗတ်က စုဆောင်း ယူဆောင်လာခဲ့သည်။ ထိုတောထဲ၌ပင် ယုန်များရှိသည့် နေရာသို့ရောက်သဖြင့် ယုန်လေးတစ်ကောင်ရရှိခဲ့၍ ထိုနေ့ညစာတွင် ထူးခြားသော ဟင်းတစ်ခွက်ကို စားကြရ၏။

ဂရင်းနိုက်အိမ်ကြီး၏ အတွင်းပိုင်းကို ပြုပြင်ပြီးသောအခါ ကပ္ပတိန်ဟားဒီန်းသည် ရေကန်မှ မူလရေထွက်ပေါက်ကို ကန်၍ ရေမျက်နှာပြင်အောက်သို့ ရောက်အောင် မလုပ်တော့ဘဲ ကျောက်တုံးများဖြင့် ပိတ်ဆို့ပြီးလျှင် အင်္ဂတေ ကိုင်လိုက်၏။ မူလအဝင်ပေါက်ကို ပိတ်ဆို့ပြီးနောက် ကျောက်တုံးများအကြား



www.burmeseclassic.com

www.burmeseclassic.com



တွင် မြေကြီးများ၊ သဲများ ဖို့၍ မြက်ပင်များကို စိုက်ထား၏။ အနီးမှ ချုံများကိုလည်း သယ်ယူပြီးလျှင် ချထား၏။ မိုးကုန်လျှင် မြက်ပင်များဖြင့် စိမ်းလန်းစိုပြည်လာမည်ဖြစ်၍ မူလဂူပေါက်ကို မြင်ရတော့မည် မဟုတ်ပေ။ ရေတံခွန်မှရေကို တူးမြောင်းကလေးတစ်ခု ပြုလုပ်ပြီးလျှင် ဂူပေါက်ကိုဖြတ်၍ ဂရင်းနိုက်အိမ်ကြီးအတွင်းသို့ရောက်အောင် ပြုလုပ်ထားသဖြင့် သောက်ရေ သုံးရေအတွက်မပူရဘဲ တစ်နေ့လျှင် ဂါလံ၃၀ ခန့်ရရှိနေ၏။ နေအိမ် ပြတင်းပေါက်များတွင်လည်း ခိုင်ခန့်သော သစ်မာသားများဖြင့် တရုတ်ကပ်များ ပြုလုပ်တပ်ဆင်လိုက်၏။ ပြတင်းပေါက်နှင့် တံခါးမကြီး ပတ်လည်ကျောက်စွန်းတွင် စပိလက်က တောတွင်းမှ သစ်ပင်များကို ယူ၍ စနစ်တကျစိုက်ပျိုးထား၏။ ဤသို့ဖြင့် ကပ္ပတိန် ဟားဒိန်းနှင့် သူ၏အဖွဲ့သားများသည် ဂရင်းနိုက်အိမ်ကြီးအတွင်းမှ သာယာသော ပင်လယ်ပြင်ကြီးကိုကြည့်ရှုကာ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ကြလေသည်။ ရယ်စရာပြောတတ်သော ပင်ကရော့က . . .

"ကျွန်တော့်အခန်းက ငါးထပ်မှာရှိတယ်"ဟုပြောရင်း အိပ်ခန်းတွင်းသို့ ဝင်သွားလေသည်။

## – မိုးရာသီ

ကမ္ဘာ့တောင်ဘက်ခြမ်း၌ ဇွန်လတွင် ဆောင်းရာသီစတော့၏။ ဆောင်းရာသီသို့အဝင်တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာလေသည်။ ဆိုးရွားသော ရာသီဥတုဒဏ်ကို မခံရသောအခါမှ ဂရင်းနိုက်အိမ်ကြီးတွင် နေထိုင်ရခြင်း၏တန်ဖိုးကို နားလည်လာကြ၏။

ပင်ကရော့က ထောင်ချောက်လုပ်၍ သားကောင်များကို ဖမ်းရန် အကြံပေးကာ ညွှတ်ကွင်းများကိုနွယ်များဖြင့် စတင်ပြုလုပ်တော့၏။ ထိုအချိန်မှစ၍ သူတို့သည် ဖျံသားဟင်းကို နေ့တိုင်းစားနိုင်ကြတော့၏။ နက်က အသားများကို ဆားနယ်ပြီးလျှင် အခြောက်လှမ်း၍ ထားကာ ဆောင်းရာသီအတွက် ရိက္ခာစုဆောင်းလေသည်။

ကပ္ပတိန်ဟားဒိန်းနှင့်အဖွဲ့သားများ၏ အဝတ်အစားများမှာ အနွေးထည်များဖြစ်၍ ကောင်းမွန်သော အခြေအနေ၌ရှိသော်လည်း ဆောင်းရာသီအတွင်း အအေးဓာတ်ပိုမိုလာပါက ယခုထက်ထူထဲသော အဝတ်အစားများလိုကြောင်း တိုင်ပင်ဆွေးနွေးကြ၏။ ယခု ဆောင်းရာသီတွင် အနွေးထည်များ မပြည့်စုံပါက လာမည့်နွေရာသီတွင် ဖလင်ကလင်တောင်ကုန်းတွင် တွေ့ခဲ့ရသည့် သိုးရိုင်းများကိုဖမ်းပြီးလျှင် သိုးမွေးဖြင့် အနွေးထည်ပြုလုပ်ရန် စီစဉ်ကြ၏။ လင်ကွန်းကျွန်းတွင် ဆောင်းရာသီ၌ သူတို့ထင်သလောက် အေးလိမ့်မည် မဟုတ်ကြောင်း ကပ္ပတိန်ဟားဒိန်းက သူ၏လူများအား ရှင်းပြ၏။ ထိုအခါ ပင်ကရော့က ဟားဒိန်းအား ကြည့်၍ . . .

"ရာသီဥတုအကြောင်း ပြောတာထက် ညအခါမှာ အလင်းရောင်ရအောင် ဘယ်လိုလုပ်ကြမလဲလို့ ဆွေးနွေးရင် မကောင်းဘူးလား"

"လွယ်တော့မလွယ်ဘူး"

"ဘာကိုစလုပ်ကြမလဲ"

"မနက်ဖြန်ကစပြီး ပင်လယ်ဖျံတွေ ဖမ်းတာပေါ့"

"ဖယောင်းတိုင်လုပ်ဖို့လား"

"ဟုတ်တယ်"

သူတို့တွင် ထုံးနှင့်ဆာလ်ဖြူရစ်အက်စစ်ရှိနေပြီဖြစ်၍ ဖျံမှရရှိမည့် အဆီဖြင့် ဖယောင်းတိုင်လုပ်ရန် ကပ္ပတိန်ဟားဒိန်း၏ စီမံကိန်းကို အကောင်အထည်ဖော်ကြရမည် ဖြစ်၏။

ဇွန်လ ၄ ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်သောကြောင့် အလုပ် မလုပ်ကြဘဲ ဘုရားသခင်ထံသို့ ဆုမွန်များတောင်းကာ ဘုရားရှိခိုးကြ၏။ နောက်တစ်နေ့တွင် သူတို့သည် ရေလက်ကြားကိုဖြတ်၍ တစ်ဖက် ကမ်းသို့ကူးနိုင်ရန် ဒီရေအကျကို စောင့်နေကြ၏။ ရေလက်ကြားကို မကြာခဏဖြတ်ကျော်နေရသဖြင့် အချိန်မကုန်စေရန် လှေတစ်စင်း ဆောက်လုပ်ကြမည်ဟုတိုင်ပင်ကာ သဘောတူဆုံးဖြတ်ကြ၏။ ထိုလှေဆောက်လုပ်ပြီးပါက ကျွန်းကြီး၏အနောက်တောင်ဘက်ပိုင်းကို လှည့်လည်ကြည့်ရှုနိုင်ကြပေမည်။

ပင်လယ်ဖျံများမှာ အလွန်များပြားသဖြင့် သူတို့၏လှံများနှင့် ဖျံခြောက်ကောင်ကို အလွယ်တကူပင် ဖမ်းဆီးသတ်ဖြတ်နိုင်ခဲ့လေသည်။ နက်နှင့် ပင်ကရော့တို့နှစ်ဦးက ဖျံများ၏အရေခွံကို လှီးဖြတ်လိုက်ပြီးလျှင် အဆီနှင့်အရေခွံကိုသာ ယူခဲ့ကြ၏။ ဤသို့ဖြင့် ထိုနေ့တွင် ဖျံအဆီပေါင်ချိန် ၃၀၀ ခန့် ရရှိခဲ့၏။ ဖျံအရေခွံများကိုမူ ဖိနပ်ချုပ်ရန်အတွက် ယူခဲ့ခြင်းဖြစ်လေသည်။

ကပ္ပတိန်ဟားဒိန်းသည် ဖျံအဆီကို ထုံးဓာတ်နှင့်ရော၍ ဓာတုဗေဒနည်းဖြင့် ဆပ်ပြာချက်လ[illegible]ရန် စီစဉ်၏။

အော်လစ်[illegible]စစ်၊ မာရဂျစ်အက်စစ်နှင့် စတီယာရစ်အက်စစ် သုံးမျိုးအနက် ပထမ အော်လစ်အက်စစ်ကို ဖိအားပေး၍ထုတ်၏။ ထိုအက်စစ် သုံးမျိုးရရန် ဖျံဆီကို ဆာလ်ဖြူရစ်အက်စစ်ရော၍ အပူပေးရ၏။ ထို့နောက် ဂလစ်စရင်းကို ထုတ်ရ၏။ ၎င်းကိုထုတ်ပြီးသောအခါ အထက်ပါ အက်စစ်သုံးမျိုးကို ရရှိလေသည်။ မာရဂျစ်အက်စစ်နှင့် စတီယာရစ်အက်စစ် နှစ်မျိုးရသောအခါ







www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့ကို ဖယောင်းတိုင်အဖြစ် ပုံသွင်းရန်သာလိုတော့၏။ မီးစာအတွက် လျှော်ကိုကျစ်၍ အသုံးပြုကြ၏။ ဤနည်းအားဖြင့် သူတို့အဖို့ ဖယောင်းတိုင်များ လုံလောက်သွားပြီ ဖြစ်၏။ ထိုလတစ်လလုံးတွင် အခြားအလုပ်များ မရှိသဖြင့် ၎င်းတို့ ပြုလုပ်ထားပြီးဖြစ်သော လက်နက်ကိရိယာများမှာ အကြမ်းထည်မျှသာရှိသေး၍ အချောကိုင်ကြရ၏။

အခြား ပစ္စည်းများ ပြည့်စုံပြီး ဖြစ်သော်လည်း ကတ်ကြေးမရှိသဖြင့် ထိုရက်အားများတွင် ကတ်ကြေးတစ်လက်ပြုလုပ်ကြ၏။ ကတ်ကြေးရသောအခါ သူတို့၏ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကိုသာမက ဆံပင်ကိုပင် ဖြတ်နိုင်ပြီဖြစ်၍ သူတို့အားလုံး ကတ်ကြေးကိုသုံး၍ အလှပြင်ကြ၏။

လွှတစ်ချောင်းရှိလျှင်များစွာ အသုံးဝင်မည်ဖြစ်၍ ခက်ခက်ခဲခဲနှင့်ပင် လက်ထိုးလွှတစ်ချောင်းကို ပြုလုပ်ကြ၏။ ဤသို့လျှင် လက်သမားကိရိယာများမှာ အတော်ပြည့်စုံလာပြီး ဖြစ်သဖြင့် ခုတင်များနှင့် ဘီရိုများပြုလုပ်ကြ၏။ မီးဖိုအတွက်လည်း ပန်းကန်စင်များ ပြုလုပ်၍ အိုးခွက်များကို နေသားတကျဖြစ်အောင် နက်က ဆောင်ရွက်၏။

နိုက်ထရိုဂလစ်စာရင်း၏ ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသည့် ရေတံခွန်မှ ရေတို့သည် ချောင်းကလေးတစ်ခုအနေဖြင့် ပင်လယ်အတွင်းသို့ စီးဆင်းလျက်ရှိရာ ထိုချောင်းကို ဖြတ်ကျော်ရန် ပရော်ဖက်ဆာ တောင်ကုန်းပေါ်တွင်လည်းကောင်း၊ ကမ်းရိုးတန်းတွင် လည်းကောင်း၊ တံတားတစ်ခုစီ ဆောက်လုပ်ရန်လိုလာ၏။ သို့နှင့် အနီးရှိသစ်တောများမှ သစ်လုံးများဖြင့် နှစ်ဆယ့်ငါးပေရှည်သည့် တံတားကလေးနှစ်ခု ဆောက်လုပ်ကြသေည်။ ရက်အနည်းငယ်မျှကြာသောအခါ တံတားများ ဆောက်လုပ်ပြီးသွားပြီဖြစ်၍ နက်နှင့် ပင်ကရော့တို့သည် ကမ်းရိုးတန်း၌ ဆောက်လုပ်ထားသော တံတားကိုဖြတ်၍ တောင်ကုန်းအနီး၌ တွေ့ရသော ကမာကောင်များကို တွန်းလှည်းပေါ်တင်၍ ယူခဲ့ကြလေသည်။ ကပ္ပတိန်ဟားဒီန်းနှင့် သူ၏လူများသည် ကျွန်း၏အချို့ဒေသများကိုသာ ရောက်ကြသေး၏။ အကယ်၍ ကျွန်အတွင်းပိုင်းမှ သူတို့ မရောက်ဖူးသေးသည့် နေရများကိုသာ လှည့်လည်ကြည့်ရှုမည်ဆိုပါက ထူးဆန်း၍ တန်ဖိုးရှိသော ပစ္စည်းများကို ရနိုင်ကြမည် ဖြစ်လေသည်။

ကျွန်းပေါ်တွင် သကြားပင်များကို တွေ့၍ ၎င်းကို ကျိုချက်ခြင်းဖြင့် သကြားကိုရရှိ၏။ သစ်ခေါက်တစ်ခုကိုလည်း လက်ဖက်ခြောက်အဖြစ် သုံးနိုင်ကြောင်း ကံအားလျော်စွာ တွေ့ရှိရလေရာ ၎င်းတို့သည် လက်ဖက်ရည်ချိုသောက်နိုင်လာကြလေသည်။ ပင်လယ်ဆားကိုလည်း ရရှိနေသဖြင့် ဟင်းလျာချက်ရန် ၎င်းတို့အတွက် ဆားလုံလောက်စွာရရှိ၏။





တစ်နေ့တွင် ဟာဗတ်သည် သူ၏ကုတ်အင်္ကျီအတွင်းမှ ဂျုံစေ့ကလေးတစ်စေ့တွေ့ရသဖြင့် ကပ္ပတိန်ဟားဒီန်းထံ ဝမ်းသာအားရ သွားရောက်ပြသ၏။ သူသည် ရစ်(ချ်)မွန်မြို့၌နေစဉ် ငှက်ကလေးများကို ဂျုံစေ့များ ကျွေးခဲ့စဉ်က ဂျုံစေ့တစ်ချို့ သူ၏အိတ်တွင်းသို့ မတော်တဆ ဝင်သွားခဲ့ခြင်း ဖြစ်လေသည်။ ထိုအခါ ကပ္ပတိန်ဟားဒီန်းက . . .

"ဟုတ်တယ် . . . ဒါဟာ ဂျုံစေ့ကလေးတစ်စေ့ပဲ"

"ဟုတ်တယ် ကပ္ပတိန်၊ ဂျုံစေ့ကလေးပဲ"

ထိုအခါ ပင်ကရော့က ရယ်မောရင်း ကပ္ပတိန်ဟားဒီန်းအား

"ဂျုံစေ့ကလေးတစ်စေ့နဲ့ ဘာလုပ်နိုင်မှာလဲ"

"ဒီဂျုံစေ့ကလေးကနေပြီး ပေါင်မုန့်ဖြစ်အောင် လုပ်မှာပေါ့"

ကပ္ပတိန်ဟားဒီန်းသည် ဟာဗတ်လက်ထဲမှ ဂျုံစေ့ကလေးကို ယူလိုက်ပြီးလျှင် ပင်ကရော့၏ မျက်နှာကို စေ့စေ့ကြည့်ရင်း . . .

"ဒီမယ် ပင်ကရော့ . . . ဂျုံစေ့တစ်စေ့မှာ အနှံဘယ်လောက် ထွက်တယ်ဆိုတာ ခင်ဗျားသိသလား"

"အနှံတစ်ခု ထွက်တယ်ထင်တာပဲ"

"ဆယ်ခု ထွက်တယ်ဗျ . . .၊ ပြီးတော့ အနှံတစ်ခုက ဂျုံစေ့ ဘယ်လောက်သီးသလဲ"

"မသိဘူး"

"ရှစ်ဆယ်လောက် သီးတယ်၊ ဒီဂျုံစေ့ကလေးကို စိုက်လိုက်လို့ရှိရင် ပထမရိတ်မယ့်အချိန်မှာ ဂျုံစေ့ရှစ်ရာ ရနိုင်တယ်။ ဒါဟာ တစ်သီးစားပဲ ပြောသေးတယ်။ ဒုတိယအကြိမ် အဲဒီဂျုံစေ့ ရှစ်ရာကို ထပ်စိုက်ပြီးတဲ့နောက် ရိတ်သိမ်းတဲ့အချိန်ကျရင် ဂျုံစေ့ပေါင်းခြောက် သိန်းလေးသောင်းရမယ်။ အဲဒါကို ပြန်စိုက်ပြီး ရိတ်လိုက်ပြန်ရင် တတိယအကြိမ်မှာ ဂျုံစေ့ပေါင်းငါးရာတစ်ဆယ့်နှစ်သန်းရမယ်၊ အဲဒါက ဂဏန်းအနေနဲ့ ပြောပြတာ။ ဂျုံစေ့သန်းပေါင်း လေးသိန်းဟာ ဘယ်နှစ်ဟင်းလောက် ရှိမယ်ဆိုတာကော သိသလား"

"မသိဘူး"

"တစ်တင်းမှာ ဂျုံစေ့ တစ်သိန်းသုံးသောင်းနှုန်းနဲ့ ထွက်ရင် တင်းပေါင်း သုံးသန်းကျော်ရမယ်"

"တင်းပေါင်း သုံးသန်းကျော်ရမယ် . . . ဟုတ်လား"

"ဟုတ်တယ် . . . လေးနှစ်အတွင်းမှာ တင်းပေါင်းသုံးသန်း ကျော်ရမယ်၊ တစ်နှစ်ကို နှစ်သီးစားရအောင် စိုက်ရမယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့ အခု ဘာလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဂျုံစေ့ကို ရှင်အောင် စိုက်ရမယ်"

ထိုနေ့တွင် ရာသီဥတုလည်း ကောင်းမွန်လာသဖြင့် ကပ္ပတိန် ဟားဒိန်းနှင့် သူ၏လူများသည် ဂရင်းနိုက်အိမ်ကြီး၏ အပေါ်ဘက် ကျောက်တောင်ကုန်းပေါ်သို့ တက်ပြီးလျှင် လေကွယ်၍ နေရောင်ရသော မြေကွက်တစ်ခုကို ရွေးချယ်ပြီးနောက် ထိုမြေ၌ ပိုးမွှားများ မရှိအောင် ပထမရှင်းလင်းကြ၏။ မြေကို မွအောင်ပြုလုပ်ပြီးသောအခါ ထိုနေရာတွင် လိုသလောက် ရေဖျန်း၍ ဂျုံစေ့ကလေးကို တယုတယ စိုက်ပျိုးလိုက်ကြလေသည်။

## သုညအောက် ဒီဂရီသို့ ရောက်ခြင်း

ပင်ကရော့သည် ဂျုံစိုက်ကွင်းသို့ နေ့စဉ်သွားရောက်ကြည့်ရှုပြီးလျှင် တွေ့သမျှ ပိုးမွှားများကို အသေအချာ ရှင်းလင်းပစ်၏။

ဇွန်လ ကုန်ကာနီးသောအခါ မိုးပြင်းထန်စွာ ရွာသွန်းပြီးနောက် ရာသီဥတုမှာ တဖြည်းဖြည်း အေးလာ၏။ ပြဒါးချိန်မှာ ရေခဲသည့် သုညဒီဂရီအောက်သို့ ကျဆင်းလျက်ရှိနေ၏။ မာစီသောင်စပ်တွင် ရေများခဲစပြုလာလေပြီ။ မြစ်ရေမခဲမီ ပင်ကရော့က ကြိုတင်ပြင်ဆင်ထားသည့်အနေဖြင့် ဆောင်းတွင်းအတွက် ထင်းများကို ဖောင်နှင့် အပြည့်တင်ပြီးလျှင် ယူဆောင်လာ၏။ ကျောက်မီးသွေးများကိုလည်း သိုလှောင်ရန် မမေ့ဘဲ ဖရင်ကလင်တောင်ခြေမှ အချိန်မီသွားရောက် ယူခဲ့၏။

ဇူလိုင် ၄ ရက်နေ့တွင် ပြဒါးချိန်မှာ သုညအောက် ၁၃ ဒီဂရီ ရောက်သွားသဖြင့် ဂရင်းနိုက်အိမ်ကြီး၏ ထမင်းစားခန်းတွင် နောက်ထပ်မီးဖိုကစ်ခုပင် ပြုလုပ်ကြရ၏။ လိုဏ်ဂူအတွင်းသို့ ဂရန့်ရေကန်မှ သယ်ယူထားသော စမ်းရေမှာ မခဲဘဲ တသွင်သွင်စီးဆင်းလျက် ပိုလျှံ သော ရေများသည်လည်း ဂူတွင်းရှိရေတွင်းမှ တစ်ဆင့် ပင်လယ်တွင်း သို့ စီးဆင်းသွားလေသည်။

ရာသီဥတုမှာ သာယာနေသဖြင့် ကျွန်းကြီး၏ မာစီသောင်ပြင်နှင့် 'ကလော' အငူကြားရှိ နယ်မြေသို့ သွားရောက်လေ့လာရန် စီစဉ်ကြ၏။ ထိုနေရာသို့ ရောက်အောင် ရှစ်မိုင်ခန့် သွားကြရပေမည်။ ဇူလိုင်လ ၅ ရက်နေ့ နံနက် ၆ နာရီအချိန်တွင် ကပ္ပတိန်ဟားဒိန်းသည် စပိလက်၊ ဟာဗတ်၊ နက်၊ ပင်ကရော့တို့နှင့်အတူ ရိက္ခာနှင့် လက်နက်များ ယူပြီးလျှင် ဂရင်းနိုက်အိမ်ကြီးမှ ထွက်ခဲ့ကြရာ တော့က ရှေ့မှ လမ်းပြ၍သွား၏။

ဤသို့လျှင် သူတို့သည် မာစီသောင်ပြင်၏ လက်ယာဘက်ရှိ သစ်တောကြီးအတွင်းသို့ ပထမဆုံးအကြိမ် သွားကြခြင်းဖြစ်လေသည်။ မိုင်ဝက်ခန့်





သွားမိသောအခါ တောအုပ်အတွင်းမှ မြေခွေးနှင့်တူသော အကောင်များ ထွက်ပြေးကြသည်ကို တွေ့ရ၏။ ၎င်းတို့သည် မြေခွေး ထက်ကြီးသော ကိုယ်လုံးကိုယ်ထည်ရှိပြီးလျှင် 'အာတစ်မြေခွေး' များ ဖြစ်ကြောင်း ဟာဗတ်က ချက်ချင်း ပင် ပြောလေသည်။ ထိုနေရာ၌ ခေတ္တ စခန်းချ အမောအပန်းဖြေပြီးနောက် မီးတစ်ဖို ဖိုပြီးလျှင် အသားနှင့် လက်ဖက်ရည်ကို နံနက်စာအဖြစ် စားသောက်ကြလေသည်။

၎င်းတို့ရောက်ရှိနေသော ကမ်းရိုးတန်းတစ်လျှောက်တွင် ရေ အလွှန်နက်ကြောင်း တွေ့ရ၏။ လင်ကွန်းကျွန်းကြီး၏ ရေမြေတောတောင်တို့၏ အနေအထားမှာ တိုက်ကြီးတစ်တိုက်၏ ပုံသဏ္ဌာန်နှင့်တူကြောင်း စပိလက်က ပြောသောအခါ ကပ္ပတိန်ဟားဒိန်းက . . .

"စပိလက်ပြောတာ မှန်တယ်၊ တိုက်ကြီးတစ်တိုက်ရဲ့ ရှိသင့်ရှိထိုက်တဲ့ သဘာဝအနေအထားတွေရှိတာကြောင့် လင်ကွန်းကျွန်းကြီးဟာ အရင်တုန်းက တိုက်ကြီးတစ်တိုက် ဖြစ်ခဲ့ရမယ်"

"ပစိဖိတ်သမုဒ္ဒရာထဲမှာ ဘာတိုက်ကြီးတွေများ ရှိသေးလဲ ကပ္ပတိန်"

"ဩစတြေးလျနဲ့ နယူးဇီလန် ကျွန်းတွေပေါ့၊ သူတို့ဟာ ရာစုဝင်မပေါ်မီခေတ်က တိုက်ကြီးတစ်တိုက်ရဲ့ တောင်ထိပ်ပိုင်းတွေ ဖြစ်ရမယ်"

"အတ်တလန်တစ် (စ)တိုင်းပြည်ကြီးလိုလား"

ဟုဟာဗတ်က ဝင်၍ပြောသည်။

ထိုအခါ ကပ္ပတိန်ဟားဒိန်းက

"အင်း . . .အက်တလန်တစ်(စ) တိုင်းပြည်ကြီးရှိခဲ့တဲ့ တိုက်ကြီးနဲ့ တစ်ဆက်တည်း ဖြစ်မှာပေါ့နော်"

"ဖြစ်နိုင်ပါတယ်။ ဒီကျွန်းပေါ်မှာ တိရစ္ဆာန်တွေလည်း မျိုးစုံအောင်ရှိတယ်။ အရေအတွက်အနေနဲ့လည်း အများကြီးရှိလို့ လင်ကွန်းကျွန်းကြီးဟာ တစ်ချိန်တုန်းက တိုက်ကြီးတစ်တိုက် ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာကြီးအောက်ကို တဖြည်းဖြည်း မြုပ်သွားတာဖြစ်ရမယ်"

ထိုအခါ ပင်ကရော့က မယုံတယုံလက္ခဏာမျိုးဖြင့် . . .

"ဒါဖြင့် ဒီလင်ကွန်းကျွန်းကြီးဟာ တစ်နေ့ကျရင် ရေအောက် မြုပ်သွားမှာပေါ့"

"မှန်တယ်"

နံနက်စာ စားပြီးနောက် သူတို့သည် ရှေ့သို့ခရီးဆက်ကြရာ မကြာမီ ရွံ့နွံများရှိရာဒေသသို့ ရောက်လာကြ၏။ ယင်းဒေသမှာ မိုင်နှစ်ဆယ်ဝက်လည်ခန့်ရှိမည်ဟုခန့်မှန်းရပြီးလျှင် ငှက်မျိုးစုံမြူးထူးပျော်ပါးလျက် ရှိသည်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း တွေ့ရလေသည်။ ပင်ကာရှောနှင့် ဟာဗတ်တို့သည် ငှက်များကိုလေးဖြင့် ပစ်ကြရာ ဘဲဆယ့်နှစ်ကောင်ခန့် ရလိုက်၏။ ထိုဘဲများမှာ ခေါင်းစိမ်းဘဲများ ဖြစ်ကြလေသည်။ထိုနေ့ညနေ ငါးနာရီခန့်တွင် ရှေ့သို့ခရီးမဆက်တော့ဘဲ ပြန်လာခဲ့ကြရာ ညရှစ်နာရီတွင် ဂရင်းနိုက်အိမ်ကြီးသို့ ပြန်၍ရောက်ခဲ့ကြ၏။

## ထောင်ချောက်များ ပြုလုပ်ကြခြင်း

ဩဂုတ်လ ၁၅ ရက်နေ့အထိ ရာသီဥတုမှာ အလွန်အေးလျက် ရှိပြီးလျှင်၊ လေပြင်းတိုက်လိုက်သည့်အခါ အအေးဒဏ်ကို ပိုမိုခံစားကြရ၏။ ကျွန်းကြီးပေါ်တွင် မြေခွေးနှင့် မျှများသာရှိပြီးလျှင် ဝက်ဝံများမရှိသဖြင့် ပင်ကာရှောက ဝမ်းနည်းကြောင်းဖြင့် ညည်းညူပြောဆိုလျက်ရှိ၏။ သူသည် စိတ်ထဲတွင်ရှိသော အရာများကို ဖွင့်၍မပြောဘဲ မနေနိုင်သူ ဖြစ်သဖြင့် . . .

"ဝက်ဝံကျော့ကွန်းပေါ်က အမွေးထည်ကြီးကို ခဏငှားရရင် ကောင်းမှာပဲ"

နက်က သဘောကျစွာ ရယ်မောရင်း . . .

"ဝက်ဝံက သူ့အမွေးထည်ကို ငှားဖို့ သဘောတူမှာ မဟုတ်ဘူး ခင်ဗျာ"

"သဘောတူအောင် လုပ်ရမှာပေါ့"

ဤကဲ့သို့ ပြောဆိုပြီးနောက် ပင်ကာရှောသည် ဟာဗတ်၊ စပိလက်တို့နှင့်အတူ ထောင်ချောက်များ ပြုလုပ်ပြီးလျှင် ပရောစပက်တောင်နှင့် တောစပ်များ၌ သွားရောက်ချထားကြလေသည်။ သူတို့သည် တောကောင်၏ ခြေရာများတွေ့သော နေရာများတွင် တွင်းများတူး၍ အစာထည့်ကာ တွင်းပေါ်မှ သစ်ကိုင်းများ ဖုံးအုပ်ထား၏။ ဤနည်းဖြင့် ပထမဆုံးမြေခွေးများကို ရလိုက်လေသည်။

ပင်ကာရှောက မြေခွေးများကို ကြည့်ရင်း စိတ်ပျက်သည့်အမူအရာဖြင့်

"ဒီအကောင်တွေကို ဘာမှ အသုံးချလို့ ရမှာမဟုတ်ပါဘူး"

"တစ်ခုတော့ အသုံးချလို့ ရပါတယ်"

ဟု စပိလက်က ဝင်၍အားပေးလိုက်ရာ . . .

"ဘယ်လိုအသုံးချမှာလဲ"

"သူတို့ အသားကို အစာအဖြစ်နဲ့ပြပြီး တခြားအကောင်တွေကို ထောင်ရမယ်"

စပိလက်က အကြံပေးသည့်အတိုင်း မြေခွေးသေကောင်များကို အစာအဖြစ် တွင်းထဲ၌ ထည့်ပြီးလျှင်၊ ထောင်ချောက်များ ပြုလုပ်ထားကြ၏။ ပထမ





အတော်တွင် ယုန်များရပြီးနောက် နောက်တစ်ပတ်တွင် တောဝက်များကိုရ၍ ရကြလေသည်။ တောဝက်များကို စား၍ရ မရ ပင်ကာရှောက မမေးတော့သဖြင့် ဟာဗတ်က ၎င်းအားကြည့်ပြီးလျှင် . . .

"ဝက်သားတော့ ကြိုက်ပုံရတယ် . . . ဟုတ်လား"

"ကြိုက်တာပေါ့ကွာ၊ ဝက်ခြေထောက်ကို ပိုပြီးကြိုက်တယ် ဟော့၊ ဒီငယ် ဟာဗတ်ဝက်မှာ ခြေလေးချောင်းသာရှိလို့ပေါ့၊ ခြေထောက် ရှစ်ချောင်း လောက်ရှိရင် ဒီထက်နှစ်ဆလောက် ပိုပြီးကြိုက်တယ်လို့ ပြောမှာ"

ဩဂုတ်လ ၁၅ရက်ခန့်တွင် ရာသီဥတုမှာ အသင့်အတင့် ပြောင်းလဲသွားပြီးလျှင် လေသည်အနောက်မြောက်ဘက်မှ တိုက်ခတ်လျက်ရှိနေသည်။ တစ်တောလုံး တစ်တောင်လုံး နှင်းခဲများ ဖုံးလွှမ်းနေသဖြင့် ဝါဂွမ်းပုံကြီးကို ဖြန့်ထားသကဲ့သို့ ဖြူဖွေးလျက်ရှိနေ၏။ လေပြင်းတိုက်ခတ်သဖြင့် ပင်လယ် ကျောက်ဆောင်များကို ဂရင်းနိုက်အိမ်ကြီးပေါ်မှ ပင်ကြားရ၏။ ထိုအချိန်အတွင်း လေမုန်တိုင်းများ ကျရောက်လျက်ရှိနေသဖြင့် ဩဂုတ်လ ၂၀ရက်နေ့မှ ၂၅ရက်နေ့အထိ ကပ္ပတိန် ဟားဗတ်နှင့် သူ၏လူများသည် ဂရင်းနိုက်အိမ်ကြီးထဲ၌ပင် နေကြရလေသည်။ လေမုန်တိုင်းမှာ ပြင်းထန်စွာ ဆက်လက်တိုက်ခတ်လျက် ရှိရာ၊ သစ်တောကြီးအတွင်းမှ အချို့သစ်ပင်များမှာ အမြစ်မှကျွတ်ထွက်သွားတော့ မည်ကဲ့သို့ ထက်မှတ်ရ၏။ သူတို့သည် ဂရင်းနိုက် အိမ်ကြီးအတွင်း၌ လေလုံမိုးလုံနေကြရသဖြင့် ဘုရားသခင်အား ကျေးဇူးတင်လျက်ရှိ၏။ ထိုနေရာကို ရှာဖွေတွေ့ရှိသူ ကပ္ပတိန်ဟားဒိန်း၏ ကျေးဇူးကိုလည်း မမေ့ကြချေ။

ရာသီဥတု ဆိုးဝါးနေသဖြင့် အပြင်ဘက်သို့ မထွက်နိုင်ကြသော်လည်း ကပ္ပတိန်ဟားဒိန်း၏ လူများသည် အချိန်ကို အလဟဿ မကုန်စေဘဲ၊ နက်နှင့် ပင်ကာရှောတို့က ပရိဘောဂများကို ပြုလုပ်ကြ၏။ ဩဂုတ်လကုန်လောက်တွင် ရာသီဥတုပိုမိုကောင်းလာသဖြင့် လိုဏ်ဂူကြီး၏ အပြင်ဘက်သို့ ထွက်၍ နှစ်ပေခန့်ထုထယ်ရှိသော နှင်းခဲများကို ဖြတ်ကျော်ပြီးနောက် ပရော်စပက်တောင်ပေါ်သို့ တက်ကြည့်ရာ ကျွန်းတစ်ကျွန်းလုံး နှင်းခဲများဖြင့် ဖြူဖွေးနေသည့် ရှုမျှော်ခင်းကြီးကို တွေ့ရလေသည်။

စပိလက်၊ ပင်ကာရှောနှင့် ဟာဗတ်တို့သည် တောစပ်၌ ပြုလုပ်ထားသော ထောင်ချောက်များရှိရာသို့ သွားရောက်ကြည့်ရှုကြ၏။ ထောင်ချောက်များအတွင်း၌ သားကောင်များကို မတွေ့ရသော်လည်း အနီးပတ်ဝန်းကျင်တွင် လက်သည်းရှည်ကြီးများရှိသော သတ္တဝါများ၏ ခြေရာများကို တွေ့ရသဖြင့် လင်ကွန်းကျွန်းကြီးပေါ်တွင် ကြောက်မက်ဖွယ်ကောင်းသည့် သတ္တဝါကြီးများရှိကြောင်း ထင်ရှားလေသည်။ ခြေရာများကြည့်ရင်း ပင်ကာရှောက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာကောင်များပါလိမ့်"

"ကျားပေါ့ဗျ"

ဟု ဟာဗတ်က ချက်ခြင်းဖြေလိုက်၏။

"ကျားဆိုရင်တော့ ကျုပ်တို့ သတိနဲ့နေမှ ဖြစ်မယ်"

*

ရာသီဥတုမှာ တဖြည်းဖြည်း ပြောင်းလဲလာပြီးနောက် နှင်းခဲအရည်ပျော်၍လာကာ၊ တစ်စနှင့်တစ်စ ပျောက်ကွယ်သွားတော့၏။ အပူရှိန်မှာလည်း သိသိသာသာ တိုးလာပြီးနောက် မိုးလည်းရွာစပြုလာ၏။ သို့နှင့် သူတို့သည် စားရေရိက္ခာအစိုအခြောက် စသည်တို့ကို ပြန်လည် စုဆောင်းကြတော့၏။ နက်နှင့် ပင်ကရော့တို့က ကျောက်မီးသွေးတွင်းသို့ သွားပြီးလျှင် ကျောက်မီးသွေးများကို သယ်ယူခဲ့ကြ၏။ အပြန်တွင် သူတို့အိုးဖုတ်ခဲ့သော ပေါင်းဖိုကြီးမှာ ပြိုကျနေသည်ကိုတွေ့ရ၏။ ရာသီဥတု ပြောင်းလဲသွားသည်နှင့်အမျှ လေကြောင်းလည်း ပြောင်းလဲသွားကာ အရှေ့တောင်ဘက်မှ တိုက်ခတ်လာပြီးလျှင် အလွန် အေး၍လာတော့၏။ ဧပြီ ၁ရက်နေ့အချိန်မှာ သုညအောက် ၈ ဒီဂရီကို ပြလျက်ရှိ၏။

သူတို့တွင် သကြားမရှိသဖြင့် သကြားပင်မှ အရည်များကို ထုတ်ယူပြီးလျှင် အိုးများတွင် ထည့်ထားပြီးနောက် ဖျော်ရည်ကဲ့သို့ အသုံးပြုကြ၏။ ကပ္ပတိန်ဟားဒိန်းက သကြားချက်ရန် အကြံပေးသည့်အတိုင်း အိုးထဲမှ ဖျော်ရည်များကို မီးဖိုပေါ်၌ တင်၍ကျိုချက်ရာ၊ မကြာမီ အမြှုပ်များတက်လာသဖြင့် နက်သည် သစ်သားယောင်းမနှင့်ကော်၍ ထုတ်ထားလိုက်၏။ ဤသို့ဆူပွက်အောင် ထားသောအခါ၊ သကြားရည်သည် တဖြည်းဖြည်း ပြစ်လာပြီးနောက် ပေါက်စီးကျ၍ လာလေသည်။ ထိုသကြားရည်ပြစ်ပြစ်ကို ပုံစံခွက်များအတွင်း လောင်းထည့်လိုက်ရာ မအေးသွားသည်အခါ အနီရောင်သကြားခဲများ ရရှိလေတော့သည်။

ဤသို့ လိုဏ်ဂူကြီးတွင် ရက်ပေါင်းများစွာ ဆက်၍နေကြရစဉ်၊ သူတို့သည် ထောင်ချောက်များနှင့် သားကောင်များဖမ်းသည့် အကြောင်းများကို ဝိုင်းဖွဲ့ကာ စကားပြောဆိုရင်း တောင်းများရက်ကာ အချိန်ကို ကုန်စေခဲ့ကြသည်။ တော့မှာလည်း လိုဏ်ဂူအတွင်း အချိန် အတော်ကြာ အောင်းနေသဖြင့် ခြေလက်ဆန့်သည့်အနေဖြင့် တစ်ခန်းဝင် တစ်ခန်းထွက် ပြေးလွှားနေသည်ကို တွေ့ရ၏။ ရေတွင်းအနီးသို့ ရောက်သောအခါ တစ်ချက်နမ်းရှူ၍ ဟိန်းလိုက်ပြီးလျှင် ရေတွင်းအဖုံးကိုလည်း ကုတ်ခြစ်လျက်ရှိနေ၏။ ထို့ပြင် ထူးဆန်းသော အသံမျိုးဖြင့် တစ်ချက် ဟောင့်လိုက်သေး၏။





ကပ္ပတိန်ဟားဒိန်းသည် ထိုအခြင်းအရာများကို သတိထားမိသည့်အတိုင်း၊ တော့၏ထူးခြားသော အမူအရာအကြောင်းကို စပိလက်အား ပြောပြလေသည်။ လင်ကွန်းကျွန်းကြီးပေါ်တွင် လူကို အန္တရာယ်ပေးနိုင်သည့် သားရဲတိရစ္ဆာန်များရှိလျှင် ထိုရွာအန္တရာယ်မှ ကင်းရှင်းစေရန် ၎င်းတို့အား သုတ်သင်ရှင်းလင်းမှဖြစ်မည်ဟု စပိလက်က အနီးရှိ ပင်ကရော့အား ပြောလိုက်၏။

အောက်တိုဘာ ၂၄ ရက်နေ့တွင် ပင်ကရော့သည် ထောင်ချောက်များရှိရာသို့ သွားကြည့်ရာ၊ ဝက်မကြီးနှင့် ဝက်မလေးနှစ်ကောင် မိနေသည်ကို တွေ့ရ၏။

ပင်ကရော့သည် ယင်းသားကောင်များကို ဂရင်းနိုက်အိမ်ကြီးသို့ ယူလာခဲ့ပြီးလျှင် ဝက်သားကင်များဖြင့် တပျော်တပါး စားသောက်ကြမည်ဟု ကပ္ပတိန်နှင့် သူ့အဖော်များအား ပြောလိုက်လေသည်။ သို့နှင့် သဘော်သားပင်ကရော့သည် သူပြောသည့်အတိုင်း နက်နှင့်အတူ မီးဖိုခန်းထဲသို့ ဝင်ရောက်ကာ ညစာအတွက် ဝက်သားကင်ပြုလုပ်ရန် ပြင်ဆင်လေတော့၏။ ထိုနေ့ ညစာမှာ ဝက်သားကင် သားပိုက်ကောင် စွပ်ပြုတ်၊ ဝက်ပေါင်ခြောက်၊ ဗာဒံစေ့နှင့် လက်ဖက်ရည်အချို့များ ဖြစ်ပြီးလျှင် ရေးဟောင်းနှောင်းဖြစ်များကို ခပြောရင်း အားပါးတရ ပျော်ပျော်ပါးပါး စားသောက်ကြလေသည်။

ဝက်သားကင်မှာ အရသာရှိ၍ ပင်ကရော့က မြိန်ယှက်စွာ စားသောက်နေစဉ် အလန့်တကြားအော်လိုက်၏။ ထိုအခါ ကပ္ပတိန် ဟားဒိန်းက

"ဘာဖြစ်တာလဲဗျ"

"ဘာစားမိသလဲတော့ မသိဘူး၊ သွားတစ်ချောင်းတော့ ကျိုးသွားပြီ"

"ဝက်သားထဲမှာ ကျောက်ခဲပါလို့လား"

ဟု စပိလက်က ဝင်မေးလိုက်ရာ၊ ပင်ကရော့က သူစားနေသော ဝက်သားတုံးအတွင်းမှ မာကျောသော အတုံးကလေးတစ်ခုကို လက်ဖြင့် စမ်းကြည့်ပြီးနောက် ပါးစပ်ထဲမှ ထုတ်ယူလိုက်၏။

ထိုအတုံးကလေးကို လက်ဝါးပေါ်တွင် တင်၍ကြည့်လိုက်ရာ ၎င်းမှာ ကျောက်တုံးကလေးမဟုတ်ဘဲ၊ ကျည်ဆံထိပ်ဖူးကလေးတစ်ခု ဖြစ်နေသည်ကို တအံ့တသြတွေ့ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း [ ၂ ]

## စွန့်လွှတ်၍ ထွက်ခွာသွားခြင်း

### ကျည်ဆံအကြောင်း ဆွေးနွေးကြခြင်း

ဤလင်ကွန်းကျွန်းကြီးပေါ်သို့ ကပ္ပတိန်ဟားဒိန်းနှင့် သူ၏ လူများ ရောက်ခဲ့သည်မှာ (၇)လမျှပင် ကြာရှိခဲ့လေပြီ။ ထိုအချိန်များအတွင်း ကျွန်းပေါ်တွင် လူသားဟူ၍ တစ်ယောက်တစ်လေမျှပင် မတွေ့ရချေ။ ဤကျွန်းကြီးပေါ်တွင် လူသူတစ်ဦးတစ်ယောက် နေထိုင်သွားသည်ဟု ထင်မှတ်ရသည့် ခြေရာလက်ရာများတို့ကိုလည်း မတွေ့ရသဖြင့် ကျွန်းပေါ်တွင် လူမနေထိုင်ခဲ့ကြောင်း ယုံကြည်ရတော့မည်ကဲ့သို့ ဖြစ်နေသည်။ အထက်ပါ ယုံကြည်ချက်များမှာ ဝက်သားကင်အတွင်းမှ တွေ့ရသည့် ကျည်ဆံခဲသားထိပ်ဖူးကလေးကြောင့် အလုံးစုံပျောက်ပြယ်သွား၏။ ထိုကျည်ဆံထိပ်ဖူးသည် သေနတ်တစ်လက်မှ ထွက်လာခြင်းဖြစ်ရပေမည်။ အရေးကြီးသောအချက်မှာ မည်သူသည် သေနတ်ကို အသုံးပြုခဲ့သည်ဆိုသော အချက်ပင်ဖြစ်သည်။

ပင်ကရော့က ကျည်ဆံကလေးကို စားပွဲပေါ်သို့ တင်ထားလိုက်သောအခါ သူ၏အဖော်များက တအံ့တသြ ဝိုင်း၍ ကြည့်ရှုနေကြ၏။ ဤကဲ့သို့ ထူးဆန်းစွာတွေ့ရှိရခြင်းအတွက် နောက်ထပ်ဖြစ်ပေါ်လာမည့် အကြောင်းများကို သူတို့၏ စိတ်ထဲတွင် အမျိုးမျိုးတွေး၍ နေမိကြ၏။ ကပ္ပတိန်ဟားဒိန်းသည် ကျည်ဆံထိပ်ဖူးကလေးကို ယူပြီးလျှင် အသေအချာ ကိုယ်တွယ်ကြည့်ရှုပြီးနောက် ပင်ကရော့ဘက်သို့ လှည့်၍ . . .





"ဒီကျည်ဆံဝင်နေတဲ့ ဝက်ကလေးဟာ သုံးလသားလောက်ပဲ ရှိဦးမယ်ဆိုတာ သေချာသလား"

"သေချာပါတယ် . . .၊ ဝက်တွေကို ထောင်ချောက်ထဲမှာ တွေ့တုန်းက ဝက်ငယ်ကလေး နှစ်ကောင်ဟာ သူ့အမေနို့ကို စို့တောင် နေသေးတယ်"

"ဟုတ်ပြီ . . . ဒီလိုဆိုရင် လင်ကွန်းကျွန်းကြီးပေါ်မှာ လွန်ခဲ့တဲ့ သုံးလအတွင်းက သေနတ်တစ်ချက်ပစ်ခဲ့တယ်"

စပီလက်က ကျည်ဆံထိပ်ဖူးကို ကြည့်ရင်း . . .

"အဲဒီ သေနတ် ကျည်ဟာ ဝက်ကလေးကို ထိသွားတယ်"

ဟု ပြောလိုက်သဖြင့် ကပ္ပတိန် ဟားဒိန်းက . . .

"ဟုတ်တယ် . . . ခင်ဗျားတို့ကို ကျုပ်တစ်ခုပြောမယ်၊ ဒီ ကျွန်းကို ကျုပ်တို့ မရောက်ခင်က လူရှိခဲ့ဖူးတယ်၊ ဒါမှ မဟုတ်ရင်လည်း လွန်ခဲ့တဲ့ သုံးလအတွင်းက လူတစ်စုဟာ ဒီကျွန်းပေါ်ကို တက်ခဲ့တယ်။ သင်္ဘောကို တမ်းကပ်ပြီး ကုန်းပေါ်တက်လာတာရယ်၊ သင်္ဘောပျက်လို့ ကမ်းရောက်လာတာရယ် . . . တစ်ခုခုပဲ။ ဒီအချက် နှစ်ချက်တည်းက ဘယ်အချက်ဟာ မှန်တယ်ဆိုတဲ့ ပြဿနာကိုတော့ ကျုပ်တို့ နောက်ထပ် ရှင်းယူရမှာဘဲ။ အဲဒီလူတွေဟာ အခုထိ ကျွန်းပေါ်မှာ ရှိမရှိ မသိနိုင်သေးဘူး။ ဒီအကြောင်းတွေကို အမြန်ဆုံး ရှင်းသွားအောင် ကျုပ် တို့သိရအောင် လုပ်ရမယ်"

"သိပ်မှန်တာပေါ့၊ ဒီကျွန်းက ဘယ်လောက်ကြီးလို့လဲ၊ တကယ်လို့ လူရှိတယ်ဆိုရင် ကျွန်တော်တို့နဲ့ တွေ့ရမှာပေါ့"

ထိုအခါ စပီလက်ကလည်း သူ၏ ထင်မြင်ချက်ကို ပေးလိုသဖြင့်

"ဒီ ဝက်ကလေးမွေးကထဲက သူ့ကိုယ်မှာ ကျည်ဆံပါလာတယ်ဆိုရင် ပိုပြီးအံ့ဩစရာပေါ့"

ထိုအခါ နက်က ပင်ကရော့ကို ကြည့်ရင်း . . .

"ပင်ကရော့ ကတော့ . . ." နက် စကားမဆုံးမီ . . .

"ဒီမှာ နက် . . . ကျုပ်ပါးစပ်ထဲမှာ ကျည်ဆံတစ်ခုကို ၆ လ လောက်ကြာအောင် ထည့်ထားလို့ ရပါ့မလား၊ ဘယ်မှာသွားဝှက်ထားမလဲ၊ ကျုပ်သွားတစ်ချောင်းမှာ အခေါင်းပေါက်တစ်ခုတွေ့ရင် သွား ၆ ချောင်း ခင်ဗျားတို့ နှုတ်ပစ်နိုင်တယ်"

ဟု ပြောရင်း ပင်ကရော့က သူ၏သွားများကို မြင်နိုင်အောင် ပါးစပ်ကို ဟ၍ ပြလိုက်၏။

ကပ္ပတိန်ဟားဒိန်းက . . .

"နက် ထင်တာ မဖြစ်နိုင်ပါဘူး၊ ကျုပ်ပြောမယ်ဗျာ . . . အဲဒီလူ



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ကျွန်းပေါ်တက်လာခဲ့တာ ဖြစ်ရင်လည်း ခဏတဖြုတ်လောက် လာတာဖြစ်မှာပဲ၊ ကျုပ်တို့ ဖရင်ကလင်တောင်ပေါ်ကို တက်ကြည့်တုန်းက လူရှိရင်တွေ့ရမှာပေါ့။ ဖြစ်နိုင်တာက လွန်ခဲ့တဲ့ နှစ်ပတ်လောက်က သင်္ဘောပျက်ပြီး လူတစ်စု ကမ်းပေါ်ရောက်လာတယ်"

"ဒီအချက်ကို ရှင်းဖို့ လိုတယ်"

စပိလက်က ဤသို့ဆိုလျှင် သတိဝီရိယနှင့် နေထိုင်ပြီးလျှင် စုံစမ်းရန် အကြံပေးလိုက်၏။ ထိုအခါ ကပ္ပတိန်ဟားဒိန်းက . . .

"မလေး ပင်လယ်ဓားပြတစ်စု ရောက်လာတာ ဖြစ်နိုင်တယ်၊ သတိထားကြဖို့ လိုလာပြီ"

ပင်ကရော့က . . .

"ဒီမှာ ကပ္ပတိန် . . . ကျွန်တော် အကြံတခုပေးချင်တယ်၊ ကျွန်တော်တို့ ခရီးမထွက်ခင် လှေတစ်စင်းလောက်ဆောက်ရင် ကောင်းမယ် ထင်တယ်၊ ကျွန်းကို ပတ်ဖို့ပဲဖြစ်ဖြစ်၊ မြစ်ထဲကို သွားဖို့ပဲ ဖြစ်ဖြစ် အသုံးဝင်တာပေါ့"

"ပင်ကရော့ ပြောတာတော့ မှန်ပါတယ်၊ ဒါပေမယ့် လှေတစ်စင်းဆောက်ရင် တစ်လလောက် ကြာနေလိမ့်မယ်၊ အဲဒီလောက် မစောင့်နိုင်ဘူး"

"လှေကြီးတစ်စင်း ဆောက်ရင်တော့ ကြာမှာပေါ့၊ အခု ကိစ္စက ပင်လယ်ကို ဖြတ်ဖို့မှ မဟုတ်ဘဲ၊ မာစီမြစ်ထဲ သွားဖို့ဆိုတော့ လောင်းလှေကလေး တစ်ခုရရင် ပြီးတာပဲ၊ ငါးရက်နဲ့ အပြီးဆောက်ရင် ဖြစ်ပါတယ်"

သို့ ပြောဆိုပြီးနောက် ပင်ကရော့က အင်ဒီယန်းလူမျိုးများ ဆောက်သကဲ့သို့ လှေကို သစ်ခေါက်များဖြင့် ဆောက်လုပ်မည် ဖြစ်ကြောင်း ရှင်းပြသဖြင့် ကပ္ပတိန်ဟားဒိန်းနှင့် အဖော်များက သူ၏ အကြံပေးချက်ကို သဘောတူပြီးလျှင် ဝမ်းမြောက်ဝမ်းသာ အားပေးကြ၏။ ထိုငါးရက်အတွင်း သတိနှင့်နေကြရန်နှင့် အမဲလိုက်သည့်အခါတွင်လည်း ဂရင်းနိုက် အိမ်ကြီးအနီးအနားၗသာ သွားကြရန် ကပ္ပတိန် ဟားဒိန်းက သတိပေးလိုက်သည်။

ထိုနေ့ညစာစားရာတွင် စိတ်လက်ပျော်ရွှင်မှုများဖွာ မရှိကြချေ။

ကပ္ပတိန်ဟားဒိန်းနှင့် စပိလက်တို့က အိပ်ရာသို့မဝင်မီ ထိုနေ့ တွေ့ရသည့် အဖြစ်အပျက်များအကြောင်းကို ဆွေးနွေးရင်း ပင်လယ်ထဲတွင် ရေနစ်ရာမှ ကပ္ပတိန်ဟားဒိန်း လွတ်မြောက်လာခဲ့မှုအကြောင်းနှင့် ဆက်စပ်မှုရှိမရှိကို စဉ်းစားလျက်ရှိကြ၏။

နောက်ဆုံးတွင် ကပ္ပတိန်ဟားဒိန်းက စပိလက်အား . . .

"ကျုပ်ထင်မြင်ချက်ပေးရမယ် ဆိုရင်တော့ ကျွန်းကြီးပေါ်မှာ ဘယ်လောက်ပဲရှာရှာ ဘာကိုမှ တွေ့ရမှာမဟုတ်ဘူး"





ဟု ပြောလိုက်ပြီးလျှင် အိပ်ရာသို့ဝင်လေသည်။

နောက်တစ်နေ့ နံနက်၌ ပင်ကရော့၏ လှေဆောက်လုပ်ရေး လုပ်ငန်းတော၏။ မကြာမီက မုန်တိုင်းတိုက်ခတ်ခဲ့သဖြင့် တောကြီးအတွင်း သစ်ပင်တော်များများ လဲကျသွားရာ ယင်းတို့မှ ညက်ညောသော အသားရှိသည့်ခေါက်များကို အရှည်လိုက်ခွာပြီးလျှင် ဝမ်းဗိုက်အတွက် အသုံးပြု၏။ ရေင်စေရန် သစ်ခေါက်များကို ကိုယ်ထည်၌ သံဖြင့်စွဲထား၏။ ကပ္ပတိန် ဟားနှင့် ပင်ကရော့တို့က လှေဆောက်လုပ်ရေးအတွက် အလုပ်များနေစဉ် စပိလ်နှင့် ဟာဗတ်တို့က ဂရင်းနိုက်အိမ်ကြီး အနီးပတ်ဝန်းကျင်၌ အမဲလိုက်ကြလျှင် ဟင်းလျာများကို လုံလောက်အောင် ရှာဖွေပေးကြ၏။ တောအတွင်းနေရာ၌ ဟာဗတ်က အမောဖြေရင်း စပိလက်အားကြည့်၍ . . .

"သင်္ဘောပျက်ပြီး ကုန်းပေါ်ရောက်လာတဲ့ လူတွေဟာ ဂရင်းနိုက်ကြီးနားကို မလာတာ အတော်ထူးဆန်းတာပဲ ခင်ဗျ"

"ဟုတ်တယ် . . . သူတို့ ဒီကျွန်းပေါ်မှာ မရှိတော့ဘူးဆိုရင် ပိုပြီးထူးဆန်းဘူးလား"

"ဒီလူတွေ ကျွန်းကြီးက ထွက်သွားပြီလို့ ထင်သလား"

"ထင်နေတာ မဟုတ်ဘူး၊ သူတို့ ဒီကျွန်းပေါ်မှာ ဆက်လက် ရှိနေရင်နည်းနည်းနဲ့ သူတို့ရှိတာ ပေါ်လာမှာပေါ့"

"သူတို့ ဒီကျွန်းက ပြန်ထွက်သွားပြီဆိုရင် သင်္ဘောပျက်တာ ဘယ်တ်မလဲ"

"သင်္ဘောပျက်လို့ ကုန်းပေါ်လာတာ မဖြစ်နိုင်ဘူး၊ ရာသီဥတုကောင်းလို့ ဒီကျွန်းကို ခဏဝင်နားတာ ဖြစ်မယ်"

"ကပ္ပတိန်ဟားဒိန်းကို ကြည့်ရတာ ဒီကျွန်းပေါ်မှာ လူတွေရှိ မှာကိုမိနေသလိုပဲ"

"စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပဲ၊ ဒီနေရာတစ်ဝိုက်မှာ မလေးင်လယ်ဓားပြတွေ လာတတ်တယ်၊ အဲဒီကောင်တွေဟာ လူဆိုး လူမိုက်တွေ၊တို့နဲ့ မတွေ့တာ ကောင်းတယ်"

"သူတို့ ကျွန်းပေါ် တက်လာတဲ့အကြောင်း သဲလွန်စတစ်ခုကိုကြာခင် ကျွန်တော်တို့ တွေ့မှာပဲ"

ခေတ္တမျှ သူတို့အမောဖြေနေကြသည့် နေရာအနီးတွင် ပေ ၂၀၀ ခန့်မျှသော သစ်ပင်ကြီးများရှိသဖြင့် သစ်ပင်တပင်ပေါ်သို့ တက်၍ ပတ်ဝန်းကျင် ကြည့်လိုကြောင်း ဟာဗတ်က အကြံပေးပြောဆိုပြီးလျှင် အနီးရှိသစ်ပင်ပေါ်သို့ တက်သွားလေသည်။ ဟာဗတ်သည် သစ်ပင်ပေါ်မှနေ၍



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကိုကြည့်ရာ ကလေးအငူမှ ရယ်တိုင်းအငူ အထိကောင်းစွာ မြင်ရ၏။ ကျွန်း၏ အနောက်မြောက်ပိုင်းကိုမူ ဖရင်ကရင်တောင်ကြီး ကွယ်နေသဖြင့် မမြင်ရချေ။

ကျွန်း၏ ကမ်းရိုးတန်းတစ်လျှောက်တွင် လည်းကောင်း၊ အနီးအနားရှိ ပင်လယ်အတွင်း၌လည်းကောင်း မည်သည့်သင်္ဘောကိုမျှ မတွေ့ရချေ။ အနောက် တောအုပ်အတွင်း၌လည်း လူသူရှိရသည့် အရိပ်အရောင်ကို မမြင်ရဘဲ၊ မီးခိုးအစအနပင်လျှင်လည်း မမြင်ရပေ။

ထို့နောက် ဟာဗတ်လည်း သစ်ပင်ပေါ်မှဆင်း၍ ဂရင်းနိုက်အိမ်ကြီးသို့ သူတို့နှစ်ယောက် ပြန်လာကြ၏။ ဟာဗတ်က သူ၏ အတွေ့အကြုံများကို ကပ္ပတိန်ဟားဒိန်းအား ပြန်လည် ပြောပြလေသည်။

နှစ်ရက်ခန့်ကြာသောအခါ ထူးဆန်းသော အဖြစ်အပျက်တစ်ခု ထပ်မံ တွေ့ကြုံရပြန်၏။

ဟာဗတ်နှင့် နက်တို့သည် ကမ်းခြေအတိုင်း လျှောက်သွားစဉ် ဂရင်းနိုက်အိမ်ကြီးနှင့် ၂ မိုင်ခန့် ဝေးသည့်နေရာ တစ်နေရာတွင် ပင်လယ်လိပ်ကြီးတစ်ကောင်ကို ကံအားလျော်စွာ တွေ့ရသဖြင့် ၎င်းအား ပက်လက်လှန်ရန် နှစ်ယောက်သား ကြိုးစားကြ၏။ သို့နှင့်သူတို့သည် တုတ်တစ်ချောင်းကို အောက်မှ လျှိုသွင်းပြီးလျှင် လိပ်ကြီးအား ပက်လက်လှန်လိုက်၏။ လိပ်ကြီးမှာ အလေးချိန်အားဖြင့် ပေါင် ၄၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရ၍၊ အလျား ၃ ပေခန့်ရှိ၏။ ထို့နောက် သူ၏ အင်အားဖြင့် မလှန်နိုင်အောင် ကျောက်တုံးအောက်၌ ကျောက်တုံးများကို ခု၍ ထားခဲ့ပြီးလျှင် တွန်းလှည်းယူရန် အိမ်သို့ပြန်ခဲ့ကြ၏။

ပင်လယ်လိပ်ကြီးရှိသည့် နေရာသို့ သူတို့ ပြန်လာသောအခါ ပင်လယ်လိပ်ကြီး မရှိတော့ပေ။ ဟာဗတ်နှင့် နက်တို့သည် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ အံ့ဩလျက်ရှိကြ၏။

သို့နှင့်သူတို့သည် တွန်းလှည်းကလေးကို ပြန်ဆွဲယူခဲ့ကြရာ၊ လှေလုပ်နေသည့် နေရာသို့ရောက်သောအခါ၊ ကပ္ပတိန်ဟားဒိန်းကို တွေ့ရသဖြင့် လိပ်ကြီးလွတ်သွားသည့်အကြောင်းကို အစအဆုံး ပြောပြ၏။ လိပ်ကျောကုန်းအောက်၌ ကျောက်တုံးများ ခုထားပါလျက် လိပ်ကြီး ထွက်သွားသည်မှာ အံ့ဩစရာ ကောင်းသည်ဟု လိပ်သား မစားလိုက်ရ၍ ဝမ်းနည်းနေသော ပင်ကရော့က ဝင်၍ပြောလိုက်သည်။

လိပ်ကြီးကို ပက်လက်လှန်၍ ထားခဲ့သောနေရာမှာ ကမ်းစပ်နှင့် ၁၅ ပေခန့် ဝေးကြောင်းသိရသဖြင့် ဒီရေတက်လာသောအခါ လိပ်ကြီးမှာ ရေထဲတွင် နဂိုအတိုင်းမှောက်လျက် ဖြစ်သွားနိုင်ကြောင်း ကပ္ပတိန်ဟားဒိန်းက ရှင်းပြ၏။





"ဒို့နှစ်ယောက်ကလည်း အ,လိုက်တာကွာ"

ဟု နက်က ညည်းတွားလျက်ရှိလေသည်။

## သောင်းလှေကလေးဖြင့် လှည့်လည်ကြည့်ရှုခြင်း

ပင်ကရော့က တာဝန်ယူထားသည့်အတိုင်း အောက်တိုဘာ လ ၉ ရက်နေ့တွင် ၁၂ ပေရှည်သည့် သောင်းလှေကလေးမှာ ဆောက်လုပ်ပြီးစီးသွားလေပြီ။ လှေ၏အလေးချိန်မှာ ပေါင် ၂၀၀ ခန့်ရှိ၏။

ဂရင်းနိုက်အိမ်ကြီး၏ ရှေ့တွင်ရှိသော ကမ်းစပ်သို့ သောင်းလှေကို သယ်ယူလာခဲ့ပြီးလျှင် သောင်ပြင်ပေါ်၌ ချထားရာ ဒီရေတက်လာသောအခါ၌ လှေသည် ရေပေါ်တွင်ပေါ်လျက်ရှိ၏။ ပင်ကရော့သည် ခတ်တက်ကိုကိုင်ပြီးလျှင် လှေပေါ်သို့ တက်လိုက်၏။ ထို့နောက် အနီးတစ်ဝိုက်တွင် စမ်းသပ်လှော်ခတ်ကြည့်ရာ ပိုင်နိုင်စွာ သွားလာလှုပ်ရှားနိုင်ကြောင်း တွေ့ရ၏။ ထို့နောက် ဝမ်းမြောက်ကျေနပ်သည့် အမူအရာဖြင့် . . .

"ဒီလှေနဲ့ဆိုရင် တစ်ပတ်ပတ်နိုင်မယ်"

"ကမ္ဘာကိုပတ်မှာလား"

ဟု စပီလက်ကဝင်၍ ပြောလိုက်ရာ . . .

"ဒီကျွန်းကြီးကို ပတ်မှာပေါ့ဗျ၊ နားဝေးလိုက်တာ။ ကဲ . . . ပြောနေကြတယ်ဗျာ၊ ကပ္ပတိန်နဲ့ အားလုံးပေါ့ဗျာ လှေပေါ်တက်ကြ။ ကျွန်တော်တို့ ငါးယောက်စလုံး စီးလို့ရမရ စမ်းကြည့်ကြရအောင်"

သို့နှင့် ကပ္ပတိန်နှင့် ကျန်လူများသည် သောင်းလှေပေါ်သို့ တက်ပြီးနောက် သူတို့သည် ကျွန်း၏တောင်ဘက်ပိုင်းတွင်ရှိသော ကျောက်တန်းများဆီသို့ လှော်ခတ်သွားကြ၏။ သို့ရှိစဉ် လှေအတွင်းသို့ ရေအနည်းငယ်စိမ့်ဝင်လာသည်ကို တွေ့ရသဖြင့် နက်က ပင်ကရော့ ဖက်သို့ လှည့်ကာ . . .

"ခင်ဗျားလှေက ရေယိုနေပါလားဗျ၊ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ သစ်သားတွေက တစ်ရက် နှစ်ရက်ဆိုရင် အသားကျသွားပြီး ရေဝင်မှာ မဟုတ်တော့ပါဘူး"

ဟု ပင်ကရော့က ပြန်ပြောလိုက်၏။

ထိုနေ့တွင် ရာသီဥတုမှာ ကောင်းမွန်ပြီးလျှင် ပင်လယ်ရေပြင်ကလည်း ငြိမ်သက်လျက်ရှိရာ သူတို့သည် သောင်းလှေဖြင့် လိုသည့်နေရာသို့ ခတ်ချလက်ချ သွားနိုင်ကြလေသည်။ နက်နှင့် ဟာဗတ်တို့က လှော်တက်တစ်ခုစီဖြင့် လှော်ခတ်ကာ ပင်ကရော့က ပဲ့ပိုင်းတွင်ထိုင်၍ ခတ်တက်ဖြင့် လှော်



www.burmeseclassic.com

www.burmeseclassic.com



ရင်း လှေကို ထိန်းပေးရ၏။ ပင်လယ်ဘက်သို့ မိုင်ဝက်ခန့်မျှ ထွက်ကြည့်ကြရာ ဖရင်ကလင်တောင်ကို ကောင်းစွာ မြင်ရလေသည်။

ထိုနေရာသို့ရောက်သောအခါ သူတို့သည် မာစီမြစ်ဘက်သို့ ဦးတည်ပြီး လှော်ခတ်သွားကြပြန်၏။ ကမ်းစပ်တွင် ကျောက်စွန်းများရှိ၍ မညီမညာ ဖြစ်နေပြီးလျှင် သုံးမိုင်ခန့်သွားရမည်ဟု ခန့်မှန်းကြ၏။ ကလေအင်္ဂထိ သွား ကြည့်ရန်လည်း ဆုံးဖြတ်ထား၏။ ကျောက်တုံးများမှာ ကမ်းစပ်တွင် နေရာအ အပြား ရှိနေသည်ကိုတွေ့ရသဖြင့် သတိပြု လှော်ခတ်ကြရင်း ယူနီယံ ပင်လယ် အော်အနီးသို့ ရောက်ရှိ လာကြလေသည်။

လေးဆယ့်ငါးမိနစ်ခန့် ကြာသောအခါ ကလေအင်္ဂ ကျောက်စွန်းန သို့ ရောက်ရှိလာကြပြီးနောက် ဟာဗတ်က ကမ်းစပ်တွင် မြင်နေရသော မဲန နေသည့် အရာဝတ္ထုတစ်ခုကို လက်ညှိုး ညွှန်လျက် . . .

"ကမ်းစပ်မှာ ဘာလဲ မသိဘူး"

ဟု အော်လိုက်၏။

ထိုအခါ အားလုံးကပင် ဟာဗတ် ညွှန်ပြသော နေရာသို့ ဂရုတစိုက် ကြည့်လိုက်ရာ စပိလက်က . . .

"သဲထဲမြုပ်နေတဲ့ သင်္ဘောပျက်က အစိတ်အပိုင်းတစ်ခု ဖြစ်မ ထင်တယ်"

ဟု ပြောလိုက်၏။

ပင်ကရော့က . . .

"တွေ့ပြီဗျို့"

နက်က . . .

"ဘာတွေ့တာလဲ"

ပင်ကရော့က . . .

"စည်ပိုင်းတွေ . . . စည်ပိုင်းတွေ"

ကပ္ပတိန်က လှေကိုကမ်းသို့ အမြန်ကပ်ရန် အမိန့်ပေးလိုက်၏။

မကြာမီ လှေကလေးသည် ကမ်းစပ်သို့ ထိုးကပ်လာရာ အားလုံ လှေပေါ်မှ ခုန်ဆင်းကြပြီးနောက် စည်ပိုင်းများရှိသည့် နေရာသို့ အပြေးအလွှ သွားရောက်ကြည့်ရှုကြရာ ပင်ကရော့ ပြောသည့်အတိုင်း သဲထဲတွင် တစ်ဝ ခန့် နစ်မြုပ်နေသည့် စည်ပိုင်းနှစ်လုံးကို တွေ့ရလေ သည်။ ထိုစည်ပိုင်းနှစ်လုံးက သေတ္တာကြီးတစ်လုံးနှင့် တွဲပြီးလျှင် ကြိုးများဖြင့် ခိုင်မြဲစွာ ချည်နှောင်ထားသည ကို တွေ့ရလေသည်။

ဟာဗတ်က . . .





"ဒီကျွန်း တစ်နေရာမှာ သင်္ဘောပျက်တယ် ထင်တယ်"

စပိလက်က . . .

"သေချာတာပေါ့ ဟာဗတ်ရဲ့"

ပင်ကရော့က စိတ်မရှည်သည့် အသံဖြင့် . . .

"ဒီမယ် . . . ခင်ဗျားတို့ သေချာတယ်ဆိုတဲ့ဟာတွေ အသာထား လိုက်ပါဦး၊ အရေးကြီးတာက ဒီသေတ္တာကြီးထဲမှာ ဘာတွေရှိတယ်ဆိုတာ သိဖို့ပဲ။ ကျုပ်တို့မှာ ဖွင့်စရာ ဘာကိရိယာမှ မပါခဲ့ဘူး၊ ဒီတော့ ကျောက်ခဲနဲ့"

ပင်ကရော့သည် ပြောရင်း ဆိုရင်း အနီးရှိ ကျောက်တုံးတတုံးကို လက်နှစ်ဖက်ဖြင့် မ ယူလိုက်ပြီးလျှင် ဦးခေါင်းပေါ်မြှောက်ကာ သေတ္တာကြီးကို ခေါက်ခွဲရန် ချိန်ရွယ်လိုက်၏။ သို့သော် လက်မြန်လှသော ကပ္ပတိန် ဟားဒိန်း က ပင်ကရော့၏ လက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်လေသည်။

"ပင်ကရော့ . . . မင်း တစ်နာရီလောက် သည်းခံပြီး စောင့်မကြည့် နိုင်ဘူးလား"

"ဒီသေတ္တာထဲမှာ ကျွန်တော်တို့လိုချင်တဲ့ ပစ္စည်းတွေ အားလုံးရှိ မယ်လို့ ထင်တာဘဲ ကပ္ပတိန်"

"မကြာခင် သိရမှာပေါ့ကွာ၊ ငါသဘောကတော့ ဒီသေတ္တာကြီးကို မပျက်စီးစေချင်ဘူး၊ တို့ အသုံးချလို့ ရတယ်၊ သေတ္တာနဲ့ စည်ပိုင်းတွေကို ဒီ အတိုင်း လှေနဲ့ဆွဲသွားပြီး ဂရင်းနိုက်အိမ်ကြီးကို ယူသွားမယ်၊ အိမ်ကျမှ ဖွင့် ကြည့်ကြတာပေါ့"

ပင်ကရော့က တောင်းပန်သည့် ဟန်ဖြင့် . . .

"ကျွန်တော် မှားသွားတယ် ကပ္ပတိန်"

ကပ္ပတိန်ဟားဒိန်းက ဦးခေါင်းကို ညိတ်ပြလိုက်၏။ ထို့နောက် ထို နေရာ၏ပတ်ဝန်းကျင်ကို ဂရုတစိုက်လှေ့လာရန် တစ်နေရာစီ သွားရောက်ကြည့် ရှုကြကုန်၏။ သင်္ဘောပျက်မှ သစ်တိုသစ်စနှင့် အခြားမည်သည့် ပစ္စည်းကိုမျှ မတွေ့ရချေ။ ဟာဗတ်နှင့်နက်တို့က အနီးရှိ ကျောက်ကမ်းပါးပေါ်သို့ တက်ပြီး လျှင် ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်သို့ မျှော်ကြည့်ကြ၏။ သို့သော် သင်္ဘောအစအနကို မတွေ့ကြရချေ။ ကမ်းပေါ်သို့ ဤသေတ္တာကြီး ရောက်နေ ခြင်းမှာ ထောင်ချောက်မိခဲ့သော ဝက်ကလေး၏ ကိုယ်တွင်းမှ ရရှိသည့် ကျည်ဆံ ကိစ္စနှင့် တစ်နည်းနည်းအားဖြင့် ပတ်သက်၍ ဆက်စပ်မှုရှိရမည်ဟု ယုံကြည် ကြ၏။ ထိုသေတ္တာကြီး၏ လက်ရာကို ကြည့်ခြင်းဖြင့် ပိုင်ရှင်သည် မလေး ပင်လယ်ဓားပြ မဟုတ်နိုင်ဘဲ အင်္ဂလိပ် သို့မဟုတ် အမေရိကန် လူမျိုးဖြစ်သော ဖြစ်ရမည်ဟု တစ်ထစ်ချ ယုံကြည်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကြီးမှာ သာမန်အရွယ်အစားထက် ထူးခြားစွာ ကြီးနေသည်ကို တွေ့ရ၍၊ ဝက်သစ်ချသားဖြင့် ပြုလုပ်ထားပြီးလျှင် သေချာစွာပိတ်ထား၏။ ထိုမျှသာမက သားရေပတ်ဖြင့် ပတ်ထားပြီးလျှင် ကြေးမှိုဖြင့် ခိုင်ခန့်စွာ ရိုက်ထား၏။ စည်ပိုင်းနှစ်လုံးမှာ အလုံပိတ်ထား၍ တီးခေါက်ကြည့်သောအခါ အတွင်း၌ တစ်စုံတစ်ရာမရှိကြောင်း သိရလေသည်။ စည်ပိုင်းနှစ်လုံးကို သေတ္တာကြီးဖြင့်တွဲ၍ ကြိုးဖြင့် သေချာစွာ ချည်နှောင်ထားရာ၊ ကြိုးချည်နည်းမှာ သင်္ဘောသား တစ်ယောက်၏ချည်နှောင်ပုံ လက်ရာဖြစ်ကြောင်း ပင်ကရောက ပြောပြ၏။ သေတ္တာကြီး၏အခြေအနေကို ကြည့်ရခြင်းအားဖြင့် အချိန်မကြာသေးမီက ကမ်းစပ်သို့ ရောက်ရှိလာခြင်း ဖြစ်ကြောင်းမှန်းဆ နိုင်ပေသည်။

သင်္ဘောပျက်တော့မည် သိသဖြင့် သေတ္တာကြီး မပျက်စီးအောင် ရေသို့ချကာ ကမ်းပေါ်သို့ရောက်မှယူရန် အမြော်အမြင်ရှိသူ သင်္ဘောသားများက ပြုလုပ်ထားခြင်းဖြစ်လိမ့်မည်ဟု တွေးတောကြလေသည်။

“ဒီသေတ္တာကြီးကို ဂရင်းနိုက်အိမ်အရောက် ယူသွားမယ်၊ ဖွင့်ကြည့်သို့ ပိုင်ရှင်ကို သိရရင် တွေ့တဲ့အခါ သူ့ကိုပြန်ပေးတာပေါ့”

ဟု ကပ္ပတိန်ဟားဒိန်းက သူ၏ဆုံးဖြတ်ချက်ကို ပြောလိုက်ရာ ပင်ကရောက ချက်ချင်းပင် . . .

“ပိုင်ရှင်မတွေ့ရင်လည်း ကျွန်တော်တို့ အပိုင်ယူထားလိုက်တာပေါ့”

ဟု ထောက်ခံလိုက်လေသည်။

ဤသို့ ပြောဆိုကြပြီးနောက် ချည်နှောင်ထားသည့် ကြိုးစကို ဖြေပြီးလျှင် သေတ္တာကြီးနှင့် စည်ပိုင်း ၂ လုံးကို သူတို့၏ လှေနောက် မှဆွဲ၍ ယူခဲ့ကြလေသည်။ တစ်နာရီခွဲခန့်ကြာသောအခါ ဂရင်းနိုက်အိမ်ကြီးအနီးရှိ ကမ်းစပ်သို့ ချောမောစွာ ရောက်ရှိခဲ့ကြလေသည်။

ကမ်းသို့ရောက်သောအခါ ဒီရေကျသွားပြီဖြစ်၍၊ လှေနှင့် သေတ္တာကြီးမှာ စည်ပိုင်း ၂ လုံးတွဲလျက် ကုန်းပေါ်၌ ကျန်ရစ်ခဲ့လေသည်။ နက်က အိမ်သို့ပြန်၍ သေတ္တာဖွင့်ရန် အသုံးကျမည့် ကိရိယာများကို ယူခဲ့ပြီးလျှင်၊ သေတ္တာကြီးကို စတင်ဖွင့်ကြတော့၏။ မကြာမီ အဖုံးကြီး ဖွင့်သွားပြီးနောက် အတွင်းရှိသောပစ္စည်းများကို ရေမစိုစေရန် သွပ်ပြားဖြင့် ပြုလုပ်ထားသည့် ဒုတိယ သေတ္တာတလုံးကို ထပ်မံတွေ့ ရပြန်၏။

သင်္ဘောသား ပင်ကရောက သွပ်ဖြင့် ပြုလုပ်ထားသော ထိုသေတ္တာထဲတွင် သူအလွန်လိုချင်နေသည့် ဆေးတံသောက်ဆေးများ ပါလာလျှင် ကောင်းမည်ဟု စိတ်ထဲတွင် တွေး၍နေ၏။

သွပ်ပြားအဖုံးကိုဆွဲ၍ ခွာလိုက်သောအခါ တံစင်း၊ ရှူး၊ ဆောက်





အမျိုးမျိုး လက်နက်များ၊ အကွာအဝေး တိုင်းထွာရန် ကိရိယာများ၊ အဝတ်အစားနှင့် စာအုပ်များကို တွေ့ကြရသဖြင့် ဟာဗတ်က လက်ခုတ်တီး၍ ဩဘာပေးလိုက်ရာ၊ နက်ကခုန်၍ ကလိုက်၏။ ပင်ကရောက “ဟူးရေး . . . ဟူးရေး” ဟု ဗမ်းသာအားရ ဟစ်အော်လိုက်၏။ သေတ္တာကြီးအတွင်း၌ တွေ့ရသော ပစ္စည်းအသေးစိတ် စာရင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

တံစဉ်း၊ ရှူး၊ ဆောက်များ၊ မား ၃ချောင်း၊ ပုဆိန် ၂ ခု၊ ရဲဒင်း ၂ လက်၊ ရွှေပေါ် ၃ လက်၊ ပဲကွပ် ၂ လက်၊ တစ်ဖက်ချွန် ပေါက်ပြား ၁ ခု၊ ဆောက် ၆ ခု၊ တံစဉ်း ၂ ချောင်း၊ တူ ၃ ခု၊ လွန်ပူ ၂ ချောင်း၊ သံ နှင့်ဝက်အူ ၁၀ အိတ်၊ လွှ ၃ ချောင်း၊ (အရွယ် ၃ မျိုး) အပ် ၂ ဘူး။

လက်နက်များ။ ။ မီးခတ်ကျောက်ပါ မောင်းသေနတ် ၂ လက်၊ ဒုမ်း ၂ လက်၊ ကာဘိုင် ၂ လက်၊ သင်္ဘောသားကိုင် ဓားတို ၂ ချောင်း၊ ဓားရှည် ၄ လက်၊ ယမ်းထည့်ထားသည့် စည်ပိုင်း ၂ လုံး၊ တူမီးယမ်းကပ် ၂ သေတ္တာ။

တိုင်းထွာရေးကိရိယာများ။ ။ ဆက်(စ်)တင့်မှန်ပြောင်း တစ်လက်၊ သချာကိရိယာတစ်ဘူး၊ အိမ်မြှောင်တစ်ခု၊ ပြဒါးချိန်တစ်ခု၊ မိုးလေတိုင်းပြဒါးတိုင်တစ်ခု၊ ဓာတ်ပုံရိုက် ပစ္စည်းများပါသည့် ဘူးတစ်ဘူး၊ မှန်နှင့် ဒလိမ်ပြားများ၊ ဓာတုဗေဒဆေးများ။

အဝတ်အစားများ။ ။ သိုးမွှေးနှင့်တူသောပစ္စည်းဖြင့် ချုပ်ထားသည့် ရှပ်အင်္ကျီ ၂ ဒါဇင်၊ ခြေအိတ် ၃ ဒါဇင်။

အိုးခွက်ပစ္စည်းများ။ ။ သံအိုး ၁ လုံး၊ ကြေးနီဒယ်ပြား ၆ ခု၊ ဟင်းထည့်ပန်းကန်ပြား ၃ ခု၊ ထမင်းပန်းကန်ပြား ၁၀ ချပ်၊ ရေနွေး အိုး ၂ လုံး၊ မီးဖို ၁ ခု၊ သားလှီးဓား ၆ ချောင်း။

စာအုပ်များ။ ။ ကျမ်းစာအုပ် ၁ အုပ်၊ ကမ္ဘာ့မြေပုံ ၁ ခု၊ အတွဲ ၆ တွဲပါသော သဘာဝသိပ္ပံ အဘိဓာန် စာအုပ် ၆ အုပ်၊ စာရေး စက္ကူထုပ် ၃ ထုပ်၊ ဘလာစာအုပ် ၂ အုပ်။

“ကျုပ်တို့ ဘာမှမလိုတော့ဘူးဗျို့၊ အားလုံးပြည့်စုံနေပြီဗျ”

ဟု ကပ္ပတိန်ဟားဒိန်းက အော်၍ပြောလိုက်၏။

ထိုအခါ စပိလက်က ယင်းပစ္စည်းများအပေါ်တွင် မည်သည့် တိုင်းပြည်က ပြုလုပ်ကြောင်း ဖော်ပြထားခြင်း ရှိမရှိ စစ်ဆေးကြည့်ရှုရာ အမှတ်အသားဟူ၍ တစ်စုံတစ်ရာရှာမတွေ့ရချေ။ ပစ္စည်းများမှာ အသုံးမပြုရသေးသော အသစ်ကျပ်ချွတ်များ ဖြစ်ကြ၍ ယင်းတို့ကို စာရင်းဇယား ပြုလုပ်ရေးသားသားကြောင်း တွေ့ရလေသည်။ သစ်သား သေတ္တာကြီးအတွင်းရှိ သွပ်ပြား



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာမှာ သေသပ်စွာ ဂဟေဆော်ထားသဖြင့် အချိန်ယူ၍ စီစဉ်ပြုလုပ်ထားကြောင်း ထင်ရှားလေသည်။

သေတ္တာကြီးမှာ မည်သည့်နေရာမှ ရောက်လာသည် ဖြစ်စေ၊ လင်ကွန်းကျွန်းကြီးပေါ်တွင်ရှိသည့် ကပ္ပတိန်ဟားဒိန်းနှင့် သူ၏အဖွဲ့သားများအတွက် အလွန်အဖိုးထိုက်တန်သည့် ရတနာများ ဖြစ်ပေသည်။

မိမိတို့လိုချင်သော ပစ္စည်းမှန်သမျှ အားလုံးရှိနေပြီ ဖြစ်သဖြင့် ကပ္ပတိန်ဟားဒိန်းနှင့် အဖွဲ့သားများသည် နောက်တစ်နေ့ နံနက်၌ ကျွန်းကြီးပေါ်တွင် လှေလာရန် ခရီးထွက်ရပေဦးမည်။ မာစီမြစ်ကြီးကို ဆန်တက်သွားခြင်းဖြင့် အနောက်ဘက် ကမ်းခြေသို့လည်း ရောက်ဖူးသွားကြပေမည်။ ထို့နောက် သေတ္တာအတွင်းရှိ ပစ္စည်းများကို ဂရင်းနိုက်အိမ်ကြီးပေါ်သို့ သယ်ယူကြပြီးလျှင် ခန်းမကြီးအတွင်း၌ စနစ်တကျ နေရာချထားကြသည်။

အောက်တိုဘာ ၂၉ ရက်သည် တနင်္ဂနွေနေ့ ဖြစ်သဖြင့် အားလုံးက ကပ္ပတိန် ဟားဒိန်းအား သမ္မာကျမ်းစာမှ တရားစာတစ်ပိုဒ်ကို ဖတ်ပြရန် ပြောသဖြင့် ဖတ်ပြမည်ပြုရာ ပင်ကရော့က လက်ဖြင့်တား လိုက်ပြီးနောက် စာပိုဒ်ကို ရွေးမနေဘဲ ကျရာနေရာမှ ဖတ်ပြရန် အကြံပေးလိုက်၏။

ကျမ်းစာအုပ်တွင် ကြိုးကလေးနှင့် ခြားထားသော 'ရှင်မဿဲ' စာမျက်နှာမှ အခန်း–၇၊ အပိုဒ်–၈တွင် ခဲဖြင့် ကြက်ခြေခတ် မှတ်သား ထားသည့်နေရာကို ဖွင့်ပြီးနောက် ကပ္ပတိန်က အောက်ပါအတိုင်း ဖတ်ပြလိုက်လေသည်။

"တောင်းသော သူသည် ရ၏။ ရှာသော သူသည်လည်း တွေ့၏"

## ခရီးစတင်ထွက်ခြင်း

အောက်တိုဘာလ ၃၀ ရက်နေ့တွင် သူတို့သည် ကျွန်းကြီး၏ အတွင်းပိုင်းသို့ ခရီးစတင်ထွက်ရန် အသင့်ဖြစ်နေကြ၏။ အရေးကြီးသော ပစ္စည်းများ ပြည့်စုံနေပြီဖြစ်၍ အခြားအကူအညီ မလိုတော့ချေ။

သူတို့ဆောက်လုပ်ထားသော လောင်းလှေကလေးဖြင့် သွားနိုင်သည့် နေရာအထိ မာစီမြစ်အတိုင်း ဆန်တက်ကြရန် ဆုံးဖြတ်လိုက်သဖြင့် စားနပ်ရိက္ခာနှင့်လက်နက်ကိရိယာများကို ကျွန်းကြီး၏အနောက်ဘက်ကမ်းခြေသို့ အလွယ်တကူ ပို့နိုင်ကြပေတော့မည်။

ကျွန်း၏ အနောက်ဘက်ကမ်းခြေသို့ရောက်လျှင် သင်္ဘောပျက်တစ်စင်းကို တွေ့ရလိမ့်မည်ဟု မျှော်လင့်ကြ၏။ နက်က သုံးရက်စာ ခရီးအတွက် စားနပ်ရိက္ခာနှင့် ဘိယာများကို ယူဆောင်ခဲ့၏။ ဤသို့ ယူခဲ့ရာတွင် ခရီးဆောင်





အိုးကလေးယူရန်ကိုလည်း နက်က မမေ့ပေ။ လမ်းခရီး၌ အလွယ်တကူ တောရှင်းရန်အတွက် ပုဆိန်နှစ်လက်ကို လည်းကောင်း၊ မှန်ပြောင်းနှင့် ခါးပိုက်ဆောင် အိမ်မြှောင်တို့ကို လည်းကောင်း၊ လက်နက်များအဖြစ် တူမီးနှစ်လက်၊ ကာဘိုင်တစ်လက်နှင့် ယမ်းတောင့်များကို လည်းကောင်း၊ သင်္ဘောသားကိုင် ဓားတိုနှစ်ချောင်းကိုလည်းကောင်း ယူဆောင်ခဲ့ကြလေသည်။

လက်နက်များပြည့်စုံနေပြီဖြစ်သဖြင့် ပင်ကရော့၊ ဟာဗတ်နှင့် နက်တို့မှာ သွေးကြွလျက်ရှိနေ၏။ ထို့ကြောင့် ကပ္ပတိန်ဟားဒိန်းက မလိုဘဲ သေနတ်တစ်ချက်မျှ မပစ်ဖောက်ရန် သူတို့အား အမိန့်ပေးထားလေသည်။

နံနက် ၆နာရီခန့်တွင် လောင်းလှေပေါ်သို့ အားလုံးတက်ကြရာ 'တော့'ကလည်း အလယ်မှနေရာယူ လိုက်၏။ ထို့နောက် သူတို့သည် လှေကလေးကို မာစီမြစ်ဝဆီသို့ ဦးတည်ပြီးလျှင် လှော်ခတ်သွားကြ၏။ ဒီရေတက်လာသည်မှာ နာရီဝက်ခန့် ကြာခဲ့ပြီဖြစ်သဖြင့် ရေအရှိန်ကောင်းနေသောကြောင့် မာစီမြစ်လယ်မှ အထက်သို့ အလွယ်တကူရေစီးဖြင့် ဆန်တက်ခဲ့ကြ၏။ မကြာမီ မြစ်ကြောင်းကွေ့သွားသည့် နေရာသို့ ရောက်သောအခါ မြစ်ပြင်မှာ ပိုမိုကျယ်ပြန့်လာပြီးလျှင် မြစ်မှာ တောအုပ်ကြီးအတွင်းမှ ဖြတ်သန်းစီးဆင်းလာသည်ကို တွေ့ရ၏။ မြစ်၏ လက်ယာဖက်ကမ်းတစ်လျှောက်တွင် အင်္ဂလန်ပြည်တွင်ရှိသည့် 'အမ်'သစ်ပင်ကြီးများ ပေါက်ရောက်နေသည်ကို တွေ့ရ၏။ ယင်း သစ်ပင်များမှာ အခေါက်ကြမ်းပြီးလျှင် နဆားပတ်လည်၌ ခွေးသွားစိပ်ကဲ့သို့ ချွန်သော အရွက်မျိုးရှိ၏။ လှေဆိုက်ကပ်ရန် လွယ်ကူသောနေရာတွင် လှေကိုဆိုက်ကပ်ပြီးနောက် စပီလက်၊ ဟာဗတ်နှင့် ပင်ကရော့တို့သည် ကျွန်းပေါ်သို့တက်၍ ကြည့်ကြ၏။ ဆေးရွက်ကြီးပင်များတွေ့ရလိမ့်မည် ဟု ပင်ကရော့က မျှော်လင့်ထားသော်လည်း မတွေ့ရသဖြင့် ၎င်းအား စိတ်မပျက်ရန်နှင့် မကြာမီ တွေ့ရလိမ့်မည် ဖြစ်ကြောင်းဖြင့် ဟာဗတ်က အားပေးလိုက်ပြီးလျှင် သူအလိုရှိသော သစ်ပင်များကို လှေသို့ ယူခဲ့၏။

ကပ္ပတိန်ဟားဒိန်းသည် သူ၏ခါးပိုက်ဆောင် အိမ်မြှောင်ကလေးကို ကြည့်ရှုရာ မြစ်ကြောင်းသည် ပထမ အနောက်တောင်ဖက်သို့ ချိုးသွားပြီးလျှင် သုံးမိုင်ခန့် ဖြောင့်ဖြောင့်ကြီး စီးဆင်းနေသည်ကို တွေ့ရ၏။ ထိုနေရာမှ နေ၍ မြစ်ကြောင်းသည် အနောက်မြောက်သို့ ရုတ်တရက် တတောင်ဆစ်ချိုး ချိုးသွားပြီးနောက် ဖရင်ကလင်တောင်သို့ ဦးတည်၍သွားလေသည်။

ထိုအချိန်တွင် ငှက်အုပ်ကြီး တစ်အုပ်သည် တောထဲမှ ရုတ်တရက် လန့်ဖျပ်ပျံလာသဖြင့် ပစ်ခတ်ကြရာ ငှက်ခြောက်ကောင် ရရှိလိုက်၏။ နံနက် ၁၀ နာရီအချိန်တွင် မြစ်ကြောင်းကွေ့သွားသည့် နေရာသို့ရောက်၍ ကပ္ပတိန်



www.burmeseclassic.com

www.burmeseclassic.com



ဟားဒိန်းက ထိုနေရာ၌ စခန်းချရန် အမိန့်ပေးလိုက်သဖြင့် လှေပေါ်မှ ဆင်းကြပြီးလျှင် သစ်ပင်ရိပ်ကြီးတစ်ခုအောက် ၌ နံနက်စာစားသောက်ကြ၏။ ထိုနေရာ၌ မြစ်ပြင်မှာ ပေ ၇၀ ခန့် ကျယ်ပြန့်ပြီးလျှင် ဖြေပေခန့်နက်၏။ အနီးရှိ တောအုပ်အတွင်းသို့ လူများ ယခင်ကရောက်ခဲ့ဖူးသည့် ခြေစလက်စ ဟူ၍ တစ်စုံတစ်ရာ မတွေ့ရချေ။ ပတ်ဝန်းကျင်၌ ပေါက်ရောက်နေသည့် သစ်ပင်ကြီးများမှာ ထင်းခုတ်သမား၏ ပုဆိန်ဖြင့် ဟက်ထားသော နေရာဟူ၍လည်း မတွေ့ရသည့်ပြင် နွယ်ကြိုးများကို ဓားဖြင့် ဖြတ်ထားသည့် နေရာများလည်း မတွေ့ရသောကြောင့် သဘောပျက်မှ လူများကို ဤသစ်တောအတွင်း၌ ဆက်လက်ရှာဖွေနေလျှင် တွေ့ရမည် မဟုတ်ကြောင်း သိရှိလာကြ၏။

သို့နှင့် ကပ္ပတိန် ဟားဒိန်းသည် ထိုနေရာမှနေ၍ ကျွန်း၏ အနောက်ဘက်ကမ်းခြေသို့ အမြန်ဆုံး သွားရောက်လိုသော ဆန္ဒ ပြင်းထန်စွာ ပေါ်ပေါက်လာ၏။

ဤသို့ဖြင့် ရှေ့သို့ ခရီးဆက်ကြလေရာ ကမ်းနှစ်ဘက်စလုံးတွင် သစ်ပင်များ တဖြည်းဖြည်း ပါးလာပြီးလျှင် ယူကလစ်ပင်များ ပေါက်ရောက်နေသော တောအုပ်ကို မကြာမီ တွေ့ရ၏။ လှေနှင့် သွားနိုင်သမျှ နေရာအထိ ဆန်၍သွားရန် ကပ္ပတိန်ဟားဒိန်းက အမိန့်ပေး လိုက်သဖြင့် ရှေ့သို့နှစ်မိုင်ခန့် ခရီးဆက်၍ သွားကြ၏။ မကြာမီ မြစ်သည် တဖြည်းဖြည်း ကျဉ်းမြောင်းလာပြီးနောက် ကျောက်ဆောင်များ ထူထပ်လာရာ သူတို့၏လှေမှာ လှော်တက်ဖြင့် လှော်ခတ်မရတော့ဘဲ ပင်ကရော့က ထိုးဝါးနှင့်ထောက်၍ ထိုးပေးရလေသည်။ နေလည်း ဝင်တော့မည် ဖြစ်သည့်ပြင် သစ်ပင်ရိပ်ကြီးများလည်းရှိသဖြင့် တဖြည်းဖြည်း အလင်းရောင် နည်းလာ၏။ မြစ်ရေမှာလည်း ပို၍တိမ်လာသည်။

သူတို့ရောက်ရှိနေသောနေရာမှ အနောက်ဘက်ကမ်းခြေသို့ ငါးမိုင်မျှသာ လိုတော့မည်ဟု ကပ္ပတိန်ဟားဒိန်းက တွက်ချက်မှန်းဆ ကြည့်၏။ ထိုအချိန် သူတို့နားနေသည့် နေရာအနီးသို့ မျောက်အုပ်ကြီး တစ်အုပ်ရောက်ရှိလာရာ ထိုဒေသမှာ လူသူအရောက်အပေါက်နည်းသောကြောင့် ပေလော့မသိ။ မျောက်များသည် လူကိုမကြောက်မရွံ့ ပမာမထားသည့်အနေဖြင့် ထွက်မပြေးဘဲ စိုက်၍သာကြည့်ရှုနေသည်ကို တွေ့ကြရ၏။ မျောက်အုပ်ကို အသေအချာကြည့်ရှုသောအခါ ၎င်းတို့သည် မျောက်မဟုတ်ဘဲ လူဝံများဖြစ်ကြောင်း တွေ့ရ၏။ ညနေ ၄ နာရီခန့်တွင် လှေကလေးသည် ကျဉ်းမြောင်း၍ ကျောက်ဆောင်ထူထပ်သော ရေတိမ်သို့ရောက်လာ၏။ ကမ်းပါးနှစ်ဘက်မှာလည်း ယခင်ကထက် မတ်စောက်လာပြီးလျှင် ကျောက်ထရံကြီး နှစ်ခုကြားတွင် သွား





နေရသကဲ့သို့ ရှိလေသည်။ ထိုအခါမှ သူတို့သည် ဖလင်ကာရင် တောင်စွယ်သို့ ရောက်လာကြောင်း သိရတော့၏။

ပင်ကရော့က ပတ်ဝန်းကျင် အခြေအနေကို ကြည့်ပြီးနောက် ကပ္ပတိန်ဘက်သို့ လှည့်၍ . . .

"နောက် ဆယ့်ငါးမိနစ်လောက်ဆိုရင် ရှေ့ဆက်သွားနိုင်တော့မယ် မထင်ဘူး"

"ကောင်းပြီလေ . . . ရှေ့ကို ဘယ်လောက် သွားနိုင်သေးလဲ ကြည့်ကြသေးတာပေါ့၊ သွားမရရင်လည်း ရောက်တဲ့နေရာမှာ စခန်းချရမှာပဲ"

ဟု ကပ္ပတိန်ဟားဒိန်းက ပြောလိုက်၏။ ထိုခဏ၌ လှေ၏ ဝမ်းဗိုက်နှင့် အောက်မှ ကျောက်တုံးများ ထိလာကြောင်း သိရှိရပြီးလျှင် ရှေ့မလှမ်းမကမ်းမှ ရေတံခွန် ကျဆင်းနေသံကို ကြားလိုက်ရကြ၏။ မကြာမီပင် သူတို့၏လှေကလေးကို မြစ်၏ လက်ယာဘက်ကမ်းစပ်မှ သစ်ပင်ကြီးတစ်ပင်တွင် ခိုင်မြဲစွာ ချည်နှောင်ထားလိုက်ကြလေသည်။

နေရောင်ခြည်သည် တဖြည်းဖြည်း မှေးမှိန်လာ၍ ရေတံခွန်မှာ ညနေဆင်းနေရောင်အောက်တွင် သက်တံ့ရောင်များဖြင့် အလွန် ပနံ ရလျက်ရှိ၏။ ရေတံခွန်နှင့် မနီးမဝေးတွင် စခန်းချကြရန် ကပ္ပတိန်ဟားဒိန်းက အကြံပေးသည့်အတိုင်း သူတို့သည် ကမ်းပေါ်သို့တက်၍ ညစာစားရန် ပြင်ဆင်ကြလေသည်။ ထိုနေရာမှာ တော အလွန်နက်လာပြီဖြစ်သဖြင့် တောကောင်များ၏ ဘေးရန်ကို ကြောက်ရသည့်အတွက် ကပ္ပတိန်ဟားဒိန်းက မီးဖိုကြီးတစ်ဖို ဖိုစေပြီးလျှင် ညဥ့်အဖို့ ထိုမီးပုံကို ဝိုင်း၍အိပ်ကြရ၏။ နက်နှင့် ပင်ကရော့တို့က တစ်ယောက် တစ်လှည့်စီ ကင်းစောင့်ကြ၏။ ညဥ့်အချိန်တွင် တောကောင်များ၏ ဟိန်းဟောက်သံများကို ကြားရသော်လည်း မည်သည့်ဘေးအန္တရာယ်ကိုမျှ မတွေ့ကြရဘဲ၊ နောက်တစ်နေ့ (အောက်တိုဘာလ ၃၁ ရက်) နံနက် ၅ နာရီကို ရောက်လာပြီးလျှင် အားလုံးအိပ်ရာမှထကာ ခရီးဆက်ရန် အသင့်ပြင်ကြလေသည်။

## ပင်လယ်ကမ်းခြေသို့ ခရီးတွက်ခြင်း

နောက်တစ်နေ့ နံနက် ၆နာရီခန့်တွင် ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများသည် နံနက်စာကို သုတ်သီးသုတ်ပျာ စားသောက်ကြပြီး နောက်ကျွန်းကြီး၏ အနောက်ဘက်ကမ်းခြေသို့ အနီးဆုံးလမ်းမှ ထွက်ခဲ့ကြ၏။ ကပ္ပတိန်ဟားဒိန်းက ၂ နာရီမျှ သွားလျှင်ရောက်မည်ဟု ခန့်မှန်းထား၏။ တောကောင်



www.burmeseclassic.com

www.burmeseclassic.com



များ၏ အန္တရာယ်မှ ကာကွယ်ရန် သေနတ်များကိုလည်း သတိဖြင့် ကိုင်ထားကြ၏။

ယခု သူတို့ရောက်ရှိနေသော နေရာမှ မြောက်ဘက်သို့ ကြည့်လိုက်ရာ ဖရင်ကလင်တောင်ကြီးမှာ (၃) မိုင်ခန့်တွင် ရှိနေလျက် အနောက်ဘက်ကမ်းခြေသို့သွားရန်လည်း အနောက်တောင်ဘက်သို့ ဦးတည်၍ သွားကြရမည်ဖြစ်လေသည်။ နက်က နှစ်ရက်စာအတွက် စားနပ်ရိက္ခာများကို ပြည့်စုံအောင် ယူဆောင်ခဲ့၏။ ကပ္ပတိန်ဟားဒိန်းက ရှေ့မှဦးဆောင်ကာ လက်တွင် အိမ်မြှောင်ကို အသင့်ကိုင်ထား၏။ ရှေ့သို့အတန်ငယ် သွားမိသောအခါ မျောက်များကို ထပ်မံ တွေ့ရပြန်လေသည်။ ဝက်နှင့် သားပိုက်ကောင်များကို တွေ့ရသောအခါ ပင်ကရော့မှာ သေနတ်ဖြင့်ပစ်ရန် လက်ယားချ၍နေသော်လည်း မပစ်ဘဲနေလိုက်ရ၏။

နံနက် ၉နာရီခွဲ အချိန်တွင် သူတို့သွားနေသော လမ်းကြောင်း ရှေ့၌ ချောင်းတစ်ခု ကန့်လန့်ဖြတ်နေသည်ကို တွေ့ရ၏။ ထိုချောင်းမှာ ပေ ၄၀ ခန့် ကျယ်မည်ဟု ခန့်မှန်းရပြီးလျှင် ရေစီးသန်၍ နက်လည်း နက်၏။ ချောင်းကို ဖြတ်မည့်အစား ယခုရောက်ရှိသော ကမ်းဘက်မှ ပင်လယ်သို့ရောက်သည့်အထိ သွားကြရန် ကပ္ပတိန်ဟားဒိန်းက အမိန့်ပေးလိုက်၏။

ထိုချောင်းကို နာမည်ပေးရန် ပင်ကရော့က ပြောရာ ကပ္ပတိန်ဟားဒိန်းက ပင်လယ်ပြင်သို့ စီးဝင်သွားသော ချောင်းဝထိ စောင့်ကြည့်ရန်ပြော၏။ ထို့နောက် ခရီးဆက်ရန်ပြင်ကြရာ ပင်ကရော့က ၅မိနစ်ခန့်စောင့်ရန် ပြောပြီးနောက် ချောင်းစပ် ကျောက်စွန်း တစ်နေရာတွင် ဝမ်းလျားမှောက်လျက် ကြည်လင်သော ရေထဲသို့ လက်တစ်ဆုံးနှိုက်ကာ ကျောက်ပုစွန်အကောင် ၃၀ ခန့်ကို တစ်ကောင်ပြီး တစ်ကောင် ဆွဲထုတ်လိုက်လေသည်။

နက်က ပင်ကရော့ကို ကူညီရင်း . . .

"ဒီ ပုစွန်တွေစားလို့ သိပ်ကောင်းတယ်"

"ကောင်းတာတော့ မပြောနဲ့ဗျို့၊ ကျုပ်အစတည်းက ခင်ဗျား တို့ကို ပြောတယ်မဟုတ်လား၊ ဒီကျွန်းပေါ်မှာလေ ကျုပ်လိုချင်နေတဲ့ ဆေးရွက်ကြီးက လွဲပြီး အားလုံးရှိတယ်ဗျာ . . . အားလုံး"

ဟု ပင်ပရော့က စိတ်တိုတိုနှင့် ပြန်ပြောလိုက်၏။

အပြာရောင်တောက်နေသည့် ကျောက်ပုစွန်များကို အိတ်တစ်လုံးတွင် အပြည့်ထည့်ပြီးနောက် ရှေ့သို့ ခရီးဆက်ကြပြန်၏။ ချောင်းကမ်းပါးတစ်နေရာတွင် ကြီးမားသော တိရစ္ဆာန်များ၏ ခြေရာကို တွေ့ရသော်လည်း မည်သည့်အကောင်ကိုမျှ မတွေ့ရချေ။ ချောင်းမှာ အလွန် ရေစီးသန်လျက်ပင်





ရှိနေသေးသဖြင့် ပင်လယ်ကမ်းစပ်နှင့် မနီးသေး ကြောင်း၊ ထို့ပြင် ယခုအချိန်မှာ ဒီရေတက်ချိန်ဖြစ်သော်လည်း ချောင်းအတွင်း ယခုလောက်ရေစီးသန်ရန် အကြောင်း မရှိကြောင်း ကပ္ပတိန်ဟားဒိန်းက ရှင်းပြလေသည်။ မကြာမီ ချောင်းရေပြင်မှာ ကျယ်ပြန့်လာပြီးနောက် ရေစီးမှာ ယခုလောက် မသန်တော့ချေ။ ထိုနေရာမှာ သစ်ပင်များ ကွယ်နေသောကြောင့် ပင်လယ်ကို ရုတ်တရက် မမြင်နိုင်ခြင်း ဖြစ်လေသည်။ တော့ကလည်း တစ်စုံတစ်ရာဟောင်ခြင်းပြုခြင်း မရှိသဖြင့် ယခုရောက်ရှိနေသည့် တောအုပ်တွင် တိရစ္ဆာန်များမရှိကြောင်း ထင်ရှားလေသည်။ ဆယ်နာရီခွဲအချိန်သို့ ရောက်သောအခါ ရှေ့မှသွားနေသော ဟာဘတ်က . . .

"ပင်လယ်ကိုတွေ့ရပြီ"

ဟု ရုတ်တရက် ဝမ်းသာအားရ အော်လိုက်လေသည်။

မကြာမီ သူတို့သည် ကျွန်းကြီး၏ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းကို မျက်စိတစ်ဆုံး တွေ့မြင်ရလေတော့၏။ ဤနေရာမှ အရှေ့ဘက်ကမ်းခြေအထိ သဲသောင်ပြင်နှင့် ကျောက်ဆောင်များမရှိဘဲ တောအုပ်မှ သစ်ပင်ကြီးတို့သည် ပင်လယ်ကမ်းစပ်အထိ ထူထပ်စွာ ပေါက်ရောက်လျက် ရှိနေသည်ကို တွေ့ရ၏။ ထိုနေရာတွင် ပင်လယ် ကမ်းခြေမှာလည်း ရေမျက်နှာပြင်အထက် အနည်းငယ်မြင့်နေသည်ကို တွေ့ရ၏။ ချောင်းရေမှာ ပင်လယ်ဝတွင် ပေ ၄၀ ကျော်အမြင့်မှ ရေတံခွန်သဖွယ် စီးဆင်းလျက်ရှိနေ၏။ ယင်းကဲ့သို့ ချောင်းဝသည် ပင် လယ်ရေမျက်နှာပြင်ထက် ပေ ၄၀ခန့် မြင့်နေသောကြောင့် ဒီရေတက်ချိန်တွင် ချောင်းအတွင်းသို့ ဒီရေများ မဝင်နိုင်ခြင်းဖြစ်လေသည်။ ဤအချက်ကို မှတ်သားပြီးနောက် ယခုတွေ့ရှိရသော ချောင်းကို "ရေတံခွန်ချောင်း" ဟု အမည်ပေးလိုက်ရာ စပိလက်က သူ၏မှတ်စုစာအုပ်တွင် နာမည်အသစ်တစ်ခုကို ရေးသားလိုက်၏။ တောင်ဘက်သို့ ကြည့်လိုက်သောအခါ 'ရေတံခွန်ချောင်း' နှင့် 'ရက်တိုင်း' အငူအထိ သစ်တောများ ဖုံးအုပ်နေသည်ကို တွေ့ရ၏။ အကယ်၍ သင်္ဘောတစ်စင်း ပျက်မည်ဆိုလျှင်လည်း သင်္ဘောမှ လူများသည် ဤတောအုပ်အတွင်း၌သာ ခိုအောင်းနိုင်စရာ အကြောင်းရှိလေသည်။

သူတို့ရောက်ရှိနေသော နေရာနှင့် မနီးမဝေး ကုန်းကလေးပေါ်တွင် နံနက်စာ စားကြရန်နှင့် ပင်ကရော့တို့က ပြင်ဆင်ထား၏။ ပင်လယ်အတွင်း၌ သင်္ဘောတစ်စင်းတလေမျှ မမြင်ကြရသည့်ပြင် ကမ်းခြေတစ်လျှောက်တွင်လည်း သင်္ဘောတစ်စင်းမျှ ဆိုက်ကပ်ထားသည်ကို မတွေ့ကြရပေ။ နံနက်စာ စားသောက်ကြပြီးနောက် ၁၁ နာရီခွဲသောအခါ ခရီးဆက်ကြရန် ကပ္ပတိန်ဟားဒိန်းက သူ၏လူများအား အချက်ပေးလိုက်၏။ သို့နှင့်သူတို့သည် ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ခြေတွင် ပေါက်ရောက်နေသော သစ်ပင်ကြီးများအောက် နေရိပ်ခိုရင်း ရေတခွန်ချောင်းမှ ရက်တိုင်းအင်္ဂလိပ် ဆယ့်နှစ်မိုင်ခန့်ဝေးသည့် ခရီးကို စတင်ထွက်ခွာကြ၏။ လမ်းခရီး၌တွေ့ရသော သစ်ပင်ကြီးများကို ရှောင်ကွင်း၍ သွားရခြင်းကြောင့် တစ်ကြောင်း၊ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်နေရသဖြင့် တစ်ကြောင်း၊ ၄နာရီနှင့်ရောက်လိမ့်မည်ဟု ခန့်မှန်းထားသော ခရီးကို ထိုအချိန်ထက် နှစ်ဆကြာမှ သွားကြရ၏။ တဖြည်းဖြည်း ရှေ့သို့တိုး၍သွားသော်လည်း ကမ်းရိုးတစ်လျှောက်တွင် သင်္ဘောပျက် ဟူ၍ အစအနကိုမျှ မတွေ့ရချေ။

ညနေ ၅ နာရီ အချိန်တွင် ဆာပင်တိုင် ကျွန်းဆွယ်မှ ၂ မိုင် ခန့်ဝေးသည့်နေရာသို့ရောက်ရှိကြလေသည်။ 'ရက်တိုင်း' အင်္ဂလိပ် ရောက်ရှိသည့်တိုင်အောင် ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများသည် မာစီမြစ်၏ မြစ်ဖျားခံရာဒေသ၌ရှိသော စခန်းသို့ နေမဝင်မီ ပြန်နိုင်ကြလိမ့်မည် မဟုတ်ကြောင်း မှန်းဆသိရှိကြ၏။

ည ၇ နာရီအချိန်တွင် 'ရက်တိုင်း' အင်္ဂလိပ်သို့ ရောက်ရှိကြ၏။ ထိုအင်္ဂလိပ်၏ ပတ်ဝန်းကျင်၌ သဲသောင်များ၊ ကျောက်တန်းများရှိသဖြင့် ဤအရပ်တွင် တစ်စုံတစ်ရာ တွေ့ရှိလိမ့်မည်ဟု မျှော်လင့်ကြသော်လည်း အချိန်မှာ မှောင်သွားပြီ ဖြစ်သောကြောင့် စူးစမ်းရှာဖွေမှုများကို နောက်တစ်နေ့နံနက်မှ ပြုလုပ်ကြရန် ရွှေ့ဆိုင်းလိုက်ကြလေသည်။

အနောက်တောအုပ်ကြီး၏ အစွန်အဖျားတစ်နေရာတွင် ဝါးပင်များကိုတွေ့ရသဖြင့် ဝါးပင်များသည် အလွန်အသုံးကျကြောင်း၊ ဝါးပင်ခြေရင်းရှိ ဝါးပင်ပေါက်စ မျှစ်များကို အိန္ဒိယပြည်တွင် စားသောက်ကြကြောင်း စသည်ဖြင့် ပင်ကရော့အား ဟာဗတ်က စိတ်ရှည်လက်ရှည် ရှင်းပြလျက်ရှိ၏။ ထိုညအတွက် စခန်းချရန်ကမ်းစပ်တွင်ရှိသော ကျောက်ဂူတစ်ခုအတွင်းသို့ ဝင်လိုက်မည်ပြုရာ သတ္တဝါတစ်ကောင်၏ ပြင်းထန်စွာ ဟိန်းဟောက်လိုက်သော အသံတစ်သံကိုကြားရသဖြင့် ပင်ကရော့က ဟာဗတ်၏လက်ကို ရုတ်တရက် လှမ်း၍ဆွဲလိုက်ပြီးလျှင် အနီးရှိ ကျောက်တုံးကြီးတစ်တုံးကို အကာအကွယ်ယူ၍ နေလိုက်ရ၏။ ကျောက်ဂူအတွင်းမှ အရှည် ၅ ပေခန့်ရှိသော ကျားသစ် တစ်ကောင်ထွက်လာသည်ကိုတွေ့ရ၏။ ထိုအချိန်၌ မလှမ်းမကမ်းတွင် ရောက်ရှိနေသည့် စပိလက်က ဟာဗတ်အားရှေ့သို့မတိုးရန် အချက်ပြလိုက်ပြီးနောက် သူကိုယ်တိုင် ကျားသစ်ထွက်လာသောနေရာဆီသို့ တစ်လှမ်း ချင်းချဉ်းကပ်သွား၏။ ထိုအချိန်၌ စပိလက်နှင့်ကျားသစ်တို့မှာ ၁၂ပေခန့်သာ ကွာဝေးတော့၏။ စပိလက်သည် ထိုနေရာတွင် ငြိမ်သက်စွာ ရပ်လိုက်ပြီးနောက် ရိုင်ဖယ်ကို ကျားသစ်၏ဦးခေါင်းဆီသို့ တည့်တည့်ချိန်ရွယ်ကာ သေနတ်မောင်းကို ဖြုတ်ချလိုက်





တော့၏။ ကျားသစ်ကြီးသည် စပိလက်အား ခုန်၍အုပ်ရန်အားယူလျက်ရှိစဉ် ကြောက်မက်ဖွယ် ကောင်းသောအသံကြီးဖြင့် ပြင်းထန်စွာ အော်ဟစ်ကာ မြေပေါ်သို့ တစ်ခါတည်း လဲကျသွားလေသည်။

စပိလက်ပစ်လိုက်သော ကျည်ဆံမှာကျားသစ်၏ ဝဲဘက် မျက်စေ့ကိုဖောက်ကာ ဦးနှောက်တွင်းသို့ ဝင်သွားသဖြင့် ဤတစ်ချက်တည်းနှင့်ပင် လှုပ်မယှက်အသက်ပျောက်၍ သွားလေသည်။

ဟာဗတ်နှင့်ပင်ကရော့တို့သည် ကျားသစ်ကြီးသေနေသည့် နေရာသို့ ချက်ချင်း ပြေးလာကြပြီးနောက် ဟာဗတ်က စပိလက်အား သူရဲကောင်းကြီး တစ်ယောက်အနေဖြင့်ကြည့်လိုက်ပြီးနောက် . . .

"တော်တော် လက်ဖြောင့်တဲ့လူပဲ၊ ချီးကျူးပါတယ်၊ ကျွန်တော် တောင် ခင်ဗျားကို မနာလိုဘူးဗျာ"

"မင်းလည်း ငါလိုပဲ လက်ဖြောင့်ပါတယ်"

ဟု စပိလက်က ဟာဗတ်ကို အားပေးစကား ပြောလိုက်ပြီးနောက် ဂူတွင်းသို့ဝင်ကြ၏။ နောက်ထပ် တောတိရစ္ဆာန်များ ဂူအနီးသို့ မလာရောက်နိုင်စေရန် ဂူဝတွင် မီးပုံကြီးတစ်ပုံကို အမြန်ဖိုလိုက်ကြ၏။

ကပ္ပတိန်ဟားဒိန်းသည် ဂူအနီးရှိဝါးပင်များမှ ဝါးလုံးအချို့ကို ခုတ်ယူပြီးလျှင် အလျား ၃ ဆစ်ဆီ အစဉ်လိုက်ဖြတ်၍ မီးဖိုအတွင်းသို့ အခြားထင်းချောက်များနှင့်အတူ ရော၍ထည့်လိုက်၏။

ညစာကိုစားပြီးနောက် အနားယူလျက်ရှိကြစဉ် ဂူဝတွင်ဖိုထားသည့် မီးပုံထဲမှပြင်းထန်စွာ ပေါက်ကွဲသည့်အသံကြီးကို ကြားလိုက်ကြရသဖြင့် ထိုအခါမှ မီးပုံထဲသို့ ကပ္ပတိန်၏ဝါးဆစ်တို့များ ထည့်ထားခြင်းကို သဘောပေါက်ကြလေသည်။ ဤနည်းသည်ကား တောကောင်ပေါ်များသော အာရှတိုက်ဒေသများတွင် မုဆိုးတို့၏ လုပ်နေကျ ကာကွယ်မှုတစ်ရပ် ဖြစ်လေသည်။

## တောင်ဘက်ကမ်းခြေကို ပတ်၍ပြန်ရန် အဆိုပြုကြခြင်း

ခရီးပန်းလာသော ကပ္ပတိန်ဟားဒိန်းနှင့် သူ၏အဖော်များသည် ကျားသစ်အောင်းသွားသောဂူတွင်း၌ နှစ်ခြိုက်စွာအိပ်ပျော်လျက်ရှိကြ၏။

နောက်တစ်နေ့နံနက် အိပ်ရာမှနိုးလာသောအခါ သူတို့အားလုံးသည် ပင်လယ်ကမ်းစပ်ရှိ ကျောက်တန်းကြီးပေါ်မှနေ၍ ပင်လယ်ရေပြင်ကို မျက်စေ့တစ်ဆုံး ကြည့်ရှုလျက်ရှိနေကြ၏။ ကပ္ပတိန်ဟားဒိန်းက နေရာအနှံ့ အပြားမှန် ပြောင်းဖြင့်ကြည့်ရာ သင်္ဘောပျက် အစအနဟူ၍ တစ်စုံတစ်ရာ မတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာမှ တောင်ဘက်သို့ ၃ မိုင်ခန့်အထိ ဖြောင့်ဖြူးလျက်ရှိပြီးလျှင် တဖြည်းဖြည်း နောက်သို့မြင့်သွားသဖြင့် ထိုနေရာ၏ နောက်ပိုင်းကိုမူ မမြင်ရတော့ချေ။ ကျွန်းကြီး၏ တောင်ဘက် ကမ်းရိုးတန်းတစ်လျှောက်ကို လေ့လာရန် လိုသေးသဖြင့် ချက်ချင်းပင် ထိုနေရာသို့ ခရီးဆက်သင့် မဆက်သင့် စဉ်းစားလျက်ရှိနေကြ၏။

ကျွန်းကြီး၏ အနောက်ဘက်ကမ်းခြေသို့ သွားရောက်ကြစဉ်က တောင်ဘက်ပိုင်းသို့ သွားရန်မရည်ရွယ်ကြချေ။ သူတို့ ရောက်ရှိနေသည့် အနောက်ဘက်ကမ်းခြေမှာ အခက်အခဲနှင့် တွေ့ကြုံနေသည့် သင်္ဘောများ ဆိုက်ကပ်ရန် အဆင်ပြေလိမ့်မည်ဟု ကပ္ပတိန် ဟားဒိန်းက မျှော်လင့်သော်လည်း သင်္ဘောဆိုက်ရန် နေရာကောင်းဟူ၍ မတွေ့ရသဖြင့် တောင်ဘက်ကမ်းခြေသို့ ဆက်လက်သွားလိုသော ဆန္ဒသာရှိ၏။

သင်္ဘောပျက်များရှာဖွေရန် ကိစ္စပြီးပြတ်သွားအောင် ကျွန်း၏ တောင်ဘက်ခြမ်းသို့ ဆက်လက်သွားသင့်ကြောင်း၊ စပိလက်က အကြံပေးပြီးနောက် ထိုနေရာမှနေ၍ ကလောအငူအထိ မည်မျှဝေးလိမ့်မည်ထင်ကြောင်း မေးလိုက်ရာ ကပ္ပတိန်ဟားဒိန်းက . . .

"မိုင် ၃၀ လောက်တော့ ဝေးမှာပေါ့"

"မိုင် ၃၀ ဆိုရင်တော့ တစ်နေ့ကုန်သွားရမှာပဲ၊ ဒါပေမယ့် တောင်ဘက်ခြမ်းက ပတ်ပြီး အိမ်ပြန်တာ ကောင်းပါတယ်"

ဟာဗတ်က ကပ္ပတိန်ဟားဒိန်းကိုကြည့်ရင်း . . .

"ကလောအငူကနေပြီး ဂရင်းနိုက်အိမ်ကြီးအထိ ဆယ်မိုင်လောက် ဝေးသေးတယ်၊ အဲဒါလည်း ထည့်တွက်ဦးမှပေါ့"

"အားလုံးပေါင်း မိုင် ၄၀ ပဲထားတော့၊ ဒီလောက်ရောက်လာမှတော့ တောင်ဘက်ကမ်းရိုးတန်းကို သွားကြည့်လိုက်တာ ကောင်းတယ်၊ နောက်တစ်ခါ ပြန်လာစရာ မလိုတော့ဘူးပေါ့။ ပြီးတော့ မာစီမြစ်ဖျားမှာ ထားခဲ့တဲ့ လှောင်းလှေကလေးကိုလည်း ဒီအတိုင်း နောက်ထပ် နှစ်ရက်ဆက် ထားနိုင်ပါသေးတယ်"

ဟု ကပ္ပတိန်ဟားဒိန်းက ပြန်၍ပြောလိုက်လေသည်။

ထိုအခါ နက်က . . .

"တောင်ဘက်က လှည့်ပြန်ရင် မာစီမြစ်ကို ကျွန်တော်တို့ ဘယ်လိုလုပ်ကူးမလဲ"

သစ်ဖောင်တစ်ခုပြုလုပ်၍ မာစီမြစ်ကိုကူးနိုင်ကြောင်း၊ တံတားဆောက်ရန်အတွက်မှာမူ ကပ္ပတိန်ဟားဒိန်းမှာ အင်ဂျင်နီယာ တစ်ယောက်ဖြစ်





သဖြင့် အချိန်အနည်းငယ်အတွင်း အကောင်းဆုံး တံတားတစ်ခု ဆောက်လုပ်နိုင်ကြောင်း၊ စသည်ဖြင့် ပင်ကရော့က ရှင်းပြလိုက်၏။ ဤသို့ အကြံဉာဏ်များပေးကြပြီးနောက် တောင်ဖက်ကမ်းရိုးတန်းမှ ပတ်၍ပြန်ကြရန် ဆုံးဖြတ်လိုက်ကြ၏။ မိုင် ၄၀ခရီးကို အပြင်းသွားကြရမည်ဖြစ်သဖြင့် အချိန်မဖြုန်းကြတော့ဘဲ နံနက် ၆ နာရီအချိန်၌ပင် ကမ်းရိုးအတိုင်း ခရီးထွက်ခဲ့ကြလေသည်။ သင်္ဘောပျက်မှလူများ ကုန်းပေါ်သို့တက်၍ စခန်းချသွားနိုင်သည့် ခြေရာလက်ရာများကို ကမ်းတစ်လျှောက်လုံး ဂရုတစိုက် ကြည့်ရှုကြသော်လည်း မည်သည့်အရာကိုမျှ မတွေ့ကြရပေ။ သူတို့သွားနေသော ကမ်းရိုးမှာ မြေနိမ့်ပိုင်းဖြစ်ပြီးလျှင် အတွင်းပိုင်း၌ တောများရှိ၏။ ကလောအငူသို့ ရောက်သောအခါ ကျောက်ဆောင်များ ထုထပ်လာပြီးလျှင် ပင်လယ်အတွင်းသို့ ကျောက်တန်းများ မညီမညာထိုးထွက်လျက်ရှိနေသည်ကို တွေ့ရလေသည်။

နေ့လယ် တစ်နာရီအချိန်တွင် ဝါရှင်တန် ပင်လယ်အော်၏ တစ်ဘက်သို့ ရောက်သွားကြပြီးလျှင် မိုင် ၂၀မျှ ခရီးပေါက်ခဲ့ကြောင်း တွေ့ရှိရလေသည်။ ထိုနေရာ၌ ပင်လယ်ကမ်းခြေမှာ ကျောက်ဆောင်နှင့် သစ်တောများအကြား၌ရှိသဖြင့် အလွန်ကျဉ်းမြောင်းလာ၏။ ထိုနေရာ၌ပင် ခေတ္တနားနေကြပြီးနောက် နံနက်စာ စားသောက်ကြတော့၏။ ထို့နောက် နာရီဝက်ခန့်နားနေပြီးလျှင် ရှေ့သို့ခရီးဆက်ကြပြန်လေသည်။

ညနေ ၃နာရီခန့်တွင် ကမ်းစပ်တစ်လျှောက်ရှိ ကျောက်တန်းများအတွင်းတွင် ချောင်းကလေးတစ်ခုကို တွေ့ကြရ၏။ ပင်လယ်မှ ကြည့်လျှင် မမြင်နိုင်သော်လည်း ထိုနေရာမှာ သင်္ဘောများဆိုက်ကပ်ရန် ကောင်းသောနေရာတစ်ခု ဖြစ်လေသည်။ ချောင်းနံဘေးရှိ ကျောက်ထရံကြီးမှာ တစ်စုံတစ်ရာဖြင့် ခြင်းထန်စွာ တိုက်ခိုက်မိသကဲ့သို့ ကျောက်များ ကျိုးပဲ့နေသည်ကို တွေ့ရ၏။ ထိုနေရာ၌ပင် ခေတ္တရပ်နားကြပြီးနောက် ညစာ စားသောက်ကြ၏။ သူတို့ ရပ်နားနေသော နေရာမှာ ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၄၀၊ ၅၀ ခန့် မြင့်သော နေရာဖြစ်၏။

ကပ္ပတိန်ဟားဒိန်းက ပတ်ဝန်းကျင်ကို မှန်ပြောင်းဖြင့် ကြည့်ရှုလိုက်ပြီးနောက် . . .

"ဒီကျွန်းပေါ်ကို ဘယ်သူမှမလာဘူးလို့ ယူဆရမလိုဖြစ်ပြီ၊ ဒါပေမယ့် လွန်ခဲ့တဲ့ ၃ လလောက်က သင်္ဘောတစ်စင်းဟာ ဒီကျွန်းကို ရောက်လာတယ်"

စပိလက်က . . . "အဲဒီ သင်္ဘောကြီး ဘယ်ရောက်သွားသလဲ၊ ရေထဲမြုပ်သွားသလား"

"မဟုတ်ဘူးလေ စပိလက်၊ ကျုပ်တစ်ခုပြောမယ်၊ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ဟာ ဒီကျွန်းပေါ်ကိုရောက်လာတယ်ဆိုရင် အဲဒီလူဟာ ဒီကျွန်းပေါ်က ပြန်ထွက်သွားပြီလို့ အသေအချာမပြောနိုင်ဘူးဗျ"

"ဒါဖြင့်ရင် ဒီကိုရောက်လာတဲ့ သင်္ဘောဟာ ပြန်ထွက်သွားပြီ ဆိုပါတော့"

"မှန်တယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့တစ်တွေ အမေရိကန်ပြည်ကို ပြန်ဖို့ အခွင့်ကောင်းတစ်ခု လွတ်သွားတာပေါ့"

"အဲဒီလိုပဲ ယူဆရမယ်"

ဤကဲ့သို့ တစ်ယောက်တစ်ခွန်းပြောဆိုလျက်ရှိကြစဉ် 'တော့' ၏ ကျယ်လောင်စွာ ဟောင်လိုက်သော အသံကိုကြားလိုက်ရပြီးလျှင် မကြာမီ တော့သည် အဝတ်တစ်ခုကိုကိုက်၍ ပြန်လာသည်ကိုတွေ့ရ၏။ ထို အဝတ်ကို ကြည့်ရှုကြရာ နိုင်ခန့်သော အဝတ်စတစ်စဖြစ်ကြောင်း တွေ့ကြရ၏။ တော့သည် ထင်းရှူးပင်များ အတွင်းသို့ ပြန်ပြေးသဖြင့် ၎င်း၏နောက်သို့ အားလုံးပြေး၍လိုက်သွားကြ၏။ သို့သော် လူစလူန ဟူ၍ မတွေ့ရချေ။ 'တော့' နောက်သို့လိုက်ရန် ချုံများကိုခုတ်ထွင်၍ပင် သွားကြရ၏။ ထင်းရှူးပင်ကြီး တစ်ပင်အောက်သို့ရောက်သောအခါ တော့သည် သစ်ပင်ပေါ်သို့ မော့ကြည့်ပြီးနောက် ပြင်းစွာဟောင်လိုက်၏။

"တွေ့ပြီ၊ ကပ္ပတိန်၊ ကျွန်တော်တို့က သင်္ဘောပျက်ကို ရေထဲမှာ လိုက်ရှာနေတာ၊ အခုတော့ 'လေ' ထဲမှာ တွေ့နေပြီကော"

ဟု ပင်ကရော့က ပြောပြီးနောက် သစ်ပင်ကြီးပေါ်တွင် ငြိနေသော အဝတ်ထုပ်အဖြုကြီးကို လက်ညှိုးထိုး၍ ပြလိုက်၏။

ထိုအရာဝတ္ထုမှာ မီးပုံးပျံကြီးဖြစ်နေသဖြင့် သစ်ပင်ပေါ်သို့ ပင်ပန်းခဲယဉ်းစွာ တက်၍ယူကြရ၏။ ပင်ကရော့က မီးပုံးပျံကြီးမှ အဝတ်စများကို ကိုင်၍ ကြည့်ပြီးနောက် . . .

"ဒီအဝတ်စတွေဟာ သိပ်ခိုင်တယ်၊ ကျွန်တော်တို့ အလေးချိန် နှစ်တန်လောက်ရှိမယ့် လှေတစ်စင်းဆောက်ပြီး ဒီအဝတ်စတွေနဲ့ ရွက်လုပ်မယ်၊ ကျန်တဲ့အစတွေကိုတော့ အင်္ကျီချုပ်ဝတ်ကြတာပေါ့"

ဟုပြောရာ "ကြည့်သေးတာပေါ့" ဟု ကပ္ပတိန်ဟားဒိန်းက အေးဆေးစွာ ပြန်ပြောလိုက်လေသည်။

နက်က မီးပုံးပျံကြီးမှ အဝတ်များနှင့် ကြိုးများကို လုံခြုံသော နေရာတစ်နေရာတွင် သိမ်းထားပြီးလျှင် ပင်ကရော့ အကြံပေးသည့်အတိုင်း မီးပုံးပျံ၏ အဝတ်စများကို အလိုက်သင့်လိပ်ကာ ကြိုးများဖြင့် ချည်နှောင်ပြီးနောက် ကမ်း





သို့ ဒရွတ်တိုက်ဆွဲခဲ့ကြ၏။ ကျောက်တန်းကြီးတွင် လိုဏ်ခေါင်းကြီးတစ်ခုရှိရာ ထိုလိုဏ်ခေါင်းအတွင်းသို့ မီးပုံးပျံအဝတ်လိပ်ကြီးကို သေချာစွာ ထည့်ထားလိုက်၏။ ထိုချောင်းကလေးကို 'မီးပုံးပျံဆိပ်' ဟု အမည်ပေးလိုက်လေသည်။

ကျွန်း၏ တောင်ဘက်ပိုင်းနှင့် အလွယ်တကူ ဆက်သွယ်မှု ပြုလုပ်ရန် မာစီမြစ်ကိုဖြတ်၍ တံတားထိုးလျှင် သင့်လျော်မည်ဖြစ်ကြောင်း ကပ္ပတိန်ဟားဒိန်းက ပင်ကရော့နှင့် တိုင်ပင်ကြည့်၏။ တစ်ကြိမ်က ပင်ကရော့ ပြောခဲ့သည့်အတိုင်း သင်္ဘောတည်ဆောက်၍ ရွက်များ ကြိုးများ တပ်ဆင်လိုက်က တစ်ပင်တိုင်ရွက်သင်္ဘောကလေးတစ်စင်း ဖြစ်သွားပြီးလျှင် လင်ကွန်းကျွန်းကြီးသို့ သူတို့အားလုံး တစ်ပတ်ပတ် နိုင်ကြမည်ဖြစ်လေသည်။

ထိုနောက် ကပ္ပတိန်နှင့်သူ၏လူများသည် ထိုနေရာမှ ရှေ့သို့ ခရီးဆက်ကြပြန်ရာ ကမ်းစပ်၌ သေတ္တာကြီးကို တွေ့ခဲ့သည့်နေရာသို့ ရောက်သောအခါ မိုးချုပ်၍လာလေပြီ။ ဂရင်းနိုက်အိမ်ကြီးသို့ရောက်ရန် နောက်ထပ် ၅ မိုင်ခန့်သွားကြဦးမည်ဖြစ်၏။ သို့နှင့်ကမ်းရိုးတန်းအတိုင်း လျှောက်ခဲ့ကြရာ သန်းခေါင်ယံအချိန်လောက်တွင် မာစီမြစ်၏ ပထမမြစ်ကွေ့သို့ ရောက်လာကြ၏။ မာစီမြစ်ပြင်သည် ထိုနေရာ၌ ပေ ၈၀ ခန့် ကျယ်ပြန့်သဖြင့် ပင်ကရော့နှင့် နက်တို့နှစ်ဦးသည် ကမ်းဘေးရှိ တောအုပ်အတွင်းမှ သင့်လျော်မည့် သစ်ပင် နှစ်ပင်ကို ခုတ်ပြီးလျှင် ဖောင်ဖွဲ့လျက်ရှိကြ၏။ မြစ်ကမ်းပါး၌ ကပ္ပတိန် ဟားဒိန်းနှင့် စပိလက်တို့ အမောဖြေလျက်ရှိစဉ် ဟာဗတ်သည် မြစ်ကမ်းစပ်သို့သွား၍ တစ်ဘက်သို့ ဖြတ်ကူးရမည့်နေရာကို ရှာဖွေကြည့်ရှုနေ၏။

သို့ရှိစဉ် ဟာဗတ်သည် သူတို့ထံ အပြေးအလွှား ရောက်လာပြီးနောက် . . .

"မြစ်ထဲမှာ ဘာလဲမသိဘူး . . . မျောလာတယ်" ဟု အလန့်တကြား အော်လိုက်သဖြင့် သူတို့အားလုံး မြစ်ထဲမှ မျောလာသော အရာဝတ္ထုကို သွားရောက်ကြည့်ရှုကြလေသည်။

ပင်ကရော့သည် ဖောင်ဖွဲ့နေရာမှ ကမ်းစပ်သို့ ပြေးလာပြီးနောက်

"လှေကလေးပါလားဗျို့"

ဟု ပြောရာ ကပ္ပတိန်ဟားဒိန်းက . . .

"အလို . . . ကျုပ်တို့ လှေပါလား"

ဟု အံ့သြစွာ အော်လိုက်လေသည်။

နက်နှင့် ပင်ကရော့တို့သည် မျောလာသော လှောင်းလှေကလေးကို ဒိုးဝါးများဖြင့် ကမ်းစပ်သို့ရောက်အောင် ကြိုးကြိုးစားစား ဆွဲယူလာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ဟားဒိန်းသည် ကမ်းစပ်သို့ရောက်လာသည့် လှေကလေးပေါ်သို့ ခုန်တက်လိုက်ပြီးနောက် လှေမှကြိုးကို စစ်ဆေးကြည့်ရှုရာ ကျောက်တုံးများဖြင့် ပွတ်တိုက်မိသောကြောင့် ကြိုးများပွန်း၍ ပြတ်နေကြောင်းကို တွေ့ရှိရလေသည်။

စပိလက်က တီးတိုးလေသံဖြင့် . . .

"အတော်ထူးဆန်းတာဘဲ"

ဟုပြောရာ ကပ္ပတိန်ဟားဒိန်းက သဘောတူသည့် လက္ခဏာဖြင့်

"ဟုတ်တယ်၊ အတော်ကို ထူးဆန်းနေတယ်"

ဟု ပြန်ပြောလိုက်၏။ ဤသို့ ပြောဆိုကြပြီးနောက် လှေကလေးပေါ်သို့ အားလုံးအသီးသီး တက်လိုက်ကြလေသည်။

အမှန်တကယ် ထူးဆန်းသည့် အချက်မှာ မာစီမြစ်ကမ်းသို့ ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများရောက်သော အချိန်နှင့်ထိုနေရာသို့ လောင်းလှေကလေး ရောက်ရှိလာသောအချိန်တို့မှာ တိုက်ဆိုင်နေသော အချက်ပင် ဖြစ်လေသည်။ အကယ်၍ သူတို့သည် မာစီမြစ်ကမ်းသို့ စော၍ ရောက်လျှင်သော်လည်းကောင်း၊ နောက်ကျ၍ ရောက်လျှင် သော်လည်းကောင်း ထိုလောင်းလှေကလေးကို တွေ့ကြရတော့မည် မဟုတ်ဘဲ ပင်လယ်ထဲသို့ မျောပါပျောက်ဆုံးသွားမည်သာ ဖြစ်လေသည်။

ဤသို့ဖြင့် သူတို့သည် လောင်းလှေကလေးကို မြစ်ကြောင်းအတိုင်း စုန်၍လှော်ခဲ့ကြရာ မာစီဖြစ်ဝသို့ မကြာမီပင်ရောက်ရှိလာကြ၏။ ကျောက်ခေါင်းတိုင် လိုဏ်ဂူအနီးရှိ ပင်လယ်ကမ်းစပ်တွင် လှေကို ထိုးဆိုက်လိုက်ပြီးနောက် ကုန်းပေါ်သို့ဆွဲတင်လိုက်ကြ၏။ ထို့နောက် ဂရင်းနိုက်အိမ်ကြီးရှိရာသို့ သွားကြလေသည်။ ထိုအချိန်တွင် တော့က ရုတ်တရက်ထိုး၍ ဟောင်လိုက်သဖြင့် မော့ကြည့်လိုက်ရာ အိမ်ကြီးပေါ် သို့တက်သော ပထမကြိုးလှေကားကို မတွေ့ရတော့ချေ။

### ပင်ကရော့က "ဟဲလို . . ."ဟု အော်လိုက်ခြင်း

ကပ္ပတိန် ဟားဒိန်းကမူ တစ်စုံတစ်ရာမပြောဘဲ ဆိတ်ဆိတ်သာ နေလိုက်၏။ လေတိုက်လျှင် ကြိုးလှေကားသည် အောက်သို့ပြုတ်ကျလာစရာ အကြောင်းရှိသဖြင့် သူတို့သည် မှောင်ထဲတွင် ကြိုးလှေကားကို ရှာကြ၏။

ပင်ကရော့က စိတ်တိုလာပြီးလျှင် . . .

"နောက်ပြောင်တဲ့သဘောနဲ့ လုပ်ထားတာဆိုရင်တော့ ဒီထက် မိုက်တဲ့ကိစ္စ မရှိတော့ဘူး၊ နောက်ပြီးတော့ လူတစ်ယောက်ဟာ မောမောပန်းပန်းနဲ့





အိမ်ကိုပြန်လာလိုက်တဲ့အခါ အိမ်လည်းရောက်ရော၊ အိမ်ပေါ်တက်တဲ့ လှေကား မရှိတော့ဘူး၊ ရယ်လည်း ရယ်စရာကောင်းတယ်"

"အို . . . ဟို"

ဟု နက်က အော်လိုက်၏။

"ဒီကျွန်းကြီးပေါ်မှာတော့ အထူးအဆန်းတွေချည့်ပဲ ဖြစ်နေပြီ"

စပိလက်က ပင်ကရော့ကိုကြည့်ပြီးနောက် . . .

"သိပ်မဆန်းပါဘူး၊ ကျုပ်တို့ မရှိတုန်း တစ်ယောက်ယောက် ဒီအိမ်ကြီးကိုရောက်လာပြီး ညကျတော့ လှေကားကို ဆွဲတင်ထားလိုက်တယ်၊ ရှင်းပြီလား ပင်ကရော့"

"ဘယ်က တစ်ယောက်ယောက်လဲ"

"ဝက်ကလေးကို သေနတ်နဲ့ ပစ်လိုက်တဲ့လူပေါ့"

"ကောင်းပြီလေ။ အိမ်ပေါ်မှာ တစ်ယောက်ရှိတယ်ဆိုရင် အော်ကြည့်မယ်ဗျာ၊ အဲဒီလူက ပြန်တော့ထူးရမှာပေါ့"

သို့ပြောဆိုပြီးနောက် ပင်ကရော့က . . .

"ဟဲလို . . ." ဟု ကျယ်လောင်စွာ အော်လိုက်၏။

ချက်ချင်းလိုပင် တစ်တောလုံးမှ "ဟဲလို . . ."ဟု ပဲ့တင်သံ ပြန်၍လာသည်ကို ကြားရလေသည်။ သူတို့သည် ကျွန်းကြီးပေါ်တွင် စုနစ်လကြာ၍ နေခဲ့သော်လည်း ဤမျှလောက် ထူးခြားသည့် ဖြစ်ရပ်မျိုးကို မတွေ့ကြုံခဲ့ဖူးချေ။

မည်သို့မျှ ထူးခြားခြင်းမရှိသဖြင့် ကပ္ပတိန် ဟားဒိန်းက ဂရင်းနိုက်အိမ်ကြီးပေါ်သို့ မတက်နိုင်လျှင် ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးသို့သွား၍ တစ်ညအိပ်ပြီးမှ နောက်တစ်နေ့ နံနက်ပြန်လာ၍ အခြေအနေကြည့်ရန် သူ၏ အဖော်များအား ပြောပြ၏။

ကပ္ပတိန်ဟားဒိန်းသည် ခွေးလီမွာကို ဂရင်းနိုက်အိမ်ကြီး၏ အောက်တည့်တည့်၌ စောင့်နေခဲ့ရန် အချက်ပြလိုက်ပြီးနောက် ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးသို့ သွားကြလေသည်။ ဂူကြီးအတွင်းတွင် အိပ်ရန်နေရာများ ပြင်ဆင်ပြီးနောက် အိပ်ရန်ကြိုးစားသော်လည်း သူတို့သည် အလွယ်တကူ အိပ်၍ မပျော်နိုင်ဘဲ ဂရင်းနိုက်အိမ်ကြီးတွင် ကြိုးလှေကား ပျောက်ကွယ်သွားခြင်းမှာ မတော်တဆ ဖြစ်ခြင်းလော၊ သို့မဟုတ် တမင်လုပ်ကြခြင်း ဖြစ်လေသလောဟူသည့် အကြောင်းရင်းကို ရှာဖွေရန် အလွန်စိတ်စောလျက်ရှိကြလေသည်။

ဂရင်းနိုက်အိမ်ကြီးမှာ သူတို့လက်နက်ခဲယမ်းမီးကျောက်များနှင့် စားနပ်ရိက္ခာများ သိုလှောင်ရာ ကုန်တိုက်ကြီးသဖွယ်ဖြစ်နေ၍ သူတို့အဖို့ ထိုအိမ်ထက်ပင် အရေးကြီး၏။ အကယ်၍ ထိုအိမ်ကြီး အတွင်းမှ ပစ္စည်းများ ခိုးယူ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ခြင်းခံရပါက အသစ်တစ်ဖန်ပြန်၍ ရှာဖွေထူထောင်ရန် မဖြစ်နိုင်လောက်အောင် ခဲယဉ်းသဖြင့် ထိုအချက်ကိုတွေး၍ပင် မကြည့်ဝံ့အောင်ရှိတော့၏။ ကပ္ပတိန်ဟားဒိန်းနှင့် စပီလက်တို့သည် အထက်ပါအကြောင်းများကို ဆွေးနွေးတိုင်ပင်လျက် ရှိရာ အကယ်၍တစ်စုံတစ်ယောက်က ပြက်ရယ်ပြုသည့်သဘောဖြင့် ပြုလုပ်သည်ဆိုပါက ထိုသူကို လက်ရဖမ်းဆီး၍ မှတ်သားလောက်အောင် ဆုံးမမည်ဟု စပီလက်က ကြိမ်းဝါးလျက်ရှိလေသည်။

နေထွက်သည်နှင့်တစ်ပြိုင်နက် သူတို့အားလုံးပင် လက်နက်များယူဆောင်ကာ ဂရင်းနိုက်အိမ်ကြီးရှိရာသို့ ထွက်ခဲ့ကြ၏။ နေအိမ်၏ တံခါးမကြီးမှာ ပွင့်နေသောကြောင့် အိမ်အတွင်းသို့ တစ်စုံတစ်ယောက် ဝင်နေကြောင်းထင်ရှားတော့၏။ အထက်ပိုင်းရှိ ကြိုးလှေကားမှာ ယခင်အတိုင်းပင်ရှိနေသော်လည်း အောက်ပိုင်းမှ ကြိုးလှေကားကို ပြတင်းပေါက်အထိ ဆွဲတင်၍ထားသည်ကို တွေ့ရ၏။ အိမ်ကြီး အတွင်း၌မူ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။

အိမ်ပေါ်သို့ တက်သည့်လှေကား ပြန်လည်ရရှိရေးအတွက် အမျိုးမျိုး စဉ်းစားစိတ်ကူးလျက်ရှိစဉ် မြားကို ကြိုးချည်၍ လှေကား ထစ်အတွင်းသို့ ပစ်လိုက်ပြီးနောက် ထိုကြိုးဖြင့် လှေကားကို ဆွဲချလျှင် ရနိုင်ကြောင်း ဟာဗတ်က ကြံ၏။ သို့နှင့်သူအကြံပေးသည့်အတိုင်း စမ်းသပ်ကြည့်၏။ သို့သော် မြားနှင့်အတူ အောက်သို့ကျလာသော ကြိုးကိုဆွဲလိုက်သည့် ခဏ၌ပင် ပြတင်းပေါက်အတွင်းမှ လက်တစ်ဘက် ထွက်လာပြီးနောက် လှေကားကို အိမ်အတွင်းသို့ပြန်၍ ဆွဲယူလိုက်သည်ကို တွေ့လိုက်ရ၏။ ပင်ကရော့က သေနတ်နှင့် ပစ်ရန်ပြောရာ နက်က . . .

"ဘယ်သူ့ကိုလဲဗျ"

"ခင်ဗျား မမြင်လိုက်ဘူးလား"

"မမြင်လိုက်ပါဘူးဗျာ"

"မျောက်ဗျ၊ မျောက် . . . မျောက် . . . ကျုပ်တို့ အိမ်ကြီးထဲကို မျောက်တွေ ဝင်နေပြီဗျို့"

ထိုသို့ပြောလိုက်သည့်အချိန်၌ပင် မျောက်ကြီးနှစ်ကောင်သည် ပြတင်းပေါက်အဝသို့ ရောက်လာကာ ထိုင်၍နေကြ၏။ သို့နှင့် ပင်ကရော့က မျောက်တစ်ကောင်ကို သူ၏သေနတ်ဖြင့် သေချာစွာ ချိန်ရွယ်ပြီးလျှင် မောင်းကို ဖြုတ်ချလိုက်၏။ မျောက်တစ်ကောင်မှာ သေနတ်မှန်၍ အောက်သို့ကျလာရာ အခြားမျောက်များလည်း အိမ်အတွင်းသို့ ပြေးဝင်သွားကြလေသည်။ အောက်သို့ကျလာသော မျောက်ကြီးကို သွားရောက်ကြည့်ရှုရာ အသက်မရှိတော့ဘဲ လူဝံကြီးတစ်ကောင် ဖြစ်၍နေကြောင်းကို တွေ့ရတော့၏။





လူဝံကြီးတစ်ကောင် သေသွားသော်လည်း သူတို့လူစုမှာ နေအိမ်ကြီးအတွင်းသို့ မဝင်နိုင်သေးသဖြင့် စိတ်အိုက်လျက်ရှိနေကြ၏။ ကပ္ပတိန်ဟားဒိန်းကမူ လူဝံများသည် နေအိမ်အတွင်း၌ အချိန်ကြာရှည်စွာ နေနိုင်ကြမည် မဟုတ်သောကြောင့် ခေါင်းအေးအေးထား၍ နေကြရန် အားပေးလိုက်၏။ အချိန်မှာ ၂နာရီခန့် ကြာသွားသော်လည်း အခြေအနေ မထူးခြားသဖြင့် လူဝံများ မမြင်နိုင်သည့် နေရာတွင် ပုန်းအောင်းနေကြရန်နှင့် စပီလက်နှင့် ဟာဗတ်တို့က အနီးရှိ ကျောက်တုံးကြီး နောက်ကွယ်မှနေ၍ လူဝံများထွက်လာလျှင် သေနတ်နှင့် ပစ်ရန် ကပ္ပတိန်ဟားဒိန်းက အမိန့်ပေးလိုက်၏။ စားရန်ရိက္ခာလည်း ကုန်နေပြီဖြစ်သဖြင့် နက်, ပင်ကရော့နှင့် ဟာဗတ်တို့လည်း အမဲလိုက်ရန် တောတွင်းသို့ ထွက်သွားကြလေသည်။

ထိုနေ့ နံနက်စာအဖြစ် ငှက်များကို မီးကင်၍ စားကြရ၏။ ပင်ကရော့က စိတ်မရှည်သော အသံဖြင့်

"လူဝံတွေကို အိမ်ထဲက မောင်းထုတ်နိုင်တဲ့နည်းလမ်း မရှိတော့ဘူးလားဗျာ"

"ရှိတာပေါ့ . . . ဘာလို့ မရှိရမှာလဲ တို့အရင် ရေကန်ဘက်က ဝင်တဲ့အပေါက်ရှိတယ် မဟုတ်လား။ အခုတော့ ပိတ်ထားတယ် လေ . . . အဲဒီအပေါက်ကို ပြန်ဖွင့်ပြီး ဝင်လိုက်ရင် အိမ်ထဲရောက်နိုင်တာပေါ့"

ဟု ကပ္ပတိန်က ပြောလိုက်၏။

ကပ္ပတိန်ပြောသည့်အတိုင်း အမြန်ပြုလုပ်ကြရန် 'တော့'အား အိမ်ကြီးအောက်တွင် အစောင့်ထားခဲ့ပြီးနောက် ရေကန်ကြီးဘက်သို့ သူတို့အားလုံးထွက်ခဲ့ကြရာ ခြေလှမ်း ၅၀ မျှမရောက်မီပင် 'တော့'၏ ကျယ်လောင်စွာ အော်လိုက်သံကို ကြားရ၍ အားလုံး အိမ်ကြီးဘက်သို့ ပြန်ပြေးလာခဲ့ကြလေသည်။

မည်သည့်အကြောင်းဟူ၍ မသိရဘဲ လူဝံများသည် အိမ်ကြီးအတွင်းမှ အလန့်တကြား ထွက်ပြေးလာကြ၏။ ပြတင်းပေါက်တွင် တွဲလွဲခိုနေသည့် လူဝံများကို သေနတ်များဖြင့် ဒလစပ်ပစ်ခတ်ကြတော့၏။ အချို့လူဝံများမှာ ဒဏ်ရာဖြင့် အိမ်တွင်းသို့ပြန်လဲကျသွားသည်ကို တွေ့ရ၏။ အချို့လည်း မြေပေါ်သို့ တဘုံးဘုံးကျလာတော့၏။

ထိုအချိန်၌ ပြတင်းပေါက်ပေါ်တွင် စုပုံထားသည့် ကြိုးလှေ ကားတို့ တစ်ယောက်ယောက်က တွန်းချလိုက်သည့် အလား အောက်သို့ လျှောကျလာသည်ကိုတွေ့ရ၏။ ထိုအခါ ပင်ကရော့က အားရဝမ်းသာဖြင့် . . . "အတော်ထူးဆန်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သိပ်ကို ထူးဆန်းနေတာပဲ"

ဟုပြောဆိုကာ ကပ္ပတိန်ဟားဒိန်းသည် ကြိုးလှေကားမှ အပေါ်သို့ ပထမဦးစွာတက်၍ သွားလေသည်။ သူတို့အားလုံး အိမ်ကြီးအတွင်းသို့ ရောက်သောအခါ မည်သူ့ကိုမျှ မတွေ့ရချေ။

ထိုအခါ ပင်ကရော့က အံ့ဩသောမျက်နှာဖြင့် . . .

"လှေကားကို တွန်းချပေးလိုက်တာ ဘယ်သူများပါလိမ့်"

ဟု ပြောလိုက်စဉ်၌ပင် လူဝံတစ်ကောင်သည် သူတို့အနီးသို့ ပြေး၍ လာသည်ကို တွေ့ရသဖြင့် ပင်ကရော့က ပုဆိန်နှင့်လူဝံ၏ဦးခေါင်းကိုပေါက်ရန် ချိန်ရွယ်လိုက်၏။ သို့သော် ကပ္ပတိန်ဟားဒိန်းက မသတ်ရန် တားလိုက်သဖြင့် ထိုလူဝံမှာ အသက်ချမ်းသာရာရသွားလေသည်။ လှေကားကို ထိုလူဝံပင် တွန်းချလိုက်ခြင်းဖြစ်နိုင်ကြောင်းဖြင့် ကပ္ပတိန် ဟားဒိန်းက ရှင်းပြလိုက်၏။ ထို့နောက် သူတို့သည် လူဝံကြီးကိုဝိုင်း၍ ဖမ်းကာ ကြိုးဖြင့်တုတ်နှောင် ထားလိုက်ကြလေသည်။

ထိုလူဝံမျိုးမှာ လူလောက်နီးပါး အသိဉာဏ်မျိုးရှိသဖြင့် လူက သင်ကြားပေးပါက အိမ်တွင်းအလုပ်များကိုပင် ကူညီလုပ်ကိုင်ပေး လိမ့်မည်ဖြစ်ကြောင်း ကပ္ပတိန်ကရှင်းပြ၏။ ဤသို့ ပြောဆိုလျက်ရှိကြစဉ် လူဝံကြီးသည် သူတို့ပြောသောစကားကို နားလည်ဘိသကဲ့သို့ သူ၏ သေးငယ်သော မျက်လုံးကလေးများကို မေးထားကာ နားစိုက်ထောင်နေပြီးနောက် မသဲမကွဲ ညည်းညူလိုက်လေသည်။ သူတို့အားလုံး၏ သဘောတူညီချက်အရ လူဝံကြီးအား 'မာစတာဂျူ' ဟု အမည် ပေးလိုက်၏။

ဤသို့ဖြင့် ကပ္ပတိန်ဟားဒိန်း၏အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦး တိုးလာလေတော့သတည်း။

## မာစီမြစ်ကိုဖြတ်၍ တံတားဆောက်ခြင်း

လူဝံအသေကောင်များကို မြေမြှုပ်ရန်အလုပ်များ ကျန်နေသေးသဖြင့် ထိုအသေကောင်များကို တောတွင်းသို့ယူသွားပြီးနောက် မြေမြှုပ်လိုက်ကြရ၏။

လူဝံကြီး ဂျူ၏ လက်နှစ်ဖက်တွင် ချည်ထားသည့်ကြိုးများကို ဖြည်ပေးလိုက်ပြီးနောက် ဟာဒ်ဆေးနှင့်သစ်ဥများကို ကျွေးလိုက်၏။ သို့နှင့်ပင် သူတို့သည် လူဝံကြီးအားကောင်းစွာ စိတ်မချသေးသဖြင့် ၎င်း၏ခြေထောက်တွင် ချည်ထားသည့်ကြိုးများကိုမူ ဖြုတ်၍ မပေးကြသေးချေ။

ထိုညတွင် ကပ္ပတိန်ဟားဒိန်းသည် မာစီမြစ်ကိုဖြတ်၍ တံတား





ဆောက်ရန် လိုအပ်လာပြီဖြစ်ကြောင်း သူ၏လူများနှင့်ဆွေးနွေး တိုင်ပင်ကြလေသည်။ ဤကဲ့သို့ တံတားဆောက်လုပ်မှသာ ဂရင်းနိုက်အိမ်ကြီးနှင့် ကျွန်း၏ တောင်ဘက်ပိုင်းသို့ ဆက်သွယ်သွားလာမှုများ လွယ်ကူပေတော့မည်။ ထို့ပြင် သိုးများကိုဖမ်း၍ လှောင်ထားရန်လို သေးသဖြင့် မွေးမြူရေးခြံတစ်ခုကိုလည်း အမြန်ဆောက်လုပ်လိုကြ၏။ ၎င်းတို့အတွက် စားကျက်ကောင်းများရှိသည့် ချောင်းမြစ်ဖျားခံရာ အရပ်တွင် ထိုခြံကိုဆောက်လုပ်က ပိုမို၍သင့်လျော်မည် ဖြစ်ကြောင်း ကပ္ပတိန်က အကြံပေး၏။ သိုးများမွေးမြူသကဲ့သို့ပင် ကြက်များကိုလည်း မွေးမြူရန်လိုသဖြင့် ကြက်ခြံကို ဂရန့်ရေကန်၏ ပထမ ရေထွက်ပေါက် အနီးတွင် ဆောက်လုပ်ရန် သဘောတူ ကြလေသည်။ ယခင် တစ်ကြိမ်က အနောက်ဘက်ကမ်းခြေသို့သွားစဉ် ဖမ်းဆီးခဲ့သော ရေကြက်နှင့် ငှဲ့ဥများကို ထိုခြံအတွင်း၌ စတင်မွေးမြူကြရန် ဖြစ်၏။

နောက်တစ်နေ့ နံနက်ဖြစ်သော ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ရန် သူတို့သည် တံစဉ်း၊ စူး၊ ဆောက်စသည့် ကိရိယာတန်ဆာပလာများကို ယူပြီးနောက် ပင်လယ်ကမ်းခြေဘက်သို့ ထွက်ခဲ့ကြ၏။

ရှေ့သို့ ခရီးမထွက်မီ ပင်ကရော့က စိုးရိမ်သောမျက်နှာဖြင့် . . .

"ခဏနေကြပါဦး၊ အိမ်ကြီးထဲမှာ ကျန်ရစ်ခဲ့တဲ့ မစ္စတာဂျူက ကြိုးလှေကားကို ဆွဲတင်ရမယ်မှတ်ပြီး ဆွဲတင်ထားပါဦးမယ်၊ ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

ထိုအခါ ကပ္ပတိန်ဟားဒိန်းက . . .

"လွယ်ပါတယ်ဗျာ၊ မြေကြီးမှာတိုင်စိုက်ပြီး ကြိုးလှေကားရဲ့ အောက်ဆုံးအထစ်နဲ့ ခိုင်အောင်တွဲချည်ထားရင် ရပါတယ်"

ဟု ပြန်ပြောလိုက်သဖြင့် ကပ္ပတိန်ပြောသည့်အတိုင်းပင် ပင်ကရော့တို့လူစုက ပြုလုပ်လိုက်ကြ၏။ သူတို့သည် မာစီမြစ်၏လက်ဝဲ ဘက်ကမ်းအတိုင်း အထက်သို့ဆန်တက်ခဲ့ကြရာ ပထမမြစ်ကွေ့သို့ ရောက်လာခဲ့ကြ၏။ ထိုနေရာသည် မြစ်ကိုဖြတ်၍တံတားဆောက်ရန် အကောင်းဆုံးနေရာဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရလေသည်။

ထိုနေရာနှင့်မီးပုံးပျံဆိပ်မှာ ၃ မိုင်ခွဲခန့်သာဝေး၍ ၎င်းအတိုင်း လှည်းလမ်းတစ်ခု ဖောက်လုပ်ရန်ကိုလည်း စဉ်းစားကြ၏။

ကပ္ပတိန်ဟားဒိန်းက ပရော်စပက်တောင်၏ ပတ်ဝန်းကျင်ကို လေ့လာကြည့်ရာ အရှေ့ဘက်တွင် ပင်လယ်ကြီးရှိ၏။ မြောက်ဘက်တွင် ဂရန့်ရေကန်နှင့် ရေကန်၏ ရေထွက်ပေါက်မှ စီးကျနေသောရေတံခွန်နှင့် ချောင်းငယ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ အနောက်ဘက်တွင် ဂရန့်ရေကန်၏ တောင်ဘက်ကမ်းခြေရှိပြီး
တောင်ဘက်တွင် မာစီမြစ်ရှိလေသည်။ ဤကဲ့သို့ အသေအချာလေ့လာ
အခါမှ ဂရင်းနိုက်အိမ်ကြီးရှိသော ပရော့စပက်တောင်ကုန်းသည် တစ်ပတ်
ရေပတ်လည်ဝိုင်းလျက်ရှိ သည်ကို တွေ့ကြရလေသည်။

ဂရန့်ရေကန်နှင့် မာစီမြစ်အကြားတွင် တစ်မိုင်ခန့် ကျယ်ပြန့်သော
မြေပြန့်တစ်ခုရှိနေသေးရာ ထိုနေရာတွင် တူးမြောင်းတစ်ခု ဖောက်လုပ်
လိုအပ်၏။ မြစ်နှင့်ချောင်းများတွင် ဆောက်လုပ်ထားမည့် တံတားများကို
တံတားများအဖြစ် အရှင်လုပ်ထားလျှင် သူတို့နေထိုင်သော ဂရင်းနိုက်အိမ်
၏ဖတ်ဝန်းကျင်သို့ ရန်သူများ အလွယ်တကူ မလာရောက်နိုင်ကြောင်း
တိန်ဟားဒိန်းက သူ၏လူများအား ရှင်းပြ၏။

မာစီမြစ်ပေါ်သို့ဖြတ်၍ ဆောက်မည့်တံတားကို လက်ယာဘက်က
တွင် နိုင်ခန့်အောင်ဆောက်လုပ်၍ လက်ဝဲဘက်ကမ်းခြေတွင် တံတား
အလျားပေ ၂၀ အခန်းတစ်ခန်းကို ချိန်ခွင်လျှာကဲ့သို့ တစ်ဘက်မှ အလေးချိန်
အရှင်ဖြစ်အောင် ပြုလုပ်ကြရန် စီစဉ်ကြ၏။

ဤကဲ့သို့ စီမံထားသည့်အတိုင်း မြစ်ကိုဖြတ်၍ တံတားဆော
သောလုပ်ငန်းကို ၃ ပတ်နှင့်ပြီးအောင် အိပ်ချိန်မှလွဲ၍ ကျန်သောအချိန်များ
ကြိုးစား၍ ဆောက်လုပ်ကြတော့၏။ ဤကဲ့သို့ တံတားဆောက်နေသည့်
ကာလအတွင်း ရာသီဥတုကလည်း ကောင်းမွန်သဖြင့် သူတို့၏လုပ်ငန်း
တွင်ကျယ်လေသည်။

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပေ ၈ပ ကျော် ရှည်လျားသော တံတား
ဆောက်သည့်လုပ်ငန်းမှာ အပြီးသတ်လေတော့၏။ တံတားအရှင်လုပ်
အခန်းတွင်လည်း တစ်ဘက်မှကူညီသောအလေးများ ထပ်မံပိုးထားသဖြင့်
အပ်သည့်အခါအလွယ်တကူ ဆွဲတင်နိုင်ကြလေသည်။

မီးပုံးပျံကြီးမှအဝတ်များကို သွားရောက်ယူလိုကြသော်လည်း
တွင်းသို့ဖြတ်၍ လှည်းလမ်းမဖောက်ရသေးသဖြင့် မယူနိုင်ကြသေးချေ။ သို့သော်
အခြေအနေကိုသိလိုသဖြင့် မီးပုံးပျံဆိပ်သို့ နက်နှင့် ပင်ကရော့တို့နှစ်ယောက်
သွားရောက်ကြည့်ရှုသည်တွင် မီးပုံးပျံကြီး၏ အဝတ်များမှာ မူလထားခဲ့သည့်
နေရာ၌ပင် ခြေရာလက်ရာမပျက် ယခင်အတိုင်း ရှိနေသည်ကို တွေ့ရ၏။ သို့
သူတို့တွေ့ခဲ့ပုံကို ကပ္ပတိန် ဟားဒိန်းအား သတင်းပေးပို့လိုက်လေသည်။

သူတို့၏ဂျုံစိုက်ခင်းမှာလည်း ကောင်းစွာအောင်မြင်သဖြင့် ပထ
ရိတ်သိမ်းချိန်တွင် ဂျုံစေ့ ၈၀၀ ရရှိလေသည်။

ဂျုံစေ့ ၅၀ ကို မျိုးအဖြစ်ချန်၍ ကျန်သောဂျုံစေ့များကို နောက်တ





ရာသို့ ပြောင်းရွှေ့စိုက်ပျိုးကြ၏။ စိုက်ကွင်းပတ်ဝန်းကျင်ကိုလည်း ခြံစည်းရိုး
ခိုင်ခံ့စွာခတ်ထားလိုက်၏။ ငှက်များ၏နှောင့်ယှက်မှုမှ ကင်းဝေးစေရန်
သည်း ပင်ကရော့က စာခြောက်ရုပ်တစ်ခုပြု လုပ်ပေးထား၏။

နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကပ္ပတိန်ဟားဒိန်းသည် ဂရန့် ရေကန်
၏တောင်ဘက်ကွေ့ကြီးမှ မာစီမြစ်သို့ တူးမြောင်းငယ်တစ်ခု ဖောက်လုပ်ရန်
၏လူများနှင့် လုပ်ငန်းစလေတော့၏။ ကျောက်ဆောင်များရှိသော နေရာတွင်
ကိုထရိုဂလစ်စရင်း'ဖြင့် ဖောက်ခွဲပစ် ရ၏။ သို့နှင့် ၁၄ ရက်ခန့်ကြာသောအခါ
၂ ပေကျယ်၍ ၆ ပေနက်သော တူးမြောင်းတစ်ခုကို ဖောက်လုပ်ပြီးစီးကြလေ
သည်။ ထိုတူးမြောင်းကို 'ဂလက်စရင်းတူးမြောင်း' ဟု အမည်ပေးလိုက်၏။
ရော့စပက်တောင်ကုန်းအနောက်ဘက်တွင် တူးမြောင်းဖောက်လုပ်ပြီးစီးသွား
သဖြင့် ထိုဒေသမှာ ဒီဇင်ဘာလ ၁၄ ရက်အတွင်း ရေပတ်လည်ဝိုင်းလျက်ရှိ
သော ကျွန်းကလေးသဖွယ် ဖြစ်လာတော့၏။

ဤသို့လျှင် လုံခြုံမှုရှိလာသဖြင့် အလွယ်တကူထွက်မပြေးနိုင်သော
ကြောင့် လှုဝံကြီး'ဂျူ'၏ခြေထောက်တွင် ချည်ထားသောကြိုးများကို သူတို့က
ဖြေပေးလိုက်လေသည်။ လှုဝံကြီးမှာ ရင်းအား သင်ပြထားသည့်အတိုင်း ဂရင်း
နိုက်အိမ်ကြီးအတွက် ထင်းများသယ်ယူရာတွင် သူ၏ခွန်အားဗလကြီးကို
ကောင်းစွာ အသုံးချနိုင်တော့၏။ လုပ်ငန်းတစ်ခုပြီးသွားသဖြင့် ကြက်မွေးမြူ
ရေးခြံကို ဂရန့်ရေကန်၏တောင်ဘက်ကမ်းရိုးအနီး ပြုလုပ်ကြ၏။ ကြက်ခြံမှာ
ပိုက် ၂၀၀ ပတ်လည်ခန့် ရှိ၏။

ငှက်များအတွက် နေအိမ်တစ်ခုကိုလည်း ကြက်ခြံထောင့်ကွင် ဆောက်
လုပ်ပေးထားလေသည်။ ကျောက်ဆောင်များတွင်နေသော ငှက် ၁၂ ကောင်ခန့်ကို
ဖမ်း၍ ခြံအတွင်းရှိ ငှက်အိမ်များအတွင်းတွင် ထည့်ထားလိုက်ကြ၏။ မကြာမီ
ငှက်များမှာ ယဉ်ပါးလာကြပြီဖြစ်၍ လှောင်အိမ်အတွင်းမှ ပျံထွက်သွားကြသော်
လည်း အိပ်တန်းဝင်ချိန်တွင် လှောင်အိမ်ရှိရာသို့ ပြန်လာကြသည်ကို တွေ့ရ၏။

နောက်ထပ် ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုမှာ 'မီးပုံးပျံဆိပ်' တွင်
ထား၍ထားခဲ့သော မီးပုံးပျံအဝတ်စများနှင့် ကြိုးများကို ဂရင်းနိုက် အိမ်ကြီးသို့
သယ်ယူရန်ပင် ဖြစ်လေသည်။ ထိုနေရာအထိ လှည်းလမ်း ဖောက်လုပ်နိုင်သော်
လည်း လှည်းကိုဆွဲမည့် တိရစ္ဆာန်များလိုနေသေးသဖြင့် မည်သို့ပြုလုပ်ကြမည်
ကို တိုင်ပင်လျက်ရှိကြ၏။

ဒီဇင်ဘာ ၂၃ ရက်နေ့တွင် 'နက်'၏ အော်သံကိုကြားရ၍ခွေးလိမ္မာ
တော့'၏ ဟောင်သံကိုလည်း အဆက်မပြတ်ကြား၏။ ထိုအခါ ကျော
ခင်းတိုင် လိုဏ်ဂူကြီးအတွင်းတွင် အလုပ်လုပ်နေကြသော ကပ္ပတိန် ဟားဒိန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူ၏လူများက ရန်သူများလာရောက်ကြပြီဟု ထင်မှတ်ကြသဖြင့် အတွင်းမှ အပြေးထွက်လာကြရာ 'နက်'သည် 'မြည်း'နှစ်ကောင်ကိုအေ မောင်းလာကြောင်းတွေ့ရ၏။ ယင်းတို့မှာ လှည်းဆွဲရန် များစွာ အသုံးဝင်မ တိရစ္ဆာန်များ ဖြစ်သည့်အတိုင်း ထိုမြည်းနှစ်ကောင်ကို ပင်ကရော့က ဝိုင်း ထိန်းကျောင်းရင်း တံတားများကိုဖြတ်၍ ဂရင်းနိုက်အိမ်ကြီးရှိရာသို့ ခေါ်ဆေ ခဲ့လေသည်။ တောင်ကုန်းများပေါ်တွင် မြက်ပေါ်များသဖြင့် ထိုမြည်းနှစ်ကော ကို ၎င်းတို့သဘောအတိုင်း လွတ်လပ်စွာ သွားလာကျက်စားခွင့် ပေးထား လျှင် ကပ္ပတိန်ဟားဒိန်းက ၎င်းတို့အတွက် ကြက်ခြံအနီးတွင် မြင်းဇောင်းတ ဆောက်လုပ်ပေး၏။

ရက်အနည်းငယ်မျှကြာသောအခါ ဂရင်းနိုက်အိမ်ကြီးမှ တောအုပ် တောင်ကုန်းများကိုဖြတ်ကာ 'မီးပုံးပျံဆိပ်' အထိ လှည်းလမ်းမှာ ကောင်း ဖောက်လုပ်ပြီး စီးသွားလေသည်။ မြည်းများအတွက် ဇက်ကြိုး၊ ခါးပတ်ကြ နှင့်ချိတ်များ ပြုလုပ်ပြီးစီးသွားပြီဖြစ်၍ ဒီဇင်ဘာလကုန်လောက်တွင် မြည်း ကောင်ကို လှည်း၌တပ်ဆင်ပြီးလျှင် စမ်းသပ်မောင်းနှင်ကြည့်ကြလေသ မီးပုံးပျံဆိပ်သို့သွားသည့် လှည်းလမ်းအတိုင်း ပင်ကရော့က ရှေ့မှခြေ လျှောက်၍ လမ်းပြကာ ကျန် အဖွဲ့သားများက လှည်းစီး၍ ဂရင်းနိုက်အိမ်ကြ ထွက်ခွာခဲ့ကြလေသည်။သို့နှင့် သူတို့သည် မီးပုံးပျံဆိပ်သို့ မကြာမီရောက်မော ရောက်ရှိလာပြီးနောက် မီးပုံးပျံကြီးမှအဝတ်များနှင့် ကြိုးများကို လှည်းပေ သို့တင်ကာ အိမ်သို့ ပြန်လာခဲ့ကြလေသည်။

[illegible]

**[illegible]**

[illegible]

လင်ကွန်းကျွန်းကြီးပေါ်သို့ ရောက်ရှိနေကြသော လူတစ်စု၏ လို သည့် အိမ်သုံးအဝတ်အထည်များကို ဖန်နဝါရီလ ပထမပတ်အတွင်း ပြီး အောင်ကြိုးစား၍ ချုပ်လုပ်ကြရ၏။

ကမ်းစပ်မှရရှိခဲ့သည့် သေတ္တာကြီးထဲတွင် အကျီချုပ်ရန် အပ်များပ သဖြင့် အပ်အတွက်မပူရတော့ဘဲ မီးပုံးပျံကြီးတွင်အပ်ချည်ကြိုးများကို အလို သင့်ဖြေ၍ အပ်ချည်ကြိုးအဖြစ် အသုံးပြုကြလေသည်။ ထို့နောက် ချုပ်လုပ် အဝတ်အစားများကို ဆော်ဒါနှင့် ပို တက်(စ်) ရောစပ်ကာ လျှော်ဖွပ်လိုက်သ နဂိုမူလအတိုင်း ပျောပြောင်း နူးညံ့သွားပြီးလျှင် နေလှမ်းလိုက်သောအခါ ဖြူ သန့်စင်၍ သွားတော့၏။ ဤသို့လျှင် သူတို့အဖို့ သန့်ရှင်းသော အဝတ်အ များကို ဝတ်ဆင်ကြရသဖြင့် အလွန်ကျေနပ်လျက် ရှိကြလေသည်။





ထိုအချိန်၌ပင် ဖျံသားရေဖြင့် ဖိနပ်များချုပ်လုပ်ကြ၏။ ၁၈၆၆ ခု ိုင်းတွင် ရာသီဥတု အလွန်ပူပြင်း၍လာသော်လည်း စပီလက်နှင့်ဟာဗတ် သည် အမဲလိုက်သည့်အလုပ်ကို မစွန့်လွှတ်ကြဘဲ သားပိုက်ကောင်နှင့် တော များကို လိုက်လံပစ်ခတ်လျက် ရှိကြလေသည်။

ခဲယမ်းမီးကျောက်များကို ချွေတာသုံးရန် ကပ္ပတိန်ဟားဒိန်းက သူ နှစ်ဦးအား သတိပေးပြီးနောက် လိုသောကျည်ဆံနှင့် ယမ်းများကို ထပ်မံ ပေးလိုက်၏။ သူတို့သည် ဤကျွန်းကြီးပေါ်တွင် မည်မျှကြာအောင် နေရ ည်ကို မပြောနိုင်သဖြင့် လက်နက်ခဲယမ်းမီးကျောက်များကို ချွေတာသုံးစွဲရ ည်ဖြစ်၏။

ဂရင်းနိုက်အိမ်ကြီး၏နောက်ပိုင်း ကုန်းပြင်မြင့်ကြီးပေါ်ရှိ သစ်တော တွင်းမှ သုံးဇကကျော်ခန့်ကို ရှင်းလင်းကာ ကျန်သစ်တောများကို မြည်းရိုင်း ကျက်စားနိုင်ရန်အတွက် နဂိုမူလအတိုင်း ထားလိုက်လေသည်။ လှည်းနှင့် ည်းများရှိနေသဖြင့် တောအတွင်းမှ ထင်းများကိုလည်းကောင်း၊ ဖရင်ကလင် တောင်ခြေမှ ကျောက်မီးသွေးများကိုလည်းကောင်း၊ ရာသီဥတုသာယာလျက် သည့် အချိန်အတွင်း လှည်းနှင့်အပြည့်တိုက်ကာ ဂရင်းနိုက်အိမ်ကြီးသို့ ယူခဲ့ ကြလေသည်။

စပီလက်သည်မင်ဒီဘာယ်အငူဖက်သို့ မကြာခဏသွားရောက်ကာ ဥများကို ယူလေ့ရှိ၏။ ပင်ကရော့ကမူ ငါးမျှားချိတ်ပြုလုပ်ပြီးလျှင် ငါးများ သဖြင့် ငါးဟင်းကိုလည်း အလျှံပယ်စားကြရလေသည်။ ထိုအချိန်လောက် င် မာစီမြစ်အတွင်းသို့ ရေကြောင်းကိုဆန်၍ ငါးသလောက်အုပ်ကြီးများ က်လာသည်ကို တွေ့ကြရသဖြင့် တာတာမ်များ ပြုလုပ်ဖမ်းဆီးကြ၏။ ငါး ကိုဆားနယ်၍ လာမည့်ဆောင်းတွင်း၌ စားသောက်နိုင်ရန်လည်း သိုလှောင် းလိုက်ကြလေသည်။

နက်က မစ္စတာဂျူအား ဘောင်းဘီနှင့်ကိုယ်ကြပ်အကျီ ဝတ်ပေး တ်ရာ ဘောင်းဘီအိတ်ကို 'ဂျူ'က အလွန်နှစ်သက်လေသည်။ 'နက်'က ကြီး 'ဂျူ'ကို အလွန်ခင်မင်သဖြင့် ထမင်းဟင်းချက်သည့် အချိန်တိုင်းတွက် အား မီးဖိုချောင်၌ အမြဲခေါ်ထားလေ့ရှိပြီးလျှင် လိုအပ်ချက်များကို ခိုင်းစေရန် င်ကြားပြသ၏။

သူတို့အားလုံး ထမင်းစားပြီးလျှင် ဂျူသည် ရေခွက်အတွင်းသို့ ရေ ည့်ပေးတတ်၏။ ထမင်းပန်းကန်ပြားနှင့် ဟင်းပန်းကန်များကိုလည်း စားပွဲ သို့ သူ့နေရာနှင့်သူ ချပေးတတ်၏။ ပင်ကရော့က ဂျူအား စွပ်ပြုတ်ဖောင်း င် ပြန်ပေးတတ်၏။ ဤသို့ဆိုလျှင် ဂျူအား ခင်မင်လာကြသဖြင့် ပင်ကရော



www.burmeseclassic.com

www.burmeseclassic.com



က ဂျူအား လစာတိုးပေးမည်ဟုပင် ပြောလိုက်သေး၏။

ပင်ကရော့တို့အဖွဲ့ အမဲလိုက်သွားလျှင် ဂျူကလည်း တုတ်တ ချောင်းကို သေနတ်ကဲ့သို့ ပခုံးပေါ်တွင်ထမ်းကာ နောက်ကလိုက်ခဲ့၏။ တေ ထဲသို့ရောက်လာသော်လည်း ဂျူမှာတော့စိတ်ပေါက်၍ မလာဘဲ သခင်များ အနီးတွင် ငြိမ်သက်စွာနေလေ့ရှိ၏။ သစ်ပင် အမြင့်ပေါ်တွင် သီးလေ့ရှိသေ သစ်သီးများကို လိုချင်သောအခါ ဂျူသည် သစ်ပင်ပေါ်သို့ လျှင်မြန်စွာ တက် ရောက်ပြီးလျှင် ဆွတ်ခူးပေးတတ်၏။

ပင်ကရော့က ဂျူကိုကြည့်ပြီးလျှင် အားရကျေနပ်စွာဖြင့် . . .

"အတော်နောက်တဲ့ကောင်ပဲ"

ဟု ပြောလိုက်၏။

ဖန်နဝါရီလကုန်လောက်တွင် သူတို့သည် ရေနီချောင်း စတင် ဆင်းလာသည့် ဖရင်ကလင်တောင်ခြေတွင် သိုးရိုင်းများအတွက် ခြံတစ် ဆောက်လုပ်ကြ၏။ ၎င်းခြံမှ ဂရင်းနိုက်အိမ်ကြီးသို့သွားရန် လည်းလမ်းတစ် ဖောက်လုပ်ကြပြီးနောက် 'သိုးခြံ' လမ်းဟု အမည်မှည့်လိုက်ကြ၏။ ကျားသ နှင့် အခြားအကောင်များ ခုန်ကျော်မဝင်နိုင်ရန် သိုးခြံကို လုံခြုံသည့်ခြံစည် ရိုးများ ကာရံပေးထား၏။ မိုးရွာသည့်အခါတွင် သိုးများခိုလှုံနိုင်ရန် ခြံထော တစ်နေရာတွင် တဲတစ်ခုလည်း ဆောက်ပေးထားလေသည်။ သိုးခြံဆော လုပ်၍ ပြီးစီးသောအခါ သူတို့သည် တောတွင်းမှသိုးအုပ်ကြီးတစ်အုပ်ကို ဘက်သို့ ခြောက်လှန့် မ,ယူလာကြ၏။ ဤသို့ဖြင့် သိုးရိုင်းအကောင်၃၀ တောဆိတ် ၁၀ ကောင်တို့ကို ခြံထဲသို့ ကောင်းစွာ သွင်းယူနိုင်ကြလေသည်

ဖေဖော်ဝါရီလအတွင်း၌ သူတို့သည် သိုးခြံသို့သွားသော လမ်း မီးပုံးပျံဆိပ်သို့ သွားသောလမ်းများကို ယခင်ကထက် ပိုမို ကောင်းမွန်အော ပြင်ဆင်ရင်းဖြင့် အချိန်ကုန်စေခဲ့၏။ ဤကဲ့သို့ လမ်းများကို ပြင်ဆင်လျှ ကြစဉ် ဟာဗတ်သည် တောတွင်းတစ်နေရာမှ ဒန်ကျွဲစေ့နှင့်တူသော အစေ့မျ ကို ယူလာပြီးနောက် ၎င်းအစေ့များမှ ဆီထုတ်ယူနိုင်ကြောင်း ပြောပြသဖြ ယင်းတို့ကို ဆုံဖြင့်ထုတ်ကာ ဆီထုတ်၍ ယူကြ၏။

နွေရာသီကုန်ဆုံးချိန်လောက်သို့ ရောက်သောအခါ ကြက်မွေးမြူ ခြံမှ ကြက်များမှာ ယခင်ကထက် တိုးပွားလာကြောင်း တွေ့ကြရ၏။

သာယာသော ညနေခင်းများတွင် ပရော်စပက်တောင်ကုန်းပေါ် တက်ပြီးလျှင် ကပ္ပတိန် ဟားဒိန်းက နောက်ထပ်ဆောင်ရွက်ကြရမည့် လုပ် များကို သူ၏လူများနှင့် ဆွေးနွေးတိုင်ပင်လေ့ရှိ၏။ ရှေ့ဆောင်းနှောင်းဖြစ်မျာ ပြောရင်း ယခုအချိန်လောက်တွင် 'ရစ်ချပွန်' မြို့ကို ဗိုလ်ချုပ် ဂရန့်က သိ





ကပ်ပြီးလောက်ပြီဖြစ်၍ တောင်ပိုင်း ကွန်ဖီဒရိတ်များ၏ စစ်ပွဲမှာ ပြီးဆုံးခြင်းသို့ ရောက်ရှိလောက်ပြီ ထင်ကြောင်းဖြင့် ပြောပြ၏။ ပကြာမီပင် သူတို့မမေ့နိုင်သော မတ်လ ၂၄ ရက်နေ့သို့ ရောက်ရှိလာတော့၏။ ထိုနေ့သည်ကာ ယခင်နှစ်က သူတို့ အားလုံး မီးပုံးပျံကြီးပေါ်မှနေ၍ ကျွန်းပေါ်သို့ ရောက်ခဲ့သောနေ့ဖြစ်၏။

ထိုနေ့ ထိုအချိန်က သူတို့အားလုံးပင် အားကိုးရာမဲ့ဖြစ်ကာ အလွန် အားငယ်ခဲ့ကြပြီးလျှင် အခက်အခဲများစွာနှင့် တွေ့ကြုံခဲ့ကြ ရ၏။ သို့သော် ကျွန်းပေါ်သို့ရောက်၍ တစ်နှစ်မြောက်သောနေ့တွင် သူတို့သည် ထိုကျွန်းပေါ် တွင် နေထိုင်ကြသူများအဖြစ်သို့ ရောက်ရှိလာကြပြီးနောက် တိရစ္ဆာန်များ၊ အပင်များနှင့် ဓာတ်သတ္တုများကို မိမိတို့အတွက် အကျိုးရှိအောင် ပြုပြင်သုံးစွဲ သည့် အခြေအနေသို့ ရောက်ရှိခဲ့လေပြီ။

သူ၏လူများ စကားလက်ဆုံကျနေသည်ကို ကပ္ပတိန်ဟားဒိန်းက ငြိမ်ဝင်စားစွာဖြင့် နားထောင်လျက်ရှိနေပြီးလျှင် တစ်ခါတစ်ရံမှသာ ဝင်၍ ဆွေး နွေး၏။

ဟာဗတ်၏အကြံပြုချက်များနှင့် ပင်ကရော့၏အရွှန်းပြောမှုများကို နားထောင်ရင်း ကပ္ပတိန်ဟားဒိန်းသည် ပြုံး၍နေတတ်၏။ သို့သော် လင့်ကွန်း ကျွန်းကြီးပေါ်တွင် ရှင်းလင်း၍မပြနိုင်သော ထူးဆန်းသည့် အဖြစ်အပျက်များကို မူ၊ သူသည် အမြဲစဉ်းစားလျက်ရှိနေလေသည်။

## ရာသီဥတုဆိုးရွားလာခြင်း

မတ်လဆန်း လပြည့်နေ့ နောက်ပိုင်းတွင် ရာသီဥတုပြောင်းလဲလာ လျှင် အလွန်ပူပြင်းလာတော့၏။ လေသည် အရှေ့ဘက်မှ တိုက်ခတ်လာ၍ ခြိမ်းသံနှင့်အတူ မိုးသီးများကျလာ၏။ အချို့မိုးသီးများမှာ ကြက်ဥခန့် အရွယ် ခန့်ရှိ၍ ပင်ကရော့သည် သူစိုက်ပျိုးထားသည့်ဂျုံပျိုးခင်းသို့ အပြေးသွားပြီး နောက် ပျိုးပင်ကလေးများပေါ်တွင် အဝတ်ကို ဖြန့်၍ အုပ်ထားလိုက်၏။ ထို နောက် ၇ ရက်ခန့်ဆက်၍ မိုးသည်းထန်စွာ ရွာနေသောကြောင့် ကပ္ပတိန် ဟားဒိန်းနှင့် သူ၏အဖွဲ့သားများသည် အပြင်သို့မထွက်နိုင်ဘဲ ဂရင်းနိုက်အိမ် ကြီးအတွင်း၌ပင် နေကြရတော့၏။

ကပ္ပတိန် ဟားဒိန်းသည် အချိန်ကိုအလဟဿ မဖြုန်းဘဲ လက် ရာ တွင်ခုံတစ်ခုလုပ်ကာ မီးဖိုသုံးပစ္စည်းနှင့် အသုံးအဆောင်များကို ပြုလုပ် လျက်ရှိ၏။

လုဝ်ကြီးဂျူသည် ၎င်းအားသင်ပေးသမျှ လုပ်တတ်လာ၍ အိမ်တွင်း



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းမှုများကို လုပ်ကိုင်ပေးရာ ပင်ကရော့က ကျေနပ်သော မျက်နှာဖြင့် နက် ဘက်သို့ လှည့်ပြီးနောက် . . .

"ကျုပ်တို့ တပည့်ကြီး 'ဂျူ'ကတော့ တကယ် တော်တယ်ဗျာ တကယ်ပါပဲ၊ မဟုတ်ဘူးလား နက်၊ ခင်ဗျား ဘယ်နဲ့သဘောရလဲ"

ဟု ပြောလိုက်ရာ နက်က ဦးခေါင်းကိုညိတ်၍ ထောက်ခံလိုက်၏။ ကျွန်းကြီးပေါ်သို့ သူတို့ရောက်လာစဉ်က လူငယ်တစ်ယောက်ဟု သဘောထား ကြသော ဟာဗတ်မှာ ယခုအခါ လူကြီးတစ်ယောက်၏ပုံသဏ္ဍာန်အဖြစ်သို့ ပြောင်းလဲလာကာ အရပ်နှစ်လက်မခန့် မြင့်လာသည်ကို တွေ့ရ၏။ ၎င်းအား ကပ္ပတိန်ဟားဒိန်းက သိပ္ပံပညာကိုလည်းကောင်း၊ စပီလက်က ဘာသာစကား များကိုလည်းကောင်း သင်ကြားပေး၏။ သူကလည်း ကြိုးစား၍ လေ့လာ၏

မတ်လ ၉ ရက်နေ့တွင် မိုးသက်မုန်တိုင်းရပ်ဆိုင်းသွားသော်လည်း ကောင်းကင်တစ်ခုလုံး မိုးသားများအပြည့်ဖြစ်လာပြီးနောက် မကြာမီ မြူများ လာတော့၏။ ထို့နောက် သူတို့သည် မွေးမြူရေးခြံအနီးတွင် ဝက်ခြံတစ် ထပ်မံပြုလုပ်ကာ တောဝက်ကလေးများကိုဖမ်းဆီး၍ လှောင်ထားပြီးနော တဖြည်းဖြည်း ယဉ်ပါးအောင် နက်က စောင့်ရှောက်ကျွေးမွေးပေး၏။

တစ်နေ့သောအခါ ပင်ကရော့က ကပ္ပတိန်ဟားဒိန်းအား . . .

"ဒီမယ် ကပ္ပတိန်၊ တစ်ခါတုန်းက ကျွန်တော်တို့ကို ပြောဖူးပါတယ် အစုရှိတဲ့ ကြိုးလှေကားထက်ကောင်းတဲ့ လှေကားတစ်ခုလုပ်ပေးမယ်ဆိုတ အခုအချိန်လုပ်ရင် မကောင်းဘူးလား"

"တကယ်လိုသလားဗျာ"

"လိုတာပေါ့ ကပ္ပတိန်၊ အလေးအပင်တွေပါရင် ကြိုးလှေခါး တက်လို့ မလွယ်ဘူး"

"ဒါဖြင့် ကျုပ် ကြိုးစားကြည့်မယ်"

"ကပ္ပတိန်မှာ စက်မှမရှိဘဲ၊ ဘယ်လိုလုပ်မလဲ၊ ရေနွေးငွေ့အား လား"

"မဟုတ်ဘူး၊ ရေအားနဲ့လုပ်ရမယ်"

သူတို့အဖို့ ဂရန့်ရေကန်ကြီး၏ပထမရေထွက်ပေါက်အောက်တွ ဖောက်ထားသည့် ရေမြောင်းကလေးကိုချဲ့လိုက်ပြီးနောက် ရေစီးသန်အော ပြုလုပ်ရန်လို၏။ ထို့ကြောင့် ကပ္ပတိန်ဟားဒိန်းက ရေထွက်ပေါက်အဝကို သလောက်ချဲ့လိုက်ရာ ဂူအတွင်းသို့စီးဆင်းနေသော ရေမြောင်းမှရေသ အရှိန်ပြင်းစွာဖြင့် စီးဆင်းလာပြီးနောက် လိုဏ်ဂူခန်းမကြီးသို့ အရောက်တွ ရေတံခွန်သဖွယ် ဖြစ်ပေါ်လာတော့၏။





ထိုရေတံခွန်အောက်တွင် ဒလက်များတပ်ဆင်ထားသည့် ဆလင်ဒါ များကို သံကြိုး၌ချိတ်ကာ အိမ်ဝင်ပေါက်အပြင်ဘက်တွင် ပြုလုပ်ထားသော ရစ်ဘီးကြီးနှင့်ဆက်ထားလိုက်၏။ ရစ်ဘီးကြီးအပေါ်တွင် ကြိုးတစ်ချောင်းပတ် ကာ အောက်သို့ချထားပြီးနောက် ကြိုးများတွင် လူတစ်ယောက်ဆန့်သည့် ခြင်းကြီးတစ်လုံးကို တပ်ထားလိုက်၏။ ဆလင်ဒါများအတွင်းသို့ ရေဝင်ခြင်းကို ထိန်းပေးခြင်းအားဖြင့် ကြိုးထိပ်၌ချည်ထားသည့် ခြင်းကြီးကို အပေါ်သို့ တက် စေခဲ့၏။

မတ်လ ၁၇ ရက်နေ့ နံနက်တွင် ရေအားဖြင့်အပေါ်သို့တက်စေသည့် လှေကားကို ပထမဆုံးအကြိမ် စတင် အသုံးချကြည့်ရာ ကောင်းစွာအောင်မြင် သဖြင့် အားလုံးက ကျေနပ်လျက်ရှိနေကြတော့၏။ ထိုအချိန်မှစ၍ ထင်းများ စားရေရိက္ခာများကို ဤလှေကားဖြင့် အိမ်ပေါ်သို့ တင်ကြ၏။

ရေအင်အားဖြင့် အိမ်ပေါ်သို့တက်သည့် လှေကားတစ်ခါပြုလုပ်ပြီး နောက် ကပ္ပတိန်ဟားဒိန်းက ဖန်ထည်များပြုလုပ်ရန် ကြိုးစားလျက်ရှိစဉ် ပင်က ရော့က ဖန်ထည်ပြုလုပ်သူများ အသုံးပြုကြသည့် ၆ ပေရှည်သော အဝကျဉ်း သံပြွန်လုံးကလေးတစ်လုံး ပြုလုပ်ပေး၏။ ယခင်ကအိုးဖုတ်သည့် ဖေါင်းဖိုကြီး ကို ဖန်ရည်ကျိုရန် အသုံးပြုကြလေသည်။ သဲအဆ ၁၀၀၊ မြေဖြူအဆ ၃၅၊ ဆိုဒီယံဆာလ်ဖိတ်အဆ ၄၀ တို့ကို မီးသွေး ၃ ဆနှင့် ရောပြီးလျှင် လုံကြီးတွင် ထည့်၍ဖုတ်ကြ၏။ ဤသို့ရောစပ်ထားသည့်ပစ္စည်းများ အရည်ပျော်၍ ဖျော်ခွဲ လာသောအခါ သံပြွန်လုံးထိပ်ဖြင့်ထိုးကာ အလုံးပြုလုပ်ပြီးနောက် ပင်ကရော့က ပြွန်လုံးကိုရှိန်ဆ၍ အားနှင့်မှုတ်ပေးလိုက်၏။ ဤနည်းဖြင့် ဖန်ပုလင်းများရ ရှိတော့၏။ ဖန်များပျော့၍နေချိန်တွင် အလယ်မှဖြတ်၍ ဒလိမ့်ဖြင့်လှိမ့်လိုက်ရာ မှန်ချပ်ကဲ့သို့ ဖြစ်သွားတော့၏။ ထိုမှန်ချပ်များကိုအိမ်ကြီး၏ ပြတင်းပေါက်များ တွင် တပ်ဆင်ကြ၏။

တစ်နေ့သောနံနက်တွင် ကပ္ပတိန်ဟားဒိန်းနှင့် ဟာဗတ်တို့သည် မာသီ မြစ်၏လက်ဝဲဘက်ကမ်းအတိုင်း ဆန်တက်သွားပြီးလျှင် အနောက်တော အတွင်းသို့ အမဲလိုက်ထွက်ခဲ့ကြ၏။ အချိန်သာကုန်၍ သွားသော်လည်း သား ကောင်တစ်ကောင်မျှ မရကြသဖြင့် လက်မဲ့ပြန်ကြရမည်ကဲ့သို့ ဖြစ်နေစဉ် ဟာဗတ်က အားရဝမ်းသာဖြင့် ကပ္ပတိန်ကို ကြည့်ရင်း . . .

"ဒီမယ် ကပ္ပတိန် ဟိုရှေ့က အပင်ကိုတွေ့တယ် မဟုတ်လား"

"တွေ့သားပဲ အဲဒါဘာဖြစ်လဲ"

"အဲဒီအပင်ကို ဆိုက်ကပ်(စ်)ရီဘော်လူတာ (Cycas Revoluta) လို့ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ ဘယ်လိုပဲ ခေါ်ခေါ် မင်းအပင်က ဘာအသီးမှ မရှိဘူးကွ"

"မဟုတ်ပါဘူး ကပ္ပတိန်၊ သူ့ပင်စည်ထဲမှာ ဂျုံမှုန့်နဲ့တူတဲ့ အမှုန့်တွေ ရှိတယ်"

"ဒါဖြင့် ဒီအပင်က ဂျုံမှုန့်ပင်ဆိုတဲ့ အပင်ပေါ့နော်"

"ဟုတ်တယ်၊ ဒါ ဂျုံမှုန့်ပင်ပဲ"

"အတော်ပဲ ဟာဗတ်၊ တို့ ဂျုံစိုက်ခင်းကလည်း ရိတ်လို့မရသေးဘူး၊ ဂျုံမှုန့်ပင်ဆိုတာတော့ မင်း သေချာရဲ့နော်"

ဟာဗတ်သည် ယင်းဂျုံမှုန့်ပင်မှ အကိုင်းတစ်ခက်ချိုးလိုက်ရာ ပင်စည်၏အူတိုင်တွင် ဂျုံမှုန့်ကဲ့သို့အမှုန့်များ အတောင့်လိုက်ဖြစ်နေသည်ကို တွေ့ရသဖြင့် ကပ္ပတိန်အားပြလိုက်၏။

သို့နှင့် ကပ္ပတိန်ဟားဒိန်းနှင့်ဟာဗတ်တို့သည် ထိုသစ်ပင်များ ရှိသည့်နေရာကို အသေအချာမှတ်သားခဲ့ကြပြီးနောက် ဂရင်းနိုက်အိမ်ကြီးသို့ ပြန်လာခဲ့ကြ၏။ အိမ်သို့ရောက်သောအခါ အိမ်တွင်ကျန်ရစ်ခဲ့သူများအား ၎င်းတို့တွေ့ရှိခဲ့ပုံများကို အားပါးတရ ပြောပြလျက်ရှိကြလေသည်။

နောက်တစ်နေ့တွင် ထိုနေရာသို့သွားရောက်၍ ဆိုက်ကပ်(စ်) အရင်မှ ပင်စည်များကိုခုတ်၍ယူခဲ့ကြ၏။ ထို့နောက် ပင်စည်မှခါးသက်သက်ရှိသော အရည်များကိုဖိအားဖြင့် ထုတ်ယူကြရာ သန့်ရှင်းသောဂျုံများကို ရရှိကြလေသည်။ နက်သည် အားရဝမ်းသာ ထိုဂျုံများဖြင့် ကိတ်မုန့်၊ ပူတင်းများ ဖုတ်ကြည့်၏။ သူတို့၏မွေးမြူရေးခြံ၌ရှိသော ဆိတ်နှင့် သိုးများမှ နို့များကို လုံလောက်စွာ ရရှိလျက်ရှိ၏။ ထိုနေ့ညစာစားကြသောအခါ စပီလက်က ကပ္ပတိန်ဟားဒိန်းအား သေတ္တာကြီးအတွင်းမှ ဆက်(စ်)တင့် (Sextent) ရပြီဖြစ်၍ ကျွန်းကြီး၏ တည်နေရာအမှန်ကို တိုင်းတာ၍ ကြည့်မကြည့် မေးမြန်းရာ ကပ္ပတိန်က တိုင်းထွာ၍ မကြည့်ရသေးကြောင်း၊ နောက်တစ်နေ့တွင် တိုင်းထွာ၍ကြည့်မည် ဖြစ်ကြောင်းဖြင့် ပြန်ပြောလေသည်။

နောက်တစ်နေ့တွင် ဆက်(စ်)တင့်ကို အသုံးပြုလျက် ကျွန်း၏တည်နေရာအမှန်ကို တိုင်းတာကြည့်ရာ အောက်ပါအတိုင်းတွေ့ရှိရ၏။

လောင်ဂျီတွဒ် − ၁၅၀ ဒီဂရီ ၃၀ ပေ။

တောင်လတ္တီတွဒ် − ၃၄ ဒီဂရီ ၅၇ ပေ။

ယခုသိရှိရသည့် လင်ကွန်းကျွန်းကြီး၏ တိုင်းတာချက်များကို သူတို့တွင်ရှိနေသော ကမ္ဘာ့မြေပုံကိုဖြန့်၍ ကပ္ပတိန်ကကျွန်းကြီး၏ နေရာမှန်ကို စစ်ဆေးကြည့်ရှုပြီးနောက် တစ်နေရာကို လက်ညှိုးဖြင့် ထောက်ပြရင်း . . .





"တို့နေတဲ့ လင်ကွန်းကျွန်းကတော့ ဒီနေရာပဲ၊ တို့ကျွန်းနဲ့ မလှမ်းမကမ်းမှာ ကျွန်းတစ်ကျွန်းရှိနေတယ်"

"ဟုတ်တယ်၊ 'တာဘိုးကျွန်း' လို့ ရေးထားတယ်"

"ဒါဖြင့်ရင်လည်း အဲဒီတာဘိုးကျွန်းကို ကျွန်တော်တို့သွားကြည့်ကြတာပေါ့"

"မင်းက ကျွန်တော်တို့လို့ ပြောလိုက်သလား"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ သွားကြည့်မယ်"

"တစ်ထပ်သင်္ဘောတစ်စင်း ဆောက်ကြတာပေါ့"

"ဒါနဲ့ နေပါဦး၊ ကျွန်တော်တို့က အဲဒီတာဘိုးကျွန်းနဲ့ ဘယ်လောက်ဝေးသလဲ ကြည့်ပါဦး"

"အရှေ့မြောက်ဘက်ကို မိုင် တစ်ရာငါးဆယ်ဝေးတယ်"

"မိုင် တစ်ရာငါးဆယ်ဆိုတော့ ၄၈ နာရီနဲ့ ရောက်နိုင်ပါတယ်"

ဤကဲ့သို့ ပြောဆိုတိုင်ပင်ပြီးသော် သင်္ဘောတစ်စင်း ဆောက်လုပ်ကြရန် ဆုံးဖြတ်လိုက်ကြ၏။

## သင်္ဘောတစ်စင်း တည်ဆောက်ကြခြင်း

ပင်ကရော့သည် ကိစ္စတစ်ခုကိုပြုလုပ်ရန် အကြံအစည်ရှိလျှင် ထိုကိစ္စမပြီးမချင်း စိတ်မအေးဘဲရှိတတ်သူ တစ်ယောက်ဖြစ်၏။

သင်္ဘောဆောက်ရာတွင် မည်သည့်သစ်သားကို အသုံးပြုမည်ဆိုသော အချက်သည် အလွန်အရေးကြီးပေသည်။ လင်ကွန်းကျွန်းပေါ်တွင် ထင်းရှူးသားများ အများအပြား ရှိသဖြင့် ထိုအသားနှင့်ပင် သင်္ဘောဆောက်ရန် ဆုံးဖြတ်လိုက်ကြ၏။

ထို့နောက် ကပ္ပတိန်ဟားဒိန်းက တာဝန်အသီးသီးကို သူ့လူများအား ခွဲဝေပေးလိုက်၏။ ကပ္ပတိန်နှင့် ပင်ကရော့တို့က သင်္ဘော ဆောက်လုပ်ရန်ကိစ္စကို ဆောင်ရွက်ရန်နှင့် အမဲလိုက်သည့် တာဝန်ကို စပီလက်နှင့် ဟာဗတ်တို့ကလည်းကောင်း၊ ထို့ပြင် အိမ်တွင်းမှုကိစ္စများကို နက်နှင့် မစ္စတာ ဂျုတို့ကလည်းကောင်း အသီးသီးတာဝန်ယူကြသည်။

မကြာမီ သင်္ဘောဆောက်ရာတွင် အသုံးပြုရမည့် သစ်များရရှိရန်အတွက် ဖြောင့်တန်းသော ထင်းရှူးပင်များကို ခုတ်လှဲခြင်း၊ ပျဉ်ချပ်များခွဲခြင်းစသည့်လုပ်ငန်းများကို ပထမဆောင်ရွက်ကြပြီးနောက် ကျောက်ခေါင်းလိုဏ်ဂူကြီးနှင့် ကျောက်ထရံကြီးကြားတွင် သင်္ဘော ကျင်းတစ်ခု တည်ဆောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုသင်္ဘောကျင်းတွင် အလျား ၃၅ပေ ရှည်သည့် သင်္ဘောကို ပထမဦးစွာ စတင်ဆောက်လုပ်ကြ၏။ ကပ္ပတိန် ဟားဒိန်းက ဆောက်လုပ်မည့် သင်္ဘောကို စက္ကူပေါ်တွင် ဆွဲပြီးမှ သင်္ဘောကို ဆောက်လုပ်ခဲ့ခြင်း ဖြစ်လေသည်။

ဤမျှလောက် အလုပ်များသည့်အထဲမှပင် ပင်ကရော့က အချိန်လုပြီးလျှင် ဂျုံစိုက်ခင်းမှဂျုံများကို ရိတ်သိမ်းပေးသေး၏။ သူတို့မှန်းဆထားသည့် အတိုင်း ဂျုံစေ့များရရှိသဖြင့် အားလုံးပင် ဝမ်းသာလျက် ရှိကြ၏။ ရရှိသော ဂျုံများကို မျိုးအဖြစ်ချန်လှပ်ပြီးလျှင် ကျန်သည့် ဂျုံစေ့များကို ပြန်လည်စိုက်ပျိုးကြရန် စီစဉ်ကြပြန်၏။ အကယ်၍ နောက်တစ်သီးတွင် မျှော်မှန်းသည့်အတိုင်း ဂျုံစေ့များရရှိမည်ဆိုပါက ဂျုံစေ့တင်း ပေါင်း ၄၀၀၀ ရရှိမည်ဖြစ်ကြောင်းဖြင့် ကပ္ပတိန် ဟားဒိန်းက ပင်ကရော့အား တွက်ချက်ပြသရာ ပင်ကရော့က . . .

"ဒီလိုဆိုရင် နောက်နှစ်ခါ ပေါင်မုန့်စားနိုင်ပြီပေါ့"

"အဲဒီ အချိန်ကျရင်တော့ ကျုပ်တို့ ပေါင်မုန့်စားနိုင်ပါပြီ"

"ဂျုံမှုန့်ကြိတ်တဲ့ စက်တစ်လုံးလဲ ရှိမှဖြစ်မယ်"

"ဂျုံစက်တစ်လုံး ဆောက်ယူတာပေါ့မျာ"

ဟု ကပ္ပတိန် ဟားဒိန်းက အားပေးစကား ပြောလိုက်လေသည်။

တတိယအကြိမ် ဂျုံစိုက်ကွင်း၌ မြေကိုသန့်အောင်ထွန်ယက်ပြီးမှ ဂျုံစေ့များကိုကြဲကြ၏။ ဤကိစ္စများပြီးသောအခါမှ ပင်ကရော့မှ သင်္ဘောကျင်းသို့ ပြန်လာနိုင်တော့၏။ ထိုအချိန်များအတွင်း စပိလက်နှင့် ဟာဗတ်တို့မှာ အနောက်တောအုပ်အတွင်းတွင် အမဲလိုက်လျက်ရှိနေကြ၏။ ထိုနေရာမှာ တော အလွန်နက်ပြီးလျှင် နေပြောက်မထိုးနိုင်လောက်အောင်ပင် သစ်ပင်ကြီးငယ်များ ထူထပ်စွာပေါက်ရောက်လျက် ရှိလေသည်။ သို့သော် တောကောင်များမှာ ထင်သလောက်မရှိဘဲ ဝက်ဝံသုံးကောင်သာ ပစ်ခတ်ရရှိခဲ့၏။ သို့နှင့် တောထဲ၌ပင် ဝက်ဝံသုံးကောင်၏ အရေကိုခွာ၍ ဂရင်းနိုက်အိမ်ကြီးသို့ ယူခဲ့ကြပြီးလျှင် ဝက်ဝံသားရေကို ဆာလ်ဖြူရစ် အက်ဆစ်နှင့် သားရေနယ်ပြီးနောက် အခြောက်လှန်းထားလိုက်၏။

ဧပြီ ၃၀ရက်နေ့တွင် သူတို့နှစ်ဦးသည် အနောက်တောတွင်း တစ်နေရာသို့ အမဲလိုက်သွားကြသည်။ ဤသို့သွားစဉ် မြေကွက်လပ် တစ်နေရာ၌ ဆေးရွက်ကြီးပင် အမျိုးအစားဖြစ်သော အပင်များကို တွေ့ကြရသဖြင့် ဆေးရွက်များကို ဝမ်းသာအားရ ဆွတ်ခူးကြ၏။

စပိလက်က ဟာဗတ်ကို ကြည့်ပြီးနောက် . . . "ပင်ကရော့ တစ်ယောက်တော့ ဘယ်လောက် ဝမ်းသာမလဲ မသိဘူး"

"သိပ်ဝမ်းသာသွားမှာပေါ့။ ဒါပေမယ့် ကျွန်တော်အကြံတစ်ခုရပြီ၊





ဒီဆေးရွက်တွေကို သူမသိအောင် အခြောက်လှန်း၊ ကျပ်တင်၊ ကျောက်ဖိပြီးမှ ကျွန်တော်တို့ လုပ်ထားတဲ့ ဆေးတံထဲမှာ ဆေးအပြည့်ထည့်ပြီး သူ့ကို လက်ဆောင်ပေးလိုက်မယ်၊ အဲဒီအကြံ မကောင်းဘူးလား"

"သိပ်ကောင်းတာပေါ့"

သို့ပြောဆိုပြီးနောက် ဆေးရွက်များကို ဂရင်းနိုက်အိမ်ကြီးသို့ ယူခဲ့ကြပြီးလျှင် ပင်ကရော့မသိအောင် အခြောက်လှန်းခြင်း၊ ကျပ်တင်ခြင်း၊ ကျောက်ဖိခြင်းများကို နှစ်လတိုင်တိုင် လျှို့ဝှက်စွာ ပြုလုပ်ကြသည်။ ပင်ကရော့မှာ သင်္ဘောဆောက်သည့်လုပ်ငန်းတွင် အလုပ်များနေသောကြောင့် ညအိပ်ချိန်မှပင် ဂရင်းနိုက်အိမ်ကြီးသို့ ပြန်လာနိုင်တော့၏။ သို့နှင့် ဟာဗတ်၏ ဆေးရွက်ကြီး လှန်းခြင်း ကိစ္စများကို သူ သတိမမူမိချေ။

တစ်နေ့သော နံနက်ခင်းတွင် လင်ကွန်းကျွန်းကြီးမှ သုံးမိုင်ခန့် ဝေးသည့်ပင်လယ်ပြင်တွင် ဝေလငါးတစ်ကောင်ကို တွေ့မြင်ကြရာ ပင်ကရော့ ထို ဝေလငါးကြီးကိုဖမ်းမိလျှင် အလွန်ကောင်းမည်ဖြစ်ကြောင်း ပြောပြ၏။ ပင်ကရော့ ဝေလငါးဖမ်းသည်ကိုကြည့်ရလျှင် အလွန်စိတ်ဝင်စားဖွယ်ကောင်းမည်ဖြစ်ကြောင်းဖြင့် ကပ္ပတိန်ဟားဒိန်းက ပြောပြ၏။ တောင်အမေရိကတိုက်နှင့် နယူးဖိလန်ကျွန်းတွင် ရှိသော ပစိဖိတ်သမုဒ္ဒရာသည် အင်္ဂလိပ်နှင့် အမေရိကန် ဝေလငါးဖမ်းသူများ ကျက်စားရာဒေသ ဖြစ်ကြောင်း၊ ထိုဒေသတွင် ဝေလငါးကြီးများ အလွန်ပေါများကြောင်းဖြင့် ဟာဗတ်က သူတို့အားပြောပြ၏။

အကယ်၍ဝေလငါးတစ်ကောင် ဖမ်းမိမည်ဆိုက သူတို့အတွက် ငါးကြီးဆီနှင့် ငါးရိုးများသည် အလွန်အသုံးဝင်မည် ဖြစ်ကြောင်း အားလုံးကပင် ကောင်းစွာနားလည်ကြ၏။

ထိုငါးကြီးမှာ ကမ်းခြေနှင့် မလှမ်းမကမ်းနေရာ၌ လူးလာဆန်ခတ် သွားနေပြီးလျှင် မင်ဒီဘယ်အငူနှင့် ကလောအငူ စပ်ကြား ယူနီယံ ပင်လယ် အော်အတွင်း လှုပ်ရှားလျက်ရှိသည်ကို တွေ့မြင်ကြရသည်။ တစ်ခါတစ်ရံ ကမ်းစပ်သို့ နီးကပ်စွာရောက်လာသည့်အခါ ဝေလငါးကြီးသည် ပြာသောဦးခေါင်းမှ၍ တစ်ကိုယ်လုံး မည်းနက်နေသည်ကို ထင်ရှားစွာ တွေ့မြင်ကြရသည်။

ပင်ကရော့မှာ သင်္ဘောဆောက်သော အလုပ်တွင် အားသွန်လုပ်ကိုင်နေရသဖြင့် ဝေလငါးကြီးအား ဖမ်းသည့်အလုပ်ကို မလုပ်နိုင်ဘဲရှိနေ၏။ သို့ရှိစဉ် တစ်နေ့သော နံနက်၌ 'နက်'ကအဆိုပါ ဝေလငါးကြီးသည် ပင်လယ်ကမ်းပါးသို့ ရောက်နေပြီဖြစ်ကြောင်း အော်ဟစ် ပြောဆိုလိုက်သည်။ သို့နှင့် သူတို့ အားလုံးပင် ဝေလငါးကြီး ရှိသည်ဆိုသော ကမ်းစပ်သို့ အပြေးအလွှားသွား ရောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးကြီးအနီးသို့ရောက်သောအခါ နက်က . . .

'အတော်ကြီးတဲ့ အကောင်ကြီးခင်ဗျ'

ဟု သူတို့အား ပြောလိုက်၏။ ထိုငါးကြီးမှာ တောင်ပိုင်းဒေသတွင် ရှိသည့် ဝေလငါးမျိုးဖြစ်ပြီးလျှင် ပေ ၈၀ ရှည်၍ ပေါင်တစ်သိန်းငါးသောင်းခန့် အလေးချိန်ရှိမည်ဟု ခန့်မှန်းရ၏။

ဝေလငါးကြီး၏ လက်ဝဲဘက်ကိုယ်ပေါ်တွင် တံငါသည်များ၏ မှိန်းကြီး တစ်ချောင်းစိုက်ဝင်နေသည်ကို တွေ့ရသဖြင့် ဤလင်ကွန်း ကျွန်းကြီးတစ်ဝိုက်သို့ ဝေလငါးဖမ်းသင်္ဘောအချို့ရောက်နေကြောင်း သိရှိနိုင်လေသည်။

ငါးကြီးတွင် စိုက်နေသောမှိန်းကြီးကို ပင်ကရှေ့ကဆွဲထုတ်လိုက်ပြီးနောက် ထိုမှိန်းတွင် ရေးထားသည့် စာများကို အောက်ပါအတိုင်း ဖတ်ပြလိုက်၏။

**မာရီယာစတဲလားမိုင်ရပ်**

စာကိုဖတ်ပြလိုက်ပြီးနောက် ထို'မိုင်ရပ်' ဆိုသောဒေသမှာ သူ၏ ဇာတိမြို့ဖြစ်ကြောင်းနှင့် 'မာရီယာစတဲလား' ဆိုသော ငါးဖမ်း သင်္ဘောကိုလည်း သူကောင်းစွာသိကြောင်း ပင်ကရှေ့က အားရဝမ်းသာစွာပြောလိုက်လေသည်။

မကြာမီ သူတို့သည် ဝေလငါးကြီးကို အရေခွံခွာခြင်း၊ အဆီများ လှီးယူတတ်ခြင်း၊ ငါးရိုးများ နုတ်ထွင်ခြင်းဖြင့် အလုပ်ရှုပ်လျက် ရှိနေတော့၏။

ကပ္ပတိန် ဟားဒိန်းသည် ငါးကြီးမှ ငါးရိုးအချို့ကို ယူပြီးလျှင် အရိုးတစ်ချောင်းကို ခြောက်ပိုင်း ညီညာစွာ ဖြတ်လိုက်ပြီးနောက် အဖျားများကို နှစ်ဖက်စလုံးချွန်လိုက်၏။ ထို့နောက် ဖြတ်ထားသော အရိုးများကို ကွေးအောင် ပြုလုပ်ပြီးလျှင် ငါးကြီးဆီသုတ်၍ နှင်းခဲများနှင့် လူးထားလိုက်၏။ ထိုအရိုးများကို စားမိသော သတ္တဝါသည် ပမ်းဗိုက်အတွင်းရှိ အပူဓာတ်များကြောင့် အရိုးများဆန့်ထွက်လာပြီးလျှင် အရိုး၏တစ်ဘက်တစ်ချက်တွင်ရှိသော အချွန်များ စူး၍ ဝမ်းဗိုက်ပေါက်ပြီး သေဆုံးနိုင်ကြောင်း၊ မြောက်ပိုင်းရှိ ရှုရှလူမျိုးများသည် ဤနည်းဖြင့် အမဲလိုက်ကြောင်း ကပ္ပတိန် ဟားဒိန်းက ရှင်းပြလေသည်။

မေလ ၃၁ရက်နေ့ ညစာစားပြီးသောအခါ ပင်ကရှေ့သည် တစ်ယောက်ယောက်က သူ၏ပခုံးကို နောက်မှလှမ်းဆွဲလိုက်သဖြင့် လှည့်ကြည့်လိုက်ရာ စပီလက် ဖြစ်ကြောင်းသိရ၏။ စပီလက်က . . .

"ပင်ကရှေ့ ခင်ဗျား တစ်ခုမေ့နေပြီထင်တယ်"

"ကျွန်တော် လုပ်စရာလေးရှိသေးလို့ သွားလိုက်ဦးမယ်"

"ကော်ဖီတစ်ခွက်လောက်မှ မသောက်တော့ဘူးလား"

"တော်ပါပြီဗျာ ကျေးဇူးတင်ပါတယ်"





"ဆေးကလေး တစ်ဖွာလောက်ဆိုရင်ကော"

ပင်ကရှေ့သည် အလွန်အံ့ဩသောမျက်နှာဖြင့် စပီလက် လှမ်း၍ပေးသော ဆေးအပြည့်ပါသည့် ဆေးတံတစ်ချောင်းကို စိုက်၍ကြည့်နေ၏။

ပင်ကရှေ့သည် အားရဝမ်းသာနှင့် ဆေးတံကိုလှမ်း၍ ယူလိုက်ပြီး ပါးစပ်တွင် ဟန်ပါပါခဲ၍ ထားလိုက်သည်။ သို့ရှိစဉ် ဟာဗတ်က မီးခဲကို ညှပ်ဖြင့်ကိုင်၍ ယူလာပြီးလျှင် မီးညှိပေးလိုက်သဖြင့် ပင်ကရှေ့သည် ဆေးတံကို တစ်ဖွာနှစ်ဖွာ သောက်လိုက်ပြီးနောက် မီးခိုးများကို အားရပါးရ မှုတ်ထုတ်လိုက်လေသည်။

"တကယ့် ဆေးရွက်တွေ ထည့်ထားပါလားဗျို့"

ဟု ပင်ကရှေ့က ပြောလိုက်ရာ . . .

"ဟုတ်တယ်၊ တကယ့် ဆေးရွက်ဘဲ၊ ဘယ်နဲ့လဲ ကောင်းရဲ့လား"

ဟု ကပ္ပတိန်ဟားဒိန်းက ဝင်၍မေးလိုက်၏။

"ကောင်းတာမှ သိပ်ကောင်းတာပေါ့ဗျာ၊ ဘယ်သူတွေ ဘယ်လိုလုပ်ပြီး ဆေးရွက်ကို တွေ့ကြတာလဲ . . . ပြောစမ်းပါဦး"

ဟု ပြုံးပြုံးကြီးလုပ်၍ မေးလိုက်၏။ စပီလက်နှင့် ဟာဗတ်တို့ ကြိုးစားမှုဖြစ်ကြောင်း ကပ္ပတိန်ဟားဒိန်းက ရှင်းပြလိုက်ရာ၊ ပင်ကရှေ့မှာ အလွန်နှစ်သက်သွားပြီးနောက် . . .

"ခင်ဗျားတို့ ကျေးဇူး ဒီတစ်သက်တော့ ကျုပ် ဘယ်တော့မှ မမေ့ပါဘူးဗျာ၊ တကယ့် မိတ်ဆွေကောင်းတွေပါပဲ"

ဟုပြောရင်း ဆေးတံကိုဖွာကာ မီးခိုးများ မှုတ်ထုတ်လျက် ရှိလေသည်။

**ဆောင်းရာသီသို့ရောက်ရှိလာခြင်း**

ကမ္ဘာ၏ တောင်ဘက်ခြမ်းတွင် သူတို့ရောက်ရှိနေကြသဖြင့် ဇွန်လရောက်လျှင်ဆန်းခြင်း ဆောင်းရာသီဝင်လာသည်ကို တွေ့ကြရ၏။ သို့ဖြစ်၍ ဆောင်းဒဏ်မှ ကာကွယ်ရန် အနွေးထည်များ ပြုလုပ်ရန် လိုလာတော့၏။

သို့နှင့် မွေးမြူရေးခြံတွင် မွေးထားသည့် သိုးရိုင်းများမှ သိုးမွေးများကို ယူပြီးလျှင် ထိုသိုးမွေးများကိုပင် ချည်ခင်ပြုလုပ်ရန် လိုအပ်လာ၏။ သို့သော် ပစ္စည်းကိရိယာများ မရှိသဖြင့် ကပ္ပတိန် ဟားဒိန်းက သက္ကလပ်ကြမ်း လုပ်ရန် စီစဉ်ပေးလေသည်။ သိုးမွေးများမှ အဆီများ စင်ကြယ်သွားစေရန် ဒီဂရီတိတိ ရေနွေးတွင် ထည့်၍ ပြုတ်ရ၏။

ထို့နောက် ဆော်ဒါနှင့် ဆေးပြီးလျှင် အပြင်လိုက် ဖြန့်၍ လှန်း



www.burmeseclassic.com

www.burmeseclassic.com



ပုတ်များဖြင့် မှန်မှန်ရိုက်သောအခါ သိုးမွေးအကြမ်းထည်များ အဖြစ်သို့ ရှိသွားလေသည်။ ဤသို့ အမွေးကြမ်းများရသောအခါ အဝတ်အစားများ လုပ်ကြသည့်ပြင် အိပ်ရာခင်းများလည်း ချုပ်လုပ်ကြ၏။ သို့နှင့် ၁၈၆ ခုနှစ် ဆောင်းရာသီအတွက် အသင့်ပြင်ပြီး ဖြစ်နေကြလေသည်။

ဇွန်လ ၂၀ရက်နေ့တွင် ရာသီဥတုမှာ သိသိသာသာကြီး အေး တော့၏။ သို့နှင့် အလွန်အေးသည့် နေ့များတွင် သင်္ဘောဆောက်လုပ် လုပ်ငန်းကို ရပ်ဆိုင်းထားရသဖြင့် ပင်ကရော့မှာ အလွန်စိတ်မကောင်း ရတော့၏။

သင်္ဘောဆောက်ပြီးပါက ပင်ကရော့သည် ထိုသင်္ဘောဖြင့် 'တ ကျွန်းသို့ သွားလိုသော ဆန္ဒရှိ၏။ သို့သော် ကပ္ပတိန်ဟားဒိန်းကမူ လ သော 'တဘိုး'ကျွန်းသို့ နှစ်ရက်တိုင်တိုင် ပင်လယ်ခရီးကို ဖြတ်သွား ခရီးအတွက် အန္တရာယ်များလှသောကြောင့် စိတ်ပူ၍နေမိ၏။ ကပ္ပတိန်ဟား သည် သူ၏စိုးရိမ်စိတ်များကို မျိုသိပ်၍ မထားနိုင်သဖြင့် ပင်ကရော့အား ကာ . . .

“တဘိုးကျွန်းကို ဘာဖြစ်လို့ သွားချင်ရတာလဲ”

“အဲဒီ ကျွန်းပေါ်မှာ ဘာဖြစ်နေသလဲဆိုတာ သိချင်လို့သွားမှ

“အဲဒီမှာ ဘာမှဖြစ်မနေပါဘူး”

“အခု ဘယ်ပြောနိုင်မလဲ၊ ကျွန်တော်တို့ သွားကြည့်မှ သိရမှာ

“လမ်းမှာ လေမုန်တိုင်းကျရင် ဘယ်လိုလုပ်မလဲ”

“ဒီလို ရာသီဥတုမျိုးမှာ မုန်တိုင်းမရှိဘူး ကပ္ပတိန် . . . နော တစ်ခုပြောချင်တာကတော့ ဟာဗတ်ကို ကျွန်တော်ခေါ်သွားပါရစေ”

ကပ္ပတိန်ဟားဒိန်းသည် ပင်ကရော့၏ပခုံးကို အသာအယာ လိုက်ပြီးနောက် . . .

“ပင်ကရော့ . . . ခင်ဗျားနဲ့ ဟာဗတ်တစ်ခုခုဖြစ်ရင်တော့ ပြော မှာမဟုတ်တော့ဘူး”

“ဒီမယ် ကပ္ပတိန်၊ သင်္ဘောဆောက်ပြီးရင် ကျွန်တော်တို့ အ သင်္ဘောနဲ့ကျွန်းကို ပတ်ကြည့်ကြတာပေါ့။ အဲဒီ အခါကျမှ ဒီသင်္ဘော ဘယ်လောက် စိတ်ချရတယ်ဆိုတာ သိပါလိမ့်မယ်၊ ခရီး သွားဖို့လည်း ပါ”

ဤကဲ့သို့ ပင်ကရော့က ရှင်းပြနေသည်ကို နားထောင်ရင်း ကပ္ပ ဟားဒိန်းသည် ရှေ့သို့ဆက်၍မပြောဘဲ ဆိတ်ဆိတ်နေလိုက်၏။

ဇွန်လကုန်လောက်တွင် ပထမဆုံး ဆီးနှင်းများအချို့ အခဲလိုက်





၏။ မွေးမြူရေးခြံသို့ တိရစ္ဆာန်များအတွက် စားသောက်ရန် အစားအစာ ကြိုတင်၍ပို့ထားသဖြင့် နေ့စဉ်သွားရောက်ကြည့် ရှုရန်မလိုဘဲ တစ်ပတ် ကြိမ်ခန့်သာ သွားရောက်ကြည့်ရှုကြ၏။

ဝေလငါးကြီး၏အရိုးနှင့် နှစ်ဖက်ချွန်ပြုလုပ်၍ ကွေးထားသော အရိုး သို့ ကပ္ပတိန်ဟားဒိန်းက ငါးကြီးဆီထုတ်ပြီးလျှင် နှင်းခဲများဖြင့် ဖုံးအုပ် လိုက်၏။ ယခုကဲ့သို့ နှင်းခဲများကျသည့်နေ့များတွင် ဂရန့်ရေကန်သို့ တော ဆာန်များသွားလေ့ရှိသော လမ်းများတွင် နှစ်ဖက်ချွန်ကွေးထားသည့် ငါးရိုး သို့ ချထား၏။ ဤသို့ဖြင့် နောက်တစ်နေ့တွင် မြေခွေးအချို့နှင့် တောဝက် ကောင် ရေကန်အနီး၌ သေဆုံးနေသည်ကို တွေ့ရ၏။ တစ်နေရာတွင်လည်း သစ်တစ်ကောင် သေနေသည်ကို တွေ့ရ၏။ ထိုတိရစ္ဆာန်များ၏ ဝမ်းဗိုက် တွင် ငါးရိုးအချွန်များ အပြင်သို့ဖောက်၍ ထွက်နေသည်ကို တွေ့ရသောအခါ ပ္ပတိန်ဟားဒိန်း၏ အမဲလိုက်နည်းကို ကောင်းစွာသိရှိနားလည်လာကြ ၏။ ယင်းငါးရိုးများသည် ဝမ်းဗိုက်အတွင်းသို့ ရောက်သောအခါ အပူ ကြောင့် တဖြည်းဖြည်း ဆန့်ထွက်ကာ အစာအိမ်နှင့် ဝမ်းဗိုက်ပေါက်သွား ပြင့် သေဆုံးကြခြင်း ဖြစ်လေသည်။ ဤနည်းဖြင့် သူတို့အဖို့ ရိက္ခာများလုံ လောက်သွားပြန်၏။

မိမိတို့ ဤကျွန်းပေါ်သို့ရောက်နေသည်ကို အခြားအရပ်ဒေသများ နေထိုင်သူများသိရှိအောင် မည်ကဲ့သို့ ပြုလုပ်ရမည့်အကြောင်းများကို လက်က တွေးတောကာ သူ၏အဖော်များနှင့် ဆွေးနွေးတိုင်ပင်လျက်ရှိနေ အကျိုးအကြောင်း စာရေးပြီးနောက် ပုလင်းလွတ် တစ်ခုထဲ၌ထည့်၍ ဆို့ပိတ်ကာ ရေစီးကြောင်း၌ မျှောသောနည်းကိုလည်း စမ်းသပ်ကြည့်လို၏။ အားနည်းလမ်း တစ်ခုမှာလည်း ငှက်တစ်ကောင်၏ ခြေထောက်တွင် စာရွက်ကို ၍ ချည်ပြီးလျှင် လွှတ်ရန် ဖြစ်လေသည်။

သို့သော် အထက်ပါနည်းလမ်းများဖြင့် ပစိဖိတ်သမုဒ္ဒရာ၏ တစ် ဘက်ကမ်းသို့ရောက်နိုင် မရောက်နိုင်ကိုမူ အသေအချာ မပြောနိုင်ကြချေ။

ဇွန်လ ၃၀ရက်နေ့တွင် ဟာဗတ်သည် အမဲလိုက်သွားစဉ် စင်ရော် တစ်ကောင်ကို ရမိခဲ့၏။ သေနတ်ဖြင့် ပစ်လိုက်ရာတွင် ငှက်၏ခြေထောက် ထိမှန်သဖြင့် ဝိုင်းဝန်းဖမ်းဆီးကြရ၏။ စင်ရော်ကြီးမှာ အတောင်တစ်ဘက် မှ အခြားတစ်ဘက်များသို့ ၁၀ ပေခန့်ရှိ၍ ပင်လယ်များကို ဖြတ်သန်းပျံနေ သည့် ပင်လယ်စင်ရော်ကြီးမျိုး ဖြစ်လေသည်။

သတင်းထောက်ကြီး စပီလက်က လင်ကွန်းကျွန်းကြီးပေါ်သို့ သူတို့ ရောက်ရှိနေသည့်အကြောင်းကို ဤစာကိုတွေ့သော သူသည် နယူး



www.burmeseclassic.com

www.burmeseclassic.com



ယောက်မြို့ရှိ 'နယူးယောက်ဟာရယ်'သတင်းစာတိုက်သို့ အမြန်ဆက်သွ
အကြောင်းကြားပေးရန် မေတ္တာရပ်ခံသည့် စာကို အတိုချုံး၍ ရေးပြီးနော
ရေလုံလေလုံအိတ်၌ ထည့်ကာ စင်ယော်ကြီး၏ လည်ပင်းတွင် ကြိုးနှင့်သေ
စွာ ချည်ပြီးနောက် ငှက်ကြီးကို လွှတ်လိုက်ရာ စင်ရော်ကြီးသည် အနော
ဖက်စူးစူးသို့ ပျံသန်းသွားသည်ကို တွေ့ရလေသည်။

ပင်ကရော့က ငှက်ကိုကြည့်ရင်း . . .

"ဘယ်ဘက်ကို ပျံသွားတာလဲ ဟာဗတ်"

"နယူးဇီလန်ကျွန်းဘက်ကို သွားတယ်"

"ဒီလိုဆိုရင် ချောချောမောမော ရောက်ပါစေ . . ."

ဟု ပင်ကရော့က ပြောလိုက်၏။

ဆောင်းရာသီဖြစ်သည့်အတိုင်း အိမ်အပြင်ဘက်သို့ မထွက်နိုင်
သဖြင့် ကပ္ပတိန်နှင့် သူ၏လူများမှာ ဂရင်းနိုက်အိမ်ကြီးအတွင်းတွင် အကျ
ချုပ်ခြင်း၊ ဆောက်လုပ်နေသော သင်္ဘောများအတွက် ရွက်ကြီးများချုပ်လုပ်
များဖြင့် အလုပ်ရှုပ်လျက်ရှိနေကြ၏။ တစ်နေ့သော ညနေတွင် ညစာစာ
နောက် ဆေးတံသောက်ရင်း အမေရိကန် ပြည်ကြီးတွင်ကျန်ရစ်ခဲ့သော မိ
ဆွေသင်္ဂဟများအကြောင်းကို စကားစပ်မိသဖြင့် စပီလက်က ကပ္ပတိန်ဟား
ဘက်သို့ လှည့်၍ . . .

"တိုင်းပြည် တစ်ပြည်မှာ စက်မှုလက်မှုတွေ တဖြည်းဖြည်း
တက်နေတာတော့ ဝန်ခံပါတယ်၊ ဒါပေမယ့် ဒီစက်တွေ တစ်နေ့နေ့ ရပ်သွ
နိုင်တယ် ကပ္ပတိန်"

"ဘာကြောင့် စက်ရပ်သွားရမှာလဲ"

"ကျောက်မီးသွေး မရှိလို့"

"ကျောက်မီးသွေးတွင်းမှာ အလုပ်သမားတွေ ထောင်နဲ့သော
ချီပြီး နေ့စဉ်ကျောက်မီးသွေးတွေ တူးနေတာဘဲ၊ အခုထိ မကုန်သေးပါ

"သူတို့တစ်တွေ ဘယ်လောက်ကြာကြာတူးနိုင်မလဲ"

"နောက်ထပ် နှစ်ပေါင်း ၂၅၀-၃၀၀ လောက်ထိ ဆိုပါတော့"

"ကျွန်တော်တို့ သားသမီးတွေက မွေးတဲ့ မြေးတွေ မြစ်တွေ လ
ထက်ကျရင် ရှားပါးလာမယ်ပေါ့"

"သူတို့ လက်ထက်ကျတော့ လောင်စာ တစ်မျိုးရှာတွေ့ဦးမှာ

"ဘာကိုတွေ့မယ်လို့ ထင်သလဲ ကပ္ပတိန်"

"ရေ"

"ရေကို လောင်စာအဖြစ် ဘယ်လိုသုံးနိုင်မှာလဲ"





"ရေကို ဟိုက်ဒရိုဂျင်ဓာတ်နဲ့ အောက်ဆီဂျင်ခေါ် ဓာတ်နှစ်ခုကို ဖွဲ့
ထားတယ်ဆိုတာ ခင်ဗျားတို့ အသိပဲ။ ဒီဓာတ်ငွေ့နှစ်ခုကို တစ်ခုစီခွဲ ကျဲ့သွား
အောင်လုပ်ပြီး စက်တွေလည်အောင် သူတို့ကို လောင်စာအဖြစ်သုံးရမယ်၊ မှ
မနေပါနဲ့ဗျာ"

ဤသို့ပြောဆိုလျက်ရှိကြစဉ် 'တော့'သည် အခန်းထောင့်ရှိ ရေတွင်း
အနီးသို့ အပြေးအလွှားသွားရောက်ကာ ဟောင်၍နေသည်ကို တွေ့ရ၏။ ပင်
ကရော့က . . .

"ဘာများရှိလို့ တော့ ဟောင်နေတာလဲ မသိဘူး"

တော့နှင့် လူဝံကြီး 'ဂျူ'တို့သည် မနေတတ် မထိုင်တတ်သကဲ့သို့
ဖြစ်နေသည်ကို ထူးခြားစွာ တွေ့ရလေသည်။

စပီလက်က 'တော့'နှင့် 'ဂျူ' မနေတတ် မထိုင်တတ်ဖြစ်နေပုံကို
ကြည့်ပြီးနောက် . . .

"ဒီရေတွင်းနဲ့ ပင်လယ်နဲ့ ဆက်နေတယ်၊ ရေအောက်သတ္တဝါ တစ်
ကောင်ကောင် အသက်ရှူဖို့ ရေတွင်းအောက်ကို တက်လာတာထင်တာပဲ"

ဟု မိမိကိုယ်ကို မိမိပြောသကဲ့သို့ ပြောလိုက်ရာ . . .

"အဲဒါ ဖြစ် နိုင်တယ်" ဟု ပင်ကရော့ကပြောရင်း တော့နှင့် ဂျူတို့အား
သူတို့ အိပ်သည့်နေရာသို့ ခေါ်သွားလေသည်။ ကပ္ပတိန်ဟားဒင်းကမူ
မည်သို့မျှမပြောဘဲ မျက် မှောင်ကုတ်၍ စဉ်းစားနေသည်ကိုသာ တွေ့ရ၏။

ဇူလိုင်လကုန်ခါနီးတွင်မိုးရွာလိုက်၊ ဆီးနှင်းခဲများကျလိုက်နှင့် တစ်
လှည့်စီ ရာသီဥတု ပြောင်းလဲလျက် ရှိလေသည်။ ထိုနှစ်ဆောင်းရာသီမှာ ယခင်
နှစ်ကလောက် မအေးသော်လည်း မိုးသက်မုန်တိုင်းများ မကြာခဏ ကျရောက်
ပြီးလျှင် ပင်လယ်လှိုင်းကြီးများသည်လည်း ဂရင်းနိုက်အိမ်ကြီး၏ အောက်ခြေ
ကျောက်ထရံကြီးကို တဝုန်းဝုန်းရိုက်ခတ်လျက် ရှိလေသည်။ ပင်လယ်ကမ်းခြေရှိ
သောင်ပြင်ကြီးမှာလည်း ဒီရေတက်နေချိန်တွင် ဒီရေများ ဖုံးလွှမ်းလျက်ရှိနေ၏။

ရာသီဥတု ဆိုးရွားနေသော်လည်း သူတို့သည် မွေးမြူရေးခြံသို့
တစ်ပတ်တစ်ခါ သွား၍ကြည့်ကြ၏။ ထိုခြံမှာ ဖရင်ကလင်တောင်၏ အရှေ့
ဘက်တောင်စွယ်က ကွယ်နေသဖြင့် လေမုန်တိုင်း၏အန္တရာယ်မှ ကင်းဝေးခဲ့လေ
သည်။ သို့သော် ကြက်ခြံမှာ ပရော်စပက်တောင်ကုန်းပေါ်တွင် ဆောက်ထား
သဖြင့် လေဒဏ်မိုးဒဏ်ကို ကောင်းကောင်းကြီး ခံလိုက်ရသဖြင့် အတော်ပင်
ပျက်စီးသွားလေသည်။ သို့နှင့် ကြက်ခြံကို ယခင်ကထက် ခိုင်ခန့်အောင် ပြ
လုပ်လိုက်ကြရ၏။

ဩဂုတ်လ ပထမပတ်တွင် ရာသီဥတုမှာ တဖြည်းဖြည်းကောင်းမွန်



www.burmeseclassic.com

www.burmeseclassic.com



လာသော်လည်း အအေးဓာတ်ပိုလာသည်ကို တွေ့ရပြီးလျှင် ပြဒါးချိန်မှာ သုည အောက် (၈) ဒီဂရီသို့ ကျဆင်းလျက်ရှိလေသည်။ ဩဂုတ်လ ၃ ရက်နေ့တွင် ကျွန်းကြီး၏ အရှေ့တောင်ဘက် ရွှံ့နွံများ ထူထပ်သော 'တာဒွန်းနွံတော'သို့ ငှက်ပစ်သွားရန် စီစဉ်ကြပြီးနောက် နောက်တစ်နေ့တွင် ကပ္ပတိန်ဟားဒိန်းမှ တစ်ပါး အဖွဲ့သားအားလုံး ငှက် ပစ်သွားကြလေသည်။

ကပ္ပတိန်ကမူ မှာစီတံတားကို သူ၏ အဖွဲ့သားများ ဖြတ်ပြီးသည် အထိ စောင့်ကြည့်နေပြီးလျှင် တံတားကို မ,တင်၍ ထားလိုက်၏။ ဂရင်းနိုက် အိမ်ကြီးတွင် မည်သူမျှမရှိသည့်အခါ ကပ္ပတိန်ဟားဒိန်းသည် အိမ်အတွင်းရှိ ရေတွင်းကြီးထဲသို့ သူကိုယ်တိုင် ဆင်းကြည့်လိုသည်။ ထိုရေတွင်းမှာ ယခင်က ဂရန့်ရေကန်မှ ပင်လယ်သို့ ရေများစီးထွက်သည့် ရေထွက်ပေါက်ဖြစ်သော ကြောင့် ပင်လယ်နှင့်ဆက်သွယ်လျက်ရှိလေသည်။ ရေတွင်းအောက်ဘက်ရှိ ရေမျက်ပြင်မှာ ပင်လယ်ရေပြင်နှင့် ရေတွင်းအောက်ဘက်မှ ကျွန်းကြီးအတွင်း အခြားနေရာများသို့ သွားနိုင်သော ဂူပေါက်များရှိမရှိကို ကပ္ပတိန်ဟားဒိန်းက သူကိုယ်တိုင် စုံစမ်းလို၏။ သို့ဖြစ်၍ အိမ်၌ သူတို့လူများမရှိစဉ် ရေတွင်းထဲသို့ ဆင်းကြည့်ရန် စီစဉ်ခြင်း ဖြစ်လေသည်။

ကပ္ပတိန်ဟားဒိန်းသည် ကြိုးလှေကားကို ရေတွင်းအနီးသို့ ယူလာခဲ့ပြီးနောက် ၆ ပေခန့်ကျယ်သော ရေတွင်းထိပ်နှုတ်ခမ်း၌ လှေကားကို ခိုင်မြဲစွာ ချည်နှောင်ပြီးလျှင် အောက်သို့လျှော၍ချလိုက်လေ၏။ ခြောက်လုံးပြူးသေနတ်နှင့် ဓားရှည်တို့ကို သူ၏ ခါးတစ်ဘက် တစ်ချက်တွင် ဆွဲချိတ်ချည်နှောင်ပြီးနောက် လက်တစ်ဘက်ဖြင့် မှန်အိမ်ကိုကိုင်ကာ တဖြည်းဖြည်း အောက်သို့ ဆင်းသွားလေသည်။

ရေတွင်းနံရံတစ်လျှောက်တွင် အပေါက်များ၊ အက်ကြောင်းများဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ရချေ။ သို့သော် အချို့နေရာများတွင် ကျောက်တုံးများ ထိုးထွက်နေသဖြင့် သတ္တဝါတစ်ကောင်သည် ထိုကျောက်တုံးကို လှေကားထစ် သဖွယ် အသုံးပြုပြီးလျှင် ရေတွင်းနှုတ်ခမ်းသို့ တက်လာနိုင်ကြောင်း တွေ့ရှိရလေ သည်။

ထိုကျောက်စွန်းများကို မှန်အိမ်အလင်းရောင်ဖြင့် သေချာစွာ ကြည့် သောအခါ အပွန်းအပဲ့ဟူ၍လည်းကောင်း၊ ခြေရာလက်ရာဟူ၍ လည်းကောင်း မသက်သေဖွယ် တစ်စုံတစ်ရာ မတွေ့ရချေ။ သို့နှင့် သူပင် အံ့ဩ၍နေမိ၏။

ကြိုးလှေကား၏ နောက်ဆုံးအထစ်မှာ ရေတွင်းအောက် ရေမျက်နှာ ပြင်နှင့် ထိ၍နေ၏။ ထိုနေရာသို့ ရောက်သောအခါ ရေမျက်နှာပြင်မှ အခြား ဖက်သို့ အလျားလိုက် ကူးသွားနိုင်သည့် လိုဏ်ခေါင်းများလည်းမရှိချေ။ ရေ





တွင်း၏ နံရံများမှာ နှစ်ပေါင်းများစွာ ရေတိုက်စားထားသဖြင့် ချောမွတ်၍ နေသည်ကိုသာ တွေ့ရ၏။ သူသည် ဓားရှည်၏အနှောင့်ဖြင့် ရေတွင်း၏နံရံများ ကို ခေါက်ကြည့်သော်လည်း လိုဏ်သံဟူ၍ မကြားရချေ။ သာမန်ကျောက်ပြား တစ်ချပ်မှ ထွက်ပေါ်လာသည့် မာကျောသော အသံမျိုးကိုသာ ကြားရသဖြင့် လိုဏ်ခေါင်း မရှိကြောင်း သေချာစွာ သိရှိရလေသည်။ ရေတွင်းမှ ရေများသည် ပင်လယ်ကမ်းခြေ မည်သည့်ဒေသသို့ ပေါက်ရောက်နေသည်ကိုလည်း မသိရ ချေ။

သူသည် ရေတွင်းထဲတွင် စိတ်ကျေနပ်သည်အထိ လှေ့လာပြီး နောက် အပေါ်သို့တက်လာခဲ့၏။ ကြိုးလှေကားကို ဆွဲတင်လိုက်ပြီးနောက် ရေတွင်းအဖုံးကို သေချာစွာ နေသားတကျ ဖုံးအုပ်ထားလိုက်၏။ ကပ္ပတိန် ဟားဒိန်းသည် ထမင်းစားခန်းသို့ ပြန်လာပြီးနောက် . . .

"ရေတွင်းထဲမှာတော့ ဘာမှ မတွေ့ရဘူး၊ ဒါပေမယ့် တစ်ခုခုတော့ ရှိနေတယ် . . ." ဟု မိမိကိုယ်ကို မိမိ ပြောသကဲ့သို့ ညည်းလိုက်၏။

## သတော်ရွက်တိုင်နှင့် ကြိုးများတပ်ဆင်ခြင်း

ထိုနေ့ ညနေစောင်းအချိန်တွင် အမဲလိုက်သွားကြသူ လေးဦးသည် တောမှပစ်ခတ်ရရှိခဲ့သော သားကောင်များအနက် စစ်စလီငှက်များကို ဓမ္မ လိမ္မာကြီး 'တော့'၏ လည်ပင်းတွင် ဆွဲကြိုးကဲ့သို့ သီကုံး၍ လည်းကောင်း၊ စနိုက်ငှက်များကို လူဝံကြီး 'ဂျူ'၏ လည်ပင်းတွင် ပုတီးကဲ့သို့ ဆွဲချိတ်ပေးကာ အိမ်သို့ ပျော်ရွှင်စွာ ပြန်ခဲ့ကြ၏။

အိမ်သို့ရောက်သောအခါ စားဖိုဆောင်ကို တာဝန်ယူထားသူ 'နက်'က ပစ္စည်းများကိုနေသားတကျ နေရာချထားပြီးနောက် . . .

"တချို့အသားတွေကို အခြောက်လှမ်းပြီး တချို့ကိုတော့ ကျပ်တင် ထားမယ်။ ဒါပေမယ့် တစ်ယောက်တည်းတော့ မတတ်နိုင်ဘူး။ အဖော်တစ် ယောက်ရမှ ဖြစ်မယ်။ ဘယ်နှယ်လဲ ပင်ကရော့၊ ကျွန်တော့်ကို ကူပါဦး"

"ဒီတစ်ခါတော့ ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ သင်္ဘောမှာရွက်တိုင်ထူဖို့နဲ့ ကြိုးတွေစုံအောင် တပ်ရဦးမယ်"

"ဒါဖြင့် ဟာဗတ်တော့ အားလိမ့်မယ်နဲ့ တူတယ်"

"မအားပါဘူး၊ ကျွန်တော်လည်း မနက်ဖြန် သိုးခြံသွားရဦးမယ်"

"ဒီလိုဆိုရင် မစ္စတာစပီလက် တစ်ယောက်ပဲ ကျန်တော့တယ်၊ ဘယ်နှယ့်လဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ ဘာဖြစ်ဖြစ်လုပ်ပေးမှာပဲ၊ တစ်ခုတော့ ခင်ဗျား သတိထားရလိမ့်မယ်၊ အသားကျုပ်တင်တဲ့နည်း သိရင် ကျုပ်က သတင်းစာမှာ ဆောင်းပါးရေးလိုက်မှာပဲ"

ဤကဲ့သို့ အားရဝမ်းသာ တစ်ယောက်တစ်ခွန်း ပြောဆိုကြပြီးနောက် နောက်တစ်နေ့တွင် စပီလက်မှာ စားဖိုမှူးကြီးနက်၏ လက်ထောက်အဖြစ် မီးဖိုချောင်တွင် လက်မလည်နိုင်လောက်အောင် အလုပ်များလျက် ရှိနေတော့၏။ ကပ္ပတိန်ဟားဒိန်းက သူတို့အားလုံးမရှိသည့်အခိုက်တွင် မီမိကိုယ်တိုင် ရေတွင်းထဲသို့ဆင်း၍ ကြည့်သည့်အကြောင်းများနှင့် သူ၏အယူအဆများကို စပီလက်နှင့် ဆွေးနွေးလျက်ရှိလေသည်။

ဆီးနှင်းများလည်း နောက်ထပ်တစ်ပတ်ခန့် ထူထပ်စွာဆက်လက်ကျရောက်နေသဖြင့် သူတို့အားလုံးမှာ ဂရင်းနိုက်အိမ်ကြီးမှအပြင်သို့ မထွက်နိုင်ကြဘဲ အိမ်နှင့်မနီးမဝေးရှိ ကြက်ခြံသို့သာ တစ်ခါတစ်ရံ သွားရောက် ကြည့်ရှုနိုင်ကြတော့၏။ အိမ်ကြီးအတွင်းမှာ အသားများကို ကျပ်တင်သည့်အနံ့များဖြင့် လှိုင်လျက်ရှိနေ၏။ တောကြက်နှင့်ရေဝမ်းဘဲများကို ကျပ်တင်၍မနေဘဲ လတ်လတ်ဆတ်ဆတ် ချက်ပြုတ် စားသောက်လိုက်ကြလေသည်။

ထိုရက်သတ္တတစ်ပတ်အတွင်း ပင်ကရော့နှင့် ဟာဗတ်တို့သည် သဘော်ရှက်ကြီးကို အပြီးသတ်ချုပ်လုပ်ကြ၏။ သဘော်ကြိုးများ ချည်ရာတွင် အသုံးပြုသည့်စက်သီးများကို ပင်ကရော့အလိုရှိသော ပုံစံအတိုင်း ကပ္ပတိန်ဟားဒိန်းက ပြုလုပ်ပေး၏။ အလံတစ်ခုကိုလည်း ပြုလုပ်ရန် လိုအပ်သဖြင့် ကြယ်သုံးဆယ့်ရှစ်လုံးနှင့် အစင်းများပါသည့် အမေရိကန်အလံကို ပြုလုပ်ကြ၏။ (ကြယ်တစ်လုံးမှာ လင်ကွန်းကျွန်းအတွက် ပြည်နယ်တစ်ခုအဖြစ် ပါဝင်ခြင်း ဖြစ်လေသည်။)

သဘော်ကိုဆောက်လုပ်၍ မပြီးသေးသဖြင့် နိုင်ငံတော်အလံကို ဂရင်းနိုက်အိမ်၏ အလယ်ပေါက်တံခါးမကြီးထိပ်တွင် လွှင့်ထူထားလိုက်၏။ တစ်နေ့လုံး မောပန်းကြသဖြင့် သူတို့အားလုံးအိပ်မောကျလျက်ရှိစဉ် နံနက် ၄ နာရီအချိန်ခန့်တွင် 'တော့'၏ ကျယ်လောင်စွာ ဟောင်လိုက်သောအသံကြောင့် သူတို့အားလုံးနိုးလာကြ၏။

ဤအကြိမ်၌ 'တော့' သည် ရေတွင်းနား၌ဟောင်ခြင်း မဟုတ်ဘဲ အိမ်ရှေ့တံခါးမကြီးအနီးတွင် ဟောင်နေသဖြင့် . . .

"ဟာလို တော့"

ဟု နက်က အသံပေးလိုက်သော်လည်း တော့ သည်ဟောင်မြဲဟောင်နေသဖြင့် ကပ္ပတိန်ဟားဒိန်းက . . .





"ဘာဖြစ်တာလဲ နက်"

ဟု မေးလိုက်၏။ အားလုံးအိပ်ရာမှ ထကြပြီးလျှင် ကဗျာကယာ အဝတ်များ ဝတ်ဆင်ကြပြီးနောက် ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ရာ ကမ်းရိုးတန်းတစ်လျှောက်တွင် ဖြူဖွေးသောနှင်းများဖြင့် ဖုံးလွှမ်းနေသည်ကိုသာ တွေ့မြင်ကြရ၏။ နှင်းခဲများအတွင်း တစ်စုံတစ်ရာ မမြင်ရသော်လည်း စူးရှစွာ ဟောင်လိုက်သောအသံများကို ကြားရသဖြင့် ပင်ကရော့က 'နက်' ဘက်သို့ လှည့်ကာ . . . "ဘာကောင်တွေလဲဗျာ"

"ဝံပုလွေတွေလဲ ဖြစ်နိုင်တယ်"

"သူတို့ တောင်ကုန်းပေါ်ကို ရောက်ခါနီးပြီ"

ဟာဗတ်က စိုးရိမ်သောအသံဖြင့် . . .

"ဒီလိုဆိုရင် ကျွန်တော်တို့ ကြက်ခြံနားကိုတောင် ရောက်ခါနီးနေပြီ"

"သူတို့ ဘယ်ကနေ ဖြတ်ဝင်လာသလဲ မသိဘူး"

"ကမ်းနားက တံတားကိုဖြတ်ဝင်လာတာ ဖြစ်ရမယ်၊ တံတားကို ညနေက အပေါ်ကိုဆွဲတင်ဖို့ မေ့နေကြတယ် မဟုတ်လား"

ဟု ကပ္ပတိန်ဟားဒိန်းက မေးလိုက်သဖြင့် စပီလက်က . . .

"ဟုတ်တယ် ကျွန်တော်တံတားကို အပေါ်မ,တင်ခဲ့ဖို့ မေ့သွားတယ်"

"ကိုင်း ပြီးတာပြီးသွားပါစေတော့၊ မတတ်နိုင်တော့ဘူး၊ ဘာလုပ်ကြမလဲဆိုတာသာ တိုင်ပင်ဖို့အရေးကြီးတယ်"

ဤသို့ တစ်ယောက်တစ်ခွန်း ပြောလျက်ရှိနေကြစဉ် တောတိရစ္ဆာန်များသည် တံတားကိုဖြတ်၍ မာစီမြစ်၏လက်ဝဲဘက်ကမ်းအတိုင်း အထက်သို့ တက်သွားကြလျှင် 'ပရောစဘက်တောင်ကုန်း' သို့ ရောက်သွားနိုင်ကြောင်း တွေး မိကြ၏။

ဟာဗတ်က တိရစ္ဆာန်များ၏ဟိန်းသံများကို ဂရုတစိုက် နားစွင့်၍ ထောင်ပြီးနောက် . . .

"လာ သွားကြစို့"

ဟု ပင်ကရော့က စဉောင့်သတိပေးလိုက်သဖြင့် ပုဆိန်များ၊ ဓားများ၊ ကာဘိုင်သေနတ်များနှင့် ခဲယမ်းမီးကျောက်များကို ယူပြီးလျှင် သူတို့အားလုံး အိမ်ကြီးထဲမှ ကမ်းနားသို့ အမြန်ဆင်းခဲ့ကြ၏။

ထို့နောက် မြေခွေးရိုင်းများကို သေနတ်များဖြင့် မရပ်မနား ဒလစပ် စတင် ပစ်ခတ်ကြရာ မြေခွေးကြီး ၃–၄ ကောင် သေဆုံးသွား၍ သေနတ်သံကြောင့် မြေခွေးများရှေ့သို့ မတိုးသေးဘဲ ရုတ်တရက် တန့်သွားသည်ကို တွေ့ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းပေါ်သို့ မြွေခွေးများမရောက်နိုင်အောင် ခုခံတားမြစ်ရန် အရေးကြီး၏။ မြွေခွေးများကို ခုခံတိုက်ခိုက်ရန် သဘောတူညီကြသည့်အတိုင်း မာစီမြစ်ကမ်းနှင့် ဂရင်းနိုက်ကျောက်ထရံကြီး၏ အကျဉ်းဆုံးနေရာတစ်ခုတွင် ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများသည် နေရာယူလိုက်ကြ၏။ ထို့နောက် ရှေ့သို့တိုးလာသော မြွေခွေးများအား ပစ်ခတ်ခုခံလျက် ရှိကြ၏။ လူဝံကြီး 'ဂျူ'က လက်လှမ်းမီသမျှ မြွေခွေးများကို တင်းပုတ်ဖြင့် အတင်းဝင်ရောက် ရိုက်ပုတ်လျက် ရှိနေ၏။

"တို့ နေရာကို ဖြတ်မသွားနိုင်အောင် ပစ်ကြ"

ဟု ကပ္ပတိန်ဟားဒိန်းက အမိန့်ပေးလိုက်၏။ မြွေခွေးများလည်း အတုံးအရုံးသေဆုံးကြလေသည်။ ကပ္ပတိန်၏လူများ မည်မျှပင် ပစ်ခတ်လျက် ရှိသော်လည်း နောက်ထပ် မြွေခွေးများရောက်လာသည်ကို တွေ့ရ၏။ သို့နှင့် သူတို့သည် မြွေခွေးများအား အနီးကပ်တိုက်ခိုက် နေကြရတော့၏။ နက်၏ ကျောက်ကုန်းပေါ်သို့ ခုန်အုပ်လိုက်သော မြွေခွေးကြီးအား ဟားဗတ်က သူ၏ ခြောက်လုံးပြူးနှင့်ကပ်၍ ပစ်လိုက်ရ၏။ လူဝံကြီး 'ဂျူ'မှာ တိရစ္ဆာန် တစ်ကောင်ဖြစ်သည့်အတိုင်း သခင်များအား ရန်မူနေသည့် မြွေခွေးများကို သဲသဲမဲမဲ ခုခံတိုက်ခိုက်လျက် ရှိလေသည်။ သို့သော် အားချင်းမမျှသဖြင့် မကြာမီပင် ဂျူအား မြွေခွေးကြီး ၄-၅ ကောင်ကဝိုင်း၍ ကိုက်နေသည်ကို သေနတ်များပစ်ခတ်၍ ထွက်ပေါ်လာသည့် အလင်းရောင်အောက်တွင် တွေ့မြင်ကြ၏။ ကပ္ပတိန် ဟားဒိန်းကလည်း သူ၏ ကာဘိုင်သေနတ်ကို ယမ်းထိုးပြီးနောက် မြွေခွေးများအား အဆက်မပြတ်ဒလကြမ်း ဆက်၍ ပစ်ခတ်လျက် ရှိနေလေတော့၏။

သို့ရှိစဉ်အချိန်မှာ အရှေ့ဘက်မှ လင်းရောင်သန်းလာပြီဖြစ်၍ မြွေခွေးများကို ပိုမိုထင်ရှားစွာ တွေ့မြင်ကြရရာ တစ်ကောင်ချင်း သေချာစွာ ချိန်၍ ပစ်ခတ်နိုင်ကြတော့၏။ သို့နှင့် မကြာမီ မြွေခွေးများမှာ တဖြည်းဖြည်း အင်အားနည်းလာပြီးနောက် မြောက်ဘက်သို့ ဆုတ်စွာ ထွက်ပြေးသွားကြသည်ကို တွေ့ရ၏။ သူတို့၏ ပတ်ဝန်းကျင်တွင် မြွေခွေးအသေကောင်များ ပတ်လည်ဝိုင်းနေသဖြင့် ရေတွက်ကြည့်ရာ အကောင် ၅၀-ကျော်ခန့် ရှိသည်ကို အလင်းရောင်အောက်တွင် တွေ့မြင်ကြရလေသည်။

"ဂျူဘယ်မှာလဲ"

ဟု ပင်ကရော့က ရုတ်တရက် အော်လိုက်သဖြင့် အားလုံးက ဝိုင်းဝန်းရှာဖွေကြရာ တစ်နေရာတွင် မြွေခွေး အသေကောင်များ ကြား၌ လဲနေသော ဂျူကို တွေ့ကြရ၏။ ၎င်း၏ ရင်ဘတ်၌ ဒဏ်ရာ ပြင်းထန်စွာ ရထားသည်ကို တွေ့ကြရ၏။





နက်က 'ဂျူ' အနီးသို့ ကပ်ပြီးလျှင် ဒဏ်ရာကို ငုံ့ကြည့်ပြီးနောက် "သူမသေပါဘူး" ဟု ဝမ်းသာအားရ အော်ပြောလိုက်၏။

သို့နှင့် သူတို့သည် ဒဏ်ရာပြင်းထန်စွာ ရနေသော ဂျူအား သယ်ယူရန် ထမ်းစင်တစ်ခု အမြန်ပြုလုပ်၍ ဂရင်းနိုက် အိမ်ကြီးသို့ သယ်ဆောင်ခဲ့ကြပြီးနောက် လူတစ်ယောက်ကို ပြုစုသကဲ့သို့ ၎င်းအား အားလုံးက ဂရုတစိုက် ဝိုင်းဝန်းပြုစုကြလေသည်။

နောက်တစ်နေ့တွင် မြွေခွေး အသေကောင်များကို အနောက်တောင်သို့ ဆွဲယူသွားပြီးနောက် မြှုပ်ပစ်လိုက်ကြလေသည်။ ရက်ပေါင်း အတော်ကြာသောအခါ 'ဂျူ'၏ဒဏ်ရာမှာ တဖြည်းဖြည်း ကျက်လာ၍ အနာများလည်း ကျက်တော့မျှ၊ ဤသို့ ကျန်းမာလာသော်လည်း ၎င်းအား (၁၀) ရက်ခန့် အိပ်ရာထဲတွင် ဆက်လက်နေစေပြီးနောက် ဩဂုတ်လ ၂၁ ရက်နေ့တွင် 'ဂျူ'သည် လမ်းလျှောက်နိုင်လောက်သည့် အခြေအနေသို့ ရောက်ရှိလာတော့၏။ 'ဂျူ' ကြိုက်တတ်သည့် အစား အစာများကို 'နက်'က ပြုလုပ်ကျွေးမွေး၏။

ဩဂုတ်လ ၂၅ ရက်နေ့နံနက်တွင် နက်၏ အော်ဟစ်ခေါ်လိုက်သော အသံကို ကြားကြရသဖြင့် ၎င်းထံသို့ ပြေးလာကြပြီးနောက် အကျိုးအကြောင်း မေးမြန်းရာ အိမ်ဝင်ပေါက် တံခါးမကြီးတွင် 'ဂျူ'သည် တင်ပလင်ခွေထိုင်ကာ သူ၏ပါးစောင်တွင် ဆေးတန်ကို ကိုင်လျက် လူတစ်ယောက်ကဲ့သို့ အေးဆေးစွာ ဆေးတန် သောက်နေသည်ကို တွေ့ကြရမှ အားလုံး ဝိုင်း၍ ရယ်မောကြလေတော့၏။

ပင်ကရော့က . . .

"ငါ့ဆေးတန်ပါလားဟ၊ ငါက ပျောက်လို့ လိုက်ရှာနေတာ လက်စသတ်တော့ ဘသားချော 'ဂျူ'ဆီ ရောက်နေတာကိုး။ ကဲပါကွာ မင်းကိုပဲ လက်ဆောင် ပေးလိုက်ပါ့မယ် သောက်ပါ"

သူတို့အားလုံး ရယ်မောပြောဆိုနေကြသည်ကို ကပ္ပတိန် ဟားဒိန်းက ငြိမ်သက်စွာ ကြည့်နေပြီးလျှင် 'ဂျူ'ကဲ့သို့ ယဉ်ပါးနေသော လူဝံများသည် လူကဲ့သို့ပင် ဆေးတန် သောက်လေ့ရှိကြောင်း သူ၏လူများအား ရှင်းပြလေသည်။ ပင်ကရော့က နက်ရှိရာသို့လှည့်၍ကြည့်ကာ . . .

"ဒီကောင်ကြီးတော့ လူတစ်ပိုင်း ဖြစ်နေပြီ"

"ဟုတ်တယ် . . တစ်နေ့ကျရင်တော့ စကားတောင် ပြောတတ်လာလိမ့်မယ်"

"စကားပြောရင် ပိုကောင်းတာပေါ့၊ စကားပြောနိုင်တဲ့နေ့ကျရင် ပင်ကရော့ ဆေးတန်ချင်း လဲသောက်ရအောင်လို့များ ပြောမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပင်ကရော့က ရယ်စရာပြောလိုက်ရင်း 'ဂျူ'အား ဆေးတံ
သောက်ခွင့် ပေးလိုက်ကြလေသည်။

သင်္ဘောဆောက်လုပ်ခြင်းလုပ်ငန်းမှာ ပြီးလုနီးပါး ဖြစ်လာသဖြင့် သင်္ဘောကိုယ်ထည် အတွင်းပိုင်းတွင် ပျဉ်ချပ်များကို ထပ်၍ ပိုးထားလိုက်၏။ စက်တင်ဘာလ ၁၅ ရက်နေ့ နောက်ပိုင်းတွင် သင်္ဘော၏ ကုန်းပတ်နှင့် အတွင်းပိုင်းများမှာ လုံးဝပြီးစီးသော အဆင့်သို့ ရောက်ရှိလာတော့၏။

သင်္ဘောဝမ်းမှပာ၍နေသော ပျဉ်ချပ်များအတွင်းသို့ ပင်လယ်ပြ ခြောက်များကို ထိုးသွင်းပြီးလျှင် အပေါ်မှ ကတ္တရာစေး သုတ်ပေး၏။ သင်္ဘော ငြိမ်သက်စွာ သွားနိုင်စေရန် ဝမ်းခေါင်းအတွင်းတွင် ကျောက်တုံးအချို့ကို ရ သားတကျ ထားပြီးလျှင် ထိုကျောက်တုံးများအနက်မှ သတ်မှတ်ထားသည့် နေရာတွင် ရွက်တိုင်ကို ခိုင်ခံ့စွာ စိုက်ထူထားလိုက်ကြလေသည်။

ပင်ကရော့နှင့် သူ၏အဖွဲ့များက အောက်တိုဘာ ၁၀ ရက်နေ့တွင် သင်္ဘောကို ဒီရေအတက်နှင့် ချိန်ကိုက်ပြီးလျှင် ရေချလိုက်ကြလေသည်။ ရေ ပေါ်တွင် တည်ငြိမ်စွာ ရောက်သွားသဖြင့် အားလုံးက လက်ခုပ် လက်ဝါးတီး ကာ ဝိုင်း၍ သြဘာပေးလိုက်ကြ၏။ သင်္ဘောကို အမည်ပေးရန် တိုင်ပင်ကြပြီး လျှင် 'ဘွန်းအက်(ဒ)ဗင်းချား' ဟု အမည်ပေးလိုက်ကြလေသည်။ သင်္ဘော ၏ အနေအထားကို သိနိုင်ရန် ၎င်းကို ရေချသည့်နေရာ၌ပင် ကမ်းလွန်စမ်းသပ် မှု ပြုလုပ်ကြရန် ပြောဆိုကြပြီးနောက် ပင်ကရော့က . . .

"အားလုံး သင်္ဘောပေါ်တက်ကြ"

ဟု သင်္ဘော မာလိန် တစ်ယောက်ကဲ့သို့ အမိန့်ပေးလိုက်၏။ နံနက် ၁၀ နာရီခွဲ သောအခါ သူတို့အားလုံး သင်္ဘောပေါ်သို့ ရောက်ရှိကြရာ ခွေးလိမ္မာ 'တော့'နှင့် လူဝံကြီး 'ဂျူ'တို့ကိုလည်း သင်္ဘောပေါ်သို့ ခေါ်ခဲ့ကြလေသည်။ သင်္ဘောကျောက်ဆူးကို မ,တင်လိုက်ပြီးလျှင် ရွက်တိုင်ကို ထူပြီးနောက် သူတို့ ပြုလုပ်ထားသော အလံကို ရွက်တိုင်ထိပ်တွင် လွှင့်တင်လိုက်ကြလေသည်။

လေသည် ယူနီယံပင်လယ်အော်ဘက်မှ တိုက်ခတ်နေသဖြင့် ပင်က ရော့က ပဲ့ကိုထိန်းကိုင်ပြီးလျှင် တောင်ဘက် ကမ်းရိုးတန်းအတိုင်း သင်္ဘော သွားစေ၏။ မကြာမီ သင်္ဘောသည် မီးပုံးပျံဆိပ်နှင့် ၃-၄ မိုင် ဝေးသောနေရာ လျင်မြန်စွာ ရွေ့လျားလျက် ရှိလေသည်။ ထိုနေရာမှနေ၍ မျှော်ကြည့်လျှ နင်းခဲများ ဖုံးနေသော ဖလင်ကရင် တောင်ထိပ်ကို ကောင်းစွာ မြင်ရသဖြ ဟာဗတ်က . . .

"ကျွန်တော်တို့ ကျွန်းကြီးကို ကြည့်စမ်းပါဦး . . . ဘယ်လောက် လှသလဲလို့"





"လှရုံတင် ဘယ်ကမလဲကွ . . . ၊ ကောင်းလည်း ကောင်းတယ်၊ တို့တစ်တွေ ဒီကျွန်းပေါ်ကို ဒုက္ခသည်တွေအဖြစ် ရောက်လာကြတယ်။ အခု တို့မှာ ဘာများ လိုသေးသလဲ စဉ်းစားကြည့်စမ်း"

နက်က . . . "အခုအချိန်မှာ ကျွန်တော်တို့ ဘာမှ မလိုတော့ဘူး"

ဟု ထောက်ခံ ပြောဆိုလိုက်လေသည်။

သင်္ဘော၏ အခြေအနေကို ပင်ကရော့က ကပ္ပတိန် ဟားဒင်းအား မေးမြန်းကြည့်ရာ သင်္ဘောမှာ အားလုံး ပြီးပြည့်စုံနေပြီဖြစ်၍ ကောင်းစွာ လှုပ်ရှား သွားလာနိုင်သည့်ပြင် နိုင်နိုင်နင်းနင်းလည်း ထိန်းချုပ်နိုင်ကြောင်းဖြင့် ပြန်ပြော လေသည်။

ထိုအခါ ပင်ကရော့က . . .

"ဒီလိုဆိုရင် ခရီးဝေးကို သွားနိုင်ပြီပေါ့နော်"

"ဘယ်ကို သွားမလို့လဲ"

"တဘိုးကျွန်းကို သွားမယ်ဆိုရင်ကော . . ."

"အရေးအကြောင်းဖြစ်ပေါ်လာရင်တော့ ဒီထက် ဝေးတဲ့နေရာကို တောင် သွားကြရမယ်၊ အခု တဘိုးကျွန်းကို ခင်ဗျားတို့ ထွက်သွားရင် စိတ်ပူ နေရမှာ . . . အဲဒီကျွန်း ဘာဖြစ်လို့ သွားချင်ရတာလဲ"

"ကျွန်တော်တို့နေတဲ့ လင်ကွန်းကျွန်းနဲ့ အနီးဆုံး ကျွန်းဖြစ်လို့ ဒီကျွန်းကို သွားကြည့်ချင်တာပါ"

"တဘိုးကျွန်းကို သွားရင် တစ်ယောက်ထဲ သွားလို့ ဘယ်ဖြစ်မလဲ"

"အဖော် တစ်ယောက်ပါရင် တော်ပါပြီ"

"တို့အထဲမှာ လူနှစ်ယောက် ရှော့သွားတော့မှာပဲ"

"စိုးရိမ်စရာ တစ်ခုမှ မရှိပါဘူး ကပ္ပတိန်"

'ဘွန်းအက်ဒ်ဗင်းချား' သင်္ဘောသည် ပင်လယ်ပြင်ဘက်သို့ သွား လျက်ရှိရာမှ လမ်းကြောင်း ပြောင်းလိုက်ပြီးလျှင် 'မီးပုံးပျံ' ဆိပ်ဘက်သို့ ဦး တည်သွားလျက်ရှိ၏။ မီးပုံးပျံဆိပ်တွင် ရှိသော ရေလက်ကြားမှာ ဤသင်္ဘော အတွက် ဆိပ်ကမ်းအဖြစ် အသုံးပြုရတော့မည် ဖြစ်သောကြောင့် ရေအောက်ရှိ ကျောက်ဆောင်များ၊ သဲသောင်များနှင့် ရေကြောင်းကို အလွယ်တကူ သိသာ နိုင်ရန် ဖော်ယာများချထားရန် လိုလာတော့၏။ ကမ်းခြေနှင့် မိုင်ဝက်ခန့်အလိုသို့ ရောက်လာသောအခါ သင်္ဘောသည် လေကိုဆန်လျက် ဖြေးညင်းစွာ သွား လျက် ရှိနေ၏။

ဟာဗတ်က သင်္ဘောဦးပိုင်း၌ နေရာယူပြီးလျှင် ရေကြောင်းကို ကြည့် ၍ လိုက်လာစဉ် ရုတ်တရက် . . .



www.burmeseclassic.com

www.burmeseclassic.com



"လေညာဘက်ကို ကြည့်စမ်းပါ၊ ဘာလဲ မသိဘူး"

ဟု အောက်လိုက်ရာ ပင်ကရော့က . . .

"ဘာဖြစ်တာလဲ . . ကျောက်ဆောင် ရှိသလား"

"မဟုတ်ဘူး . . . ညာဘက်ကို နည်းနည်း လမ်းကြောင်း ပြောင်း လိုက်ပါ"

ဤကဲ့သို့ ပြောဆိုလိုက်ပြီးနောက် ဟာဗတ်သည် သင်္ဘောလက်ရန်း ကို ဆွဲကိုင်အားပြုကာ ပုလင်းတစ်လုံးကို ရေထဲမှ ဆယ်ယူလိုက်လေသည်။

ကပ္ပတိန် ဟားဒိန်းက တစ်စုံတစ်ရာ မပြောဘဲ ဟာဗတ်၏ လက်ထဲ မှ ဖော့ဆို့ ပိတ်ထားသည့် ပုလင်းကို လှမ်းယူပြီးလျှင် ပုလင်းဖူးဆို့ကို ဖွင့်လိုက် ပြီးနောက် အတွင်းမှ စာရွက်ခေါက်ကို ကဗျာကယာ ဆွဲထုတ်လိုက်လေသည်။ စာရွက်တွင် အောက်ပါအတိုင်း ရေးထားသည်ကို တွေ့ရ၏။

သင်္ဘောပျက်၍ ကျွန်းပေါ် ရောက်နေသူ တစ်ဦး။

တဘိုးကျွန်း – ၁၅၃ ဒီဂရီ အနောက် လောင်ဂျီတွဒ်။

၃၇ ဒီဂရီ ၁၅ပေ တောင်လတ္တီတွဒ်။

## သင်္ဘောဖြင့် ခရီးထွက်ရန် ဆုံးဖြတ်ကြခြင်း

ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများသည် ပုလင်းထဲမှ ရသော စာကို အံ့သြစွာ ကြည့်နေကြစဉ် ပင်ကရော့က ရုတ်တရက်ဝင်၍

"သင်္ဘောပျက်က လူတဲ့လား၊ ဟုတ်လား . . . ကျွန်တော်တို့ မိုင် ၂၀၀ လောက် မဝေးတဲ့ တဘိုးကျွန်းမှာ ရောက်နေတယ်ဆိုတော့ အဲဒီကျွန်း ကို ကျွန်တော်တို့ သွားဖို့ ကပ္ပတိန်က တားတော့မှာ မဟုတ်ပါဘူး"

"မတားတော့ပါဘူးဗျာ . . . ခင်ဗျားတို့ မြန်နိုင်သလောက် မြန်မြန် သွားကြမှ ဖြစ်မယ်"

"မနက်ဖြန် သွားရမလား"

"ဟုတ်တယ် . . မနက်ဖြန် စထွက်ကြပေတော့"

သို့ပြောဆိုလိုက်ပြီးနောက် ကပ္ပတိန် ဟားဒိန်းသည် ပုလင်းထဲမှ ရသော စာရွက်ကလေးကို သေချာစွာ ကြည့်ရှုရင်း . . .

"တဘိုးကျွန်းပေါ်ကို သင်္ဘောပျက်လို့ ရောက်နေတဲ့ လူဟာ ရေ ကြောင်းပညာကို အသင့်အတင့် တတ်တဲ့သူ ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်းရဲ့ နေရာကို 'လတ္တီတွဒ်–လောင်ဂျီတွဒ်' နဲ့ ပြထားပြီး စာကို အင်္ဂလိပ် ရေးထားတဲ့အတွက် သူဟာ အင်္ဂလိပ်လူမျိုးရင်လည်း ဖြစ်ရမယ်၊ ဒီလိုမှ မဟုတ်





ရင်လည်း အမေရိကန်လူမျိုး ဖြစ်ရမယ်"

"ဒါ . . . ဖြစ်နိုင်တာပေါ့ . . . ပြီးတော့ ပင်လယ်ကမ်းစပ်မှာ ကျွန် တော်တို့ ရလိုက်တဲ့ သေတ္တာကြီးဟာ ဒီသင်္ဘောပျက်တဲ့ လူနဲ့ ဆက်စပ်မှု ရှိ သွားတာပေါ့။ နောက်တစ်ခုက ပုလင်းထဲက စာကို ကျွန်တော်တို့ ရလိုက်တာ ဒီလူအဖို့တော့ သိပ်ကံကောင်းတယ်လို့ ဆိုရမှာပဲ" ဟု စပိလက်က မှတ်ချက် ချလိုက်၏။

ထိုအခါ ဟာဗတ်က ကြားဖြတ်၍ . . .

"ဒီပုလင်းရှိတဲ့ နေရာနားကို ကျွန်တော်တို့ သင်္ဘောက ဖြတ်သွားမိ တာကလည်း တစ်နည်းအားဖြင့် ကံကောင်းတယ်လို့ ဆိုရမှာပဲ"

ဟု ပြောလိုက်၏။

ကပ္ပတိန်ဟားဒိန်းက ပင်ကရော့ဘက်လှည့်၍ . . .

"ဒီအဖြစ်အပျက်တွေဟာ ထူးဆန်းတယ်လို့ မထင်ဘူးလား"

"ကျွန်တော်ကတော့ ကံကောင်းတယ်လို့ပဲ ပြောချင်တယ်၊ ကပ္ပတိန် က ဘာများ ထူးထူးခြားခြား မြင်လို့ ပြောနေတာလဲ၊ ဒီပုလင်းကလည်း ဘာ ဖြစ်လို့ ဒီနားမှာ ရောက်နေတာလဲ"

"ခင်ဗျား ထင်တဲ့အတိုင်း ဖြစ်နိုင်တယ်"

ဟာဗတ်က ပုလင်းကို ကိုင်ကြည့်ရင်း . . .

"ဒီမယ် ကပ္ပတိန် . . . ဒီပုလင်းဟာ ပင်လယ်ထဲမှာ မျောနေတာ ဘယ်လောက်ကြာပြီ ဆိုတာလဲ မပြောနိုင်ဘူး"

ထိုအခါ စပိလက်က ပုလင်းထဲမှ ရသော စာရွက်ကို ယူ၍ ကြည့် လိုက်ပြီးနောက် . . . "ဒီစာကိုရေးတာ မကြာသေးဘူးလို့ ထင်တာပဲ၊ ဘယ်လို ထင်သလဲ ကပ္ပတိန်"

"ပြောရမှာ ခက်ပါတယ်၊ ဒါပေမယ့် မကြာခင် သိမှာပါ"

ဤကဲ့သို့ အချင်းချင်း ပြောဆိုလျက်ရှိကြစဉ် ပင်ကရော့သည် ဘွန်း အက်ဒ်ဗင်းချား ရွက်သင်္ဘောကို ကလောအငူဘက်သို့ ရွက်ကုန်လွှင့်လျက် ရှိနေ၏။ သင်္ဘောပျက်၍ တဘိုးကျွန်းပေါ်သို့ ရောက်နေသူအား အချိန်မီ ကူညီနိုင်ရန် သွားရောက် ကယ်ဆယ်ရန်အရေးကြီး၏။ ကလောအငူကို ဖြတ်သွားပြီး နောက် ညနေ ၄ နာရီအချိန်တွင် မာစီမြစ်ဝ၌ သင်္ဘောကို ကျောက်ချ၍ ရပ် နားလိုက်ကြ၏။

ရေကြောင်း ခရီးအတွက် လိုအပ်သော စားနပ်ရိက္ခာနှင့် လက်နက်ခဲ ယမ်းမီးကျောက်များကို သင်္ဘောပေါ်သို့တင်ရန် ပြင်ဆင်မှုများ စတင် ပြုလုပ်ကြ ၏။ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ခရီးစထွက်ပါက ၁၃ ရက်နေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



တာဘိုးကျွန်းသို့ ရောက်နိုင်မည်ဟု ခန့်မှန်းကြလေသည်။

စပိလက်က သတင်းစာ ဆရာပီပီ တာဘိုးကျွန်း ခရီးစဉ်၏ အတွေ့အကြုံကို သိရှိလိုသဖြင့် သူလည်း လိုက်ပါသွားလိုကြောင်း ခွင့်တောင်းရာ ၎င်းအား ဟာဗတ်နှင့်အတူ လိုက်ပါသွားရန် ကပ္ပတိန် ဟားဒိန်းက ခွင့်ပြုလိုက်၏။ သို့နှင့် နောက်တစ်နေ့နံနက် ၅ နာရီအချိန်တွင် ပင်ကရော့သည် ကျွန်းပေါ်တွင် ကျန်ရစ်သူများအား နှုတ်ဆက်ပြီးနောက် သင်္ဘောကို ကလောအငူဘက်သို့ ဦးတည်ကာ ရွက်ကုန်ဖွင့်လိုက်၏။

*

ရွက်သင်္ဘောသည် လင်ကွန်းကျွန်းမှ တစ်မိုင်၏ လေးပုံတစ်ပုံခန့် ရောက်သောအခါ သင်္ဘောပေါ်တွင် ပါလာသူများက ဂရင်းနိုက် အိမ်ကြီးထိပ်ကျောက်ကမ်းပါးကြီးပေါ်မှ နေ၍ ကပ္ပတိန်ဟားဒိန်းနှင့် နက်တို့သည် လက်များကို မြှောက်၍ ဝှေ့ရမ်းကာ နှုတ်ဆက်နေသည်ကို တွေ့ရ၏။ သို့နှင့် သူတို့က လည်း ပြန်၍ နှုတ်ဆက်လိုက်ကြ၏။ မကြာမီ ကလောအငူရှိ ကျောက်တန်းကြီးများ ကွယ်၍သွားသဖြင့် ဂရင်းနိုက်အိမ်ကြီးကို မမြင်ရတော့ချေ။ ထိုအခါ စပိလက်က . . .

"ဆယ့်ငါးလတိတိအတူတူနေခဲ့တဲ့ မိတ်ဆွေတွေနဲ့ ပထမဆုံး ခွဲခွာရတာပဲဗျို့" ဟု ဝမ်းနည်းဟန်ဖြင့် ပြောလိုက်၏။

ထိုနေ့နံနက်ပိုင်းတွင် လင်ကွန်းကျွန်း၏ တောင်ဘက်ကမ်းရိုးတန်းကို မြင်၍နေရပြီးလျှင် ဖရင်ကလင် တောင်ကြီးမှာ ကျွန်း၏ အလယ်တည့်တည့်၌ မားမားမတ်မတ် တည်ရှိနေသည်ကို တွေ့မြင်ကြရ၏။ သင်္ဘောသည် ရေ တိုင်းအငူနှင့် ဆယ်မိုင်ခန့် ဝေးသောနေရာမှ ဖြတ်၍သွားလျက် ရှိရာ ၃ နာရီ ကြာသောအခါ လင်ကွန်းကျွန်းသည် ပင်လယ်ရေလှိုင်းများ အကြားတွင် တဖြည်းဖြည်း ပျောက်ကွယ်သွားတော့၏။

ပင်ကရော့က ဘွန်းအက်ဒ်ဘင်းချား သင်္ဘောကို သူလိုသည့် လမ်းကြောင်းအတိုင်း သင်္ဘောကွန်ပါ(Ship's Compass) နှင့် ချိန်ပြီးလျှင် ဖြောင့်တန်းစွာ သွားစေလျက်ရှိ၏။ ဟာဗတ်က တက်မကို မကြာခဏ ကိုင်ပေးပြီးလျှင် စပိလက်ကလည်း သူ တတ်နိုင်သည့် ဘက်မှ အကူညီပေးလျက် ရှိလေသည်။

လေပြင်း တိုက်ခတ်မှုကို ရုတ်တရက် ရှောင်တိမ်းနိုင်ရန် ပင်ကရော့က သင်္ဘောဦးတွင်ရှိသော ရွက်ကြီးကိုချထားလိုက်၏။ ထိုညတွင် ပင်ကရော့နှင့် ဟာဗတ်တို့သည် တစ်လှည့်စီ တက်မကိုင်၍ သွားကြရာ အောက်တိုဘာလ ၁၂ ရက်နေ့တွင်လည်း အခက်အခဲ မရှိဘဲ ခရီးဆက်လျက် ရှိကြလေသည်။





ထိုနေ့ ညနေတွင် သင်္ဘောသည် လင်ကွန်းကျွန်းမှ မိုင် ၁၂၀ ခရီးသို့ ရောက်ရှိလာပြီဟု ခန့်မှန်းကြရ၏။ သင်္ဘောသည် တစ်နာရီလျှင် ရေမိုင် ၃–၄ မိုင် သွားနိုင်ကြောင်း တွေ့ရသဖြင့် နောက်တစ်နေ့ နံနက်တွင် တွေ့ကြုံရမည့် အကြောင်းများကို စဉ်းစားရင်း စပိလက်၊ ဟာဗတ်နှင့် ပင်ကရော့တို့သည် စိတ်စောနေသဖြင့် အိပ်၍ မရနိုင်ဘဲ ရှိနေကြတော့၏။ နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်မှစ၍ တာဘိုးကျွန်းကို တွေ့လိုဇောနှင့် အနောက်ဘက်ရှိ ပင်လယ်ပြင်ကြီးကိုသာ ဂရုစိုက်၍ ကြည့်နေကြလေသည်။

နံနက် ၆ နာရီခန့် အချိန်တွင် ပင်ကရော့က . . .

"ကျွန်းကို မြင်ရပြီ"

ဟု ဝမ်းသာအားရ ကျယ်လောင်စွာ ဟစ်အော်လိုက်၏။ အနောက်ဘက်ရှိ ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် တာဘိုးကျွန်းကို ရေးရေးမျှ မြင်ကြရပြီဖြစ်၍ ၁၅ မိုင်ထက် မဝေးတော့ကြောင်း ခန့်မှန်းကြလေသည်။ နံနက် ၁၁နာရီ အချိန်တွင် သူတို့သင်္ဘောသည် ကျွန်းနှင့် ၂ မိုင်ခန့် ဝေးသည့်နေရာသို့ ရောက်ရှိလာကြပြီဖြစ်ရာ ရေကြောင်းကို ကောင်းစွာ မသိရသေးသဖြင့် ပင်ကရော့က သင်္ဘောကို ဖြည်းညင်းစွာ ခုတ်မောင်းလျက် ရှိလေသည်။

ကမ်းစပ်တွင် သင်္ဘော ဆိုက်ကပ်စေရန်အတွက် အချက်ပြထားသည့် အထိမ်းအမှတ် တစ်စုံတစ်ရာ မတွေ့ရသည့်အပြင် ကျွန်းပေါ်၌လည်း မီးခိုးအစအနကိုပင် မတွေ့ရသဖြင့် ကျွန်းပေါ်တွင် လူမရှိသကဲ့သို့ ထင်မှတ်ရတော့၏။ ပင်ကရော့ကမူ ရေကြောင်းကို ပြောင်းလိုက်ပြီးနောက် သင်္ဘောဦးကို ကျွန်းတည့်တည့်သို့ ချိန်၍ ခုတ်မောင်းလျက် ရှိလေသည်။

သင်္ဘောသည် ကျောက်တန်းများနှင့် ရေလက်ကြားများ အတွင်းသို့ ဝင်၍ ခုတ်မောင်းလေရာ ကျွန်းနှင့် တဖြည်းဖြည်း နီးကပ်၍ လာလေပြီ။ ပင်ကရော့သည် ဟာဗတ်အား ပဲ့ကို ကိုင်စေလျက် လိုသည့်အချိန်တွင် ရွက်ကိုချနိုင်ရန် ရွက်ကြိုးကို ကိုင်ကာ အသင့်စောင့်ဆိုင်းလျက်ရှိစဉ် စပိလက်က မှန်ပြောင်းနှင့် ကမ်းရိုးတန်း တစ်လျှောက်ကို သေချာစွာ ကြည့်ရှုလျက် ရှိလေသည်။ နေ့လယ် ၁၂ နာရီ အချိန်ခန့်တွင် သင်္ဘောစမ်းဗိုက်သည် ကမ်းစပ်ရှိ သောင်ပြင်နှင့် ပွတ်တိုက်မိသဖြင့် ထိုနေရာ၌ပင် သင်္ဘောရွက်ကြီးကို ချလိုက်ပြီးနောက် ခိုင်မြဲစွာ ကျောက်ချ ရပ်နားလိုက်လေသည်။

လက်နက်များ ကိုယ်စီယူဆောင်ကာ ပင်ကရော့က ဦးဆောင်၍ ကမ်းပေါ်သို့တက်ကြ၏။ ထို့နောက် မိုင်ဝက်ခန့်တွင် ရှိသော ပေ ၃၀၀ ခန့် မြင့်သည့် တောင်ပေါ်သို့ တက်၍ ကျွန်း၏ အခြေအနေကို ကြည့်ရန် ဆုံးဖြတ်လိုက်ကြလေသည်။ ကမ်းစပ်ရှိ ကျောက်ဆောင်များတွင် ခိုများနှင့် စင်ရော်များ



www.burmeseclassic.com

www.burmeseclassic.com



ပျံဝဲနေသည်ကို တွေ့ရသော်လည်း လူသူ အစအနကိုမျှ မတွေ့ရချေ။ မကြာ တောင်ပေါ်သို့ ရောက်ရှိ သွားကြပြီးနောက် ထိုနေရာမှ နေ၍ ကျွန်း အခြေအနေကို ကြည့်ရှုကြရာ ကျွန်းမှာ အချင်း ၆ မိုင်ခန့် ရှိမည်ဟု ခန့်မှန်း လျှင် ဘဲဥ ပုံသဏ္ဌာန် ရှိ၏။ ပင်လယ်ပြင်ကြီးကို မျက်စိတစ်ဆုံး မြင်ရသော် လည်း သင်္ဘောဟူ၍ တစ်စင်းတလေမျှ မတွေ့ရချေ။ ကျွန်းပေါ်တွင် သစ်ပင် မြက်ပင်များ ထူထပ်စွာ ပေါက်ရောက်လျက် ရှိပြီးလျှင် စိမ်းလန်းစိုပြည်လျက် ရှိနေ၏။ တစ်နေရာ၌ တောင်ကုန်းကလေး တစ်ခုနှစ်ခု ရှိပြီးလျှင် ကျွန်း အလယ်လောက်၌ ချောင်းတစ်ခု ရှိ၏။

ပင်ကရောက …

"ကျွန်းကတော့ သေးသေးလေးပဲ"

မှန်ပြောင်းနှင့် ကြည့်နေသော စပိလက်က …

"ဟုတ်တယ် .. လူနေပုံလည်း မရဘူး"

"တောင်အောက်ဆင်းပြီး ရှာကြည့်ကြသေးတာပေါ့ ဗျာ"

သို့နှင့် သူတို့အားလုံးလည်း တောင်ပေါ်မှ တောင်အောက်သို့ ဆင်းခဲ့ကြပြီးလျှင် ကမ်းရိုးတန်းအတိုင်း ကျွန်းကို တစ်ပတ်ပတ်၍ ကြည့်ကြ ၏။ ဤသို့ဖြင့် တစ်နာရီခန့်ကြာသောအခါ ကျွန်း၏တောင်ဘက် ကမ်းခြေသို့ ရောက်ရှိလာလေသည်။

ကျွန်း၏အနောက်ဘက် ကမ်းခြေတွင် သဲသောင်ပြင်များနှင့်ကျောက် ဆောင်များ ရှိနေ၍ အတွင်းပိုင်းတွင် သစ်တောများရှိ၏။ ကမ်းခြေတစ်ဝိုက်တွင် လူခြေရာများလည်း မတွေ့ကြရချေ။ သင်္ဘောပျက်၍ ဤကျွန်းပေါ်သို့ ရောက် နေသူသည် စိတ်ဆင်းရဲ၍ သေဆုံးသွားလေပြီလော၊ သို့မဟုတ် ကံကောင် ထောက်မပြီးလျှင် သင်္ဘောတစ်စင်းစင်းက ကယ်ဆယ်သွားသဖြင့် နေရပ်သို့ ပြန်သွားလေပြီလောဟု ယူဆကြရန်သာရှိကြောင်း ပင်ကရောက သူ၏ထင်မြင် ချက်ကို ပြောပြလေသည်။

သူတို့သည် သင်္ဘောပေါ်သို့ ခေတ္တ ပြန်သွားပြီးလျှင် ညစာကို ကပျာကယာ စားသောက်ကြပြီးနောက် မိုးမချုပ်မီ တောတွင်းသို့ ဝင်နိုင်ရန် ကျွန်းပေါ်သို့ တက်ခဲ့ကြပြန်၏။ တစ်နေရာတွင် ဆိတ်နှင့် ဝက်များကို တွေ့ရ သဖြင့် တစ်ချိန်က ဝေလငါးဖမ်းသင်္ဘောအချို့သည် ဤကျွန်းသို့ ဝင်ရောက် ဆိုက်ကပ်ကြသည်ဟု ယုံကြည်ရ၏။ တောတွင်းတစ်နေရာ၌ လူသွားလမ်း ကလေးများသဖွယ် လမ်းကလေးများ ဖြစ်နေသည်ကို တွေ့ကြရသဖြင့် ကျွန်း ပေါ်တွင် လူများ နေထိုင်ခဲ့ကြသည်မှာ ထင်ရှားလှ၏။ သို့သော် ထိုလူများသည် ယခုအခါမည်သည့် နေရာသို့ ရောက်သွားကြလေသနည်း။ ပင်ကရောနှင့် ၎င်း





၏အဖွဲ့သားများသည် ချောင်းကလေး၏ ကမ်းရိုးတန်းအတိုင်း တောတွင်းသို့ ဆန်တက်သွားကြရာ တောတွင်းတစ်နေရာရှိ မြေကွက်လပ်တစ်ခုတွင် အာလူး များ၊ မုံလာထုပ်များ စိုက်ပျိုးထားသည်ကို ထူးဆန်းစွာ တွေ့ရှိ ရ၏။ သို့နှင့် ဟာဗတ်က လင်ကွန်းကျွန်းကြီးတွင် စိုက်ပျိုးနိုင်ရန် မျိုးစေ့များ ယူခဲ့လေသည်။

စပိလက်က …

"ဒီဟင်းသီးဟင်းရွက် ပင်တွေကို မြင်ရတာနဲ့ ဒီကျွန်းမှာ လူမနေ တော့တာ အတော်ကြာပြီလို့ ပြောနိုင်တယ်"

ဟာဗတ်က …

"ဟုတ်တာပေါ့ … လူသာရှိရင် ဒီလောက် အရေးကြီးတဲ့ အသီး အနှံပင်တွေကို ဘယ်ပစ်ထားမလဲ"

ပင်ကရောက မုံလာပင်ကို ကိုင်ကြည့်ရင်း …

"ကျွန်းပေါ်ရောက်နေတဲ့ သင်္ဘောပျက်က လူတော့ မရှိတော့ပါဘူး"

"ပုလင်းထဲက စာဟာ အတော်ကြာနေပြီ ထင်တယ်"

"ကိုင်း … နေဝင်ခါနီးနေပြီ၊ သင်္ဘောပေါ် ပြန်ကြစို့၊ မနက်ဖြန် တစ်ခေါက် လာကြသေးတာပေါ့"

ဤသို့ပြောဆိုရင်း တောလမ်းကလေးအတိုင်း ရှေ့သို့ အတန်ငယ် သွားမိကြသောအခါ ဟာဗတ်က ရုတ်တရက် …

"ဟိုမှာ တဲကလေး တစ်လုံး ပါလား"

ဟု အော်၍ ပြောလိုက်၏။

သို့နှင့် သစ်ပင်ကြီးတစ်ပင်အနီးရှိ တဲကလေးရှိရာသို့ အပြေးအလွှား သွားကြလေသည်။ တဲကလေးမှာ ပျဉ်ချပ်များနှင့် ဆောက်လုပ်ထား၍ တာပေါ် လင် အထူစားဖြင့် အမိုးပြုလုပ်ထားသည်ကို ဝင်လုဆဲ နေရောင်တွင် မြင်ကြရ ၏။

ပင်ကရောသည် တစ်ဝက်ပိတ်ထားသော တံခါးကို တွန်း၍ အတွင်း သို့ ဝင်လိုက်၏။ သို့သော် မည်သူ့ကိုမျှ မတွေ့ရချေ။

**သေသူ၏ ပစ္စည်းစာရင်း**

သုံးဦးသားတို့သည် မှောင်မည်းနေသည့် တဲကလေး အတွင်းသို့ဝင် ကာ ပင်ကရောက ကျယ်လောင်စွာ အသံပြုလိုက်၏။ သို့သော် မည်သည့် အသံကိုမျှ ပြန်၍ မကြားရချေ။

ပင်ကရောက သစ်ကိုင်းခြောက် တစ်ခုကို မီးရှို့၍ကြည့်ရာ တဲ



www.burmeseclassic.com

www.burmeseclassic.com



ကလေး တစ်ခုလုံး လင်း၍သွားသော်လည်း မည်သူ့ကိုမျှ မတွေ့ရချေ။ တဲ၏ နောက်ဘက်တွင် မီးဖိုတစ်ခုကို တွေ့ရသဖြင့် ပင်ကာရှေသည် သစ်ကိုင်းခြောက် များဖြင့် မီးမွေးလိုက်၏။ တဲ၏တစ်နေရာတွင်လည်း ဖရိုဖရဲ ဖြစ်နေသည့် အိပ်ရာတစ်ခုကို တွေ့ရပြီးလျှင် လူမအိပ် သည်မှာ အတော်ကြာပြီဖြစ်ကြောင်း သိသာနိုင်လေသည်။ တစ်နေရာ တွင် ဘီရိုလေးတစ်ခုကို ဖွင့်ကြည့်ရာအတွင်း ဟောင်းနွမ်းဆွေးမြေ့နေသည့် သဘော်သားတစ်ယောက်၏ အဝတ်များကို တွေ့ရသည့်အပြင် အနီးရှိစားပွဲကလေးအပေါ်၌လည်း သံပန်းကန်ပြား တစ်ချပ် နှင့် သမ္မာကျမ်းစာအုပ်အဟောင်း တစ်အုပ်ကိုတွေ့ရ၏။ တဲ၏ထောင့်၌ တူရွင်း တစ်ချောင်းနှင့် ပုဆိန်တစ်လက်အပြင် ယမ်းများ အပြည့်ရှိသော စည်ပိုင်း တစ်လုံးနှင့် ယမ်းကပ်များ ကျည်ဆံများကိုပါ တွေ့ရလေသည်။

စပီလက်က . . .

"ဒီတဲမှာ ဘယ်သူမှ မရှိဘူး"

ဟာဗတ်က . . .

"ဟုတ်တယ် . . ဒီတဲမှာ လူမနေတာ ကြာပြီ"

ပင်ကရှေက . . .

"ကျုပ်တို့ သဘော်ကို မပြန်ကြတော့ဘဲ ဒီတဲထဲမှာပဲ ညအိပ်ကြရင် ကောင်းမယ်ထင်တယ်"

စပီလက်က . . .

"ကောင်းပါတယ်။ အိမ်ရှင် ပြန်လာရင်လည်း ကျုပ်တို့နဲ့ အလွယ်တကူ တွေ့ကြတာပေါ့ဗျာ"

"သူ ပြန်မလာတော့ပါဘူး။ သဘော်တစ်စင်းက ဝင်ပြီးခေါ်သွားမယ်ဆိုရင်လည်း ဒီလို အသုံးမကျတဲ့ပစ္စည်းတွေကို ယူသွားမှာပေါ့။ သူ ဒီကျွန်းပေါ်မှာပဲ ရှိနေမှာပါ"

"အသက်ရှင်တုန်းပဲပေါ့"

"အသက် ရှင်ချင်လည်း ရှင်နေမယ်၊ သေချင်လည်း သေနေမယ်။ တကယ်လို့ သေနေတောင် သူ့ကို ဘယ်သူက မြေမြှုပ်မှာလဲ၊ အရိုးတွေတော့ တွေ့ဦးမှာပေါ့"

ဤကဲ့သို့ တစ်ယောက် တစ်ခွန်း ပြောဆိုရင်း တဲကလေးတွင် ထိုည အိပ်ရန် ဆုံးဖြတ် လိုက်ကြ၏။ တံခါးကိုလည်း ခိုင်လုံစွာ ပိတ်လိုက်ကြပြီးလျှင် ဟာဗတ်က မီးဖို၌ မီးအဆက်မပြတ်စေရန် ထင်းများကို ထပ်မံထည့်ပေး၏။ ထင်းများမှာလည်း တစ်ညစာအတွက် လုံလောက်စွာရှိ၏။ အိပ်ရာသို့ဝင်၍ အိပ်စက်ကြပြီးနောက် နံနက် မိုးလင်းသောအခါ တဲပိုင်ရှင်၏အလောင်းကို





ရှာဖွေရန်နှင့် တွေ့ရှိပါက ခရစ်ယာန် ထုံးစံအရ သင်္ဂြိုဟ်ပေးမည်ဟု တိုင်ပင်ကြပြီးလျှင် တဲကို အသေအချာ ထပ်မံကြည့်ရှုသောအခါ တစ်ချိန်က သဘော်ပျက်မှ သဘော်သားတစ်ယောက်သည် ပျဉ်တိုပျဉ်စများဖြင့် ကောင်းမွန်စွာ ဆောက်လုပ်ထားကြောင်း၊ ခြံစည်းရိုးများပင် ပြုလုပ်ထားကြောင်း တွေ့ရှိရလေသည်။ တဲ၏ အနီးတွင် ချောင်းကလေး တစ်ခုရှိ၍ ပျဉ်ချပ် တစ်ခုပေါ်၌ အောက်ပါ စာလုံးများကို တွေ့ရလေသည်။

"ဗြိတန် ယ"

"ဗြိတန်နီးယား"

ဟု ပင်ကရှေက ဖြည့်စွက်အော်လိုက်၏။

"ဒီနာမည်ကတော့ သဘော် အတော်များများ သုံးကြတာပဲ၊ အင်္ဂလိပ်လား၊ အမေရိကန်လားတော့ မပြောနိုင်ဘူး"

"ဘာလူမျိုးပဲ ဖြစ်ဖြစ်ပေါ့၊ ကျုပ်တို့ကတော့ ကယ်ရမှာပဲ၊ တောထဲ သွားခင် ကျုပ်တို့ သဘော်ပေါ်ကို ခဏပြန်ကြဦးမှ ဖြစ်မယ်"

သို့နှင့် ပင်ကရှေနှင့် သူ၏ ဖော်များသည် လာခဲ့သည့် လမ်းကလေး အတိုင်း ကမ်းနားသို့ ပြန်လာကြလေသည်။ လမ်းတွင် ဝက်များနှင့် ဆိတ်အချို့ ကို တွေ့ကြရသေး၏။ တစ်မိုင်ခန့် လျှောက်မိသောအခါ ကျွန်း၏အနောက် ဘက် ကမ်းခြေသို့ ရောက်ရှိလာကြပြီးလျှင် သူတို့၏သဘော်ကို ကျောက်ချ ထားခဲ့သည့်အတိုင်း ကောင်းစွာ တွေ့ရလေသည်။ ထိုအခါမှ ပင်ကရှေမှာ စိတ်အေးသွားပြီးလျှင် သက်ပြင်း တစ်ချက်ချလိုက်နိုင်တော့၏။

နံနက်စာကို သဘော်ပေါ်၌ စားသောက်ကြ၍ ကျွန်းပေါ်သို့ ပြန်၍ ဆင်းခဲ့ကြပြီးလျှင် တောတွင်း၌ သဘော်ပျက်မှ ကျန်ရစ်ခဲ့သူ၏ အလောင်းကို ဆက်လက် ရှာဖွေကြ၏။ သေသွားသူ၏ အလောင်းကို ဟောရိုင်း တိရစ္ဆာန် အချို့က အရိုးပါမကျန် ကိုက်ဖြတ် စားသောက်ပစ်ကြ၍ အလောင်းကို မတွေ့ ကြရခြင်း ဖြစ်မည်ဟုလည်း ထင်မှတ်နေကြ၏။

တစ်နေရာသို့ ရောက်သောအခါ ပင်ကရှေက . . .

"ကျုပ်တို့ မနက်ဖြန် မနက် စောစော သဘော် ထွက်မယ်"

ဟု ပြောလိုက်၏။ နေ့လည် ၂ နာရီခန့် အချိန်တွင် ထင်းရှူးပင်ကြီး တစ်ပင်အောက်၌ အမောဖြေရင်း သူတို့အားလုံး ထိုင်နေကြ၏။ စပီလက်က ဝင်လယ်ဘက်သို့ ကြည့်ရင်း . . .

"တဲထဲမှာတွေ့တဲ့ ယမ်းတွေနဲ့ ကျည်ဆံတွေကိုတော့ ယူသွားကြမှ ဖြစ်မယ်။ ဒီပစ္စည်းတွေက အရေးကြီးတယ်"

ဟာဗတ်က . . .



www.burmeseclassic.com

www.burmeseclassic.com

"ဝက်နှစ်ကောင် သုံးကောင်လောက်လည်း ဖမ်းသွားမယ်၊ ပြီးတော့ ဟင်းသီးဟင်းရွက်ပင်တွေကရတဲ့ မျိုးစေ့တွေလည်း ယူသွားရဦးမယ်"

"ယူစရာ ရှိတာ မြန်မြန်ယူပြီး မနက်ဖြန် မနက် ထွက်မယ်။ လေသင့်နေတုန်း ပြန်မှကောင်းမယ်။ ဟာဗတ်က လိုချင်တဲ့ မျိုးစေ့တွေ သွားယူ။ ဘာယူမယ်ဆိုတာ မင်းပဲသိတယ်။ တို့နှစ်ယောက်က ဝက်တစ်ကောင်လောက်တော့ သွားဖမ်းဦးမယ်"

နောက်တစ်နာရီခန့် ကြာသောအခါ ပင်ကရော့နှင့် စပိလက်တို့သည် ဝက်နှစ်ကောင်ကို ဖမ်းဆီးရမိ၏။ မကြာမီ သူတို့၏ မြောက်ဘက်ဆီမှ စူးရှစွာ အော်ဟစ်လိုက်သော အသံတစ်သံကို ကြားလိုက်ရသဖြင့် ပင်ကရော့က . . .

" ဒါဟာဗတ် အသံပဲ"

ဟု ပြောပြီးလျှင် အသံကြားရာဆီသို့ အမြန်ပြေးသွားကြလေသည်။ တောလမ်းအကွေ့ကလေးတစ်ခုကို ကျော်လွန်ပြီးနောက် မြေကွက်လပ် တစ်နေရာတွင် ဟာဗတ်နှင့် မြောက်ဝံကြီးတစ်ကောင်တို့ထွေးလုံး သတ်ပုတ်နေကြသည်ကိုတွေ့ရ၏။ သို့နှင့် သူတို့သည် မျောက်ဝံကြီး လက်မှ ဟာဗတ်ကို ခဲရင်းစွာ ဆွဲထုတ်လိုက်ကြပြီးလျှင် မျောက်ဝံကြီးကို နှစ်ယောက်သား ဝိုင်း၍ ဖမ်းပြီးနောက် နွယ်ကြိုးများဖြင့် မလှုပ်နိုင်အောင် ချည်နှောင်ထားလိုက်ကြ၏။

စပိလက်က ဟာဗတ်ကို ကြည့်၍ . . .

"ဘာဖြစ်သွားသေးလဲ"

"ဘာမှ မဖြစ်ပါဘူး"

"ဒီမျောက်ဝံက မင်းကို အန္တရာယ် ဖြစ်အောင် လုပ်ရင်တော့ ဒီကောင်ကို ငါ အသေသတ်မယ်"

ချက်ချင်းပင် ဟာဗတ်က . . .

"သူက မျောက်ဝံမှ မဟုတ်ဘဲ"

ထိုအခါမှ စပိလက်နှင့် ပင်ကရော့တို့သည် နွယ်ကြိုးများဖြင့် ချည်တုပ်ထားသည့် သတ္တဝါကို အသေအချာ ကြည့်လိုက်ရာ ၎င်းမှာ မျောက်ဝံ မဟုတ်ဘဲ လူတစ်ယောက် ဖြစ်နေသည်ကို တအံ့တဩ တွေ့ကြရလေတော့၏။

ထိုသူမှာလူဟု ပြောရရုံသာရှိသော အခြေအနေတွင် ရှိနေ၏။ ရှုပ်ထွေးသော ဆံပင်များ၊ ရင်ပတ်အထိ ရှည်နေသော မုတ်ဆိတ်မွေးများနှင့် ခါးတွင် နံငယ်ပိုင်း တစ်ခုမှလွဲ၍ အဝတ်အစားဟူ၍ မရှိချေ။ ၎င်း၏ ကြီးထွားသော လက်နှစ်ဘက်တွင် ရှည်လျားသည့် လက်သဲကြီးများ ထွက်နေ၏။ အသားအရောင်မှာလည်း နီညိုညို မဟော်ဂနီရောင် တောက်နေ၏။ ခြေထောက်များမှာလည်း တိရစ္ဆာန်ဦးချိုကဲ့သို့ မာကျောလျက် ရှိနေ၏။





ပင်ကရော့က ၎င်းအား ကြည့်၍ . . .

"ဒီကောင်ဟာ လူမှ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ဒါဖြင့်ရင် သင်္ဘောပျက်ပြီး ဒီကျွန်းပေါ် ရောက်နေတာ ဒီလူပဲ ဖြစ်ရမယ်"

ထိုသူမှာ အမှန်ပင် သင်္ဘောပျက်၍ ကျွန်းပေါ်သို့ ရောက်နေရာမှ တစ်ယောက်တည်း နေထိုင်ရင်း အချိန်ကာလ နှစ်ပေါင်းကြာမြင့် လာသောအခါ ရိုင်းစိုင်းသော ဘဝသို့ တဖြည်းဖြည်း ရောက်သွားခြင်း ဖြစ်လေသည်။ သူ့တွင် မှတ်ဉာဏ် မရှိတော့သဖြင့် သေနတ် စသည့် လက်နက်များကို အသုံးမချတတ်ဘဲ မီးကို အသုံးချရန်ပင် မသိတော့ချေ။ မှတ်ဉာဏ်များ ချို့ယွင်းသွားသည်နှင့် အမျှ ကိုယ်ခန္ဓာမှာ ထွားကြိုင်းမှုမှာ တိုးတက်လာတော့၏။ ၎င်းအား စပိလက်က စကားပြောကြည့်ရာ နားမလည်သကဲ့သို့ ပြန်၍ပြောဆိုခြင်း မပြုတော့ချေ။

စပိလက်က ခေတ္တမျှ စိုက်ကြည့်နေပြီးနောက် . . .

"ကိုင်းပါလေ . . ဘယ်သူပဲ ဖြစ်ဖြစ် သူ့ကိုတော့ လင်ကွန်းကျွန်းကြီး ကို ခေါ်သွားရတော့မှာပေါ့"

"ဟုတ်ပါတယ် ဒါပေမယ့် သတိနဲ့ ခေါ်သွားရမှာ ဖြစ်မယ်"

ဟု ဟာဗတ်က ဝင်၍ ပြောလိုက်၏။

သူတို့သည် ခရစ်ယာန်များ ဖြစ်ကြ၍ ယဉ်ကျေးသော တိုင်းကြီးပြည်ကြီးသားများ ပီပီ လူတစ်ယောက်အား ကယ်ဆယ်ရန် ဆန္ဒပြင်းစွာရှိကြ၏။ ပင်ကရော့က . . .

"ဟာဗတ်ပြောတဲ့အတိုင်း သူ့ခြေထောက်က ကြိုးတွေ ဖြေပေးလိုက်ရင် လမ်းလျှောက်နိုင်မယ် ထင်တာပဲ"

ဟုပြောကာ ထိုသူ၏ ခြေထောက်တွင် ချည်ထားသည့် နွယ်ကြိုးများကို ဓားဖြင့် ဖြတ်ပေးလိုက်ရာ ထိုသူသည် ချက်ချင်းလိုပင် မတ်တတ်ရပ်လိုက်ပြီးနောက် ပင်ကရော့တို့ ခေါ်ရာသို့ ရုန်းကန်ခြင်း မပြုဘဲ လိုက်လာသည်ကို တွေ့ရ၏။ မကြာမီ သူနေခဲ့သော တဲကလေးသို့ ရောက်လာကြရာ သူ၏ အမူအရာမှာ မည်သို့မှ မထူးခြားသဖြင့် ထိုအခါမှ သူ့တွင် မှတ်ဉာဏ် မရှိတော့ကြောင်း ပင်ကရော့တို့က ကောင်းစွာသိကြရတော့၏။ သင်္ဘောပေါ်သို့ ရောက်လျှင် သူ့အား စိတ်မချရသေးသဖြင့် ကြိုးများဖြင့် ချည်နှောင်ထားလိုက်ကြ၏။ ဟာဗတ် နှင့် စပိလက်တို့နှစ်ယောက်က ကျွန်းပေါ်တွင် ကျန်ရစ်ခဲ့သည့် လက်နက် ခဲယမ်း မီးကျောက်များ၊ အခြား ပစ္စည်းများ၊ သစ်ပင် မျိုးစေ့များနှင့် ဝက်နှစ်ကောင်ကိုပါ ယူဆောင်၍ သင်္ဘောသို့ ပြန်လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ်သို့ အားလုံး ရောက်ရှိကြသောအခါ သင်္ဘောကျောက်ဆူးကို နုတ်၍ နံနက်ပိုင်းက ဒီရေနှင့်အတူ တဘိုးကျွန်းမှ ထွက်ခွာကြရန် အသင့်ရှိနေကြလေပြီ။

နံနက်စာစားသည့်အချိန်၌ ပင်ကရော့က ထိုသူ့အား စားစရာများ ပေးသောအခါမစားဘဲ စိုက်ကြည့်နေသည်ကို တွေ့ရသဖြင့် ဟာဗတ်က ဘဲတစ်ကောင်ကို အစိမ်းလိုက်ခုတ်ထစ် ပေးလိုက်ရာ မြိန်ယှက်စွာ အစိမ်းလိုက် စားနေသည်ကို တွေ့ရတော့၏။

"သူ့ဘဝကို တဖြည်းဖြည်းတော့ ပြန်ပြီး သတိရလာမှာပါ"

ဟု ပင်ကရော့က ပြောလိုက်၏။

ဟာဗတ်က . . .

"သူ့အသက် ဘယ်လောက် ရှိမယ် ထင်သလဲ"

ပင်ကရော့က . . .

"ပြောရမှာတော့ ခက်သားပဲ၊ ကျုပ်စိတ်ထင်တော့ အသက် ၅၀ လောက်ရှိမလား မပြောတတ်ဘူး၊ တို့ကို လူတစ်ယောက် ခေါ်ဖို့ လွှတ်လိုက်တာ အခုတော့ ဘီလူးတစ်ကောင် ခေါ်လာသလို ဖြစ်နေပြီပေ့ါ"

ထိုညတွင်ကျွန်းပေါ်မှ သူတို့ခေါ်လာသူအား အိပ်ပျော် မပျော်ကို မသိရသော်လည်း ထိုသူမှာ လှုပ်ရှားမှု မရှိဘဲ ငြိမ်သက်လျက် ရှိနေသည်ကိုသာတွေ့ရ၏။ နောက်တစ်နေ့ နံနက် ၅ နာရီတွင် သင်္ဘော ထွက်ခဲ့ပြီးနောက် လေကြောင်းမှာ အနောက်မြောက်ဘက်သို့ ပြောင်းလဲသွားသည်ကို တွေ့ရသဖြင့် သူတို့၏သင်္ဘောကို ဂရုတစိုက် ထိန်းနေရ၏။ သင်္ဘောသား လူရိုင်းကြီးမှာ မည်သို့မျှ အနှောက်အယှက် မပေးဘဲ ဦးပိုင်းရှိ အခန်းတွင်း၌ ငြိမ်သက်စွာ ရှိနေလေသည်။ လေသည် တဖြည်းဖြည်း ပြင်းထန်လာသည်ကို တွေ့ရသဖြင့် လင်ကွန်းကျွန်းကို အချိန်မီ ပြန်ရောက်ရန် ကြိုးစားလျက် ရှိကြ၏။ ၁၇ ရက်နေ့ နံနက်၌ သူတို့သည် ပင်လယ်ပြင်တွင် ၄၈ နာရီမျှ ခရီး ပေါက်၍လာခဲ့လေပြီ။

၁၈ ရက်နေ့နံနက်၌ လှိုင်းလုံးများ ပိုမို ပြင်းထန်လာ၍ မကြာခဏ သင်္ဘောကုန်းပတ်ကို ဖြတ်ကျော်လျက် ရှိနေ၏။ အခန်းထဲ၌ လှောင်ထားသည့် သင်္ဘောသားသည် ကုန်းပတ်ပေါ်သို့ ရုတ်တရက် တက်လာပြီးနောက် ရေများ လျော့ကျသွားအောင် ကူညီပေးသည်ကို တွေ့ရသဖြင့် သူ၏ ဦးခေါင်းထဲသို့ သင်္ဘောသားတစ်ယောက်၏ အသိဉာဏ်များ တဖြည်းဖြည်း ဝင်ရောက်လာကြောင်း သိရတော့၏။ ညဥ့်အချိန်သို့ ရောက်သောအခါ ပင်လယ်ပြင်ကြီး တစ်ခုလုံး မဲမှောင်နေသဖြင့် မည်သည့် အရာကိုမျှ မမြင်ကြရတော့ချေ။

ပင်ကရော့နှင့် သူ၏အဖော်များသည် တစ်ရေးမျှ မအိပ်ကြဘဲ





သင်္ဘောကိုသာ ဆားရန် မရှိစေရန် ဂရုစိုက် ထိန်းသိမ်းလျက် ရှိကြလေသည်။ နောက်တစ်နေ့ နံနက် ၁၀ နာရီ အချိန်ခန့်တွင် ပင်ကရော့သည် အကျင့်ရသော မျက်စေ့များဖြင့် ပင်လယ်ပြင်ကို စူးစိုက် ကြည့်ရှုလျက်ရှိရာမှ "မီးရောင်တစ်ခု မြင်ရတယ် . . ." ဟု ရုတ်တရက် အော်လိုက်၏။

အရှေ့ မြောက်ဘက် မိုင် ၂၀ ခန့် အကွာတွင် မီးရောင်ကို ကောင်းစွာ မြင်ကြရသောအခါမှ အားရဝမ်းသာ ထိုနေရာသို့ ဦးတည်မောင်းနှင်ကြလေသည်။ ထိုမီးရောင်မှာ သင်္ဘောလမ်းကြောင်းကို သိနိုင်စေရန် ကပ္ပိတန် ဟားဒီန်းက မီးဖြင့် ကျွန်းပေါ်မှ အချက်ပြခြင်း ဖြစ်ရမည်ဟု ယုံကြည်ကြ၏။ သူတို့မြင်ရသော မီးရောင်မှာ ကြယ်ကြီး တစ်လုံးကဲ့သို့ အလွန် တောက်ပလျက် ရှိလေသည်။

## ပြန်လည်ရောက်ရှိလာခြင်း

ဘွန်အက်ဒ်ဘင်ရှား ရွက်သင်္ဘောသည် ၄ ရက်ကြာမျှ ပင်လယ်ခရီးကို ဖြတ်သန်းခဲ့ပြီးနောက် အောက်တိုဘာလ ၂၀ ရက်နေ့ နံနက် ၇ နာရီအချိန်တွင် မြစ်ဝသို့ညင်သာစွာ ဝင်ရောက်လာလေသည်။

ဆိုးရွားသော ရာသီဥတုကြောင့် တစ်ကြောင်း၊ ခန့်မှန်းသည့်နေ့တွင် ပင်ကရော့တို့အဖွဲ့ ပြန်၍ ရောက်မလာသဖြင့် တစ်ကြောင်း ကပ္ပတိန် ဟားဒီန်းနှင့် နက်တို့သည် ပရော့စပက် တောင်ကုန်းပေါ်သို့ စိတ်လက် မအီမသာ တက်ခဲ့ကြပြီးနောက် ပင်လယ်ပြင်ဘက်သို့ ကြည့်လိုက်ရာ သင်္ဘော ဝင်လာသည်ကို မြင်လိုက်ကြရ၏။ ထိုအခါ နက်က . . .

"ဟိုမှာ လာနေပြီ . . . ကပ္ပတိန်"

ဟု အော်ဟစ်ကာ အားရဝမ်းသာ ခုန်ပေါက်လျက်ရှိ၏။ နွတ်မှလည်း "ဆရာတို့ ပြန်လာကြပြီ၊ ဆရာတို့ ပြန်လာပြီ" ဟု ကတွတ်တွတ် ရေရွတ်လျက် ရှိလေသည်။ ကပ္ပတိန် ဟားဒီန်းသည် သင်္ဘောကုန်းပတ်ပေါ်မှ လူများကို ရေတွက်ကြည့်ရာ ပင်ကရော့၊ စပီလက်နှင့် ဟာဗတ်တို့သုံးဦးကိုသာ သင်္ဘောကုန်းပတ်ပေါ်တွင် ပထမ တွေ့မြင်လိုက်ရသဖြင့် သူတို့သွားရောက်ရှာဖွေသော တဘိုးကျွန်းပေါ်မှလူကို မတွေ့ခဲ့၍ပေလော၊ သို့မဟုတ် ထိုသူက လိုက်ရန် ငြင်းဆိုနေသောကြောင့် ခေါ်လာမသိ၊ ထိုသူမပါဘဲ သူတို့သုံးယောက်သာ ပြန်လာကြသည်ဟု သူ၏စိတ်တွင် ထင်မည်ဆိုက ထင်လောက်စရာ ဖြစ်နေ၏။ သင်္ဘောသည် ကမ်းစပ်၌ ကျောက်ချ၍ ရပ်နားလိုက်သောအခါ ကပ္ပတိန် ဟားဒီန်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အတွက် စိတ်ပူလိုက်ရတာ၊ ဘာဖြစ်ကြသေးလဲ"

"ဘာမှ မဖြစ်ပါဘူး . . . ချောချော မောမောပါပဲ၊ ပြီးတော့ အားလုံး ပြောပြမယ်"

ဟု စပိလက်က သင်္ဘောပေါ်မှ အော်၍ ပြောလိုက်၏။

"ဒါပေမယ့် မင်းတို့ သွားရှာတဲ့ လူကို မတွေ့ခဲ့ဘူး မဟုတ်လား။ အသွားတုန်းက အတိုင်း သုံးယောက်ထဲ ပြန်လာတော့ . . . "

"ဟုတ်ကဲ့ . . . တွေ့ပါတယ်"

"အခု . . သူ့ကို ခေါ်လာခဲ့သလား"

"ဟုတ်ကဲ့ ခေါ်လာခဲ့ပါတယ်"

"အသက်မှ ရှိသေးရဲ့လား၊ သူက ဘယ်သူလဲ၊ အခု ဘယ်မှာလဲ"

"ရှိပါတယ် . . . အခု သူ့ကို လူသားတစ်ယောက်လို့ ပြောရင် ယုံချင်မှ ယုံမှာ"

ထို့နောက်ကပ္ပတိန်ဟားဒိန်းအား သင်္ဘောခရီးစဉ်အကြောင်း၊ တဘိုးကျွန်း၌ လူပျောက်ကို လိုက်လံရှာဖွေကြခြင်းအကြောင်း၊ လူမနေသော တဲအိမ်ကလေးအကြောင်းနှင့် သင်္ဘောပျက်၍ ကျွန်းပေါ်ရောက် နေသူအား ခက်ခက်ခဲခဲနှင့် ဖမ်းကြရခြင်း အကြောင်းများကို ပင်ကရော့က အလုံးစုံပြောပြလိုက်၏။

"အဲဒါပါပဲ၊ သူ့ကို ခေါ်လာတာ မှန်ပါ့မလားလို့ ကျွန်တော်လည်း မပြောတတ်တော့ဘူး"

"ခင်ဗျားတို့ လုပ်တာတွေ အားလုံးမှန်တယ်။ တရားသဖြင့် လုပ်ကြတာပဲ"

"ဒါပေမယ့် ဒီကောင်က စိတ်မနှံ့တော့ဘူး"

"ဒီလူဟာ လွန်ခဲ့တဲ့ သုံးလေးလလောက်က ခင်ဗျားတို့ ကျုပ်တို့လို လူတစ်ယောက်ပဲ မဟုတ်လား၊ တစ်ယောက်ထဲနေရတဲ့ ဒုက္ခဟာ အင်မတန်ကြီးတယ်၊ ပြီးတော့ အင်မတန် စိတ်ချောက်ချားနေတတ်တယ်"

"ဒီလူ အခုလို စိတ်ရူးပေါက်သွားတာ မကြာသေးဘူးလို့ ဘာကြောင့် ပြောနိုင်တာလဲ"

"ပုလင်းထဲက သူရေးထားတဲ့ စာကိုကြည့်ပြီး ပြောတာပေါ့ကွ၊ စာက ရေးထားတာ ဘာကြာသေးလို့လဲ"

အထက်ပါအချက်များမှာ အားလုံးတွေးထင် ယူဆချက်များသာ ဖြစ်ကြောင်း စပိလက်က ပြောရာ ကပ္ပတိန်ဟားဒိန်းက ပုလင်းထဲက စာအရ ကျွန်းပေါ်တွင် လူတစ်ယောက်ရှိကြောင်းသာ ဖော်ပြထားပြီးလျှင် ယခု တဘိုးကျွန်းတွင်လည်း သူ့ကိုသာတွေ့သဖြင့် ထိုသူက ရေးသောစာဖြစ်လိမ့်မည်ဟု





သာ ယူဆရခြင်း ဖြစ်ကြောင်းဖြင့် ကပ္ပတိန်က ရှင်းပြလေသည်။

မကြာမီ ထိုသူအား သင်္ဘောဦးခန်းမှ ထုတ်၍ ကျွန်းပေါ်သို့ ခေါ်ခဲ့ရာ ၎င်းကိုကြည့်ပြီးလျှင် ကပ္ပတိန်ဟားဒိန်းနှင့် နက်တို့မှာ အတော်ပင် ဝမ်းနည်းမိကြလေသည်။ ကုန်းပေါ်သို့ ရောက်လျှင်ရောက်ခြင်း ထိုသူ၏အမူအရာမှာ ထွက်ပြေးမည့်ကဲ့သို့ ဖြစ်နေသဖြင့် ကပ္ပတိန်ဟားဒိန်းက ၎င်း၏ပခုံးပေါ်သို့ သူ၏လက်ကိုတင်လိုက်ပြီးနောက် မျက်နှာကို စူးစိုက်ကြည့်လိုက်သောအခါမှ ထိုသူလည်း ငြိမ်သက်သွားတော့၏။ ထိုသူ၏ အင်္ဂါရုပ်ကို ကြည့်ခြင်းအားဖြင့် သူသည် အင်္ဂလိပ် သို့မဟုတ် အမေရိကန်လူမျိုးတစ်ယောက် ဖြစ်သည်ဟု ထင်ရလေသည်။

ထို့နောက် ကပ္ပတိန်ဟားဒိန်းက ထိုသူ့အားမည်ကဲ့သို့ စတင်တွေ့ရကြောင်း မေးမြန်းရာ ဟာဗတ်က မိမိသည် တဘိုးကျွန်းပေါ်၌ သစ်ချေများနှင့် သစ်ပင်အချို့ကို တူးဆွနေစဉ် အနီးရှိ သစ်ပင်တစ်ပင်ပေါ်မှ တစ်စုံတစ်ရာကျလာသံ ကြားလိုက်ရပြီးနောက် မိမိထံသို့ လူလိုလို မျောက်လိုလို အကောင်ငယ်တစ်ကောင် ပြေးလာပြီးလျှင် မိမိအား ဖမ်းဆီးသဖြင့် ထွေးလုံးရစ်ပတ်နေကြောင်း၊ သို့ရှိစဉ် ပင်ကရော့နှင့် စပိလက်တို့ မိမိထံသို့ ရောက်လာပြီးလျှင် အချိန်မီ ကယ်ဆယ်လိုက်ခြင်း ဖြစ်ကြောင်းဖြင့် ရှင်းပြောပြလသည်။

ဤသို့ဖြင့် မိမိတို့၏ အတွေ့အကြုံများကို ပြောပြရင်း နံနက်စာကို စားသောက်ကြ၏။ သင်္ဘောပေါ်တွင်ရှိသည့် တဘိုးကျွန်းမှ ယူလာခဲ့သော ပစ္စည်းများကိုလည်း ကျွန်းပေါ်သို့ ဂရုတစိုက်ချပြီးနောက် ဝက်များကိုလည်း မွေးမြူရေးခြံသို့ ပို့လိုက်ကြ၏။ တဘိုးကျွန်းမှ ရခဲ့သည့် ယမ်းနှင့် ကျည်ဆံအပြည့်ပါသော စည်ပိုင်းများမှာ သူတို့၏ လက်နက်တိုက်အတွက် များစွာ အရေးကြီးသော ပစ္စည်းများဖြစ်လေသည်။ ဤကဲ့သို့ သင်္ဘောပေါ်မှ ပစ္စည်းများ အားလုံးကို ကုန်းပေါ်သို့ချပြီးနောက် သင်္ဘောကို မီးပုံးပျံဆိပ်၌ ရွှေ့ပြောင်းထားလျှင် သင့်လျော်မည် ဖြစ်ကြောင်းဖြင့် တိုင်ပင်ကြပြီးလျှင် ထိုနေရာသို့ ပြောင်းရွှေ့ထားလိုက်ကြ၏။ ကပ္ပတိန်ဟားဒိန်းကလည်း မာစီမြစ်ဝနှင့် မနီးမဝေး တစ်နေရာတွင် သူတို့သင်္ဘောအတွက် သင်္ဘောဆိပ်တစ်ခု ဆောက်လုပ်ရန် ရည်ရွယ်ကြောင်း ပင်ကရော့အား ပြောပြလေသည်။

တဘိုးကျွန်းပေါ်မှ သူတို့ခေါ်ခဲ့သူမှာ 'ဂရင်းနိုက်' အိမ်ကြီး အတွင်း၌ ထမ မနေတတ် မထိုင်တတ် ဖြစ်နေသည်ကို တွေ့ရသော်လည်း တဖြည်းဖြည်း နေသားကျလာသောအခါ သူ့အား လွတ်လပ်စွာ သွားလာခွင့် ပေးထားလိုက်လေသည်။ ချက်ပြုတ်ထားသည့် အစားအစာကိုမူ သူသည် နှစ်သက်ပုံမရချေ။ တစ်နေ့ထိုသူ အိပ်ပျော်နေစဉ် ကပ္ပတိန်ဟားဒိန်းသည် သူ၏ဆံပင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဆိတ်များကို ညှပ်ပစ်လိုက်ပြီးလျှင် အဝတ်အစားများကိုလည်း သင့်တော်
အောင် ဝတ်ဆင်ပေးလိုက်သဖြင့် ၎င်းမှာ ယခင်ကထက် များစွာကြည့်
ကောင်းလာတော့၏။ ကပ္ပတိန်က ထိုသူ၏အနီးတွင် စိတ်ဝင်စားစေမည့် အ
တွင်းမှ အလုပ်များကို လုပ်ကိုင်ပြ၏။ သင်္ဘောအကြောင်းများနှင့်ရေကြော
ခရီးသွားလာမှုအကြောင်းများကို သူကြားအောင် အနီးတွင် ဝိုင်းဖွဲ့၍ စကား
ပြောကြ၏။ ၎င်းကလည်း ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများ ဝိုင်းဖွဲ့ပြော
သည့် စကားများကို တစ်ခါတစ်ရံ နားလည်သကဲ့သို့ ဂရုစိုက်၍ နားထောင်
သည်ကို တွေ့ရ၏။ ၎င်းမှာ စကားတစ်လုံးမျှ မပြောသော်လည်း စကား
တော့မည်ကဲ့သို့ ပါးစပ်ပြင်နေသည်ကို တွေ့မြင်ရသဖြင့် မကြာမီ စကား
လိမ့်မည်ဟု ယုံကြည်ကြ၏။ သူသည် ကပ္ပတိန်ဟားဒိန်းကို ပိုမို၍ ခင်မင်ပုံ
အိမ်ကြီးပေါ်မှနေ၍ ပင်လယ်ပြင်ကြီးကိုသာ မြင်နေရသဖြင့် ထိုသူအား တော
တစ်နေရာ ခေါ်သွားကာ သူ၏စိတ်ကို ပြောင်းပေးလျှင် သင့်လျော်မည့်
အကြောင်းဖြင့် ကပ္ပတိန်ဟားဒိန်းက အကြံပေး၏။ တောထဲသို့ ထွက်ပြေး
ကို စိုးရိမ်ရန်ရှိသော်လည်း ဤကဲ့သို့ ပြောင်းလဲ၍ စမ်းသပ်ရန်လိုကြောင်း
ကပ္ပတိန်ဟားဒိန်းက ပြောပြီးနောက် ထိုသူ့အားခေါ်ကာ သူတို့ လူစုသည်
အိမ်ကြီးပေါ်မှ ဆင်းခဲ့ကြ၏။ အောက်သို့ရောက်သောအခါ ကပ္ပတိန်ဟားဒိန်း
နှင့် သူ၏လူများက ထိုလူ၏နောက်မလှမ်းမကမ်း လိုက်ခဲ့ကြ၏။ ပင်လယ်
ကမ်းခြေဘက်သို့ ၄-၅ လှမ်း သွားပြီးနောက် သူသည် ပင်လယ်ပြင်ကြီး
စိုက်၍ကြည့်နေ၏။

စပိလက်က ၎င်းအား ကြည့်ပြီးနောက် . . .

"ပင်လယ်ပြင်ကြီးကို မြင်ရတော့ ထွက်ပြေးချင်စိတ် မပေါ်သေး

"ဟုတ်တယ် တောင်ပေါ်ခေါ်သွားပြီး တောအုပ်နားမှာ သွားထား
ကြည့်ရင် ပိုကောင်းမယ်"

ဟု ကပ္ပတိန်က ပြောလိုက်၏။

"သူ ထွက်မပြေးနိုင်ပါဘူး၊ တံတားတွေက အပေါ်ဆွဲမ, ထားတာ

"ဂရစ်စလင်း ချောင်းလောက်တော့ သူတစ်ချက်ခုန်လောက်ပဲ ရှိ

ဤသို့ဖြင့် မိမိတို့ထင်မြင်ချက်များကို အသီးသီးပြောဆိုကြ
နောက် ၎င်းအားမာစိမြစ်၏ လက်ဝဲဘက်ကမ်းအတိုင်း လျှောက်ပြီးလျှင်
တောင်ကုန်းပေါ်သို့ ခေါ်သွားကြ၏။ တောတောင်များကို မြင်သဖြင့် ထို
ထွက်ပြေးသွားမည်လောဟု သူ့အားကပ္ပတိန်နှင့် သူ့လူများက မလှမ်းမကမ်း
သတိထား၍ကြည့်နေကြ၏။ သို့သော် သူတို့ထင်သည့် အတိုင်းမပြုလုပ်
ထိုသူသည် တောတောင်များကိုကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်





ကို တွေ့ရကြ၏။ သူသည် ဂရစ်စလင်း ချောင်းအနီးသို့သွားရောက်ကာ တစ်ဘက်သို့ ခုန်၍ကူးလိုက်မည်ကဲ့သို့ ဒူးနှစ်ဖက်ကို ကွေးလိုက်မိပြီးမှ စိတ်ပြောင်းသွားသည့်ဟန်ဖြင့် ရှိုနေရာ ၌ ဒူးထောက်၍ ထိုက်လိုက်ကာ သူ၏ မျက်လုံးအိမ်မှ မျက်ရည်ပေါက်များသည် ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာသည်ကို မြင်ကြရ၏။

ထိုအခါ ကပ္ပတိန်ဟားဒိန်းက သူ့အား . . .

"မင်း ငိုတတ်လာပြီဆိုတော့ လူတစ်ယောက်ဖြစ်လာပြီပေါ့"

ဟု ပြောလိုက်လေသည်။

## ရှင်းလင်းရန်လိုသည့် လျှို့ဝှက်နက်နဲသော အချက်များ

လင်ကွန်းကျွန်းသို့ ခေါ်ဆောင်၍သော လူသားမှာ သူ၏ရှေးဟောင်းနောင်းဖြစ်များကို သူ၏စိတ်ထဲတွင် တဖြည်းဖြည်း ပေါ်ပေါက်လာပြီးနောက် ပါးပြင်၌ မျက်ရည်များ စီးကျလျက်ရှိလေသည်။

ကျွန်းပေါ်ရှိ ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများက ထိုသူနှင့် မလှမ်းမကမ်းသို့ ခွဲခွာသွားနေကြပြီးနောက် မကြာမီ ၎င်းအားဂရင်း နိုက်အိမ်ကြီးသို့ ပြန်၍ခေါ်လာခဲ့ကြ၏။ ၂ ရက်ခန့်ကြာသောအခါ ထိုသူသည် မကြာခဏ သူတို့နှင့် လာရောက်ရောနှော နေလေ့ရှိသည်ကို တွေ့ရ၏။ အခြားသူများ ပြောဆိုနေကြသည့် စကားများကို နားလည်သည့် အရိပ်အယောင်များ သူ၏ မျက်နှာတွင် ပေါ်လွင်လျက်ရှိ၏။ သို့သော် စကားမပြောဘဲ နေလျက်ပင် ရှိသေး၏။

"လျှို့ဝှက်တဲ့အကြောင်းတွေ ရှိနေလို့ စကားမပြောဘဲ နေတာပါ"

ဟု စပိလက်က မှတ်ချက်ချ၏။

နိုဝင်ဘာလ ၃ ရက်နေ့တွင် တောင်ကုန်းပေါ်၌ သူတို့အားလုံး အလုပ်လုပ်နေကြစဉ် ထိုသူသည် တစ်နေရာ၌ မတ်တတ်ရပ်ရင်း သူ၏ မျက်နှာပေါ်တွင် မျက်ရည်များ ကျလျက်နေသည်ကို တွေ့ရ၏။ သို့နှင့် ကပ္ပတိန်ဟားဒိန်းက ထိုသူ၏အနီးသို့သွား၍ လက်ကိုဆွဲကိုင်ကာ . . .

"သူငယ်ချင်း ဒီဘက်ကို လှည့်ကြည့်ပါဦး"

ဟု ပြောလိုက်၏။

ထိုသူသည် ကပ္ပတိန်ဟားဒိန်းသို့ လှည့်လာသောအခါ သူ၏ နှုတ်ခမ်းများသည် စကားပြောတော့မည်ကဲ့သို့ ပါးစပ် တပြင်ပြင် တလှုပ်လှုပ် တစ်ခုဖြစ်လာပြီးလျှင် ကပ္ပတိန်ဟားဒိန်း၏ ရှေ့တည့်တည့်၌ လက်ပိုက်၍ ရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘယ်သူလဲ"

"မင်းလိုပဲ သင်္ဘောပျက်ပြီး ဒီကျွန်းပေါ်ကို ရောက်လာခဲ့တဲ့လူတွေ တို့က မင့်ကို မိတ်ဆွေတွေရှိတဲ့နေရာ ခေါ်လာတာ"

"မိတ်ဆွေ . . . ဟုတ်လား၊ ကျုပ်မှာ မိတ်ဆွေ မရှိဘူး"

"တို့ဟာ မင်းရဲ့ မိတ်ဆွေပဲ"

ဤသို့ မေးမြန်းပြီးနောက် ထိုသူသည် ကျောက်ကမ်းပါးကြီး၏ ထိပ်သို့ တစ်ယောက်တည်းသွားကာ မလှုပ်မယှက် ရပ်နေသည်ကို တွေ့ရလေ သည်။

ကပ္ပတိန်ဟားဒိန်းသည် သူ၏လူများထံ ချက်ချင်း သွားရောက်ကာ ထိုသူပြောသော စကားများအားလုံးကို ပြန်၍ ပြောပြလိုက်၏။ ထိုအခါ ဗိုလ် လက်က . . .

"ဒီလူရဲ့ ဘဝမှာ လျှို့ဝှက်ချက်တွေ ရှိနေပြီ"

ဟု ပြောလိုက်သဖြင့် ပင်ကရော့ကလည်း ထိုသူတွင် အပြစ်မကင်း သည့် လျှို့ဝှက်ချက်များ ရှိနေမည်ဖြစ်ကြောင်းဖြင့် သူ၏ထင်မြင်ချက်ကို ပြော ပြလေသည်။ ထိုအခါ ကပ္ပတိန်က မည်သည့်လျှို့ဝှက်ချက်ပင် ဖြစ်စေ သူတို့ အားလုံးက ၎င်းကို ခွင့်လွှတ်ကြရမည် ဖြစ်ကြောင်းပြောပြ၏။ ထိုသူသည် နာရီတိတိ မတ်တပ်ရပ်နေပြီးနောက် ကပ္ပတိန်ဟားဒိန်းထံသို့ ပြန်လာပြီးလျှင် ဦးခေါင်းကို ငုံ့လျက် . . .

"ခင်ဗျားတို့က အင်္ဂလိပ်လူမျိုးတွေလား"

"မဟုတ်ဘူး၊ အမေရိကန် လူမျိုးတွေပါ"

"ဒီလိုဆိုရင် တော်သေးတာပေါ့"

"မင်းကကော . . ."

"အင်္ဂလိပ်လူမျိုးပါ"

ထိုသူသည် ရှေ့သို့ အနည်းငယ်တိုးလာပြီးနောက် . . .

"အခုဘာလလဲ"

"ဒီဇင်ဘာလ"

"ဘယ်နှစ်ခုနှစ်လဲ"

"၁၈၆၆ ခုနှစ်"

"ဆယ့်နှစ်နှစ်တောင် ရှိနေမှပဲ"

ဟု ညည်းတွားလိုက်ပြီးနောက် တစ်နေရာသို့ ထွက်သွားပြန်လေ သည်။

ပင်ကရော့က ထိုသူသည် သင်္ဘောပျက်၍ ကျွန်းပေါ်ရောက်နေခြင်း





မဟုတ်ဘဲ အပြစ် တစ်စုံတစ်ရာ ရှိသဖြင့် ကျွန်းပေါ်တွင် ထားပစ်ခဲ့သူဖြစ်မည် ထင်ကြောင်းဖြင့် ပြောပြလေသည်။ တစ်နေ့နေ့တွင် သူ့အား သက်ဆိုင်သူများ က လာ၍ခေါ်ရန် အကြောင်းရှိကြောင်း တာဘိုးကျွန်းပေါ်တွင် ထိုသူသည် ရိုင်းစိုင်းသော ဘဝသို့ ရောက်နေသည်မှာ အတော်ပင်ကြာပြီ ထင်ကြောင်းဖြင့် သူ၏ထင်မြင်ချက်ကို ပြောပြရာ၊ ကပ္ပတိန် ဟားဒိန်းက . . .

"ဖြစ်နိုင်ပါတယ်"

ဟု ထောက်လိုက်၏။

"ဒီလိုဆိုရင် ပုလင်းထဲကစာကို ရေးထားတာ ကြာပြီပေါ့"

"ဒါပေမယ့် စာရွက်ကိုကြည့်ရတာ မကြာသေးခင်က ရေးထား သလိုပဲ"

ဤသို့တစ်ယောက်တစ်ခွန်း အမျိုးမျိုး တွေးတောပြောဆိုလျက် ရှိ ကြ၏။ ကပ္ပတိန် ဟားဒိန်းကမူ ထိုသူကိုယ်တိုင် သူ၏ အကြောင်းစုံကို ဖွင့်ဟ ပြောဆိုသည့်နေ့အထိ စောင့်ဆိုင်းကြည့်ရှုရန် အကြံပေးပြီးလျှင် စကားလက်စ ဖြတ်လိုက်၏။ နောက်နေ့များတွင်လည်း ထိုသူသည် မည်သည့်အကြောင်းကို မျှ မပြောသေးဘဲ အိပ်ချိန်သို့ ရောက်သောအခါတိုင်း ကမ်းနားရှိ ကျောက်ကြီး ကျောက်ကြားများဆီသို့ သွား၍-အိပ်နေပြီးလျှင် ဟင်းသီးဟင်းရွက်များကို စားသောက်နေကြောင်း တွေ့ရ၏။

နိုဝင်ဘာလ ၁၀ ရက်နေ့ ည ၈ နာရီအချိန်တွင် ထိုသူသည် ကပ္ပတိန် ဟားဒိန်းတို့ထံ ရုတ်တရက် ရောက်လာပြီးနောက် သူ့အား မည်သည့်အတွက် တာဘိုးကျွန်းမှ ဤနေရာသို့ ခေါ်လာသည်ကိုလည်းကောင်း၊ မည်သည့်အတွက် ထိုကျွန်းပေါ်သို့ သူရောက်နေသည်ကို လည်းကောင်း သိမသိ အံ့သြကြီးနှင့် မေးလိုက်၏။ ကပ္ပတိန်က ရှေ့သို့ အနည်းငယ် တိုးလိုက်ရာ၊ ထိုသူက . . .

"ကျုပ်အနားမလာနဲ့၊ တစ်ခု မေးချင်တယ်။ ကျုပ်လွတ်လွတ် လပ် လပ် သွားနိုင်ပြီလား"

"မင်းသွားချင်တဲ့နေရာ သွားနိုင်ပါတယ်"

"ကိုင်း . . . ဒါဖြင့် သွားလိုက်ဦးမယ်"

သို့ နှုတ်ဆက်ပြီးနောက် ထိုသူသည် တောစပ်အတွင်းသို့ တဖြည်း ဖြည်းဝင်သွားသည်ကို ကြည့်ရှုလျက်ရှိကြ၏။

"သူကတော့ ပြန်လာတော့မှာ မဟုတ်ဘူး"

"ပြန်လာမှာပါ"

ထို့နောက် သူတို့လူစုမှာ ပရော်စပက်တောင်ကုန်းပေါ်တွင် စိုက်ပျိုး ရေးနှင့် ကြက်ခြံများကို ပြင်ဆင်ရန် ကိစ္စအတွက် သွားရောက်နေသဖြင့် ထို



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှစ၍ သူတို့သည် မအားလပ်နိုင်အောင် ရှိနေကြတော့၏။

နိုဝင်ဘာလ ၁၅ရက်နေ့တွင် ဂျုံစိုက်ခင်းသို့ သွားကြပြီးလျှင် တစ်ဝ... မြောက် ဂျုံများကို ရိတ်သိမ်းကြရာ၊ ဂျုံစေ့တင်းပေါင်း လေးထောင်ကို ရရှိသဖြ... အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်၍ နေကြတော့၏။

ဂျုံစေ့များကို ရရှိပြီးဖြစ်သော်လည်း ဂျုံမှုန့်ပြုလုပ်ရန် လိုသေးသဖြ... ဂျုံကြိတ်သည့်စက် ဟာစ်ခုပြုလုပ်ကြရပေဦးမည်။ သို့နှင့် ဂရန့်ရေကန်နှင့် ကြ... ခြံများ အနီးတွင် ဂျုံစက်တစ်ခု ဆောက်လုပ်ရန် လိုအပ်သော သစ်များ၊ ကင်... ဘတ်ပိတ်စများ၊ ကြိုးများနှင့် ကျောက်ဒလိမ့်တုံးများကို စုဆောင်းရှာဖွေပြီးလျှ... ပရော်စပက်တောင်၌ လေရဟတ်တစ်ခု ဝိုင်းဝန်းဆောက်လုပ်ကြရာ၊ ဒီဇင်ဘာ... လ ၁ ရက်နေ့တွင် ရဟတ်ယာဉ်နှင့်တကွ အမှုန့်ကြိတ်စက်များပါ ပြီးစီးသွား... လေသည်။ ထိုနေ့၌ပင် ဂျုံစေ့သုံးတင်းကို စမ်းသပ်၍ ကြိတ်ကြ၏။ နောက်တစ်... နေ့တွင် ယင်း ဂျုံမှုန့်များကို တဆေးနှင့် နယ်ပြီးလျှင် ပေါင်မုန့်ဖုတ်ကြ၏။ ထိုနေ့ညစာတွင် ပထမဆုံးပေါင်မုန့်ကို စားကြရသောကြောင့် အားလုံး ဝမ်းသာ... ၍ မဆုံးနိုင်အောင် ရှိကြလေသည်။

ထိုအချိန်ထိ ပြန်၍ရောက်မလာသဖြင့် ထိုသူမှာ အရိုင်းစိတ်ပေါက်... သွားပြီးလျှင် တောတွင်း၌ ဆက်လက် နေထိုင်လိမ့်မည်ဟု အခြားသူများအ... အထင်ရောက်ကြသော်လည်း ကပ္ပတိန်ဟားဒိန်းကမူ ရှေ့တွင် ဖြစ်ပျက်မည့်... အကြောင်းများကို ကြိုတင်သိမြင်ကဲ့သို့ မကြာမီပင် ပြန်၍ရောက်လာလိမ့်မည်... ဖြစ်ကြောင်း၊ တဘိုးကျွန်းပေါ်တွင် သူတစ်ယောက်ထည်း နေရသော်လည်း... ယခုလင်ကွန်းကျွန်းတွင် သူ့အား သနားကြင်နာတတ်သည့် မိတ်ဆွေများ ရှိနေ... ပြီကို သိနေပြီဖြစ်၍ တစ်ကြောင်း၊ သူ၏ရာဇဝင်ကိုလည်း ကိုယ်တိုင်အတန်ငယ်... ပြောပြပြီး ဖြစ်သဖြင့် တစ်ကြောင်း၊ သူ၏အဖြစ်အပျက် အားလုံးကို ပြောပြရန်... ပြန်၍ လာလိမ့်မည် ယုံကြည်ရကြောင်းဖြင့် ကပ္ပတိန်က သူ၏လူများကို ရှင်း... လင်းပြောပြလေ၏။

ဒီဇင်ဘာ ၃ ရက်နေ့တွင် ဟာဗတ်သည် ငါးများရန် ဂရန့်ရေကန်၏... တောင်ဘက်ကမ်းခြေသို့ လက်နက် တစ်စုံတစ်ရာမပါဘဲ ထွက်ခဲ့၏။ ထိုအချိန်... တွင် နက်သည် ကြက်ခြံကို ပြင်ဆင်လျက်ရှိရာ ကပ္ပတိန်နှင့် စပီလက်တို့က... ကျောက်ခေါင်းတိုင်လိုဏ်ဂူတွင် ဆော်ဒါများ ပြုလုပ်လျက်ရှိကြ၏။ ဤကဲ့သို့... အလုပ်များနေကြစဉ် "ကယ်ကြပါဦး . . ကယ်ကြပါဦး" ဟု ရုတ်တရက် အော်... ဟစ်လိုက်သော ဟာဗတ်၏အသံကို ကြားရသဖြင့် 'ပင်ကရော့'နှင့် 'နက်'တို့... သည် အသံကြားရာ ရေကန်ဘက်သို့ အပြေးအလွှား သွားရောက်ကြ၏။ ထိုနေရာသို့ရောက်အခါ ဟာဗတ်က သစ်ပင်တစ်ပင်ကိုမှီလျက် မလှမ်းမကမ်း...





...တွင် ကျားသစ်တစ်ကောင်သည် ၎င်းအား ခုန်အုပ်တော့မည့်ကဲ့သို့ ရှိနေသည်ကို တွေ့ရ၏။

သို့ရှိစဉ် တဘိုးကျွန်းမှ ခေါ်လာသော လူရိုင်းသည် အနီးရှိ သစ်ပင်... နောက်မှ မမျှော်လင့်ဘဲ ရုတ်တရက် ထွက်လာပြီးလျှင် ကျားသစ်ကို ပင်၍လုံး... ထား ဓားမြှောင်ဖြင့် ထိုးသတ်လျက်ရှိနေ၏။ ထိုသူသည် ကျားသစ်၏လက်... များကို အတင်းတွန်းပစ်ကာ နှလုံးသားရှိသော နေရာသို့ ဓားမြှောင်ကို တအား... ထိုးစိုက်လိုက်ရာ၊ ကျားသစ်ကြီးမှာ ချက်ချင်းလိုပင် တစ်ဘက်သို့ စောင်း၍လဲ... ကျသွားတော့၏။

ဟာဗတ်သည် သူ၏အသက်ကို ကယ်လိုက်သူအား လက်ကိုဆွဲ၍ မိမိနှင့်အတူ လိုက်၍နေရန် ထိုသူအား ပြောဆိုတောင်းပန် လျက်ရှိ၏။ ထိုသူ၏ လက်မောင်းမှာ ကျားသစ်ကုတ်သော ဒဏ်ရာမှ သွေးများယိုစီးလျက်ရှိရာ ထို အချိန်၌ပင် ကပ္ပတိန်ဟားဒိန်းသည် ၎င်း တို့အနီးသို့ ရောက်လာပြီးနောက်

"ဟာဗတ်အတွက် မင်းအသက်စွန့်ပြီး ကယ်ဆယ်လိုက်တာ ကျေး... ဇူးတင်ပါတယ်"

"ကျုပ်အသက်ကို ပြောနေတာလား၊ ကျုပ်အသက်က ဘာတန်ဖိုး ရှိလို့လဲ"

"မင်းလက်မှာ ဒဏ်ရာရနေတယ်"

"ကိစ္စမရှိပါဘူး"

ဤသို့ ပြောလိုက်စဉ် ဟားဗတ်က ထိုသူ၏လက်မောင်းကို ဆွဲထား... ၏။ ထိုသူသည် ကိုယ်ကိုမတ်မတ်ရပ်လိုက်ပြီးလျှင် ကပ္ပတိန် ဟားဒိန်းအား စေ့စေ့ကြည့်၍ "ခင်ဗျားက ဘယ်သူလဲ ကျုပ်နဲ့ ဘာဆိုင်လို့လဲ" ဟုမေးလိုက်သဖြင့် ကပ္ပတိန်ဟားဒိန်းက မိမိတို့သည် မီးပုံးပျံကြီးနှင့် ထွက်ပြေးလာခဲ့ရာ ဤကျွန်းပေါ်သို့ ရောက်လာပြီးနောက် နေထိုင်စရာ စားသောက်စရာ မရှိသဖြင့် ဒုက္ခရောက်ခဲ့ရပုံ၊ တဖြည်းဖြည်းနှင့် အစစအရာရာ ပြည့်စုံအောင်ကြိုးစား လုပ်ကိုင်ခဲ့ကြရပုံများကို အတိုချုံး၍ ပြောပြလိုက်လေသည်။

"ဒီမှာ ရဲဘော်၊ ကျုပ်တို့အကြောင်းကို ပြောပြီးပြီ၊ မင်း လက်ပြစမ်းပါ"

"မပြနိုင်ဘူး၊ ခင်ဗျားတို့က လူရိုးလူကောင်းတွေ ကျုပ်က"

ထိုသူသည် စကားကို ရှေ့သို့ဆက်၍ မပြောတော့ဘဲ ဤ နေရာတွင် ရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



## တစ်ဦးတည်းနေထိုင်ခြင်း

ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများက တဘိုးကျွန်းမှ ခေါ်လာသူအား သူတို့နှင့်အတူနေရန် ကမ်းလှမ်းလျက်ရှိသော်လည်း၊ အတိတ်ဘဝက အပြစ်များ ကျူးလွန်ခဲ့သော ထိုသူအဖို့ ယခုကဲ့သို့ ရိုးသားဖြောင့်မတ်သောသူများနှင့် အတူမနေထိုက်ဟု ယူဆလျက်ပင် ရှိနေသေး၏။ သို့သော် ဟာဗတ်အား ကျားသစ်၏ရန်မှ ကယ်ဆယ်လိုက်သည့် နောက်ပိုင်းတွင်မှ သူသည် ဂရင်းနိုက်အိမ်ကြီး၏ ပတ်ဝန်းကျင်၌သာ နေထိုင်လျက်ရှိသည်ကို တွေ့ရ၏။ ကပ္ပတိန်ကမူ ထိုသူ၏ လျှို့ဝှက်ချက်များကို မမေးရန်နှင့် ၎င်းအပေါ်တွင် သကာမကင်းသည့် အရိပ်အယောင်များကိုပင် မပြရန် သူ၏လူများအား ပြောထားလေသည်။

ဂရင်းနိုက်အိမ်ကြီးနှင့် ပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်တာ ကိစ္စများ လုပ်ကိုင်လျက်ရှိကြရာ ထိုသူသည် ထိုအလုပ်များကို တတ်နိုင်သမျှ လာရောက် ကူညီသည်ကို တွေ့ရ၏။ သို့သော် အိပ်ချိန်၊ စားချိန်များတွင် ထိုသူသည် ဂရင်းနိုက်အိမ်ကြီးသို့ ပြန်မလာဘဲ တောထဲတွင် ဖြစ်သလို တစ်ယောက်တည်းနေထိုင် စားသောက်လျက် ရှိလေသည်။ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထိုသူသည် ကပ္ပတိန် ဟားဒိန်းထံ ရောက်လာပြီးနောက် . . .

"ကျွန်တော် တစ်ခု မေတ္တာရပ်ခံချင်ပါတယ်"

"ဆိုပါဦး"

"ဒီနေရာကနေပြီး ငါးမိုင်လောက်မှာ ခင်ဗျားတို့ တိရစ္ဆာန်မွေးမြူရေးခြံ တစ်ခုရှိပါတယ်။ တိရစ္ဆာန်တွေကို ကြည့်ရှုစောင့်ရှောက်ဖို့ လိုတဲ့အတွက် ကျွန်တော့်ကို အဲဒီခြံမှာ နေခွင့်ပေးပါ"

"အဲဒီမှာ နေလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

"ဒီလိုဆိုရင် နေနိုင်ပါတယ်၊ ကျုပ်တို့နဲ့အတူ ဂရင်းနိုက်အိမ်ကြီးမှာလည်း အချိန်မရွေး နေနိုင်ပါတယ်။ ဟိုမှာ နေချင်တယ် ဆိုတော့ အဲဒီနေရာကို နေနိုင်အောင် နည်းနည်းပါးပါး ပြုပြင်ပေးဖို့လိုလိမ့်မယ်"

"ကိစ္စ မရှိပါဘူး"

ထိုသူက ကျေးဇူးတင်သည့် အမူအရာဖြင့် ကပ္ပတိန်အား ပြောပြီးလျှင် ပြန်၍ထွက်သွားလေသည်။ ထိုနေ့၌ပင် မွေးမြူရေးခြံအတွင်း၌ လူတစ်ယောက် နေထိုင်နိုင်ရန် ခြံနှင့် ပေ၂၀ ဆယ်ခန့် ဝေးသည့် ကုန်းမြင့်ကလေးတစ်ခုပေါ်တွင် အိမ်တစ်အိမ်ကို ဆောက်ပေးလိုက်၏။ ထို့နောက် တစ်ပတ်ခန့်အကြာ၌ သူ့အား သေနတ်တစ်လက်နှင့် ခဲယမ်းမီးကျောက်များကိုပါ ကပ္ပတိန်ဟားဒိန်းက ပေးလိုက်ပြီးလျှင် ထိုအိမ်၌ နေထိုင်နိုင်ပြီဖြစ်ကြောင်း သူ့အားပြောလိုက်၏။ သို့နှင့် သူကလည်း ၎င်းနေ့ညနေ၌ပင် ထိုအိမ်၌ သွားရောက်နေထိုင်တော့မည့်အကြောင်း ကပ္ပတိန်အား ပြောပြလေသည်။

ကပ္ပတိန်ဟားဒိန်းနှင့် အဖွဲ့သားများသည် ဂရင်းနိုက် အိမ်ကြီး၌ ညစာ စားသောက်ပြီးချိန်တွင် တံခါး ခေါက်သံကြားလိုက်ရ၏။ တံခါးကို ဖွင့်ပေးလိုက်ရာ ထိုသူသည် အိမ်တွင်းသို့ ဝင်လာပြီးနောက် . . .

"ကျွန်တော်ရဲ့ နောက်ကြောင်း ရာဇဝင်ကို ခင်ဗျားတို့ သိဖို့လိုတဲ့အတွက် ကျွန်တော် မသွားခင် ပြောပြခဲ့ပါမယ်"

"တို့ကတော့ မင်းကို ဘာမှ မမေးပါဘူး"

"နို့ပေမယ့် ကျွန်တော့်မှာ ပြောပြဖို့ တာဝန် ရှိပါတယ်"

"ကောင်းပါပြီ . . နားထောင်ဖို့ အဆင်သင့်ပဲ"

သူသည် အခန်းထောင့်တွင် လက်ပိုက်ကာ မတ်တတ်ရပ်လျက် စကားစ၍ ပြောလေသည်။

"လော့ဒ်ဂလီနာဘင် ပိုင်တဲ့ မီးသင်္ဘောတစ်စင်းဟာ ဩစတြေးလျ တိုက် အနောက်ဘက် ကမ်းခြေမှာရှိတဲ့ 'ဘာမိုအူလီ' အငူနားမှာ ကျောက်ချပြီး ရပ်နေတယ်၊ လော့ဒ်ဂလီနာဘင်နဲ့သူ့ဇနီး၊ ဗြိတိသျှတပ်မတော်က ဗိုလ်မှူးတစ်ယောက်၊ ပြင်သစ်ပထဝီ ဆရာတစ်ဦး၊ မိန်းကလေး တစ်ယောက်နဲ့ ယောက်ျားလေးတစ်ယောက် အားလုံးပေါင်း ခြောက်ယောက်၊ သင်္ဘောပေါ်မှာ ပါလာကြတယ်၊ အဲဒီကလေး နှစ်ယောက်ကတော့ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ပျောက်ဆုံးသွားတဲ့ 'ဗြိတိန်နီးယား' သင်္ဘောက ကပ္ပတိန်ရဲ့ သားသမီးတွေပေါ့၊ အဲဒီ သင်္ဘောက 'ဒန်ကင်'လို့ခေါ်တယ်။ ကပ္ပတိန် နာမည်ကတော့ 'ဂျွန်မင်ဂ[illegible]

"သူတို့ ဩစတြေးလျ မလာခင် လွန်ခဲ့တဲ့ ၆ လလောက်တုန်း[illegible] အင်္ဂလိပ် ပြင်သစ်နဲ့ ဂျာမန် ပေါင်းဘာသာ သုံးမျိုးနဲ့ ရေးထားတဲ့ စာတစ်[illegible]စောင်ပါတဲ့ ပုလင်းတစ်လုံးကို 'ဒန်ကင်' သင်္ဘောက 'အိုက်ရစ်' ပင်လယ်ထဲက ဆယ်လို့ရတယ်၊ ဗြိတန်နီးယား သင်္ဘောက ကပ္ပတိန်နဲ့ သင်္ဘောသားနှစ်ယောက်ဟာ အသက်မသေဘဲ ကျွန်းတစ်ကျွန်းပေါ်ရောက်နေကြောင်း၊ အဲဒီကျွန်းဟာ တောင်ဘက် ၃၇ ဒီဂရီ ၁၁ ပေ လတ္တီတွဒ်နဲ့ ( . . . )လောင်ဂျီတွဒ်မှာ ရှိတယ်လို့ ရေးထားတယ်။ လောင်ဂျီတွဒ် နေရာမှာတော့ ရေငွေ့သန်းပြီး စာပျက်နေလို့ ဖတ်မရတော့ဘူး။ ဒီအကြောင်းကို လော့ဒ်ဂလီနာဘင် သိတာနဲ့ လူစုပြီး ဩစတြေးလျကို 'ဒန်ကင်' သင်္ဘောနဲ့ ခရီးထွက်လာကြတယ်။

"ကမ်းခြေက ၂မိုင် ၃မိုင်လောက်မှာ မွေးမြူရေးခြံတစ်ခု တွေ့လော့



Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



လော့ဒ်ဂလီနာဘင်နဲ့အဖွဲ့က ခဏတဖြုတ် ဝင်နားပြီး ညှော်ဝက်ကျေပွန်တဲ့ ခြံရှင်ကို စကားပြောရင်း 'ဗြိတိန်နီယား' သင်္ဘောအကြောင်းကို စုံစမ်းတယ်။ ဟိုလူက ဘာမှမသိလို့ မပြောနိုင်ဖြစ်နေတုန်း ခြံထဲက အလုပ်သမား တစ်ယောက်က ဝင်လာပြီး သူဟာ ကပ္ပတိန်ဂရန့်ရဲ့ သင်္ဘောသား တစ်ယောက် ဖြစ်တဲ့အကြောင်း၊ သူ့ရဲ့ကပ္ပတိန်ဟာ ဩစတြေးလျ ကမ်းခြေမှာပဲ ရှိလိမ့်မယ်လို့ ဝင်ပြောတယ်"

"အမှန် ပြောရရင်တော့ 'အိုင်တွန်' ဆိုတဲ့ လူက သစ္စာဖောက်၊ ကပ္ပတိန်ဂရန့်ကို ပြန်ပြီး ပုန်ကန်ဖို့ သင်္ဘောသားတွေနဲ့ တိုင်ပင်တာ ပေါ်သွားတာနဲ့ သူ့ကို ဩစတြေးလျမှာ ချထားခဲ့တာပဲ။ ၁၈၅၂ ခုနှစ်ကပေါ့၊ အဲဒီလူက သူ့နာမည်ကို ဘင်ဂျိုက်စ်လို့ နာမည်ပြောင်းပြီး နေခဲ့တယ်"

"လော့ဒ်ဂလီနာဘင်နဲ့အဖွဲ့က ဩစတြေးလျကျွန်းပေါ်မှာ နေခဲ့ကြတယ်။ လော့ဒ်က ပေးလိုက်တဲ့စာကို ဘင်ဂျိုက်စ်က ယူလာပြီး သင်္ဘောပေါ်မှာရှိတဲ့ လက်ထောက် အရာရှိကို ပြတယ်"

"သင်္ဘောကို နယူးဇီလန်ကျွန်းရဲ့ အရှေ့ဘက်ကမ်းမှာ ပြင်ဆင်စရာရှိတာ ပြင်ဖို့ပဲ။ ဘင်ဂျိုက်စ်ဟာ သင်္ဘောလက်ထောက် အရာရှိ အော်စတင်နဲ့ အဆင်မပြေတော့ အရာရှိက သူ့ကို ဖမ်းချုပ် ထားလိုက်တယ်"

"လော့ဒ်ဂလီနာဘင်နဲ့ အဖွဲ့ဟာ ၁၈၅၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှာ ကုန်သင်္ဘောတစ်စင်းနဲ့ ဒန်ကင်သင်္ဘောရှိရာ ရောက်လာပြီး ဘင်ဂျိုက်စ်အကြောင်းသိလို့ ပထမဆုံး ရောက်မယ့်ကျွန်းမှာ သက်ဆိုင်ရာ အင်္ဂလိပ်အစိုးရအာဏာပိုင်တွေ လက်ထဲကို ဘင်ဂျိုက်စ်ကို အပ်ဖို့ စီစဉ်ကြတယ်"

"ဘင်ဂျိုက်စ်က အင်္ဂလိပ် အစိုးရလက်ကို မအပ်ဘဲ ရောက်ရာ ကျွန်းတစ်ကျွန်းပေါ်မှာ သူ့ကို ထားခဲ့ဖို့ တောင်းပန်တယ်။ မကြာခင်ပဲ ကျွန်းတစ်ကျွန်းကို ရောက်လာပြီး အဲဒီကျွန်းပေါ်မှာ ဘုရားမ,လို့ပေါ့ဗျာ ကပ္ပတိန်ဂရန့်နဲ့ သင်္ဘောသား နှစ်ယောက်ကို တွေ့ရတယ်။ အဲဒီကျွန်းက တဘိုးကျွန်းပေါ့"

"ဘင်ဂျိုက်စ်ကို ကျွန်းပေါ်မှာ ထားခဲ့ပြီး ကပ္ပတိန်နဲ့ တပည့်နှစ်ယောက်ကိုတော့ 'ဒန်ကင်' သင်္ဘောနဲ့ ပြန်ခေါ်သွားတယ်။ လော့ဂလီနာဘင်က ဒီကျွန်းကို ကောင်းကောင်း မှတ်မိကြောင်း၊ တစ်နေ့ကျရင် ပြန်လာပြီး ခေါ်မယ်လို့ ဘင်ဂျိုက်စ်ကို ပြောသွားသေးတယ်။ ၁၈၅၅ ခုနှစ် မတ်လ ၁၈ ရက်နေ့မှာ ဒန်ကင်းသင်္ဘောဟာ တဘိုးကျွန်းက ထွက်ခွာသွားတယ်"

"ကပ္ပတိန်ဂရန့်တို့ ဆောက်သွားတဲ့ အိမ်မှာပဲ ဘင်ဂျိုက်စ်က ဆက်နေတယ်။ တစ်ယောက်တည်း နေရတဲ့ဘဝဟာ သိပ်ကြောက်စရာကောင်းကြောင်း သူလည်း နောင်တ ရနေရှာတယ်။ ၃-၄ နှစ် လောက်ကြာတော့





ဘင်ဂျိုက်စ်ဟာ ရိုင်းစိုင်းတဲ့ စိတ်တွေဝင်လာပြီး တိရစ္ဆာန်တစ်ပိုင်းလို ဖြစ်သွားတာကိုတော့ ခင်ဗျားတို့ တဘိုးကျွန်းပေါ်ရောက်တုန်းက ကျွန်တော့်ကို တွေ့တဲ့အတိုင်းပေါ့"

"ဘင်ဂျိုက်စ်နဲ့ အိုက်တွန်ဟာ တစ်ယောက်တည်း ပါပဲလို့ ပြောဖို့မလို တော့ပါဘူး . . ဒါပါပဲ"

ထိုနေရာတွင် သူသည် စကားကို အဆုံးသတ်လိုက်၏။ ထိုစကားများကို ကြားရသောအခါ ကပ္ပိတန်ဟားဒိန်းနှင့် သူ၏လူများမှာ များစွာ စိတ်မကောင်း ဖြစ်သွားကြတော့၏။ ကပ္ပတိန်က . . .

"မင်းနဲ့ လက်ဆွဲ နှုတ်ဆက်ဖို့ အသင့်ပါ"

အိုက်တွန်သည် ကပ္ပတိန်၏ လက်ကို အားရဝမ်းသာ ဆွဲကိုင်လိုက်ပြီးနောက် သူ၏ မျက်နှာပေါ်တွင် မျက်ရည်ပေါက်များ စီးကျလာတော့၏။

"တို့နဲ့ အတူတူနေပါ"

"ခြံထဲက အိမ်လေးမှာပဲ နေပါရစေဦးဗျာ"

"မင်း ကြိုက်သလို နေနိုင်တယ်"

ကပ္ပတိန်က ဤသို့ ပြန်ပြောလိုက်သဖြင့် အိုင်တွန်သည် ပြန်ထွက်သွားတော့မည် ဟန်ပြင်လိုက်ရာ ကပ္ပတိန် ဟားဒိန်းက . . .

"တစ်ခုတော့ မေးပါရစေဦး . . .၊ တစ်ယောက်တည်း တဘိုးကျွန်းပေါ်မှာ နေချင်တဲ့ဆိုတဲ့ လူက ဘာကြောင့် ပုလင်းထဲမှာ စာရေးထည့်ပြီး ပင်လယ်ထဲ မျှောလိုက်တာလဲ"

"စာရေးထည့်လိုက်တယ် . . ဟုတ်လား"

"ဟုတ်တယ် . . စာထဲမှာ တဘိုးကျွန်းရဲ့ နေရာကို အတိအကျ ပြထားတယ်"

"ကျွန်တော် တစ်ခါမှ စာမရေးပါဘူး"

"တစ်ခါမှ မရေးဘူးလား"

"တစ်ခါမှ မရေးပါဘူး"

သို့ ပြောဆိုပြီးနောက် အိုက်တွန်သည် ဦးခေါင်းကို ညွှတ်ကာ ကပ္ပတိန်ဟားဒိန်းအား အလေးပြုပြီးနောက် ဂရင်းနိုက်အိမ်ကြီးမှ ထွက်ခွာသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ဟားဒိန်းက အိုက်တွန်ကို ကရုဏာသက်သော မျက်နှာဖြ ကြည့်ရင်း . . . "သူ ပြန်လာမှာပါ"

ဟု ပြောလိုက်သဖြင့် ပင်ကရော့က . . .

"ပင်လယ်ထဲကို ပုလင်းပစ်ချလိုက်တာ အိုင်တွန် မဟုတ်ရင် ဘယ် သူက ပစ်ချသလဲ မသိဘူး"

ဟု ပြောရာ အနီးတွင် ရှိသော 'နက်'က အိုက်တွန်မှာ စိတ်မနှံ့သ သို့ ဖြစ်နေသဖြင့် ပုလင်းကို ရေထဲ ပစ်ချပြီးနောက် သူကိုယ်တိုင် ဘာလုပ် သည်ကို မသိသောကြောင့် ယခုကဲ့သို့ ပြောခြင်းဖြစ်ပေမည်ဟု ထင်မြင်ချ ပေးလိုက်လေသည်။

ပင်ကရော့က ရှေ့သို့ တိုးလာပြီး . . .

"အိုက်တွန်ဟာ လွန်ခဲ့တဲ့ရှစ်နှစ်လောက်က စာရေးပြီး ပုလင်းထဲ ထည့်၊ ပုလင်းကို ပင်လယ်ထဲ လွှင့်ပစ်လိုက်ရင် ဘာကြောင့် စာရွက်က စာ အားလုံးဟာ ရေငွေ့သန်းပြီး ပျက်မကုန်တာလဲ"

"အိုက်တွန် ပြောတာတွေ အကုန်မှန်တယ်၊ လော့ဒ်ဂလီနာဘင်ဟာ ရွက်သင်္ဘော တစ်စင်းနဲ့ ခရီးထွက်သွားတဲ့ အကြောင်း သတင်းစာထဲမှာ ကျု ဖတ်လိုက်ရတယ်"

ဟားဗတ်၊ ပင်ကရော့နှင့် နက်တို့သုံးဦးတို့သည် နေ့စဉ် လုပ်နေကျ အလုပ်များကို ဆက်လက် လုပ်ကိုင်လျက်ရှိကြစဉ် စပီလက်နှင့် ကပ္ပတိ ဟားဒိန်းတို့က ကျောက်ခေါင်းတိုင် ဂူတွင်းရှိ အလုပ်ရုံတွင် အလုပ် လုပ်လျ ရှိနေကြ၏။ သို့ရှိစဉ် စပီလက်က . . .

"အိုက်တွန်ဟာ စာရွက်ကလေးပါတဲ့ ပုလင်းကို ပင်လယ်ထဲ ပစ် လိုက်ပြီး မမှတ်မိတော့ဘူးလို့ ကပ္ပတိန်က ရှင်းပြတဲ့အချက်ကိုတော့ ကျွန်တော် စိတ်ထဲမှာ မတင်မကျကြီး ဖြစ်နေသေးတယ်"

"ကျုပ်လည်း ဒီအကြောင်းနဲ့ပတ်သက်လို့ ဘာမှအသေအချာ မပြော နိုင်ဘူး၊ တခြား ကိစ္စတွေမှာလည်း မရှင်းနိုင်တာတွေ အများကြီး ရှိသေးတယ်"

"ဟုတ်ပါတယ်၊ ကပ္ပတိန်ကို ပင်လယ်ထဲက ကယ်လိုက်တာရယ်၊ ကမ်းစပ်မှာ ပစ္စည်းမျိုးစုံပါတဲ့ သေတ္တာကြီး တွေ့တာရယ်၊ 'တော့'ကို ရေထဲက ပြောက်တက်သွားအောင် လုပ်လိုက်တာနဲ့ အခုနောက်ဆုံး ပုလင်းတစ်လုံး တွေ့တာတွေဟာ မယုံနိုင်လောက်အောင်ကို ဖြစ်နေတယ်၊ ဆန်းလည်း ဆန်း နေတယ်"





"ကျုပ်တို့ မရှင်းနိုင်အောင် ဖြစ်နေတဲ့ ကိစ္စ တစ်ခုခုနဲ့ ဆက်စပ်မှု ရှိမယ်၊ မကြာခင် တွေ့ရမှာပါ"

လင်ကွန်းကျွန်းကြီးပေါ်၌ ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများ နေထိုင် ကြသည်မှာ တစ်နေ့ တစ်နေ့နှင့် ၁၈၆၇ ခုနှစ် ဇန်နဝါရီ လဆန်းပိုင်းသို့ ရောက်ရှိလာတော့၏။

'အိုက်တွန်'အတွက် ဆောက်လုပ်ထားသော မွေးမြူရေးခြံမှ နေအိမ် တွင် ၎င်းအား တစ်ယောက်တည်း ပစ်မထားလိုကြသဖြင့် ကပ္ပတိန်တို့ လူ အလိုက်လည်း မကြာခဏ သွားရောက်လည်ပတ်ကြ၏။ ထိုနေရာမှာ ဂရင်းနိုက် အိမ်ကြီးနှင့် ၅ မိုင်ခန့် ကွာဝေးသဖြင့် အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက် လာက အချင်းချင်း အမြန်ဆက်သွယ်ရန် လိုကြောင်း ကပ္ပတိန်ဟားဒိန်းက တွေးစားမိ၏။

ဇန်နဝါရီ ၁၀ ရက်နေ့တွင် ကပ္ပတိန်ဟားဒိန်းက သူ၏ဆန္ဒကို ပြော သောအခါ ပင်ကရော့က . . .

"ဘယ်လိုဆက်သွယ်မလဲ ကြေးနန်းနဲ့ ဆက်သွယ်နိုင်အောင် လုပ် လို့လား"

"မှန်တယ်"

"လျှပ်စစ်အားကို သုံးမလား"

"ဟုတ်တယ် လျှပ်စစ်အားကိုပဲ သုံးရလိမ့်မယ်။ ကျုပ်တို့မှာ ဘက် ထရီ လုပ်ဖို့ ပစ္စည်း ရှိတယ်။ အခက်ဆုံးကတော့ ကြေးနန်းကြိုး လုပ်ဖို့ပဲ။ ဒါလည်း ပလိပ်ပြား (သံမဏိပြား) တစ်ခုမှာ လိုသလို အပေါက်ဖောက်ပြီး ဆွဲရင် ရနိုင်ပါတယ်"

နောက်တစ်နေ့တွင် ကပ္ပတိန်ဟားဒိန်းက သံမဏိပြားတစ်ခုတွင် လိုသည့်အရွယ်အစားအတိုင်း အပေါက်များ ဖောက်ယူ၏။ ထို့နောက် ကြိုတင် လုပ်ထားသည့် သေးသွယ်သော သံချောင်းများ၏ ထိပ်ကို တစ်ဦးဖြင့် စားပြီး လျှင် ချွန်ထက်အောင်ပြုလုပ်၏။ ထို့နောက် သံမဏိပြား၌ အကြီးဆုံးအပေါက် တွင်သွင်း၍ တစ်ဘက်မှ ထိုသံချောင်းကို အားဖြင့် ဆွဲထုတ်ပေးရ၏။ ထို့နောက် တစ်ဖန် ထိုသံချောင်းကိုပင် ယခင်ကထက် သေးငယ်သည့်အပေါက်တစ်ခု၌ သွင်းပြီးလျှင် ယခင်အတိုင်း တစ်ဘက်မှ ဆွဲထုတ်ရပြန်၏။ ဤနည်းဖြင့် လို သော အရွယ်အစား သံကြိုးကို ရရှိလေသည်။ ဤသို့ဖြင့် ပေ ၅၀ ရှည်သည့် သံကြိုးများကို ရရှိသောအခါ တစ်ခုနှင့် တစ်ခုဆက်၍ ဂရင်းနိုင်အိမ်မှ မွေးမြူ ရေးခြံသို့ လမ်းအတိုင်း ချထားလေသည်။

ယနေ့ သုံးစွဲနေသော ဘက်ထရီမှာ ကျောက်မီးသွေး၊ သွပ်နှင့် ကြေးနီ



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ပြုလုပ်ထားရာ လင်ကွန်းကျွန်း၌ ကြေးနီ မရှိသဖြင့် သတ္တုမပါ ပြုလုပ်ရန် စီမံကြရတော့၏။ ပုလင်းအလွတ် ၄-၅ လုံးခန့်တွင် အဇော အက်ဆစ်( Azotic Acid ) ကို ထည့်လိုက်ရာ အက်ဆစ်နှင့် ပိုတက်(ရှ) သည် ရွှံ့မှတစ်ဆင့် အပြန်အလှန် အစွမ်းသက်ရောက်မှု ဖြစ်ပေါ်လာ၏။

ထို့နောက် လက်နက်များ ထည့်ထားသည့် သေတ္တာကြီးအတွ ဘက်မှ သွပ်ဖြင့် ရေလုံအောင် ပြုလုပ်ထားသဖြင့် ထိုသွပ်ပြားမှ သွပ် ကလေး ၂ ချပ်ကို လိုအပ်သလို ညှပ်ယူပြီးလျှင် သွပ်ပြားတစ်ချပ်ကို တက်(ရှ) အရည်အတွင်းသို့ ထည့်လိုက်၏။ ထိုအချိန်တွင် လျှပ်စစ်ဓာတ်သ သွပ်ပြားတစ်ခုမှ သွပ်ပြားတစ်ခုသို့ ချက်ချင်း ကူးစက်သွားတော့၏။ သွပ်ပြ များကို ဝိုင်ယာကြိုးများဖြင့် ဆက်သွယ်ထားရာ ပုလင်းအတွင်းမှ သွပ်ပြ သည် အမဓာတ် ဖြစ်ပေါ်လာပြီးလျှင် ဖန်ပြွန်အတွင်းမှ သွပ်ပြားတွင် လျှပ် အဖိုဓာတ် ဖြစ်ပေါ်လာလေသည်။ လျှပ်စစ်သံကြိုး အေရီယာတွင် သလောက် လျှပ်စစ်ကို ပုလင်း အနည်းအများဖြင့် ချိန်ဆယူရ၏။

ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဂရင်းနိုက်အိမ်ကြီးမှ မွေးမြူရေ အထိ ဓာတ်တိုင်များ စိုက်ထူကြ၏။ ဓာတ်ကြိုးကိုလည်း ဖန်ကြွေသီးမျာ ချိတ်ဆွဲပေးထား၏။ ထို့နောက် ဝိုင်ယာကြိုးများကို ဆက်ပေးလိုက်ရာ စက္ကန့် မိုင်နှစ်သောင်းရောက်နိုင်သည့် လျှပ်စစ်အားကို ရရှိလေသည်။ ဂရင်းနိ အိမ်အတွက် ဘက်ထရီတစ်အိုး ထားပြီးလျှင် မွေးမြူရေးခြံအတွက် ဘက် အိုး တစ်လုံးထားပေး၏။

ဂရင်းနိုက် အိမ်ကြီးနှင့် မွေးမြူရေးခြံဘက်ရှိ ဝိုင်ယာကြိုးအဆုံး ဝိုင်ယာကြိုးကို သံလိုက်တွင် ပတ်ထားပေး၏။ သံလိုက်အနီးတွင် သံ တစ်ချပ် ထားပေရာ လျှပ်စစ် ဓာတ်သွားနေစဉ် သံပြားကို ဆွဲထားလ လျှပ်စစ်ဓာတ်ဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် သံပြားသည် ကွာသွား ၏။ အထက်ပါ လှုပ်ရှားမှုတွင် အပ်တိုင်စိုက်၍ သံပြားပေါ်၌ အေမှ ဇက် စာလုံးများ ရေးထားရာ လိုသော စကားလုံးကိုအပ်တိုင်မှ လျှပ်စစ်အာ ထောက်ပြပေးနေလေသည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြင်ဆင်မှု အားလုံး ပြီးဆုံးသွာ ဖြစ်၍ မွေးမြူရေးခြံ၌ အားလုံး အေးဆေးစွာ ရှိ မရှိကို ကပ္ပတိန် ဟားဒိန် သံကြိုးဖြင့် အချက်ပြပေးလိုက်၏။ မကြာမီအတွင်း "အားလုံး အေးချမ်းစွ ဟု အိုက်တွန်ထံမှ သံကြိုးပြန်လာသဖြင့် ပင်ကရော့နှင့် သူ၏မိတ်ဆွေ အာ တို့မှာ အလွန်ပင် ဝမ်းသာလျက် ရှိကြလေသည်။ ဤနည်းဖြင့် ဆက်သွယ် လျှင် အေးချမ်းမှု ရှိမရှိ မေးမြန်းလေ့ ရှိလေသည်။





ဤကဲ့သို့ သံကြိုးဆက်သွယ်မှု ရရှိသောကြောင့် အိုင်တွန်အဖို့ ငြီးငွေ့မှုကို ပြေပျောက်စေ၏။ ကပ္ပတိန်ဟားဒိန်းက မွေးမြူရေးခြံသို့ မကြာခဏ သွားသကဲ့သို့ အိုင်တွန်ကလည်း ဂရင်းနိုက်အိမ်ကြီးသို့ မကြာခဏ အလည် အပတ် ရောက်လာလေ့ ရှိလေသည်။

ဤကဲ့သို့ အေးချမ်းသာယာမှုများ ရရှိလာပြီးနောက် ဂျုံစိုက်ခင်းမှ ဂျုံများ ရိတ်သိမ်းရန် အချိန်သို့ ကျရောက်လာသောအခါ ၄ ကြိမ်မြောက် ရိတ်သိမ်းချိန်တွင် မှန်းဆထားသည့်အတိုင်း ဂျုံများ အပြည့်အဝ ရရှိလေသည်။

ကြက်ခြံတွင် ကြက်များ တိုးပွားလာသည်နှင့်အမျှ ဝက်မွေးမြူရေး ခြံ၌လည်း ဝက်ကလေးများ မွေးလာသဖြင့် ဟင်းလျာအတွက် မပူပင်ရတော့ဘဲ လုံလောက်စွာ ရရှိတော့၏။ ပင်ကရော့နှင့် နက်တို့မှာ မွေးမြူရေး ကိစ္စများကို ဂရုတစိုက် လုပ်ကိုင်နေကြရသဖြင့် အလုပ်များလျက် ရှိကြလေသည်။

အချိန်ရရှိသည့်အခါတိုင်း မာစီမြစ်၏ လက်ဝဲဘက်ခြမ်းရှိ သစ်တော များအတွင်းသို့ လှည့်လည် သွားရောက်ကြ၏။ စပိလက်နှင့် ဟာဗတ်တို့မှာ အမဲလိုက်ရာတွင် ပိုမိုကျွမ်းကျင်လာသဖြင့် မကြာခဏပင် ကျားသစ်များကို ပစ်ခတ်ရရှိလေသည်။ ကျားသစ်များမှ ရရှိသည့် ကျားသစ်ရေ အချပ် ၂၀ ကို ဂရင်းနိုက်အိမ်ကြီးရှိ ဧည့်ခန်းတွင် အလှအပအဖြစ် ထားရှိ၏။

စပိလက်နှင့် ဟာဗတ်တို့သည် တောတောင်ရှုမြော်ခင်းတို့၏ သာ ယာသော ရှုမြင်ကွင်းများကို ဓာတ်ပုံ ရိုက်ယူထားကြ၏။ လင်ကွန်းကျွန်းကြီး ပေါ်သို့ ရောက်ရှိနေသည့် ကပ္ပတိန် ဟားဒိန်းနှင့် အဖွဲ့သားများ၏ ဓာတ်ပုံကို လည်း အမှတ်တရ ရိုက်ကူးထားကာ အိမ်ရှေ့ဧည့်ခန်းတွင် ဆွဲချိတ်ထား၏။ လှူဝ်ကြီး မစ္စတာဂျု၏ ဓာတ်ပုံမှာလည်း အသက်ဝင်နေသကဲ့သို့ရှိသဖြင့် အား လုံးကပင် စိတ်ဝင်စားလျက် ရှိကြလေသည်။

မတ်လ အတွင်းသို့ ရောက်ရှိလာသောအခါ ကျွန်းကြီးပေါ်တွင် ရာသီဥတု တဖြည်းဖြည်း ပြောင်းလဲလာပြီးလျှင် ဆောင်းရာသီသို့ ဝင်ရောက် လာတော့၏။ မတ်လ ၂၁ ရက်နေ့ နံနက်စောစောတွင် ဟာဗတ်သည် ပြတင်း ပေါက် တစ်ခုဖွင့်၍ ကြည့်လိုက်ပြီးနောက် . . .

"တစ်ကျွန်းလုံး နှင်းခဲတွေ ဖုံးနေတယ်"

ဟု ရုတ်တရက် အော်ဟစ် လိုက်၏။

စပိလက်က အံ့ဩသော မျက်နှာဖြင့် . . .

"ဒီအချိန် နှင်းကျလို့လား"

နက်က ကြားဖြတ်၍ . . .

"နှင်းခဲတွေလို့ ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စပိလက်က ပြဒါးချိန်မှာ ၅၈ ဒီဂရီသို့ ပြနေသဖြင့် နှင်းခဲများ မဖြစ်နိုင်ကြောင်း ပြောပြလေသည်။ သို့ရှိစဉ် မစ္စတာဂျူသည် ကြိုးတစ်ချောင်းမှ လျှော၍ ကမ်းခြေဘက်သို့ ဆင်းသွားသည်ကို တွေ့လိုက်ရ၏။ ကမ်းခြေသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပိတ်ဖုံးနေသည့် နှင်းခဲများမှာ လေထဲသို့ မြောက်တက်သွားပြီးလျှင် နံနက်ခင်း၏ နေရောင်ခြည်ကို ဖုံးလွှမ်းသွားတော့၏။ ထိုအခါ ဟာဗတ်က . . .

"ဟာ . . .ငှက်တွေပါကလား" ဟု အလန့်တကြား အော်လိုက်လေသည်။ ထိုအခါမှ ကမ်းခြေတွင် ထောင်နှင့်ချီ၍ အဖြူရောင်ငှက်ကလေးများ လာရောက်နားနေကြခြင်း ဖြစ်သည်ကို သိကြရလေသည်။

မတ်လ ၂၆ ရက်နေ့သို့ ရောက်ရှိလာသောအခါ လွန်ခဲ့သော ၂ နှစ်က ထိုနေ့တွင် သူတို့သည် မီးပုံးပျံကြီးပေါ်မှ ဤလင်ကွန်းကျွန်း ကြီးပေါ်သို့ ကျရောက်ခဲ့ကြကြောင်း ပြန်လည်သတိရလျက် ရှိကြလေသည်။

## မွေးရပ်ဌာနေသို့ ပြန်လည်သတိရကြခြင်း

ကပ္ပတိန်ဟားဒိန်းနှင့်အဖွဲ့သားများသည် မွေးရပ်ဌာနေရှိ မိဘဆွေမျိုးများနှင့် ဝေးကွာခဲ့ပြီးလျှင် အဆက်အသွယ် ပြတ်လျက်ရှိသည်မှာ ၂ နှစ်မျှပင် ကြာရှိခဲ့လေပြီ။ အမေရိကန်ပြည်ထောင်စုအတွင်း ပြည်တွင်းစစ်ကြီး ဖြစ်ပွားခဲ့သည်ကို မြင်ယောင်လျက် ရှိပြီးလျှင် မြောက်ပိုင်းသားများက အနိုင်ရရှိကြလိမ့်မည်ဟု ယုံကြည်ကြသည့်အတိုင်း ထိုအကြောင်းများကို မကြာခဏ ဆွေးနွေးပြောဆိုလျက် ရှိကြလေသည်။

ထို ၂ နှစ်အတွင်း လင်ကွန်းကျွန်း အနီးမှ သင်္ဘောတစ်စီးတလေမျှ ဖြတ်သန်းသွားသည်ကို မတွေ့ရသဖြင့် ထိုကျွန်းမှာ သာမန်အားဖြင့် သင်္ဘောများသွားသည့် လမ်းကြောင်းမှ များစွာ ဝေးကွာလျက် ရှိသည်ဟု ယူဆရ၏။ ထိုကျွန်းမှ ထွက်ခွာ၍ မိမိတို့ နေရပ်ဌာနေသို့ ပြန်နိုင်ရန် နည်းလမ်းများကို စဉ်းစားကြည့်ကြသောအခါ ပင်လယ်ကို ဖြတ်သန်းနိုင်မည့် ခိုင်ခန့်သော သင်္ဘောတစ်စီး ဆောက်လုပ်ရန်သာ ရှိကြောင်း တွေ့ရှိရလေသည်။

အနီးဆုံးကျွန်းမှာ 'ပေါမိုတပ်(စ)' ကျွန်းဖြစ်၍ မိမိတို့နှင့် မိုင်ပေါင်း ၁,၀၀၀ ခန့် ဝေးကွာကြောင်းဖြင့် ပင်ကရော့က သူ၏ အဖော်များအား ရှင်းပြလျက်ရှိ၏။ သူတို့လူစုအတွင်း 'အိုက်တွန်' လည်း ရောက်ရှိနေပြီ ဖြစ်သဖြင့် သင်္ဘောသားတစ်ယောက် တိုးလာပြီ ဖြစ်ကြောင်းဖြင့် နက်က အားပေးစကား ပြောပြ၏။





ကပ္ပတိန်ဟားဒိန်းသည် သူတို့ စကားပြောသော နေရာသို့ လျှောက်လာပြီးနောက် . . .

"ခင်ဗျားတို့ တစ်ခု မေ့နေတယ်။ လော့ဒ်ဂလီနာဘင်က တစ်နေ့ကျရင် တဘိုးကျွန်းကို ပြန်လာပြီး အိုက်တွန်ကို ခေါ်မယ်လို့ ပြောသွားတယ် မဟုတ်လား။ သူ ပြန်လာလိမ့်မယ်လို့ ငါတော့ ယုံကြည်တယ်"

"လော့ဒ်ဂလီနာဘင် ပြန်လာရင် တဘိုးကျွန်းကို သွားမှာပေါ့ လင်ကွန်းကျွန်းကို ဘယ်လာလိမ့်မလဲ"

"ဟုတ်တာပေါ့ . . ကျွန်တော်တို့ လင်ကွန်းကျွန်းက မြေပုံပေါ်မှာမှ မပါဘဲ"

ဟု ဟာဗတ်ကဝမ်းနည်းသည့် အသံဖြင့် ဝင်၍ ပြောလိုက်၏။ ကပ္ပတိန်ဟားဒိန်းက သနားသွားသည့်ဟန်ဖြင့် . . .

"စိတ်ပျက်စရာ မရှိပါဘူးကွာ . . . သူတို့ တွေ့ချင်တဲ့ အိုက်တွန်နဲ့ တို့တစ်တွေ လင်ကွန်းကျွန်းကြီးပေါ် ရောက်နေကြတယ် ဆိုတာကို သူတို့ သိအောင် တဘိုးကျွန်းပေါ်မှာ အမှတ်အသား တစ်ခုခု လုပ်ထားဖို့လိုတယ်"

"ဟုတ်တယ် . . . ဟုတ်တယ် . . . အကောင်းဆုံးကတော့ ကပ္ပတိန်ဂရန့် ဆောက်သွားတဲ့ အိမ်ကလေးထဲမှာ အကြောင်းစုံ ရေးထားပြီး လင်ကွန်းကျွန်းရဲ့ နေရာကို တိတိကျကျ ရေးပြထားရင် ဖြစ်ပါတယ်"

ဟု စပိလက်က ဝင်ရောက် ပြောပြလိုက်လေသည်။

ကပ္ပတိန်ဟားဒိန်းက ယခု လောလောဆယ် လော့ဒ်ဂလီနာဘင်တို့ လည်းလာမည် မထင်သေးကြောင်း၊ ရာသီဥတုလည်းမကောင်းသဖြင့် ယခု လောလောဆယ် တဘိုးကျွန်းသို့ မသွားနိုင်သေးကြောင်း၊ ဆောင်းကုန်၍ နွေဦးပေါက် အချိန်တွင်မှ တဘိုးကျွန်းသို့ သွားပြီးလျှင် မူလက စီစဉ်ထားသည့်အတိုင်း စာတစ်စောင် ရေးထားခဲ့မည်ဖြစ်ကြောင်း၊ အကယ်၍ ဤလင်ကွန်းကျွန်းမှ ထွက်ခွာမည် ဆိုခြင်းမှာလည်း နေ့ထိုင်စားသောက်ရေး ခက်ခဲလာ၍ မဟုတ်ဘဲ လူတစ်ယောက်အတွက် အရေးကြီးသော မိဘဆွေမျိုးများ၊ မိတ်သင်္ဂဟများနှင့် မိမိ၏တိုင်းပြည် စသည်တို့နှင့် ခွဲခွာနေရသောကြောင့်သာ ဖြစ်ကြောင်း သူ၏ မိတ်ဆွေများအား ရှင်းပြလေသည်။

ထိုအချိန်မှစ၍ သူတို့သည် လင်ကွန်းကျွန်းမှ ထွက်ခွာမည့် အကြောင်းကို စကားစပ်၍ မပြောကြတော့ချေ။ ကျွန်း၏အနောက်ဘက်နှင့် မြောက်ဘက်ကမ်းခြေတွင် ရွက်သင်္ဘောဖြင့် လှည့်လည်ကြည့်ရှုရန် လိုကြောင်း ပင်ကရော့က အကြံပေးသဖြင့် အားလုံးက သဘောတူညီ ကြလေသည်။ သို့နှင့် ဧပြီ ၁၆ ရက်နေ့တွင် ခရီးထွက်ရန် ဆုံးဖြတ်ကြပြီးနောက် ဘွန်းအက်ဒဗင်



www.burmeseclassic.com

www.burmeseclassic.com



များ သင်္ဘောပေါ်သို့ စားနပ်ရိက္ခာများကို လုံလောက်အောင် ဖြည့်တင်းကြ၏။ ဤသို့ အနောက်ဘက် ကမ်းရိုးတန်းအတိုင်း ခရီးလှည့်ကြစဉ် အိုက်တွန် နှင့် ဂျူ တို့အား ဂရင်းနိုက်အိမ်တွင် စောင့်၍ နေရစ်ခဲ့ရန် စီစဉ်ကြ၏။

ဧပြီလ ၁၆ ရက်နေ့တွင် သင်္ဘောဖြင့် ခရီးထွက်ခဲ့ကြရာ ညနေစောင်း အချိန်တွင်မှ ရက်တိုင်းအငူကို ဖြတ်သန်းနိုင်ကြလေသည်။ ညအချိန်သို့ ရောက် သောအခါ သင်္ဘောကို ကမ်းအနီး၌ ကျောက်ချ၍ နောက်တစ်နေ့ မနက်တွင် မှ ကမ်းပေါ်သို့ တက်ပြီးလျှင် လေ့လာသင့်ကြောင်းဖြင့် ကပ္ပတိန် ဟားဒီန်းက အကြံပေးသည့်အတိုင်း သင်္ဘောကို ကျောက်ချ၍ ညအိပ်ရပ်နားကြလေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ပင်ကရော့က သင်္ဘောကို ရွက် လွှင့် ထွက်ခဲ့ပြီးလျှင် အချို့နေရာများ၌ ကမ်းခြေသို့ကပ်ကာ စပိလက်က ရှုမျှော် ခင်းများကို ဓာတ်ပုံ ရိုက်ယူခဲ့၏။ နေမွန်းတည့်ချိန်တွင် သင်္ဘောသည် ရေတံခွန် ချောင်းဝသို့ ဆိုက်ရောက်လာ၏။ ကျွန်း၏မြောက်ပိုင်းတွင် သစ်ပင်များ မပေါက်ဘဲ ကျောက်တောင်များရှိ၍ တောင်းပိုင်း၌မူ သစ်ပင်များ ထူထပ်စွာ ပေါက်နေပြီးလျှင် သီးနှံပင်များလည်း ပေါများစွာရှိနေ၏။ ထိုနေရာမှ မြောက် ဘက်သို့ ၈ မိုင် ၉ မိုင်အထိ ထူးဆန်းအံ့ဩဖွယ် ကောင်းလောက်အောင် သဘာဝအလျောက် ပုံသဏ္ဌာန် အမျိုးမျိုး ဖြစ်နေသည့် ကျောက်တုံး ကျောက်ခဲ ကြီးများကို တွေ့ရ၏။

တစ်နေရာသို့ ရောက်သောအခါ ငြိမ်သက်နေသော 'တော့' သည် ကမ်းစပ်သို့ ကြည့်ပြီးနောက် အဆက်မပြတ် ရုတ်တရက် ဟောင်၍ နေသဖြင့် ကပ္ပတိန်ဟားဒီန်းက သင်္ဘောကို ကမ်းနှင့် နီးကပ်စွာ မောင်းစေသဖြင့် ပင်က ရော့က သူ၏ အမိန့်အတိုင်း မောင်းလျက်ရှိ၏။ ကမ်းခြေ၌မူ ကျောက်လိုဏ်ဂူ များ တစ်ခုမျှ မတွေ့ရချေ။

ကျွန်း၏ နောက်ဘက်ကမ်းခြေမှာ ညီညာပြန့်ပြူးစွာ ရှိပြီးလျှင် သဲ သောင်ပြင်များရှိနေ၏။ ထိုနေ့ ညနေစောင်းသို့ ရောက်သောအခါ ကျွန်း၏ မြောက်ဘက်တွင် ရှိသော ပင်လယ်အော်တစ်ခု၌ သင်္ဘောကို ကျောက်ချ၍ ရပ်နားထားလိုက်ကြ၏။ စပိလက်နှင့် ဟာဗတ်တို့က ကမ်းသို့ဆင်း၍ ငှက်ပစ် သွားကြရာ ၂ နာရီခန့် အကြာတွင် တောဘဲများနှင့် စနိုက်များ ရရှိလာကြလေ သည်။ နောက်တစ်နေ့ နံနက် ၈ နာရီအချိန်တွင် သင်္ဘောသည် မြောက်မင်ဒီ ဘယ်အငူသို့ ဦးတည်ကာ ခုတ်မောင်းလျက် ရှိနေ၏။ သို့ရှိစဉ် အနောက်ဘက် ပင်လယ်အတွင်းမှ လေမုန်တိုင်း တိုက်ခတ်မည့် အရိပ်အယောင်များကို မြင် သဖြင့် သင်္ဘောကို ရုပ်ပင်လယ်အော် အတွင်းသို့ ခေတ္တဝင်ရောက် ခိုလှုံရန် တိုင်ပင်လျက် ရှိကြ၏။ သင်္ဘောကို ဆက်လက် မောင်းနှင်ခဲ့ရာ နံနက် ၁၀





နာရီအချိန်တွင် မင်ဒီဘယ် အငူသို့ရောက်ရန် ၁၅ မိုင်ခန့်လိုသေးကြောင်း တွေ့ရ၏။ သို့နှင့် ပင်လယ်ဝတွင် ညနေ ၇ နာရီအထိ စောင့်၍ အလင်းရောင် ရှိသေးလျှင် ပင်လယ်အော် အတွင်းသို့ သင်္ဘောကို တဖြည်းဖြည်း မောင်းသွား ရန် ပင်ကရော့က စိတ်ကူးမိသောကြောင့် . . .

"ဒီလို နေရာမျိုးမှာ မီးပြတိုက် တစ်ခု ရှိဖို့လိုတယ် ကပ္ပတိန်"

ဟု ပြောရာ ဟာဗတ်က . . .

"ကပ္ပတိန်ဟားဒီန်းက သင်္ဘောပေါ်မှာ ပါလာတော့ ကမ်းနားကနေ ပြီး မီးပြပေးမယ့်သူ မရှိတော့ဘူး" ဟု ဝင်၍ ပြောလိုက်လေသည်။

ထိုအခါ စပိလက်ကလည်း ယခင်တစ်ခေါက် တဘိုးကျွန်းမှ အပြန် တွင် လေမုန်တိုင်းများ ကျရောက်နေသဖြင့် လင်ကွန်းကျွန်းကို မမြင်ရကြောင်း၊ ဤကဲ့သို့ အခက်အခဲနှင့် တွေ့ကြုံနေရစဉ် ကျွန်းပေါ်မှ ကပ္ပတိန် ဟားဒီန်းက မီးဖြင့် အချက်ပြလိုက်သဖြင့်သာ ချောမောစွာ ပြန်လည်ရောက်ခဲ့ကြောင်း၊ ထို့ အတွက် ကပ္ပတိန်ကို ကျေးဇူးတင်ကြောင်းဖြင့် ပြောလေသည်။ ကပ္ပတိန် ဟားဒီန်းက အံ့ဩသော မျက်နှာဖြင့် စပိလက်ကို ကြည့်ပြီးလျှင် . . .

"ကျုပ်က မီးနဲ့ အချက်ပြတယ် ဟုတ်လား"

"ဟုတ်တယ်၊ ကပ္ပတိန်က အဲဒီညက ပရော်စပက်တောင်ကုန်းပေါ်မှာ ကြိုတင်ပြီး မီးထွန်းထားလို့သာပေါ့။ မီးသာ ထွန်းမထားရင် ကျွန်တော်တို့ သင်္ဘောဟာ ကျွန်းကိုလွန်ပြီး ဘယ်အထိများ ရောက်သွားမလဲ မသိဘူး"

"အခုလည်း အိုက်တွန်က မီးပြပေးဖို့ စိတ်ကူးမပေါက်ရင် ဘယ်သူမှ ပြပေးမယ့်သူ မရှိတော့ဘူး"

မကြာမီ သင်္ဘောဦးတွင် စပိလက် တစ်ဦးတည်း ရပ်နေသည်ကို တွေ့ရသဖြင့် တဘိုးကျွန်းမှ ၎င်းတို့ပြန်လာကြသော အောက်တိုဘာ လ ၁၉ ရက်နေ့ညတွင် မိမိသည် ကျွန်းပေါ်မှ မီးဖြင့် အချက်မပြကြောင်းဖြင့် ကပ္ပတိန် ဟားဒီန်းက ရှင်းလင်း ပြောပြလိုက်လေသည်။

## ပင်လယ်တွင်း၌ ညတစ်ည

ပင်ကရော့ ပြောသည့်အတိုင်းပင် လေသည် တဖြည်းဖြည်း ပြင်းထန် လာပြီးနောက် တစ်နာရီလျှင် ၄၅ မိုင်နှုန်း တိုက်ခတ်နေသည့် မုန်တိုင်းငယ် အဖြစ်သို့ ရောက်ရှိလာတော့၏။ ည ၆ နာရီ အချိန်ခန့်တွင် သင်္ဘောသည် ပင်လယ်အော်သို့ ရောက်ရှိလာသော်လည်း ဒီရေကျချိန်ဖြစ်နေသဖြင့် အတွင်းသို့ မဝင်နိုင်သေးဘဲ အဝမှာပင် စောင့်ဆိုင်းနေရ၏။ ထိုနေရာမှ ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



ကွယ်နေသဖြင့် ပင်လယ်ပြင်မှာကဲ့သို့ လှိုင်းကြီးများ မရှိသော်လည်း တစ်ခါတစ်ရံ ကုန်းပတ်ပေါ်သို့ လှိုင်းများ ကျော်သွားသည်ကို တွေ့ရ၏။

ကပ္ပတိန်ဟားဒိန်းနှင့် စပိလက်တို့သည် ထိုညအဖို့ မအိပ်နိုင်ကြဘဲ လင်ကွန်းကျွန်းကြီးပေါ်တွင် ဖြစ်ပျက်ခဲ့သော လျို့ဝှက်နက်နဲသည့် အကြောင်းများကို ဆွေးနွေးရင်း ကျွန်းပေါ်၌ နေရာအနှံ့အပြား လိုက်လံရှာဖွေရန် သဘောတူညီကြလေသည်။

နောက်တစ်နေ့ နံနက် ၇ နာရီ အချိန်တွင် သင်္ဘောသည် မြောက်မင်ဒီဘယ်အငူကိုကွေ့၍ ပင်လယ်အော်အတွင်းဘက်သို့ ဝင်ခဲ့လေသည်။ ထိုနေရာရှိ ကျောက်ဆောင်များမှာ မီးတောင်မှ ထွက်လာသော ချော်ရည်ချော်မြုပ်များကြောင့် ဖြစ်ပေါ်လာသည်ဟု ယူဆရ၏။ ယင်းနေရာမှာ သင်္ဘောများအတွက် လေဒဏ် မိုးဒဏ် ခိုလှုံရန် အကောင်းဆုံးနေရာ တစ်ခုဖြစ်ကြောင်း တွေ့ရ၏။ ထိုနေရာ၌ သင်္ဘောသောင်တင်မည်စိုးသဖြင့် ခဲသီးကြိုးဖြင့် ရေအတိမ်အနက်ကို တိုင်းကြည့်ရာ ကမ်းနှင့်နီးသော်လည်း ရေအလွန်နက်ကြောင်း တွေ့ရလေသည်။ ကမ်းစပ်မှာ မတ်စောက်သော ကျောက်ကမ်းပါးကြီးများ ဝိုင်းရံလျက်ရှိနေသဖြင့် သင်္ဘောကမ်းသို့ကပ်၍ ကုန်းပေါ်သို့ ဆင်းနိုင်မည့် နေရာကိုပင် မတွေ့ရချေ။

သို့ဖြင့် ပင်ကရော့က သင်္ဘောကို ကွေ့ပြီးလျှင် ပြန်၍ ထွက်လာခဲ့ပြီးနောက် ရှစ်မိုင်မျှ ဝေးသော မာစီမြစ် အနီးရှိ ဂရင်းနိုက် အိမ်ကြီးသို့ ဦးတည်မောင်းလျက်ရှိနေ၏။ ညနေ ၅ နာရီအချိန်ခန့်တွင် သင်္ဘောကို မာစီမြစ်ဝတွင် ကျောက်ဆူးချ၍ ရပ်နားလိုက်၏။ ဤသို့ ရပ်နားလိုက်စဉ် အိမ်၌ အစောင့်ကျန်ရစ်ခဲ့သော အိုက်တွန်နှင့် ဂျူတို့က ကမ်းနားသို့ လာရောက်ကြိုဆိုနေကြသည်ကို တွေ့ကြရလေသည်။

ကပ္ပတိန် ဟားဒိန်းနှင့် သူ၏ လူများသည် 'ရက်တိုင်း' အငူမှ လွဲ၍ ကျွန်းကြီးများပေါ်တွင် နေရာအနှံ့အပြား သွားရောက်ကြည့်ရှုပြီး ဖြစ်သော်လည်း မသင်္ကာစရာ အချက်ဟူ၍ တစ်စုံတစ်ရာ မတွေ့ရချေ။ တဘိုးကျွန်းမှ စပိလက်တို့ လူစုအပြန်တွင် လေမုန်တိုင်းမိသဖြင့် လင်ကွန်းကျွန်းကို မမြင်ရဘဲ အခက်အခဲနှင့် ကြုံတွေ့နေရစဉ် ကျွန်းပေါ်မှ နေ၍ မီးရှို့အချက်ပြသည့် အကြောင်းကို ကပ္ပတိန် ဟားဒိန်း၏ စိတ်တွင် မတင်မကျ ဖြစ်၍နေ၏။ သို့နှင့် ကပ္ပတိန်က စပိလက်အား . . . "မီးနဲ့ အချက်ပြတာ ဟုတ်ရဲ့လား၊ မီးတောင်က ရုတ်တရက် မီးများ ထတောက်နေတာများလားဗျာ"

"သေချာပါတယ်၊ တစ်ယောက်ယောက်က မီးရှို့ အချက်ပြတာပါ။ ပင်ကရော့နဲ့ ဟာဗတ်တို့လည်း မြင်တာပဲ"





"တို့ကျွန်းပေါ်မှာတော့ သဘာဝနဲ့ဆန့်ကျင်ပြီး အထူးအဆန်းတွေတော့ မကြာခဏ ဖြစ်နေပြီ"

ပင်ကရော့က ကြားဝင်၍ . . .

"ဘယ်လို သဘာဝနဲ့ ဆန့်ကျင်လို့လဲ"

"ကျုပ်က ပင်လယ်ထဲမှာ ရေနစ်နေရာက သတိရလို့ ကြည့်လိုက်တော့ ကမ်းနားက ကျောက်ဂူ တစ်ခုထဲကို ရောက်နေတယ်။ကျုပ်ရဲ့ ခွေးလိမ္မာ 'တော့'ကလည်း ငါးမိုင်လောက်ဝေးတဲ့ ခင်ဗျားတို့ ရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတယ်"

ဟာဗတ်က . . . "ဒါကတော့ တိရစ္ဆာန်တွေရဲ့ ပင်ကို အသိစိတ်ပါ"

ထိုအခါ ကပ္ပတိန် ဟားဒိန်းက . . .

"ဂရန့် ရေကန်ထဲကနေပြီး 'တော့'ဟာ ရေပေါ်ကို ၄–၅ ပေ မြောက်တက်လာတာရယ်၊ ဝေလငါးကြီးဟာလည်း ချွန်ထက်တဲ့ လက်နက်တစ်ခုနဲ့ အထိုးခံရပြီး သေသွားရတာရယ်၊ ထောင်ချောက်ထဲမှာ ဖမ်းမိလို့ရခဲ့တဲ့ ဝက်ကလေးရဲ့ ကိုယ်ထဲက ကျည်ဆံတစ်တောင့် တွေ့တာရယ်၊ သင်္ဘောပျက်ကို မတွေ့ရဘဲ ပစ္စည်းမျိုးစုံပါတဲ့ သေတ္တာကြီးတစ်လုံးကို ကမ်းစပ်မှာ တွေ့တာရယ်၊ သင်္ဘောပျက်ပြီး တဘိုးကျွန်းပေါ် ရောက်နေတဲ့ လူတစ်ယောက်ရှိတယ် ဆိုတဲ့အကြောင်း ရေးထားတဲ့ စာတစ်စောင် ပုလင်းထဲက တွေ့ရတာရယ်၊ ကျုပ်တို့လှေ ကလေးဟာလည်း မာစီမြစ်ထဲမှာ ကျုပ်တို့ဆီကို ရောက်အောင် အချိန်မီ မျောလာတာရယ်၊ ကျုပ်တို့အိမ်ကြီးထဲကို မျောက်ဝံတွေလာပြီး နောက်ယှက်တုန်းက အိမ်ပေါ်က ကြိုးလှေကား ပြန်ကျလာတာရယ်၊ နောက်ဆုံး အိုက်တွန်ကိုယ်တိုင် မရေးဘဲ ကျုပ်တို့ လက်ထဲကို သူ့အကြောင်း ရေးထားတဲ့ စာ ရောက်လာတာရယ် . . အဲဒီဟာတွေ အားလုံးဟာ နားမလည်နိုင်အောင်ကို ထူးဆန်းနေတယ် မဟုတ်လား။ ကိုင်း . . ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြစမ်း"

ပင်ကရော့က . . . "ဟုတ်ပါတယ် . . .ကပ္ပတိန် အခုပြောတာတွေ အားလုံးဟာ ရှင်းလို့ မရအောင်ကို ဖြစ်နေတာ အမှန်ပါပဲ"

"နောက်ဆုံး တစ်ခုကတော့ တဘိုးကျွန်းကအပြန် လင်ကွန်းကျွန်းပေါ်က မီးနဲ့ အချက်ပြတာကို ပင်ကရော့တို့က မြင်ရတယ်ဆိုတာပဲ။ အောက်တိုဘာလ ၁၉ ရက်နေ့ ညကပေါ့။ အဲဒီ ညက ကျုပ်နဲ့ နက် နှစ်ယောက်ထဲ ကျွန်းပေါ်မှာ ရှိတာ ဘယ်သူကမှ မီးရှို့ပြီး အချက် မပြခဲ့ဘူး။ အိမ်ထဲကတောင် အပြင်ကို မထွက်ခဲ့ဘူး။ ကမ်းပေါ်က မီးပုံရှို့ပြီး အချက်ပြတယ် ဆိုရင်တော့ ကျုပ်တို့ မဟုတ်ဘူး၊ တခြားလူ တစ်ယောက်ယောက် ဖြစ်ရမယ်"

ပင်ကရော့နှင့် သူတို့လူစုအားလုံးမှာ အလွန်အံ့ဩလျက် ရှိကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လင်ကွန်းကျွန်းကြီးပေါ်၌ သူတို့အပြင် ထူးခြားသောပုဂ္ဂိုလ် တစ်ဦးရှိနေ၍ ထိုသူကိုလည်း မလွန်ဆန်နိုင်သည့် အခြေအနေတွင် ရှိနေကြကြောင်း ကောင်းစွာ ရိပ်စားမိကြ၏။

မကြာမီ မေလသို့ ရောက်လာ၍ ရာသီဥတု ပြောင်းလဲလာပြီးလျှင် ထိုနှစ် ဆောင်းတွင်း၌ အလွန် အေးချမ်းလိမ့်မည်ဟု ယုံကြည်ကြ၏။ ရာသီဥတု မကောင်းသည့် အချိန်များတွင် အိုက်တွန်အား ဂရင်းနိုက်အိမ်ကြီးသို့ ပြောင်းရွှေ့နေထိုင်ရန် အားလုံးကတိုက်တွန်းကြသဖြင့် အိုက်တွန်ကလည်း သဘောတူညီခဲ့လေသည်။ ဤကဲ့သို့ ကတိပေးထားသည့်အတိုင်း အိုက်တွန်သည် ဧပြီလအတွင်း ဂရင်းနိုက်အိမ်ကြီး သို့ပြောင်းရွှေ့လာပြီးလျှင် သူ၏မိတ်ဆွေများနှင့်အတူ နေထိုင်တော့၏။

ထိုနှစ် ဆောင်းရာသီတွင် လေပြင်းမုန်တိုင်းများ မကြာခဏ ကျရောက်လာသဖြင့် ပရော်စပက်တောင်ပေါ်ရှိ လေရဟတ်စက်ကြီးနှင့် ကြက်ခြံများ အတော်ပင် ပျက်စီးသွားရာ အချိန်မီ ပြုပြင်ကြရတော့၏။

ရာသီဥတု သာယာသော နေ့များ၌ စပီလက်နှင့် ဟာဗတ်တို့သည် 'တာဒွန်း' နွံတောများသို့ ငှက်ပစ် ထွက်ကြ၏။

အောက်တိုဘာလသို့ ရောက်သောအခါ သာယာသော ရာသီဥတုသို့ ပြောင်းလဲလာတော့၏။ အောက်တိုဘာလ ၁၇ ရက်နေ့ ညနေ ၃ နာရီအချိန်တွင် ဟာဗတ်သည် ယူနီယံပင်လယ်အော်၊ ကလော်အငူနှင့် မင်ဒီဘယ်အငူများကို ဂရင်းနိုက်အိမ်ကြီးပေါ်မှနေ၍ ဓာတ်ပုံရိုက်၍ ယူထားလိုက်၏။ ထိုနေ့က ရိုက်ထားသည့် ဓာတ်ပုံကို နေမှောင်ခန်းအတွင်း ချက်ချင်း စစ်ဆေးကြည့်ရာ ပင်လယ်ပြင်ကြီး၏ စက်ဝိုင်း တစ်နေရာတွင် အနက်စက်ကလေး တစ်ခုထင်နေသည်ကို ဖလင်ပေါ်တွင် တွေ့ရသဖြင့် မှန်ဘီလူးဖြင့် ကြည့်ပြီးလျှင် အလန့်တကြား အော်လိုက်၏။ ထို့နောက် ကပ္ပတိန် ဟားဒိန်းဆီသို့ အပြေးသွားရောက်ကာ ဖလင်နှင့် မှန်ဘီလူးကို လှမ်း၍ပေးလိုက်၏။

ကပ္ပတိန် ဟားဒိန်းသည် ဖလင်ပေါ်၌ တွေ့ရသော အနက်စက်ကလေးကို မှန်ဘီလူးနှင့် သေချာစွာ ကြည့်ပြီးနောက် ပြတင်းပေါက်မှနေ၍ ထင်ရှားစွာ မြင်ရအောင် မှန်ပြောင်းကို တဖြည်းဖြည်း လှည့်၍ရွှေ့ကာ ပင်လယ်ပြင်ကြီးကို ကြည့်ရှုလျက် ရှိနေ၏။

ကပ္ပတိန် ဟားဒိန်းသည် သူ၏ မိတ်ဆွေများ ဘက်သို့လှည့်ပြီးနောက် . . . "သင်္ဘောတစ်စီး လာနေတယ်" ဟု ပြောလိုက်၏။

အမှန်ပင် လင်ကွန်းကျွန်းကြီးသို့ ရွက်သင်္ဘောတစ်စီးသည် ဦးတိုက်လာလျက် ရှိနေ၏။

အပိုင်း [ ၃ ]

## လင်ကွန်းကျွန်း၏ လျှို့ဝှက်ချက်များ

### ဆုံးရှုံးခြင်း သို့မဟုတ် ကယ်တင်ခြင်း

လင်ကွန်းကျွန်းကြီးပေါ်သို့ ကပ္ပတိန်ဟားဒိန်းနှင့် သူ၏ လူများ ရောက်ခဲ့ကြသည်မှာ ၂ နှစ်ခွဲမျှ ကြာရှိပြီ ဖြစ်သော်လည်း သင်္ဘောတစ်စီး တလေမျှ ဖြတ်သန်းသွားလာသည်ကို မတွေ့ခဲ့ရကြရချေ။ လူအများနှင့် ဤကဲ့သို့အဆက်အသွယ် ပြတ်လျက်ရှိစဉ် 'အိုက်တွန်' တစ်ဦးသာ သူတို့၏ အသိုင်းအဝိုင်းသို့ ရောက်ရှိလာခဲ့၏။ အောက်တိုဘာလ ၁၇ ရက်နေ့တွင် လူတစ်စုသည် ကျွန်းကြီးဆီသို့ ဦးတည်ကာလာ၍ နေလေပြီ။ ယခုမြင်ရသော ရွက်သင်္ဘောသည် ကျွန်းသို့ဝင်ရောက် ရပ်နားမည် မရပ်နားမည်ကို မပြောနိုင်သေးသဖြင့် ထိုအကြောင်းကို ရှင်းလင်းပြောပြရန် ကပ္ပတိန် ဟားဒိန်းနှင့် ဟာဗတ်တို့က စပီလက်၊ ပင်ကရော့နှင့် နက်တို့အား ထမင်းစားခန်းသို့ အမြန်လာကြရန် ခေါ်လိုက်၏။

ပင်ကရော့သည် ပင်လယ်ဘက်သို့ မှန်ပြောင်းနှင့် အသေအချာ ကြည့်လိုက်ပြီးနောက် စပီလက်ဘက်သို့ လှည့်ကာ . . .

"ရွက်သင်္ဘော တစ်စင်း လာနေတာတော့ အမှန်ပဲ"

"ကျုပ်တို့ဆီ လာနေသလား"

"အခု အချိန်မှာတော့ မပြောနိုင်သေးဘူး၊ ရွက်တိုင်ထိပ်ကိုပဲ မြင်ရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဟာဗတ်က ကပ္ပတိန်ဘက်သို့ လှည့်၍ . . .

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"စောင့်ကြည့်သေးတာပေါ့"

ပင်ကရော့သည် မှန်ပြောင်းဖြင့် သင်္ဘောကို ထပ်မံကြည့်ပြန်၏။ သင်္ဘောမှာ မိုင် ၂၀ ခန့် နေရာသို့ ရောက်ရှိလာပြီဖြစ်၍ သင်္ဘောပေါ်မှ အစောင်းသည် လင်ကွန်းကျွန်းပေါ်ရှိ ဖရင်ကလင်တောင်ကို အမှန်ပင် မြင်တွေ့ရပေမည်။ ထိုသင်္ဘောအကြောင်းကို အားလုံးဝိုင်း၍ စဉ်းစားလျက် ရှိနေကြ၏။ သို့ရှိစဉ် ဟာဗတ်က . . .

"ဒန်ကင်သင်္ဘောများ ဖြစ်နေမလား မသိဘူး"

ဟု ပြောလိုက်ရာ စပီလက်က . . .

"အိုက်တွန်ကိုတော့ ဒီအကြောင်း အသိပေးမှပဲ၊ ဒီကိုလာဖို့လဲ ခေါ်ရလိမ့်မယ်၊ ဒန်ကင်သင်္ဘော ဟုတ်မဟုတ်ကိုတော့ သူမှပဲ ပြောနိုင်မယ်"

ဟု ပြောလိုက်ပြီးနောက် စပီလက်သည် ကြေးနန်းစက်ရှိသော နေရာသို့ သွားရောက်ကာ . . .

"ခင်ဗျား အမြန်ဆုံးလာပါ"

ဟု ကြေးနန်း ရိုက်ကြားလိုက်၏။

ထိုသံကြိုး ရိုက်ပြီးနောက် မိနစ်အနည်းငယ်မျှအကြာတွင် ခေါင်းလောင်းစက်နှိုးသံ ကြားရပြီးလျှင် "ကျွန်တော် လာခဲ့ပါမယ်"ဟု အိုက်တွန်ထံမှ သံကြိုး ပြန်လာလေသည်။ ဟာဗတ်က အိုက်တွန် လာလျှင် သူစီးနင်းလိုက်ပါခဲ့ဖူးသည့် ဒန်ကင်သင်္ဘောကို မှတ်မိ လိမ့်မည် ဖြစ်ကြောင်း ပြောသော်လည်း ကပ္ပတိန် ဟားဒင်းက အကယ်၍ ထိုသင်္ဘောမှာ ဒန်ကင်သင်္ဘော မဟုတ်ဘဲ မလေး(ပသျှူး) ပင်လယ် ဓားပြများ ဖြစ်မည်ကိုသာ စိုးရိမ်ကြောင်း၊ မိမိတို့တွင် လက်နက်များ ရှိနေပြီဖြစ်၍ ထိုသင်္ဘောမှာ ရန်သူသင်္ဘောဖြစ်ပါက ကာကွယ်နိုင်သော်လည်း တိုက်ခိုက်မှုမပြုလုပ်ရလျှင် ပို၍ကောင်းကြောင်း၊ သင်္ဘောပေါ်၌ ပါလာသူများသည် လူရိုးလူကောင်းများဖြစ်လျှင် ၎င်းတို့၏ ခွင့်ပြုချက်ယူ၍ ထိုသင်္ဘောကိုပင်စီး၍ မိမိတို့နေရပ်ဌာနီသို့ ပြန်နိုင်ကြောင်းစသည်ဖြင့် ကပ္ပတိန်က သူ၏လူများအား ပြောပြလေသည်။

ညနေ ၄ နာရီ အချိန်တွင် အိုက်တွန် ရောက်ရှိလာ၍ . . .

"ပေးတဲ့ တာဝန် ထမ်းဆောင်ဖို့ အသင့်ပါ"

ဟု ပြောလိုက်သဖြင့် ကပ္ပိတန် ဟားဒင်းက ၎င်းအား လက်ဆွဲနှုတ်ဆက်လိုက်၏။ ထို့နောက် . . .

"အိုက်တွန်ကို အရေးကြီးလို့ ခေါ်လိုက်တာပဲ၊ သင်္ဘောတစ်စင်း





လာနေတာကို မြင်ရတယ်၊ ဒီမှန်ပြောင်းနဲ့ ကြည့်၊ ဒန်ကင်သင်္ဘော ဆိုရင်တော့ ခင်းကိုခေါ်ဖို့ လာတာ ဖြစ်မှာပဲ"

ဟု ပြောလိုက်၏။

အိုက်တွန်က ကပ္ပတိန်၏ လက်မှ မှန်ပြောင်းကို ယူပြီးလျှင် သင်္ဘောကို မှန်ပြောင်းနှင့် သေချာစွာ ကြည့်လိုက်၏။

"ဒန်ကင်သင်္ဘော မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

ဒန်ကင်သင်္ဘောက မီးသင်္ဘောပဲ၊ အခု လာနေတဲ့ သင်္ဘောနားမှာ ဘာမီးခိုးမှ မတွေ့ရဘူး"

အချိန်မှာ အတန်ငယ် မိုးချုပ်လာပြီ ဖြစ်သဖြင့် သူတို့ မြင်ရသော သင်္ဘောကို လမ်းမမှားစေရန်နှင့် ကျွန်းပေါ်တွင် လူများရှိကြောင်း သိစေရန် မီးရှို့ အချက်ပြလျှင် ကောင်း၊ မကောင်း၊ အကြံတောင်းကြသဖြင့် မီးပုံပုံဆိပ်မှ နေ၍ နက်နှင့် ပင်ကရော့တို့က မီးရှို့ အချက်ပြရန် အားလုံးက သဘောတူကြလေသည်။

ပင်ကရော့သည် မှန်ပြောင်းကိုယူ၍ သင်္ဘောကို ထပ်မံ ကြည့်ရှုပြီးလျှင် သင်္ဘော၌ အလံလွှင့်ထူထားကြောင်း၊ မည်သည့် အလံဖြစ်သည်ကိုမူ ကွဲပြားစွာ မမြင်ရ၍ မပြောနိုင်ကြောင်း၊ အမေရိကန်အလံလည်း မဖြစ်နိုင်ကြောင်း ပြောသဖြင့် အိုက်တွန်က ပင်ကရော့ လက်မှ မှန်ပြောင်းကို လှမ်းယူလိုက်ပြီးလျှင် အသံကြီးဖြင့် . . .

"အလံနက်ကြီး"

ဟု အော်လိုက်သည်။ သင်္ဘောပေါ်တွင် လွှင့်ထူထားသော အလံမှာ အနက်ရောင်ဖြစ်သဖြင့် သင်္ဘောမှာ ပင်လယ်ဓားပြများ၏ သင်္ဘောဖြစ်ကြောင်း သေချာတော့၏။

ထိုအခါ ကပ္ပတိန်ဟားဒင်းက သူ့လူများကို ခေါ်ပြီးလျှင် . . .

"တို့အခြေအနေကို ပြောပြမယ်၊ ပရော်စပက် တောင်ကုန်းပေါ်မှာရှိတဲ့ လေရဟတ်စက်က ရွက်တွေကို အိုက်တွန်နဲ့ နက်က သွားဖြုတ်ထားရမယ်။ ပြီးတော့ ဂရင်းနိုက် အိမ်ကြီးက ပြတင်းပေါက်တွေကိုလည်း သစ်ကိုင်းတွေနဲ့ ကွယ်ထားရမယ်။ မီးလည်း မမွေးကြနဲ့၊ ဒီကျွန်းပေါ်မှာ လူတွေနေတာကို မသိစေချင်ဘူး"

ဟု ကပ္ပတိန်က ပြောကာ အစီအစဉ် ချမှတ် ပေးလေသည်။

"ကျွန်တော်တို့ သည်သင်္ဘောအတွက် ဘာလုပ်ထားဖို့ လိုသေးသလဲ"

ဟု ဟာဗတ်ကမေးလိုက်သဖြင့် ဘွန်အက်ဒ်ဗင်းချား သင်္ဘောမှာ



www.burmeseclassic.com

www.burmeseclassic.com

မီးပုံပျံ့ဆိပ်၌ လုံခြုံစွာ ရှိနေသဖြင့် အလွယ်တကူ မမြင်နိုင်သောကြောင့် စိုးရိမ်
မရှိကြောင်းဖြင့် ပင်ကာရှောက ရှင်းပြလိုက်၏။ ထို့နောက် သူတို့လည်း ကပ္ပတိ
ဟားဒိန်း၏ အမိန့်အတိုင်းပြုလုပ်ရန် ကိစ္စများကို အဆောတလျင် ဆောင်ရွ
ကြတော့၏။

ဤသို့ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြပြီးနောက် ကပ္ပတိန် ဟာ
ဒိန်းက . . .

"ရဲဘော်တို့ကို တစ်ခုမှာချင်တယ်၊ ဟို . . . သင်္ဘောပေါ်
အကောင်တွေက ကျုပ်တို့ကျွန်းကို အပိုင်စီးဖို့ ကြံရင်တော့ ကျုပ်တို့က အသ
နဲ့လဲပြီး ကာကွယ်ကြရလိမ့်မယ် . . ဘယ်နဲ့လဲ"

"အသက် အသေခံမယ်၊ ဒီကျွန်းကိုတော့ သူတို့ကို မပေးဘူး"
စပိလက်က စိတ်အားထက်သန်စွာ ပြောလိုက်သောကြောင့် ကပ္ပတိန်ဟား
က စပိလက်အား အားရဝမ်းသာ လက်ဆွဲ နှုတ်ဆက်လိုက်လေသည်။

ဤကဲ့သို့ ပြင်ဆင်မှုများ ပြုလုပ်ကြပြီးနောက် ပင်လယ်ပြင်သို့ လှ
ကြည့်လိုက်ရာ ရွက်သင်္ဘောသည် ယူနီယံပင်လယ်အော်သို့ ဦးတိုက်လ
သည်ကို တွေ့ရ၍ ကမ်းနှင့် ၂ မိုင်မျှသာ ဝေးတော့၏။ ပင်လယ်အော်အတွင်
သို့ဝင်ပြီးလျှင် သင်္ဘောသည် ကျောက်ဆူးချ၍ ရပ်နားမည်မှာ သေချာတော့
ထိုအချက်ကို သူတို့သည် တစ်နာရီအတွင်း သိကြရတော့မည်ဖြစ်၍ စော
ကြည့်ရန်သာ ရှိတော့၏။

ပင်လယ်ဓားပြများ၏ သင်္ဘောပေါ်တွင် လူအင်အားနှင့် လက်န
အင်အားကို ကပ္ပတိန်ဟားဒိန်းက သိလိုသော်လည်း ယင်းကဲ့သို့ သိရှိရန်
မလွယ်ကူချေ။ ညဥ့်ဦးယံပင် ဖြစ်လင့်ကစား လဆန်းရက် ဖြစ်သဖြင့် လ မ
တစ်ကျွန်းလုံး မှောင်မဲလျက် ရှိတော့၏။ ပင်လယ်ဓားပြတို့၏ သင်္ဘောပေါ်တွ
လည်း မီးများ ငြိမ်းထားသဖြင့် မည်သည့်အရာကိုမျှ မမြင်ရချေ။

သူတို့အားလုံး စိုးရိမ်တကြီး စောင့်ဆိုင်းကြည့်ရှုလျက် ရှိစဉ် အမှော
ထုမှ ဝင်းခနဲ အလင်းရောင်တစ်ခု ပေါ်ထွက်လာပြီးနောက် ပြင်းထန်သေ
အမြောက်သံ တစ်ချက် ကြားလိုက်ရ၏။

သင်္ဘောမှာ ကမ်းနှင့် မနီးမဝေး ရောက်နေပြီ ဖြစ်၍ အမြောက်မျ
ပါလာကြောင်းကိုလည်း ထိုအခါမှ ကောင်းစွာ သိရလေသည်။ အလင်းရော
ထွက်ပေါ်လာပြီးနောက် အမြောက်သံ ကြားရသော အချိန်မှာ ၆ စက္ကန့်ကြ
သဖြင့် အသံလာသည့် အချိန်ကို မိုင်နှုန်းဖြင့်တွက်လျှင် ရွက်သင်္ဘောသည်
ကမ်းနှင့် တစ်မိုင်ခန့်တွင် ရပ်ထားကြောင်း ခန့်မှန်းနိုင်လေသည်။ မကြာ
သင်္ဘောမှ ကျောက်ဆူးကြိုးချသံများ ကြားရလေရာ ပင်လယ်ဓားပြတို့





သင်္ဘောသည် ဂရင်းနိုက် အိမ်ကြီး၏ မြင်ကွင်းတွင် ရပ်တန့်၍ ကျောက်ဆူးချ
လိုက်ကြောင်း သိရလေသည်။

## နီးနောတိုင်ပင်ကြခြင်း

ပင်လယ်ဓားပြများ၏သင်္ဘောသည် ကျွန်းနှင့် မလှမ်းမကမ်းတွင် ကျောက်ချရပ်နားထားပြီ ဖြစ်သဖြင့် နောက်တစ်နေ့ နံနက်ကမ်းသို့ တက်ရောက်ကြမည်မှာ သေချာတော့၏။

သူတို့သည် ကျွန်းပေါ်သို့ တက်လာမည် ဆိုပါက သောက်ရေကို လိုချင်၍ တက်ရောက်ခြင်း ဖြစ်နိုင်၏။ ဤသို့လျှင် မာစီမြစ်ကို ဖြတ်၍ ဆောက်ထားသောတံတားနှင့် ကျောက်ခေါင်းတိုင်ကြီးအတွင်းရှိ အလုပ်ရုံတို့ကို မတွေ့ဘဲ သင်္ဘောသို့ ပြန်တက်သွားနိုင်ကြ၏။

ကျွန်းအနီးသို့ ယခု ရောက်ရှိလာသော သင်္ဘောမှ အမြောက်များကို မိမိတို့က ယှဉ်ပြိုင်၍ ပစ်ခတ်ရန်မှာ မိမိတို့တွင် သေနတ်များသာ ရှိသဖြင့် မယှဉ်နိုင်အောင် ရှိတော့၏။

ကပ္ပတိန်ဟားဒိန်းက သူ၏ ထင်မြင်ချက်ကို ပြောလိုသဖြင့် . . .

"တို့က တပန်းသာတာက တစ်ခုတော့ ရှိတယ်၊ ဒီဓားပြတွေ ဂရင်းနိုက်အိမ်ထဲကို ဘယ်လိုမှ မဝင်နိုင်ဘူး၊ ဝင်ပေါက်ကိုလည်း ရှာတွေ့နိုင်မယ် မဟုတ်ဘူး"

ပင်ကာရှောက ညည်းညူလျက် . . .

"ဒါပေမယ့် မွေးမြူရေး ခြံနဲ့ စိုက်ခင်းတွေကိုတော့ တွေ့မှာပေါ့၊ တွေ့သမျှကို ဖျက်ဆီးမယ့် အကောင်တွေ"

"သူတို့က ဆယ့်နှစ်ယောက်လောက် ဆိုတော့ ခံချလို့ ရပါတယ်၊ လေးငါးဆယ်ဆိုရင်တော့ မတာတ်နိုင်ဘူး"

ထိုအခါ အိုက်တွန်သည် ရှေ့သို့ တိုးလာပြီးနောက် . . .

"ကျွန်တော်ကို ခွင့်ပြုမယ်ဆိုရင် သင်္ဘောကို သွားကြည့်ချင်ပါတယ်"

"အန္တရာယ် သိပ်များတယ် မလွယ်ဘူး"

စပိလက်က . . .

"လှေနဲ့ သွားမှာလား"

"ရေကူး သွားမှာပါ"

ဟာဗတ်က စိုးရိမ်တကြီး ဝင်၍ . . .

"သင်္ဘောက ကမ်းနဲ့ တစ်မိုင်ကျော်ကျော် ဝေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ရေကူး ကျင်လည်ပါတယ် မစ္စတာဟာဗတ်"

သို့နှင့် ကပ္ပတိန်ဟားဒိန်းက အိုက်တွန်အား သင်္ဘောသို့ သွားခွင့်ပြုလိုက်သဖြင့် ပင်ကရော့က အိုက်တွန်အား ကျွန်းကလေးအထိ လိုက်ပို့ရန် စီစဉ်ကြ၏။

အိုက်တွန်သည် ကမ်းနားသို့ ရောက်သောအခါ အင်္ကျီကို ချွတ်၍ သူ၏ကိုယ် တစ်ကိုယ်လုံးကို အမဲဆီဖြင့် သုတ်လိမ်းပြီးနောက် ကမ်းစပ်ရှိ လှေပေါ်မှ ဆင်းပြီးလျှင် အခြေအနေကို အကဲခတ်လျက် အိုက်တွန်သည် သင်္ဘောရှိရာသို့ ညင်သာစွာ ကူးသွားလေသည်။ ပင်ကရော့ကမူ ကျောက်ဆောင်တစ်ခု အကွယ်တွင်ဝပ်၍ အိုက်တွန် အပြန်ကို စောင့်၍ နေလေသည်။

တစ်နာရီ ကျော်ခန့် ကြာသောအခါ အိုက်တွန်သည် သင်္ဘောသို့ ရောက်သွားရာ တစ်ခဏမျှ နားပြီးလျှင် ကျောက်ဆူးကြိုးကို ကိုင်၍ သင်္ဘောပေါ်သို့ ဖြည်းညင်းစွာ တက်သွား၏။ သင်္ဘော လက်ရန်းပေါ်တွင် အဝတ်အစားများ လှမ်းထားသည်ကို တွေ့ရသဖြင့် အဝတ်တစ်စုံကို ယူ၍ ဝတ်လိုက်လေသည်။

သင်္ဘောပေါ်၌ စားပွဲများမှာ မအိပ်ကြသေးဘဲ အချို့က အရက်သောက်ပြီးလျှင် အော်ဟစ်၍ သီဆိုနေကြ၏။ အချို့လည်း စကားပြော၍ နေကြ၏။ အိုက်တွန်သည် စကားပြောသံများကို ဂရုတစိုက် နားထောင်လျက် ရှိရာ . . .

"တို့သင်္ဘောကတော့ 'စပီဒီး' ဆိုတဲ့ အတိုင်း မြန်တဲ့နေရာမှာတော့ နှစ်စင်း မရှိဘူး"

"ကပ္ပတိန်ဘော့ဟာဗေး ကျန်းမာပါစေ"

ဟု အသံတစ်သံကို ကြားလိုက်ရ၏။

ထိုအခါမှ ၎င်းတို့သင်္ဘောမှာ 'စပီဒီး'သင်္ဘော ဖြစ်ပြီး သူ၏ကပ္ပတိန်မှာ ဘော့ဟာဗေး ဖြစ်ကြောင်း သိရလေသည်။ နော်ဖော့ကျွန်း၏ ကမ်းခြေတွင် ထိုသင်္ဘောကို ယခု ကပ္ပတိန် ဘော့ဟာဗေးဆိုသူက တိုက်ခိုက်လုယူလိုက်ခြင်း ဖြစ်၏။ သင်္ဘောသားများမှာ နော်ဖော့ကျွန်းပေါ်ရှိ အကျဉ်းထောင်မှ ထွက်ပြေးလာကြသော အကျဉ်းသားများ ဖြစ်ကြလေသည်။

ဤနေရာတွင် ထိုကျွန်း၏ အကြောင်းကို ရှင်းပြရန် လိုအပ်ပေမည်။ သြစတြေးလျကျွန်း၏ အရှေ့ဘက်တွင် ၂၉ ဒီဂရီ ၂ ပေ၊ တောင်လတ္တီတွဒ် ၁၆၅ ဒီဂရီ၊ ၄၂ ပေ၊ အရှေ့လောင်ဂျီတွဒ်၌ အချင်း ၆ မိုင်ခန့်ရှိသော 'နော်ဖော့' ကျွန်းကလေး တစ်ကျွန်း ရှိ၏။ ထိုကျွန်းပေါ်တွင် အင်္ဂလိပ် အကျဉ်းထောင်မှ နာမည်ကြီး အကျဉ်းသားများကို စစ်သား ၁၅၀နှင့် အလုပ်သမား (၁၅၈)တို့က





ကျပ်တည်းစွာ အုပ်ချုပ်ထားခဲ့လေသည်။ ထိုအုပ်ချုပ်မှု အောက်မှ တစ်ခါတစ်ရံ အချို့အကျဉ်းသားများသည် နော်ဖော့ကျွန်းသို့ ရောက်ရှိလာသော သင်္ဘောများကို ရုတ်တရက် တိုက်ခိုက်လုယူပြီးလျှင် ထွက်ပြေးခဲ့ခြင်းများရှိလေသည်။ ဤနည်းဖြင့် ဘော့ဟာဗေးနှင့် သူ၏အပေါင်းအသင်းများသည် 'စပီဒီး' သင်္ဘောကို အဓမ္မသိမ်းယူလိုက်ပြီးနောက် ထွက်ပြေးလာခဲ့ကြခြင်း ဖြစ်လေသည်။

ဘော့ဟာဗေးသည် ပင်လယ်အတွင်း မြေပုံပေါ်တွင် ဖော်ပြ၍မထားသော ကျွန်းတစ်ကျွန်းကို 'နော်ဖော့'ကျွန်းနှင့် မလှမ်းမကမ်းတွင် မမျှော်လင့်ဘဲ တွေ့ရှိရသဖြင့် ထိုကျွန်းကို အခြေစိုက်စခန်းအဖြစ် အသုံးချရန် အကြံပြုခဲ့၏။ သို့ဖြစ်၍ လင်ကွန်းကျွန်းတွင် ရောက်ရှိနေကြသော ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများ၏ အသက်အန္တရာယ်မှာ အလွန်စိုးရိမ်ရသော အခြေအနေသို့ ရောက်ရှိနေလေသည်။

အိုက်တွန်သည် 'စပီဒီး' သင်္ဘောပေါ်သို့ ရောက်ပြီးနောက် တစ်နာရီခန့် ကြာသောအခါ သင်္ဘောသားများသည် အရက်မူးပြီးလျှင် အိပ်ပျော်သွားကြသဖြင့် သင်္ဘောတစ်စင်းလုံးမှာ ဆိတ်ငြိမ်သွားတော့၏။ ထိုအခါမှ သင်္ဘောဦးပိုင်းတွင် ပုန်းအောင်းနေသော အိုက်တွန်သည် သင်္ဘော ကြက်လှေကားကိုဖြတ်ပြီးလျှင် သင်္ဘောဦးပိုင်းသို့ ဖြေးညင်းစွာ လျှောက်သွားလေသည်။ ထိုနေရာမှ တစ်ဆင့် ကုန်းပတ်ပေါ်သို့ တက်၍ လျှောက်ကြည့်ရာ 'စပီဒီး' သင်္ဘောပေါ်တွင် အမြောက်လေးလက် တပ်ဆင်ထားသည်ကို တွေ့ရလေသည်။ ထိုအမြောက်များမှာ ကျည်ဆံကို နောက်မှနေ၍ထိုးရသော နောက်ဆုံးပေါ် အမြောက်များ ဖြစ်သောကြောင့် ကျည်ဆံထည့်ရာ၌ လွယ်ကူပြီး လျင်မြန်စွာ ပစ်ခတ်နိုင်လေသည်။

သင်္ဘောကုန်းပတ်ပေါ်တွင် သင်္ဘောသား ဆယ်ယောက်ခန့် အိပ်ပျော်နေသည်ကို တွေ့ရသော်လည်း သင်္ဘောဝမ်းတွင်း၌ ရှိသူများ အပါအဝင် သင်္ဘောသားအားလုံး ၅၀ ခန့် ရှိမည်မှာ သေချာလေသည်။

အိုက်တွန်သည် သူ၏ တာဝန်ပြီးဆုံးပြီဖြစ်၍ ကျွန်းသို့ ပြန်လာနိုင်သော်လည်း တာဝန်ရှိသည်ထက် ပို၍ လုပ်ကိုင်ပေးလိုသော ဆန္ဒရှိသဖြင့် သင်္ဘောပေါ်မှ ယမ်းတိုက်ကို ဖောက်ခွဲပြီးလျှင် သင်္ဘောသားများနှင့်အတူ အသေခံမည်ဟု စိတ်ကို ဆုံးဖြတ်လိုက်၏။

သို့နှင့် သင်္ဘောရွက်တိုင်ကြီးခြေရင်းတွင် ထွန်းညှိထားသော မီးအိမ်၏ အလင်းရောင်ဖြင့် အနီးတွင် တွေ့ရသော လက်နက်မျိုးစုံ ထည့်ထားသော သေတ္တာအတွင်းမှ ခြောက်လုံးပြူး တစ်လက်ကို ထုတ်ယူလိုက်၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပဲ့ပိုင်းတွင်ရှိသည့် ယမ်းတိုက်ရှိရာသို့ အသံမကြားရအောင် တဖြည်းဖြည်း လျှောက်သွားလေသည်။ ယမ်းတိုက်၏တံခါးကို သော့ခလောက်ဖြင့် ခတ်ထားသဖြင့် သူသည် သော့ခလောက်ကို ဆွဲလိမ်လိုက်ရာ သော့ခလောက် ကျိုး၍ တံခါး ပွင့်သွားတော့၏။ ယမ်းတိုက် အတွင်းသို့ ဝင်လိုက်စဉ် သူ၏ ပခုံးကို တစ်စုံတစ်ယောက်က နောက်မှ ကိုင်လိုက်သဖြင့် လှည့်ကြည့်လိုက်ရာ

"မင်း ဒီမှာ ဘာလာလုပ်နေတာလဲ"

ဟု အရပ်မြင့်မြင့်လူကြီးတစ်ယောက်က မှန်အိမ်ကို အိုက်တွန်၏ မျက်နှာအနီးသို့ ကပ်၍ မေးလိုက်၏။ သို့နှင့် အသံကြားရာဘက် သို့လှည့်ကြည့်လိုက်ရာ ထိုလူကြီးမှာ ဘော့ဟာဖေးဖြစ်နေကြောင်း မှန်အိမ်အလင်းရောင်ဖြင့် မြင်ရလေသည်။ အိုက်တွန်သည် ယမ်းတိုက် အတွင်းသို့ ပြေးဝင်မည်ပြုရာ ဘော့ဟာဖေးက သူ၏ ခါးပတ်ကို လှမ်းဆွဲလိုက်၏။ သို့သော် အိုက်တွန်က အတင်းရုန်းထွက် လိုက်သဖြင့် လွတ်သွားလေသည်။

ဘော့ဟာဖေးက အသံနက်ကြီးဖြင့် . . .

"ဟေ့ . . သေနာကောင်တွေ၊ ဒီကို လာကြဦး"

ဟု သင်္ဘောသားများ ရှိရာသို့ လှမ်း၍ အော်လိုက်၏။ ချက်ချင်းပင် ဓားပြ နှစ်ယောက် သုံးယောက် အိပ်ရာမှနိုး၍ ပြေးလာပြီးလျှင် အိုက်တွန်နှင့် ဝင်ရောက် သတ်ပုတ်ရန် ရှေ့သို့တိုးလာ၏။ အိုက်တွန်က သူ၏ခြောက်လုံးပြူးဖြင့် နှစ်ချက်ဆင့်၍ ပစ်လိုက်ရာ ချက်ကောင်းထိမှန်ကာ နှစ်ယောက်စလုံး လဲကျသွားတော့၏။ သို့နှင့် သူသည် သင်္ဘောသား ဓားပြများကို တွန်းဖယ်ကာ ကုန်းပတ်ပေါ်သို့ ကိုယ်လွတ်ရုန်း၍ ပြေးတက်လာရာ အခြားဓားပြတစ်ယောက်က သူ၏လည်ပင်းကို ဝင်ရောက်ညှစ်မည်ပြုစဉ် အိုက်တွန်သည် ထိုသူ၏ မျက်နှာတည့်တည့်သို့ ခြောက်လုံးပြူးနှင့် ပစ်လိုက်ပြီးနောက် ရေထဲသို့ လျင်မြန်စွာ ခုန်ချလိုက်လေသည်။

အိုက်တွန်သည် ကမ်းဘက်သို့ မှန်းဆကူးခပ်လျက် ရှိစဉ် သင်္ဘောပေါ်မှနေ၍ သူ့အား သေနတ်များဖြင့် ပစ်ခတ်နေကြောင်း သိရ၏။ သင်္ဘောပေါ်မှ ပစ်ခတ်လိုက်သည့် သေနတ်သံများကို ကြားရသဖြင့် ဟားဒိန်းနှင့် သူ၏ လူများသည် လက်နက် ကိုယ်စီကိုင်ကာ ကမ်းစပ်သို့ ပြေးထွက်လာကြလေသည်။

၁၂ နာရီခွဲကျော်သောအခါ လှေတစ်စင်းသည် ကမ်းစပ်ဆီသို့ လှော်ခတ်လာသည်ကို မြင်ရပြီးလျှင် လှေပေါ်၌ အိုက်တွန်နှင့် ပင်ကရော့တို့ ပါလာသည်ကို တွေ့ရလေသည်။ ချက်ချင်းပင် အိုက်တွန်က သင်္ဘောပေါ်မှ အခြေအနေကို ဟားဒိန်းအား သတင်းပို့ ပြောပြလေသည်။





"ကျုပ်တို့ ဘယ်လို သေရမယ် ဆိုတာ နားလည်ပါတယ်"

ဟု စပိလက်ကပြောလိုက်ရာ ပင်ကရော့က အနီးရှိ ကပ္ပတိန် ဟားဒိန်းအား . . .

"ကျွန်တော်တို့ လွတ်မြောက်စရာ လမ်းရှိသေးလား"

"ရှိပါတယ်"

"ခြောက်ယောက်နဲ့ ငါးဆယ်"

"တစ်ယောက် ထည့်မတွက်ရင် ခြောက်ယောက်ပေါ့ဗျာ"

"တစ်ယောက်က ဘယ်သူလဲ"

ကပ္ပတိန်ဟားဒိန်းက နှုတ်ဖြင့်မဖြေဘဲ ကောင်းကင်သို့ လက်ညှိုးထိုး၍ ပြလိုက်လေသည်။

**ဆီးနှင်းများ ကွယ်ပျောက်သောအခါ**

ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများသည် ကျောက်ခေါင်းတိုင်ကြီး၌ ဆက်လက် နေရာယူထားကြ၏။ ပင်လယ် ဓားပြများကလည်း ကျွန်းပေါ်သို့ တက်ရန် မကြိုးစားကြသေးချေ။ အိုက်တွန်အား သူတို့က သေနတ်များဖြင့် ပစ်ခတ်ကြပြီးနောက် သေနတ်သံများ ဆက်လက် မကြားရတော့သဖြင့် ကျောက်ဆူးကြိုးကို နုတ်၍ သူတို့၏ သင်္ဘောထွက်သွားပြီဟု ထင်မှတ်ရတော့၏။

သို့သော် ကပ္ပတိန်ဟားဒိန်းတို့ ထင်သကဲ့သို့ မဟုတ်ဘဲ နောက်တစ်နေ့ နံနက် စောစောတွင် သူတို့၏ သင်္ဘောကို ဆီးနှင်းများကြားမှ ဝိုးတဝါး မြင်၍ နေကြရပြီ။

ကပ္ပတိန် ဟားဒိန်းက သူ၏ တိုက်ခိုက်ရေး စီမံကိန်းကို အောက်ပါ အတိုင်း စီစဉ်လေသည်။ ဆီးနှင်းများ မကွဲမီ လုပ်ကိုင်ရန် ရှိသည်များကို လုပ်ကိုင်ရန် လိုအပ်၏။ ကျွန်းကြီးပေါ်တွင် လူအများ နေထိုင်လျက် ရှိသဖြင့် အဘက်ဘက်မှ ခုခံတိုက်ခိုက်ကြလိမ့်မည်ဟု ပင်လယ်ဓားပြများ အထင် ရောက်အောင် ပြုလုပ်ရန်လိုသည့်အတိုင်း မိမိတို့၏ အဖွဲ့ကို သုံးစုခွဲပြီးလျှင် နေရာယူ၍ ခုခံ တိုက်ခိုက်ကြမည်။ ပထမအဖွဲ့တွင် ကပ္ပတိန်ဟားဒိန်းနှင့် ဟာဗတ်တို့ ၂ ဦးက ကျောက်ခေါင်းတိုင်လိုဏ်ဂူတွင် နေရာယူ၍ အသင့်ပြင်ထားမည်။

စပိလက်နှင့် နက်တို့က မာစီမြစ်ဝရှိ ကျောက်ဆောင်များ အတွင်းမှ နေ၍ ခုခံ ပစ်ခတ်ကြရန် ဖြစ်၏။ အိုက်တွန်နှင့် ပင်ကရော့တို့ ၂ ဦးက လှေ



www.burmeseclassic.com

www.burmeseclassic.com



ယ်ဖြင့် ရေလက်ကြားကို ဖြတ်ပြီးနောက် ကျွန်းကလေးပေါ်တွင် တစ်နေရာ စီခွဲ၍ နေရာယူကြပြီးလျှင် ဓားပြများအား ခုခံ တိုက်ခိုက်ကြရန် ဖြစ်လေသည်။

ဤသို့ စီစဉ်ကြပြီးနောက် ၎င်းတို့သည် လိုအပ်သော လက်နက် ခဲယမ်းမီးကျောက်များကို ယူပြီးလျှင် တာဝန်ချထားသည့် နေရာ အသီးသီးသို့ လျှင်မြန်စွာ ထွက်ခွာသွားကြရာ မကြာမီ ဆီးနှင်းများအကြားတွင် ပျောက်ကွယ် သွားကြတော့၏။

အချိန်သည် နံနက် ၆ နာရီခွဲခန့် ရှိလေပြီ။ အရှေ့ အရပ်မှ နေထွက် လာသည်နှင့် တစ်ပြိုင်နက် ဆီးနှင်းများ တဖြည်းဖြည်း ပျောက်ကွယ်သွားရာ 'စပိဒီ' သင်္ဘောကို ကောင်းစွာ မြင်ကြရတော့၏။

ပင်လယ်ဓားပြများက ကျွန်းပေါ်တွင် လူအများနေထိုင်လျက် ရှိ သည်ဟု ထင်မှတ်ကြသော်လည်း လင်းအားကြီး နေရောင်အောက်တွင် ကျွန်း ပေါ်၌ မည်သူ့ကိုမျှ မတွေ့ကြရသဖြင့် အံ့ဩလျက် ရှိနေကြ၏။ ယမန်နေ့ညက သင်္ဘောပေါ်သို့ လူတစ်ယောက် ရုတ်တရက် ရောက်ရှိလာပြီးလျှင် ခြောက်လုံး ပြူး သေနတ်ဖြင့် ဒလစပ် ပစ်ခတ်သွားသဖြင့် ဓားပြတစ်ယောက် သေဆုံးပြီးလျှင် အခြားနှစ်ယောက် ဒဏ်ရာရ၍ သွားခဲ့၏။ ထိုသူမှာ ချက်ချင်းလိုပင် ပျောက် ကွယ်သွားသောကြောင့် မည်သည့် ရည်ရွယ်ချက်ဖြင့် သင်္ဘောပေါ်သို့ လာ သည်ကို မသိလိုက်ကြရဘဲ ဖြစ်နေ၏။ ကမ်းခြေ အနီးတစ်ဝိုက်တွင် လူနေ အိမ်ခြေကိုလည်း မတွေ့ရသဖြင့် ဘော့ဟာဓားပေးက အခြေအနေကို ကြည့်ပြီးလျှင် စိတ်ချရသောအခါမှ သူ၏ လူများကို ကုန်းပေါ်သို့ တက်စေရန် ရည်ရွယ် စိတ်ကူးထား၏။

ကပ္ပတိန်ဟားဒီန်းက မှန်ပြောင်းဖြင့် သင်္ဘောဆီသို့ ကြည့်လိုက်ရာ သင်္ဘောပေါ်၌ အမြောက်များသည် ကျွန်းကြီးဘက်သို့ ချိန်ရွယ်ထား၍ လို အပ်လျှင် ချက်ချင်းပင် ပစ်ခတ်နိုင်သော အနေအထားတွင် ရှိသည်သို့တွေ့ရ၏။ ဓားပြ ၁၀ ခန့်သည် သင်္ဘောကုန်းပတ်ပေါ်၌ လူးလာဆန်ခတ် သွားလာနေကြ သည်ကိုလည်း တွေ့ရသဖြင့် ဘော့ဟာဓားပေးသည် ကျွန်းကြီးပေါ်သို့တက်ရန် ချိန်ဆနေသည်ဟု ယူဆရလေသည်။ သူသည် ကလောအငူမှ မင်ဒီဘယ် အငူအထိ လည်းကောင်း၊ ယူနီယံပင်လယ်အော်၏ အနီးအနားတွင် လည်း ကောင်း၊ လူသူနေထိုင်သည်ဟု ထင်မှတ်ရန် တစ်စုံတစ်ရာ မတွေ့ရသဖြင့် အံ့ဩနေ၏။

နံနက် ၈ နာရီ အချိန်သို့ ရောက်သောအခါ စပိဒီ သင်္ဘောပေါ်မှ သင်္ဘောသားများမှာ တလှုပ်လှုပ် တရွရွ ဖြစ်လာကြပြီးလျှင် လှေတစ်စင်းကို အောက်သို့ ချလိုက်ပြီးနောက် လှေပေါ်သို့ ပင်လယ်ဓားပြ ခုနစ်ယောက် တက်





လိုက်သည်ကို မြင်လိုက်ရ၏။ ဓားပြ ၂ ယောက်က သေနတ်ကိုယ်စီ ကိုင်၍ လှေဦးတွင် ဒူးထောက်ထိုင်ရင်း လိုက်ပါလာ၏။ တစ်ယောက်က ပဲ့ကိုင်ပြီးလျှင် ကျန် ၄ ယောက်က လှော်တက်များဖြင့် လှေကို အားစိုက်လှော်ခတ်လျက် ရှိ ကြလေသည်။ ကပ္ပတိန်ဟားဒီန်းကမူ ၎င်းတို့သည် ပင်ကရော့တို့ ပုန်းအောင်း နေသည့် ကျွန်းကလေးပေါ်သို့ တက်ကြလိမ့်မည်ဟု ထင်လိုက်မိ၏။

ပင်ကရော့နှင့် အိုက်တွန်တို့နှစ်ယောက်ကလည်း ၎င်းတို့၏ သေနတ် စကွင်းသို့ ပင်လယ်ဓားပြများ ရောက်ရှိလာမည့်အချိန်ထိ စောင့်ဆိုင်းလျက် ရှိ၏။ မကြာမီ လှေလှော်နေသူ တစ်ဦးက ခဲကြိုးဖြင့် ရေတိမ်ရေနက်ကို တိုင်း၍ လိုက်လာရာ ဓားပြဗိုလ်ဘော့ဟာဓားပေးသည် စပိဒီ သင်္ဘောကို မာစီမြစ်ဝအတွင်း သို့ ကျွန်းနှင့်အနီးဆုံး ရောက်အောင် ဝင်နိုင်မည့်နေရာကို သိလိုသဖြင့် ဤကဲ့သို့ ရေကြောင်း (ရေအတိမ် အနက်)ကို တိုင်းတာရန် တာဝန်ပေးထားခြင်း ဖြစ် သည်ဟု ခန့်မှန်းရ၏။ မကြာမီ ပဲ့ကိုင်သူ ဓားပြသည် မတ်တတ်ရပ်၍ ကမ်းသို့ ကပ်နိုင်မည့် နေရာကို ကြည့်လိုက်စဉ် ရုတ်တရက် သေနတ်သံနှစ်ချက် ထွက် ပေါ်လာပြီးနောက် ခဲကြိုးဖြင့် ရေတိုင်းနေသူနှင့် တက်မကိုင်သူတို့သည် နောက် သို့လန်၍လဲကျသွားတော့၏။ ပင်ကရော့နှင့် အိုက်တွန်တို့က ပစ်လိုက်သော ကျည်ဆံများသည် ဓားပြနှစ်ယောက်အား တစ်ချိန်တည်း ထိမှန်သွားခြင်း ဖြစ်လေသည်။ ဓားပြများသည် လှေကို တောင်ဘက်သို့ ကွေ့ပြီးလျှင် သေနတ် စကွင်းမှ လွတ်အောင် အမြန်လှော်ခတ်လျက် ရှိနေကြ၏။

ချက်ချင်းလိုပင် ရွက်သင်္ဘောမှ ပြင်းထန်သော အမြောက်သံ တစ်ချက် ထွက်ပေါ်လာပြီးလျှင် စပိလက်နှင့် အိုင်တွန်တို့ အနီးတွင်ရှိသော ကျောက် ဆောင်ကို ထိမှန်ကာ ကျောက်ခဲများ ကြေမွသွားသည်ကို တွေ့ရ၏။ ဓားပြ များ၏ လှေမှာ ကျွန်းကလေး၏ တောင်ဘက်မှ ကွေ့ပြီးလျှင် ရေလက်ကြား အတွင်းသို့ ဝင်ကာ မာစီမြစ်သို့ ဦးတည်၍ အမြန်လှော်ခတ်လျက် ရှိနေ၏။ ပင်ကရော့နှင့် အိုက်တွန်တို့ နှစ်ဦးမှာ တာဝန်ပေးထားသည့်အတိုင်း မိမိတို့ နေရာမှ ထွက်မသွားကြဘဲ ဓားပြများ၏ လှေကို မာစီမြစ်ဝသို့ ရောက်သည့် အချိန်အထိ စောင့်ကြည့်လျက် ရှိနေကြလေသည်။

မိနစ်နှစ်ဆယ်ခန့် ကြာသောအခါ ဓားပြများ၏ လှေသည် မာစီမြစ်ဝ မှ သံကြိုးနှစ်ပြန်ခန့်ရှိသော နေရာသို့ ရောက်လာ၏။ ဒီရေ တက်လာချိန်ဖြစ် သဖြင့် လှေကို မထိန်းနိုင်ဘဲ မြစ်ဝအတွင်းသို့ အရှိန်ဖြင့် မျောပါလာ၏။ လှေ သည် မြစ်ဝအတွင်းရောက်လျှင် ကမ်းရိုးတန်းဘက်မှ သေနတ်သံနှစ်ချက် တစ် ပြိုင်နက် ထွက်ပေါ်လာပြီးနောက် ဓားပြနှစ်ယောက် ကျဆုံးသွားပြန်၏။ မရှေး မနှောင်းမှာပင် ရွက်သင်္ဘောမှ အမြောက်သံတစ်ချက် ထွက်ပေါ်လာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်တွင် ဓားပြ ၃ ယောက်သာ ကျန်တော့၏။ သူတို့လည်း လှေ လှည့်ကာ ရွက်သင်္ဘောဘက်သို့ အမြန်လှော်ခတ် သွားလေသည်။ ကျွန်းပေါ် လူတစ်ယောက်မျှ ဒဏ်ရာရသည်ကို မတွေ့ရချေ။ ကျွန်းပေါ်တွင် လူ အထေ များများနှင့် လက်နက်အပြည့်အစုံ ရှိသည်ဟု ဓားပြများက ယုံကြည်ကြဟ တူ၏။ လှေကလေးသည် 'စပီဒီ' သင်္ဘောသို့ ကပ်လိုက်သည်နှင့် တစ်ပြိုင်နက် အမြောက်သံ နှစ်ချက် သုံးချက် ထပ်မံ ထွက်ပေါ်လာပြန်၏။ ချက်ချင်းလို သင်္ဘောမှ ဓားပြများပါသော လှေနှစ်စင်း ရှေ့ဆင့် နောက်ဆင့် ထွက်လာပြန် တစ်စင်းတွင် ဓားပြ ၆ ယောက်ပါ၍ အခြားတစ်စင်းတွင် ၈ ယောက် ပါရှိ ပထမ လှေက ကျွန်းကလေးသို့ ကပ်လိုက်ပြီးလျှင် အခြားလှေက မာစီမြစ်ဝသို့ ဝင်သွားလေသည်။

ပင်ကရော့နှင့် အိုက်တွန်တို့သည် လှေပေါ်ရှိ ဓားပြများအား သေ နတ်ဖြင့် ထပ်မံ ပစ်ခတ်လိုက်သဖြင့် ဖရိုဖရဲ ဖြစ်သွားတော့၏။ သို့ရှိစဉ် သူတို့ လှေကလေးကို ကျွန်းမကြီးပေါ်သို့ ဆုတ်ခွာခဲ့ ပြီးလျှင် ကမ်းသို့ ကပ်ပြီးနောက် ကျောက်ခေါင်တိုင်သို့ နှစ်ယောက်သား ပြေးလာခဲ့ကြ၏။ မာစီမြစ်ဝသို့ ရောက်လာသော လှေပေါ်မှ ဓားပြနှစ်ဦးကို စပီလက်နှင့် နက်တို့က ပစ်ချလိုက် ပြန်ရာ ဓားပြများသည် လှေကို ကမ်းသို့ ကပ်၍ မာစီမြစ်၏ လက်ယာဘက် ကမ်းပေါ်သို့ တက်သွားသည်ကို မြင်လိုက်ကြရ၏။

ထိုအချိန်တွင် ဟာဗတ်က ကပ္ပတိန်ဟားဒိန်းအား ဂရင်းနိုက်အိမ်ကြီး သို့ သူတို့အားလုံး ဆုတ်ခွာလျှင်ကောင်းမည် ထင်ကြောင်း အကြံပေးရာ ကပ္ပတိန်က ခေတ္တစောင့်ရန် ပြန်ပြောလေသည်။

ကျွန်းကလေးပေါ်ရှိ ဓားပြများသည် ကျွန်းမကြီးသို့ ဖြတ်ကူးရန် ကမ်းခြေသို့ ရောက်ရှိနေကြစဉ် အိုက်တွန်နှင့် စပီလက်တို့က ၎င်းတို့အား သေနတ်ဖြင့် ချိန်၍ ပစ်လိုက်ပြန်၏။ ဤသို့ဖြင့် ထိုနေရာတွင် ဓားပြနှစ်ယောက် ကျဆုံးသွားပြန်လေသည်။ ကျန်ဓားပြ ရှစ်ယောက်တို့သည် ကျွန်းကိုပတ်၍ ပြေးကြပြီးနောက် လှေပေါ်သို့တက်၍ သေနတ်ပစ်ကွင်းအတွင်းမှ လွတ်အောင် လှေကို အမြန်လှော်ခတ် သွားကြလေသည်။

မကြာမီပင် ရွက်သင်္ဘောသည် ကျောက်ဆူးကြီးကို ဆွဲတင်လိုက်ပြီး လျှင် ကမ်းဘက်သို့ တဖြည်းဖြည်း မောင်းနှင်လာသည်ကို တွေ့ရ၏။ စပီ လက်နှင့် နက်တို့ နှစ်ဦးလည်း ကပ္ပတိန်ဟားဒိန်း ရှိရာသို့ အမြန် ပြေးလာကြ လေသည်။

စပီလက်က . . .

"ကပ္ပတိန် . . . ကျွန်တော်တို့ ဘာလုပ်ကြဦးမလဲ"





"ဂရင်းနိုက် အိမ်ကြီးကို ပြန်ကြမယ်"

သို့နှင့် သူတို့အားလုံး ဂရင်းနိုက်အိမ်အိမ်ကြီးသို့ ပြန်လာကြပြီးလျှင် အိမ်ထဲသို့ အမြန် ဝင်ခဲ့ကြလေသည်။

ကပ္ပတိန် ဟားဒိန်းသည် ပြတင်းပေါက်ရှိ သစ်ကိုင်းများ အကြားမှ ချောင်းကြည့်လိုက်ရာ စပီဒီသင်္ဘောသည် ကျွန်းကလေးနှင့် ကျွန်းမကြီး အတွင်းရှိ ရေလက်ကြားသို့ ဝင်လာသည်ကို တွေ့ရ၏။ သင်္ဘောမှ အမြောက်များသည် ကျောက်ခေါင်းတိုင်းနှင့် မာစီမြစ်ဝများဆီသို့ အဆက်မပြတ် ပစ်ခတ်နေသည်ကို တွေ့ရ၏။ အခြားနေရာများသို့လည်း ပစ်ခတ်လျက်ရှိ၏။ အမြောက်ကျည်ဆံ တစ်ခုသည် ဂရင်းနိုက်အိမ်ကြီး အတွင်းသို့ ဝင်လာရာ ကံကောင်းထောက်မ သဖြင့် မည်သူမျှ ထိခိုက်မှု မရှိချေ။

"ကျွန်တော်တို့ နေရာကို တွေ့သွားပြီ"

ဟု ပင်ကရော့က အော် ပြောလိုက်၏။

ဒုတိယအမြောက် ကျည်ဆံသည်လည်း တံခါးမကြီးကို ထိမှန်သွား ပြန်၏။ သစ်ကိုင်းများ ပြတ်ကျသွားသောကြောင့် ကျောက်ထရံကြီး၌ ပြတင်း ပေါက်များကို ဓားပြများက မြင်သွားဟန် တူတော့၏။ ကပ္ပတိန် ဟားဒိန်းတို့မှာ မည်သို့မျှ ပြန်လည်ခုခံခြင်း မပြုနိုင်ဘဲ အိမ်ကြီး အတွင်းဘက်သို့ တိမ်း သွားကြရန်သာ ရှိတော့၏။ ထိုအချိန်တွင် ပင်လယ်ဘက်မှ အလွန်ပြင်းထန် သော ပေါက်ကွဲသံကြီးတစ်ခုကို ကြားလိုက်ရပြီးလျှင် ကျယ်လောင်စူးရှစွာ အော်ဟစ်လိုက်ကြသော သင်္ဘောသားများ၏ အသံများကို တစ်ဆက်တည်း ကြားလိုက်ရလေသည်။ သို့နှင့် ပြတင်းပေါက်ဆီသို့ သူတို့အားလုံး ပြေးသွား ပြီးလျှင် အပြင်သို့ ကြည့်လိုက်ကြ၏။

စပီဒီ သင်္ဘောသည် ရေပြင်ပေါ်သို့ မြောက်တက်သွားပြီးနောက် သင်္ဘောမှာ နှစ်ပိုင်းပြတ်၍ ခါးလည်မှ ကျိုးသွားပြီးလျှင် ၁၀ စက္ကန့်အတွင်း ဓားပြများနှင့်အတူ ပင်လယ်တွင်းသို့ နစ်မြုပ်သွားသည်ကို နောက်ဆုံး တွေ့ လိုက်ရတော့၏။

## ပင်လယ်ကမ်းခြေသို့ သွားရောက် ကြည့်ရှုကြခြင်း

"သင်္ဘောကြီး နှစ်ပိုင်း ပြတ်သွားပြီ"

ဟု ဟာဗတ်က ပြောလိုက်၏။

"အိုက်တွန်က ယမ်းတိုက်ကို ဖောက်ခွဲလိုက်လို့ သင်္ဘောကြီး နှစ်ပိုင်း ပြတ်သွားတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပင်ကရော့က အားပါးတရ ပြန်ပြောလိုက်၏။

စပိလက်သည် ကပ္ပတိန်အားစေ့စေ့ကြည့်ပြီးနောက် . . .

"ဒါနဲ့ နေပါဦး . . . သင်္ဘောကြီးဟာ ဘယ်လို ဖြစ်ပြီး ပေါက်ကွဲသွားတာလဲ"

"ဒီတစ်ခါတော့ အကြောင်းစုံ သိရတော့မယ်"

"ဘာကို သိရမှာလဲ"

"ခဏစောင့်ဦးမှပေါ့ စပိလက်ရဲ့ အရေးကြီးတဲ့ အချက်က စားပြဲ... အကုန်သေကုန်ပြီဆိုတဲ့ အချက်ပဲ မဟုတ်လား"

ဟု ကပ္ပတိန်ဟားဒိန်းက နောက်ဆုံး ပြောဆိုလိုက်ပြီးနောက် ဝင်... လယ်ကမ်းခြေဘက်သို့ ခပ်သုတ်သုတ် ထွက်သွား၏။ ပင်ကရော့၊ နက်၊ ဟား... ဗတ်တို့ သုံးယောက်မှာ ကမ်းနားသို့ ရောက်နှင့်နေပြီဖြစ်၍ မကြာမီပင် ၎င်း... တို့ထံသို့ စပိလက်နှင့် အိုက်တွန်တို့ ရောက်ရှိလာကြလေသည်။

သင်္ဘောမြုပ်သွားသော ရေလက်ကြားတွင် ပေ ၂၀ ခန့်သာ နက်... သော်လည်း သင်္ဘော၏ ရွက်တိုင်ကိုမျှ မမြင်ရသဖြင့် နံဘေးသို့ စောင်း... မြုပ်သွားသည်ဟု ယူဆရလေသည်။ သင်္ဘော နစ်မြုပ်သည့်နေရာနှင့် မလှမ်း... မကမ်းတွင် မျောတိုင်များတင်ထားသော ဖောင်တစ်ခု မကြာမီ ပေါ်လာ၏။ သေတ္တာ အချို့နှင့် အရက်စည်ပိုင်းများ၊ ကြက် လှောင်အိမ်များ တဖြည်းဖြည်း... ရေပေါ်သို့ပေါ်လာ၏။ သို့သော် သင်္ဘောပျက်မှ သစ်တိုသစ်စများ မပေါ်လာ... သဖြင့် အံ့သြ၍ နေမိကြ၏။

ကျိုးနေသောသင်္ဘောရွက်တိုင်နှစ်ခုသည် မကြာမီ ရွက်များနှင့်အတူ... ရေပေါ်သို့ ပေါ်လာ၏။ အိုက်တွန်နှင့် ပင်ကရော့တို့လည်း ရေကျသည်အထိ... မစောင့်တော့ဘဲ ရေပေါ်တွင်မျောနေသော ပစ္စည်းများကို သူတို့၏ လှေကလေး... ဖြင့် လိုက်လံဆယ်ယူကာ အလုပ်ရှုပ်လျက် ရှိနေကြတော့၏။ ရွက်တိုင်နှင့်... ရွက်ကို လှေ၏နောက်တွင် ဆွဲချိတ်ယူခဲ့ပြီးလျှင် အားလုံး ဝိုင်းဝန်းကူညီ၍... ကမ်းပေါ်သို့ ရောက်အောင် ဆွဲတင်ကြ၏။

ရေနစ်၍ သေသွားကြသော စားပွဲများ၏ အလောင်းအချို့လည်း... မကြာမီ ရေပေါ်သို့ပေါ်လာသဖြင့် လိုက်လံကြည့်ရှုရာ ကပ္ပတိန် ဘော့ဟား... ၏ အလောင်းကို တွေ့ရသဖြင့် အိုက်တွန်က သိဟောင်းကျွမ်းဟောင်း တစ်... ယောက်အနေဖြင့် ခေတ္တမျှ စိတ်မကောင်း ဖြစ်သွားလေသည်။ အချို့အလောင်း... များမှာ ဒီရေအကျတွင် ဒီရေနှင့် မျောပါသွားသဖြင့် ရေပေါ်သို့ ပေါ်မလာတော့... ပေ။ ဒီရေကျပြီးနောက် သင်္ဘော၌ ကျန်ရစ်မည့် ပစ္စည်းများမှာ ကပ္ပတိန်... ဟားဒိန်းအဖွဲ့ များစွာအသုံးဝင်မည် ဖြစ်လေသည်။ ယင်း ပစ္စည်းများကို သိမ်း...





...ဆည်းလျက်ရှိကြစဉ် သင်္ဘောမှာ အလွန်အရေးကြီးသော အချိန်၌ ရုတ်တရက် ...ပေါက်ကွဲ သွားရသည့်အကြောင်းကို ဆွေးနွေးပြောဆိုလျက် ရှိကြ၏။

စားပွဲတစ်ယောက်၏ ပေါ့ဆမှုကြောင့် ယမ်းတိုက်ပေါက်ကွဲ သွား...ခြင်းဖြစ်လိမ့်မည်ဟု ပင်ကရော့က ထင်မြင်ချက်ပေး၏။ ဟာဗတ်ကမူ ထို...အချက်ကို မကျေနပ်သေးဘဲ သင်္ဘောမှ ပေါက်ကွဲသံမှာ ယမ်းတိုက်ကြီး တစ်...လုံး ပေါက်ကွဲသလောက် ကျယ်လောင်စွာ အသံမထွက်သဖြင့် တစ်ကြောင်း၊ ...သင်္ဘောမှာ ရေလျှံပြီး နစ်မြုပ်သွားသည်ဟု ထင်ကြောင်း ပြောပြ၏။

ထိုအခါ ကပ္ပတိန် ဟားဒိန်းက ခေါင်းကို ကုတ်လိုက်ပြီး . . .

"ငါလဲ အံ့သြနေတာပဲ ဟာဗတ်၊ ရေကျသွားလို့ သင်္ဘောဝမ်းဗိုက်ကို ...တွေ့တဲ့အခါကျရင်တော့ အားလုံး ရှင်းသွားမှာပါ"

ဟု ပြောလိုက်၏။

ထိုရေလက်ကြားအတွင်း ကျောက်ဆောင်များ မရှိသဖြင့် ကျောက်...ဆောင်နှင့် တိုက်မိပြီး သင်္ဘော ဝမ်းဗိုက်ပေါက်၍ မြုပ်သွားခြင်းလည်း မဖြစ်...နိုင်ကြောင်း ပင်ကရော့က ပြောပြ၏။ သဘာဝမဟုတ်သည့် အကြောင်းတစ်ခု...ကြောင့် သင်္ဘောနစ်သည် ဆိုသောအချက်ကိုလည်း သူ မပြောတတ်ကြောင်း ...ကပ္ပတိန် ဟားဒိန်းက ပြောပြ၏။

နေ့လယ် ၁ နာရီအချိန်တွင် သူတို့၏ လှေကလေးဖြင့် သင်္ဘောမြုပ်...သည့် နေရာသို့ ထွက်ခဲ့လေသည်။ ဒီရေမှာ တဖြည်းဖြည်း ကျနေသဖြင့် မကြာ...မီ 'စပီးဒီး' သင်္ဘော၏ ဝမ်းဗိုက် ပေါ်လာတော့၏။ သင်္ဘောမှာ လက်ယာ...ဘက်သို့ တုံးလုံးလဲလျက် မြုပ်နေသည်ကို တွေ့ရ၏။ ပွဲပိုင်း ၇ ပေ ၈ ပေရှိ...နေရာ တစ်နေရာတွင် ဝမ်းဗိုက်နှစ်ဘက်စလုံး ကြောက်မက်ဖွယ်ကောင်းလောက်...အောင် ကွဲပေါက်နေသည်ကို တွေ့ရ၏။ အလယ်တည့်တည့်တွင် ပွင့်၍နေ၏။

ထိုမျှ ပျက်စီးနေသော သင်္ဘောကို ပြင်ဆင်ရန် မဖြစ်နိုင်တော့ကြောင်း ...ပင်ကရော့က ပြောပြ၏။

"သင်္ဘောထဲ ဝင်ကြည့်ရအောင်"

ဟု ကပ္ပတိန် ဟားဒိန်းက အကြံပြုလိုက်သဖြင့် သင်္ဘော အတွင်းသို့ ...သူတို့အားလုံး ဝင်ကြည့်ကြ၏။ ဒီရေကျနေသဖြင့် ရေများသည် သင်္ဘော ...အောက်ပိုင်းသို့ စီးဆင်းလျက်ရှိရာ သင်္ဘောပေါ်တွင် ကျန်ရစ်ခဲ့သည့် ပစ္စည်း...များကို သင့်ရာနေရာသို့ ရွှေ့ပြောင်း သယ်ယူထားနိုင်ကြလေသည်။ ထိုပစ္စည်း...များကို ပင်ကရော့နှင့် အိုက်တွန်တို့က လှေပေါ်သို့ ပြောင်းတင်ပြီးလျှင် ကမ်းခြေ...သို့ သယ်ယူသွားကြ၏။

မကြာမီ သင်္ဘောပွဲပိုင်းတွင် ရှိသော ယမ်းတိုက်ထားသည့် နေရာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိ သွားကြသောအခါ ထိုအခါမှ ယမ်းတိုက် ပေါက်ကွဲ၍ သင်္ဘော နစ်မြုပ်ခြင်း မဟုတ်ကြောင်း သိကြရလေတော့၏။ ယမ်း အပြည့်ပါသော သစ်သားစည်ပိုင်း အလုံး၂၀ ကိုတွေ့ရလျှင် ယမ်းတိုက်ရှိသော သင်္ဘောဝမ်း ဗိုက်မှာ ပျက်စီးမှု အလွန်နည်းပါးလှသောကြောင့် 'စပီဒီ' သင်္ဘောသည် ယမ်း တိုက်ပေါက်၍ နစ်မြုပ်သွားခြင်း မဟုတ်ကြောင်းကို သူတို့အားလုံး သိရှိသွား လေတော့၏။

မကြာမီ ဒီရေ ပြန်တက်လာသဖြင့် သူတို့သည် ပစ္စည်းများ သယ်ယူ ရွှေ့ပြောင်းခြင်း အလုပ်ကို ခေတ္တ ရပ်ဆိုင်းကြရ၏။ သင်္ဘောမှာ သဲထဲတွင် တစ်ဖြည်းဖြည်းနစ်မြုပ်စပြုနေပြီ ဖြစ်သဖြင့် လိုသော ပစ္စည်းများကို အမြန်ဆုံး သယ်ယူရန် လိုအပ်လှတော့၏။

သင်္ဘောပျက်မှအပြန် ညနေ ၅ နာရီတွင် သူတို့သည် ညစာကို မြိန်ယှက်စွာ စားသောက်ကြ၏။ 'စပီဒီ' သင်္ဘောမှ ဆယ်ယူရရှိလိုက်သော ပစ္စည်းများကို စစ်ဆေး ကြည့်ရှုကြရာ သူတို့အဖို့ အလွန် အသုံးဝင်သော လက်နက်ခဲယမ်းမီးကျောက်များ၊ လက်သမား ကိရိယာများနှင့် သစ်စေ့များကို တွေ့ရသဖြင့် အလွန် ဝမ်းသာကြရ၏။

အောက်တိုဘာလ ၁၉၊ ၂၀၊ ၂၁ ရက်နေ့တို့တွင် သင်္ဘောပေါ်မှ ဖြုတ်၍ ရနိုင်သည့် ပစ္စည်းမှန်သမျှကို ဖြုတ်ယူ ရရှိကြလေသည်။ သင်္ဘော ဝမ်းဗိုက် အောက်မှ သံကြိုးများကိုပင် ဆယ်ယူကြသေး၏။ ပင်လယ်စားပြများ အသုံးပြုသွားသည့် အမြောက်လေးလက်ကိုလည်း ကမ်းသို့ သယ်ယူနိုင်ခဲ့ကြ လေသည်။

နိုဝင်ဘာ ၃၀ ရက်နေ့တွင် 'နက်'သည် ကမ်းနားတွင် လမ်းလျှောက် လျက်ရှိစဉ် သံဖြင့် ပြုလုပ်ထားသော ပြောင်းရှည်ကြီး တစ်ခုကို တွေ့ရ၏။ ၎င်း၏ ထိပ်တွင် ပေါက်ကွဲမှုကြောင့် ဖွာထွက်နေသည်ကို တွေ့ရ၏။ နက်က ကပ္ပိတန်ဟားဒိန်း ရှိရာ ကျောက်ခေါင်းတိုင် လိုဏ်ဂူကြီးသို့ ထိုသံပြောင်းရှည် ကြီးကို ယူလာခဲ့၏။

ကပ္ပိတန် ဟားဒိန်းက အနီးတွင်ရှိသော ပင်ကရော့ဘက်သို့ လှည့်၍

"စပီဒီသင်္ဘောဟာ ဒါနဲ့ ထိပြီး ပျက်သွားတာပဲ ပင်ကရော့"

"ဒီပိုက်လုံးနဲ့ ထိတာနဲ့ ပျက်သွားသလား"

"ဒါ ပိုက်လုံး မဟုတ်ဘူး တော်ပီဒို"

"တော်ပီဒို . . ."

ဟု ကပ္ပိတန်ဟားဒိန်းက ရှင်းပြလိုက်လေသည်။





ဤသို့ဖြင့် ပင်လယ်အောက်တွင် 'တော်ပီဒို' ပေါက်ကွဲမှုမှာ ရှင်းလင်း သွားတော့၏။ သို့သော် ထိုရေလက်ကြားတွင် မည်ကဲ့သို့ 'တော်ပီဒို' ရောက် ရှိနေသည်ကိုမူ မတွေးတတ်အောင် ဖြစ်နေ၏။

"လင်ကွန်းကျွန်းကြီး ပေါ်မှာတော့ အင်မတန် ထူးခြားတဲ့ ပုဂ္ဂိုလ် တစ်ဦးရှိနေပြီဆိုတာ မငြင်းနိုင်တော့ဘူး၊ ဒါဘာဖြစ်လို့ ပြောရသလဲဆိုတော့ နှစ်နှစ်အတွင်းမှာ ထူးထူးခြားခြား ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို အိုက်တွန် သိစေချင်လို့ပါ။ တို့ကို ဒါလောက် တောင် ကူညီနေပြီးမှ သူ့ဘယ်သူဆိုတာ ဖုံးဖိဝှက်ထားတာကိုတော့ ကျုပ် နားမလည်နိုင်ဘူး၊ အိုက်တွန်က ဒီပုဂ္ဂိုလ်ကို ကျုပ်လိုပဲ ကျေးဇူးတင်ဖို့ အများကြီး ရှိဟာယ်။ ပင်လယ်ထဲမှာ ကျုပ် ရေနစ်နေ တုန်းက ကယ်လိုက်တာ သူပဲဆိုရင်တော့ ပုလင်းထဲ စာရေးပြီး ထည့်တာလဲ သူပဲ ဖြစ်ရမယ်။ နောက်တစ်ခုကလည်း ပစ္စည်းမျိုးစုံပါတဲ့ ဟိုသေတ္တာကြီးကို ကမ်းစပ်နား လာချထားတာလည်း သူပဲ၊ တဘိုးကျွန်းက အပြန် ခင်ဗျားတို့ကို ကျွန်းပေါ်ကနေပြီး မီးထွန်းပြတာလည်း သူပေါ့ဗျ၊ ကျုပ် ပြောဖို့တစ်ခု ကျန်သေး တယ်၊ ခင်ဗျားတို့ ဖမ်းလာတဲ့ ဝက်ကလေးကို သူပစ်လိုက်လို့ ဝက်ကလေးရဲ့ အသားထဲမှာ ကျည်ဆံထိပ်ဖူးလေး တွေ့တာပေါ့၊ အေး . . . နောက်ဆုံး တစ်ခုကတော့ ရေလက်ကြားထဲမှာ 'တော်ပီဒို'ကို မြှုပ်ထားတာ သူပဲ၊ အဲဒီ တော့ ကျုပ်တို့မှာ သူ့ကို ကျေးဇူးဆပ်စရာတွေ အပုံကြီးပဲပေါ့ကွာ၊ တစ်နေ့ တော့ ပြန်ဆပ်နိုင်ဦးမှာပါ"

ဟု ကပ္ပတိန် ဟားဒိန်းက သူ၏ လူများအား အေးအေး ဆေးဆေး ပြောပြလျက် ရှိလေသည်။

ကပ္ပတိန်ဟားဒိန်းက သို့ လူများအား ဤကဲ့သို့ ရှင်းပြရာ စပိလက် က . . .

"ကပ္ပတိန် ပြောတာမှန်တယ်၊ အဲ့ဒီလူဟာ ဂရင်းနိုက်အိမ်ကြီးမှာ ရှိတဲ့ ရေတွင်းထဲကို မကြာမကြာ လာတယ် တင်တာပဲ၊ လာလို့သာ ကျွန်တော် တို့အကြောင်း သူသိတာ ဖြစ်မှာပေါ့"

"စပိလက် ပြောတာ ဖြစ်နိုင်ပါတယ်၊ ကျုပ်တို့ကို ကူညီနေတဲ့ ပုဂ္ဂိုလ် ဟာတော့ သာမန် လူတစ်ယောက်ထက် ထူးချွန်ပြီး သူ့သဘောအတိုင်း လုပ် နိုင်တဲ့ အချက်တွေ ရှိနေတယ်"

ထိုအခါ ပင်ကရော့က . . .

"အဲဒီ လူဟာ တော်တော် သတ္တိကောင်းတဲ့သူ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်သဖြင့် . . .

"ပင်ကရော့ ပြောတာက မှန်တော့ မှန်ပါတယ်၊ ဒါပေမယ့် ဒီအ
လိုချင်လို့ ပြောနေတာ မဟုတ်ဘူး"

ဟု ကပ္ပတိန်ဟားဒိန်းက ပြောလိုက်၏။

ထို့နောက် ပင်ကရော့၊ ဟာဗတ်နှင့် နက်တို့က ထိုပုဂ္ဂိုလ်အား ရှာဖွေ
ကျေးဇူးတင်စကား ပြောရန်လိုအပ်ကြောင်း အသီးသီး ပြောဆိုကြရာ အိုက်
ကလည်း ထောက်ခံလေသည်။

ထိုအခါ ကပ္ပတိန်ဟားဒိန်းလည်း သူ၏လူများ အကြံပေးပြော
သည်ကို သဘောတူ လက်ခံလေသည်။ ထို့နောက် သင်္ဘောမှ ဆယ်ယူရရှိ
သည့် အမြောက် ၄ လက်ကိုလည်း ဂရင်းနိုက်အိမ်ကြီး သို့ရောက်အော
ပင်ပန်းခဲယဉ်းစွာ ဆွဲယူခဲ့ကြ၏။ ထိုလက်နက်များဖြင့် ယူနီယံပင်လယ်အော်
အထိ လုံခြုံမှုကို ကောင်းစွာ ထိမ်းသိမ်းထားနိုင် ပေတော့မည်။

ထိုအမြောက်များဖြင့် မည်သည့် နေရာအထိ ပစ်နိုင်မည်ကို စမ်း
သပ်ရန် လိုအပ်သဖြင့် နိုဝင်ဘာ ၈ ရက်နေ့တွင် အမြောက်များကို စမ်းသပ်
ကြည့်ရှုကြလေသည်။

ပထမ အမြောက်ကို စမ်းသပ်၍ ပစ်ခတ်ကြည့်ရာ အမြောက်ဆံသည်
ကျွန်းကလေးကို ကျော်၍ ပင်လယ်ထဲသို့ ကျသွားသည်ကို တွေ့ရ၏။

ဒုတိယအမြောက်ကို ပစ်ခတ်ရာတွင် အမြောက်ဆံသည် ပစ္စည်းများ
ထည့်ထားသော သေတ္တာကြီး တွေ့ရသည့် နေရာသို့ ရောက်ရှိသွား၏။

တတိယအမြောက်၏ ကျည်ဆံသည် ယူနီယံ ပင်လယ်အော်
အတွင်းသို့ ကျသွားသဖြင့် ၄ မိုင်ခန့် ရောက်အောင် ပစ်နိုင်ကြောင်း သိရလေ
သည်။

စတုတ္ထအမြောက်၏ ကျည်ဆံသည် မင်ဒီဘယ်အငူမှ ကျောက်
ဆောင်များကို ထိမှန်ကာ ကျောက်မှုန့်ဖွာ၍ ထွက်သွား၏။

အမြောက်များ၏ ပစ်ကွင်းကို သိရသောအခါ ပင်ကရော့က ဝမ်းသာ
အားရဖြင့် . . .

"ဒီတစ်ခါ ဘယ်ပင်လယ်ဓားပြမှ ကျွန်တော်တို့ သဘော မတူဘဲနဲ့
ကျွန်းပေါ်ကို မတက်နိုင်တော့ဘူး၊ ဒါနဲ့ နေပါဦး ကပ္ပတိန်တော်ထဲ ဝင်ပြေးသွား
တဲ့ ဟိုဓားပြ ခြောက်ယောက်ကို ဘယ်လို လုပ်ကြမလဲ"

ဟု ဟားဒိန်းကို မေးလိုက်ရာ ကပ္ပတိန် ဟားဒိန်းက ကျွန်းပေါ်သို့
တက်၍ တောထဲတွင် ပုန်းအောင်းနေသော ဓားပြများမှာ နှောင့်ယှက်လာကြရန်
အကြောင်းရှိသဖြင့် စောင့်ကြည့်ရန် အကြံပေးလေသည်။





ထိုအခါ စပီလက်က သဘောမတူဟန်ဖြင့် . . .

"လက်နက်ကိုင် ဓားပြခြောက်ယောက်ဟာ တစ်နေရာမှာ ပုန်းနေပြီး
ကျွန်တော်တို့ကို တစ်ယောက်ပြီးတစ်ယောက် ချုံခိုတိုက်လို့ရတယ်၊ အဲဒီ
နည်းနဲ့သာ တိုက်ရင်တော့ ကျွန်တော်တို့ အားလုံး သေကုန်မှာပဲ"

ဟု ပြောရာ ၎င်းတို့က မိမိတို့အား စတင် တိုက်ခိုက်သည့်အခါမှာ
ပြန်လည် ခုခံ တိုက်ခိုက်မည်ဟု ကပ္ပတိန်ဟားဒိန်းက စကားဖြတ် လိုက်လေ
သည်။

## ခရီးထွက်ရန် စီစဉ်ခြင်း

ကပ္ပတိန်ဟားဒိန်းနှင့်အဖော်များသည် ယခင်ကဆုံးဖြတ်ထားသည့်
အတိုင်း ခရီးထွက်ကြရာတွင် ရည်ရွယ်ချက်နှစ်ခု ရှိလေသည်။ ထိုနှစ်ခုမှာ
လျှို့ဝှက်သောပုဂ္ဂိုလ်အား ရှာဖွေရန်နှင့် တောတွင်းသို့ ပုန်းအောင်းနေကြသော
ဓားပြခြောက်ယောက်တို့၏ နေထိုင်စားသောက် သွားလာမှုများကို စုံစမ်းရန်
ဖြစ်လေသည်။ ရက်ပေါင်း အတော်ကြာမည့် ခရီးဖြစ်၍ ရိက္ခာများကို လှည်း
ဖြင့်တင်၍ ယူခဲ့ရန် စီစဉ်ကြပြီးနောက် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ခရီးထွက်
ရန် သတ်မှတ်လိုက်ကြ၏။

အိုက်တွန်အား မွေးမြူရေးခြံသို့ သွားပြီးလျှင် တိရစ္ဆာန်များအတွက်
ရိက္ခာများ ဖြည့်တင်း၍ နှစ်ရက်အကြာတွင် ဂရင်းနိုက်အိမ် ကြီးသို့ ပြန်လာရန်
တာဝန်ပေးကြမည်ဟု ဆုံးဖြတ်ကြ၏။ ကျွန်းကြီးပေါ်တွင် ဓားပြများ ရှိနေ
သဖြင့် အိုက်တွန် တစ်ယောက်တည်း ခြံထဲသို့ သွားနေလျှင် စိတ်မချရသော
ကြောင့် အဖော်တစ်ယောက် ထည့်လိုက်မည်ဟု ကပ္ပတိန်က စီစဉ်ပေး၏။
သို့သော် အကြောင်းရှိလျှင် သံကြိုး ရိုက်၍ကြိုတင် သတိပေးနိုင်သောကြောင့်
အဖော်မလိုကြောင်း အိုက်တွန်က ပြောရာ သူပြောသည့်အတိုင်း ကပ္ပတိန်က
ခွင့်ပြုလိုက်လေသည်။

နိုဝင်ဘာ ၉ ရက်နေ့ နံနက်အရုဏ်တက်ချိန်တွင် လိုအပ်သော စား
ရေရိက္ခာများကို လှည်းပေါ်သို့ တင်ပြီးလျှင် အိုက်တွန်သည် ဂရင်းနိုက်အိမ်ကြီး
မှ ထွက်ခွာသွားတော့၏။ နောက် ၂ နာရီခန့် ကြာ သောအခါ 'မွေးမြူရေးခြံသို့
ချောမောစွာ ရောက်ကြောင်း၊ အားလုံး နေသားတကျရှိ၍ ခြေရာလက်ရာ မပျက်
တွေ့ရှိရကြောင်း' ၎င်းထံမှ သံကြိုးရရှိ၏။ သို့နှင့် အိမ်တွင် ကျန်ရစ်သူများမှာ
စိတ်သက်သာရာ ရရှိသွားကြလေသည်။

အိုက်တွန် မရှိသည့် ၂ ရက်အတွင်း ဂရင်းနိုက်အိမ်ကြီးသို့ ရှိသူများ



www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက် ဝင်ရောက်တိုက်ခိုက်မှု မပြုလုပ်နိုင်ရန် ကပ္ပိတန် ဟားဒိန်းက စီစီကိန်းချ၍ ဆောင်ရွက်လျက် ရှိလေသည်။ ပထမ လုပ်ငန်းမှာ ဂရန့် ရေကန်မှ ရေထွက်ပေါက်ကို ကျောက်တုံးများ၊ မြက်များဖြင့် ပိတ်ဆို့ထားသည်ကို ရန်သူများ မမြင်စေရန် ယခင်က ခိုင်းနှိုင်းဖြင့် ဖောက်ခွဲ၍ ရေထွက်ပေါက် ပြုလုပ်ထားသည့် နေရာတွင် ကွန်ကရစ် ဘလောက်တုံးများဖြင့် ရေကာတာတစ်ခု အမြန်ဆောက်လုပ်ကြ၏။ ဤသို့ဖြင့် ရေကန်အတွင်းမှ ရေမျက်နှာပြင်မှာ ၂ ပေ ၃ ပေခန့် မြင့်တက်သွားလေသည်။

ထိုလုပ်ငန်း ပြီးသောအခါ ပင်ကရော့၊ စပီလက်နှင့် ဟာဗတ်တို့သည် မီးပုံပျံဆိပ်ကမ်းသို့ သွားကာ 'ဘွန်အက်(ဒ) ဗင်းချား' ရွက်သင်္ဘောကို သွားရောက် စစ်ဆေးလိုကြောင်း ဆွေးနွေးကြ၏။ အကယ်၍ ပင်လယ်ဓားပြ ၆ ယောက်တို့သည် ကျွန်းကြီး၏ ကမ်းရိုးတန်းအတိုင်း လျှောက်သွားကြမည်ဆိုလျှင် မိမိတို့သင်္ဘောကို အမှန်တွေ့ကြမည် ဖြစ်လေသည်။ ထိုနေ့ ညနေ ၃ နာရီ အချိန်တွင် လက်နက်ကိုယ်စီဖြင့် ဂရင်းနိုက်အိမ်ကြီးမှ ထွက်ခဲ့ကြ၏။ မာစီမြစ်ကို ဖြတ်၍ ဆောက်လုပ်ထားသည့် တံတားအထိ ၎င်းတို့ ၃ ဦးအား နက်က လိုက်ပို့ပြီးနောက် တံတားအရှင်ကို အပေါ်သို့ ဆွဲတင်ထားလိုက်၏။ တံတားထိပ်သို့ ပင်ကရော့တို့အဖွဲ့ ရောက်သောအခါ သေနတ်သံတစ်ချက် ပစ်ဖောက်၍ အချက်ပေးစေလိုကြောင်း၊ ထိုအခါ မိမိသည် တံတားသို့ လာခဲ့မည်ဖြစ်ကြောင်း နက်က လုံခြုံမှုအတွက် ခရီးသွားအဖွဲ့နှင့် သဘောတူညီမှု ယူထားလေသည်။

ကျွန်းကြီး၏ တောင်ဘက်ကမ်းခြေသို့ သွားသည့်လမ်းအတိုင်း ထွက်ခဲ့ကြရာ၊ သူတို့သည် ၃ မိုင်ခွဲ ခရီးပေါက်ခဲ့သော်လည်း ဓားပြများကို မတွေ့ရချေ။ မီးပုံပျံဆိပ်တွင် သူတို့၏ 'ဘွန်အက်(ဒ်) ဘင်ချား' သင်္ဘောသည် ယခင်က ထားခဲ့သည့်အတိုင်း ခြေရာလက်ရာ မပျက် တွေ့ရှိရသဖြင့် များစွာ ဝမ်းမြောက် ကြလေသည်။

ထိုအခါ ပင်ကရော့က ဓားပြများအား အမြန်တွေ့၍ ဂလဲ့စားချေလိုသော ဆန္ဒဖြင့် သူ၏ အဖော်များအား . . . "လူယုတ်မာတွေ တို့သင်္ဘောနားတော့ မရောက်ကြသေးဘူး၊ မြက်ရှည်ရင် မြွေကြိုက်တယ်ဆိုတဲ့ စကားလိုပေါ့ဗျာ၊ ဒီကောင်တွေ အနောက်ဘက် တောထဲမှာ ရှိမှာပါ"

ဟု ရေရွတ် ပြောဆိုလိုက်သဖြင့် ဟာဗတ်က . . .

"ဓားပြတွေ ဒီသင်္ဘောကို မတွေ့တာ ကျွန်တော်တို့အဖို့က ကောင်းတာပေါ့၊ သင်္ဘောတွေ့လို့ သူတို့ယူသွားရင် တဘိုးကျွန်းကို ကျွန်တော်တို့ သွားလို့ဘယ်ဖြစ်တော့မလဲ"





ဟု ပြောလိုက်၏။

"ဟုတ်တယ် တဘိုးကျွန်းကို ကျုပ်တို့သွားပြီး အိုက်တွန်ဟာ လင်ကွန်းကျွန်းကြီးပေါ် ရောက်နေပြီ ဆိုတဲ့ အကြောင်း စာတစ်စောင် သွားထားဖို့ လိုတယ်။ ဒါမှ စကော့သင်္ဘော လာရင်တွေ့သွားမှာ"

ဟု စပီလက်က အကြံပေးပြောဆိုလေသည်။ ထို့နောက် သူတို့သည် လင်ကွန်းကျွန်း၌ရှိသော လှို့ဝှက်သည့် ပုဂ္ဂိုလ်အကြောင်းကို အမျိုးမျိုး ထင်မြင်ချက် ပေးလျက်ရှိကြရာ ပင်ကရော့က အံ့သြသော အသံဖြင့် . . .

"အလို . . . ဒီဟာတော့ အတော် ထူးဆန်းနေပြီဗျို့"

ဟု ပြောလိုက်သဖြင့် ပင်ကရော့ ကိုင်၍ ကြည့်နေသော သင်္ဘောပေါ်ရှိ ကျောက်ကြိုးချည်တိုင်တွင် ချည်ထားသော ကြိုးကိုဝိုင်း၍ ကြည့်လိုက်ကြ၏။

"ကျုပ်က ကြိုးချည်ရင် ရွက်စွန်းချည်နည်းကို အမြဲသုံးတယ်။ အခု ကြိုးချည်ထားတာက စတုရန်း နှစ်ထပ် ထုံးချည်ထားတယ်၊ တစ်ယောက်ယောက်တော့ ကျုပ်တို့ သင်္ဘောကို ယူသုံးပြီဗျ"

ဟု ပင်ကရော့က အသေအချာ ပြောလိုက်၏။ ထို့ပြင် ကျောက်ဆူးကြိုးသည် သင်္ဘောပေါ်သို့ မ,တင်ပြီးနောက် ပြန်၍ ချထားကြောင်းကိုလည်း အနိုင်အမာ ပြောလိုက်သေး၏။

'ဘွန်အက်(ဒ)ဘင်ချား' သင်္ဘောကို မာစီမြစ်သို့ ယူ၍ ထားရန်မှာလည်း အကာအကွယ် မရှိသဖြင့် စိတ်မချရကြောင်း ပင်ကရော့က ဆက်လက် ပြောသေး၏။

ပင်ကရော့နှင့် သူ၏ အဖော်များသည် ဂရင်းနိုက်အိမ်ကြီးသို့ ရောက်ကြသောအခါ သူတို့၏ အတွေ့အကြုံကို ကပ္ပတိန်ဟားဒိန်းအား စိတ်အားထက်သန်စွာ ပြောပြကြလေသည်။ မိမိတို့သင်္ဘော ရပ်နားနိုင်ရန် ရေလက်ကြားအတွင်းတွင် သင်္ဘောဆိပ်ကမ်းတစ်ခုဆောက်လုပ်ရန် အကြံရှိကြောင်း ကပ္ပိတန် ဟားဒိန်းက သူ၏ ရည်ရွယ်ချက်ကို ပြောပြလိုက်၏။

ထိုနေ့ ညနေပိုင်းတွင် မွေးမြူရေးခြံရှိ အိုက်တွန်ထံသို့ ဆိတ်နှစ်ကောင် သုံးကောင် ယူခဲ့ရန် သံကြိုးရိုက်၍ မှာကြား၏။ သို့သော် အိုက်တွန်ထံမှ သံကြိုးမပြန်သဖြင့် သူတို့အားလုံးမှာ စိတ်ပူလျက်ရှိ ကြလေသည်။ ည ၁၀ နာရီတွင် အိုက်တွန်ထံ သံကြိုးတစ်ကြိမ် ရိုက်ကြည့်သော်လည်း တစ်ဘက်မှ ပြန်ကြားခြင်း မပြုသဖြင့် ပိုမို စိုးရိမ်ကြရပြန်၏။

နောက်တစ်နေ့ နံနက်တွင်လည်း အိုက်တွန်ထံသို့ သံကြိုးပို့ ကြည့်ရာ ပြန်ကြားချက် မရချေ။ သို့နှင့် ကပ္ပတိန်က . . .

"ခြံကို သွားကြည့်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ပြီး နက်ကို အိမ်စောင့်ထားခဲ့၍ နံနက် ၆ နာရီအချိန်တွင် ခရီးထွက်ခဲ့ကြလေသည်။ လမ်းဘေးရှိ သံကြိုးတိုင်မှာ ဝိုင်ယာကြိုးများကို ဂရုစိုက်၍ ကြည့်သွားကြရာ တိုင်အမှတ် ၇၄ သို့ရောက်သောအခါ ဝိုင်ယာကြိုး ပြတ်နေကြောင်း တွေ့ကြရ၏။ ဓာတ်တိုင်ကိုလည်း အရင်းမှ တူးဆွ၍ လှဲထားကြောင်း တွေ့ရသဖြင့် လူဆိုးများက တမင်လုပ်ထားကြောင်း ထင်ရှားလေသည်။

ဤကဲ့သို့ အခြေအနေများ ပြောင်းလဲလာသည်ကို တွေ့ရသဖြင့် ကပ္ပတိန်ဟားဒိန်း၏ တိုက်တွန်းချက်အရ ခြံသို့ အမြန်သွားကြလေသည်။ အိုက်တွန်အား ခြံအတွင်း လိုအပ်သည်များကို လုပ်ကိုင်ပြီး နှစ်ရက်အကြာတွင် ဂရင်းနိုက်အိမ်သို့ ပြန်လာရန် မှာကြားထားသော်လည်း မလာရောက်သဖြင့် ၎င်းမှာ ဘေးအန္တရာယ် တစ်ခုခုနှင့်တွေ့နေပြီဟု တပ်အပ် ပြောနိုင်တော့၏။

မကြာမီ တောစပ်ကလေး အလွန်တွင် မွေးမြူရေး ခြံကို မြင်ရတော့၏။ ခြံအတွင်းအပြင်၌ ပျက်စီးမှု တစ်စုံတစ်ရာ မတွေ့ရချေ။ ကပ္ပတိန် ဟားဒိန်းသည် ခြံအနီးသို့ ကပ်ပြီးလျှင် ခြံတံခါးကို တွန်းဖွင့်လိုက်၏။

သူနှင့်အတူ ပါလာသော ခွေးလိမ္မာ 'တော့'က ရုတ်တရက် ထိုးဟောင်လိုက်စဉ် သေနတ်သံတစ်ချက် ထွက်ပေါ်လာ၏။ တစ်ချိန်တည်းမှာပင် နာကျင်စူးရှစွာ အော်လိုက်သော အသံတစ်သံကို ကြားရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ 'ဟာဗတ်'မှာ သေနတ်ဒဏ်ရာဖြင့် မြေပေါ်သို့ လဲကျနေသည်ကို တွေ့ရလေသည်။

### မွေးမြူရေး ခြံအတွင်း ရောက်ရှိနေသော
### စပီလက်နှင့် ပင်ကရော့

ဟာဗတ်၏ အော်လိုက်သော အသံကို ကြားသောအခါ ပင်ကရော့သည် ကိုင်ထားသော သေနတ်ကို ပစ်ချလိုက်၍ ၎င်းထံသို့ ချက်ချင်း ပြေးသွားပြီးလျှင် . . .

"လူယုတ်မာတွေ ဟာဗတ်ကို သတ်လိုက်ပြီ"

ဟု ပြောလိုက်၏။

ကပ္ပတိန် ဟားဒိန်းနှင့် စပီလက်တို့သည် ဟာဗတ်ထံသို့ အပြေးအလွှားရောက်လာကြပြီးနောက် စပီလက်က ဟာဗတ်၏ရင်ဝသို့ ကပ်ပြီး နားထောင်လိုက်ပြီးလျှင် . . .

"အသက်ရှိသေးတယ်၊ အထဲကို ချီသွားကြ"





ဟုပြောလိုက်၏။

ကပ္ပတိန် ဟားဒိန်းသည် ရုတ်ထရက် ထ၍ ခြံစည်းရိုး၏ လက်ဝဲဘက်သို့ပြေးကပ်သွားရာ ဓားပြတစ်ယောက်က သူ့အား သေနတ်နှင့် လှမ်း၍ ပစ်လိုက်ရာ သူ၏ဦးထုပ်ကို ထိမှန်သွားလေသည်။ ထိုဓားပြသည် နောက်တစ်ကြိမ်ပစ်ရန် ချိန်ရွယ်မှုမပြီးမီ ကပ္ပတိန် ဟားဒိန်းက ၎င်း၏ရင်ဝတည့်တည့်သို့ ဓားမြှောင်နှင့် ထိုးစိုက်လိုက်သဖြင့် နေရာတွင်ပင် ချက်ချင်း လဲကျသေဆုံးသွားတော့၏။ ပင်ကရော့နှင့် အဖော်များက တစ်ခဏအတွင်းမှာပင် ဟာဗတ်အား အိုက်တွန်၏အိပ်ရာပေါ်၌ တင်ထားလိုက်လေသည်။

ပင်ကရော့သည် သတိမေ့နေသော ဟာဗတ်ကို ကြည့်ပြီးလျှင် အလွန်စိတ်မကောင်းဖြစ်သွားသဖြင့် ငိုယိုလျက်ရှိ၏။ အခြားသူများမှာလည်း အလွန်စိတ်ထိခိုက်နေကြသဖြင့် စကားမပြောနိုင်ကြဘဲ ဟာဗတ်၏အခြေအနေကိုသာ ဝိုင်းဝန်းကြည့်ရှုလျက်ရှိကြလေသည်။

အရာရာတွင် ဗဟုသုတနှင့်ပြည့်စုံသော 'စပီလက်'က ဟာဗတ်၏ဒဏ်ရာကို သွေးတိတ်အောင် လက်ကိုင်ပဝါဖြင့် ပိတ်ဆို့လိုက်ပြီးနောက် ရေအေးဖြင့်ဆွတ်ပေး၏။ ဟာဗတ်၏နောက်ကျောမှ သေနတ်ကျည်ဆံ ထွက်သွားသည့် ဒဏ်ရာမှာလည်း အတွင်းကြေကြေ သွားပြီးလျှင် သွေးများယိုထွက်လျက် ရှိလေသည်။

"ကိုယ်ထဲက ကျည်ဆံထွက်သွားလို့ တော်ပါသေးရဲ့"

ဟု စပီလက်က ပြောလိုက်သဖြင့် ကပ္ပတိန်ဟားဒိန်းက . . .

"နှလုံးသားကိုများ ထိသွားသေးလား မသိဘူး"

ဟုမေးလိုက်ရာ . . .

"နှလုံးထိရင် အသက်ဘယ်ရှိတော့မလဲ"

နားစွန်နားဖျား ကြားလိုက်ရသော ပင်ကရော့က ငိုသံပါကြီးနှင့်

"အသက်မရှိတော့ဘူးလား"

ဟုမေးလိုက်၏။

"ပင်ကရော့ သတိထားပြောပါ၊ ကျည်ဆံက နှလုံးကို မထိဘူးလို့ ပြောတာ၊ အခုအချိန်မှာ တို့အားလုံးဟာ ခေါင်းအေးအေးနဲ့ တိုင်ပင်နိုင်ဖို့ လိုတယ်"

ဟု ကပ္ပတိန်က သတိပေးလိုက်လေသည်။ ထိုအခါ ပင်ကရော့လည်း စကားမပြောတော့ဘဲ ဟာဗတ်ကို စိုက်၍ကြည့်နေပြီးလျှင် သူ၏ ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်များ တလိမ့်လိမ့်စီးကျလျက် ရှိလေသည်။

ဟာဗတ်သည် သေနတ်ဒဏ်ရာကြောင့် အနာယဉ်းလာပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



အဖျားဝင်လာမည်ကို သိသဖြင့် ဒဏ်ရာကို မယဉ်းအောင် အခြန်လုပ်နိုင်ဖို့လို ကြောင်း စပိလက် သတိပြုမိ၏။ သို့ဖြစ်၍ သွေးတိတ်အောင် ရေအေးဖြင့် တစ်ဆက်တည်း ဆွတ်ပေးနေကြ၏။

ကပ္ပတိန်ဟားဒိန်းက ဟာဗတ်၏ အသက်ကို ကယ်ရန် အဓိကဖြစ်၍ စဉ်းစဉ်းစားစားလုပ်ရန်နှင့် စိတ်မလျှော့ရန် စပိလက်ကို အားပေးလျက် ရှိလေ သည်။ အနာကိုဆေးကြောပြီး ဆေးထည့်ရာတွင်လည်း သွေးများစေးကပ်၍ ရုတ်တရက် အနာပိတ်မသွားအောင်လုပ်ရန် အရေးကြီးသဖြင့် ဂရုစိုက်ပြုစုကြ ရလေသည်။ ထိုနေ့တစ်နေ့လုံးနှင့် တစ်ညလုံး 'ဟာဗတ်'သည် သတိမရဘဲ အဖျားလည်း တက်နေ၏။

နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဟာဗတ်သည် အချိန်ကြာမြင့်စွာ မှော မေ့နေရာမှ သတိပြန်လည်လာသဖြင့် ကပ္ပတိန်ဟားဒိန်းနှင့် သူ၏မိတ်ဆွေများ မှာ အလွန်ပင်ဝမ်းသာလျက် ရှိကြလေသည်။ အနီး၌ ရှိသူများအား မှတ်မိ သော်လည်း သူဘာဖြစ်သည်ကို မသိဘဲ ဖြစ်နေ၏။ 'စပိလက်'က သေနတ် ကျည်ဆံသည် 'ဟာဗတ်'၏အဆုတ်ကို ဖောက်ထွင်းသွားသည်ဟု ယူဆ ကြောင်း၊ သို့သော်လည်း စိုးရိမ်စရာ မရှိကြောင်း ပြောပြလိုက်၏။

ထို့နောက် ဟာဗတ်၏အခြေအနေ တိုးတက်လာသောအခါမှ ကပ္ပ တိန်ဟားဒိန်းက စပိလက်နှင့်အတူ မွေးမြူရေးခြံအတွင်းသို့ လိုက်လံကြည့်ရှုရာ အိုက်တွန်အား မတွေ့ရသဖြင့် ဓားပြများသည် ၎င်းအား မည်ကဲ့သို့ အန္တရာယ် ပြုကြသည်ကို စိုးရိမ်ကာ များစွာစိတ်မချမ်းသာ ဖြစ်ကြရလေသည်။ စပိလက် က ခြံစည်းရိုးပေါ်သို့တက်၍ အနီးပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ ဖရင်ကလင် တောင်စွယ်တစ်လျှောက်တွင် အချို့ဓားပြများ ပြေးသွားသည်ကို မြင်လိုက်ရ၏။ 'အိုက်တွန်'အားပေးထားသောလက်နက်ခဲယမ်း မီးကျောက်များကို စစ်ဆေး ကြည့်ရာ မရှိတော့ကြောင်း တွေ့ရ၏။

စပိလက်၏ အလွန်မကျေမနပ်ဖြစ်သည့်ဟန်ဖြင့် . . .

"ဒီသေနာကောင်တွေကို ညှာစရာမလိုတော့ဘူး"

ဟု ရေရွတ်လျက်ရှိနေ၏။

"ဟာဗတ်သက်သာလာလို့ ဂရင်းနိုက်အိမ်ကို ရွှေ့နိုင်တဲ့အချိန်ထိ တော့ ဒီခြံထဲမှာဘဲ ကျုပ်တို့နေကြရဦးမှာပဲ"

ဟု ကပ္ပတိန်ဟားဒိန်းက ပြောလိုက်ရာ စပိလက်က ချက်ချင်းပင် 'နက်'ကို သတိရလာသဖြင့် . . .

"ကျွန်တော်တို့ကို စိုးရိမ်ပြီး 'နက်' လိုက်လာလိမ့်မယ် ထင်တယ်"

"ဘယ်လာလို့ ဖြစ်မလဲ၊ ဓားပြတွေနဲ့တွေ့ပြီး လမ်းမှာပဲသေမှာ"





"သံကြိုးလည်း ရှိက်လို့ မရဘူးဆိုတော့ ကျုပ်တစ်ယောက်တည်း အိမ်ကို သွားကြည့်မယ်"

ထိုအချိန်တွင် ကပ္ပတိန်၏ခွေးလိမ္မာ'တော့'သည် သူ၏သခင် အနား သို့ကပ်လာပြီး ကိုယ်နှင့်ပွတ်တိုက်နေသဖြင့် ကပ္ပတိန်သည် ရုတ်တရက် သတိ ရလာပြီး 'တော့'ဟု အော်ခေါ်လိုက်၏။

"ဟုတ်ပြီ၊ ဒီက အကျိုးအကြောင်းတွေကို စာနဲ့ ရေးပေးလိုက်ပြီး 'တော့'ကို အိမ်ပြန်လွှတ်လိုက်မယ်၊ အပြန်ကျတော့ အိမ်က အခြေအနေကို သိရမှာပါ"

ကပ္ပတိန်ဟားဒိန်း၏ အကြံပေးချက်ကို အားလုံးနားလည်ကြသဖြင့် စပိလက်က သူ၏မှတ်စုစာအိတ်အတွင်းမှ စာရွက်တစ်ရွက်ကို ထုတ်ယူလိုက် ပြီးလျှင် အောက်ပါအတိုင်း ရေးသား၏။

"ဟာဗတ် ဒဏ်ရာရသွားသည်။ အားလုံးကျန်းမာစွာ ခြံထဲမှာရှိ၊ အိမ်အပြင်မထွက်ဘဲ သတိနှင့်နေ၊ ပတ်ဝန်းကျင်၌ ဓားပြများရှိ မရှိ၊ "တော့" နှင့်အကြောင်းပြန်"

ဤစာမှာ အတိုချုံး၍ ရေးထားသော်လည်း "နက်" သိချင်သော အကြောင်းအားလုံး ပါရှိသဖြင့် မိမိတို့သိလိုသော အချက်များလည်း ပါသော ကြောင့် ပြည့်စုံလေသည်။ စာကိုခေါက်၍ 'တော့'၏ လည်ပတ်တွင် သေချာစွာ ချည်ပေးထား၏။ ကပ္ပတိန်ဟားဒိန်းသည် ခွေးကို ယုယစွာပွတ်သပ်လိုက် ပြီးနောက် . . .

"နက်ဆီကို သွား 'တော့'၊ နက် . . . နက် . . . နက် . . ."

ဟု ပြောပြီးလျှင် ခွေး၏တင်ပါးကို ပုတ်လိုက်ရာ ခွေးသည် သူ၏ သခင်ပြောသောစကားအားလုံးကို နားလည်သည့်အလား သခင် ကိုပြန်၍ ကြည့်လိုက်၏။ ထိုအခါ ကပ္ပတိန်က ဂရင်းနိုက်အိမ်ရှိရာသို့ လက်ညှိုးထိုး၍ ပြလိုက်ပြီးနောက် . . .

"နက် . . . နက် . . ."

ဟု ထပ်မံ အသံပေးလိုက်၏။

'တော့'သည် ချက်ချင်းပြေးသွားပြီးနောက် ချုံများကြားတွင် ပျောက် ကွယ်သွားလေသည်။ ကပ္ပတိန်က စပိလက်ကိုကြည့်၍ . . .

"ဘယ်နှစ်နာရီထိုးပြီလဲ"

ဟု မေးလိုက်၏။

"၁၀နာရီ"

"တစ်နာရီအတွင်း ပြန်ရောက်မယ်၊ စောင့်ကြည့်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကပ္ပတိန်က ပြောလိုက်၏။ ပင်ကရော့သည် 'ဟာဗတ်' အား ပြုစုလျက်ရှိစဉ် 'စပိလက်'က အိမ်ကလေးအတွင်းတွင် ရှိသမျှ ရိက္ခာများဖြင့် နံနက်စာစားကြရန် ချက်ပြုတ်နေ၏။

နံနက် ၁၁ နာရီမထိုးမီ အားလုံးပင် 'တော့'အပြန်ကို စိုးရိမ်စွာဖြင့် စောင့်မျှော်လျက် ရှိကြလေသည်။ ၁၀မိနစ်ခန့်ကြာသောအခါ သစ်တောအတွင်းမှ သေနတ်သံတစ်ချက် ကြားလိုက်ရပြီးနောက် မရှေးမနှောင်းပင် 'တော့'၏ ဟောင်သံကို ကြားလိုက်ရ၏။

သေနတ်သံများ ထပ်မံ ထွက်ပေါ်လာပြန်၏။ တစ်ချိန်တည်းမှာပင် 'တော့'သည် ခြံအတွင်းသို့ ခုန်၍ ဝင်လာသည်ကို တွေ့ရ၏။ ကပ္ပတိန် ဟားဒိန်းက 'တော့'၏ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်လိုက်ပြီးလျှင် 'တော့' 'တော့' ဟု ခေါ်လိုက်၏။

'တော့'၏ လည်ပတ်တွင် စာရွက်ခေါက်တစ်ခုကို တွေ့ရသဖြင့် ဆွဲဖြည့် ကြည့်လိုက်ရာ အောက်ပါအတိုင်း စာများရေးထားသည်ကို တွေ့ရလေသည်။

"ဂရင်းနိုက်အိမ်အနီး ဓားပြများ မရှိ၊ ကျွန်ုပ်လှုပ်ရှားမှု မလုပ်၊ ဟာဗတ်အတွက် ဝမ်းနည်းပါသည်။"

## မွေးမြူရေးခြံအနီး ဓားပြများ ရောက်ရှိလာခြင်း

အချို့ ဓားပြများမှာ မွေးမြူရေးခြံ အနီးတစ်ဝိုက်တွင် ပုန်းအောင်းလျက်ရှိကြောင်း ကပ္ပတိန် ဟားဒိန်းတို့အဖွဲ့က သိရှိသွားတော့၏။

ဓားပြ ၆ ယောက်အနက် တစ်ယောက် သေဆုံးသွားသဖြင့် ကျန် ၅ ယောက်တို့သည် တောအတွင်း လှည့်လည်လျက် ရှိလေသည်။ လောလောဆယ် အခြေအနေအရ ဓားပြများကို လိုက်လံတိုက်ခိုက်ရန် မဖြစ်နိုင်သေးသဖြင့် ကပ္ပတိန်ဟားဒိန်းက ဖရင်ကလင် တောင်ကြီးကို မျှော်၍ ကြည့်ရှုလိုက်ပြီးနောက် . . .

"ဟားဗတ် နေကောင်းလာရင် တောရှောက်ပြီး ဒီလူသတ်မကောင်းတွေ ထွက်လာအောင် လုပ်ရမယ်၊ ထွက်လာတဲ့အခါ တစ်ကောင်ပြီး တစ်ကောင် ရှေးပစ်ကြ" ဟု ပြောလိုက်၏။

စပိလက်က . . . "ဒီလို အရေးကြီးတဲ့ အချိန်မှာ ကျွန်တော်တို့ရဲ့ အမြဲစောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်ရဲ့ အကူအညီကို ရရင် သိပ်ကောင်းမှာပဲ"

"ဘယ်ပြောနိုင်ဦး မလဲ"

"ကပ္ပတိန်ပြောတာ ကျွန်တော် နားမလည်ဘူး"





"ဒီလိုပါ စပိလက် . . ကျုပ်တို့မှာ အခက်အခဲတွေ အများကြီး ရှိသေးတယ်၊ တစ်နည်းနည်းနဲ့တော့ အဲဒီ ပုဂ္ဂိုလ်က ကူညီဦးမှာပါ၊ အခု အရေးကြီးတာက 'ဟာဗတ်'ရဲ့ ကျန်းမာရေးပဲ"

ဟာဗတ်၏ ကျန်းမာရေး အခြေအနေမှာ ဆိုးဝါး၍ မသွားသဖြင့် သူတို့အားလုံးမှာ ဝမ်းသာလျက် ရှိကြ၏။ ဟာဗတ်၏ ဒဏ်ရာကို သူတို့ တတ်ကျွမ်းသမျှ ပညာဖြင့် ဂရုတစိုက် ပြုစုကြလေသည်။

နိုဝင်ဘာ ၂၂ ရက်နေ့တွင် ဟာဗတ်သည် ပိုမိုကျန်းမာလာပြီးလျှင် မျက်နှာပေါ်၌သွေးရောင်များ ဖျန်းလာတော့၏။ စကားအနည်းငယ် ပြောနိုင်လာသော်လည်း မောမည်စိုး၍ မပြောရန် တားမြစ်ထားရ၏။ 'အိုက်တွန်'ကို မတွေ့သောကြောင့် ၎င်းက မေးသဖြင့် နက်နှင့်အတူ အိုက်တွန်သည် ဂရင်းနိုက်အိမ်ကြီး၌ ရှိကြောင်း လှည့်ပတ်၍ ပြောပြထားရ၏။

ပင်ကရော့သည် ဓားပြများကို ချက်ချင်း သတိရလာသဖြင့် ယာဘက်လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ဟာဗတ် အံနီးတွင် ထိုင်လိုက်၏။

"ဓားပြတွေကို ညာဖို့ ကပ္ပတိန်က ပြောတော့ သူတို့အတွက် လက်ဆောင်တစ်ခု ငါပို့လိုက်မယ် . . . ဘာလဲ သိလား၊ ကျည်ဆံ ကျည်ဆံ"

"ဓားပြတွေကို နောက်ထပ် တွေ့သေးလား"

"မတွေ့ပါဘူး၊ မင်းနေကောင်းလာမှ တောနင်းပြီး ရှာရမယ်၊ သူတို့က ရှောင်းပစ်ဖို့တော့ တတ်တယ်၊ မျက်နှာချင်းဆိုင်ကျမှ သူတို့ သတ္တိကို ကြည့်ရမယ်"

"ကျွန်တော် အားမရှိသေးဘူး"

"ဘာမှ ပူမနေနဲ့၊ ရင်ဘတ်မှာ သေနတ်မှန်တာတွေ အများကြီး တွေ့ဖူးတယ်၊ မသေနိုင်ပါဘူး" ဟု ပင်ကရော့က အားပေးလိုက်၏။

ကပ္ပတိန်ဟားဒိန်းက သူနှင့်အဖော်များသည် လင်ကွန်းကျွန်းကြီးပေါ်သို့ ရောက်လာသည့် အချိန်မှစ၍ ယခုအထိ မိမိတို့၏ ဆန္ဒအတိုင်း အေးချမ်းစွာ စားသောက်နေထိုင်ခဲ့ကြရာ ကံမကောင်းသဖြင့် ယခုကဲ့သို့ အခက်အခဲများနှင့် တွေ့ကြုံရသည်ဟု ယူဆမိလေသည်။

ထိုနေ့တိုင် 'အိုင်တွန်'အား အရိပ်အယောင်မျှ မမြင်ရသဖြင့် ဓားပြများက ၎င်းအား သတ်ပစ်လိုက်ကြပြီ ဟုလည်း ယုံကြည်ကြ၏။ မည်သည့် အခက်အခဲနှင့် မဆို တွေ့ကြုံရစေကာမူ ကပ္ပတိန်ဟားဒိန်းနှင့် သူ၏ လူများက ရင်ဆိုင်ရန် အသင့်ရှိကြ၏။

သူတို့အား အမြဲကူညီ စောင့်ရှောက်လျက် ရှိသော ပုဂ္ဂိုလ်သည်



www.burmeseclassic.com

www.burmeseclassic.com



လင်ကွန်းကျွန်းမှ ထွက်ခွာသွားပြီလော၊ သို့တည်းမဟုတ် သေဆုံးသွားပြီလော ဟု အမျိုးမျိုး တွေးတောပူပန်လျက် ရှိနေကြ၏။

## နက်ထံမှ သတင်းရခြင်း

ဟာဗတ်၏ ဒဏ်ရာမှာ တစ်နေ့တခြား သက်သာလာပြီ ဖြစ်သဖြင့် သူ့အား ဂရင်းနိုက် အိမ်ကြီးသို့ ခေါ်ဆောင်သွားနိုင်မည့် အချိန်ကိုသာ စောင့်ဆိုင်းလျက် ရှိကြလေသည်။ ခြံထဲ၌ နေထိုင်ကြစဉ် သော်လည်းကောင်း၊ အိမ်သို့ပြန်သည့် လမ်းတစ်လျှောက်တွင် သော်လည်းကောင်း၊ သူတို့အဖို့ ... မရှိသော်လည်း ဂရင်းနိုက်အိမ်ကြီးသို့ ရောက်သွားလျှင် မည်သည့်ရန်ကိုမျှ စိုးရိမ်စရာ မရှိတော့ပေ။

နက်ထံမှ မည်သည့်သတင်းမှ မရဘဲ ရှိနေကြ၏။ သတ္တိကောင်းသော နီဂရိုးကြီး နက်သည် ရန်သူကို အလစ်ပေးမည် မဟုတ်ဘဲ အမြဲသတိ ရှိနေလိမ့်မည်ဟု ယုံကြည်ကြလေသည်။ ဓားပြများသည် တိရစ္ဆာန်ကိုပါ ... သာခွင့် မပေးကြသဖြင့် တောကိုလည်း အိမ်သို့ ပြန်၍ မလွှတ်ဝံ့ဘဲ ရှိလေသည်။ ယခု အခြေအနေတွင် လှုပ်ရှားနေခြင်းကို ကပ္ပတိန်ဟားဒိန်းက မကြိုက်ချေ။ သူတို့ဘက်မှ လေးယောက်နှင့် ဓားပြငါးယောက်ကို ရင်ဆိုင်ရန်ထင် ဖြစ်လေသည်။

ဟာဗတ် အိပ်ပျော်နေစဉ် ကပ္ပတိန်ဟားဒိန်းက ဓားပြများအား မည်ကဲ့သို့ တိုက်ခိုက်ရမည်ကို သူ၏ လူများနှင့် ဆွေးနွေးတိုင်ပင်လျက် ရှိနေ၏။ ပင်ကရော့နှင့် စပိလက်တို့နှစ်ဦးက တောတွင်းသို့ ရုတ်တရက် ပြေးဝင်ပြီး ဓားပြများကို လိုက်လံရှာဖွေ တိုက်ခိုက်လိုကြောင်း ပြောပြကြသဖြင့် သူတို့ နှစ်ယောက် မရှိလျှင် မွေးမြူရေးခြံ၌ ဟာဗတ်ကို စောင့်ရှောက်ရန် မိမိတစ် ယောက်တည်းသာ ရှိတော့မည်ဖြစ်သဖြင့် ပင်ကရော့၏အကြံကို သဘောမတူ နိုင်ကြောင်း ကပ္ပတိန် ဟားဒိန်းက ပြောပြ၏။

အိုက်တွန်အား အသုံးချရန် လိုသေးလျှင် ဓားပြများက သူ့အား သတ်မပစ်သေးဘဲ ထားဦးမည် ဖြစ်ကြောင်း၊ ဟာဗတ်၏ ကျန်းမာရေးမှာ ယခုအတိုင်း တစ်နေ့တခြား သက်သာလာမည်ဆိုပါက ယနေ့မှစ၍ နောက် ထပ် ၈ ရက်ကြာလျှင် ၎င်းအား ခြံထဲမှ ဂရင်းနိုက်အိမ်သို့ ရွှေ့ပြောင်းနိုင်လိမ့် မည် ဖြစ်ကြောင်းဖြင့် စပိလက်က ကပ္ပတိန် ဟားဒိန်းအား သူ၏ ယူဆချက် များကို ပြောပြလေသည်။ ထိုခန့်မှန်းချက် အရဆိုလျှင် ဒီဇင်ဘာလ ၁ ရက် နေ့မှသာ ဂရင်းနိုက် အိမ်သို့ ပြန်နိုင်ကြပေလိမ့်မည်။





စပိလက်က လမ်းမကြီးပေါ်သို့ နှစ်ကြိမ်ခန့် ထွက်ကြည့်၏။ တော ကလည်း သူနှင့်အတူ ပါလာလေသည်။ သူသည် ရန်သူနှင့် တွေ့လျှင် လက် ဦးအောင် ရိုင်ဖယ်သေနတ်ကို မောင်းတိုးပြီးလျှင် အသင့်အနေအထားဖြင့် စမ်း၍ ထွက်ခြင်းဖြစ်၏။ သို့သော် ဓားပြများအား အရိပ်အယောင်ကိုမျှ မတွေ့ရသော ကြောင့် ၎င်းတို့သည် ကျွန်း၏အခြား တစ်နေရာတွင် ရှိကြမည်ဟု ယူဆရပေ သည်။

နောက်တစ်ကြိမ် စပိလက်သည် ၂ ဖာလုံခန့် လမ်းမအတိုင်း သွား ကြည့်ရာ တောသည် ချုံပုတ်တစ်ခု အတွင်းသို့ ရုတ်တရက် ဝင်သွားပြီးနောက် အဝတ်စတစ်ခုကို ကိုက်ချီ၍ ပြန်လာသည်ကို တွေ့ရ၏။ ထိုအဝတ်စကို ယူခဲ့ ပြီးလျှင် ခြံသို့ပြန်၍ကပ္ပတိန်အား ပြကြည့်ရာ အိုက်တွန်၏ ဝတ်စကုပ် အကျႌစ ဖြစ်ကြောင်း သိရလေသည်။ အကျႌပြတ်ကျန်ရစ်ခဲ့ခြင်းကို ထောက်သဖြင့် အိုက်တွန်သည် ဓားပြများ ခေါ်ဆောင်ရာ နောက်သို့ အသာတကြည်မလိုက်ဘဲ ရုန်းကန်၍ လိုက်သွားရကြောင်း ထင်ရှားသည်ဟု ကပ္ပတိန်ဟားဒိန်းက ရှင်းပြ ၏။

ပင်ကရော့ကလည်း အိုက်တွန်သည် အသက် မသေသေးဘဲ ဓားပြ များက ချုပ်နှောင်ထားသည် ထင်ကြောင်းပြောပြ၏။ ဤကဲ့သို့ ချုပ်နှောင် ထားမည်ဆိုပါက အိုက်တွန်သည် လွတ်မြောက်ရန် ကြိုးစား၍ သူတို့ထံ အမြန်ပြန်လာလိမ့်မည်ဟု မျှော်လင့်ကြလေသည်။

ဟာဗတ်ကလည်း ဂရင်းနိုက်အိမ်သို့ ပြန်လိုသဖြင့် သယ်ယူပို့ဆောင် သည့် ဒဏ်ကို သူခံနိုင်ကြောင်း ပြောပြ၏။ မိမိအခန်းသို့ ပြန်ရောက်၍ ပင်လယ် ကြီးကို ကြည့်နေရလျှင် သူ၏အနာမှာ ပိုမိုသက်သာလိမ့်မည်ဟု လှုငယ်ပီပီ ပြောပြလေသည်။ သို့သော် သေနတ်ဒဏ်ရာမှာ တစ်ဝက်မျှသာ ကျက်သေး သည့်အပြင် လမ်းမှာလည်း ကြမ်းတမ်းသောကြောင့် လှည်းဆောင့်သည့်အခါ အနာဝမှာ ပြန်၍ပွင့်သွားနိုင်သဖြင့် ယခု လောလောဆယ် အိမ်သို့ပြန်ရန် မဖြစ် သေးကြောင်း စပိလက်က ရှင်းပြလိုက်၏။

နိုဝင်ဘာ ၂၉ ရက်နေ့ ည ၇ နာရီ အချိန်တွင် တောက ကျယ်လောင် စွာ ဟောင်လိုက်၏။ ယခုတစ်ကြိမ်တွင် တော၏အမူအရာမှာ ရန်သူကို တွေ့၍ ဟောင်ခြင်းမျိုးနှင့် မတူဘဲ ပျော်ရွှင်မြူးထူးနေပုံဖြင့် ခုန်ပေါက်လျက်ရှိ၏။

ကပ္ပတိန်ဟားဒိန်း၊ စပိလက်နှင့် ပင်ကရော့တို့သည် မိမိတို့ လက် နက်များကို ကျည်ဆံထည့်ကာ အသင့်ပြင်ထားကြ၏။

"တစ်ယောက်ယောက်တော့ လာနေပြီ"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရန်သူတော့ မဖြစ်နိုင်ဘူး"

"နက်များလား မသိဘူး"

"အိုက်တွန်ကော မဖြစ်နိုင်ဘူးလား"

ဤကဲ့သို့ တစ်ယောက်တစ်ခွန်း ပြောဆိုလျက် ရှိကြစဉ် 'ဝုန်း' ခနဲ ခြံကို ခုန်၍ ဝင်လာသူ တစ်ယောက်ကို မြင်လိုက်ကြရ၏။

ခြံတွင်းသို့ ဝင်လာသူမှာ မစ္စတာဂျူ ဖြစ်နေ၍ အားလုံးအံ့သြကာ ဝမ်းသာအားရ ဖြစ်နေကြရတော့၏။ တော့ကလည်း သူ၏ အပေါင်းအသင်းကို ပျော်ရွှင်စွာ ကြိုဆိုလျက် ရှိလေသည်။

ပင်ကရော့က အားရဝမ်းသာဖြင့် "ဂျူ"ဟု ခေါ်လိုက်ပြီးလျှင်

"နက်က လွှတ်လိုက်တာ ဖြစ်ရမယ်"

ဟု တစ်ဆက်တည်းပြောလိုက်လေသည်။ ထိုအခါ ကပ္ပတိန်ဟားဒိန်းက . . .

"ဒီလိုဆိုရင် သူ့မှာ သတင်းတစ်ခု ပါလာမှာပေါ့"

ဟု ပြောပြီးလျှင် ဂျူ၏ ကိုယ်ပေါ်တွင် ရှာဖွေကြည့်ကြ၏။ ကပ္ပတိန်ခန့်မှန်းသည့် အတိုင်းပင် ဂျူ၏လည်ပင်း၌ အိတ်ကလေး တစ်လုံးကို ကြိုးဖြင့် ဆွဲချိတ်ထားသည်ကို တွေ့ရ၏။ အိတ်ထဲတွင် စာရွက်တစ်ရွက်ပါ၍ ဖတ်ကြည့်ကြရာ . . .

*"သောကြာနေ့ နံနက် ၆ နာရီအချိန်တွင် ဓားပြများ တောင်ကုန်းပေါ်သို့ ဝင်ရောက် တိုက်ခိုက်ကြသည်"*

နက်

ဤသို့ဖတ်လိုက်ရပြီးနောက် သူတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ စကားပင် မပြောနိုင်ကြတော့ဘဲ အိမ်အတွင်းသို့ ပြန်ဝင်ခဲ့ကြလေသည်။ ဂရင်းနိုက်အိမ်တွင် ကျန်ရစ်ခဲ့သော 'ဂျူ'သည် ခြံထဲသို့ ယခု လိုက်လာခြင်းမှာ အိမ်၌ အရေးကိစ္စရှိ၍သာ လာခြင်းဖြစ်ရမည်ဟု ဟာဗတ်က ပြောပြပြီးလျှင် ဆက်လက်၍

"ကပ္ပတိန်ဟားဒိန်း ခင်ဗျား . . .၊ ကျွန်တော် အိမ်ပြန်ပါရစေ၊ လမ်းကြမ်းပေမယ့် ခံနိုင်ပါတယ်"

မကြာမီ သူတို့သည် အိမ်သို့ပြန်ကြရန် ဆုံးဖြတ်ကြပြီးနောက် လှည်းကို အိမ်အနီးသို့ ဆွဲခဲ့ကြ၏။ လှည်းပေါ်သို့ မွေ့ယာတစ်ခုကို တင်လိုက်ပြီးလျှင် ဟာဗတ်အား မွေ့ယာပေါ်တွင် လဲလျောင်း၍ နေစေ၏။

"သေနတ်တွေကို အသင့်ပြင်ထား"





ဟု ကပ္ပတိန်က အမိန့်ပေးလိုက်ပြီးလျှင် သူကိုယ်တိုင်နှင့် ပင်ကရော့တို့က နှစ်လုံးပူး သေနတ်များကို အသင့်ကိုင်ထားပြီးလျှင် စပိလက်က ရိုင်ဖယ်သေနတ်ကို ကိုင်ကာ လှည်းနောက်တွင် အသင့်အနေအထားဖြင့် စောင့်လျက် ရှိနေ၏။

ကပ္ပတိန်ဟားဒိန်းသည် ခရီး စတင်ထွက်သင့်သော အချိန်ကို မှန်းဆပြီးနောက် . . .

"ကိုင်း . . . သွားကြမယ်" ဟု အမိန့် ပေးလိုက်လေသည်။

'ဂျူ'နှင့် 'တော့'တို့က ရှေ့မှ ကြို၍ ဦးဆောင်သွားကြ၏။ လှည်းသည် အပြင်သို့ ရောက်သောအခါ ဝင်းတံခါးကို ပိတ်လိုက်ကြပြီးနောက် ပင်ကရော့က လှည်းကို ဖြည်းညှင်းစွာ ထိန်းပြီးလျှင် ခရီး ထွက်ခဲ့ကြလေသည်။ သူတို့လာသည့် လမ်းကို ဓားပြများက သိပြီးဖြစ်သော်လည်း အခြားတောလမ်းမှ သွားလျှင် လှည်းဆောင့်၍ လူနာ မသက်သာမည် စိုးသောကြောင့် လမ်းကြီးအတိုင်းပင် လာခဲ့ကြလေသည်။

ကပ္ပတိန်ဟားဒိန်းနှင့် စပိလက်တို့က လှည်း၏ တစ်ဖက်တစ်ချက်မှ သေနတ်များကို အသင့်ပြင်၍ လိုက်ပါလာကြ၏။ သူတို့ သည်ခြံထဲမှ နံနက် ၇ နာရီခွဲ အချိန်တွင် စတင် ထွက်ခွါခဲ့ကြရာ တစ်တောလုံး ဆိတ်ငြိမ်လျက် ရှိပြီးလျှင် မသင်္ကာစရာ ဟူ၍ တစ်စုံတစ်ရာ မတွေ့ကြရချေ။

နောက်တစ်မိုင်ခန့်ရောက်လျှင် ဂရစ်စလင်းချောင်းမှ တံတားကို မြင်ကြရတော့မည် ဖြစ်သဖြင့် ခရီးဆက်ခဲ့ကြရာ တောအုပ်ကို လွန်သည်နှင့် တစ်ပြိုင်နက် ပင်လယ်ပြင်ကြီးကို တွေ့မြင်လိုက်ရလေသည်။

ပင်ကရော့က ရုတ်တရက် . . .

"ဓားပြကောင်တွေ"

ဟု အသံ ခပ်အုပ်အုပ်ဖြင့် ပြောလိုက်ပြီးလျှင် စက်ရုံနှင့် ကြက်ခြံများမှ တက်လာသည့် မီးခိုးလုံးများကို လက်ညှိုးထိုး၍ ပြလိုက်၏။

မီးခိုးများ ကြားတွင် လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို မြင်ကြရသဖြင့် သေချာစွာ ကြည့်လိုက်သောအခါ ၎င်းမှာ 'နက်' ဖြစ်နေတော့၏။

သူတို့က 'နက်'ဟု ကျယ်လောင်စွာ အော်၍ ခေါ်လိုက်ကြရာ နက်သည် သူတို့ရှိရာသို့ ပြေးလာပြီးလျှင် တောင်ကုန်းပေါ်ရှိ အဆောက်အအုံများကို ဓားပြများ ဖျက်ဆီးသွားကြောင်း ပြောပြလေသည်။

"မစ္စတာဟာဗတ်"

ဟု နက်က ခေါ်လိုက်ရာ ထိုအချိန်တွင် ဟာဗတ်မှာ ပြန်၍ မထနိုင်ရာတော့ဘဲ သတိမေ့လျက် ရှိနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ဂရင်းနိုက်အိမ်သို့ 'ဟာဗတ်'အား ခေါ်လာခြင်း

ကပ္ပတိန် ဟာဒိန်းနှင့် သူ၏လူများမှာ ပင်လယ်ဓားပြများ၏ ဘေးအန္တရာယ်ကိုမစဉ်းစားနိုင်သေးဘဲ ဟာဗတ်၏ကျန်းမာရေးအတွက်သာ ဂရုစိုက်၍ ခေါ်ဆောင်လာရာ ၁၀ မိနစ်ခန့်အကြာတွင် ကျောက်ထရံကြီး၏ခြေရင်းသို့ ရောက်ရှိလာကြလေသည်။ မကြာမီ ဟာဗတ်အား အိမ်ကြီးအတွင်းရှိ သူ၏ အိပ်ရာပေါ်၌ သိပ်ထားလိုက်တော့၏။

ဟာဗတ်သည် သတိရလာသောအခါ အိမ်ကြီးအတွင်း၌ ရောက်နေပြီဖြစ်ကြောင်း သိသဖြင့် ကျေနပ်သည့် အမူအရာနှင့် ပြုံးပြလိုက်၏။ စပိလက်က သူ၏ ဒဏ်ရာကို စစ်ဆေးကြည့်ရှုရာ သူစိုးရိမ် သကဲ့သို့ မဟုတ်ဘဲ နဂိုအတိုင်း ရှိနေ၍ စိတ်သက်သာသွား၏။ သို့သော် ဟာဗတ်မှာ အဖျားတက်၍ အိပ်ပျော်သွား၏။ 'နက်'က ဂရင်းနိုက်အိမ်ကြီး၌ ဖြစ်ပျက်သမျှကို ကပ္ပတိန်အား ပြောပြလျက် ရှိနေ၏။ သို့သော် ပင်လယ်ကမ်းခြေ တစ်လျှောက်တွင် ဓားပြများကို မတွေ့မြင်ကြတော့ချေ။ ဂရင်းနိုက်အိမ်ကြီး၌ လုံခြုံမှု အပြည့်အဝ ပြုလုပ်ထားသည်ဟု ဓားပြများက ယူဆဟန်တူ၍ ပရော်စပက် တောင်ကုန်းမှာမူ အိမ်ကြီးနှင့် အလှမ်းဝေးသဖြင့် ၎င်းတို့ စိတ်ထင်သလို ဖျက်ဆီးသွားကြဟန်တူလေသည်။ သို့သော် ၎င်းတို့ကျွန်းပေါ်တွင် ရှိနေသမျှ ကာလပတ်လုံး မိမိတို့မှာ အမြဲ အနှောက်အယှက် ဖြစ်၍နေပေသည်။

ကပ္ပတိန်ဟာဒိန်းနှင့် 'နက်'တို့သည် ကြက်ခြံများနှင့် ဂျုံစက်များသို့ သွားရောက် စစ်ဆေးကြသေး၏။ ဂရင်းနိုက်အိမ်ကြီး အနီးသို့ ဓားပြများ လာရောက်ခဲ့ပါမူ ကျောက်ခေါင်းတိုင် ဂူကြီးအတွင်း၌ ရှိသော အလုပ်ရုံများကိုပါ ဖျက်ဆီးသွားနိုင်ကြမည် ဖြစ်လေသည်။ တောင်ပေါ်၌ ရှိသော ဟင်းသီးဟင်းရွက်ခြံနှင့် ဂျုံစိုက်ခင်းကို ၎င်းတို့ ဖျက်ဆီးသွားကြသည့်အပြင် ကြက်ခြံနှင့် မြင်းဇောင်းများကိုပါ မီးရှို့ဖျက်ဆီးထားခဲ့ကြသည်ကို တွေ့ရသဖြင့် အားလုံးကို ပြန်လည် ဆောက်လုပ်ရန် လိုကြောင်းတွေ့ရ၏။ သို့ပင် ဖျက်ဆီးခြင်း ခံရသော်လည်း ကပ္ပတိန် ဟားဒိန်းမှာ နှုတ်မှ စကားတစ်ခွန်းမျှ မပြောဘဲ အိမ်သို့ ပြန်ခဲ့၏။

နောက်ရက်များတွင် ဟာဗတ်မှာ ပိုမို အားနည်းလာပြီးလျှင် လေးကန်ထိုင်းမှိုင်းပြီး အိပ်ချင်နေသကဲ့သို့ ဖြစ်ကာ တစ်ခါတစ်ရံ ဂယောင်ချောက်ခြားပင် ပြောဆိုလျက် ရှိနေ၏။ ဒီဇင်ဘာလ ၆ ရက် နေ့မှစ၍ သူ၏အဖျားမှာ အတက်အကျဖြစ်နေ၏။ ထို့နောက် မျက်နှာမှာ ဖြူဖတ်ဖြူလျော် ဖြစ်လာပြီးလျှင် ခြေလက်များ တုန်လာ၏။

သူ၏ အဖျားရောဂါ အတွက် သူတို့တွင် ကွီနိုင်ဆာလဖိတ် ဆေးလည်း မရှိချေ။ သို့နှင့် မိုးမခပင်မှ အခေါက်များကို အမှုန့်ပြုလုပ် ၍ ၎င်းအား တိုက်ကြည့်ကြ၏။ သို့သော်မရဘဲ မကြာမီ အသည်းတွင် သွေးဥများလွန်းသောရောဂါဖြစ်လာပြီးလျှင် ဂယောင်ချောက်ခြား ပြောလာတော့၏။ သို့နှင့်ဟာဗတ်၏ရောဂါမှာ အလွန်အဆိပ်အတောက် ပြင်းသော အဖျားရောဂါဖြစ်၍ အဖျားကျရန် အရေးကြီးကြောင်း၊ ဤရောဂါမျိုးမှာ အဖျားသုံးကြိမ်တက်ပြီးနောက် သေဖွယ်ရာသာရှိကြောင်း စပိလက်က ကပ္ပတိန်ဟားဒိန်းအား ပြောပြ၏။

ဟာဗတ်သည် ဂယောင် ချောက်ခြား ဖြစ်ကာ သူသည် ဓားပြများကို ခုခံတိုက်ခိုက်နေကြောင်း၊ ထူးဆန်းသည့် ဝုဂ္ဂိုလ်ကြီးလည်း ရောက်လာကြောင်း ပြောပြီးလျှင် အိုက်တွန်ကို အော်၍ ခေါ်လိုက်ရာ ကပ္ပတိန်ဟားဒိန်းတို့ လူစုမှာ များစွာ စိတ်မကောင်း ဖြစ်ကြရလေသည်။ ထို့နောက် ဟာဗတ်သည် အားပြတ်ပြီးလျှင် ဖျော့ဖျော့ ကျသွားရာ အသက်မရှိတော့ သကဲ့သို့ မလှုပ်မယှက် ဖြစ်နေတော့၏။

ထိုအခါ စပိလက်က . . .

"မနက်ဖြန် မနက်မှာ ဟာဗတ်ကို အဖျားဖြတ်ဆေး မတိုက်နိုင်ရင် သေတော့မှာပဲ" ဟု ညည်းညူလိုက်လေသည်။

ဒီဇင်ဘာလ ၈ ရက်နေ့ ညတွင် ဟာဗတ်သည် ပို၍ ဂယောင်ချောက်ခြား ပြောလာပြီးလျှင် အနီးတွင်ရှိနေသူများအား မမှတ်မိတော့ချေ။ နောက်တစ်နေ့ နံနက် ၄ နာရီအချိန်တွင် ဟာဗတ်သည် ရူးရူးဝါးဝါး အော်လိုက်သဖြင့် အနီးတွင်စောင့်နေသော နက်မှာ အလွန်သနားသဖြင့် တစ်ဖက်ခန်းသို့ ထွက်သွားတော့၏။ မကြာမီ တော ယောင်လိုက်သံကို ကြားရသဖြင့် ကပ္ပတိန်တို့ လူစုမှာ ဟာဗတ်ထံ ပြေး၍လာကြ၏။ ဟာဗတ်မှာ အိပ်ရာထဲမှ ထွက်ပြေးတော့မည့်ကဲ့သို့ ပြုလုပ်နေသဖြင့် စပိလက်က ၎င်းအား ပွေ့၍ ထားလိုက်ရ၏။

ထိုအချိန်မှာ နံနက် ၅ နာရီထိုးပြီ ဖြစ်၍ ဂရင်းနိုက်အိမ်ကြီးအတွင်းသို့ နေရောင်များ ထိုးဝင်လာပြီဖြစ်ရာ ဟာဗတ် အိပ်ရာအနီးတွင် ရှိသော စားပွဲပေါ်သို့ နေရောင်ခြည်များ ကျရောက်လျက် ရှိနေ၏။

ပင်ကရော့က စားပွဲပေါ်သို့ လက်ညှိုးထိုးပြီးလျှင် ရုတ်တရက် အော်လိုက်သဖြင့် ကြည့်လိုက်ကြရာ စားပွဲပေါ်၌ ဘူးကလေး တစ်ဘူးကို တွေ့ရပြီးလျှင် အဖုံးပေါ်၌ အောက်ပါ စာလုံးများ ရေးသားထားသည်ကို တွေ့ရလေသည်။

"ကွီနိုင်ဆာလဖိတ်"







www.burmeseclassic.com

www.burmeseclassic.com

## ရှင်းလင်း၍ မပြနိုင်သည့် လျှို့ဝှက်မှု

စပိလက်သည် စားပွဲပေါ်၌ရှိသော ဘူးကလေးကို ကောက်ယူလိုက်ပြီး အဖုံးကို ဖွင့်ကြည့်လိုက်၏။ ဂရိမ်နှစ်ရာခန့်ရှိ ဖြူဖွေးသော ပေါင်ဒါမှုန့်များကို ဘူးအတွင်း၌ တွေ့ရသဖြင့် အမှုန့်အနည်းငယ်ကို လျှာပေါ်သို့တင်ပြီး မြီးစမ်းလိုက်ရာ၊ အလွန် ခါးသွားသောကြောင့် ကွီနိုင် အဖျားဖြတ်ဆေးဖြစ်သည်ကို ကောင်းစွာ ယုံကြည်လေတော့၏။

ဆေးဘူးမည်သို့ ရောက်ရှိလာသည်ကို နောက်မှ စဉ်းစား၍ လူနာအား ဆေးကို လောလောဆယ် တိုက်ရန်လို၏။

"ကော်ဖီတစ်ခွက်လောက် ယူခဲ့ပါ"

ဟု စပိလက်က ပြောလိုက်သဖြင့် 'နက်'က ကော်ဖီခွက် ယူလာရာ စပိလက်သည် ကော်ဖီထဲသို့ ကွီနိုင်ဆေးမှုန့် ဆယ့်ရှစ်ဂရိမ်ခန့် ထည့်လိုက်ပြီးလျှင် ဟာဗတ်အား တိုက်လိုက်၏။

ထိုကော်ဖီကို တိုက်ပြီးနောက် တတိယအကြိမ် အဖျား တက်မည်ကို စိုးရိမ်တကြီး စောင့်ကြည့် နေကြလေသည်။ ဟာဗတ်အတွက် အလွန်စိုးရိမ်ရသော အချိန်တွင် ထူးဆန်းသော မုဂ္ဂိုလ်ထံမှ အကူအညီတစ်ခု ရလိုက်ပြန်လေသည်။ ဂရင်းနိုက်အိမ်ကြီး အတွင်းသို့ ထိုပုဂ္ဂိုလ်သည် မည်သို့ ဝင်ရောက်လာနိုင်သည်ကို အံ့ဩလျက်ရှိကြ၏။ ထိုနေ့ တစ်နေ့လုံး ဟာဗတ်အား ကွီနိုင်ဆာလဖိတ်ကို ၃ နာရီခြားတစ်ကြိမ် တိုက်ပေးကြ၏။ နောက်တစ်နေ့တွင် ဟာဗတ်၏ ကျန်းမာရေးမှာ သိသိသာသာ တိုးတက်လာသည်ကို တွေ့ရလေသည်။

၁၀ ရက်မြောက်သော ဒီဇင်ဘာလ ၂၀ ရက်နေ့ မှစ၍ ဟာဗတ်သည် သက်သာလာတော့၏။ သို့သော် အလွန် အားနည်းသည့် အခြေအနေ၌ပင် ရှိသေး၏။ တတိယအကြိမ် အဖျားတက်မည့် ရက်ကို ရောက်သောအခါ အဖျားမတက်ဘဲ ဟာဗတ်သည် အလွန် အသက်ရှူကြပ်လျက်ရှိသဖြင့် စပိလက်က ပွေ့ထားရ၏။ ထိုအချိန်မှ စ၍ ၎င်းက စပိလက်အား . . .

'ဒေါက်တာ စပိလက်'

ဟု ခေါ်လေတော့၏။

အဖျားဖြတ်ဆေး ပို့ပေးလိုက်သော တကယ့်ဆရာဝန်မှာ မည်သူမှန်း မသိရဘဲ ရှိနေသဖြင့် ပင်ကရော့က . . .

"သူ့ကိုတော့ ကျုပ်တို့ ရှာကြမယ်"

ဟု ပြောလိုက်၏။





ဒီဇင်ဘာလ ကုန်ဆုံးသွားသဖြင့် ၁၈၆၈ ခုနှစ်ဆန်းသို့ ရောက်ရှိလာသောအခါ ရာသီဥတု သာယာလာ၏။ ဟာဗတ်မှာ ပိုမို ကျန်းမာလာပြီဖြစ်၍ သူ၏အိပ်ရာကို ပြတင်းပေါက် အနီးသို့ ရွှေ့ပေးထားရာတွင်လည်း အိုဇုန်းဓာတ်များပါသော ပင်လယ်လေကို ကောင်းစွာ ရှုရှိုက်နိုင်အောင် စားသောက်ရာတွင်လည်း အရသာ ပေါ်လာသဖြင့် 'နက်'က စားကောင်းမည့် ဟင်းလျာများကို ချက်ပြုတ်ပေး၏။

ထိုအချိန် အတွင်း ပင်လယ်ဓားပြများသည် ဂရင်းနိုက်အိမ်ကြီး၏ ပတ်ဝန်းကျင်သို့ မလာကြချေ။ အိုက်တွန်၏ သတင်းကိုလည်း မကြားရချေ။ မည်သည့်သတင်းကိုမျှ မကြားရဘဲ ဤကဲ့သို့ တအံ့ငွေးငွေးနှင့် နေရသည်ကို ကပ္ပတိန်ဟားဒင်းသည် မကျေနပ်ဘဲ ဟာဗတ် ကောင်းစွာ ကျန်းမာလာသည်နှင့် တစ်ပြိုင်နက် ဓားပြများအား ရှာဖွေရန် ခရီးထွက်ကြမည်ဟု အကြံပြု စီစဉ်လေသည်။

သို့သော် ယင်းကိစ္စအတွက် တစ်လခန့် စောင့်ဆိုင်းရဦးမည်ဟု ခန့်မှန်းထားကြ၏။ မကြာမီ ဟာဗတ်၏ အသည်းတွင် သွေးစုလွန်သည့် ရောဂါမှာ ပျောက်ကင်းသွားပြီးလျှင် သေနတ်ထိသည့် ဒဏ်ရာမှာလည်း လုံးဝ ကျက်သွားသည်ကို တွေ့ရလေသည်။

ဇန်နဝါရီလတွင် ပရော်စပက် တောင်ကုန်း၌ အရေးကြီးသော လုပ်ငန်းများကို သူတို့သည် လက်မလည်နိုင်အောင် လုပ်လျက်ရှိကြရတော့၏။ ပင်လယ်ဓားပြများ ဖျက်ဆီးသွားသည့် ကြက်ခြံနှင့် မြင်းဇောင်းများကို နောက်မှ ပြင်ဆင်ရန် ဆုံးဖြတ်ကြပြီးလျှင် ဂျုံစိုက် ကွင်းများမှ မပျက်ဆီးဘဲ ကျန်ရစ်သော ဂျုံများကို ရိတ်သိမ်းကြရတော့၏။

ဇန်နဝါရီလ ဒုတိယပတ်တွင် ဟာဗတ်သည် အိပ်ရာမှထပြီး တစ်နာရီခန့် ထိုင်နေနိုင်ပြီးလျှင် နောက်နေ့များ၌ ထိုင်နိုင်ချိန် ပို၍လာ၏။ ထိုနှစ်တွင် ဟာဗတ်သည် အသက် ၂၈ ပြည့်ပြီဖြစ်၍ လူလားမြောက်သော အရွယ်သို့ ရောက်ရှိလာလေပြီ။ ဇန်နဝါရီ လကုန်လောက်တွင် ဟာဗတ်သည် ပရော်စပက်တောင်ကုန်းပေါ်၌လည်းကောင်း၊ ပင်လယ်ကမ်းခြေ၌ လည်းကောင်း စမ်း၍ လမ်းလျှောက် နေသည်ကို တွေ့ကြရ၏။ မကြာခဏပင် ပင်ကရော့နှင့် 'နက်'တို့က စောင့်ရှောက်၍ သူ့အား ပင်လယ်ရေကို ချိုးစေ၏။ ဤသို့ဖြင့် သူ၏ ကျန်းမာရေးကို များစွာ အထောက်အကူ ရတော့၏။

ဓားပြများအား တောနင်း၍ ရှာဖွေရန် ရက်ကို ကပ္ပတိန် ဟားဒင်းက ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် သတ်မှတ်လိုက်ပြီးနောက် လိုအပ်သော ပြင်ဆင်မှုများကို ကြိုတင် ပြုလုပ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လင်ကွန်းကျွန်းကြီး၏အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် လည်းကောင်း၊ ကလောအင်ရှ၊ ပင်ဒီဘယ်အင်ရှ၊ တာဒွန်နှံ့တောဂရန့်ရေကန်နှင့် ဂျမေကာ တောအုပ်များအတွင်း၌ရှိသော နေရာဟူသမျှကို ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများက ကောင်းစွာ သိရှိနေကြ၏။ သို့သော်လည်း ဆာပင်တိုင်အင်ရှနှင့် မာစီမြစ်ကြားရှိ သစ်တောအတွင်း၌ လည်းကောင်း၊ ရေတံခွန်ချောင်းနှင့် ဖရင်ကလင်တောင်ခြားရှိ သစ်တောများအတွင်း၌ လည်းကောင်း မိမိတို့အဖွဲ့မှပင်ရောက် ကြည့်ရှုခြင်းများ မပြုရသေးသောကြောင့် ထိုနေရာများအကြောင်းကို ကောင်းစွာ မကျွမ်းကျင်ကြပေ။ ထို့ကြောင့် မိမိမရောက်ဖူးသေးသည့် နေရာများကို ပထမ စတင်ရှာဖွေကြရမည် ဖြစ်လေသည်။

သူတို့၏ အစီအစဉ်မှာ 'ရက်တိုင်းအင်ရှ' သို့ ပထမ သွားပြီးလျှင် တောတွင်းသို့ ရောက်ရှိနေသော ဓားပြများ၏ ချုံခိုတိုက်ခိုက်ခြင်း မပြုလုပ်နိုင်ရန်လည်း မိမိတို့အဖွဲ့က တစ်စုတစ်ဝေါင်းတည်း နေကြမည်ဟု ဆုံးဖြတ်သား၏။ ဂရင်းနိုက် အိမ်ကြီး၌လည်း မည်သူ့ကိုမျှ မထားရစ်ခဲ့ကြဘဲ 'မာစတာဂျူ' နှင့် 'တော့'တို့ကိုပါ ခရီးသွား အဖွဲ့တွင် ပါဝင်စေရန် စီစဉ်ထား၏။ လှည်းသွားနိုင်အောင် လမ်းကို အကြမ်းဖောက်လုပ်ရန်နှင့် လှည်းပေါ်တွင် ဟာဗတ်လိုက်ပါစီးနင်းနိုင်ရန်ကိုလည်း စီစဉ်ထားကြ၏။ အိမ်ပေါ်သို့ ရန်သူများ မတက်နိုင်စေရန် လှေကားများကို ဖျက်ပြောင်းထားခဲ့ကြပြီးလျှင် အပြန်၌ အသုံးပြုနိုင်ရန်လည်း စီစဉ်ကြရပြန်၏။

နောက်တစ်နေ့ နံနက် အရုဏ်တက်အချိန်တွင် 'နက်'က မြင်းလှည်းကိုဆွဲ၍ ခရီးစတင်ထွက်ခဲ့၏။ ကပ္ပတိန်ဟားဒိန်း၊ စပီလက်နှင့် ပင်ကရော့တို့က မြင်းလှည်းရှေ့မှ ကြိုတင်သွားနှင့်၏။ တော့မှာ သူ၏ သခင်အနီးမှကပ်၍ လိုက်ပြီးလျှင် 'ဂျူ'မှာမူ လှည်းပေါ်တွင် လိုက်ပါခွင့်ရ၏။

မာစီမြစ်ကို ဖြတ်ပြီးနောက် သူတို့အဖွဲ့သည် သစ်တောကြီးအတွင်းသို့ စတင် ဝင်ရောက်လာခဲ့ကြလေသည်။ ပထမ နှစ်မိုင်တွင် လွယ်ကူစွာ သွားနိုင်ကြ၏။ တောထဲတွင် တွေ့ရသည့် တိရစ္ဆာန်များ၏ အခြေအနေကို ထောက်ခြင်းအားဖြင့် မကြာမီက ဤတောထဲတွင် လူများ ဖြတ်သန်းသွားကြသည်ဟု ခန့်မှန်းကြရ၏။ သူတို့တွေးဆသည့် အတိုင်းပင် အချို့နေရာများ၌ သစ်ကိုင်းသစ်ခက်များအား ချိုးခုတ်ထားသည်ကို လည်းကောင်း၊ မီးငြိမ်းသတ်ထားသည့် မီးဖိုများနှင့် လူခြေရာ အချို့ကိုလည်းကောင်း တွေ့ကြရလေသည်။

ကပ္ပတိန်ဟားဒိန်းက အမဲပစ်ထွက်လျှင် သေနတ်သံကို ရန်သူများကြားနိုင်သဖြင့် အမဲမပစ်ရန် မှာကြားထား၏။ ဂရင်းနိုက် အိမ်ကြီးနှင့် ၆ မိုင်ခန့်





ဝေးသည့်နေရာသို့ ရောက်သောအခါ၌ တောမှာ တဖြည်းဖြည်း နက်လာသဖြင့် လှည်းသွားရန်ပင် ခဲယဉ်းလာ၏။ ထိုနေရာမျိုး၌ တိရစ္ဆာန်များကို ကြိုတင်လွှတ်ရန် ကပ္ပတိန်ဟားဒိန်းက စိတ်ကူးရသည့်အတိုင်း ၎င်းတို့အား လှည်းရှေ့သို့ ကြိုတင်၍ လွှတ်ပြီးလျှင် ၎င်းတို့ ပြန်လည်ရောက်ရှိ လာသောအခါမှ ရှေ့သို့ ခရီးဆက်ကြ၏။

ဤသို့ဖြင့် ခရီးဆက်ကြရာ ညနေပိုင်းတွင် မာစီမြစ်အတွင်းသို့ စီးဝင်နေသော ချောင်းကလေးတစ်ခု၏ ကမ်းပါး၌ စခန်းချကြလေသည်။ ညစာကိုလည်း ဖြစ်သလိုစားကြ၏။ စခန်းချ ရပ်နားနေစဉ် မီးဖို၍ ထားပါက ရန်သူများ မီးကိုမြင်မည်စိုးသဖြင့် အမှောင်ထဲ၌ပင် အိပ်ကြ၏။ ဤကဲ့သို့ အိပ်နေကြသော် နှစ်ယောက်မှာ နှစ်နာရီတစ်ကြိမ် လူချင်းလဲ၍ ကင်းစောင့်ကြ၏။ ထိုညတွင် ညသည့် အနှောင့်အယှက်မျှ မတွေ့ရဘဲ နောက်တစ်နေ့ဖြစ်သော ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တောတွင်း၌ ခရီးဆက်ကြပြန်လေသည်။ ထိုနေ့တွင် တောများ ထွင်၍ သွားကြရသဖြင့် ၆ မိုင်ခန့်သာ ခရီးပေါက်ခဲ့၏။ ကျွန်းကြီး၏ အခြားနေရာများတွင် မတွေ့ဖူးသေးသည့် သစ်ပင်များကို တွေ့ရသဖြင့် ဟာဗတ်က ဝမ်းမြောက်စွာ မှတ်သားလေသည်။

တစ်နေရာတွင် ဓားပြများ၏ ခြေရာများကို တွေ့ရပြီးလျှင် မကြာမီက ၎င်းတို့ စခန်းချ၍ မီးဖိုထားခဲ့သည့် နေရာများကို တွေ့ရှိရ၏။ ခြေရာများကို အသေအချာ ကြည့်ခြင်းအားဖြင့် ဓားပြများမှာ ၅ ယောက်ဖြစ်ကြောင်း သိသာနိုင်၏။ လူခြောက်ယောက်၏ ခြေရာကို မတွေ့ရသောကြောင့် ၎င်းတို့နှင့်အတူ အိုက်တွန် မပါကြောင်း သိရလေသည်။ ထိုနေရာသည်ကား အိမ်ကြီးမှ ၁၄ မိုင်ပင် ဝေးခဲ့လေပြီ။ ထိုနေရာသည် ရက်တိုင်း အင်ရှမှ ဆိုလျှင် ၅ မိုင်ခန့်သာ ဝေးလိမ့်မည်ဟု ကပ္ပတိန်က ခန့်မှန်း၏။ နောက်တစ်နေ့တွင် အင်ရှ၏အစွန်းသို့ ရောက်ရှိကြ၏။ ပတ်ဝန်းကျင်ရှိ တောများအတွင်း နေရာလပ် မရှိအောင် ဓားပြများအား လိုက်လံရှာဖွေကြ၏။ ထိုနေရာ တစ်ဝိုက်တွင် ၎င်းတို့ ပုန်းအောင်းနိုင်သည့် နေရာများကိုလည်း မတွေ့ရသည့်အပြင် ထူးဆန်းသော ပုဂ္ဂိုလ်နှင့် ပတ်သက်၍လည်း အစွန်းအစမျှ မတွေ့ရချေ။

## ဆာပင်တိုင်အင်ရှတွင် လှည့်လည် ကြည့်ရှုခြင်း

ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် 'ရက်တိုင်းအင်ရှ'မှ ရေတံခွန်ချောင်းအတွင်းရှိ သစ်တော၌ ကပ္ပတိန်ဟားဒိန်းနှင့် သူ၏ လူများသည် ဓားပြများအား တောနင်း ရှာဖွေလျက်ရှိကြ၏။ အနောက်ဘက်ကမ်း ရိုးတန်းတစ်လျှောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဓားပြများ၏ ခြေရာများကို လည်းကောင်း၊ တောလမ်း၌ သစ်ကိုင်းကျိုးများကို လည်းကောင်း၊ စခန်းချသည့် နေရာနှင့် မီးဖိုများကို လည်းကောင်း မတွေ့ကြရချေ။

အခြေအနေကို ကြည့်ပြီးလျှင် ကပ္ပတိန်ဟားဒိန်းက . . .

"ကျုပ်အဖို့တော့ မဆန်းတော့ဘူး၊ ဓားပြတွေဟာ ဖလုပ်ဆန်းအင်္ဂနားမှာ ကျွန်းပေါ်တက်ပြီး အနောက်ဘက် တောကို ဝင်ကြတာနဲ့တူတယ်၊ ဒါနဲ့ မြောက်ဘက်သွားရင်း မွေးမြူရေးခြံကို တွေ့သွားကြတာ"

ဟု ပြောလိုက်သဖြင့် ပင်ကရော့က . . .

"ခြံထဲများ ပြန်ရောက်နေကြမလား မသိဘူး"

"သူတို့ ရိက္ခာလိုချင်ရင်တော့ ခြံထဲသွားမှာပဲ၊ အမြဲနေဖို့အတွက်တော့ သွားမှာ မဟုတ်ပါဘူး"

စပိလက်က ကြားဝင်၍ . . .

"ဒီကောင်တွေ ဖဝှောင်ကရင် တောင်စွယ်မှာပဲ ရှိရမယ်"

"ခြံထဲကို ကျွန်တော်တို့ သွားကြရအောင်၊ အဲဒီကမှ တစ်ဆင့် သူတို့ကို တွေ့အောင် ရှာကြမယ်"

ဟု ပင်ကရော့က မခံချင်သော မျက်နှာဖြင့် ချက်ချင်းပင် ပြန်၍ ပြောလိုက်၏။

ထိုညနေတွင် သူတို့သည် ရေတံခွန် ချောင်းအနီး၌ စခန်းချကြပြီးလျှင် ယခင်ကအတိုင်း လုံခြုံမှု အစီအစဉ်များ ပြုလုပ်ပြီးနောက် ထိုနေရာ၌ ညအိပ်ကြ၏။

ဟာဗတ်၏ ကျန်းမာရေးမှာ ပိုမိုကောင်းမွန်လာပြီ ဖြစ်သဖြင့် ဤနေရာသို့ ရောက်သောအခါ သူသည် လှည်းပေါ်တွင် မလိုက်တော့ဘဲ အဖွဲ့နှင့်အတူ ခြေကျင်လျှောက်၍ လိုက်လာ၏။ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် သူတို့သည် ချောင်းလက်ဝဲဘက် ကမ်းခြေတစ်လျှောက် ဆန်တက်လာခဲ့ကြရာ မကြာမီ ဖရင်ကလင်တောင်နှင့် ၆ မိုင် ခန့်ဝေးသည့် နေရာသို့ ရောက်ရှိလာကြ၏။ သူတို့၏ အစီအစဉ်မှာ ချောင်းရိုးအတိုင်း ခရီးဆက်ပြီးလျှင် မွေးမြူရေးခြံအနီးသို့ ချဉ်းကပ်သွားကြရန် ဖြစ်လေသည်။ ဤသို့ သူတို့လုစုသည် ဆက်လက် သွားကြရာ ညနေ ၅ နာရီတွင် ခြံမှပေ ၆၀၀ ခန့် ကွာဝေးသည့် နေရာသို့ ရောက်ရှိလာကြတော့၏။

အလင်းရောင်ရှိနေသေးသဖြင့် ခြံအနီးသို့ မသွားကြသေးဘဲ နေဝင်၍ မှောင်လာသည့်အခါမှသာ ခြံထဲတွင် ဓားပြများ ရှိမရှိ အကဲခတ် ကြည့်ရှုပြီးနောက် ၎င်းတို့မရှိမှသာ ခြံထဲသို့ဝင်ရန် အချိန်ကိုစောင့်ဆိုင်း၍ နေကြလေသည်။





ပင်ကရော့နှင့် စပိလက်တို့ကမူ အချိန်ကို မစောင့်တော့ဘဲ ချက်ချင်း ဝင်ရောက်တိုက်ခိုက်ရန် ဆန္ဒစောလျက်ရှိရာ ကပ္ပတိန်က ၎င်းတို့အား ဖြောင်းဖျထားရ၏။

၃ နာရီခန့်ကြာ၍ ပတ်ဝန်းကျင်မှာ ငြိမ်သက်လျက်ရှိရာ ခြံအနီးရှိ တောစပ်တွင်လည်း ၎င်းတို့အား အရိပ်အယောင်မျှ မတွေ့ရ၊ မည်သည့်အသံမျှလည်း မကြားရချေ။ ည ၈နာရီအချိန်တွင် ကပ္ပတိန် ဟားဒိန်းက ပင်ကရော့နှင့် စပိလက်အား အချက်ပေး၍ ခေါ်လိုက်ပြီး နောက် . . .

"ခင်ဗျားတို့ နှစ်ယောက်က ခြံနားကပ်ပြီး အိမ်ထဲမှာ ဓားပြရှိ မရှိ ကြည့်ရမယ်၊ အိမ်ထဲဝင်ဖို့ မဟုတ်ဘူး၊ ကိုင်း . . . သွားကြတော့"

ဟု အမိန့်ပေးလိုက်၏။

သို့နှင့် ၎င်းတို့နှစ်ယောက်သည် လူချင်းခွာပြီးလျှင် ခြံရှိရာသို့ တရွေ့ရွေ့ ချဉ်းကပ်သွားကြ၏။ တောစပ်မှ ခြံစည်းရိုးအထိ ပေ ၃၀ခန့် ကွာပြီးလျှင် ခြံတံခါးမှာ ပိတ်လျက်ရှိနေ၏။ စပိလက်က ပင်ကရော့အား လေသံဖြင့်

"ခဏစောင့်လိုက်ရင် အနည်းငယ် ပိုမှောင်လာမယ်၊ အဲဒီအချိန်ကျမှ ခြံစည်းရိုးနားကို ကပ်မယ်"

ဟု တိုးတိုးပြောလိုက်၏။

မကြာမီ အလင်းရောင်မရှိတော့ဘဲ တောတစ်ခုလုံး မှောင်အတိ ဖုံးလွှမ်းလျက် ရှိတော့၏။ အနောက်ဘက်တွင် ဖရင်ကလင်တောင်ကြီးကို အမှောင်ထဲတွင် ခပ်မဲမဲမြင်ရ၍ ခြံအတွင်း၌လည်း လူမရှိသကဲ့သို့ ငြိမ်သက်လျက်ရှိနေ၏။ ဓားပြများသည် ခြံစည်းရိုးပေါ်တွင် အစောင့်ချထားခြင်းကိုလည်း မတွေ့ရသဖြင့် ၎င်းတို့နှစ်ယောက်သည် သေနတ်များကို အသင့်ပြင်ကာ မြေပေါ်တွင် တွားသွားလျက်ရှိနေကြ၏။ ခြံတံခါး အနီးသို့ ရောက်သွားသောအခါ ပင်ကရော့က တံခါးကို ဖြေးညှင်းစွာ တွန်းကြည့်ရာ တံခါးအပြင်ဘက်မှ မင်းတုံးများ ထိုးမထားသဖြင့် ဓားပြများမှာ အိမ်အတွင်းသို့ ရောက်နေပြီဟု ယူဆကြ၏။ သို့သော် ခြံအတွင်းမှ မည်သည့်အသံမျှ မကြားရသဖြင့် အတွင်းသို့ အတင်းပြေးဝင်လိုကြသော်လည်း ကပ္ပတိန်ဟားဒိန်း၏ အမိန့်ကို ဆန့်ကျင်မည်ဖြစ်သဖြင့် မဝင်ဘဲ ကပ္ပတိန်ဟားဒိန်းထံ ချက်ခြင်း ပြန်လာခဲ့ကြ၏။

ကပ္ပတိန်ဟားဒိန်းအား အခြေအနေကို ပြောပြရာ ကပ္ပတိန်က

"ဓားပြတွေ ခြံထဲမှာ မရှိဘူးလို့ ထင်တာပဲ"

"ခြံထဲ ဝင်ကြည့်ရင် သိမှာပါ"

ဟု ပင်ကရော့က ပြောလိုက်၏။

ခဏမျှကြာလျှင် ခြံအနီးသို့ သွားကြရန် ကပ္ပတိန်ဟားဒိန်းက အမိန့်ပေးလိုက်သဖြင့် သူတို့က လှည်းကို တဖြည်းဖြည်း အသံမထွက်အောင် တွန်း



www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင် ခြံစည်းရိုးအနီးသို့ ကပ်လာကြ၏။ တောစပ်နှင့် ခြံ၏ကြားတွင် ရှည်လျားသောမြက်များ ပေါက်နေသဖြင့် သူတို့၏ လှုပ်ရှားမှုကို မကြားနိုင်ချေ။

လူဝံကြီး 'ဂျူ'အား တောစပ်တွင် ထားခဲ့ပြီး ခွေးလိမ္မာ'တော့'ကို ပင်ကရော့က ကြိုးဖြင့်ချည်၍ ဆွဲခေါ်ခဲ့၏။ ခြံစည်းရိုးအနီးသို့ ချက်ချင်းပင် ရောက်သွားကြသော်လည်း အတွင်းမှ တစ်စုံတစ်ရာ ပစ်ခတ်ခြင်း မရှိချေ။ ခြံတံခါးကို စမ်းသပ်ကြည့်ရာ အတွင်းမှလည်း ဂလန့်ထိုး မထားဘဲ ပွင့်နေသည်ကို တွေ့ရသဖြင့် ပင်ကရော့က . . .

"ဒီတံခါးဟာ အခုပဲ ဖွင့်လိုက်တာ ဖြစ်ရမယ်"

ဟု ပြောလိုက်၏။

ခြံစည်းရိုးအနီးသို့ ကပ်သွားသော ဟာဗတ်သည် နောက်သို့ ကများကယာ ပြန်ဆုတ်လာပြီး ကပ္ပတိန်၏လက်ကို လှမ်းဆွဲလိုက်၏။

"ဘာဖြစ်တာလဲ ဟာဗတ်"

"မီးရောင်တစ်ခု မြင်ရတယ်"

"အိမ်ထဲမှလား"

"ဟုတ်တယ်"

ဟု ဟာဗတ်က တီးတိုးပြောပြ၏။

အိမ်အတွင်းသို့ သေချာစွာ ကြည့်လိုက်သောအခါ မေးမှိန်သော မီးခွက်တစ်ခုထွန်းထားကြောင်း တွေ့လိုက်ရ၏။ ထို့နောက် သူတို့အားလုံးသည် ခြံအတွင်းသို့ ဝင်ခဲ့ကြပြီးလျှင် အိမ်အနီးသို့ အသံမကြားအောင် ကပ်သွားကြ၏။ တံခါးမှ ချောင်း၍ကြည့်လိုက်ရာ "အိုက်တွန်"၏ အိပ်ရာပေါ်တွင် လူတစ်ယောက်အိပ်နေပြီးလျှင် အနီးရှိ စားပွဲပေါ်တွင် မှန်အိမ်တစ်လုံးထွန်းထားသည်ကို ကပ္ပတိန်ဟားဒိန်းက တွေ့လိုက်၏။ သေချာအောင် အတွင်းသို့ ထပ်မံ ကြည့်ရှုလိုက်ပြီးနောက် အသံကိုနှိမ့်၍ . . .

"အိုက်တွန် ရောက်နေပြီ"

ဟု သူ၏ လူများအား ပြောပြလိုက်လေသည်။ သို့နှင့် သူတို့သည် ချက်ချင်းပင် အိမ်ထဲသို့ ပြေးဝင်လိုက်ကြပြီးနောက် အသီးသီး နေရာယူလိုက်ကြ၏။ အိမ်ထဲ၌ ဓားပြတစ်ယောက်ကိုမျှ မတွေ့ရချေ။

အိုက်တွန်မှာ နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိပြီးလျှင် သူ၏ခြေနှင့်လက်တို့မှာလည်း ပွန်းပဲ့နေသည့် ဒဏ်ရာများကို မြင်ရသောကြောင့် ဓားပြများက ၎င်းအား ကြိုးဖြင့် တုတ်နှောင်ထားခဲ့ကြောင်း ခန့်မှန်းရလေသည်။

ကပ္ပတိန်ဟားဒိန်းက အိုက်တွန်အနီးသို့ ကပ်ကာ ကျယ်လောင်သော အသံဖြင့် "အိုက်တွန်" ဟု ခေါ်လိုက်၏။ အိုက်တွန်သည် မျက်လုံးများကို ဖွင့်လိုက်ပြီးနောက် "ကပ္ပတိန်" ဟု အံ့သြသော အသံဖြင့် ပြန်၍ ထူးခေါ်လိုက်လေသည်။

"အိုက်တွန် . . . အိုက်တွန်"

ဟု ကပ္ပတိန်က ဆင့်၍ အသံပြုလိုက်၏။

"ကျွန်တော် ဘယ်ရောက်နေသလဲ"

"ခြံထဲက အိမ်မှာ"

"တစ်ယောက်တည်းလား"

"တစ်ယောက်တည်းပေါ့၊ ဒါပေမယ့် သူတို့ပြန်လာကြမယ် ထင်တာပဲ"

"ဟုတ်တယ် သူတို့အခု ပြန်လာကြလိမ့်မယ်။ ခုခံဖို့ အသင့်လုပ်ထားကြပါ"

ဟု ကပ္ပတိန်သည် လူညီးကို ခြံဝင်းအတွင်းသို့ သွင်းခဲ့ပြီးလျှင် အသင့်ပြင်ထားကြရန် သူ၏လူများအား အမိန့်ပေးလိုက်လေသည်။ ဤကဲ့သို့ ပြင်ဆင်လျက်ရှိကြစဉ် 'တော့'၏ဟိန်းသံကို ကြားရသဖြင့် ကပ္ပတိန်ဟားဒိန်းသည် ရန်သူနှင့် ရင်ဆိုင်ရန် အိမ်ပြင်သို့ ပြေးထွက်လာ၏။ ခြံဝင်းအတွင်းတွင် လရောင်ထိုးနေသဖြင့် အားလုံးကို ကွဲပြားစွာ မြင်ရ၏။ ထိုအချိန်တွင် ပင်ကရော့နှင့် နက်တို့က လူညီးကို ခြံအတွင်းသို့ ဆွဲသွင်းခဲ့ကြ၏။

ထိုခဏ၌ 'တော့'သည် ၎င်းအား ချည်ထားသော ကြိုးမှ လွတ်မြောက်သွားပြီးလျှင် ကျယ်လောင်စွာ ဟောင်လျက်ရှိလေသည်။

"အသင့်ပြင်"

ဟု ကပ္ပတိန်က အော်၍ အမိန့်ပေးလိုက်၏။

အားလုံးပင် အသီးသီးနေရာယူကြပြီးနောက် ရန်သူချဉ်းကပ်လာလျှင် ပစ်ခတ်ရန် အသင့်ပြင်ထားကြ၏။ လူဝံကြီး 'ဂျူ'သည် 'တော့'အနီးသို့ သွားရောက်ကာ အသံပြုလျက်ရှိနေ၏။

မွေးမြူရေးခြံ အတွင်းသို့ ဖြတ်၍စီးနေသော စမ်းချောင်း ကလေးအနီးတွင် သစ်ပင်ကြီးများရှိ၍ ထိုသစ်ပင်ကြီးများဆီသို့ ပြေးသွားကာ အကာအကွယ် ယူလိုက်ကြ၏။

ကပ္ပတိန်သည် ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ ချောင်းနံဘေး၌ အလောင်းငါးလောင်းကို ထူးဆန်းစွာ တွေ့လိုက်ရ၏။

သူတို့တွေ့ရသော အလောင်းမှာ လွှန်ခဲ့သော လေးလက လင်ကွန်းကျွန်းကြီးပေါ်သို့ တက်ရောက်လာကြသော ပင်လယ်ဓားပြများ၏ အလောင်းများပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း [ ၄ ]

## အိုက်တွန်၏ဖြစ်စဉ်

"ဘယ်လိုဖြစ်ကြတာလဲ"

"ဓားပြတွေကို ဘယ်သူသတ်တာလဲ"

ထိုမေးခွန်းနှစ်ခုကို ဖြေကြားရန် ခက်၏။ အဘယ်ကြောင့်ဆိုသော် ဓားပြများ၊ ခြံထဲသို့ ပြန်လာမည်ကို စိုးရိမ်နေကြောင်း မကြာသေးမီက အိုက်တွန်က ပြောသဖြင့် ဓားပြများကို သတ်ခဲ့သူမှာ အိုက်တွန်မ ဖြစ်နိုင်ပေ။

အိုက်တွန်သည် တွေဝေကာ မေးခွန်းများကို အဖြေမပေးဘဲ အိပ်ရာပေါ်သို့ လဲကျသွား၏။ အိုက်တွန်သည် သူကိုယ်တိုင်မည်ကဲ့သို့ ခြံထဲသို့ ရောက်ရှိနေကြောင်းပင် မသိသဖြင့် ဓားပြများ၏အလောင်းများကို တွေ့ရခြင်းနှင့် ပတ်သက်၍ ပြောပြနိုင်လိမ့်မည် မဟုတ်ပေ။ နောက်တစ်နေ့နံနက် အိုက်တွန် အိပ်ရာမှ နိုးလာသောအခါ ကပ္ပတိန် ဟားဒိန်းနှင့် သူ၏လူများ သူတို့နှင့် ရက်ပေါင်း ၁၀၄ ရက်တိုင်တိုင် ကွဲ၍သွားသော အိုက်တွန်အား ကျန်းမာစွာ တွေ့ရှိရသဖြင့် ဝမ်းသာ၍ မဆုံးဖြစ်နေကြ၏။ ထို့နောက် အိုက်တွန်က သူ၏ အဖြစ်အပျက်များကို အောက်ပါအတိုင်း တစ်လုံးချင်း ပြောပြလေသည်။

"နိုဝင်ဘာလ ၁၀ ရက်နေ့ညက ဓားပြတွေဟာ ရုတ်တရက် အိမ်ထဲ ရောက်လာပြီး ကျွန်တော့်ကို ကြိုးနဲ့တုပ်ကြတော့တာပဲ၊ သူတို့ လိုချင်တဲ့ပစ္စည်း တွေယူပြီး ကျွန်တော့်ကို ဖရင်ကလင်တောင်ခြေမှာရှိတဲ့ ဂူထဲကို ခေါ်သွားတယ်။





နောက်တစ်နေ့မနက်ဆိုရင် ကျွန်တော့်ကို သတ်ဖို့ စီစဉ်ထားတယ်။ နောက်မှ သူတို့ထဲက ကောင်တစ်ကောင်က ကျွန်တော့်ကို မှတ်မိပြီး ဩစတြေးလျမှာ ခေါ်နေကျအတိုင်း "အိုက်တွန်" လို့ ခေါ်လိုက်တယ်။ အပေါင်းအသင်းတွေ ဖြစ်ခဲ့ကြလို့ ထင်ပါရဲ့၊ ကျွန်တော့်ကို မသတ်ဖြစ်တော့ဘူး၊ သူတို့နဲ့ပေါင်းပြီး ဂရင်းနိုက်အိမ်ကြီးကို တိုက်ဖို့ပြောကြတယ်။ အရင်တုန်းက ဘယ်လောက်ဆိုး တေနေခဲ့ပေမယ့် ကျွန်တော်တို့က ကိုယ့်မိတ်ဆွေတွေအပေါ်မှာ သစ္စာမဖောက် ချင်ဘူးလို့ ပြောလိုက်တော့ ဒီကောင်တွေ တစ်ခါတည်း ဒေါပွသွားပြီး ကျွန် တော့်ကို ခြေရောလက်ရော ကြိုးနဲ့တုပ်ထားကြတော့တာပါပဲ၊ အဲဒီ ဂူထဲမှာ ၄ လတိတိ ချုပ်ထားကြတယ် . . ."

"သူတို့က ခြံထဲမှာနေရင် လုံခြုံမှု မရှိဘူးဆိုတာ သိကြတော့ ရိက္ခာ လိုရင် ခြံထဲသွားယူပြီး ဒီဂူထဲမှာပဲ နေကြတယ်။ နိုဝင်ဘာလ ၁၁ ရက်နေ့ ကတော့ ခြံကိုအသွားမှာ ကပ္ပတိန်တို့အဖွဲ့နဲ့ တွေ့လို့ တိုက်ကြခိုက်ကြနဲ့ ဓားပြ တစ်ယောက် ကျသွားတဲ့အကြောင်း၊ ဒါပေမယ့် ကပ္ပတိန်ရဲ့ လူတစ်ယောက်ကို တော့ အသေပစ်သတ်ခဲ့တယ်လို့ အပြန်မှာ သူတို့က ကြွားနေတယ်၊ ဟာဗတ် သေပြီ ကြားတော့ ကျွန်တော်လည်း သိပ်စိတ်မကောင်းဖြစ်သွားတယ်။ ဒီ နောက် ဘာသတင်းမှ မကြားရတော့ ကပ္ပတိန်တို့နဲ့ ပြန်မှတွေ့ရပါတော့မလား လို့ အောက်မေ့ နေတာ၊ ဒီအကြောင်းတွေအပေါ်မှာ မခံချင်တဲ့ ဒေါသစိတ်တွေကို မျိုသိပ်ထားရတာ ကြာလေတော့ မျက်စိလည်း ကောင်းကောင်း မမြင်ရဘူး၊ နားလည်း ကောင်းကောင်း မကြားရတော့ဘူး၊ နောက်တော့ ဘာဖြစ်မှန်း ကျွန် တော်လည်း မသိတော့ဘူး"

ဆက်လက်၍ . . .

"ဒါထက် နေပါဦး . . . သူတို့က ကျွန်တော့်ကို ကြိုးနဲ့တုပ်ပြီး ဂူ ထဲမှာ ချုပ်ထားတယ်၊ ဒီလိုချုပ်ထားရက်သားနဲ့ ဘယ်လိုလုပ်ပြီး ခြံထဲကို ကျွန်တော်ရောက်နေတာလဲ"

ဟု အိုက်တွန်က ထပ်မံမေးလိုက်၏။

"တို့ကလည်း တစ်ခုမေးချင်သေးတယ်။ ဒီဓားပြတွေဟာ ဘယ်လို လုပ်ပြီး ခြံထဲကချောင်းကလေးဘေးနားမှာ သေနေကြတာလဲ"

ဟု ကပ္ပတိန်ဟားဒိန်းက အိုက်တွန်အား ပြန်၍မေးလိုက်၏။

"သူတို့ အားလုံးသေကုန်ကြပြီလား"

"ဟုတ်တယ် သေကုန်ပြီ၊ တစ်ကောင်မှ မကျန်တော့ဘူး"

မကြာမီ မိုးစင်စင်လင်းလာပြီဖြစ်သဖြင့် သူတို့အားလုံးပင် ချောင်း ကလေးအနီးသို့ သွားကြ၏။ ဓားပြများသည် သူတို့အသက်ရှင်စဉ်က အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားအတိုင်း သေသုံးနေပုံရ၏။ ကပ္ပတိန်ဟားဒိန်းက ပြောလိုက်သဖြင့် ပင်ကာရှေနှင့်နက်တို့သည် တောင့်တင်းနေသော ဓားပြအလောင်းများကို စစ်ဆေးကြည့်ရှုကြရာ ဓားပြတစ်ဦး၏ နဖူး၌ လည်းကောင်း၊ အခြားတစ်ယောက်၏ ရင်ဝ၌ လည်းကောင်း၊ နောက်တစ်ယောက်၏ ကျောဖွင် လည်းကောင်း၊ ကျန်တစ်ယောက်၏ ပခုံး၌ လည်းကောင်း အနီရောင်အစက်တစ်ခုစီ တွေ့ကြရသည်မှလွဲ၍ အခြားမည်သည့် ဒဏ်ရာကိုမျှ ရှာဖွေ၍ မတွေ့ကြရပေ။

"အဲဒီ အနီစက်ရှိတဲ့နေရာကို ထိသွားကြတာ"

ဟု ကပ္ပတိန်ဟားဒိန်းက စတင်၍ပြောလိုက်၏။

"ဘာလက်နက်နဲ့ ပစ်တာလဲ"

"လျှပ်စီးလက်သလို လုပ်နိုင်တဲ့ လက်နက်မျိုးပဲ၊ ကျုပ်တို့လည်း မတွေ့ဖူးသေးဘူး"

ပင်ကာရှေကဝင်၍ . . .

"ဘယ်သူက ပစ်လိုက်သလဲ ကပ္ပတိန်"

"ဒီကျွန်းကြီးပေါ်က ကျုပ်တို့ကိုယ်စား လက်စားချေပေးနေတဲ့ ပုဂ္ဂိုလ်ကြီးပေါ့ကွာ"

"ကျွန်တော်တို့ သူ့ကိုတွေ့အောင်ရှာမှ ဖြစ်တော့မယ်"

"ရှာပေမယ့် တွေ့မှာမဟုတ်ဘူး၊ သူ ခေါ်မှ တွေ့နိုင်မှာ"

လင်ကွန်းကျွန်းကြီးပေါ်တွင် နေထိုင်လျက်ရှိကြသော ကပ္ပတိန် ဟားဒိန်းနှင့် သူ၏လူများသည် ထိုနေ့မှစ၍ ထူးဆန်းသောပုဂ္ဂိုလ်ကြီးကိုသာ ရှာဖွေရန် စိတ်ဝင်စားလျက်ရှိနေကြ၏။

ချက်ချင်းလိုပင် သူတို့လည်း အိုက်တွန်ကိုတွဲ၍အိမ်ထဲသို့ ခေါ်ခဲ့ကြပြီးလျှင် 'နက်'နှင့် 'ပင်ကာရှေ'တို့ နှစ်ယောက်က ချောင်းဘေးရှိ ဓားပြများ၏ အလောင်းများကို ခြံနှင့်ဝေးသောတစ်နေရာသို့ သယ်ဆောင်သွားပြီး တွင်းနက်နက်တူးပြီးနောက် မြှုပ်လိုက်ကြလေသည်။

ထို့နောက် အိုင်တွန်အား သူမရှိစဉ်ဖြစ်ပျက်ခဲ့သည့်အကြောင်းများကို ပြောပြကြလေသည်။ ဓားပြများ၏ ဘေးအန္တရာယ် မရှိတော့သဖြင့် ကျွန်းကြီးပေါ်တွင် အေးချမ်းစွာ နေနိုင်စေရန် မိမိတို့၏ အစွမ်းအစဖြင့် ပြုလုပ်ကြခြင်း မဟုတ်သောကြောင့် မိမိတို့တွင် ဆောင်ရွက်စရာကိစ္စများ ကျန်သေးကြောင်း ကပ္ပတိန်ဟားဒိန်းက သူ၏လူများအား ပြောပြ၏။

စပိလက်က ထိုပုဂ္ဂိုလ်ကြီးအား ဖရင်ကလင်တောင် အနီးတစ်ဝိုက်တွင် အနှံ့အပြား ရှာဖွေရန် အကြံပေးလိုက်၏။ ဟာဗတ်ကလည်း ထိုပုဂ္ဂိုလ်ကြီးအား မတွေ့မချင်း ဂရင်းနိုက် အိမ်ကြီးသို့ မပြန်ဟု ပြောပြ၏။ ထိုအခါ





ကပ္ပတိန်ဟားဒိန်းက ထိုပုဂ္ဂိုလ်ကြီးအား မိမိတို့ ရှာဖွေ၍ တွေ့မည်မဟုတ်ဘဲ ထိုသူက အမေတွေ့ခံမှသာ တွေ့နိုင်လိမ့်မည်ဖြစ်ကြောင်း ပြောပြလေသည်။

ပင်ကာရှေသည် အေးဆေးစွာ နားထောင်လျက်ရှိရာမှ ကပ္ပတိန်အား ခွင့်တောင်းသကဲ့သို့ ကြည့်ပြီး . . .

"တစ်ခုတော့ ပြောချင်ပါတယ်"

"ဘာပြောချင်တာလဲ"

"အိုင်တွန်ဟာ လင်ကွန်းကျွန်းကြီးမှာ ရောက်နေတဲ့အကြောင်း စာတစ်စောင် ရေးပြီး ချထားဖို့အတွက် ကျွန်တော်တို့ တာဘိုးကျွန်းကို သွားကြရဦးမယ်"

ထိုအခါ ကပ္ပတိန်က စကားမစခင် အိုက်တွန်က . . .

"တာဘိုးကျွန်းကို ဘယ်လိုလုပ် သွားမလဲ"

"ဘွန်အက်(ဒ)ဘင်ချား သင်္ဘောနဲ့ပေါ့"

"ဘွန်းအက်(ဒ)ဘင်ချား သင်္ဘော မရှိတော့ဘူး၊ လွန်ခဲ့တဲ့ ရှစ်ရက်လောက်က ဓားပြတွေဟာ သင်္ဘောကိုတွေ့လို့ ခမ်းသပ်မောင်းကြည့်တုန်း ကျောက်ဆောင်နဲ့ တိုက်မိပြီး ပျက်စီးသွားပြီ"

ဟု အိုက်တွန်က အကျိုးအကြောင်း ပြောပြလိုက်၏။

ဤကဲ့သို့ ကြားလိုက်ရသောအခါ ပင်ကာရှေမှာ များစွာ ယူကျုံးမရ ဖြစ်သွားပြီးနောက် . . .

"ဒီ သေနာကောင်တွေ၊ ဖာမျိုးပုက်တွေ၊ မိမစစ် ဖမစစ် ကောင်တွေ"

ဟု ရေရွတ်နေသဖြင့် ဟာဗတ်က . . .

"ပင်ကာရှေ၊ သတိထားပါဗျာ။ ဘွန်အက်(ဒ)ဘင်ချားသင်္ဘော မရှိရင် နောက် ဘွန်အက်(ဒ)ဘက်ချား အကြီးတစ်စင်း ဆောက်ကြတာပေါ့။ ကျွန်တော်တို့မှာ ပစ္စည်းအစုံ ရှိနေပြီပဲ"

ဟု ပြောလိုက်လေသည်။

"မင်းက ပြောတော့ လွယ်လိုက်တာ။ တန်သုံးလေးဆယ်ရှိတဲ့ သင်္ဘောဆောက်ရင် အနည်းဆုံး လေးငါးခြောက်လ ကြာတယ် သိလား"

ဟု ပင်ကာရှေက စိတ်တိုတိုနှင့် ပြန်ပြောလိုက်၏။ ထို့နောက် သူဆောက်လုပ်သော သင်္ဘော ပျက်စီးသွားရသည်ကို နှမြောတမ်းတဟန်ဖြင့် တစ်နေရာသို့ သွား၍ ထိုင်နေတော့၏။

ဤသို့ဖြင့် 'ဘွန်းအက်(ဒ)ဘင်းချား' သင်္ဘော အသစ်တစ်စင်း ဆောက်လုပ်ရန် ဆုံးဖြတ်ကြပြီးနောက် ဖေဖော်ဝါရီလ ၁၉ ရက်နေ့ မှစ၍ ပတ်တိတ် ဖရင်ကလင်တောင်ကြီး တစ်ဝိုက်တွင် သူတို့၏ ကျေးဇူးရှင်ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးအား ရှာဖွေလျက် ရှိကြလေသည်။ ခါးပြများ ခေတ္တနေထိုင်သွားသည့် ကျောက်ဂူ အတွင်းသို့လည်း ရောက်ကြ၏။ တောင်စွယ်များ၊ လျှိုမြောင်တောတောင်များတွင်လည်း နေရာလပ် မကျန်အောင် ရှာဖွေကြ၏။ ထို့နောက် တောင်မကြီး၏ မြောက်ဘက်ခြမ်းတွင်လည်း သွားရောက် ရှာဖွေကြသေး၏။ မီးတောင်ပေါက်ကွဲစဉ်က ချော်များ ထွက်ခဲ့သည့် ဂူကြီးများ အတွင်းသို့လည်း ဝင်ရောက် ကြည့်ရှုကြ၏။ ဂူကြီးတစ်ခု၏ အတွင်းပိုင်းမှ လေးကန်စွာ တဖြုန်းဖြုန်း မြည်နေသော အသံတစ်သံကို ကြားခဲ့ရကြောင်းဖြင့် ကပ္ပတိန် ဟားဒိန်းက သူ၏လူများအား ပြောပြ၏။

ထို့ကြောင့် မီးတောင်ကြီးမှာ မီးငြိမ်းတောင်ဟု ထင်ရသော်လည်း နောက်တစ်ကြိမ် သဘာဝအလျောက် ပေါက်ကွဲမှုများ ဖြစ်နိုင်ကြောင်းဖြင့်လည်း သူက ရှင်းပြ၏။ သို့သော် မီးတောင် ပေါက်ကွဲစေကာမူ သူတို့အားလုံး နေထိုင်သော နေရာမှာယခင် ပေါက်ကွဲစဉ်ကပင် ချော်ရည်လမ်းကြောင်း မကျသဖြင့် စိုးရိမ်ရန် မရှိကြောင်းဖြင့်လည်း အားပေးစကား ပြောပြ၏။

"မီးခိုးတော့ မထွက်တော့ဘူးဗျ" ဟု စပိလက်က ပြောလိုက်၏။

"ဟုတ်တယ် မီးခိုး မထွက်သေးဘူး၊ ဒါပေမယ့် သူ အားယူနေတယ်လို့ ဆိုရမှာပေါ့။ မီးတောင် မပေါက်ကွဲရင်တော့ အကောင်းဆုံးပေါ့ဗျာ" ဟု ကပ္ပတိန် ဟားဒိန်းက ပြန်ပြောလိုက်၏။

ဖေဖော်ဝါရီ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ သူတို့သည် ရှာဖွေမှုကို မရပ်ကြသေးဘဲ ဆက်လက် ကြိုးစားလျက် ရှိကြ၏။

မီးတောင်ကြီးအတွင်း၌ လည်းကောင်း၊ ပတ်ဝန်းကျင်၌ လည်းကောင်း၊ သစ်တောများနှင့် လျှိုမြောင်ကြီးများအတွင်း၌ လည်းကောင်း သူတို့ တွေ့လိုသောပုဂ္ဂိုလ်အား မတွေ့ကြရချေ။ သို့နှင့် ကပ္ပတိန်ဟားဒိန်းတို့ လူစုမှာ မကျေမနပ် ဖြစ်နေကြလေသည်။

ဤသို့ဖြင့် ဆက်လက် ရှာဖွေလျှင် အကျိုးမရှိတော့ကြောင်း သူတို့ အားလုံးပင် တွေးတောမိ ပြုလာကြ၏။ သူတို့ တွေ့လိုသော ပုဂ္ဂိုလ်ကြီးသည် မြေမျက်နှာပြင်ပေါ်တွင် မနေထိုင်သောကြောင့်သာ မတွေ့ခြင်းဖြစ်သည်ဟုလည်း ယုံကြည်လာကြ၏။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် သူတို့အားလုံး အိမ်သို့ပြန်လာခဲ့ကြလေသည်။ ဟားဗတ်က သူ၏ မြားတွင် ကြိုးကလေးတစ်ချောင်း ချည်၍ လှေကားထားခဲ့သော ကျောက်စွန်းကိုကျော်၍ ပစ်လိုက်ပြီးနောက် ကြိုးနှစ်စနည်းဖြင့် အခြားကြိုးများကို ဆွဲတင်ကြ၏။ ကြိုးလှေကားကို ပြင်တပ်ဆင်လိုက်ပြီးသောအခါ အိမ်ကြီးအတွင်းသို့ ဝင်ခဲ့ကြ၏။





သူတို့သည် ကျွန်းကြီးပေါ်သို့ ရောက်ခဲ့ကြသည်မှာ မတ်လ ၂၅ ရက်နေ့တွင် သုံးနှစ် မြောက်ခဲ့ပြီ ဖြစ်၍ နှစ်ပတ်လည် အထိမ်းအမှတ် ပွဲတစ်ခု ပြုလုပ်ကြလေသည်။

## သုံးနှစ်ကျော်လွန်ခဲ့ပြီးနောက်

ရစ်ချမွန်မြို့မှ အကျဉ်းသမားများ ထွက်ပြေးလာခဲ့ကြသည်မှာ သုံးနှစ် ရှိခဲ့လေပြီ။ ထိုသုံးနှစ်အတွင်း ၎င်းတို့သည် မိမိတို့၏ ဇာတိရပ်ရွာ အကြောင်းများကို သတိရကြကာ အကြိမ်ကြိမ် ပြောဆိုလျက် ရှိခဲ့ကြလေသည်။

ထိုအချိန်အတွင်း အမေရိကန် ပြည်တွင်းစစ်၌ တရားမျှတသော မြောက်ပိုင်းသားများ၏ စစ်ပွဲသည်သာ မအောင်မြင်စရာ အကြောင်းမရှိဟု သူတို့ အားလုံး ယုံကြည်ကြ၏။ မည်သည့်အချိန်တွင် မိမိတို့၏ တိုင်းပြည်သို့ ပြန်နိုင်ကြမည်ကို မသိကြရသဖြင့် လွမ်းဆွတ်လျက် ရှိကြ၏။ နေရပ်ဌာနေသို့ သူတို့ ပြန်နိုင်ရန် နည်းလမ်းနှစ်ခု ရှိ၏။ တစ်ခုမှာ ဤကျွန်းကြီးအနီးသို့ သင်္ဘော တစ်စင်းတလေ ဖြတ်သန်းမောင်းနှင် လာခဲ့လျှင် ဟူသော နည်းလမ်းဖြစ်၍ အခြားတစ်ခုမှာ မိမိတို့ကိုယ်တိုင် သင်္ဘောတစ်စင်း တည်ဆောက်ပြီးလျှင် အနီးဆုံး တိုင်းပြည်တစ်ခုသို့ သွားကြရန်ဟူသော နည်းလမ်း ဖြစ်လေသည်။

ဤသို့ ပြောဆိုနေကြစဉ် "ထူးဆန်းသော ပုဂ္ဂိုလ်ကြီးက ၎င်းတို့အား အမေရိကန်ပြည်သို့ ပြန်နိုင်ရန် နည်းလမ်းတစ်ခု စီစဉ်ပေးလျှင် အလွန်ကောင်းမည်"ဟု ပင်ကရော့က ပြောနေသဖြင့် ကပ္ပတိန်ဟားဒိန်းက ဖြစ်နိုင်သည့် ကိစ္စကို မျှော်လင့်ခြင်းကသာ ပို၍ မှန်ကန်ကြောင်း ဆုံးမစကား ပြောကြားလိုက်လေသည်။

သင်္ဘောတစ်စင်း ဆောက်ရန် ခြောက်လခန့် ကြာလိမ့်မည်ဟု ခန့်မှန်းကြောင်း၊ သင်္ဘော ဆောက်ရမည် ဆိုပါက ပျက်စီးသွားသော 'ဘွန်းအက်ဒ်ဘင်ချား' သင်္ဘောထက်ကြီးသော သင်္ဘောကို ဆောက်လုပ်စေလိုကြောင်း၊ စကော့လူမျိုးများ၏ ရွက်သင်္ဘောသည် တဘိုးကျွန်းသို့ ပြန်လာလိမ့်မည်ဆိုသော အချက်မှာလည်း အလွန် မသေချာသောကြောင့် ပိုလီနီးရှန်းကျွန်းစု သို့မဟုတ် နယူးဇီးလန် ကျွန်းသို့သွားနိုင်မည် သင်္ဘောတစ်စင်းကိုသာ ဆောက်လုပ်လိုကြောင်း ပင်ကရော့က အကြံပေး၏။

ထိုအခါ ကပ္ပတိန်ဟားဒိန်းက ပင်ကရော့ ပြောဆိုနေသော စကားများကို စိတ်ဝင်စားစွာ နားထောင်လျက် ရှိရာမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"သဘော် အငယ်တစ်စင်း ဆောက်နိုင်ရင် အကြီးတစ်စင်းလည်း ဆောက်နိုင်ပါတယ်၊ အချိန်ကြာတာ တစ်ခုပါပဲ။ ကဲ . . . ကျုပ် တစ်ခုမေးမယ်၊ တန် ၂၅၀-၃၀၀ လောက်ရှိတဲ့ သဘော်တစ်စင်း ဆောက်ရင် ဘယ်လောက် ကြာမယ် ထင်သလဲ"

"အနည်းဆုံး ခုနစ်လ - ရှစ်လပေါ့"

"သဘော်ဆောက်ပြီး အချိန်ရာသီဥတု ကောင်းလာမှာနဲ့တော့ အံကိုက်ဖြစ်နေပြီ။ တဘိုးကျွန်း ဖြစ်ဖြစ်၊ တခြားကျွန်း တစ်ခုခုကို ဖြစ်ဖြစ် သွားကြည့်ကြတာပေါ့"

ဤသို့ဖြင့် သဘော်ဆောက်လုပ်ရန် ကိစ္စများကို တိုင်ပင် ဆွေးနွေးကြပြီးနောက် တန်နှစ်ရာ သုံးရာခန့်ရှိသော သဘော်တစ်စင်း ဆောက်လုပ်ရန် သဘောတူ ဆုံးဖြတ်ကြလေသည်။

မကြာမီပင် ကပ္ပတိန်ဟားဒိန်းသည် သဘော်တစ်စင်းအတွက် ပုံစံရေးဆွဲခြင်းဖြင့် အလုပ်ရှုပ်လျက် ရှိလေသည်။ သူ၏လူများကလည်း အနောက်ဘက် တောအတွင်းမှ သဘော် 'ဇာကူ' (ရေလုံကန့်များပါသည့် သဘော်ရော) တည်ဆောက်ရန်အတွက် သစ်ပင်များကို ခုတ်ပြီးလျှင် ကမ်းနားသို့ လှည်းဖြင့် တိုက်၍ ပို့လျက်ရှိ၏။ ခုတ်ပြီး သစ်များကိုလည်း အသားသေအောင် ပြုလုပ်ကြရ၏။

ကျောက်ခေါင်းတိုင် ဂူကြီးအနီးတွင် ဟဲတစ်တဲ ထိုး၍ ခုတ်ပြီး သစ်များကို သိုလှောင်ထားကြ၏။

ဤသို့ လုပ်နေသည့် အထဲမှာပင် ပျက်စီးသွားသော စက်ရုံနှင့် ကြက်ခြံတို့ကို ကြိုးစား၍ ပြင်ဆင်ဆောက်လုပ်ကြရလေသည်။

အိုက်တွန် တစ်ယောက်မှာမူ စကား များစွာ မပြောဘဲ သူ့အား ပေးအပ်သည့် တာဝန်ကိုသာ ကျေပွန်စွာ ဆောင်ရွက်လျက် ရှိ၏။

ထိုအတောအတွင်း မွေးမြူရေးခြံကိုလည်း ပစ်မထားဘဲ တစ်ရက်ခြား သွားရောက် ကြည့်ရှုပြီးလျှင် အပြန်တွင် နွားနို့များ ယူခဲ့ကြ၏။ ခြံသို့ သွားသည့် နေ့များတွင် ဟာဗတ်နှင့် စပိလက်တို့က အမဲလိုက် ထွက်ကြ၏။ ခြံနှင့် ဂရင်းနိုက် အိမ်ကြီးသို့ ဆက်သွယ်ထားသည့် သံကြိုးတိုင်များကိုလည်း ပြင်ဆင်ပြီးသွားပြီဖြစ်၍ ခြံထဲ၌ အလုပ်မပြီးသော နေ့များတွင် အိမ်ကြီး၌ ကျန်ရစ်သူများထံ အကျိုးအကြောင်းကို သံကြိုးရိုက်၍ အသိပေးလေ့ ရှိကြ၏။

ပင်လယ်ဓားပြများ မရှိတော့ပြီ ဖြစ်သဖြင့် မွေးမြူရေးခြံတွင် လုံခြုံစွာ နေထိုင်နိုင်သော်လည်း 'ဘော့ဟာဗေး'ကို အတုယူ၍ အကျဉ်းသား အရှုံးက သဘော်ကို တိုက်ခိုက်လုယူပြီးလျှင် ထွက်ပြေးလာနိုင်သဖြင့် နေ့စဉ်နေ့တိုင်း





ပင်လယ်ပြင်ကြီးကို ဂရုတစိုက် ကြည့်ရှုကြရလေသည်။ မသင်္ကာဖွယ်ရာ အကြောင်း တစ်စုံတစ်ရာ မတွေ့ရသော်လည်း ရန်သူလာလျှင် အသင့်ခုခံနိုင်ရန် အမြဲ ပြင်ဆင်ထားကြ၏။

မေလ ၁၅ ရက်နေ့တွင် သဘော်ရောကို ဆောက်လုပ်ပြီးစီးသွားပြီးလျှင် ဦးနှင့် ပဲ့တို့ကို ဆက်လက် ဆောက်လုပ်ကြ၏။ မကြာမီ ရတ်တရက် ရာသီဥတု ဆိုးရွားလာသဖြင့် ဇွန် ၁၀ရက်နေ့တွင် သဘော် ဆောက်လုပ်ရေးကို ခေတ္တရပ်ဆိုင်း ထားကြလေသည်။ နောက်နေ့ များတွင် တဖြည်းဖြည်း အေး၍ လာသည်ကို တွေ့ကြရ၏။

ဤသို့ဖြင့် ဆောင်းရာသီဖြစ်သော ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများ ကုန်လွန် သွားလေသည်။

ဂရင်းနိုက် အိမ်ကြီး၌ နေထိုင်လျက် ရှိကြသူများနှင့် တိရစ္ဆာန်များ အားလုံး ကျန်းမာလျက် ရှိကြ၏။ စက်တင်ဘာ လကုန်လောက်တွင် သာယာသော ရာသီဥတုသို့ ပြောင်းလဲလာသည်ကို တွေ့ရ၏။ အိမ်ကြီးအတွင်း၌ သပေါင်းများစွာ တစ်ဆက်တည်း နေခဲ့ကြစဉ် တော့ နှင့် ဂျူတို့သည် ဟိန်းဟောက်ခြင်းများ မပြုလုပ်ကြဘဲ ငြိမ်သက်စွာ နေသည်ကိုသာ တွေ့ကြရ၏။ စက်တင်ဘာလ ၇ ရက်နေ့တွင် ဖရင်ကလင် တောင်ထိပ်မှ ပထမဆုံးအကြိမ် မီးခိုးများ တလိပ်လိပ် ထွက်လာသည်ကို ကပ္ပတိန် ဟားဒိန်းက တွေ့မြင်လိုက်ရလေသည်။

## လှုပ်ရှား ထကြွလာသော မီးတောင်ကြီး

ကပ္ပတိန်ဟားဒိန်းက ဤသို့ ပြောလိုက်သည့်တွင် သူ၏လူများသည် မိမိလုပ်ကိုင်နေသော အလုပ်များကို ရပ်ထားကာ ဖရင်ကလင် တောင်ထိပ်သို့ ငေးမျှော် ကြည့်ရှုနေကြတော့၏။

ရေခိုးရေငွေ့များသည် မီးတောင် ထိပ်ဝ၏ အောက်ခြေသို့ ပေါက်၍ ထွက်လာခြင်း ဖြစ်၏။ မြေအောက်တွင်ရှိသော မီးတောက် မီးလျှံများက မီးတောင်ကြီးကို ရုတ်တရက် ပြင်းထန်စွာ ပေါက်ကွဲ စေလိမ့်မည်ဟု မည်သူမျှ အတတ်မပြောနိုင်ချေ။ မီးတောင်ကြီး ပေါက်သည့်တိုင်အောင် ချော်ရည်ချော်မှုန်များသည် ယခင် ပေါက်ကွဲစဉ်က တောင်၏မြောက်ဘက်သို့ စီးဆင်းခဲ့သဖြင့် ယင်းလျှင်ဒဏ်ကြောင့် မီးတောက်အတွင်းသို့ မြေအနေအထားများ ပြောင်းလဲသွားနိုင်ပြီးလျှင် ထွက်ပေါက် အသစ်တစ်ခု ဖြစ်ပေါ်လာနိုင်လေသည်။

ကပ္ပတိန် ဟားဒိန်းသည် အခြေအနေကို သူ၏လူများအား အဆက်



www.burmeseclassic.com

www.burmeseclassic.com



ပါအတိုင်း မကွယ်မဝှက် ရှင်းပြ၏။ မြေငလျင် မလှုပ်လျှင် ဂရင်းနိုက်၏အိမ်ကြီး အတွင်း၌ တစ်စုံတစ်ရာ စိုးရိမ်ရန် မရှိကြောင်း၊ သို့သော် တောင်၏တောင်ဘက် မျက်နှာစာတွင် မီးထွက်ပေါက် ဖြစ်ပေါ်လာပါက မွေးမြူရေးခြံတွင် အန္တရာယ်ရှိ နိုင်ကြောင်းဖြင့်လည်း ဆက်လက် ပြောပြလေသည်။

ထိုနေ့မှစ၍ မီးခိုးများသည် တဖြည်းဖြည်း ထူထပ်စွာ တောင်ထိပ်မှ အဆက်မပြတ် ထွက်နေသည်ကို တွေ့ကြသဖြင့် သင်္ဘော ဆောက်လုပ်နေ သည့် ကိစ္စကို ယခင်ကထက် ပိုမိုဆောင်ရွက်လျက် ရှိကြတော့၏။ ဤသို့ဖြင့် စက်တင်ဘာလကုန်လောက်တွင် သင်္ဘောပုံကြမ်း ဆောက်လုပ် ပြီးစီးသွား၏။ သို့သော် ပျဉ်ခင်းရန်ကား အချိန်ကြာပေဦးမည်။ ထိုအချိန်များအတွင်း ဂျုံများ ရိတ်သိမ်းရန် အချိန် ရောက်လာသဖြင့် သင်္ဘောဆောက်လုပ်နေသည့် ကိစ္စကို ရပ်ဆိုင်း ထားရပြန်၏။

သင်္ဘော ဆောက်လုပ်ပြီး၍ အခြား တစ်နေရာသို့ ထွက်ခွာသွားရ သည့်တိုင်အောင် ဤလင်ကွန်းကျွန်းသို့ ပြန်လာ၍ ဆက်လက် နေထိုင်သွားရန် ထိုနေ့ ညစာ စားချိန်တွင် ဆွေးနွေးတိုင်ပင်လျက် ရှိကြ၏။

ဤသို့ပြန်လာပြီးနောက် ပင်ကရော့နှင့် နက်တို့က ကပ္ပတိန် ဟားဒိန်း အား ဘုရင်ခံ ခန့်ပြီးလျှင် ဟားဗတ်ကလည်း သူ၏မိသားစုကို ခေါ်၍ နေထိုင် ရန်။ ထို့ပြင် စပီလက်ကလည်း ဤကျွန်းမှနေ၍ နယူးလင်ကွန်းဟာရယ် သတင်းစာ ထုတ်ရမည် စသည်ဖြင့် သူတို့လူစု စိတ်ကူးလျက် ရှိကြ၏။

အောက်တိုဘာလ ၁၅ရက်နေ့ညနေတွင် ထမင်းစားသောက်ကြပြီး နောက် ည၌ ၉ နာရီလောက်၌ စကား လက်ဆုံကျလျက်ရှိစဉ် ကြေးနန်းစက်ခံ ထားသည့်နေရာမှ ရုတ်တရက် ခေါင်းလောင်းသံ ထွက်ပေါ်လာသဖြင့် ဂရင်း နိုက်အိမ်ကြီးတွင် သူတို့အားလုံး ရှိနေပါလျက် ခေါင်းလောင်းသံ ထွက်ပေါ်လာ သည်ကို မယုံနိုင်အောင် ရှိကြတော့၏။ သို့နှင့် တစ်ယောက်တစ်မျိုး ထင်ကြေး ပေးလျက် ရှိကြစဉ် ကပ္ပတိန်ဟားဒိန်းသည် ကြေးနန်းစက်သို့ သွားရောက်ကာ အောက်ပါအတိုင်း သံကြိုး ပြန်လိုက်သည်။

"ခင်ဗျား ဘာလိုချင်လို့လဲ"

တစ်ခဏမျှကြာသောအခါ တစ်ဘက်မှ အောက်ပါအတိုင်း သံကြိုး ပြန်လာလေသည်။

"မွေးမြူရေးခြံသို့ ချက်ချင်းလာပါ"

"အခုမှပဲ အချက်ပေးတော့တယ်"

ဟု ကပ္ပတိန် ဟားဒိန်းက သူ၏ လူများအား ပြောလိုက်၏။ သူတို့ အဖို့ မရှင်းလင်းသည့် ထူးဆန်းသော အချက်များသည် မျက်နှာဖုံးကို





ချွတ်လိုက်သကဲ့သို့ ထင်ရှားစွာ ယခု တွေ့ရပေတော့မည်။ မွေးမြူရေးခြံသို့ သွားရန် အားလုံးပင် စိတ်အားထက်သန်ကြသဖြင့် ချက်ချင်းလိုပင် ဂရင်းနိုက် အိမ်ကြီးမှ ထွက်ခွာခဲ့ကြလေသည်။

ယခုတစ်ကြိမ်တွင် 'တော့'နှင့် 'ဂျု'တို့အား အိမ်စောင့် ထားခဲ့၏။ သူတို့ ထွက်လာသောအချိန်တွင် လဝင်သွားပြီဖြစ်၍ တစ်မိုးလုံး မည်းမှောင် လျက် ရှိနေပြီးလျှင် မကြာခဏ လျှပ်ပြက်လျက် ရှိနေ၏။ သူတို့သည် မာစီမြစ် ၏ လက်ဝဲဘက် ကမ်းအတိုင်း တက်လာကြပြီးနောက် ဂရစ်စလင်းချောင်းကို ဖြတ်ကာ ခြံရှိရာသို့ ရှေ့ရှုသွားလျက် ရှိကြလေသည်။ မိုင်ဝက် နီးပါးခန့် သွားမိပြီးနောက် ပင်ကရော့က . . .

"မီးတုတ်တစ်ခု ယူလာရင် အကောင်းသား"

ဟု ပြောလိုက်သဖြင့် . . .

"ခြံထဲရောက်တော့ တစ်ခု ယူလိုက်တာပေါ့"

ဟု ကပ္ပတိန် ဟားဒိန်းက ပြန်ပြောလိုက်၏။ အိမ်မှ ထွက်ခဲ့ကြပြီး နောက် ည ၉ နာရီ ၄၇ မိနစ် အချိန်တွင် သူတို့သည် သုံးမိုင်ခန့် ပေါက်ခဲ့ကြ လေပြီ။ ည၌ ၁၀ နာရီအချိန်၌ မွေးမြူရေးခြံဝင်း တံခါးအနီးသို့ ရောက်ရှိလာ ကြရာ လေသည် ပြင်းထန်စွာ တိုက်ခတ်၍ မိုးလည်း ရွာလာတော့၏။ ကပ္ပ တိန် ဟားဒိန်းသည် ခြံဝင်းကို ဖြတ်၍ အိမ်အနီးသို့ ချဉ်းကပ်ပြီးလျှင် အတွင်း၌ တစ်စုံတစ်ယောက် ရှိလိမ့်မည်အထင်နှင့် ကြည့်ရှုရာ မီးရောင်ကို မတွေ့ရသဖြင့် အံ့ဩ စားလျက် ရှိနေကြ၏။

ကပ္ပတိန်ဟားဒိန်းသည် တံခါးကို ခေါက်လိုက်၏။

သို့သော် အိမ်အတွင်းမှ မည်သည့်အသံကိုမျှ မကြားရသဖြင့် တံခါး ကို တွန်းဖွင့်ပြီးလျှင် သူတို့အားလုံး အိမ်ထဲသို့ ဝင်လိုက်ကြ၏။ 'နက်'က မှန်အိမ်ကို မီးညှိ၍ ထွန်းလိုက်ရာ တစ်ခန်းလုံး ထိန်းလင်းသွားတော့၏။ သို့ သော် အခန်းထဲတွင် မည်သူ့ကိုမျှ မတွေ့ရသဖြင့် အံ့အားသင့်လျက် ရှိကြစဉ် ဟားဗတ်သည် စားပွဲပေါ်မှ စာရွက်တစ်ရွက် တွေ့ရသဖြင့် အားလုံးဖတ်ကြည့်ကြ ရာ အောက်ပါအတိုင်း အင်္ဂလိပ်စာဖြင့် ရေးသားထားသည်ကို တွေ့ရလေ သည်။

"ကြေးနန်းကြိုး အသစ်အတိုင်း လိုက်ခဲ့ပါ"

ဂရင်းနိုက်အိမ်ကြီးတွင် လက်ခံရရှိသော ကြေးနန်းမှာ မွေးမြူရေးခြံမှ ပေးပို့ခြင်း မဟုတ်ဘဲ ထူးဆန်းသော ပုဂ္ဂိုလ်ကြီးက သူနေထိုင်သည့် နေရာမှ ပို့လိုက်ခြင်း ဖြစ်ကြောင်း ကပ္ပတိန်ဟားဒိန်းက ကောင်းစွာ သိရှိလေသည်။ သို့နှင့် ခြံနှင့် အနီးဆုံး ပထမ ကြေးနန်းတိုင်သို့ သွားရောက် ကြည့်ရှုကြရာ



www.burmeseclassic.com

www.burmeseclassic.com



တိုင်ထိပ် ကြေသီးမှ ကြိုးတစ်ချောင်း မြေပေါ်သို့ ကျနေသည်ကို တွေ့ရပြီးလျှင် ကြိုးမှာ လျှပ်စစ်ဓာတ် မလိုက်အောင် အပေါ်မှဖုံးအုပ်ထားသည့် ကြိုးမျိုး ဖြစ်နေသည်ကို တွေ့ရ၏။

ကြေးနန်းကြိုးမှာ မြေပေါ်၌ ချထားသဖြင့် ကြိုးအတိုင်းလိုက် သွားကြရာ ဖရင်ကလင် တောင်ကြားအတွင်း သူတို့ တွေ့လိုသူ၏ နေရာ၌ အဆုံးသတ်လိမ့်မည်ဟု မျှော်လင့်ကြသော်လည်း ကြိုးသည် မဆုံးသေးဘဲ တောင်စောင်းမှ အနောက်ဘက် ပင်လယ်ကမ်းခြေသို့ ဆက်သွားနေသည်ကို တွေ့ရပြန်၏။ သို့နှင့် ကြိုးအတိုင်း ဆက်၍ လိုက်ကြပြန်လေသည်။ ကမ်းခြေသို့ ရောက်သောအခါ ကြေးနန်းကြိုး သည် ကျောက်တန်းကြီးအနီး တစ်နေရာတွင် ပင်လယ်ရေပြင်အောက် ဝင်သွားသည်ကို တွေ့ရ၏။

ကပ္ပတိန်ဟားဒ်ိန်းသည် ကြိုးစကို ကိုင်၍ ကြည့်ပြီးနောက် . . .

"ကျုပ်တို့ ဒီရေကျသွားတဲ့ အချိန်အထိတော့ စောင့်ကြရလိမ့်မယ် ရေကျသွားရင်တော့ လမ်းစ ပေါ်လာမှာပါ"

ဟု ပြောလိုက်၏။

ဤသို့ စောင့်ဆိုင်းရင်း ရေကျသွားသောအခါ ကမ်းစပ်ရှိ ကျောက်ထရံကြီးတွင် လိုဏ်ဂူကြီးတစ်ခုကို ထူးဆန်းစွာ တွေ့ရပြီးလျှင် ဂူအမိုးမှာ ရေပြင်ထက် ၈ ပေခန့် မြင့်နေသည်ကို တွေ့ရ၏။ ဂူဝ၌ သံပြားဖြင့် ပြုလုပ်ထားသည့် လှေငယ်ကလေး တစ်စင်းကို အခန့်သင့် တွေ့ရပြီးလျှင် လှေပေါ်၌ လှော်တက် နှစ်ချောင်းကိုပါ တွေ့ရ၏။

ကပ္ပတိန်ဟားဒ်ိန်းက . . .

"လှေပေါ်ကို တက်ကြ"

ဟု အမိန့် ပေးလိုက်သဖြင့် သူတို့အားလုံးသည် လှေပေါ်သို့ တက်ကြပြီးနောက် 'နက်'နှင့် 'အိုက်တွန်'တို့ နှစ်ယောက်က လှေကို တဖြည်းဖြည်း လှော်၍ လိုဏ်ဂူအတွင်းသို့ ဝင်ခဲ့ကြလေသည်။ သို့နှင့် ဆယ့်ငါးမိနစ်မျှ လှော်ခတ်သွားရာ ဂူကြီးသည် ညာဘက်သို့ ကွေ့သွား၏။ သူတို့သည် လိုဏ်ဂူ၏ နံရံတွင် ကြေးနန်းကြိုးကို ဆက်လက် တွေ့ရှိရသဖြင့် အားတက်လာကာ လှေကို ရှေ့သို့ ဆက်လက်လှော် ခတ်သွားကြပြန်လေသည်။ မိုင်ဝက်ခန့် သွားမိသောအခါ ကပ္ပတိန် ဟားဒ်ိန်းက . . .

"ခဏ ရပ်ကြဦးဟေ့" ဟု အမိန့် ပေးလိုက်လေသည်။

လှေ၏ ရှေ့တွင် သူတို့မြင်ရသော ဂူကြီးမှာ အလွန် ကျယ်ဝန်း၍ တိုက်ခန်းကြီး တစ်ခန်းကဲ့သို့ ရှိနေ၏။ တစ်ခန်းလုံး၌လည်း မီးများ ထိန်းလင်းလျက် ရှိပြီးလျှင် ဂူ၏အမိုးမှာ ပေ ၁၀၀ ခန့် မြင့်လေသည် အလင်းရောင်မှာ





မျက်နှာကျက် အလယ်ဗဟိုမှ ဖြာထွက်နေသည်ကို တွေ့ရသဖြင့် လျှပ်စစ်မီး ဖြစ်ကြောင်း တိကျစွာ ပြောနိုင်လေသည်။ ခန်းမကြီး အနံမှာ ပေ ၃၅၀ ခန့် ရှိမည်ထင်ရ၍ ရေကန်ကြီးသဖွယ် ဖြစ်နေတော့၏။

ရေကန်၏ အလယ်တွင် ရေပေါ်၌ မလှုပ်မယှက် ငြိမ်သက်နေသည့် ဆေးပြင်းလိပ်သဏ္ဌာန် ရှည်မျောမျော အရာဝတ္ထုကြီး တစ်ခုကို တွေ့ရပြီးလျှင် နံဘေးတစ်လျှောက်၌ အတွင်းမှ မီးရောင်များ ထိုးထွက်လျက် ရှိနေ၏။ ပုံပန်းသဏ္ဌာန်အားဖြင့် ဝေလငါးကြီးနှင့်လည်း တူလှ၏။ ပေ ၂၅၀ ခန့် ရှည်ပြီးလျှင် ရေမျက်နှာပြင်၏ အထက် ၁၀ ပေ, ၁၂ ပေခန့် ပေါ်၍နေ၏။

သူတို့သည် ထိုသဏ္ဌာန်ကြီးအနီးသို့ ချဉ်းကပ်သွားရာ ကပ္ပတိန် ဟားဒ်ိန်းက လှေဦးတွင် မတ်တတ်ရပ်လျက် လိုက်ပါလာ၏။ အနီးသို့ ရောက်သောအခါ ကပ္ပတိန်က . . .

"သူပဲ ဖြစ်မှာပါ"

ဟု ပြောလိုက်ပြီးလျှင် နာမည်တစ်ခုကို တိုးတိုး ခေါ်လိုက်၏။ ထိုနာမည်ကို 'စပိလက်'က ကြားဖူးသည်ထင်၏။ လှေကို ထို အရာဝတ္ထုကြီး၏ လက်ဝဲဘက်သို့ ကပ်ပြီးနောက် 'ပလက်ဖောင်း' ပေါ်သို့ တက်လိုက်ရာ ကုန်းပတ်ပေါ်သို့ ရောက်သောအခါ အောက်သို့ ဆင်းခဲ့ကြ၏။ လှေကားအဆုံး၌ အတွင်းကုန်းပတ် တစ်ခုကို ထပ်မံ တွေ့ရပြန်သဖြင့် လျှောက်သွားရာ အဆုံးတွင် တံခါးတစ်ချပ်ကို တွေ့ရပြန်ရာ ကပ္ပတိန်ဟားဒ်ိန်းက တံခါးကို တွန်း၍ ဖွင့်လိုက်၏။

အခန်းကြီးမှာ အဖိုးတန် ပစ္စည်းများဖြင့် တန်ဆာ ဆင်ထားပြီးလျှင် စာကြည့်ခန်း တစ်ခုနှင့် ဆက်နေ၏။ အဆုံးတွင် ရှိသော ကပ္ပတိန်ဟားဒ်ိန်းက တစ်ဖန် တွန်းဖွင့်လိုက်ရာ ဧည့်ခန်းကြီးတစ်ခု တံခါးကို အတွင်းသို့ ရောက်လာကြလေသည်။ ထိုနေရာမှာ ပြတိုက် ခန်းတစ်ခုကဲ့သို့ ရွှေ၊ ငွေ၊ ရတနာ စသော အဖိုးတန် ပစ္စည်းများဖြင့် လည်းကောင်း၊ အနုပညာမြောက် ပန်းချီ၊ ပန်းပု လက်ရာများဖြင့် လည်းကောင်း ပြည့်နှက်လျက်ရှိသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိကြရလေသည်။

လှပဆန်းကျယ်သည့်ဆိုဖာကြီး တစ်ခုပေါ်တွင် လူတစ်ယောက် ထိုင်နေသည်ကိုတွေ့ရ၍ ထိုသူသည် ၎င်းတို့ ဝင်လာသည်ကို မသိသကဲ့သို့ ငြိမ်သက်စွာ ရှိနေ၏။ ကပ္ပတိန် ဟားဒ်ိန်းက အသံ ကိုမြှင့်လျက် . . .

"ကပ္ပတိန်နီးမိုး . . . ခင်ဗျား ခေါ်လို့ ကျွန်တော်တို့အားလုံး ရောက်နေကြပါပြီ"

ဟု ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ကပ္ပတိန်က ခေါ်လိုက်သောအသံကို ကြားရသဖြင့် ဆိုဖာပေါ်တွင် အေးချမ်းစွာ ထိုင်လျက်ရှိသော ပုဂ္ဂိုလ်ကြီးသည် ကိုယ်ကို ခပ်မတ်မတ် အနေအထားသို့ ပြင်လိုက်၏။ သူ၏ မျက်နှာမှာ တည်ကြည် ခန့်ငြားပြီးလျှင် ရှည်လျားသော ဆံပင်နှင့် မုတ်ဆိတ်တို့မှာလည်း ဖွေးဖွေးဖြူလျက် ရှိနေသည်တို့ လျှပ်စစ်မီးရောင်အောက်တွင် ထင်ရှားစွာ တွေ့မြင်ကြရလေသည်။

၎င်းပုဂ္ဂိုလ်ကြီးမှာ မကျန်းမာ၍ အင်အားနည်းနေဟန် တူသော်လည်း ဩဇာရှိလှသော အသံဖြင့် . . .

"ကျုပ်မှာ နာမည် မရှိပါဘူး"

ဟု အင်္ဂလိပ်ဘာသာဖြင့် ပြန်ပြောလိုက်ရာ ကပ္ပတိန် ဟားဒိန်းက

"ဒါပေမယ့် ကျွန်တော်က ခင်ဗျားကို သိပါတယ် . ."

ဟု ပြောလိုက်၏။

"ခုမှတော့ ကိစ္စမရှိပါဘူး . . . ကျုပ်လည်း သေခါနီးနေပါပြီ"

ဟားဒိန်းသည် ကပ္ပတိန်နီးမိုး အနီးသို့ ချဉ်းကပ် သွား၏။ စပိလက်သည် ကပ္ပတိန်နီးမိုး၏ လက်ကို စမ်းသပ်ကြည့်ရှုရာ ဖျားနေသဖြင့် အပူတက်နေကြောင်း တွေ့ရ၏။

ကပ္ပတိန်နီးမိုးက သူတို့အားလုံးအား ထိုင်ကြရန် အချက်ပြလိုက်၏။ ပုဂ္ဂိုလ်ကြီး၏ နာမည်ကို ကပ္ပတိန်ဟားဒိန်းက သိနှင့်ပြီး ဖြစ်သည်ကို သူ၏ လူများက အံ့ဩလျက် ရှိနေကြ၏။

နီးမိုးသည် နေရာကို အတန်ငယ် ပြင်၍ ထိုင်လိုက်ပြီးနောက်

"ကျုပ် အရင်တုန်းက နာမည်ကို ခင်ဗျားက သိနေတယ်"

"ဟုတ်ပါတယ် အံ့ဩစရာ ကောင်းတဲ့ ရေငုပ်သင်္ဘောကြီးရဲ့ နာမည်ကိုလည်း သိပါတယ်"

"နော့တီလပ်(စ)ကို ပြောတာလား"

"နော့တီလပ်(စ်)ကို ပြောတာပါ"

"ဘယ်သူကများ ကျုပ်ရဲ့ လျှို့ဝှက်ချက်တွေ လိုက်ပြောနေတာလဲ မသိဘူး"

"ခင်ဗျားနဲ့ မပတ်သက်တဲ့ လူ တစ်ယောက်ပဲ"

"သြော် . . . အခုမှ သတိရတယ်၊ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်လောက်တုန်းက ကျုပ်ကယ်ဆယ်လိုက်တဲ့ ပြင်သစ်လူမျိုး တစ်ယောက်ပဲ ဖြစ်မှာပါ"





"ဟုတ်ပါတယ်၊ သူဟာ ကပ္ပတိန်နီးမိုး လက်က လွတ်လာပြီး (အဏ္ဏဝါ ရေအောက်ခန်းခရီး) (Twenty Thousand Leagwe Under the Sea ) ဆိုတဲ့ စာအုပ်တစ်အုပ် ရေးလိုက်တော့ ခင်ဗျားအကြောင်းတွေကို သိကုန်ကြတာပေါ့"

"ဒါပေမယ့် ကျုပ်ကို သူပုန်ကြီး တစ်ယောက် အနေနဲ့ သိကြမှာပါ"

"ကျွန်တော်က ကပ္ပတိန် နီးမိုးကို ဆုံးဖြတ်ချက် မချနိုင်ပါဘူး၊ ဒီကျွန်းကြီးပေါ် ရောက်တဲ့ အချိန်ကစပြီး ကျွန်တော်တို့ကို အမြဲကူညီတဲ့ ပုဂ္ဂိုလ်ကြီးကို အားလုံးကပဲ ကျေးဇူးတင်နေပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ ကပ္ပတိန်နီးမိုးပဲ မဟုတ်လား"

"ဟုတ်ပါတယ် ကျုပ်ပါပဲ"

ဤသို့ ကပ္ပတိန်နီးမိုးက ပြောလိုက်သောအခါ သူတို့ အားလုံးပင် မတ်တတ်ရပ်၍ အလေးပြုလိုက်ကြ၏။ ထို့နောက် ကျေးဇူးတင် စကားပြောမည်ပြုသောအခါ ကပ္ပတိန်နီးမိုးက ခေတ္တဆိုင်းငံ့ရန် အချက်ပေးလိုက်ပြီးနောက်

"နေကြဦး . . . နေကြဦး . . . အားလုံး သိပြီးတဲ့ အချိန်ထိပေါ့"

ဟုပြောလိုက်ပြီးလျှင် သူ၏ဘတ်လမ်း အကျဉ်းချုပ်ကို တိုတိုနှင့် အဓိပ္ပာယ်ပေါ်အောင် အောက်ပါအတိုင်း ပြောပြလေသည်။

*

ကပ္ပတိန်နီးမိုးသည် အိန္ဒိယ လူမျိုးတစ်ယောက် ဖြစ်ပြီး လွတ်လပ်သော ဘန်ဒဲခန်းပြည်နယ်မှ မဟာရာဂျာ၏သား ဒက္ကားမင်းသား တစ်ပါးဖြစ်၏။ အသက် ၁၀ နှစ် အရွယ်တွင် သူ့အား ဖခင်ဖြစ်သူက ဥရောပတိုက်သို့ ပညာသင်ရန် စေလွှတ်ခဲ့၏။

"အသက် ၁၀ နှစ်မှ အသက် ၃၀ အထိ ဒက္ကားမင်းသားသည် သိပ္ပံစာပေ ကျမ်းဂန်နှင့် အနုပညာများကို တစ်ဘက်ကမ်းခတ်အောင် စူးစမ်းရှာဖွေ လေ့လာခဲ့ပြီးနောက် ဥရောပတိုက် တစ်ခုလုံးသို့ အနှံ့အပြား သွားရောက်ခဲ့လေသည်။ သူသည် ပညာရှိ တစ်ယောက်အဖြစ် မိမိ၏ လွတ်လပ်သော တိုင်းပြည်ကို အုပ်ချုပ်မည်ဟု ရည်ရွယ်ထားသော သူလည်းဖြစ်၏။

၁၈၄၉ ခုနှစ်တွင် ဒက္ကားမင်းသားသည် ဘန်ဒဲခန်းပြည်သို့ ပြန်သွားပြီးနောက် မှူးမတ်မျိုးနွယ်တစ်ဦး၏ သမီးနှင့် လက်ထပ်လိုက်၏။ ၎င်းဒက္ကားမင်းသားကဲ့သို့ ခေတ်ပညာမတတ်သော အခြားပြည်နယ်များမှ မင်းသားများသည် သူတို့အား အုပ်ချုပ်နေသည့် အင်္ဂလိပ် အစိုးရအား တော်လှန်ပုန်ကန်ရန် နှိုးဆော်ကြပြီးလျှင် ၁၈၅၇ ခုနှစ် 'ဆီးပွိုင်'ပုန်ကန်မှုကြီး ပေါ်ပေါက်လာတော့၏။ ဒက္ကားမင်းသားသည် ဦးဆောင်၍ ရန်သူအင်္ဂလိပ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ရွတ်ချွံချွံ တိုက်ခိုက်သော်လည်း အယူသန်ပြီး ပညာနည်းသော အခြား မင်းသားများ၏ အားနည်းမှုကြောင့် ပုန်ကန်မှုကြီးမှာ မအောင်မြင်ဘဲ အင်္ဂလိပ် အစိုးရလက်အောက်တွင် ကျဆုံးရတော့၏။ ဒက္ကားမင်းသားမှာ နာမည်ကြီး သူပုန်ခေါင်းဆောင် တစ်ဦးဖြစ်သည့် အားလျော်စွာ ၎င်းအား ဖမ်းဆီးရမိပါက ဆုတော်ငွေ မြောက်များစွာပေးမည်ဟု အမိန့်ထုတ်ပြန်သဖြင့် ၎င်းမင်းသား သည် ရန်သူတို့လက်မှ ကိုယ့်လွတ်ရုန်း၍ ထွက်ပြေးခဲ့ရ၏။ ဤသို့ဖြင့် မဟာ ရာဇာများ၏ ပြည်နယ်များသည် အင်္ဂလိပ်အစိုးရ အုပ်ချုပ်မှု လက်အောက်သို့ ရောက်ရှိသွားတော့၏။

ဒက္ကားမင်းသားသည် မိမိ၏ရည်ရွယ်ချက် မအောင်မြင်ကြောင်း တွေ့ရသဖြင့် အလွန်ယုံကြည် စိတ်ချရသော တပည့်အချို့နှင့် အတူ ဘန်ဒဲခန်း ပြည်မှ ထွက်ခွာပြီးနောက် လျှို့ဝှက်စွာ နေထိုင်ခဲ့လေသည်။

ပစ္စဖိတ် သမုဒ္ဒရာအတွင်း လူသူ အရောက်အပေါက် နည်းသော ကျွန်းတစ်ကျွန်း၌ ဆိပ်ကမ်းတစ်ခု ပြုလုပ်၍ ရေအောက်သို့ သွားလာနိုင်သော ရေငုပ်သင်္ဘောတစ်စင်း ဆောက်လုပ်ကြရာတွင် မကုန်ခမ်းနိုင်သော လောင်စာမှ လျှပ်စစ်ဓာတ် (အင်အား)ကို ထုတ်ယူပြီးလျှင် သင်္ဘောသွားလာ လှုပ်ရှားမှု၌ အသုံးချလေသည်။ ထိုလောင်စာကို တစ်နေ့တွင် လူများ သိရှိကြပေလိမ့်မည်။

ပင်လယ်အောက်မှ အဖိုးတန် ရတနာများနှင့် ငါး အစရှိသော ရိက္ခာ များကို လိုသလောက်ရနိုင်သဖြင့် လူသားတို့လောကနှင့် အဆက်အသွယ် မလုပ်ရန် ဆုံးဖြတ်လိုက်၏။ ဒက္ကားမင်းသားသည် သူ၏ရေငုပ်သင်္ဘောကို 'နော်တီလပ်(စ)'ဟု အမည်ပေးပြီးလျှင် သူ၏ကိုယ်ကိုလည်း ကပ္ပတိန်နီးမိုးဟု အမည်ပြောင်းလိုက်၏။

ထိုရေငုပ်သင်္ဘောဖြင့် ပင်လယ်သမုဒ္ဒရာများကို ဖြတ်၍ ကမ္ဘာ့ ဝင်ရိုးစွန်းတစ်ခုမှ အခြားဝင်ရိုးစွန်း တစ်ခုသို့တိုင်အောင် ရေအောက်မှ သွားလာ လျက်ရှိ၏။ လိုသည့်အခါမှ ရေပေါ်သို့ တက်ရောက်ခဲ့၏။

၁၈၆၆ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့ညတွင် 'နော့တီလပ်(စ)' ရေငုပ် သင်္ဘောနှင့် အမေရိကန်စစ်သင်္ဘော 'အဘရာဟင် လင်ကွန်း'တို့သည် မတော် တဆ တိုက်မိကြသဖြင့် အမေရိကန် စစ်သင်္ဘောပေါ်မှ ပြင်သစ် ပါမောက္ခ တစ်ယောက်၊ သူ၏ တပည့်တစ်ဦးနှင့် ကနေဒါပြည်သား တံငါသည်တစ်ဦး၊ ပေါင်း ၃ ဦးတို့သည် နော့တီလပ်(စ) ရေငုပ်သင်္ဘောပေါ်သို့ လွင့်စင်ကျသွား ကြသဖြင့် ကပ္ပတိန်နီးမိုးက ၎င်းတို့အား ကယ်ဆယ်ခဲ့၏။

နော့တီလပ်(စ) ရေငုပ်သင်္ဘောကို ဝေလငါးကြီး တစ်ကောင်ဟု အများက ယုံကြည်နေကြကြောင်းဖြင့် ထိုပါမောက္ခထံမှ သိတင်း ရရှိလေသည်။





ကပ္ပတိန်နီးမိုးက အဆိုပါ လူသုံးယောက်အား အကျဉ်းသားအဖြစ် ရေငုပ် သင်္ဘောတွင် ၇ လတိတိ ထားခဲ့ရာ၊ ခရီးစဉ် မိုင်ပေါင်း ခြောက်သောင်း၏ အတွေ့အကြုံကို ရရှိသွားကြ၏။ ၁၈၆၇ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် နော့တီ လပ်(စ) သင်္ဘော၏ အသက်ကယ်လှေဖြင့် ထိုသုံးဦးသည် ထွက်ပြေး လွတ် မြောက် သွားကြပြီးနောက် နော့တီလပ်(စ) ရေငုပ်သင်္ဘော အကြောင်းကို ပါမောက္ခက ရေးသားလိုက်သဖြင့် လူအများ သိရှိသွားကြလေသည်။

ကပ္ပတိန်နီးမိုး၏ အဖော်သင်္ဘောသားများသည် အချိန်ကြာမြင့်လာ သည်နှင့်အမျှ တစ်ယောက်ပြီး တစ်ယောက် သေဆုံးသွားကြရာ၊ နောက်ဆုံး တွင် သူတစ်ဦးတည်းသာ ကျန်ရစ်ခဲ့သဖြင့် လင်ကွန်းကျွန်းကြီး၏ လိုဏ်ဂူ အတွင်းရှိ သင်္ဘောကျင်းသို့ ရေငုပ်သင်္ဘောကို တစ်ယောက်တည်း မောင်းနှင် ခဲ့လေသည်။ ယခု အသက် ၆၀ ပြည့်ခဲ့ပြီ ဖြစ်၍ ပင်လယ်ပြင်သို့ မထွက်တော့ ဘဲ သင်္ဘောကျင်း၌ ၆ နှစ်တိုင် နေခဲ့၏။

သူသည် ရေငုပ်အဝတ်အစားများ ဝတ်၍ ကျွန်း၏ ပတ်ဝန်းကျင်၌ လှည့်လည် သွားလာနေစဉ် တစ်နေ့၌ ကပ္ပတိန်ဟားဒိန်းတို့ အဖွဲ့သည် မီးပုံး ပျံကြီးနှင့် ကျွန်းပေါ်သို့ ကျရောက်လာသည်ကို တွေ့ရသဖြင့် သူက တတ်နိုင် သမျှ ကူညီခဲ့၏။

ကျွန်းပေါ်သို့ ရောက်လာကြသူများသည် လူရိုး လူကောင်းများဖြစ် ကြောင်း တွေ့ရသဖြင့် ဤကဲ့သို့ ကူညီခဲ့ခြင်းလည်း ဖြစ်၏။

ကပ္ပတိန်နီးမိုးသည် မကျန်းမာတော့ဘဲ သေဆုံးရမည့်အချိန် နီး ကပ်လာသောအခါ ကပ္ပတိန်ဟားဒိန်းတို့အဖွဲ့ကို ကြေးနန်းဖြင့် သူ့ ထံသို့ လာရန် ခေါ်လိုက်၏။ သူ၏အကြောင်းများကို ကပ္ပတိန်ဟားဒိန်းက သိနေ ကြောင်း သူမသိသဖြင့်သာ ဤသို့ ခေါ်လိုက်ခြင်း ဖြစ်၏။ စကားဆုံးသွား သောအခါ ကပ္ပတိန်နီးမိုးက . . .

"ကိုင်း . . ခင်ဗျားတို့လည်း ကျုပ်အကြောင်း အားလုံး သိကြပြီ၊ ဘယ်လို ဆုံးဖြတ်ချက် ချမလဲဆိုတာ သိချင်ပါတယ်၊ ကျုပ် လုပ်တာ မှား သလား၊ မှန်သလား"

ထိုအခါ ကပ္ပတိန်ဟားဒိန်းက . . .

"ဘုရားသခင်က ကပ္ပတိန်နီးမိုးကို ဆုံးဖြတ်ချက် ပေးနိုင်ပါတယ်၊ ကျွန်တော်တို့ကို ခင်ဗျားက အများဆုံး အကူအညီပေးခဲ့တဲ့ ခင်ဗျားလို ပုဂ္ဂိုလ် တစ်ယောက် ဆုံးရှုံးမှုကိုတော့ အမြဲလွမ်းဆွတ် တမ်းတ နေကြမှာပါ"

ဟု ပြောလိုက်၏။

ဟာဗတ်က ရှေ့သို့ တိုးသွားပြီးနောက် ဒူးထောက်လိုက်ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com

ကပ္ပတိန်နီးမိုး၏ လက်ကို ဆွဲ၍ နမ်းရှုံ့လိုက်သဖြင့် ကပ္ပတိန်နီးမိုး၏ မျက်လုံးများမှ မျက်ရည်များ စီးကျလာပြီးလျှင် . . .

"ငါ့သားကို ဘုရားသခင် စောင့်ရှောက်ပါစေ"

ဟု ဆုတောင်း လိုက်လေသည်။

## ကပ္ပတိန်နီးမိုး၏ နောက်ဆုံး အချိန်

ကပ္ပတိန်နီးမိုးသည် အလွန် အင်အား နည်းပါးလာသဖြင့် သူ၏ကိုယ်ကို နောက်သို့ မှီလိုက်ပြီးလျှင် အနားယူလျက် ရှိနေ၏။ သူသည် နော့တီလပ်(စ်) သင်္ဘောပေါ်၌ပင် သေလိုကြောင်း ပြောဆိုပြီး ဖြစ်သဖြင့် သူ့အား အခြားနေရာသို့ ပြောင်းရွှေ့ရန် မဖြစ်တော့ဘဲ သေဆုံးမည့် အချိန်ကိုသာ စောင့်မျှော်ရန် ရှိတော့၏။

ပင်ကရော့နှင့် စပီလက်တို့က ကပ္ပတိန်နီးမိုးအား သူ၏ ရေငုပ်သင်္ဘောပေါ်မှ အခြားသင့်လျော်မည့် နေရာသို့ ပြောင်းရွှေ့လိုက်လျှင် ရောဂါသက်သာနိုင်မည်ဟု ဆွေးနွေးနေကြသဖြင့် ကပ္ပတိန်ဟားဒိန်းက ဝင်ရောက်၍

"တခြားနေရာကို ရွှေ့ပြောင်းဖို့အတွက် ကပ္ပတိန်နီးမိုးက သဘောတူမှာ မဟုတ်ဘူး၊ ဒီသင်္ဘောမှာ သို့နေခဲ့တာ ကြာပြီ မဟုတ်လား၊ အဲဒီတော့ ဒီနော့တီလပ်(စ) သင်္ဘောပေါ်မှာပဲ သေချင်ရှာမှာပေါ့"

ဟု ပြောလိုက်၏။ သူ ပြောသည်ကို ကပ္ပတိန်နီးမိုး ကြားသွားသဖြင့်

"ခင်ဗျား ပြောတာ မှန်တယ်၊ ကျုပ် ဒီသင်္ဘောမှာပဲ သေချင်တယ်၊ ဒီတော့ ခင်ဗျားတို့ကို တစ်ခု မေတ္တာရပ်ခံချင်တယ်"

ဟုပြောပြီး သင်္ဘောခန်းမကြီး အတွင်းရှိ ပစ္စည်းများကို တစ်ခုပြီး တစ်ခုကြည့်ကာ ရှေးဟောင်း နှောင်းဖြစ်များကို ပြန်လည် သတိရ သည့်ဟန်ဖြင့် ဧည့်ခန်းမျက်နှာစာ နံရံတွင် ရေးသားထားသည့် အောက်ပါဆောင်ပုဒ်ကို စိုက်၍ကြည့်နေ၏။

"လျှင်မြန်စွာ လှုပ်ရှားနိုင်အောင် အမြဲ အသင့် ရှိစေရမည်"

ကပ္ပတိန် ဟားဒိန်းသည် ကပ္ပတိန် နီးမိုး စကားပြောမည့် အချိန်ထိ စောင့်ဆိုင်းလျက် ရှိနေ၏။ သူသည် မကြာမီ သူတို့ဖက်သို့ လှည့်လိုက်ပြီးနောက် . . . "ကျုပ်ရဲ့ ကျေးဇူးတွေဟာ ခင်ဗျားတို့ အပေါ်မှာ အများကြီး ရှိတယ်လို့ ယူဆနေကြတယ် မဟုတ်လား"

"ခင်ဗျား အသက်ရှင်မယ့် ကိစ္စဆိုရင် ကျွန်တော်တို့က အသက်ပေးပြီး ကူညီပါ့မယ်"





"ကျုပ်ရဲ့ နောက်ဆုံးဆန္ဒကို လိုက်နာပါ့မယ်လို့ ကတိပေးရင် ခင်ဗျားတို့က ကျုပ်ကို ကျေးဇူးဆပ်တာနဲ့ အတူတူပဲ"

"ကျွန်တော်တို့ အားလုံး ကတိပေးပါတယ်"

ကပ္ပတိန်နီးမိုးသည် စိတ်သက်သာသွားသည့် အမူအရာဖြင့် . . .

"ကျုပ် နက်ဖြန် သေရတော့မယ်၊ နော့တီလပ်(စ) ရေငုပ်သင်္ဘောဟာ ဒီလိုဏ်ခေါင်းထဲမှာ ပိတ်မိနေတယ်၊ သင်္ဘောလမ်းကြောင်းမှာ ကျောက်တုံးတွေ ပိတ်နေလို့ အပြင်ကို ထွက်လို့ မရတော့ဘူး၊ ကျုပ်သေပြီးရင် ဒီသင်္ဘောပေါ်မှာရှိတဲ့ ရတနာတွေ အားလုံးကို ကျုပ်နဲ့အတူတူ မြှုပ်လိုက်ပါ။ ဒက္ကားမင်းသား တစ်ယောက်အနေနဲ့ ခင်ဗျားတို့ကို လက်ဆောင်တစ်ခု ပေးခဲ့မယ်၊ ဟိုတောင်က သေတ္တာတစ်လုံးကို တွေ့တယ် မဟုတ်လား၊ အဲဒီ သေတ္တာထဲမှာ သိန်းသန်းချီပြီး တန်ဖိုးရှိတဲ့ စိန်တွေရှိတယ်၊ အမှတ်တရ စုဆောင်းထားတဲ့ ပုလဲတွေလည်း ရှိတယ်။ အဲဒီရတနာတွေကို ခင်ဗျားတို့ အကျိုးရှိမယ့်ကိစ္စမှာ အသုံးချလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်၊ ဒီအခန်းထဲက ထွက်သွားရင် တံခါးကို လုံအောင် ပြန်ပိတ်ခဲ့ပါ။ ကုန်းပေါ်ရောက်ရင် ဝမ်းဗိုက်ထဲ ဝင်တဲ့ တံခါးကိုလည်း ပြန်ပိတ်ရမယ်၊ အဲဒီအခါမှာ နော့တီလပ်(စ်)ဟာ ရေလုံလေလုံ ဖြစ်သွားပြီ"

"ကပ္ပတိန်ပြောတဲ့အတိုင်း ကျွန်တော်တို့ လုပ်ပါ့မယ်"

"ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျားတို့ လှေပေါ် ပြန်ရောက်ကြရင် နော့တီလပ်(စ) သင်္ဘောရဲ့ ပွဲပိုင်းသွားပြီး ရေမျက်နှာပြင်နားက ဖော့ပိတ်ကြီး နှစ်ခုကို ဆွဲဖွင့်လိုက်ပါ၊ အဲဒီ အပေါက်အတိုင်း ရေတွေဝင်လာပြီး သင်္ဘောဟာ တဖြည်းဖြည်း မြုပ်သွားလိမ့်မယ်၊ ခင်ဗျားတို့ ကျုပ်ကို ကတိပေးပြီးပြီနော်"

"ဟုတ်ပါတယ် . . . ကတိပေးပြီးပါပြီ"

သို့ပြောဆိုပြီးနောက် ကပ္ပတိန်နီးမိုးသည် ၎င်းတို့အား အခြားအခန်းသို့သွားကြရန် အချက်ပြလိုက်သဖြင့် ကပ္ပတိန်ဟားဒိန်းတို့ လူစုမှာ အခန်းတွင်းမှ ထွက်ခဲ့ကြပြီးလျှင် သင်္ဘောစက်ခန်းသို့ သွားရောက် ကြည့်ရှုကြ၏။ ရေငုပ်သင်္ဘောကြီး နော့တီလပ်(စ)၏ ခမ်းနားကြီးကျယ်ပုံနှင့် ပတ်သက်၍ တစ်ယောက်တစ်မျိုး ဆွေးနွေးပြောဆိုကြရင်း ထမင်းစားခန်းတွင် စားသောက်ဖွယ်များကို စားသောက် ကြပြီးနောက် ဧည့်ခန်းသို့ ပြန်လာကြလေသည်။

ကပ္ပတိန်ဟားဒိန်းက ကပ္ပတိန်နီးမိုး၏ အနီးသို့ သွားရောက်ကာ လက်ဆွဲ နှုတ်ဆက်လိုက်ပြီးနောက် . . . "ဘာမှာစရာ ရှိသေးသလဲ ကပ္ပတိန်"

"ကျုပ်မှာ ဆွေမျိုးဆိုလို့ တစ်ယောက်မှ မရှိတော့ဘူး၊ ဒီမှာ မစ္စတာဟားဒိန်း . . . ခင်ဗျားနဲ့ နှစ်ယောက်တည်း ကျုပ်စကား ပြောချင်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ အခြားသူများသည် ညှော်ခန်း အပြင်ဘက်သို့ ထွက်သွားကြလေသည်။ ကပ္ပတိန်ဟားဒိန်းသည် ကပ္ပတိန်နီးမိုးနှင့် စကား ပြောဆိုလျက်ရှိရာမှ သူ၏ လူများကို ခေါ်လိုက်သော်လည်း သူတို့ နှစ်ယောက်ချင်း ပြောစကားများကိုမူ တစ်စုံတစ်ရာ ပြန်၍ မပြောချေ။

ကပ္ပတိန်နီးမိုးက နောက်ထပ် ပြောသော စကားများမှာ ကွဲကွဲပြားပြား မရှိတော့သဖြင့် မည်သည့် အကြောင်းများကို ပြောနေကြောင်း သူတို့နားမလည်တော့ဘဲ သူ၏လက်ကို ကိုင်ကြည့်သောအခါ လက်များမှာ အေးစက်နေသဖြင့် သွေးများဆုတ်နေကြောင်း သိလိုက်ကြရ၏။

နောက်တစ်နေ့ နံနက်တစ်နာရီ အချိန်တွင် . . .

"တိုင်းပြည် အတွက်ပါပဲ . . . ဘုရားသခင် . . ."

ဟု ကပ္ပတိန်နီးမိုးသည် နောက်ဆုံး အားယူ၍ ပြောလိုက်ပြီးနောက် ငြိမ်သက်စွာ အသက်ထွက်သွားရှာ လေတော့၏။

ကပ္ပတိန်ဟားဒိန်းသည် သူ၏လက်ကို ကပ္ပတိန်နီးမိုး၏ နဖူးပေါ်သို့ တင်လိုက်ပြီးနောက် "သင်၏ ဝိညာဉ်သည် ဘုရားသခင်ထံတွင် တည်ရှိပါစေ" ဟု ဆုမွန်ကောင်း တောင်းလိုက်ရာ အားလုံးက ငြိမ်သက်စွာ ဆုတောင်းလိုက်ကြ၏။

တစ်ခဏ ကြာသောအခါ သူတို့အားလုံးသည် ကပ္ပတိန်နီးမိုး မှာကြားခဲ့သည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြ၏။ ညှော်ခန်း တံခါးကို လုံအောင်ပိတ်ခဲ့ပြီးလျှင် သင်္ဘောကုန်းပတ်ပေါ်သို့ တက်ခဲ့ကြပြီးနောက် ဝင်ပေါက်တံခါးကြီးကိုလည်း ပြန်ပိတ်လိုက်ပြန်၏။

ထို့နောက် သူတို့ လှေကလေးပေါ်သို့ ပြန်တက်ပြီးလျှင် ရေငုပ်သင်္ဘောကြီး၏ပဲ့ပိုင်းသို့ သွားရောက်ကာ ကပ္ပတိန်နီးမိုး ပြောခဲ့သည့်အတိုင်း ဖော့ဆို့ကြီးနှစ်ခုကို လှည့်၍ ဖွင့်ထုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ပတ်ဝန်းကျင်မှ ရေများသည် ရေငုတ်သင်္ဘောအတွင်းသို့ ဒလဟော စီးဝင်လျက် ရှိနေတော့၏။ ဤသို့ဖြင့် မကြာမီ ရေလျှောင် ကန်ပြည့်သွားသည်နှင့် တစ်ပြိုင်နက် 'နော့တီလပ်(စ)' ရေငုပ် သင်္ဘောကြီးသည် တဖြည်းဖြည်း နစ်မြုပ်လျက် ရှိနေတော့၏။ သို့သော် သင်္ဘော၏ မီးရောင်များကို ကြည်လင်သော ပင်လယ်ရေအတွင်း၌ပင် တွေ့မြင်နေရသေး၏။ သို့ရှိရာမှ မီးရောင်များသည် တဖြည်းဖြည်း ကွယ်ပျောက် သွားလေတော့သတည်း။

## လင်ကွန်းကျွန်းသို့ ရောက်နေသူများ၏ ပြန်လည်သုံးသပ်ချက်

နောက်တစ်နေ့ နံနက်တွင် ကပ္ပတိန်ဟားဒိန်းနှင့် အဖွဲ့သားများသည် လိုဏ်ဂူ၏ အဝသို့ ပြန်လည် ရောက်ရှိ လာကြလေသည်။ ကပ္ပတိန်နီးမိုးအား သတိရသည့် အထိမ်းအမှတ်ဖြင့် ထိုလိုဏ်ဂူအား 'ဒက္ကာ'လိုဏ်ဂူဟု အမည်ပေးလိုက်ကြ၏။

ပင်ကရော့နှင့်အိုက်တွန်တို့က သူတို့စီးလာသော လှေကလေးကို တမ်းပေါ်သို့ ဆွဲတင်ကြပြီးနောက် ခိုင်မြဲစွာ ကြိုးချည်ထားခဲ့ကြ၏။ သူတို့အားလုံးသည် ထိုနေရာမှ မွေးမြူရေးခြံသို့ ပြန်လာခဲ့ကြပြီးလျှင် ကပ္ပတိန်နီးမိုး တပ်ဆင်ခဲ့သည့် ကြေးနန်းကြိုးကို နောင်လိုသည့်အခါ သုံးနိုင်ရန် ယခင်က အတိုင်း ထားခဲ့၏။ အောက်တိုဘာလ ၁၅ ရက်နေ့ ည၌ 'နော့တီလပ်(စ)' သင်္ဘောပေါ်တွင် ဖြစ်ပျက်ခဲ့သည့် အတွေ့အကြုံများကို သူတို့အားလုံး မမေ့နိုင်အောင် ရှိနေကြတော့၏။ သူတို့အားလုံး အမြဲတစေ စောင့်ရှောက်ခဲ့သည့် 'ကပ္ပတိန်နီးမိုး'သည် မရှိတော့ပြီ။

ထိုနေ့နံနက် ၉ နာရီအချိန်တွင် 'ဂရင်းနိုက်'အိမ်ကြီးသို့ သူတို့အားလုံး ပြန်လည်ရောက်ရှိလာကြ၏။ ထိုနေ့မှစ၍ ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများသည် သင်္ဘော ဆောက်လုပ်ခြင်း လုပ်ငန်းကို အမြန်ဆုံးပြီးရန် ယခင်ကထက် ကြိုးစားလျက် ရှိကြလေသည်။ သင်္ဘော ဆောက်လုပ် ပြီးစီးသွားသောအခါ တဘိုးကျွန်းသို့ သွားရန် အားခဲထားကြ၏။

၁၈၆၈ ခုနှစ် ကုန်ဆုံးမည့် အချိန်လောက်တွင် သူတို့အားလုံးမှာ သင်္ဘောဆောက်လုပ်ရေး လုပ်ငန်းနှင့်ပင် မအားနိုင်အောင် ဖြစ်နေကြတော့၏။

ဇန်နဝါရီ ၃ ရက်နေ့၌ ဟာဗတ်သည် မြင်းများကိုယူရန် ပရော်စပက်တောင်ကုန်းပေါ်သို့ တက်သွားရာ ဖရင်ကလင် တောင်ထိပ်မှ မီးခိုးလုံးကြီးများ အလိပ်လိုက် ထွက်နေသည်ကို တွေ့ရသဖြင့် ကပ္ပတိန်ဟားဒိန်းအား သွားရောက် သတင်းပို့လေသည်။ လေငြိမ်နေသဖြင့် မီးလုံးများမှာ တောင်ထိပ်တွင် မှိုပွင့်ကြီးသဏ္ဌာန် ဖြစ်၍ နေလေသည်။

ကပ္ပတိန်ဟားဒိန်းက ဖရင်ကလင် မီးတောင်ကြီးသည် မကြာမီ ပေါက်ကွဲတော့မည် ဖြစ်ကြောင်း သူ၏ အဖော်များကို မကွယ်မဝှက် ပြောပြလိုက်၏။ ရှေးယခင် ထိုမီးတောင်ကြီး ပေါက်ကွဲခဲ့စဉ်က ချော်ရည်ချော်မှုပ်များသည် တောင်ကြီး၏ မြောက်ဘက်သို့ စီးဆင်းကြောင်း သိရှိခဲ့သဖြင့် သူတို့ယခု နေထိုင်သည့်နေရာတွင် အန္တရာယ် မဖြစ်နိုင်ဟု ခန့်မှန်းရသော်ပြည်း



www.burmeseclassic.com

www.burmeseclassic.com



မီးတောင် မပေါက်ကွဲလျှင် ပို၍ကောင်းကြောင်းဖြင့် သူ၏လူများကို အားပေးစကား ပြောလိုက်၏။

အိုက်တွန်က ကျွန်းကြီး၏ တောင်ဘက်မှ ညည်းတွားသံကဲ့သို့ အသံကြီး ကြားရ၍ စိတ်မကောင်းကြောင်း ပြောပြ၏။

ထို့နောက် သူတို့အားလုံးသည် သင်္ဘောကို အမြန်ဆုံးပြီးအောင် ဆောက်လုပ်ကြမည်ဟု တိုင်ပင်ကြပြီးလျှင် လုပ်ငန်းကို စကြ ပြန်လေသည်။ ထိုနေ့ညတွင် မီးတောင် ထိပ်ဝမှ မီးတောက်များပင် ပထမဆုံးအကြိမ် စတင်တွေ့မြင်ကြရလေရာ ကပ္ပတိန်ဟားဒိန်းကလည်း မြေကြီးများ တုန်လှုပ်နေသည်ကို သတိပြုမိ၏။ မြေငလျင် လှုပ်၍ မီးတောင် ပေါက်ကွဲခြင်းမှာ သဘာဝအတိုင်းသာ ဖြစ်၍ စိုးရိမ်ရန် မရှိသော်လည်း အခြားအကြောင်းများ ဖြစ်ပေါ်လာမည်ကိုသာ သူ စိုးရိမ်မိလေသည်။

ဇန်နဝါရီ ၇ ရက်နေ့တွင် မွေးမြူရေးခြံသို့ အိုက်တွန် သွားသောအခါ ကပ္ပတိန်ဟားဒိန်းက သူလည်း ၎င်းနှင့်အတူ လိုက်ရန် စီစဉ်ထားလေသည်။ သူတို့နှစ်ယောက် မရှိလျှင် သင်္ဘောဆောက်လုပ်ရေး၌ လူအင်အား လျော့နည်းသွားမည်ဖြစ်ကြောင်း ပင်ကရော့က ပြောသောအခါ. . .

"တို့မနက် ပြန်လာမှာပါ၊ မီးတောင် အခြေအနေကိုလည်း သိချင်လို့"

"ဒီ မီးတောင် ပေါက်တာကိုပဲ ပြောနေတယ်၊ ကျုပ်တော့သိပ် ဂရုစိုက် မနေနိုင်ဘူး"

ဟု ပင်ကရော့က မကျေနပ်သည့် အမူအရာဖြင့် ပြန်ပြောလိုက်၏။

နောက်တစ်နေ့ နံနက် စောစောပိုင်းတွင် ကပ္ပတိန်ဟားဒိန်းသည် အိုက်တွန် နှင့်အတူ မြင်းလှည်းကလေးဖြင့် မွေးမြူရေးခြံသို့ ထွက်ခဲ့ကြ၏။ ခြံထဲသို့ရောက်၍ မကြာမီပင် မီးသွေးမှုန့်ကဲ့သို့ မည်းနက်သော အမှုန့်ကလေးများသည် လေနှင့်အတူ ပါလာပြီးနောက် နေရာအနှံ့အပြားတွင် မည်းနက်နေသဖြင့် ကပ္ပတိန်ဟားဒိန်းက . . .

"အခြေအနေ မကောင်းဘူး၊ အခုကတည်းမှာ လုပ်စရာ ရှိတာ လုပ်ပြီးရင် ဒက္ကာလိုဏ်ဂူကို သွားကြည့်ရအောင်"

ဟု ပြောလိုက်၏။ မွေးမြူရေးခြံအတွင်းရှိ တိရစ္ဆာန်များသည်လည်း ဘေးအန္တရာယ် တစ်ခုခု ကျရောက်တော့မည်ကို သိသကဲ့သို့ တလှုပ်လှုပ် တရှုရှု ဖြစ်နေသည်ကို တွေ့ရ၏။

အိုက်တွန်အား မှန်အိမ်တစ်လုံး ယူခဲ့ရန် ပြောပြီးနောက် ကပ္ပတိန်ဟားဒိန်းသည် လိုဏ်ဂူဘက်သို့ ထွက်သွားလေသည်။ လိုဏ်ဂူဝတွင် လှေကလေးကို သူတို့ထားခဲ့သည့်အတိုင်း တွေ့ရသဖြင့် ထိုလှေကလေးဖြင့် ဂူတွင်း





သို့ဝင်ခဲ့ကြ၏။ လိုဏ်ဂူကြီးမှာ 'နော့တီလပ်(စ်)' သင်္ဘောမှ လျှပ်စစ်မီး မရှိတော့သဖြင့် မှန်အိမ်ကလေး၏ အလင်းရောင်ကိုသာ အားပြုပြီးလျှင် ဖြည်းဖြည်းချင်း လှေကလေးကို လှော်ခဲ့ကြ၏။ ယခင်က ရေငုတ်သင်္ဘောကြီး ရှိသည့် ခန်းမကြီးမှာ ငြိမ်သက်လျက် ရှိနေပြီးလျှင် မီးတောင်အတွင်းမှ ညည်းတွားသံကဲ့သို့ အသံကြီးကို ပီသစွာ ကြားလိုက်ရ၏။ ထို့နောက် ချက်ချင်းလိုပင် စူးရှသော 'ကန့်' အနံ့များ ထွက်ပေါ်လာသဖြင့် ကပ္ပတိန်နီးမိုး တွေးထင်သကဲ့သို့ မှန်ကန်ကြောင်း ကပ္ပတိန်ဟားဒိန်းက အိုက်တွန်အား ပြောပြလိုက်လေသည်။

ထို့နောက် သူတို့သည် လိုဏ်ဂူကြီး၏ အဆုံးသို့ ရောက်သည်အထိ သွားကြပြီးလျှင် ဂူ၏ နံရံကြီးကို မှန်အိမ်၏ အလင်းရောင်ဖြင့် စစ်ဆေးကြည့်ရှုကြ၏။ ထိုနံရံမှာ မီးတောင်အတွင်းမှ ကျောက်ကြီးနှင့် ၁၀ ပေမှ ပေ ၁၀၀ ခန့်သာ ကွာလိမ့်မည်ဟု ခန့်မှန်းရလေသည်။ နံရံကြီး၏ တစ်နေရာ၌ အက်ကြောင်းတစ်ခု ဖြစ်နေပြီးလျှင် ထိုနေရာမှ ကန့်အခိုးအငွေ့များ တစိမ့်စိမ့် ထွက်နေသည်ကို တွေ့ရ၏။ ထိုအက်ကြောင်းများမှာ ရေမျက်နှာပြင်မှ နှစ်ပေ သုံးပေခန့် အမြင့်တွင် ဖြစ်ပေါ်နေသည်ကိုလည်း တွေ့ရ၏။

"ကပ္ပတိန်နီးမိုး ပြောတာ မှန်တယ်၊ တကယ်တော့ အန္တရာယ်က ဒီနေရာမှာ ရှိတာ"

ဟု ကပ္ပတိန်ဟားဒိန်းက မိမိကိုယ်ကို မိမိ ပြောသကဲ့သို့ တစ်ကိုယ်တည်း ညည်းတွားလိုက်၏။

အိုက်တွန်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ နားထောင်လျက်ရှိစဉ် ကပ္ပတိန်ဟားဒိန်းက အချက်ပေးလိုက်သဖြင့် လှေကလေးကို မိမိတို့လာခဲ့သည့် လမ်းအတိုင်း ပြန်၍ လှော်ခတ်ခဲ့ကြ၏။ ထို့နောက် နာရီဝက်ခန့်ကြာသောအခါ 'ဒက္ကာ'လိုဏ်ဂူ၏ အဝသို့ ချောမောစွာ ရောက်ခဲ့ကြလေသည်။

## ကပ္ပတိန်ဟားဒိန်း၏ လှေလာမှု ရှင်းလင်းချက်

ဇန်နဝါရီလ ၈ ရက်နေ့တွင် ကပ္ပတိန်ဟားဒိန်းနှင့် အိုင်တွန် တို့သည် ဂရင်းနိုက် အိမ်ကြီးသို့ ပြန်လည် ရောက်ရှိခဲ့ကြ၏။ ထို့နောက် သူ၏လူများအား ချက်ချင်း ခေါ်ပြီးလျှင် 'လင်းကွန်းကျွန်းကြီး၌ ကျရောက်တော့မည့် အန္တရာယ်ကို ရှင်းပြလေသည်။

"ကျုပ်တို့ရဲ့ လင်းကွန်းကျွန်းကြီးဟာ ကမ္ဘာတည်သရွေ့ ရှိနေမယ့် ကျွန်းအမျိုးအစားထဲမှာ မပါဘူး"

စပိလက်က စိတ်အားထက်သန်စွာဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ နားလည်အောင် နည်းနည်း ရှင်းပြစေချင်ပါတယ်"

"ရှင်းပြပါ့မယ်၊ ပြီးတော့ ကျုပ်နဲ့ ကပ္ပတိန်နီးမိုးနဲ့ နှစ်ယောက်တည်း ဆွေးနွေးခဲ့တဲ့ အကြောင်းတွေကိုလည်း ပြောပြချင်တယ်၊ လင်ကွန်းကျွန်းကြီးက ပစိဖိတ်သမုဒ္ဒရာ ထဲမှာရှိတဲ့ တခြားကျွန်းတွေနဲ့ မတူဘူးတဲ့၊ ဒီမီးတောင်ကြောင့် မကြာခင်မှာပဲ ကျွန်းကြီးရဲ့ အောက်ခြေကစပြီး ပျက်စီးလာတော့မယ့်အကြောင်းကို ကပ္ပတိန်နီးမိုးက ပြောသွားတယ်"

ပင်ကရော့က မယုံသကဲ့သို့ ရှိနေ၍ . . .

"နားထောင်စမ်းပါဦး ပင်ကရော့၊ ကပ္ပတိန်နီးမိုး ပြောခဲ့တာတွေကို ကျုပ်မနေ့က အိုက်တွန်နဲ့ သွားကြည့်ပြီးပြီ၊ ဒက္ကားလိုဏ်ဂူက ကျွန်းအောက်ကို ဖြတ်ပြီး ဖလင်ကာရင်တောင်ကြီး အထိ ပေါက်တယ်။ မီးတောင်ရဲ့ ကတော့ကြီး နားရောက်တော့ ကျောက်ထရံကြီး ခြားနေတယ်။ အဲဒီ ကျောက်ထရံကြီးက သိပ်ထူတာ မဟုတ်ဘူး၊ တချို့နေရာမှာ ပက်ကြားအက်တွေထဲက ကန့်အငွေ့တွေ အနံ့ ထွက်နေပြီ၊ ဒီအငွေ့တွေက မီးတောင်ထဲက လာတဲ့အငွေ့တွေ"

ပင်ကရော့က . . .

"အဲဒီတော့ ဘာဖြစ်မှာလဲ"

"အဲဒီကျောက်ထရံကြီးမှာ ရှိတဲ့ ပက်ကြားအက်တွေဟာ မီးတောင်ထဲက တွန်းကန်အားကြောင့် တဖြည်းဖြည်းနဲ့ ပေါက်ကွဲသွားပြီး လိုဏ်ဂူထဲက ရေတွေဟာ မီးတောင်ထဲကို ဒလဟော စီးဝင်သွားမယ်"

ပင်ကရော့က ဝမ်းသာအားရဖြင့် . . .

"ဒီလိုဆိုရင် ကောင်းတာပေါ့၊ မီးတောင်ထဲကို ရေတွေ ဝင်ကုန်တော့ မီးငြိမ်းသွားမှာပေါ့"

"အဲဒီလို မဖြစ်ဘူးဗျာ၊ ရေတွေက ကျွန်းအောက်မှာရှိတဲ့ မီးတောင်ထဲက ပွက်ပွက်ဆူနေတဲ့ ချော်ရည်ထဲကို ရောက်သွားမယ် အပူရှိန်ကြောင့် ရေတွေဟာ ရေနွေးငွေ့အဖြစ် ချက်ချင်း ပြောင်းသွားပြီး အဲဒီ ရေနွေးငွေ့တွေဟာ ထွက်ပေါက်နှင့် မမျှအောင်ဖြစ်ပြီး ကျွန်းကြီးတစ်ကျွန်းလုံး ပေါက်ကွဲသွားနိုင်တယ်"

ဤကဲ့သို့ ကပ္ပတိန်ဟားဒိန်းက ပြောပြလိုက်သဖြင့် သူ၏ လူများမှာ အန္တရာယ် မည်မျှကြီးမားသည်ကို ကောင်းစွာ သဘောပေါက် နားလည်သွားကြတော့၏။

ဒက္ကာလိုဏ်ဂူမှ ကျောက်ထရံကြီး ခိုင်မာနေသမျှ ကာလပတ်လုံး အန္တရာယ်မကျရောက်နိုင်သော်လည်း လနှင့်ချီ၍ ကြာမည် မဟုတ်တော့ဘဲ နာရီပိုင်းအတွင်း ပေါက်ကွဲမှု ဖြစ်နိုင်သည်ကိုလည်း သူတို့အားလုံး ရိပ်မိကြ၏။





သူတို့သည် နှစ်ရှည်လများ ကျွန်းကြီးပေါ်တွင် အဖက်ဖက်မှ တိုးတက်လာအောင် ပင်ပန်းခံ၍ ဆောင်ရွက်ခြင်းများကို ပြန်လည် သတိရလျက် ရှိနေကြ၏။

ပင်ကရော့မှာ အလွန် စိတ်ထိခိုက်သွားသဖြင့် ပါးပြင်ပေါ်မှ မျက်ရည်များ စီးကျလာတော့၏။ သူတို့အတွက် တစ်ခုတည်းသော လွတ်မြောက်ရေးမှာ သင်္ဘော အမြန်ဆုံး ဆောက်လုပ်ပြီးစီးရန် ဖြစ်၍ နေ့ရောညပါ ဆောက်လုပ်ရေး လုပ်ငန်းကို ဆောင်ရွက်ကြတော့၏။ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် သင်္ဘော ကုန်းပတ်မှာ ပျဉ်ခင်း၍ ထက်ဝက်ခန့် ပြီးသွားပြီ ဖြစ်၏။

ထိုညသို့ပင် မီးတောင်ကြီးမှာ ကျယ်လောင်သောအသံဖြင့် ပေါက်ကွဲ၍ သွားပြီးလျှင် တောင်၏ထိပ်ဖူးမှာ မရှိတော့ဘဲ ကျောက်တုံး ကျောက်ခဲများနှင့် ချော်ရည်များသာ ကောင်းကင်သို့ မြင့်မားစွာ လွင့်တက်သွားတော့၏။ မီးတောင်၏ ထိပ်ဖူးမှာ မူလကပင် မြောက်ဘက်သို့ ပွင့်နေသဖြင့် ချော်ရည်များသည် ကျွန်း၏ မြောက်ဘက်သို့ စီးဆင်းလျက် ရှိလေသည်။ သို့ရှိစဉ်မှာပင် အခြားတစ်နေရာမှ ချော်ရည်များ စီးဆင်းလာသည်ကို တွေ့ရသဖြင့် . . .

"ခြံကို သွားကြမှ ဖြစ်မယ်"

ဟု အိုက်တွန်က ဟစ်အော်၍ ပြောလိုက်၏။ ထို့နောက် လှည်းကလေးကို မြင်းတတ်ပြီးလျှင် မွေးမြူရေးခြံသို့ လှည်းဖြင့် အမြန် ထွက်ခဲ့ကြလေသည်။ မီးတောင်မှ ချော်ရည်များသည် ခြံစည်းရိုးနားပင် ရောက်နေပြီဖြစ်၍ အိုက်တွန်သည် ခြံတံခါးကို အမြန်ဖွင့်လိုက်ပြီးနောက် သူတို့အားလုံး အတွင်းသို့ ဝင်ကာ အထိတ်တလန့် တိရစ္ဆာန်များကို လွှတ်ပေးလိုက်ကြ၏။ ချော်ရည်များသည် ကျွန်း၏အရှေ့ဘက် တောတွင်းသို့ ဖြတ်၍ စီးဆင်းနေသည်ကို တွေ့ရသောကြောင့် မကြာမီ ဂရန့်ရေကန် အတွင်းသို့ ချော်ရည်များ ရောက်ရှိလာမည်ကို စိုးရိမ်သဖြင့် ရေကန်အနီး၌ သစ်တုံးများ၊ မြေစိုင်ခဲများဖြင့် တံတိုင်းသဖွယ် အဆောတလျင် ပြုလုပ်၍ ထားကြ၏။ ထိုတံတိုင်းကြီး ပြီးသည်နှင့် တစ်ချိန်တည်း လိုလိုပင် ထိုနေရာသို့ ချော်ရည်များ ရောက်ရှိလာပြီးလျှင် တစ်ခဏမျှ တံတိုင်းဘောင်တွင် တန့်၍ ခံနေ၏။ မကြာမီ နောက်ထပ် စီးလျက်ရှိသော ချော်ရည်များကြောင့် တံတိုင်းကို ကျော်လာကာ ရေကန်အတွင်းသို့ ရေတံခွန် တစ်ခုကဲ့သို့ စီးဆင်းလျက် ရှိလေသည်။ အပူအအေး ရုတ်တရက် တွေ့လိုက်သဖြင့် ရေကန် အတွင်းမှ ရေများမှာ ချက်ချင်း ရေခိုးရေငွေ့များ ဖြစ်သွားပြီးနောက် ကောင်းကင်သို့ ရေပန်းကြီးများသဖွယ် ထိုးထွက်လျက် ရှိနေတော့၏။ ရေများ ဆူပွက်နေသော အသံမှာ တစ်တောလုံး ဆူညံလျက် ရှိနေတော့၏။

ပရော့စပက်တောင်ကုန်းနှင့် ဂရင်းနိုက် အိမ်ကြီးအနီးသို့ ချော်ရည်



www.burmeseclassic.com

www.burmeseclassic.com



များ မရောက်လာသေးသဖြင့် သူတို့အတွက် နေထိုင်ရန် နေရာ ရှိသေးသည်။ အောက်မေ့ရသော်လည်း အကယ်၍ ငလျင်လှုပ်လျှင် ကျောက်တောင်ကြီး ပြိုကျလာနိုင်သဖြင့် ထိုအိမ်ကြီးအတွင်း၌ မနေ ကြတော့ဘဲ မာစီမြစ်ဝတွင် ရွက်ဖျင်တဲထိုး၍ နေကြရ၏။

သူတို့ဆောက်လုပ်နေသည့် သင်္ဘောကို ပျဉ်ခင်းရန်နှင့် တာလပတ်ရိုက်ပြီးနောက် ရေသို့ချရန် အမြန်လိုသောကြောင့် လုပ်ငန်းဟူသမျှကို အားသွန်၍ ဆောင်ရွက်ကြပြန်လေသည်။

အကယ်၍ မီးတောင်အတွင်းမှ ချော်ရည်များ နောက်ထပ် စီးလာမည်ဆိုပါက ဂရန့်ရေကန်မှာ ချော်ရည်များ ပြည့်သွားပြီးလျှင် ပရောစပက်တောင်ကုန်းကို ကျော်၍ ကမ်းဘက်သို့ စီးဆင်းလာနိုင်ဖွယ် အကြောင်းရှိလေသည်။ ချော်ရည်များသည် ကျွန်း၏ အနောက်ဘက် တောအတွင်းသို့ ဖြတ်၍ စီးဆင်းနေသဖြင့် ခြောက်သွေ့နေသော သစ်တောကြီးမှာ ချက်ချင်း မီးထ၍ တောက်ကာ မီးလောင်ပြင်ကြီး ဖြစ်သွားတော့၏။ ဤသို့လျှင် သာယာသော ကျွန်းကြီးအဖြစ်မှ မီးတောက်မီးလျှံများ အပြည့်ဖြစ်နေသော မြင်ကွင်းသို့ တစ်ခဏ အတွင်း၌ပင် ပြောင်းလဲသွားရာ သူတို့လူစုအားလုံးအတွက် ဝမ်းနည်းအား ငယ်စရာပင် ဖြစ်တော့၏။

ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျွန်းကြီးတစ်ခုလုံးမှာ မြေငလျင်လှုပ်သကဲ့သို့ ပြင်းထန်စွာ တုန်လှုပ်သွားရာ ကျွန်းကြီးတစ်ခုလုံး ပေါက်ကွဲသွားတော့မည်ဟု ထင်မှတ်ရပြီးလျှင် သူတို့အားလုံး စိုးရိမ်တကြီး ဖြစ်နေကြ၏။

မတ်လ ၃ ရက်နေ့သို့ ရောက်သောအခါ သင်္ဘောဆောက်လုပ်ရေး လုပ်ငန်း တိုးတက်မှု အခြေအနေမှာ နောက်ဆယ်ရက်အတွင်း ရေသို့ချနိုင်တော့မည့် အခြေအနေသို့ ရောက်ရှိလာပြီ ဖြစ်၍ သူတို့အားလုံးမှာ အလွန်ပင် ဝမ်းမြောက်နေကြတော့၏။

မီးတောင်ကြီးမှ နောက်ထပ် ထွက်လာသော ချော်ရည်များသည် ဂရန့်ရေကန် အတွင်းမှ ကျော်လွန်၍ ပရော်စပက်တောင်ကုန်း အနီးသို့ပင် ရောက်ရှိလာတော့၏။ ကျွန်းပေါ်ရှိ တောတိရစ္ဆာန်များမှာ သားရန်ကင်းရှင်းမည့် နေရာသို့ အလန့်တကြား ပြေးလွှားလျက် ရှိကြရာ ချော်ရည်ချော်မြုပ်များသည် ဂရင်းနိုက်တောင် ကမ်းပါးကြီးပေါ်မှ စီးကျလာပြီးလျှင် ကမ်းစပ်သို့ ရောက်ရှိလာတော့၏။ နောက်တစ်နေ့ မတ်လ ၉ ရက်နေ့ နံနက်တွင် သူတို့၏ သင်္ဘောကို ရေချရန်အတွက် ပင်ကရော့နှင့် အိုက်တွန်တို့က အရေးတကြီး ပြင်ဆင်လျက် ရှိကြ၏။

ထိုည၌ မီးတောင်ရှိသည့် နေရာမှ ပြင်းထန်သော ပေါက်ကွဲသံကြီး





တစ်သံ ကြားလိုက်ရပြီးလျှင် ရေခိုးရေငွေ့များသည် ပေပေါင်း သုံးထောင်ခန့် ကောင်းကင်သို့ ထိုးတက်သွားသည်ကို သူတို့အားလုံး တွေ့မြင်လိုက်ကြရသောကြောင့် ဒက္ကာလိုဏ်ဂူ၏ ကျောက်ထရံကြီးမှာ ပြိုကွဲသွားပြီ ဖြစ်ကြောင်း ခန့်မှန်းရတော့၏။ သူတို့အားလုံးပင် တုန်လှုပ်ချောက်ချားလျက် ရှိနေကြတော့၏။ မီးတောင်ထိပ်ဝမှာ ရေခိုးရေငွေ့များ ရုန်းကန်ထွက်ရန် မမှုမတ ဖြစ်နေသောကြောင့် ဤကဲ့သို့ ပြင်းထန်စွာ ပေါက်ကွဲသွားခြင်း ဖြစ်ဟန်တူပေသည်။ မီးတောင် အတွင်းမှ ထွက်လာသည့် ကျောက်တုံး ကျောက်ခဲများသည်လည်း ကျွန်း၏ ပတ်ဝန်းကျင်ရှိ နေရာအနှံ့အပြားတွင် ကျရောက်လျက် ရှိနေတော့၏။ မကြာမီပင် ပင်လယ်ပြင်မှ ရေလှိုင်းကြီးများသည် လင်ကွန်းကျွန်းကြီးပေါ်သို့ တဖြည်းဖြည်း လှိုက်၍ဝင်လာတော့၏။

## ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ကျောက်ဆောင်တစ်ခု

အလျားပေ ၃၀ အနံပေ ၂၀ ခန့် ရှိပြီးလျှင် ၁၀ ပေခန့် မြင့်သော ကျောက်ဆောင် တစ်ခုကိုသာ ရေများလွှမ်းမိုး၍ မသွားဘဲ ပစိဖိတ်သမုဒ္ဒရာ အတွင်းတွင် ထီးထီးကြီး တွေ့ရှိရ၏။

မီးတောင်ကြီး ပေါက်ကွဲ၍ အပြင်းအထန် ငလျင်လှုပ်ရာတွင် ဂရင်းနိုက်အိမ်ကြီး တည်ရှိသော ကျောက်ကမ်းပါးကြီးမှ ကျောက်တုံးများ ပြိုကျလွင့်စင်ပြီးနောက် တစ်တုံးပေါ် တစ်တုံးထပ်ကာ ကျောက်တန်းကလေးသဖွယ် ဖြစ်၍နေခြင်း ဖြစ်၏။ အမြင့်မှာ ရေမျက်နှာပြင်ပေါ်တွင် ၁၀ ပေခန့် မြင့်တက်လျက် ရှိနေ၏။ ဖရင်ကလင် မီးတောင် ကြီးသည် လည်းကောင်း၊ ရုပ်အင်္ဂနှင့် ပရောစပက် တောင်ကုန်း သော်လည်းကောင်း၊ ဂရင်းနိုက် ကျောက်ကမ်းပါးကြီးသည် လည်းကောင်း၊ ဒက္ကာလိုဏ်ဂူသည် လည်းကောင်း မီးတောင်ကြီး ပေါက်ကွဲ၍ ကျွန်းတစ်ကျွန်းလုံး ပင်လယ်အောက်သို့ စုန်းစုန်းနစ်မြုပ်၍ သွားကြလေတော့သည်။ ယခုအချိန်၌ကား လူခြောက်ယောက်နှင့် ခွေးတစ်ကောင်တို့ ခိုလှုံနေကြသည့် ကျောက်ဆောင်ကလေးကိုသာ 'လင်ကွန်းကျွန်းကြီး' အဖြစ် တွေ့နိုင်လေတော့၏။

ကျွန်းကြီးပေါ်ရှိ တိရစ္ဆာန်များနှင့် ကျေးငှက်အပေါင်းတို့မှာ မီးတောင်ပေါက်ကွဲ၍ ကျွန်းကြီးနစ်မြုပ်သွားသည်တွင် အားလုံး သေကြေပျက်စီး ကုန်ကြ၍ လူဝံကြီး 'ဂျူ'မှာလည်း တစ်နေရာတွင် သေဆုံးသွားပြီ ဖြစ်လေသည်။

ကပ္ပတိန် ဟားဒိန်းနှင့် သူ၏ လူများသည် မာစီမြစ်ဝ ကမ်းခြေတွင် ရွက်ဖျင်တဲကလေးဖြင့် နေထိုင်ကြခဲ့ရာမှ မီးတောင်ကြီး ပေါက်ကွဲ၍ ကျွန်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းလုံး နစ်မြုပ်သွားသောအခါ တဲနှင့် လူများပါ ပင်လယ်ရေပြင်ဘက်သို့ လွင့်စင်သွားပြီးနောက် ရေထဲတွင် နစ်မြုပ် သွား၏။ ပြန်၍ ပေါ်လာသောအခါ ကျောက်ဆောင်ကလေး ရှိရာသို့ ပင်ပန်းကြီးစွာ ကူးခတ်လာကြပြီးနောက် ကံကောင်းထောက်မသဖြင့် ယခုကဲ့သို့ ကျောက်ဆောင်ပေါ်တွင် ရောက်ရှိနေခြင်း ဖြစ်လေသည်။

သူတို့သည် ထိုကျောက်ဆောင်ကလေးပေါ်တွင် ၅ ရက်မျှ ကြာ ရှိခဲ့ပြီ ဖြစ်ကြရာ ဂရင်းနိုက်အိမ်ကြီးမှ ယူလာခဲ့သည့် အစားအစာ အနည်းငယ် နှင့် ကျောက်ဆောင်ပေါ်ရှိ ကျောက်ခွက်ကလေး တစ်ခုအတွင်းမှ ရရှိသော မိုးရေသာလျှင် သူတို့၏ ရိက္ခာဖြစ်တော့၏။

ထိုနေရာမှ အခြားသို့ သွားရန်လည်း မရှိဘဲ ရိက္ခာလည်း ပြတ်တော့မည် ဖြစ်ရာ သူတို့အဖို့ အကြာမီ အစာငတ်၍ သေရတော့မည့် အခြေသို့ ဆိုက်ရောက်လျက် ရှိကြလေပြီ။ ဟာဗတ်နှင့် နက်တို့မှာ တဖြည်းဖြည်း အင်အားနည်း၍ လာကြပြီးလျှင် ဂယောင်ချောက်များ ဖြစ်၍ လာကြတော့၏။ သူတို့အားလုံးမှာ သင်္ဘောတစ်စင်း ဖြတ်၍ ခုတ်မောင်းသွားခြင်းကိုသာ မျှော်လင့်အားထားဖွယ် ရှိသော်လည်း ကျွန်းကြီးပေါ်တွင် နေထိုင်ခဲ့ရသည့် အတွေ့အကြုံများအရ ထိုနေရာ တစ်ဝိုက်သို့ မည်သည့်သင်္ဘောမျှ လာရောက်ခြင်း မရှိသဖြင့် ယင်း မျှော်လင့်ချက်မှာလည်း မရေရာလှချေ။ စကော့လူမျိုးတို့၏ ရွက်သင်္ဘော ဆိုက်ရောက်လာရန်မှာလည်း လင်ကွန်းကျွန်းကြီးပေါ်တွင် အိုက်တွန်နှင့် သူ၏အဖော်များ ရှိနေကြောင်း ရေးသားဖော်ပြထားသည့် စာကို 'တဘိုးကျွန်း' သို့သွား၍ မထားရသေးသောကြောင့် ထိုအချက်မှာလည်း မျှော်လင့်စရာ မရှိချေ။

သို့နှင့် သူတို့အားလုံးမှာ အစာရေစာ ငတ်၍ သေရမည့်အချိန်ကိုသာ စောင့်၍ နေကြရတော့၏။

သူတို့အားလုံးပင် တဖြည်းဖြည်း အင်အားချိနဲ့ လာပြီးနောက် ကျောက်ဆောင်ပေါ်တွင် တုံးလုံးပက်လက် လဲကျကာ သတိကောင်းစွာ မရသည့် အခြေအနေသို့ ရောက်ရှိလာကြတော့၏။ ဤသို့ဖြင့် အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်လျက်ရှိကြရာမှ မတ်လ ၂၄ ရက်နေ့တွင် အားပြတ်၍ လဲကျနေသော အိုင်တွန်က ပင်လယ်ကြီး၏ တစ်နေရာသို့ လက်ညှိုးထိုးပြသဖြင့် သူတို့က ကမန်းကတန်း ဝိုင်း၍ ကြည့်လိုက်ကြရာ သူတို့ရှိသော နေရာသို့ ရွက်သင်္ဘောတစ်စင်း ရွက်ကုန်ဖွင့်၍ လာနေသည်ကို တအံ့တဩ တွေ့မြင်ကြရ၏။

'ဒန်ကင်'ဟု အိုက်တွန်သည် အသံသဲ့သဲ့ကလေးဖြင့် ညည်းလိုက်ပြီး





နောက် ပက်လက်လန်၍ လဲကျသွားသည်ကို နောက်ဆုံး မြင်လိုက်ကြရပြီးလျှင် အားလုံး သတိလစ်၍ သွားကြလေတော့၏။

ကပ္ပတိန်ဟားဒီန်းနှင့် သူ၏ လူများသည် ပြန်လည် သတိရလာသဖြင့် မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ သင်္ဘောတစ်စင်း၏ အခန်း တစ်ခုထဲသို့ ရောက်ရှိနေသည်ကို တွေ့ကြရ၏။ သူတို့ကား သေဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ကြလေပြီ။ အိုက်တွန်သည် အားယူ၍ ထလိုက်ပြီးနောက် 'ဒန်ကင်'ဟု ပါးစပ်မှ ရေရွတ်လိုက်၏။ "ဒန်ကင်သင်္ဘောလား"ဟု ကပ္ပတိန်ဟားဒီန်းက တစ်ခွန်းတည်းသာ မေးလိုက်ပြီးနောက် ဘုရားသခင်ထံ ဆုမွန်တောင်းလျက် ရှိလေသည်။

ကပ္ပတိန်ဂရန့်၏သား မစ္စတာရောဘတ် မောင်းနှင်လာသော ယခု သင်္ဘောမှာ လွန်ခဲ့သော ၁၂ နှစ်ခန့်က တဘိုးကျွန်းပေါ်တွင် စွန့်ပစ်ထားခဲ့သော အိုက်တွန်အား လာရောက်ခေါ်ငင်ခြင်းဖြစ်၏။ သူတို့လူစုအား ယခုကဲ့သို့ ကျောက်ဆောင်ပေါ်မှ ကယ်ဆယ်လိုက်ခြင်း ဖြစ်လေသည်။ ထိုမျှသာမက သင်္ဘောမှာ အမေရိကန်ပြည်သို့ ရှေ့ရှုမောင်းနှင်လျက် ရှိကြောင်း သိကြရလေသည်။

"ဒီမယ် ကပ္ပတိန်ဂရန့်၊ တဘိုးကျွန်းပေါ်မှာ အိုက်တွန်ကို မတွေ့တော့ ခင်ဗျားတို့က လှည့်ပြန်မသွားဘဲ အရှေ့မြောက်ဘက် မိုင် ၁၀၀ လောက်မှာ ရှိတဲ့ လင်ကွန်းကျွန်းကို ဘာဖြစ်လို့ လာရတာလဲဗျာ၊ ကျုပ်တော့ နားမလည်နိုင်အောင် ဖြစ်နေပြီ"

"သြော် . . . အဲဒါကို ကျွန်တော် ပြောပြမလို့ပါ၊ အိုက်တွန် တစ်ယောက်တည်း ခေါ်ဖို့မ ဟုတ်တော့ဘဲ၊ ခင်ဗျားတို့ကိုပါ ခေါ်ဖို့ လာတာပေါ့"

"ကျုပ်တို့ကို ခေါ်ဖို့ ဟုတ်လား"

"ဟုတ်တယ်လေ လင်ကွန်းကျွန်းပေါ်မှာ ရှိတယ်ဆိုလို့"

"အလိုလေး ဘုရားရေ . . ကျုပ်တို့ လင်ကွန်းကျွန်းပေါ်မှာ ရှိလို့ လာခေါ်တယ်ဆိုတာ ဘယ်သူကများ ကျုပ်အကြောင်း ပြောလိုက်လို့လဲဗျာ"

"တဘိုးကျွန်းပေါ်မှာ ခင်ဗျားတို့ ရေးခဲ့တဲ့ စာကြောင့် လာနိုင်တာပေါ့ဗျ"

"ကျုပ်တို့ ရေးထားခဲ့တဲ့စာ"

"ဟုတ်တယ်လေ ဒီစာပဲ"

"ဘုရား . . . ဘုရား အိုက်တွန်အကြောင်း ရေးခဲ့တဲ့ စာရွက်မျိုးနဲ့ လက်ရေးတွေပါလား၊ ကပ္ပတိန်နီးမိုး ရေးသွားခဲ့တဲ့ စာဖြစ်မှာပဲ အို ဘုရားသခင် ကပ္ပတိန်နီးမိုးကို ကြည့်ရှုစောင်မတော်မူပါ"



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ဟားဒိန်းက ဤသို့ ဆုမွန်ကောင်း တောင်းလိုက်သဖြင့် သူတို့အားလုံးပင် ကျေးဇူးရှင် 'ကပ္ပတိန်နီးမိုး'အား သတိရ အောက်မေ့လျက် ရှိကြလေသည်။

နောက်မကြာမီ အိုက်တွန်သည် ကျွန်းသေတ္တာတစ်လုံးကို ဆွဲခဲ့၍ ကပ္ပတိန်ဟားဒိန်း အနီးသို့ ရောက်သောအခါ . . .

"ဒီသေတ္တာကို ဘယ်မှာ ထားရမလဲ ကပ္ပတိန် "

"အိုင်တွန် မင်းဘယ်လိုလုပ်ပြီး ဒီသေတ္တာကို ရအောင် ယူခဲ့တာလဲ ကွာ"

"အရေးကြီးမှန်းသိလို့ မရရအောင် ကျွန်တော် ယူခဲ့တာပဲ ကပ္ပတိန်"

အိုင်တွန်က ဤကဲ့သို့ ပြန်ပြောလိုက်သောအခါ ကပ္ပတိန်ဟားဒိန်းမှာ အတော်ပင် စိတ်ထိခိုက် သွားမိတော့၏။ ထိုသေတ္တာမှာ ကပ္ပတိန်နီးမိုးက သူတို့အား လက်ဆောင် ပေးခဲ့သည့် ကျောက်မျက်ရတနာ အပြည့်ပါသော သေတ္တာ ဖြစ်လေသည်။

ထို့နောက် ကပ္ပတိန်ဟားဒိန်းသည် ကပ္ပတိန် ရောဘတ်ဂရပ်စ် အနီးသို့ သွားရောက်ကာ . . .

"ခင်ဗျားတို့ တဘိုးကျွန်းပေါ်မှာ လူဆိုးတစ်ယောက်တည်း ထားခဲ့တယ်။ အခု အဲဒီလူဆိုးကြီး အိုက်တွန်ဟာ နောင်တ တရားရပြီး ရိုးသားဖြောင့်မတ်တဲ့ လူကောင်းတစ်ယောက် ဖြစ်နေတာကို ခင်ဗျားတို့ တွေ့ရပြီ မဟုတ်လား။ သူ့ကို လက်ဆွဲနှုတ်ဆက်ရတာကို ကျုပ်က ဂုဏ်ယူတယ်ဗျ"

ပြောပြောဆိုဆိုနှင့် ကပ္ပတိန် ဟားဒိန်းသည် အိုက်တွန်၏ လက်ကို အားပါးတရ ဆွဲကိုင် နှုတ်ဆက်လိုက်လေသည်။

ထို့နောက်ဟားဒိန်းက လင်ကွန်းကျွန်းကြီးပေါ်သို့ မိမိတို့ လူစု မည်ကဲ့သို့ ရောက်ရှိလာပြီးလျှင် ကပ္ပတိန်နီးမိုးနှင့် နော့တီလပ်(စ်) ရေငုပ်သင်္ဘောကို တွေ့ရှိရပုံများကို ရောဘတ်ဂရန့်အား အတိုချုံး၍ ပြောပြလိုက်လေသည်။

ကပ္ပတိန်ရောဘတ်ဂရန့်က စိတ်ပါဝင်စားစွာ နားထောင်လျက် ရှိရာမှ သင်္ဘောထွက်ရန် အချက်ပေးလိုက်၏။

ကပ္ပတိန်ဟားဒိန်းနှင့် သူ၏လူများသည် 'ဒန်ကင်'သင်္ဘောဖြင့် အမေရိကန်ပြည်သို့ ကောင်းမွန်ချောမောစွာ ဆိုက်ရောက်ကြသောအခါ လွတ်လပ်၍ ငြိမ်းချမ်းသာယာသော အမေရိကန် ပြည်ထောင်စုကြီးကို ပြန်လည်တွေ့ရှိကြရလေသည်။ ကပ္ပတိန်နီးမိုးက လက်ဆောင် ပေးလိုက်သည့် ရတနာများ အချို့ကို ထုခွဲရောင်းချပြီး 'အိုက်အိုဝါ'ပြည်နယ်၌ မြေကောပေါင်း များစွာကို ဝယ်ယူလိုက်ကြပြီးနောက် အားလုံးစုပေါင်း နေထိုင်ကြပြီးလျှင် စိုက်ပျိုးရေးနှင့်





မွေးမြူရေးလုပ်ငန်းများကို စုပေါင်းလုပ်ကိုင်လျက် အေးချမ်းသာယာစွာ နေထိုင်ကြလေသည်။

သူတို့နေထိုင်လျက်ရှိသော နေရာကိုလည်း 'လင်ကွန်းကျွန်း' ဟု အမည်ပေးလိုက်၏။ သင်္ဘောသားပင်ကရော့မှာ ရေကြောင်းဘက်သို့ ပြန်မသွားတော့ဘဲ စိုက်ပျိုးရေး လုပ်ငန်းကိုသာ ကျင်လည်စွာ လုပ်ကိုင်လျက် ရှိလေ၏။

ဟားဗတ်မှာလည်း ကပ္ပတိန်ဟားဒိန်း၏ ကူညီမှုဖြင့် သူ၏ ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်တော့၏။ စပိလက်ကလည်း သူတို့ နေထိုင်လျက်ရှိသော ထိုဒေသ၌ပင် 'နယူးလင်ကွန်းဟာရယ်' ဂျာနယ်တိုက်ကို အောင်မြင်စွာ ဖွင့်လှစ် လုပ်ကိုင်လျက် ရှိတော့၏။

သူတို့ ရရှိထားသော 'ရတနာ'များ အနက်မှ အကောင်းဆုံး ပုလဲတစ်လုံးကို လင်ကွန်းကျွန်းရောက် လူတစ်စု၏ သတိရ လက်ဆောင် အဖြစ်ဖြင့် 'လေဒီဂလီနာဗင်' အား ပေးလိုက်ကြ၏။

မှူးမတ်ကြီး ဂလင်နာဗင်နှင့် ဇနီး၊ ကပ္ပတိန်ဂျွန်မင်ဂယ်နှင့် ဇနီး၊ ကပ္ပတိန်ရောဘတ်ဂရန့်နှင့် ၎င်း၏ ညီမနှင့် အခြား မိတ်ဆွေများသည် ကပ္ပတိန်ဟားဒိန်းတို့၏ အိမ်သို့ မကြာခဏ လာရောက်လည်ပတ်ကြရာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုကြရင်း ပုဂ္ဂိုလ်ထူးကြီးဖြစ်သူ ကပ္ပတိန်နီးမိုးအား သတိရ အောက်မေ့လျက် ရှိကြလေတော့သတည်း။

BURMESE CLASSIC .com

၁၀နှင့်ရွှေမှုား



www.burmeseclassic.com